
www.burmeseclassic.com



BURMESE CLASSIC

ဆန်းလွင်

# အိုင်းစတိုင်း

# Albert EINSTEIN

ဒုတိယအကြိမ်
ပ+ဒ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - ၃၉၆/၂၀၀၁(၅)
အဖုံးခွင့်ပြုချက် - ၄၆၀/၂၀၀၁(၆)
အတွင်းပုံနှိပ်သူ - ဦးရှိန်ဘီး၊ ဝင်းလိုက်မိတ် ပုံနှိပ်တိုက်
အမှတ် ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ် - ဦးတိုးဝင်း
နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။
အတွင်းဖလင် - ငြိမ်းအေး
ထုတ်ဝေသူ - ဦးသန်းမြင့်၊ လင်းလင်းစာပေ
အမှတ် - ၄/၂၉၊ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။
အဖုံးပန်းချီ - စံတိုး
အကြိမ် - ဒုတိယအကြိမ်၊
ထုတ်ဝေသည့်လ - ၂၀၀၁ ခုနှစ်၊ ဩဂုတ်
စာအုပ်ချုပ် - ပပစိုးနှင့်အဖွဲ့

အုပ်ရေ - ၁၀၀၀
တန်ဖိုး ၂၅၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

ဆန်းလွင် ပြုစုသည်

# အိုင်စတိုင်း

# သူ့ဘဝ သူ့အာဘွေးအခေါ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး..................... ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး.......... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး............. ဒို့အရေး

## ပြည်သူ့ သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | | |
|---|---|---|---|
| | စာရေးသူ၏ဆန္ဒ | ... | ၂ |
| | အမှာစကား | ... | ၃ |
| ၁။ | ဆင်စွယ်ရုပ်နှင့် ဆင်စွယ်အိမ် | ... | ၇ |
| ၂။ | စကြဝဠာသို့ ထွက်မြောက်ခြင်း | ... | ၂၉ |
| ၃။ | ရီလေတီဗတီကို ဖွားမြင်ခြင်း | ... | ၅၃ |
| ၄။ | စစ်ကြီးဖြစ်ပြီ | ... | ၈၃ |
| ၅။ | အများပြည်သူအတွက် အိုင်စတိုင်း | ... | ၁၀၅ |
| ၆။ | ခရီးသည် အိုင်စတိုင်း | ... | ၁၁၉ |
| ၇။ | ကမ္ဘာကျော် နိဘာယ်ဆုကြီး | ... | ၁၅၁ |
| ၈။ | သားအတွက် ကြေကွဲရသည့်အဖြစ် | ... | ၁၈၃ |
| ၉။ | စစ်နှင့် ငြိမ်းချမ်းရေးသဘောတရား | ... | ၂၀၉ |
| ၁၀။ | ပြည်တော်ကို စွန့်ပြေးခန်း | ... | ၂၃၃ |
| ၁၁။ | ပရင်စတန်တက္ကသိုလ်မှာ | ... | ၂၅၃ |
| ၁၂။ | အဏုမြူဗုံးဖာတ်လမ်း | ... | ၂၇၃ |
| ၁၃။ | တောရပ်မှာသာ ပျော်ပါခေ | ... | ၂၈၅ |
| ၁၄။ | သေခြင်းတရားနှင့် မြစ်အဏ္ဏဝါ | ... | ၃၁၁ |
| | နောက်ဆက်တွဲ | ... | ၃၂၉ |
| | ကျမ်းကိုးစာရင်း | ... | ၃၄၀ |


www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ဆန္ဒ

ဤစာအုပ်ကို ပြုစုရသူ၏ ရည်ရွယ်ချက်ဆန္ဒကို ရှေ့ကကာဆီးပြီး ကြိုတင် တရားဟောစရာ လိုမည်မထင်ပါ။

စာဖတ်သူသည် ဤစာအုပ်ကို စဖတ်သည်ကစ၍ ဆုံးသွားသည်အထိ ဖတ်မိသမျှ စာလုံးတွေက ထိုစာရေးသူ၏ စေတနာဆန္ဒကို ပြောပြကြပါလိမ့်မည်။

ယင်းစေတနာ၏ အောင်မြင်ထမြောက်မှုသည်ကား စာရေးသူအပေါ်တွင် မတည်ပါ။ ဤစာအုပ်သည် ခေတ်တစ်ခေတ်က တောင်းဆိုနေသည့် လိုအပ်ချက်များနှင့်ဖြစ်စေ၊ လိုအပ်ချက်တစ်ခုနှင့်ဖြစ်စေ မည်ရွေ့မည်မျှ ထိတွေ့နိုင်သလဲ ဆိုသည်မှာ အကဲဖြတ်ချက်ပေါ်တွင်သာ တည်ပါလိမ့်မည်။ ဤစာအုပ်ကို ဖတ်ပြီးသောအခါ တန်ဖိုးကို သိလိမ့်မည် ထင်ပါသည်။ ယင်းသို့ သိပြီးဆိုပါက စာရေးရသူ၏ဆန္ဒ ပြည့်ဝပါပြီ။ 'အိုင်စတိုင်း'ကား သိပ္ပံဒဿန၏ ပြယုဂ်သာ ဖြစ်ပါသတည်း။

ဆန်းလွင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယတွဲ
## အမှာစကား

ဤစာအုပ်ကို ပြုစုရာမှီး တင်ပြသူသည် အိုင်စတိုင်းပထမတွဲတွင် သူ၏အမှာစာကို မရေးခဲ့ပါ။ စာအုပ်ပြုစုရခြင်းဆန္ဒနှင့် စေတနာလောက်ကိုသာ အမြွက်မျှ ဆိုခဲ့သည်။

ယခု အိုင်စတိုင်းဒုတိယတွဲမှာကား စာရေးသူက အိုင်စတိုင်းအကြောင်း၊ ကမ္ဘာ့ သိပ္ပံပညာအကြောင်း ပထမအဆင့် ကြိုးပမ်းမှုအနေနှင့် မြန်မာစာပေလောကမှ စာပေ သုတေသီများ ကျောင်းသူကျောင်းသားများသို့ တင်ပြချက်တစ်ရပ် ပြည့်စုံပြီဖြစ်၍ သူ၏အမှာစာကို ရေးလိုက်ပေသည်။

ယခုလို မြန်မာနိုင်ငံ၏ သိပ္ပံစာပေ ထွန်းကားစ ခေတ်ဦးမှာ ကမ္ဘာပေါ်၌ ပြိုင်စံရှားကျော်ကြားသော သိပ္ပံပညာရှင်ကြီး အိုင်စတိုင်းအကြောင်းကို ရေးသားပြုစုမိ ခြင်းအတွက် စာရေးသူအနေနှင့် ဂုဏ်ယူကျေနပ်ရပါသည်။ နောင်တစ်ခေတ်တွင် သိပ္ပံ စာပေတွေ အမြောက်အမြား ထွက်ပေါ်လာရေးအတွက် ပထမခြေလှမ်း ပထမခုတုံး ကလေးအဖြစ် ဤစာကို ရေးသည်ဆိုလည်း မှားအံ့မထင်။

ကမ္ဘာပေါ်တွင် သိပ္ပံပညာထွန်းကားခဲ့သည်မှာ ကြာပါပြီ။ သိပ္ပံ အဆောက်အအုံ ကြီးလည်း အဆမတန် ကြီးမားနေပါပြီ။ လူသားတစ်ဦးအဖို့ ယခုခေတ်တွင် သိပ္ပံပညာ ကို လေ့လာလိုက်စားမည်ဆိုပါက ရှေးသူကောင်းတို့ ပြုစုရာမှီးတည်ဆောက်ခဲ့ပြီး သိပ္ပံပညာရပ်များကိုပင် တစ်သက်တစ်ကမ္ဘာ လေ့လာစေဦး။ ကုန်အံ့နိုးမထင်။ အသက် တမ်းသာ ကုန်ဆုံးချေမည်။ သူများ လေ့လာထားပြီးသည်ကို လေ့လာလို့ ကုန်ဦးမည် မဟုတ်။ ဤသို့ လေ့လာရင်း လက်တွေ့လုပ်ဆောင်ရင်း လူ့ဘဝအကျိုး လူမှုကုန်ထုတ် လုပ်ငန်း တိုးတက်ရေး လူ့ယဉ်ကျေးမှု စည်ပင်ရေးတို့အတွက် ဆောင်ရွက်ကြရသော အပိုင်းသည် သိပ္ပံပညာတွင် လက်တွေ့အသုံးချပိုင်းဖြစ်၍ ဤအပိုင်းမှာ ယခုအခါ အတော်ပင် အရေးပါအရာရောက်လျက် ရှိပါသည်။ သိပ္ပံပညာကို နောင်းလူတို့အား လိုက်စားကာ အသုံးချသွားခြင်းဖြင့် လူ့ဘဝအကျိုး သယ်ပိုးနိုင်သော်လည်း ဤမျှ လောက်ဖြင့် သိပ္ပံပညာ၏ လုပ်ငန်းကား မပြီးသေး။

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာသည် သဘာဝလောကကြီးထဲတွင် ငုပ်လျှိုးပုန်းကွယ်နေသော ရတနာသိုက်ကြီးဖြစ်သည်။ ထိုရတနာသိုက်ကြီးကို ဖော်ထုတ်ပြီး နောင်းလူတို့က အမွေခံကာ အသုံးချရသည်မှာ မခက်ချေ။ ယင်းရတနာသိုက်ကို အလုပ်ကသာ အဆအရာပို၍ ခက်ခဲလှသည်။ ဤကား သိပ္ပံပညာနယ်တွင် သာမန်လူတို့၏ အလုပ်မဟုတ်။ ပါရမီရင့်သန်သော ပညာရှင်ကြီးတို့၏ အလုပ်ဖြစ်ချေသည်။ ထိုသူတို့သည် အသစ်တီထွင်သူများ အသစ်အသစ်ကို ရှာဖွေဖော်ထုတ်သူများသာ ဖြစ်ကြ၏။

ဤမည်သော အသစ်တီထွင်ရသောအခန်း။ အသစ်ရှာဖွေဖော်ထုတ်ရသော အခန်း၊ သဘာဝတရားကြီးကို ထိုးထွင်းဖောက်ရသော အခန်းသည် သိပ္ပံပညာနယ်တွင် ရေသောက်မြစ်ဖြစ်၏။ သိပ္ပံအဆောက်အအုံကို ကြီးမားကျယ်ပြန့်လာစေ၏။ သိပ္ပံရတနာသိုက်တွင် ရတနာများ ထပ်ဖြည့်ပေးသော အခန်းဖြစ်၏။ ဤသို့လျှင် သဘာဝတရားကို ပါရမီရှင် ပညာအရင့်အမာရှိသူ ပုဂ္ဂိုလ်တို့က ထွင်းဖောက်ရှာမှီးပေးခဲ့သမျှကို နောင်းလူတို့မှာ သုံးစားကြရ၏။ ထို့ကြောင့် သုံးစားရသည်မှာ မခက်။ ရှာမှီးတီထွင်ရသည်မှာသာ ခက်၏။

မျက်မှောက်ခေတ် သိပ္ပံပညာနယ်တွင် လက်တွေ့အသုံးချသော အပိုင်းကို အလေ့အလာ အလိုက်အစား များကြသည်။ ထိုသို့များရခြင်းမှာ တိုင်းပြည်နှင့် လူမျိုးအတွက် စီးပွားရေးဘဝ လိုအပ်ချက်များ၊ ယဉ်ကျေးမှုဘဝ လိုအပ်ချက်များကို သိပ္ပံပညာအကူအညီဖြင့် ဖြည့်တင်းရန် ဖြစ်၏။

တီထွင်ကြံဆရသောအပိုင်းကိုမူ သိပ္ပံပညာတွင် သဘောတရားရေးသိပ္ပံပညာဟု ခေါ်ကြသည်။ ဤသဘောတရားရေး သိပ္ပံပညာကို လေ့လာလိုက်စားရသူတို့ကား သာမန်လူတို့ မဖြစ်နိုင်။ ပါရမီ အရင့်အမာရှိရမည်။ ပါရမီဆိုသည်လည်း အခြားမဟုတ်၊ မဆုတ်မနစ်သော ဖွဲလုံ့လနှင့် ကြီးစွာသော အားထုတ်မှုတရားပင် ဖြစ်၏။

မြန်မာတို့မှာ ကြိုးစားလျှင် ဘုရားပင်ဖြစ်သည်ဆိုသော စကားရှိ၏။ တစ်နေ့တွင် မြန်မာ့လောကခေတ် သိပ္ပံပညာနယ်တွင်လည်း လက်တွေ့အသုံးချရုံနှင့် မပြီးတော့ဘဲ တီထွင်ကြံဆရသော အခြေအနေသို့ ရောက်လာချေတော့မည်။ ယနေ့ သိပ္ပံပညာ၏ အနာဂတ်ကို မျှော်မှန်းကြည့်သော် အားကိုးရာသည် မြန်မာ့လူရည်ချွန် လူငယ်ကျောင်းသားများပင်ဖြစ်သည်။ သူတို့ကို အားကိုးရမည်။ သူတို့ထဲမှ သိပ္ပံပညာ အာဇာနည်တွေ၊ ပါရမီရှင်တွေ ပေါ်လာအောင် မွေးထုတ်ယူကြရမည်။ ဤတာဝန်သည် ယနေ့တာဝန်ဖြစ်၏။

အိုင်စတိုင်းတည်းဟူသော သဘောတရားရေး သိပ္ပံပညာရှင်ကြီး တစ်ယောက်သည် သိပ္ပံအာဇာနည် ပါရမီရှင်တစ်ဦးဖြစ်လာအောင် ဘယ်မျှ အပင်ပန်းအဆင်းရဲခံကာ ကြိုးစားခဲ့ရသည်ကို သိမြင်ရလျှင် မြန်မာလူငယ်တို့အဖို့မှာ အတုယူဖွယ်၊ စိတ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



တက်ကြွဖွယ် ဖြစ်မည်ကြောင့် ယခုလို သိပ္ပံပညာကျော် အိုင်စတိုင်းအကြောင်း သိကောင်းစရာများကို ပြုစုလိုက်ရပါသည်။

ယခု ဤစာစောင်တွင် တက္ကသိုလ် ကျောင်းသူကျောင်းသားများလောက်သာ ရည်ရွယ်ရင်းမဟုတ်ဘဲ စာဖတ်တတ်သော လယ်သမား၊ အလုပ်သမားများပင် ဖတ်ရလျှင် နားလည်အောင်၊ နားလည်လျှင် မိမိတို့ သားသမီးများကို သိပ္ပံပညာရှင်များ ဖြစ်လာစေချင်သော ဆန္ဒများ ပေါ်ပေါက်လာစေရန် ရည်သန်၍ လွယ်လွယ်ကလေး စိတ်ဝင်စားဖွယ် ဖြစ်ရအောင် ရေးလိုက်ရပါသည်။

ဤမျှလောက်လွယ်ကူအောင် ရေးထားသဖြင့် တချို့သော ပညာရှင်တို့အဖို့မှာ ပညာပိုင်းကို အထူးအလေးပေး မရေးရကောင်းလားဟု အားမရ မကျေနပ်ခြင်း ဖြစ်ချင်ကြပါမည်။

သို့ရာတွင် သိပ္ပံပညာမှာ အများပြည်သူနှင့် လက်ပွန်းတတီး မရင်းနှီးသေးမီ ဤသို့ လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်း ရေးမှဖြစ်မည်ဟု နှလုံးပိုက်မိပါသဖြင့် ဤသို့ ဖတ်ချင့်စဖွယ် ဇာတ်လမ်းသွယ်၍ အိုင်စတိုင်းဘဝ ကြိုးပမ်းချက်များ၊ သဘောတရားများကို ရေးသားလိုက်ရပါသည်။

ဆန်းလွင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

# ဆင်စွယ်ရုပ်နှင့် ဆင်စွယ်အိမ်

အပေါ်ဆုံးထပ်ရှိ အခန်းတွင်းသို့ ဝင်ပေါက်သံတံခါးမှာ အပွင့်သားရှိသည်။ အခန်းကြမ်းပြင်မှာ ရာထိုးခင်းပြီး ပွတ်တိုက်ထားသောကြောင့် ပြောင်လက် သန့်ရှင်းနေ၏။ နံရံများမှာမူ သဘော်ဆေးအဖြူရောင် တစ်ကြိမ်သာသုတ်ထားခဲ့ဖူးသည့်အတွက် အရောင်မတောက်ကြတော့ပေ။ အခန်းနံရံတစ်ခုနှင့် ကပ်ထားသော စာအုပ်စင်ပေါ်တွင် စာများ၊ ဂျာနယ်စာအုပ်များသာ ပြည့် နှက်လျက်ရှိ၏။ ကျမ်းကြီးကျမ်းခိုင်ထဲက စာအုပ်ဆို၍ တစ်အုပ်တလေမျှပင်မရှိ။ အခြားတစ်ဖက်က နံရံပေါ်တွင်မူ သတ္တုပြားပေါ်တွင် ထုထားသော 'ဆားအိုက်ဇက်နယူတန်'၏ ရုပ်ပုံလွှာတစ်ခုသာ ချိတ်ဆွဲထားသည်။ ထိုနံရံအနီးကြမ်းပြင်ပေါ်တွင် နောက်မှီကုလားထိုင်နှစ်ခု ချထားသည်။ တံခါးပေါက်ဘက်က နံရံပေါ်ရှိ မှန်ပြတင်းပေါက်မှာ အသေပိတ်ထားသည်။ ပြတင်းပေါက်မှန်များသည် နှင်းမှုန်များကြောင့် မှုန်ဝါးဝါး ဖြစ်နေကြသည်။ ဧည့်ခန်းစားပွဲဝိုင်းကလေးတွင် ထိုင်နေသူ 'လူတစ်ယောက်'၏ မျက်နှာပေါ်တွင်ကား မှုန်ဝါးဝါး အလင်းရောင်ကလေးကသာ ရောင်ပြန်ဟပ်လျက်ရှိလေသည်။

ထိုလူသားတစ်ယောက်ကား အခြားလူမဟုတ်။ ကမ္ဘာ့သိပ္ပံပညာသမိုင်းတွင် နယူတန်နောက် ပေါ်ပေါက်သော သိပ္ပံပညာရှင်ကြီးများအနက် အထင်ရှားဆုံး အကျော်ကြားဆုံးဖြစ်သော 'အယ်လ်ဘတ် အိုင်စတိုင်း'ပင် ဖြစ်လေသည်။ အိုင်စတိုင်းကား သဘောတရားရေး ရူပဗေဒပညာရှင်ကြီးတည်း။ သို့ရာတွင် အသက် ၄၀ ရှိပြီဖြစ်သော ထိုစဉ်အခါတုန်းကမူ ဝံစ်ကမ္ဘာလုံးက 'အိုင်စတိုင်း'အကြောင်းကို ယခုလောက် မသိကြသေးပေ။

ခဲတံတစ်ချောင်း၊ စာရွက်တစ်ရွက်နှင့် ရေးခြစ်ရင်း၊ သင်္ချာတစ်ပုဒ်အတွက် သူသည် အလုပ်ရှုပ်လျက်ရှိ၏။ ပုဏ္ဏာမှာ လွယ်လွယ်နှင့် အဖြေထုတ်၍မရသော ပုဏ္ဏာ

www.burmeseclassic.com



ဖြစ်၏။ အတန်ကြာ စဉ်းစားလိုက် ခဏရပ်လိုက်။ ခေါင်းပေါ်က ဖြူရော်ရော်ဖြစ်နေပြီ ဖြစ်သော ဆံပင်ရှည်ကြီးများကို လက်ချောင်းများဖြင့်ဖွကာ ဆံပင်ကို လက်ချောင်းများနှင့် လိမ်လိုက် လုပ်နေ၏။ နောက်ထပ် ဂဏန်းတွေ၊ စာလုံးတွေ မရေးချနိုင်လေတိုင်း သူ့ဆံပင်ကိုသာ လက်ချောင်းများဖြင့် လိမ်ကာ ဆောင့်ဆွဲနေလေသည်။ တစ်ခါတလေ စိတ်မောကိုယ်မော ဖြစ်သွားသည့်အခါ စားပွဲပေါ်တွင် စီထားသော ဆေးတံသုံးချောင်း အနက် တစ်ချောင်းကိုယူပြီး သွားကြားမှာ ညှပ်ထားလိုက်၏။ ဆေးတံမှာ မီးငြိမ်းနေ စေကာ သောက်ထားဖန်များပြီ ဖြစ်သောကြောင့် ဆေးချေးများ တက်နေပြီဖြစ်၏။

ပြတင်းပေါက်မှ ထိုးဝင်လာသော အလင်းရောင်ဖျော့ဖျော့အောက်၌ သူ့မျက်နှာ သည် ဆင်စွယ်ရောင်တောက်လျှက် သူ့ကိုမြင်ရသည်မှာ ဆင်စွယ်ရုပ်တုတစ်ခုနှင့်ပင် တူလှသည်။ အသက်လေးဆယ်အရွယ်ဖြစ်ရကား မျက်နှာမှာ ချောမွတ်နေသည် ဆိုရ စေကား မျက်လုံးအိမ်ပတ်ဝန်းကျင်တွင် အရေပြားများ မသိမသာ တွန့်နေကြပြီ။ နက်မှောင်သော ဆံပင်ရှည်ကြီး အဖုတ်လိုက်ကြားထဲတွင် ဆံပင်ဖြူများလည်း ရောနှော ပေါက်ရောက်နေကြပြီ။

မိုးပေါ်သို့ ထောင်တက်သွားသော သူ့မျက်ခုံးမွေး ထောင့်စွန်းကမူ အဆုံးမဲ့သော အတွေးစဉ်ကြီးကို ညွှန်းနေဘိသို့ရှိ၏။ သူ့မိတ်ဆွေတစ်ဦး ပြောပြသလိုဆိုလျှင် သူ့ မျက်လုံးများမှာ ရိုးသားသန့်စင်လှသည့် ကောင်းကင်တမန်တို့၏ မျက်လုံးများသို့ ရှိသည် ဆို၏။ ခြုံကြည့်လိုက်လျှင်တော့ သူသည် လူချောလူခန့်တစ်ယောက်ဟု ဆိုရပေမည်။ အိုင်စတိုင်းသည် သူဖန်တီးယူခဲ့သည့် ရူပဗေဒသိပ္ပံကမ္ဘာလောကကြီးထဲတွင် အချိန်ရှိ သရွေ့ နစ်မျောနေလေသည်။ သူ့မှာ ရူပဗေဒအတွက် စဉ်းစားတွေးခေါ်နေရသောအာရုံ က လွဲ၍ ဘယ်အာရုံမျှ မရှိတော့။

အိုင်စတိုင်းတို့အိမ်ထောင်စု နေထိုင်လျက်ရှိသော အခန်းမှာ ဘာလင်မြို့ ဟား ဘားလင်းလမ်းမပေါ်ရှိ ၇ ထပ်တိုက်၏ အပေါ်ဆုံးထပ် ခေါင်စွန်ခန်း ဖြစ်သည်။ ဤ တိုက်ကြီးသည် ဘာလင်ကဲ့သို့သော စည်ကားသည့် မြို့တော်တစ်ခု၏ တစ်စိတ်တစ်ဒေသ ဖြစ်စေကာ တိုက်အပြင်ဘက်လောကတွင် လှုပ်ရှားဆူညံနေသလောက် အိုင်စတိုင်းတို့ အခန်းထဲတွင်ကား ငြိမ်ချက်သားကောင်းလှ၏။ မှုန်ဝါးဝါး အလင်းရောင်နှင့် ပကတိ ဆိတ်ငြိမ်သော အခန်းထဲတွင် အိုင်စတိုင်းဆိုသူသည် တစ်ယောက်ထီးတည်းနေရခြင်း ဘဝ၌ နစ်မြုပ်မွေ့လျော်နေလေသည်။

သူသည် ဤသြကာသ လောကကြီးတစ်ခုလုံး ယခုတွေ့မြင်နေကြရသကဲ့သို့ အဘယ်ကြောင့် လှုပ်ရှားဖြစ်ပေါ်နေရပါလိမ့်ဆိုသည့် ပြဿနာ၏အဖြေမှန်ကို ရရှိလို သည့်စိတ်နှင့် အစွမ်းကုန် ကြိုးစားနေသူ ဖြစ်လေသည်။ သူ့အတွေးစဉ်တွင် စတ္တုဓာတ်ဆန် သော စိတ်ကူးစိတ်သန်းများသာလျှင် အစဉ်ကိန်းဝပ်၍ ယင်းအတွေးများ ကွန်ယက်မှာ

www.burmeseclassic.com

www.burmeseclassic.com



သာ ငြိတွယ်နေသော သူ့ဘဝထဲတွင် အပြင်လောကမှာ ဘာတွေ ဘယ်လိုဖြစ်နေကြသည်ကိုပင် ဂရုမစိုက်နိုင်အောင် ရှိတော့သည်။ အပြင်လောကကို အာရုံဖြန့်ကျက်မိပြန်တော့လည်း ရိုင်းစိုင်းရက်စက်လှသည့် အပြင်လောကကြီးက သူ့ကို စိတ်သောကရောက်စေသည်သာ အဖတ်တင်ကျန်ခဲ့၏။ သည်တော့လည်း သူ့အဖို့ 'ရူပဗေဒ'ဆိုသည့် အတွင်းကမ္ဘာလောကလေးထဲမှာ ပြန်ပြီးပုန်းအောင်း စဉ်းစားနေခြင်းသည်သာ စိတ်ချမ်းသာစရာ ဖြစ်နေလေတော့သည်။

"တစ်နေရာရာမှာ ဉာဏ်ပညာရှိပြီး စိတ်ကောင်းနှလုံးကောင်းရှိတဲ့ လူတွေသာနေတဲ့ ကျွန်းလွတ် တစ်ကျွန်းတလေများရှိရင် ဘယ်လောက် ကောင်းလိုက်မလဲနော်" ဟူ၍ပင် သူငယ်ချင်းတစ်ဦးထံသို့ သူရေးခဲ့သည့် စာတစ်စောင်ထဲတွင် ညည်းညူသံနှော၍ ရေးခဲ့ဖူးလေသည်။

သူနေချင်သည့် 'ကျွန်းကလေး'မျိုးကလည်း ဘယ်မှာမှ မရှိပါတကား။ လွတ်မြောက်ရာဟူ၍ ခုနစ်ထပ်တိုက် အပေါ်ဆုံးထပ်အခန်းကလေးကလွဲလျှင် ဘာမျှမရှိတော့။ သည်အခန်းကလေးသည်သာ သူ့ဘဝ၏ ခိုနားရာ၊ စိတ်ချမ်းမြေ့ရာ ဖြစ်တော့သည်။

အချိန်မှာ ၁၉၁၉ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ ဖြစ်သည်။ ဘာလင်မြို့တွင် နိုင်ငံရေးလှုပ်ရှားမှုများ အုံကြွလာသည်။ ထိုအခါ အရုပ်ဆိုးလှသော လူ့အောင်ပတ်ဝန်းကျင်ကြီးကို မမြင်မိ၊ မကြားမိအောင် သူသည် အခန်းတံခါးကို လုံအောင်ပိတ်နေရတော့သည်။ ဘာလင်မြို့တစ်မြို့လုံးကား ဘော်ရှီဗစ်တို့၏ ကွန်မြူနစ်လှုပ်ရှားမှုဖြင့် အုံကြွဆူပူနေလေပြီ။

နှင်းခဲများဖြင့် ဖုံးလွှမ်းနေသော ဘာလင်မြို့ လမ်းမကြီးများပေါ်တွင် ဆန္ဒပြသူတို့၏အသံဖြင့် ကျက်ကျက်ဆူနေ၏။ ကာကွယ်ရေးဝန်ကြီး ဂပ်စတပ်နော့စကီး ဘက်တော်သားများက လမ်းမများကို သံဆူးကြိုးများ ဖြင့် ပိတ်ပင်တားဆီးထားသည်။ လက်နက်ကိုယ်စီနှင့် စစ်သားများ စစ်ကားများကလည်း ပေါက်ကွဲလာမည့် အခြေအနေကို အသင့်စောင့်ဆိုင်းနေကြလေသည်။

ထိုနေ့နံနက် ဘာလင်မြို့တော်၏ ရှုခင်းကား အကျည်းတန်လှသည်။ နှင်းဖုံးသော လမ်းမကြီးများပေါ်တွင် သံဆူးကြိုးတွေနှင့် ဆေးရုံများ၌ လူ့လောကသို့ တိုးဝင်ရောက်ရှိလာကြသော လူမမည်ကလေးငယ်များလည်း အေးလွန်းသည့် ဆောင်းဒဏ်ကြောင့် သေကုန်ကြသည်။ ဆေးရုံတွင် အပူဓာတ်ပေးရန် လောင်စာမရှိ။ စစ်ပြန်ရဲဘော်များမှာ စီးကရက် ရောင်းစားနေကြရသည်။ ဖရက်ဒရစ်လမ်းမကြီးတစ်လျှောက်တွင် သရဲခြောက်မတတ် တိတ်ဆိတ်ငြိမ်သက် ခြောက်ကပ်လျက်ရှိ၏။ စက်ရုံများလည်း အားလုံးလိုလို ပိတ်ထားရပြီ။

ဘာလင်မြို့စွန်ရှိ အလယ်အလတ်တန်းစားများ၏ နေအိမ်များမှာ မွဲခြောက်နေကြပြီ။ အာလူးကိုပင် မှောင်ခိုဈေးမှာ ဈေးကြီးပေးဝယ်စားနေကြပြီ။ ထောပတ်၊ နို့က

www.burmeseclassic.com

www.burmeseclassic.com



အစ ဝက်အူချောင်း ဘာတစ်ခုမျှ မရတော့။ မီးဖိုများမှာလည်း ထင်းမရှိတော့ပြီ။ လူများလည်း ဝမ်းခေါင်ခေါင် ဖြစ်ကြရပြီ။ ရယ်မောသံတို့လည်း ဆိတ်ခဲ့ပြီတကား။

ဟာဘားလင်းလမ်းတွင် နေထိုင်ကြသော အိုင်စတိုင်းတို့အိမ်ထောင်စုကို အိမ်နီးနားချင်းများကပင် အသိမလုပ်ခဲ့ကြ။ အယ်လ်ဆာ အိုင်စတိုင်းမှာ ရိုးရိုးယဉ်ယဉ်နှင့် လှသည့် မိန်းမချောတစ်ယောက်ဖြစ်သည်။ အယ်လ်ဆာ၏ သမီးများဖြစ်သော အီလ်စီနှင့် မာဂေါ့မှာ အပျိုဖြန်းကလေးများ ဖြစ်နေကြပြီ။ သူတို့လည်း အိုင်စတိုင်းတို့နှင့်အတူ ရှိကြသည်။ အလုပ်အကိုင်လည်း မရှိကြသေး။ အိုင်စတိုင်းတစ်ယောက်သာ တစ်ချိန်လုံး အလုပ်နှင့် လက် မပြတ်ဘဲ ရှိလေသည်။

အိုင်စတိုင်းနှင့် အယ်လ်ဆာမှာ ဒုတိယအိမ်ထောင်သည်များ ဖြစ်ကြသည်။ သို့သော် ထိုအချိန်ထိ သူတို့နှစ်ဦးမှာ လက်မထပ်ကြသေး။ ဘေးပတ်ဝန်းကျင်ကသာ သူတို့နှစ်ဦးကို လင်မယားမှတ်နေကြသည်။ အီလ်စီနှင့် မာဂေါ့မှာ အယ်လ်ဆာ၏ ပထမအိမ်ထောင်က ပါလာသော သမီးများ ဖြစ်၏။ အဲလဗတ် အိုင်စတိုင်းမှာလည်း ပထမအိမ်ထောင်နှင့် သားနှစ်ယောက် ရရှိခဲ့ဖူးသည်။ သူတို့သည် သူတို့အမေနှင့်အတူ ဆွစ်ဇာလန်တွင် နေထိုင်လျက်ရှိသည်။

သည်အကြောင်းတွေကို ဟာဘားလင်းလမ်းပေါ်ရှိ အမျိုးသမီးများ မသိကြ။

၁၉၁၉ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ကား အိုင်စတိုင်းဘဝတွင် ထူးခြားချက်များ ဖြစ်လာသည်။ ဘာလင်မြို့ထုတ် သတင်းစာများနှင့်တကွ တစ်ကမ္ဘာလုံးရှိ သတင်းစာများတွင် ပါမောက္ခ အိုင်စတိုင်းအကြောင်း ပါလာသည်။ စကြဝဠာကြီး (ဩကာသလောကကြီး)နှင့် ပတ်သက်သော လူတို့၏ အသိပညာအားလုံးကို အိုင်စတိုင်း၏ ရူပဗေဒအမြင်၊ သီဝရီများက တော်လှန်ပြောင်းလဲလိုက်ပြီဟု အတိအလင်းကြေညာလိုက်ကြသည်။

ဤဇာတ်လမ်းသည် လန်ဒန်မြို့က စလာပြီး တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားသည်။ လန်ဒန်မြို့ရှိ သိပ္ပံပညာရှင်ကြီးများ အသိုင်းအဝိုင်းက အိုင်စတိုင်း၏ သိပ္ပံပညာအမြင်နှင့် ဟောကိန်းတစ်ချက်ကို စစ်ဆေးခဲ့ရာ သူဟောကိန်းထုတ်ခဲ့သည့်အတိုင်း အတိအကျ မှန်ကန်ကြောင်း တွေ့ရလေသည်။

အိုင်စတိုင်း၏ အမြင်နှင့် ဟောကိန်း မှန်သွားကြောင်း လက်ခံလိုက်ကြသည် နှင့် တစ်ပြိုင်နက် ကမ္ဘာပေါ်တွင် ပြိုင်ဘက်မရှိ ထင်ရှားကျော်ကြားခဲ့သော နယူတန်၏ အမြင်နှင့် သိပ္ပံပညာ အယူဝါဒများသည် မှားမှန်း သိကုန်ကြလေတော့သည်။

ယူကလစ်၏ ဂျီဩမေထရီပညာများလည်း အသုံးမကျတော့ပြီ။ အိုင်စတိုင်းဝါဒအရ မျဉ်းပြိုင်နှစ်ကြောင်းလည်း ဆုံနိုင်ပြီ။ အာကာသသည် ကုပ်ခုံးနေသည်ဆိုသော သူ့အဆိုလည်းမှန်ပြီ။ နောက်ဆုံး သူတင်ပြခဲ့သော နေရောင်ခြည်တန်းသည် ဖြောင့်ဖြောင့်စင်းစင်းမဟုတ်။ ကွေးညွတ်နေသည် ဆိုသည်ကိုလည်း မည်သူမျှ မငြင်းသာတော့။

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာများတွင် အိုင်းစတိုင်းသည် သူ့အမြင်များကို လွန်ခဲ့သော ၁၄ နှစ်လောက်ကတည်းက ဖော်ထုတ်ခဲ့ကြောင်း၊ သိပ္ပံပညာရှင်ကြီးများမှာ သူ့အမြင်များကို တိတ်တိတ်ပုန်း ကျိတ်ပြီး ဆွေးနွေးနေခဲ့ကြောင်း၊ ယခုမှ လူသိရှင်ကြား ဖြစ်လာရကြောင်း၊ အိုင်းစတိုင်းသည် ရှေးက သိပ္ပံပညာ အမြင်အားလုံးကို တော်လှန်လိုက်ပြီဖြစ်ကြောင်း အကျယ်တဝင့် ဖော်ပြကြလေသည်။

"ဒီစကြဝဠာ လောကကြီးထဲမှာ ရှိနေသည့် ဝတ္ထုပစ္စည်းမှန်သမျှ တည်ငြိမ်ခြင်း အလျှင်းမရှိ။ ကြယ်၊ နက္ခတာရာ စသည့် ဝတ္ထုပစ္စည်းများသာ မရှိဘူးဆိုလျှင် 'အာကာသ' ဆိုတာလည်း ရှိမည်မဟုတ်။ အရာဝတ္ထုတစ်ခု လှုပ်ရှားပြောင်းလဲနေသည် ဆိုခြင်းမှာ အခြားအရာဝတ္ထုများနှင့် ဆက်စပ်၍ ဆိုခြင်းသာဖြစ်သည်။ အလားတူပင် အကြီးအငယ် ပုံပန်းသဏ္ဌာန်ဆိုသည့် သဘောတို့မှာလည်း တခြားအရာဝတ္ထုများနှင့် စပ်ဟပ်၍ဆိုမှ ဖြစ်သည့် သဘောတရားများ ဖြစ်ကြသည်"ဟု အိုင်းစတိုင်းက ဆိုကြောင်းလည်း သတင်းစာများမှာ ပါလာသည်။

အိုင်းစတိုင်းသည် သူ့(သီဝရီ) လောကအမြင်၊ သဘောတရားအားလုံးကို ရိုးရိုးနာမည်ကလေး တစ်လုံးတည်းနှင့် 'ရီလေတီဗတီ' (ရုပ်လောက၏ အညမည သဘောတရား)ဟု ခေါ်ခဲ့လေသည်။

သိပ္ပံပညာရှင်များသာမက လူတိုင်းက အိုင်းစတိုင်း၏ သဘောတရားများကို သိချင်ကြသည်။ သူ၏ ရဲရင့်သော တော်လှန်ရေးအမြင်များကို ကောင်းကောင်းနားလည်ချင်ကြသည်။ သိပ္ပံပညာရှင်များကမူ ရဲရင့်လွန်းသော အမြင်များကို ပြောင်ပြောင်ထင်ထင် တင်ပြခဲ့သော သူ့ကို "ကော်ပါးနီကပ် နောက်တစ်ယောက်ပဲ"ဟု မှတ်ချက်ချကြရသည်။

အိုင်းစတိုင်းလက်ထက်တွင် တည်ရှိသော ခေတ်အယူအဆ အတွေးအခေါ်များမှာ တက်ကြွမှု ရှိလှသည်။

သို့သော် ပထမတွင် အိုင်းစတိုင်းအား တက်ကြွနေသော လူစုလူဝေးကြီး၏ ဟစ်အော်ဆူညံနေသည့်အသံတွေက သတိပေးခြိမ်းခြောက်နေသည် သို့ ရှိ၏။ ပထမဦးဆုံး ပေါ်ထွက်လာသော အသံမှာ ခုနစ်ထပ်အပေါ်ဆုံး ထပ်ရှိ သူနေထိုင်ရာအခန်း သံတံခါးကို ညင်သာစွာခေါက်သည့် တံခါးခေါက်သံ ဖြစ်သည်။ တံခါးခေါက်သူမှာ အောက်ထပ်ကတည်းက အိုင်းစတိုင်း အခန်းတွင်းသို့ ဝင်ရဖို့ အချိန်အတော်ကြာ စကားများခဲ့ရပြီး ဖြစ်၏။ နောက်ဆုံး၌ ဘာပဲဖြစ်ဖြစ် တွေ့ရမှုဖြစ်မည်ဟု ပိုင်းဖြတ်ပြီး ဝင်လာသူဖြစ်သည်။

သိပ္ပံပညာရှင်ကြီးသည် တံခါးခေါက်သံကို ကြားနေရသော်လည်း ကြားယောင်မပြု မသိကျိုးကျွန်ပြုနေသည်။ အတန်ကြာမှ ထိုင်ရာက ထ လိုက်ပြီး ဖြည်းညင်းစွာ အခန်းကိုဖြတ်၍ တံခါးပေါက်ရှိရာသို့ လျှောက်လာခဲ့လေသည်။ သူ့လက်ထဲတွင်မူ

www.burmeseclassic.com



သချ်ာပုစ္ဆာများ တွက်ချက်ထားသော စာရွက်အတိုအစများကိုလည်း ဆွဲယူလာခဲ့လေသည်။ ညာဘက်လက်က ဂဏန်းတွက်ထားသော စာရွက်များ ကိုင်ထားသည့်အတွက် ဘယ်ဘက်လက်နှင့် တံခါးကို ဖွင့်ပေးလိုက်သည်။ သူ့ရှေ့တွင် ရပ်နေသူကား အခြားသူမဟုတ်။ သူ၏ဇနီးသည် အယ်လ်ဆာဖြစ်သည်။ "ရှင် အလုပ်လုပ်နေတာကို အနှောင့်အယှက်ပေးသလိုများ ဖြစ်သွားသလား အဲလဗတ်ကယ်၊ အောက်ထပ်မှာ သတင်းထောက်တွေနဲ့ အလုပ်ရှင်တွေနဲ့ တူပါရဲ့ တစ်ပြုံကြီးပဲ ရောက်နေကြတယ်။ ကျွန်မ ဒီလူတွေကို ဆက်မနှင်နိုင်တော့ဘူး" ဟု အယ်လ်ဆာက ဆိုသည်။

အယ်လ်ဆာသည် လာသမျှ သတင်းထောက်နှင့် ဧည့်သည်များကို နည်းအမျိုးစုံနှင့် မောင်းနှင်ခဲ့ပြီးဖြစ်သော်လည်း မနိုင်သည့်အဆုံး လက်လျှော့လိုက်ရခြင်း ဖြစ်သည်။ အိုင်စတိုင်းကမူ ဒီတစ်ကြိမ်တွင် ဘာမျှမပြော အယ်လ်ဆာနောက်မှ လေးလေးစားစားနှင့်ပင် အောက်ထပ်ဆီသို့ ဆင်းလိုက်ခဲ့၏။ အမှန်တော့ မနက်ကတည်းက သတင်းစာတွေထဲမှာ သူ၏ ရီလေတီဗတီ သီဝရီနှင့် ပတ်သက်သည့် ဓာတ်လမ်းရှည်ကို သူဖတ်ခဲ့ပြီးဖြစ်ပေသည်။ သို့သော် ဒီလူစိမ်းတွေနှင့် သတင်းထောက်တွေသည် ဘာကြောင့်များ သူ့ကို ဒီလောက်စိတ်ဝင်စားနေရသည်ကို သူကိုယ်တိုင် နားမလည်နိုင်အောင် ဖြစ်နေသေးသည်။ တချို့သောသူများမှာ လက်တွေ့သမားများဖြစ်ကြသဖြင့် ထိုသူများအနေနှင့်မူ ပြောပြစရာ ပုံပြင်ဓာတ်လမ်းတွေ၊ အတွေ့အကြုံတွေ များစွာရှိတတ်ပေသည်။ တချို့မူကား အတွေးသမားများ ဖြစ်ကြပေသည်။ သူတို့မှာ ပြောပြစရာ ဓာတ်လမ်းရယ်လို့ သူတို့တွေးနေသည့် အကြောင်းတွေလောက်သာ ရှိသည်။ အိုင်စတိုင်းအဖို့မှာဆိုလျှင် ထိုအချိန်အထိ ပြောစရာရှိသမျှတွေကို သိပ္ပံဂျာနယ်များမှာ ရေးသားထုတ်ဝေထားပြီးဖြစ်သည်။ အမှန်တော့ အိုင်စတိုင်းသည် ခြေအစုံလက်အစုံဖြင့် လူထဲက လူတစ်ယောက်သာဖြစ်ပေသည်။ သို့ရာတွင် သူသည် ရုပ်လောကဆိုင်ရာ အမှန်တရားများကို ရှာနေရသူ အတွေးသမားတစ်ယောက် ဖြစ်၏။ ပြီးတော့ ယင်းလောက အခြင်းအရာများကို စူးစမ်းရာတွင် အသုံးပြုသည့် သူ့ဦးနှောက်ကိုလည်း အခြားသူများဦးနှောက်ထက်တော့ ထူးခြားသည်ဟု မထင်၊ သူသည် ရူပဗေဒအတွက် အချိန်ရှိသရွေ့ စူးစိုက်လိုက်စားရာ၌သာ သူများတကာတွေထက် ပိုသည်ဟု ဆိုချင်ဆိုရမည်။

"ရှင့်အကြောင်းကို သူတို့က သိချင်ပါတယ်တဲ့" အယ်လ်ဆာက အောက်ထပ်သို့ဆင်းသည့် လှေကားပေါ်တွင် သူ့နောက်က လိုက်လာသည့် အိုင်စတိုင်းအား သမင်လည်ပြန်လှည့်၍ ပြောလိုက်သည်။ "သူတို့က ရှင့်ကို ပါရမီရှင်ကြီးတဲ့ ကိုရွှေပါရမီရှင်ကြီးရဲ့"

အောက်ထပ်တွင်ရှိသော စာကြည့်တိုက်ခန်းမှာ မှတ်စုစာအုပ်များ ခဲတံများ ကိုင်ထားသည့်သူများ ပြည့်ကျပ်နေလေပြီ။ ကင်မရာတွေ ကိုင်ထားသည့်လူတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အိုင်စတိုင်းသည် ဒီလူတွေကို မြင်လိုက်ရသောအခါ သူ့ခြေလှမ်းများ တုံ့ခနဲ ရပ်ဆိုင်းသွားသည်။ ပြီးတော့ ချက်ချင်း အိမ်ပေါ်ထပ်သို့ ပြန်တက်သွားမည်ပြုသည်။ ထိုအခါ လူရည်သန့်သန့် လူတစ်ယောက်က သူ့ရှေ့ဘက်မှ ဝင်၍တားလိုက်သည်။

"မေးခွန်းကလေး နည်းနည်းတော့ဖြေပါဦး ပါမောက္ခကြီး ဆရာကြီးရဲ့၊ အလင်းရောင်သီဝရီနဲ့ပတ်သက်ပြီး အင်္ဂလိပ်သုတေသနအဖွဲ့က ရှာဖွေတွေ့ရှိခဲ့တဲ့ အချက်အလက် အချို့ကို သိပါရစေလားခင်ဗျာ၊ သူတို့ ရှာဖွေတွေ့ရှိခဲ့တဲ့ အချက်တွေကတော့ဖြင့် ဆရာကြီးအဖို့ ဂုဏ်ယူစရာချည်းပါပဲနော်"

"အေး ဘယ်လိုပြန်ဖြေရမလဲကွယ်တို့၊ ဆိုကြပါတော့ ငါ ဂုဏ်ယူတယ်လို့ပဲ ငါကလည်း တကယ်တော်တဲ့ကောင်ပဲဟာကို" ဟု ရယ်ကာမောကာပြောပြီး "တစ်ခု ရှိတာကတော့ ဘာလင်က သိပ္ပံရှင်တစ်ယောက်ရဲ့သဘောတရားတွေကို အင်္ဂလန်ပြည်က သိပ္ပံပညာရှင်တွေက ရှာဖွေ စမ်းသပ်ကြတယ်ဆိုတော့ မောင်မင်းတို့လည်း စဉ်းစား ကြည့်ပေါ့၊ အင်မတန် ကျေးဇူးတင်စရာကောင်းတာပေါ့ကွယ်"

သတင်းထောက်များက သူ့အိမ်ထောင်စုအကြောင်း ပညာသင်ကြားခဲ့ရသည့် ကျောင်းနေစဉ်ဘဝ အဖြစ်အပျက်များအကြောင်းတွေကို ဆက်၍ မေးကြသည်။ သူက မဖြေ။ ကိုယ်ရေးကိုယ်တာ ကိစ္စများသည် ဆွေးနွေးရလောက်အောင် အရေးကြီးသည့် ကိစ္စများမဟုတ် ဟူ၍သာ ပြန်ဖြေသည်။ ထို့နောက်တွင် သတင်းထောက်များက ကိုယ်ရေးကိုယ်တာအကြောင်းကို မမေးကြတော့ဘဲ သိပ္ပံပညာအကြောင်းကိုသာ အစိက ထားကာ မေးကြသည်။ သူက ရီလေတီဗတီ သီဝရီမှာ နှစ်မျိုးရှိကြောင်း။ တစ်ခုမှာ ဥာန(အာကာသ) ကာလ(အချိန်)တို့နှင့် ပတ်သက်သည့် ဝိသေသသီဝရီ၊ နောက်တစ်ခုမှာ ကမ္ဘာမြေကြီး၏ ဆွဲဆောင်ခြင်းဓာတ်အား သံလိုက်စက်ကွင်းအကြောင်း စဉ်းစားသော ယေဘုယျသီဝရီဖြစ်ကြောင်း။ ပထမသီဝရီကို ၁၉၀၅ ခုနှစ်က ထုတ်ဝေခဲ့ကြောင်း။ ဒုတိယသီဝရီကိုမူ ၁၉၀၈ ခုနှစ်တွင် ရေးသားခဲ့သော်လည်း ၁၉၁၅ ခုနှစ်မှ အချောကိုင်ခဲ့ ရကြောင်း ရှင်းပြလိုက်သည်။

အင်္ဂလိပ် သိပ္ပံပညာရှင်ကြီးများသည် အထူးသဖြင့် သူ၏ ယေဘုယျ သီဝရီပါ ဟောကိန်းများကို ဟုတ်မဟုတ် စမ်းသပ်ခဲ့ကြခြင်း ဖြစ်၏။ ယင်းသီဝရီတွင် အိုင်စတိုင်းက ကြယ်၏လင်းရောင်ခြည်တစ်ခုသည် နေကိုဖြတ်သန်း၍ ဤကမ္ဘာမြေကြီးဆီသို့လာရရာ ယင်းအလင်းရောင်တန်းသည် နေ၏ဆွဲဆောင်မှု စက်ကွင်းထဲသို့ ဝင်ရောက်ဖြတ်ကျော် လာရသည့်အတွက် ဖြောင့်တန်းစွာမသွား၊ လမ်းလွဲ၍ ကောက်ကွေးသွားသည်ဟု ဟောကိန်းထုတ်ခဲ့သည်။ ဤသီဝရီ မှန်ကန်ကြောင်း အထောက်အထားများ ရရှိသဖြင့် လွန်စွာအောင်မြင်ခဲ့၏။

သတင်းထောက်များထဲမှ တစ်ယောက်က လန်ဒန်မြို့တွင် ယမန်နေ့ညက ဆာဂျိုးဇက် ဂျွန်သော်မဆင်က 'ရီလေတီဗတီ'အကြောင်း ထုတ်ဖော် ပြောကြားရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ဒီအောင်မြင်ချက်ကတော့ လူသားတွေရဲ့အတွေးအခေါ်သမိုင်းမှာ အကြီးမားဆုံးအောင်မြင်ချက်ပဲလို့ ဆိုရမှာပဲတဲ့။ အခုဆို ဒီသီဝရီကို နားလည်တဲ့သူဟာ တစ်ကမ္ဘာလုံးမှာ သူ့အထင်တော့ ဆယ့်နှစ်ယောက်လောက်ပဲ ရှိလိမ့်မယ်ထင်ပါရဲ့ဟုလည်း ဆိုကြောင်း အိုင်စတိုင်းအား ထုတ်ဖော်ပြောကြားသည်။

ကမ္ဘာမြေကြီး၏ ဆွဲဆောင်ခြင်းအကြောင်းကို ထုတ်ဖော်သည့် ဤသီဝရီသည် သူ၏ကြိုးပမ်းမှုများအနက် အအောင်မြင်ဆုံးဖြစ်ကြောင်း၊ သူကိုယ်တိုင် လက်ခံသည်။ သို့ရာတွင် သူ့သီဝရီကို တခြားလူများက နားမလည်ဆိုရစေကာ ဘာလင်တက္ကသိုလ်တွင် ရှိသော သူ၏ ဘွဲ့လွန်သင်တန်းသား တပည့်များပင် ကောင်းစွာနားလည်နိုင်ကြောင်း သူတွေ့နေရသည်။ အကယ်၍ အနည်းငယ် စူးစူးစိုက်စိုက် လေ့လာမည်ဆိုလျှင် လူပြိန်း တစ်ယောက်ပင် လိုရင်းအချုပ်သဘောက နားလည်နိုင်သည်ဟု သူထင်သည်။

အိုင်စတိုင်း ရှာဖွေဖော်ထုတ်ခဲ့သော သဘောတရား၏အဓိကအချက်မှာ ကမ္ဘာမြေကြီး၏ ဆွဲဆောင်မှုသဘောတရားဖြစ်၍ ယင်းသဘောတရားအပေါ် ရှေးအခါက သိပ္ပံပညာရှင်ကြီး နယူတန်တင်ပြခဲ့သလို ဆွဲဆောင်ခြင်း သဘောတရားသည် အင်အားစု (သတ္တိ)တစ်ခု မဟုတ်ဟု သူက ဆိုသည်။ သူ့အမြင်တွင် ဆွဲဆောင်ခြင်းသဘောသည် ကွေးညွတ်နေသော စက်ကွင်းတစ်ခုသာ ဖြစ်သည်။ (ဝါ) လှုပ်ရှားနေသော အရာဝတ္ထုတို့ အာကာသထဲတွင် နေရာရွှေ့လျားပုံမှ ဖြစ်လာသော စက်ကွင်း၊ ပင့်ကူအိမ်တစ်ခုသာ ဖြစ်သည်ဟု သူမြင်သည်။ ဤသဘောမှာ သံလိုက်စက်ကွင်းနှင့်တူသည်။ သံလိုက်တစ်ခု သည် ၎င်း၏ ဘေးပတ်လည်တွင် သံလိုက်စက်ကွင်းကို ဝိုင်းပတ်၍ ဖြစ်ပေါ်စေသကဲ့သို့ ဂြိုဟ်တစ်ခု၏ပတ်ဝန်းကျင်တွင်လည်း ဆွဲဆောင်မှုစက်ကွင်း ရှိလေသည်။ ဤကြီးမား သော ဆွဲဆောင်မှုစက်ကွင်းသည် ထိုဂြိုဟ်ထက်သေးငယ်သော အရာဝတ္ထုတို့ ဖြစ်ပေါ်ပုံ၊ ရွေ့လျားပုံများကို ပြဋ္ဌာန်းစီရင်ခွဲနေလေသည်။ အရာဝတ္ထုတို့၏အနေအထားကို ဆွဲဆောင် မှုစက်ကွင်းက ဖန်တီးသည်ဟု သူ ယူဆသည်။ အရာဝတ္ထုတစ်ခုတို့သည် တွန်းကန်မှု အနည်းဆုံးသော စက်ကွင်းလမ်းကြောင်းကိုယူ၍ လှုပ်ရှားကြသည်ဟုလည်း သူမြင် သည်။ ဆွဲဆောင်မှုသည် အင်အားမဟုတ်၊ အင်အားဟူ၍လည်း ဘယ်နေရာမှမရှိဟု သူက ဆိုသည်။ အာကာသဆိုသည်မှာလည်း စင်စစ် ဆွဲဆောင်မှု စက်ကွင်းထဲတွင် ဖြစ်ပေါ်နေကြသည့် အရာဝတ္ထုတို့၏ ဖြစ်တည်ပုံအနေအထား အစီအစဉ်မျှသာပင် ဖြစ်သည်။

အိုင်စတိုင်း၏ စပယ်ရှယ် ရီလေတီဗတီသီဝရီ ဟုခေါ်သော ဝိသေသ သီဝရီ တွင် ဟောထားသည့် ဟောကိန်းများမှာ ကံအားလျော်စွာပင် အားလုံး စမ်းသပ်ရှာဖွေရာ အောင်မြင်ခဲ့လေသည်။ အကယ်၍သာ ရှာဖွေစူးစမ်း စစ်ဆေးမှုကသာ အဖြေအမျိုးမျိုး ထွက်လာလျှင်တော့ဖြင့် သူ့သီဝရီတွေ တွက်ချက်ထားသည့် သင်္ချာတွေ တစ်ပုံကြီးကို ဆုတ်ဖြဲ ပစ်လွှင့်လိုက်ရတော့မည်ဖြစ်ကြောင်း အိုင်စတိုင်း နားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကာယ်စင်စစ် အိုင်စတိုင်း၏ ဝိသေသသိဝရီမှာ ဆိုထားသလို အလင်းရောင်မှာလည်း ပစ္စည်းထု ဒြပ်ထုရှိလျှင်ဖြင့် သည်အလင်းရောင်သည်လည်း ဆွဲအားကို ခံရမည်သာဖြစ်သည်။ ကြယ်၏ အလင်းရောင်တန်းကို နေက ဆွဲလိုက်သောကြောင့် အလင်းရောင်သည် တန်းတန်းမတ်မတ်မသွားတော့ဘဲ ကွေးညွတ်သွားသည်ဟုလည်း အိုင်စတိုင်းဆိုခဲ့လေပြီ။ ကြယ်များကို နေ၏အလင်းရောင်ရှိသော နေ့လယ်တွင် မမြင်နိုင်ကြ။ ညမှာတော့ နေလုံးပျောက်ကွယ်နေသည်။ ညအချိန်မှာ မြင်ရသော တစ်နေရာထဲတွင် စွဲနေသည့် ကြယ်နက္ခတ်များနှင့် နေအနီးတွင်ကပ်လျက်ရှိသော ရေးရေးသာမြင်ရသည့် ကြယ်၏အနေအထားများကို နှိုင်းယှဉ်လေ့လာရန် ထိုကြယ်ကို ဓာတ်ပုံရိုက်နိုင်ဖို့ကလည်း နေ လုံးလုံးကြတ်သွားသည့် အခါမျိုးမှပဲ ဖြစ်မည်။ ဤကဲ့သို့ စမ်းသပ်ကြည့်မည်ဆိုလျှင် ရနိုင်ကြောင်း အိုင်စတိုင်းသည် ၁၉၁၁ ခုနှစ်လောက်ကတည်းက ထုတ်ပြောခဲ့ဖူးလေသည်။

သူပြောသည့်အတိုင်း ဟုတ်မဟုတ် စမ်းသပ်နိုင်ရန် ဂျာမန် နက္ခတ်တာရာပညာရှင်အဖွဲ့တစ်ဖွဲ့သည် ၁၉၁၄ ခုနှစ်က နေကြတ်ပုံကို ဓာတ်ပုံရိုက်ပြီး ကြယ်၏အလင်းရောင်ကို နှိုင်းယှဉ်ကြည့်ရန် ရုရှားပြည်သို့ သွားခဲ့ဖူးလေသည်။ သို့ရာတွင် နေကြတ်မည့်ရက်မတိုင်မီမှာပင် ပထမကမ္ဘာစစ်မီးကြီး ဟုန်းခနဲ ထတောက်တော့ရာ ဂျာမန်သိပ္ပံရှင်များ၏ ကြိုးပမ်းမှုလည်း အဆုံးသတ်သွားရလေတော့သည်။

သို့ရာတွင် ရှေးအခါက နယူတန်ကဲ့သို့သော ကမ္ဘာ့သိပ္ပံပညာရှင်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်ခဲ့ဖူးသည့်အတွက် အမြဲကြွားဝင့်နေတတ်သော လန်ဒန် ဘုရင့်သုစမိန်အဖွဲ့သည် အိုင်စတိုင်း၏ ဟောကိန်းများကို စစ်ဆေးဖို့ ကြိုးစားခဲ့၏။ စစ်ပြီးသည်နှင့် အခွင့်ကောင်းယူကာ နေကြတ်ခြင်း သုနေသနအဖွဲ့များကို ကမ္ဘာအနှံ့ စေလွှတ်ခဲ့၏။ တစ်ဖွဲ့ကဆောဗရဲလ်မြို့ (ဘရာဇီးလ်) သို့ သွားသည်။ တစ်ဖွဲ့က အာဖရိက အနောက်ဘက်ရှိ ဂီနီပင်လယ်ကွေ့တွင်းရှိ ကိုလိုနီနယ် ဆေးသေးကလေးဖြစ်သော ပရင်စီပီသို့သွားသည်။ ထိုနေရာ နှစ်နေရာစလုံးတွင် နေ လုံးဝကြတ်သွားမည့်နေ့မှာ ၁၉၁၉ ခု မေလ ၂၉ ရက်ဖြစ်သည်ဟု ကြိုတင်တွက်ချက်ထားကြသည်။

ပရင်စီပီသို့သွားသော အဖွဲ့ကို လူငယ်နက္ခတ်ပညာရှင် ရီလေတီဗိတီ သိဝရီ၌ နှံ့စပ်သူ 'အာသာ အက်ဒင်တန်'က ခေါင်းဆောင်သည်။ အက်ဒင်တန်၏ မှတ်စုများတွင် သူ့အတွေ့အကြုံများကို ဖော်ပြရာ၌ သူ့မှာ သည်အချိန်ကဆိုလျှင် မိုးလွန်မှ ထွန်ချသလိုဖြစ်ပြီး ဒုက္ခအကြီးအကျယ် ဆိုက်ခဲ့ရသည်။ ၁၉၁၉ ခု မေလ ၂၉ ရက်နေ့ ညနေ ၂း၁၅ နာရီတွင် ပရစ်စီပီတွင် နေစ၍ကြတ်မည်။ နေကြတ်မည့်အချိန်မှာ ၅ မိနစ်သာဖြစ်သည်။ ထိုနေ့တွင်မှာ နံနက်ခင်းကစ၍ မိုးသက်လေပြင်းတစ်ခုသည် ကျွန်းကလေးပေါ်သို့ မုန်တိုင်းဆင်လာလေတော့သည်။ အက်ဒင်တန်၏ နက္ခတ်မျှော်စင်မှ မှန်ပြောင်းနှင့် ကင်မရာများကို အုပ်ကာထားသော ရွက်ဖျင်တဲကလေး ခေါင်းမိုးကလည်း မိုးရေတွေ

www.burmeseclassic.com

www.burmeseclassic.com



စိမ့်ယိုလာပြီ။ မှန်ပြောင်း၊ ဓာတ်ပုံကိရိယာများမှာ စင်စစ် လွင်တီးခေါင်တွင် ချထားခြင်း သာဖြစ်သည်။ ကိုကိုးခြံတစ်ခြံရှိ အိမ်တစ်အိမ်၏ လသာဆောင်တွင်ဖြစ်သည်။ နေကြတ် တော့မည့်အချိန်ရောက်ရန် မိနစ်နှစ်ဆယ်သာ လိုတော့သည်။ သည်အချိန်အထိ ရာသီ ဥတုက ဆိုးတုန်းရှိသေးသည်။ အက်ဒင်တန်လည်း မတတ်သာတော့ပြီ။ ကင်မရာနှင့် မှန်ပြောင်းကို ဖုံးအုပ်ကာ ဆိုင်းမနေနိုင်တော့။ ဖွင့်ပြီး တရွေ့ရွေ့ပြေးနေသော မိုးတိမ် မိုးသားတွေကြားထဲက ကြတ်တော့မည့်နေ့ကို မရမက ရှာဖွေကြည့်ရတော့သည်။ တွက် ချက်ထားသည့်အတိုင်း ကိုက်ညီလှသည်။ ၂း ၁၅ နာရီ တိတိမှာပင် လသည် တဖြည်း ဖြည်း နေဆီသို့ ရွေ့သွားပြီး နေကြတ်သွားလေတော့သည်။ အက်ဒင်တန်သည် နေ ကြတ်သည့် ၅ မိနစ်အချိန်ကလေးကို လုပြီး ဓာတ်ပုံပေါင်း ၁၆ ပုံတိတိ ရိုက်ယူလိုက် လေသည်။ ဓာတ်ပုံ ၁၆ ပုံ သာ ရိုက်လိုက်ရသည်။ အက်ဒင်တန် စိတ်ထဲတွင်တော့ ဒီတိမ်ရိပ်သင်တိုင်း ကာထားသည့်ကြားထဲက ရိုက်ယူရသည်ဖြစ်၍ သိချင်သော ကြယ်၏ အလင်းရောင်ကလေးသည် ပေါ်ပဲပေါ်ပါမည်လားဟု စိုးတထိတ်ထိတ်နှင့် ရှိခဲ့၏။

လန်ဒန်သို့ ပြန်ရောက်သောအခါ ဆောဗရဲလ်မြို့သို့ သွားရောက် ရိုက်ယူခဲ့သော ဓာတ်ပုံများအားလုံး မှုန်ဝါးနေကြသည်။ အက်ဒင်တန် ရိုက်ခဲ့သော ဓာပ်ပုံများကို ဆေးကူးကြည့်သောအခါ သူ့ဓာတ်ပုံထဲတွင် မည်းနေသော နေဝန်းပတ်ပတ်လည်တွင် ပြန့်ကျဲနေသော တောက်တောက်ပပ ကြယ်အလင်းရောင်များကို ပီပီသသ မြင်တွေ့ ကြရတော့သည်။ ထိုနှစ် နွေရာသီတွင် ညဥ့်မှောင်မှောင် ကောင်းကင်ပြင်၌ ပေါ်နေတတ် သော နေရာမပြောင်းသည့် ကြယ်များကို ဓာတ်ပုံရိုက်ပြီး ယှဉ်နှိုင်းလေ့လာဖို့အတွက် ဗြိတိသျှ သိပ္ပံပညာရှင် နက္ခတ်ပညာရှင်များ ကြိုးပမ်းခဲ့ကြလေသည်။

ထိုအချိန်ကဆိုလျှင် ဘာလင်မြို့ကနေပြီး ရင်တာမမနှင့် အဖြေပေါ်လာမည့်အချိန် ကိုပဲ အိုင်စတိုင်းလည်း ငံ့လင့်နေခဲ့ရသည်မှာ ထင်ရှားသည်။ သူ့မိတ်ဆွေတစ်ဦးဖြစ်သော ဟော်လန်ပြည် လေဒင်တက္ကသိုလ်မှ သဘောတရားရေး ရူပဗေဒပညာရှင်တစ်ဦးဖြစ်သော ပေါလ်၊ အဲဟာရင်ဖက်(စ)ထံသို့ ရေးသည့်စာတွင်

"အကြောင်းကြုံကြိုက်လို့များ ဟိုနေကြတ်တာကို လေ့လာဖို့ ထွက်သွားတဲ့ ဗြိတိသျှ စူးစမ်းလေ့လာရေးအဖွဲ့အကြောင်း တစ်စွန်းတစ်စ ကြားမိသေးလားဗျာ" ဆိုသည့် စကားပါသည်ကို တွေ့ရသည်။ အဲဟာရင် ဖတ်(စ)ကတစ်ဆင့် ဒတ်ချ်သိပ္ပံပညာ ရှင်တစ်ဦးဖြစ်သော ဟင်ဒရစ်အင်တွန်း လောရင့်ဇ်အား ဆက်မေးသည်။ ထိုအချိန်က ဆိုလျှင် လောရင့်ဇ်မှာ ကမ္ဘာ့သိပ္ပံပညာ နောက်ဆုံးတွေ့ရှိချက်များနှင့် ပတ်သက်လာလျှင် ဗဟိုအချက်အချာပုဂ္ဂိုလ် ဖြစ်နေခဲ့လေသည်။

မကြာမီမှာပင် လောရင့်ဇ်ထံမှ ကြေးနန်းတစ်စောင် အိုင်စတိုင်းထံသို့ ရောက် လာသည်။ "နေပတ်ဝန်းကျင် နှုတ်ခမ်းရစ်နားမှာ ကြယ်ပွင့်အနေအထားကို အစက တွက်ချက်ထားတဲ့အတိုင်းပဲ အက်ဒင်တန် တွေ့သွားပြီ"ဟု ကြေးနန်းတွင် ဆိုပေသည်။

www.burmeseclassic.com



ထိုနှစ် အောက်တိုဘာလတွင် အိုင်စတိုင်းသည် ဟော်လန်ပြည် လေဒင်တက္ကသိုလ်သို့ သူကိုယ်တိုင် သိပ္ပံပညာအကြောင်း ဟောကြားတန်သလောက် ဟောကြားပြီး လောရင့်ဇ်၏ တနင်္လာနေ့နံနက်တိုင်း ဟောကြားချက်များကိုလည်း တက်ရောက်နားထောင်ရန် ရောက်ရှိလာလေသည်။

ထိုနေ့ ဟောပြောပွဲခန်းမရှိ တရားဟောစင်မြင့်ပေါ်တွင် အထူးဧည့်သည်တော်နေရာ၌ အိုင်စတိုင်းက ထိုင်လျက်ရှိ၏။ ထိုအချိန်တွင် လောရင့်ဇ်က ဗြိတိသျှ သုတေသနအဖွဲ့မှ တွေ့ရှိချက်ကို ထုတ်ဖော်ကြေညာသည်။

အိုင်စတိုင်းဟောကိန်းတွေ မှန်ပြီ။ အရင်တုန်းက ဆွဲအား၊ တွန်းအား နိယာမတရားတွေက လွှမ်းမိုးနေတယ်ဆိုတဲ့ နယူတန်တင်ပြခဲ့တဲ့ ကမ္ဘာအစား၊ အိုင်စတိုင်းရဲ့ ပိုမိုမြင့်မားတဲ့ ဆွဲဆောင်မှုစက်ကွင်းတွေနဲ့ ဂြိုဟ်တွေ တစ်ခုကတစ်ခုကို သိမ်မွေ့တဲ့ ဂျီဩမေထရီနည်းအရ ဆွဲနေတယ်ဆိုတဲ့ 'ကမ္ဘာ'ပေါ်လာပြီဟု ဆိုလိုက်လေသည်။

အခန်းတစ်ခုလုံး ရောက်ရှိလာကြသော ကျောင်းတော်သူ ကျောင်းတော်သားများ၊ ဆရာပါမောက္ခများ၏ ဩဘာသံသည် အတောမသတ် ဆူညံခဲ့၏။ သို့ရာတွင် ဤသမိုင်းဝင် လေဒင်တက္ကသိုလ် ဟောပြောပွဲအကြောင်းကား သတင်းစာလောကကို မဖုံးလွှမ်းနိုင်ခဲ့သေးပေ။

အိုင်းစတိုင်းအကြောင်းကို တကမ္ဘာလုံးကသိပြီး အုတ်အော်သောင်းသဲဖြစ်သည့် နိုဝင်ဘာလ ၆ ရက်နေ့ကား မရောက်နိုင်သေး။ ထိုနေ့တွင် ဆာဂျိုးဇက် ဂျွန်သော်မဆင်သည် သူ၏ ဘုရင့်သုခမိန်အဖွဲ့နှင့် ဘုရင့်နက္ခတ်ပညာရှင်များအဖွဲ့ ပူးတွဲအစည်းအဝေးပွဲသို့ လန်ဒန်မြို့ရှိ အသိပညာရှင်မှန်သမျှကိုလည်း ဖိတ်မန္တက ပြုထားသည်။ သတင်းစာတိုက်အသီးသီးမှ သတင်းထောက် အယ်ဒီတာများကိုလည်း ဖိတ်ခေါ်ထားလေသည်။ ထိုစည်းဝေးပွဲသို့ ကမ္ဘာတွေးခေါ်ရှင်ကြီးတစ်ဦးဖြစ်သူ အဲလ်ဖရက်နော့သ် ဝှိုက်ဟက်လည်း တက်ရောက်ခဲ့သည်။ နေကြတ်ခြင်းကို စူးစမ်းရှာဖွေဖော်ထုတ်ခဲ့ရပုံ အလုံးစုံကိုတော့ ဆာဖရင့် ဒိုင်ဆန်က ရှင်းပြလေသည်။

ဝှိုက်ဟက် ပြောပြချက်အရဆိုလျှင် "ဒီလိုဒိုင်ဆန်က ရှင်းပြနေတဲ့ အချိန်မှာ နားထောင်နေတဲ့ ပရိသတ်ရဲ့ စိတ်ဝင်စားပုံတော့ဖြင့်ရင် တကယ့် ခေါ်မပြဇာတ်တစ်ခုကို ကြည့်နေကြရတဲ့ အတိုင်းပါဗျ။ ပွဲခင်းရဲ့ နောက်ခံအဆောင်အယောင်တွေကလည်း ခမ်းနားပါပေ့။ နောက်ခံပိတ်ကားပေါ်မှာဆိုရင် နယူတန်ရဲ့ ရောမရုပ်ပုံကားချပ်ကြီးကိုလည်း ချိတ်ဆွဲထားတယ်"ဟု သရုပ်ဖော်ပြထားသည်။

ယခုတော့ ဤဇာတ်သဘင်ကြီးထဲတွင် အောင်မြင်စွာ ကပြနိုင်ခဲ့သော အိုင်စတိုင်း၏ ဘဝပတ်ဝန်းကျင်ထဲသို့ လူတွေ ကျူးကျော်ဝင်ရောက်လာခြင်း ကို ခံရပြီ။ မဆီမဆိုင် သတင်းထောက်တွေက ရီလေးတိဗတီ သီဝရီအကြောင်း မေးနေသည့်

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းများကိုလည်း သည်းညည်းခံကာ ဖြေနေရလေသည်။ သို့သော် မကြာမီမှာပင် သတင်းထောက်တွေနှင့် ပေါင်းပြီး အဖျော်တမ်း နကွတ်ကြည့်သူတွေ၊ နိုင်ငံရေးသမားတွေ၊ မတွေ့ရတာ ကြာလှပြီဖြစ်သော ဆွေမျိုးဆိုသူတွေ၊ စာအုပ်ထုတ်ဝေသူတွေ၊ တစ်ပုံကြီး စုပြုံရောက်ရှိလာပြီး သူတို့လည်း အိုင်စတိုင်း၏ တပည့်တပန်းတွေ ဖြစ်ချင်ပါသည်ဟု ဆိုကြလေသည်။ ထိုအခါ အိုင်စတိုင်းသည် စကားပင် ပြန်မပြောတော့ဘဲ သူ့အပေါ်ဆုံးအထပ်က အခန်းကလေးတွင်းသို့ ပြန်လည်ပြေးဝင် ပုန်းအောင်းနေရလေတော့သည်။ အယ်လ်ဆာတစ်ယောက်တည်းသာ အောက်ထပ်တွင် တဖွဲဖွဲရောက်လာကြသော ဧည့်သည်တွေနှင့် နပန်းသတ်နေရရှာလေသည်။

တစ်ယောက်ကမူ စားဆေးနှင့် နယူတန်၏ရုပ်ပုံကို အိမ်နံရံတွင် ပုံရေးထားသည်ကို အိုင်စတိုင်းတွေ့သွားသည်တွင် "ဒါ ဘာသဘောလဲဟေ့ ဒီလောက်ရိုင်းစိုင်းရသလား"ဟု အော်ဟစ်ဆိုလိုက်သည်။

ထိုအခါ လူဖလံတစ်ယောက်က "ကျွန်တော်တို့အဖွဲ့ကတော့ သိပ်တိကျတာပဲ ဆရာကြီးရဲ့၊ ဒါဟာလည်း ဆရာကြီးရဲ့ အကျိုးရှိမှုအတွက်ပါပဲခင်ဗျာ။ ကျွန်တော်ကတော့ အခု ဆန်းသစ်တီထွင်ထားတဲ့ ဆေးလိပ်ကုမ္ပဏီက ကိုယ်စားလှယ်ပါပဲ။ ကျွန်တော်တို့က ခုတီထွင်လိုက်တဲ့ ဆေးလိပ်သစ်ကို 'ရီလေတီဗတီဆေးလိပ်'လို့ ကင်ပွန်းတပ်ချင်ပါတယ်ခင်ဗျာ။ ဆေးလိပ်အထုပ်မှာလည်း ဆရာကြီးအိုင်စတိုင်းရဲ့ပုံကို ထည့်ချင်ပါတယ်။ ဒါကို ဆရာကြီး သဘောတူမယ်ထင်ပါရဲ့"ဟု အယ်လ်ဆာအား ပေါကြောင်ကြောင်နှင့် လာပြောသည်။

ခပ်ကြောင်ကြောင်နှင့် အယ်လ်ဆာကလည်း လင်တော်မောင် အိုင်စတိုင်းကို ဆေးလိပ်သည်ပြောသည့်အတိုင်း သွားပြောသည်တွင် ဟိုက မျက်စောင်းတစ်ချက်ခဲလိုက်မှ အရေးမလှမှန်းသိ၍ ပြန်ထွက်လာခဲ့လေသည်။

နာမည်ကျော်ကြားစ စောစောပိုင်းအချိန်များက ဆိုလျှင် တစ်ကမ္ဘာလုံးက ရီလေတီဗတီဆိုသည့် စကားကို ကစားစရာတစ်ခုလို နေရာမရွေး ဌာနမရွေး သုံးနေကြလေတော့သည်။ လူတွေမှာ ဒီသဘောတရားတွေကို နားမလည်သည့်အတွက် တချို့ကလည်း ရယ်စရာလို လုပ်နေကြလေ၏။ နယူတန် သီဝရီတုန်းကလို သစ်တော်သီးကြွေသည့်အဖြစ် ဒဏ္ဍာရီလည်း မရှိ၊ အာခေးမီးဒီးစ်မှာလို ရေစည်ထဲက ကိုယ်တုံးလုံးနှင့် ထပြေးခဲ့သော ပြောစရာ၊ ရယ်စရာအကွက်လည်းမရှိဘဲ အိုင်စတိုင်းသီဝရီမှာ ရယ်စရာလို ဖြစ်လာခဲ့ရသည်မှာ သူ့အဖို့ စိတ်ရှုပ်စရာတစ်ခု ဖြစ်လာ၏။

တကယ်ဆိုလျှင် တစ်ခါက အိုင်စတိုင်းသည် သူ့အခန်းမှ မှန်ပြတင်းမှ ငေးကြည့်နေစဉ် တစ်ဖက်အိမ်ခေါင်မိုးကို ဆေးသုတ်နေသူတစ်ဦးသည် အိမ်ခေါင်မိုးပေါ်မှ လိမ့်ကျသွားသည်ကို မြင်လိုက်ရသဖြင့် လိုက်သွားပြီး နာကျင်သွားသလား၊ ဘိုနိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရသွားသလားဟု သူက မေးသည်။ ထိုသူသည် အမှိုက်ပုံပေါ်ကျသဖြင့် မနာပါဘူး၊ လဲကျတာလောက်ပါဟု ပြန်ဖြေသည်။ သည်အဖြစ်ကို တွေ့ရသောအခါ အိုင်စတိုင်းအနေနှင့် "အား ဟုတ်ပြီ၊ ဒါကြောင့် ပြောတယ်မဟုတ်လား၊ ကမ္ဘာမြေကြီးကို ဆွဲဆောင်တယ်ဆိုတာ စွမ်းအားစုတစ်ခု မဟုတ်ပါဘူးလို့"ဟု ထအော်စရာဖြစ်ခဲ့၏။

အလင်းရောင်ခြည်သည် ကွေးညွှတ်၍သွားသည်ဆိုသော စကားမှာ လူအများအဖို့တော့ ယုံတမ်းစကားတစ်ခုလိုပင် ဖြစ်နေခဲ့လေသည်။ ညအခါများတွင် လူတချို့သည် တိတ်တဆိတ် အပြင်ဘက်သို့ထွက်ကာ လက်နှိပ်ဓာတ်မီးဖြင့် အဝေးကသစ်ပင်ကို ထိုးကြသည်။ တချို့က ဓာတ်မီးအလင်းရောင်သည် မြေပြင်သို့ စိုက်သွားသည်ဟု ဆိုကြသည်။ ပြောဖန်ဆိုဖန်များကြသောကြောင့် မဂ္ဂဇင်းအချို့တွင် လှောင်ပြောင်သရော်သည့် ရုပ်ပြောင်များပင် ရေးဆွဲလာကြလေတော့သည်။

ရီလေတီဗတီ အုံကြွမှုကြီးကား လူတန်းစားအသီးသီးကို ရိုက်ခတ်သွားသည်။ မည်သူမျှလည်း တိတိကျကျ နားမလည်ကြ။ သတင်းစာအမျိုးမျိုးက အမျိုးမျိုး ရေးကြသားကြသည်။

တချို့က အိုင်စတိုင်းကို ထောက်ခံသည်။ တချို့က ကန့်ကွက်ကြသည်။ ကြယ်အလင်းရောင် ကွေးသွားခြင်းသည် ဆွဲဆောင်မှုစက်ကွင်းနှင့် ဘာမျှမဆိုင်ဆိုသူကလည်း ဆိုသည်။ တချို့က အိုင်စတိုင်းသည် အရူးတစ်ယောက်သာ ဖြစ်သည်။ ရှေးအခါကတည်းက ပင်လယ်သွားသင်္ဘောသားများသည် ကြယ်ကို အားကိုး၍သွားကြရပေရာ ကြယ်နေရာ မပြောင်းသောကြောင့်သာ ဖြစ်သည်ဟု ဆိုကြသည်။ ဘာသာရေးပိုင်းက ပုဂ္ဂိုလ်တွေက ဆိုလျှင် အိုင်စတိုင်း သဘောတရားအမြင်များသည် ဘာသာရေးယုံကြည်မှုကင်းသောအမြင်၊ ဘုရားဟောနှင့် ဆန့်ကျင်သောအမြင် ဖြစ်သည်ဟု စွပ်စွဲကြသည်။

သိပ္ပံပညာရှင်များထဲက ပုဂ္ဂိုလ်တချို့ကလည်း အတွေးအမြင်ပညာ ရှုထောင့်ကနေ၍ အိုင်စတိုင်း သီဝရီကို တိုက်ခိုက်ကြသည်လည်း ရှိသည်။

များသောအားဖြင့် သိပ္ပံပညာရှင်ကြီးများ၏ လောကဓာတ်ကြီးကို ရှာဖွေစူးစမ်းရာမှ ရလာသော လောကအမြင်များ၊ သဘောတရား သီဝရီများမှာ လက်တွေ့စမ်းသပ်ရှာဖွေရာက ရလာကြခြင်းသာ ဖြစ်ကြသည်။ အိုင်စတိုင်းမှာမူကား ထိုသို့မဟုတ်။ လက်တွေ့စမ်းသပ်ခန်းရယ်လို့လည်း တသီးတခြားမရှိ။

သူ့အနေနှင့်လည်း ဝန်ခံသည်။ သူရှာဖွေပြီး ဆန်းသစ်တီထွင်ခဲ့သော 'ရီလေတီဗတီ သီဝရီ'များသည် သူ၏ ဆင်ခြင်တွေးခေါ်မှုသက်သက်၊ တစ်ဏာပွတ္တိဉာဏ်သက်သက်ဖြင့် ရလာခြင်းဖြစ်သည်ဟုလည်း ဆိုသည်။ အိုင်စတိုင်းတစ်ယောက် သည် လောက်ကျော်စောလာသည်ကို မရှုစိမ့်လိုသူများ၊ အသရေဖျက်စေလိုသူများမှ အိုင်

www.burmeseclassic.com

www.burmeseclassic.com



စတိုင်း သီဝရီများသည် အနုမာန မျက်ရမ်းဆနည်းဖြင့် တွေးခေါ်ခြင်းသက်သက်သာ ဖြစ်သည်။ အခြေအမြစ်မရှိဟု စွပ်စွဲသည်။ တချို့ကမူ သည်သဘောတရားတွေသည် သက်သက် ဝင့်ဝါခြင်း၊ တက်ယောင်ကား လုပ်ခြင်းမျှသာဖြစ်ကြောင်း အမျိုးမျိုး သွားပုပ်လေလွင့် အဖျင်းသတင်း ဆိုကြသည်။ ထိုသူတို့ အယူအဆအရ သဘာဝတရား ထဲက နိယာမတရားတွေကို ဖော်ထုတ်သူသည် လူသား၏အတွေ့အကြုံ၊ ကြည့်ရှု လေ့လာစူးစမ်းမှု၊ လက်တွေ့စမ်းသပ်မှုများကသာ ထုတ်နုတ် ရှာဖွေရမည်ဟု တစ်ထစ်ချ ယူဆကြလေသည်။

သည်လို တစ်ဖက်သတ် စွပ်စွဲချက်များကို အိုင်စတိုင်းက "အပွေးမြင်ရင် အပင်သိပါတယ်။ သူတို့ရဲ့ အသီးအပွင့်တွေကို တွေ့ကြရတဲ့အခါ ဒီအပင်တွေဟာ ဘာပင်တွေလဲဆိုတာကို မင်းတို့ ပိုသိနိုင်တာပေါ့"ဟု ဆိုကာ ပြန်ပြောတတ်လေသည်။ အမှန်တော့ 'ရီလေတီဗတီ' သီရဝိက ဤကမ္ဘာမြေမှ မိုင်ပေါင်း ၉၃ သန်းကျော်လောက် ကွာဝေးသည်။ သဘာဝတရားကြီးထဲက လျှို့ဝှက်ချက်တွေကိုပင် တိတိကျကျ ထွင်း ဖောက်ရှုမြင်ပြီး ဟောကိန်းထုတ်ခဲ့ခြင်း ဖြစ်၏။ ဤသည်ပင်လျှင် အိုင်စတိုင်း၏ထိုးထွင်း ဉာဏ်နှင့် သူ့သီဝရီ၏ ကြီးမားသောတန်ဖိုး မဟုတ်ပေလော။

ဤကဲ့သို့ အငြင်းပွားနေသော ကာလတစ်လျှောက်လုံးတွင် ထောင်သောင်း များစွာသော သုတေသီပညာရှင်ကြီးများသည် အိုင်စတိုင်း၏'ရီလေတီဗတီ' သီဝရီကို မိမိတို့ဘာသာ စစ်တမ်းထုတ်နေခဲ့ကြလေသည်။ တစ်ခါတစ်ခါ သတင်းစာများ၏ လူထုအော်သံအခန်းကနေပြီး အိုင်စတိုင်း ရှုမြင်ထားသော 'စကြဝဠာ'ကြီးကို မြင်သာ ထင်သာအောင် ဖော်ပြကူညီပေးဖို့ တောင်းဆိုကြသည်။ အိုင်စတိုင်း၏ သဘောတရား၊ လောကအမြင်များသည် များလှစွာသော လူတို့အတွက် အံ့သြဖွယ်၊ စိတ်အားတက် ကြွဖွယ်ဖြစ်သော ရူပဗေဒပညာမှ စွန့်စားခန်းကြီးတစ်ရပ် ဖြစ်နေခဲ့ပေတော့သည်။

ဂျင်နရယ် သီဝရီဟုခေါ်သော ယေဘုယျ ရီလေတီဗတီ သီဝရီတွင် တင်ပြထား သော ကမ္ဘာမြေကြီး၏ ဆွဲဆောင်ခြင်းသဘောတရားမှာ ကျယ်ကျယ်ပြန့်ပြန့် တင်ပြ ထားသောကြောင့် လူအများအဖို့ နားလည်ရန် သိပ်မခက်ခဲပေ။ သို့သော် စပါယ်ရှယ် သီဝရီဟုခေါ်သော ဝိသေသသီဝရီကတော့ ဖတ်ရသူတိုင်းကို ဦးနှောက်ချာချာလည်စေ၏။ ဤသီဝရီမှာ လျှို့ဝှက်နက်နဲချက်များ၊ သိခက်သော ရှုပ်ထွေးသည့် အယူအဆများ ပါသည်။ ထိုသီဝရီတွင် လူတို့ရေတွက်နေကြသော 'အချိန်' (ကာလ) ဆိုသည်မှာ သူတို့နေထိုင်ရာ ဂြိုဟ် (ကမ္ဘာ)နှင့် ဆက်စပ်၍သာ အဓိပ္ပာယ်သက်ရောက်မှု ရှိနိုင် ကြောင်း ပါလာသည်။ သဘောမှာ ဤကမ္ဘာတွင် 'တစ်ရက်၊ တစ်လ၊ တစ်နှစ်'ဟု ရေတွက်နေကြသော အချိန်သည် ဤကမ္ဘာ၌သာ အဓိပ္ပာယ်ရှိပြီး ကျန်ဂြိုဟ်များပေါ် တွင် အဓိပ္ပာယ်မရှိဟု ဆိုခြင်းဖြစ်သည်။ လပေါ်တွင် နေ့နှင့်ည တစ်ရက်သည် ကျွန်ုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင် လဆန်း ၁၅ ရက် လဆုတ် ၁၅ ရက်၊ ပေါင်း တစ်လဖြစ်ပေမည်။ ထို သဘောတရားကို လက်ကိုင်ထား၍ စဉ်းစားလျှင် နေနှင့်ကမ္ဘာမြေကြီး စသော အရာဝတ္ထု တို့၏ အာကာသထဲတွင် အနေအထား နေရာပြောင်းလဲမှုကြောင့် အချိန်အမှတ်အသား နေ့နှင့်ည ဖြစ်လာရ၏။ နေရာပြောင်းလဲခြင်းသည် အချိန်ပြောင်းခြင်းပင်ဖြစ်၏။ အချိန် (ကာလ)နှင့် နေရာ(ဩကာသ)ဆိုသည်မှာ ဖြစ်စဉ်တစ်ခုတည်း၏ 'ဘက်' နှစ်ဘက်သာဖြစ် ကြောင်း အိုင်စတိုင်း မြင်လာသည်။

ထိုအခါ သူ့အတွေးအခေါ် လောကအမြင်များ၌ လူသတ္တဝါတို့သည် ကာလ ဩကာသဖြစ်စဉ်ထဲတွင် လျှောက်နေရသည့် ခရီးသည်ဖြစ်သည်ဟု မြင်လာသည်။ အမှန်တော့ အဆုံးမဲ့ကာလ သံသရာ စကြဝဠာကြီးထဲတွင် ဝတ္ထုပစ္စည်း အဖြစ်အပျက်များ ဖြစ်ပျက် နေကြခြင်းသာ ဖြစ်၏။

အထက်သဘောတရားကို 'သဘာဝတရား'အမည်ရှိ ဗြိတိသျှ သိပ္ပံမဂ္ဂဇင်း တစ်စောင်တွင် အမည်မဖော်လိုသူတစ်ယောက် သရုပ်ဖော်ရေးထားပုံကလေးမှာ ပီပီသသ ရှိလှသောကြောင့် ဤတွင် ဖော်ပြလိုက်ပါသည်။

ဒီအချိန်မှာ မိုးသက်လေဆင်ပြီး တသဲသဲပက်ပြီး ရွာနေတယ်။ သစ်ပင်ပေါ်က သစ်ရွက်တွေကလည်း လေတိုက်တိုင်း တရှဲရှဲ တဖျပ်ဖျပ်နဲ့ လှုပ်ရှားနေကြတယ်။ လမ်းပေါ်မှာတော့ မော်တော်ကားတစ်စင်း အရှိန်ပြင်းစွာနဲ့ မောင်းနှင်သွားတယ်။ ကောင်း ကင်မှာဆို မိုးတိမ်မိုးသားတွေဟာ တရိပ်ရိပ်နဲ့ ပြေးနေကြတယ်။ အရာဝတ္ထု ခပ်သိမ်း ကုန်ဟာ လှုပ်ရှားပြောင်းလဲနေကြတယ်။ ဒါတွေကိုကြည့်ရင် သမိုင်းဖြစ်ရပ်မှန်သမျှဟာ ပြောင်းလဲမှုတွေချည်းပဲပေါ့။ သို့ပေမင့် အတ္တနောမတိမပါဘဲ သေသေချာချာ ရှုကြည့်လို့ ရှိရင် သမိုင်းဆိုတာ ထာဝရဖြစ်စဉ်ကြီးတစ်ခုဖြစ်ပြီး ကျွန်ုပ်တို့ကတော့ ဒီဖြစ်စဉ်ထဲမှာ ပြောင်းလဲနေတဲ့ မြင်ကွင်းအမျိုးမျိုးကို မြင်တွေ့ ဖြတ်ကျော်နေကြရတဲ့ ခရီးသွားပုဂ္ဂိုလ် တွေနဲ့ မတူကြပေဘူးလား။ ဒီလိုမြင်တဲ့အမြင်ကတော့ မှန်ကန်တဲ့အမြင်လို့ မဆိုနိုင်ပေ ဘူးလား။ အချိန်ကာလနဲ့ နေရာဩကာသဆိုတဲ့ သဘောနှစ်ရပ်နဲ့ ဖြစ်နေတဲ့ စကြဝဠာ တိုက်ကြီးနဲ့ပတ်သက်တဲ့ ကျွန်ုပ်တို့ ရှုမြင်မှတ်ယူချက်တွေဟာ တကယ်တော့ ရုပ်ပုံလွှာ တွေ ဖြစ်ကြတယ်။ ဒီရုပ်ပုံတွေဟာ ရုပ်ပုံတွေဆိုပေမယ့် ပုံရေးဆွဲတဲ့ ပန်းချီဆရာတွေက တော့ အများသားပဲ။ ကျွန်ုပ်တို့တစ်တွေ ပန်းချီပြခန်းတစ်ခုကို သွားကြည့်တဲ့အခါ ချိတ်ဆွဲထားတဲ့ ပန်းချီကားတွေဟာ တစ်ခုနဲ့တစ်ခု မတူကြလေတော့ ပထမ ဖြုန်းခနဲ ကြည့်မယ်ဆိုရင် ဒီပန်းချီတွေမှာ တူညီချက်မရှိသလိုပဲ။ နောက် တဖြည်းဖြည်းကြည့်ပြီး သုံးသပ်လိုက်တော့ ဒီပန်းချီပုံကားတွေဟာ တူညီတဲ့ ဘဝတစ်ခုထဲကို မှုတည်ပြီး ဆွဲ ထားတာတွေပါကလားလို့ သဘောပေါက်လာရတယ်။ ဒီအခါကျတော့ ပန်းချီကား တွေကို ရေးဆွဲကြတဲ့ ပန်းချီဆရာတွေကို သရုပ်ခွဲကြည့်လာနိုင်တယ်။ သူတို့တစ်တွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ဘယ်လို စိတ်ထားတွေနဲ့များ ရှုမြင်ကြပါလိမ့်။ ဘယ်လို အမြင်အတွေးတွေနဲ့ ကြည့်လို့များ သူတို့ပုံတွေ ကွဲလွဲသွားကြပါလိမ့်။ ဒီအခါကျတော့မှ ခြားနားမှုတွေရဲ့ နောက်ကွယ်က တစ်ခုတည်းသော အစစ်အမှန် ယထာဘူတ တရားကို တွေ့မြင်လာရတယ်။ ဤကား အိုင်စတိုင်း၏ ရူပဗေဒပညာ အတွေးအခေါ်များကို ပြီးမြောက်စေခဲ့သော ပြောင်းလဲခြင်းသဘောတရားကို တိတိကျကျ သရုပ်သကန်နှင့် ပုံဆောင်ဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။

အထက်ပါဥပမာသည် စကြဝဠာကြီး၏ ဖြစ်ရပ်များကို ရှင်းရှင်းလင်းလင်း နားလည်စေသည့် အချိန်ကာလနှင့် နေရာဌာနတို့၏ အညမညသဘောကို အသိအမှတ်ပြု၍ ဖော်ပြလိုက်ခြင်းဖြစ်၏။ အိုင်စတိုင်း ရှုမြင်ခဲ့သော လောကအမြင်၌ လူတိုင်းသိနေကြသော အချက်အလက်များသည်ပင် ပဓာနအပိုင်းက ပါဝင်ခဲ့၏။ စကြဝဠာလောကကြီး၏ အညမညဖြစ်စဉ်ဟုဆိုအပ်သော အိုင်စတိုင်း၏ ရီလေတီဗတီ အမြင်တရားသည် တရားသေအမြင်မဟုတ်။ စိတ်အားတက်ကြွစရာ၊ အံ့သြရင်ခုန်စရာများဖြင့် ပြီးသော ဇာတ်လမ်းတစ်ပုဒ်သာ ဖြစ်ပေသည်။ သို့သော် ဤဇာတ်လမ်းတွင် ပါဝင် ကပြလိုသူများ အဖို့တော့ စပါယ်ရှယ်သီဝရီနှင့် ထွေးလုံးသတ်ပုတ်ပြီး ယင်းသီဝရီကို အောင်နိုင်သည် အထိ ဇာတ်ကွက်တစ်ခန်းတော့ ကကြရဦးမည် ဖြစ်သည်ဟု အိုင်စတိုင်းကိုယ်တိုင် ပြောခဲ့ဖူးလေသည်။

နယူတန် လက်ထက်က သူ၏အတွေးအမြင်တွင် အချိန်ကာလနှင့် နေရာဌာန (အာကာသ)တို့သည် လောကကြီးထဲရှိ အကြွင်းမဲ့ဖြစ်ရပ်များ ဖြစ်သည်။ ၎င်းတို့မှာ အကန့်အသတ်မရှိဟု ယူဆခဲ့၏။ အာကာသသည် လှုပ်ရှားခြင်းမရှိ၊ အချိန်ကာလကား နေရာဌာနမရွေး အစဉ်ပြောင်းလဲနေသော သဘောရှိသည်။ အိုင်စတိုင်းခေတ် မတိုင်မီ ကတည်းက ရုပ်နှင့် အား (သတ္တိ) သဘောကိုလည်း သိပ္ပံပညာရှင်တို့ ခွဲခြား စိစစ်ခဲ့ပြီး ဖြစ်ကြလေသည်။ ရုပ်သည် အဏုမြူများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော အရာဖြစ်သည်။ အဏုမြူတစ်ခုကို ဖျက်ဆီးခြင်းငှာလည်းကောင်း၊ ပြောင်းလဲခြင်းငှာ လည်းကောင်း မတတ်သာ။ အားဟုခေါ်သော (သတ္တိ)ထုးတစ်ရပ်ကိုကား သချာညီမျှခြင်းများဖြင့်လည်းကောင်း၊ စကားလုံးများဖြင့်လည်းကောင်း ဖော်ပြနိုင်သည်ဟူ၍ မှတ်ယူလာခဲ့ကြသည်။

စကော့လူမျိုး ရူပဗေဒသိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ဂျိမ်းစ်ကလပ် မက္ကဝယ်လ်က အလင်းရောင်ခြည်တွင် လျှပ်စစ်သံလိုက်လှိုင်းများ ပါနေကြောင်း ဖော်ထုတ်ပြီး အထက်ပါ သဘောတရားများကို သိလွယ်အောင် ရှင်းချက်ထုတ်လာသည်။ အလင်းရောင်ကို ဤကမ္ဘာသို့ရောက်အောင် သယ်ယူလာခဲ့သောအရာမှာ တစ်လောကလုံးအနှံ့ ပျံ့နှံ့လျက် ရှိသော 'အီသာ'ခေါ် ထူးဆန်းသောဓာတ်တစ်မျိုးဖြစ်ကြောင်း လူတို့ဆုံးဖြတ်လာကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်သိပ္ပံပညာရှင်နှစ်ဦးဖြစ်သော မစ်ချယ်လ်ဆန်နှင့် မော်လေး ဆိုသူတို့သည် အာကာသထဲတွင် ကမ္ဘာဂြိုဟ် လည်ပတ်သွားလာရာတွင် အဆိုပါ အီသာဓာတ်က ဘယ်ရွေ့ဘယ်မျှ တားဆီးပိတ်ပင်နိုင်သနည်း ဆိုသည်ကို စစ်ဆေး ရှာဖွေဖော်ထုတ်ခဲ့ကြပြန်သည်။ ကမ္ဘာမြေကြီးသည် အီသာထဲတွင် အာကာသထဲ၌လည်နေစဉ် တစ်စက္ကန့် မိုင် ၂၀ နှုန်း နှစ်နေမည်ဟု တွက်ယူဖွယ်ရှိ၏။ အကြောင်းမှုကား ဤနှုန်းမှာ ကမ္ဘာက နေကို လှည့်ပတ်နေသည့်နှုန်း ဖြစ်သောကြောင့်ဖြစ်၏။

အလင်းရောင်သည် အီသာကြောင့် ယခုကဲ့သို့ ပျံ့နှံ့နိုင်ခြင်းဖြစ်၏။ ထို့ကြောင့် အလင်းရောင်ခြည်တန်းတစ်ခုသည် ကမ္ဘာဂြိုဟ်လည်ပတ်နေရာဘက်သို့ ထိုးကျလာသောအခါ အီသာစီးကြောင်း ၎င်း၏အရှိန်မှာ လျော့နည်းသွားပြီး အလျင်မှာ နှေးသွားနိုင်သည်။ အကယ်၍ တခြားတစ်ဖက်သို့ ထိုးကျသွားမည်ဆိုပါက အီသာစီးကြောင်း၏ အမြီးဖြားခတ်ကာ အလင်းရောင်သွားနှုန်းအလျင်မှာ ပိုမိုတိုးလာဖွယ်ရှိသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အလင်းရောင်၏ အသွားနှုန်း အလျင်ကို နည်းအမျိုးမျိုးဖြင့် စမ်းသပ်ခဲ့ကြသည်။ သို့သော် နောက်ဆုံးတွင် ကမ္ဘာဂြိုဟ်လည်ပတ်မှု အစုန်အဆန်လိုက်၍ အီသာစီးကြောင်းကြောင့် အလင်းရောင်၏ အသွားနှုန်းကို ထိခိုက်နိုင်ခြင်းမရှိကြောင်း တွေ့ရသည်။ အလင်းရောင်အသွားနှုန်းမှာ မည်သည့်အချိန်တွင်မဆို တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆၀၀၀ ဖြစ်ကြောင်း တိတိကျကျ ရှာဖွေတွေ့ရှိရလေတော့သည်။

အလင်းရောင်အသွားနှုန်းနှင့် စပ်လျဉ်း၍ တွက်ချက်ကြရာ၌ အကယ်၍ ဤကမ္ဘာတွင် အီသာဓာတ်မရှိလျှင်ဖြစ်ဖြစ်၊ ကမ္ဘာမြေကြီးသည် မလှုပ်ရှားဘဲ တည်ငြိမ်စွာ ရပ်နေလျှင်ပဲဖြစ်ဖြစ်၊ အလင်းရောင်သွားနှုန်းသည် တိုးလာမည်လား၊ လျော့သွားမည်လား စဉ်းစားကြသည်။ သိပ္ပံပညာရှင်များကမူ နှစ်ချက်စလုံးကို လက်မခံ။ သူတို့အနေနှင့် အလင်းရောင်သည် အီသာမှတစ်ဆင့် ပျံ့နှံ့လာခြင်းဖြစ်သည်ဟု ယူဆထားသဖြင့် ၎င်းတို့နှစ်ခု ပေါင်းစပ်ပုံကိုသာ နည်းမျိုးစုံနှင့် ရှာဖွေဖော်ထုတ်ရန် ကြိုးပမ်းကြသည်။ သို့သော် အီသာဓာတ်သည် မည်ကဲ့သို့သော အာပေါဓာတ်တစ်မျိုးဖြစ်ကြောင်း စုံစမ်း၍ မရခဲ့ကြချေ။ ဤကဲ့သို့ အမေရိကန်သိပ္ပံပညာရှင်များ စူးစမ်းရှာဖွေနေကြချိန်တွင် အိုင်စတိုင်းမှာ ခေတ်နောက်ကျလျက်ရှိသေးသော ကလေးတစ်ယောက်မျှသာ ဖြစ်သေးသည်။ ဤခေါင်းရှုပ်စရာ အီသာပြဿနာကား သူ အသက် ၂၅ နှစ်ရောက်မှပင် ရှင်းတော့သည်။

အိုင်စတိုင်းသည် အလင်းရောင်အကြောင်းစဉ်းစားသောအခါ အကယ်၍ အီသာကို ရှာဖွေမတွေ့နိုင်လျှင် ၎င်းကို လူတို့၏တွက်ကိန်းထဲတွင် ထည့်တွက်၍မဖြစ်ဟု သူယူဆလိုက်သည်။

ထို့ကြောင့် အီသာကို မေ့ထားလိုက်လေ၏။ အမေရိကန် သိပ္ပံပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုအရ အလင်းရောင်၏အသွားနှုန်းသည် မပြောင်းလဲဘဲ အမြဲအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်းလည်း ထင်ရှားခဲ့ပြီ။ ကမ္ဘာမြေကြီးသည် အာကာသထဲတွင် အရှိန်အဟုန်နှင့် ရွေ့လျားနေသောကြောင့်လည်း အလင်းရောင်အသွားနှုန်းက ပြောင်းမသွားနိုင်။

နယူတန်၏ ယန္တရားဆိုင်ရာနိယာမများတွင် ရုပ်ဝတ္ထုပစ္စည်းတစ်ခုသည် တစ်မိနစ်တွင် ဘယ်လောက်နှုန်းနှင့်ရွေ့လျားလျှင် ဘယ်မျှသောခရီးကို ဘယ်အချိန်တွင် ရောက်နိုင်ကြောင်း အတိအကျတွက်ချက်ပြီး ဟောကိန်းထုတ်ခဲ့၏။ သို့ရာတွင် နယူတန်နိယာမများ၌ ဂြိုဟ်များ၏ လှုပ်ရှားပြောင်းလဲနေမှုနှင့် အလားတူပစ္စည်းတို့၏ပြောင်းလဲနေမှုများ လှုပ်ရှားနေမှုများကို ထည့်တွက်စဉ်းစားခဲ့ခြင်း မရှိချေ။

(ဥပမာ လူတစ်ယောက်သည် တည်ငြိမ်နေသော ကြမ်းပြင်ပေါ်တွင် ခြေစုံရပ်နေပြီး ထိုလူက ကြမ်းပြင်ပေါ်တွင် ဘောလုံးတစ်လုံး လှိမ့်လိုက်သည် ဆိုပါစို့။ နယူတန်သဘောအရ ဘောလုံးသည် ပေမည်မျှအကွာအဝေးရှိသော နေရာကို ဘယ်နှမိနစ်နှင့် လိမ့်သွားသည်။ ထို့ကြောင့် ဘောလုံးလိမ့်နှုန်းသည် တစ်စက္ကန့်တွင် ဘယ်နှလက်မရှိသည်ဟု တစ်ထစ်ချ တွက်ယူတတ်သည်။ အမှန်မှာ ဘောလုံးလိမ့်နေသောအချိန်တွင် ကြမ်းပြင်သည် လည်းကောင်း၊ လူသည်လည်းကောင်း မလှုပ်ရှားဘဲ ငြိမ်နေသည်မဟုတ်၊ ကမ္ဘာမြေကြီး လည်ပတ်နေသည်နှင့်အတူ လည်နေခြင်းသာဖြစ်သည်။ လူလည်း လှုပ်ရှားနေသည်။ ကြမ်းပြင်လည်း လှုပ်ရှားနေသည်။ ဤသဘောကို နယူတန်လက်ထက်တွင် မမြင်နိုင်ခဲ့သေးပေ။)

အလင်းရောင်အသွားနှုန်းလည်း အထက်ပါအတိုင်းပင် ဖြစ်လေသည်။

အလင်းရောင်စတင်ရာနေရာ၏ လှုပ်ရှားမှု အလျင်နှုန်းသည် ဘယ်လောက်ပင်ရှိရှိ အလင်းရောင်၏ အလျင်မှာမူကား တစ်စက္ကန့်လျှင် ၁၈၆၀၀၀ မိုင်ပင် ဖြစ်၏။ အလင်းရောင်နှင့်ပတ်သက်သောကိစ္စများ၌ အလျင်နှုန်း ပိုထည့်ရမည်ဟူသော ပြဿနာမျိုး မရှိချေ။

ဆိုကြပါစို့။ ဖျတ်ခနဲ ပွင့်ထွက်လာသော ကြယ်တစ်စင်း၏ အလင်းရောင်သည် ပွင့်ထွက်ပြီး ဤကမ္ဘာဆီသို့ အာကာသကို ဖြတ်သန်းလာသောအခါ သူ့နှုန်းအတိုင်း တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆၀၀၀ နှုန်းနှင့်ပင်လာ၏။ ထိုသို့ အလင်းရောင်ပွင့်သွားသော ကြယ်သည် သူ့ဘာသာသူ တစ်စက္ကန့်လျှင် မိုင်တစ်သိန်းဖြင့်ပင် ကမ္ဘာဘက်ဆီသို့ ပြေးလွှင့်လာစေကာ ထိုကြယ်က ထွက်လာခဲ့သော အလင်းရောင်၏အသွားနှုန်းကား မပြောင်း၊ တစ်စက္ကန့် မိုင်ပေါင်း ၁၈၆၀၀၀ နှုန်းသာ ဖြစ်လေသည်။

နှစ်နှင့် နှစ်ပေါင်းတိုင်း အခါခပ်သိမ်း လေးနှင့်ညီသည်မဟုတ်ချေ။ ထို့ကြောင့် အိုင်စတိုင်းက သဘာဝထဲရှိ နိယာမတရားများသည် တစ်ခုနှင့်တစ်ခု အညမညအားဖြင့် အမှီသဟဲပြုပြီး လှုပ်ရှားနေကြသော ဖြစ်စဉ်စနစ်များ အားလုံးအတွက် အတူတူပင်ဖြစ်ကြောင်း ခပ်ရှင်းရှင်း ကြေညာလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရကား အကယ်၍ အလင်းရောင်၏သွားနှုန်း အလျင်သည် မပြောင်းလဲနိုင်ဆိုပါက အခြားသော အရာဝတ္ထုတို့၏ သွားနှုန်းအလျင်တို့ကို လေ့လာရာတွင် အလင်းရောင်၏အလျင်နှင့် ယှဉ်နိုင်းလေ့လာ၍ မဖြစ်နိုင်တော့ကြောင်းသိသာသည်။ ထို့ကြောင့် လူတို့အနေနှင့် နေ ကမ္ဘာ စသည် ဆွဲဆောင်မှုစက်ကွင်းထဲပါသည့် မည်သည့်လောကဖြစ်စေ၍ စနစ်တစ်ခုကိုမျှ အကြွင်းမဲ့ယူပြီး အခြားသော အရာဝတ္ထုတို့၏ သွားနှုန်းသွားရာဘက် စသည်တို့ကို ဆွဲယူနှိုင်းယှဉ်လေ့လာ၍ မဖြစ်နိုင်တော့။

ဆိုလိုသည်မှာ အာကာသထဲတွင်ရှိသည့် မည်သည့်အရာဝတ္ထုမျိုးကိုမဆို တစ်ခုတည်း ဝ ကွက်ပြီး အကြွင်းမဲ့စဉ်းစား၍ မရနိုင်။ သောကြာဂြိုဟ်၏ လှုပ်ရှားသွားလာမှုကို ဖော်ပြလိုလျှင် အခြားဂြိုဟ်များ၏ လှုပ်ရှားမှုများနှင့် အညမညနည်းဖြင့် ဆက်စပ်ဖော်ပြမှသာ ရနိုင်ပေသည်။

လှုပ်ရှားမှုမှန်သမျှသည် အခြားသော လှုပ်ရှားမှုများနှင့် ဆက်စပ်၍သာ ပေါ်လွင်သောသဘောရှိ၏။ မည်သည့်စနစ် မည်သည့်အဖြစ်မျိုးတွင်မဆို လှုပ်ရှားနေမှုများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြ၏။ ကမ္ဘာပေါ်တွင် အကြွင်းမဲ့တည်ငြိမ်မှု (လှုပ်ရှားခြင်းကင်းမှု)မျိုးလည်း မရှိချေ။

ဤသဘောသည် အိုင်စတိုင်း၏ ရီလေတီဗတီတွင် အုတ်မြစ်ကြီး ဖြစ်လာသည်။

မစ်ချယ်လ်ဆန်နှင့် မော်လေးတို့၏ စမ်းသပ်ချက်များအရ အရာဝတ္ထုတစ်ခု၏ သွားနှုန်းအလျင်က ကြီးမားလာလေလေ ထိုအရာဝတ္ထုသည် ကျဉ်းကျုံ့လာလေလေ ဖြစ်ကြောင်း တွေ့ရသည်။ ကမ္ဘာမြေကြီးမှာ ဤမျှ အရှိန်ကြီးနှင့် လျင်မြန်စွာ လည်ပတ်နေသော်လည်း ကမ္ဘာသူ ကမ္ဘာသားများမှာ မိမိကိုယ်ကို ချုံ့တွသွားသည်ဟု မထင်ခြင်းမှာ မိမိကိုယ်တိုင်က ထိုစနစ်ကြီးထဲတွင် ပါဝင်သောကြောင့်ဖြစ်၏။ အကယ်၍ တခြားဂြိုဟ်တစ်ခုမှ လူတစ်ယောက်အနေနှင့် မှန်ဘီလူးမျက်စိ (ဒီဗွစကျွ)မျိုးရှိ၍ ကျွန်ုပ်တို့ကမ္ဘာကို လှမ်းမြင်မည်ဆိုလျှင် ၃၆" ရှိသော ကိုက်တံနှင့် အရောင်းအဝယ် ပြုနေသည်ကို မြင်ပါက ဘယ်နှယ် ဒီလူတွေ ၃၅" ပဲရှိတဲ့ ကိုက်တံနှင့် ရောင်းဝယ်နေကြပါလိမ့်မှာ တွေးမိမည်။ သိပ်ဝသည့်လူကိုလည်း ထိုလူအနေနှင့် တော်ရုံသာ ဝသည်ဟု မြင်ပေမည်။

တစ်ဖန် ရီလေတီဗတီ သီဝရီအရ အချိန်နှင့်နေရာ အကွာအဝေးသဘောတို့မှာလည်း စနစ်ကြီးတစ်ခု၏ လှုပ်ရှားမှုကိုမှီ၍ ဆက်စပ်ဖြစ်ပေါ်လာသော အရာများသာဖြစ်ပေသည်။ ၎င်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြရသည်။

ဆိုကြပါစို့ လူတစ်ဦးကို အလွန်ခရီးမိုင်များစွာ ကွာဝေးသော ဂြိုဟ်တစ်ခုသို့ သွားရန် စေလွှတ်သည်။ သူ့ကို ထိုဂြိုဟ်သည် မည်ရွေ့မည်မျှ ကြာကြာသွားရမည်ဟု လည်း ဆိုထား၏။ သို့ဆိုလျှင် ထိုဂြိုဟ်သို့ ထိုအချိန်တွင် ရောက်အောင်အသွားနှုန်း (ဝါ) အလျင်မည်မျှနှုန်းဖြင့် သွားရမည်ကို တွက်ရပေမည်။ ၎င်းမှာ ခရီးအကွာအဝေးကို

www.burmeseclassic.com

www.burmeseclassic.com



ပေးထားသောအချိန်ပိုင်းနှင့် စားလိုက်ရန်သာဖြစ်၏။ ထိုအခါ ခရီးအကွာအဝေးသည် လည်းကောင်း၊ အချိန်သည်လည်းကောင်း ဓမ္မဓိဋ္ဌာန်မဟုတ်တော့ ပုဂ္ဂလဓိဋ္ဌာန် ဖြစ်သွားပေတော့သည်။

ဆိုလိုသည်မှာ ထိုခရီးကို ထိုအချိန်တွင် ရောက်အောင်သွားရမည်ဆိုရာ၌ မိမိ၏ အသွားနှုန်းအလျင်ကို တိုးလိုက်လျှင် (ဝါ) အလျင်နှုန်းကို မြန်သည်ထက်မြန်အောင် တင်လိုက်လျှင် ထိုလူလက်တွင် ပတ်ထားသော နာရီလက်တံသည် နှေးသည်ထက် နှေးသွားပေတော့မည်။ အလျင်နှုန်းပေါ်တည်၍ အချိန်နှင့်ခရီးအကွာအဝေးမှာ ကျုံ့သွားနိုင်သည်။ တိုသွားနိုင်သည်။ ထို့ကြောင့် ခရီးတိုအောင်၊ အချိန်တိုအောင် လုပ်နိုင်သည်ကို တွေ့ရသည်။ ထိုအခါ ထိုလူပတ်သွားသော နာရီပင် အသွားနှေးသည်ဟုထင်ရပေတော့သည်။

အိုင်စတိုင်း၏ သဘောတရားအရ အချိန်က နှေးသွားခြင်း၊ ခရီးက ကျုံ့သွားခြင်းနှင့်အတူ လှုပ်ရှားနေသော အရာဝတ္ထုတို့၏ လှုပ်ရှားမှု အလျင်နှုန်းအတိုင်း ၎င်းတို့၏ အလေးချိန်လည်း လိုက်ပါပြောင်းလဲနေကြောင်း ဖော်ထုတ်နိုင်ခဲ့ပေသည်။

ဤကား အရာဝတ္ထုတို့နှင့် ပတ်သက်သော သဘာဝတရား၏ ခံမှုသဘောဖြစ်၏။ ထို့ကြောင့် မည်သည့်ဝတ္ထုပစ္စည်းမျိုးမှ အလင်းရောင်၏ရွေ့လျားမှု အလျင်နှုန်းလောက် မမြန်နိုင်ပေ။ အရာဝတ္ထုတစ်ခုသည် မြန်လာလေလေ ထိုအရာဝတ္ထုသည် လေးလာလေလေ ဖြစ်တော့သည်။

> ပိုမိုလျင်မြန်သော လှုပ်ရှားမှုသည် ဒြပ်ထုကို ပိုမိုများပြားလာစေသည်။ လှုပ်ရှားမှုဆိုသည်ကား အား(သတ္တိ)တစ်မျိုးပင်ဖြစ်၏။ သို့ဖြစ်ရကား ပိုလာသောဒြပ်ထုသည် ပိုလာသောအား(သတ္တိ)ပင် ဖြစ်ပေတော့သည်။

စင်စစ် ဒြပ်ဝတ္ထုမှန်သမျှသည် ပျစ်ခဲနေသော အား(သတ္တိ)များသာ ဖြစ်ကြကုန်သည်။ ခဲတံ၊ စာရွက်၊ တောင်ကြီး၊ ဘယ်လိုအရာဝတ္ထုပဲဖြစ်ဖြစ် ကြီးသည် ငယ်သည်မဟူ ထိုအရာဝတ္ထုတိုင်းမှာ စိုးမိုးနေသော အား(သတ္တိ) ရှိပြီးဖြစ်၏။ 'အား' ဘယ်ရွေ့ဘယ်မျှရှိသနည်း ဆိုသည်ကို သိလိုပါသလား။ သိလိုလျှင် ပထမ ထိုအရာဝတ္ထု၏ ပစ္စည်းထု မည်ရွေ့မည်မျှရှိသည်ကို ရှာဖွေဖော်ထုတ် ဆုံးဖြတ်ပါ။ ထို့နောက် ထိုပစ္စည်းဒြပ်ထုကို အလင်းရောင် ရွေ့လျားသွားသော အလျင်နှုန်း၏ နှစ်ထပ်ကိန်းနှင့် မြှောက်ပါ။ ထိုအခါ ထိုအရာဝတ္ထုထဲတွင်ရှိသော အားမည်မျှလဲဆိုသည်ကို သိနိုင်ပေပြီ။

ဤကား အိုင်စတိုင်း၏ အဏုမြူအင်အားကို ဖော်ထုတ်ရာတွင် အသုံးပြုခဲ့သော ကမ္ဘာကျော်ညီမျှခြင်း $E=MC^2$ ပင် ဖြစ်ပေတော့သည်။

ယခု ဖော်ပြချက်များသည် ၁၉၁၉ ခုနှစ်လောက်က စ၍ ပေါ်လွင်ထင်ရှားလာသော အိုင်စတိုင်း၏ သိပ္ပံပညာ သဘောတရားအမြွက်မျှ ဖြစ်ပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသိဝရီ ဤသဘောတရားတွေကြောင့်လည်း အိုင်စတိုင်းသည် ဖြန်းခနဲ နာမည်ကြီးလာခြင်း ဖြစ်၏။ သူကား ကမ္ဘာပေါ်တွင် နောက်ထပ် ပေါ်လာသော ပါရမီရှင်ကြီးတစ်ပါး၊ သင်္ချာပညာအရာတွင် ကဝေတစ်ပါးပင် ဖြစ်တော့၏။ သူသည် မည်သူမျှ လိုက်လို့မမီနိုင်လောက်သည့် လောက၏ ထူးခြားသောအပိုင်း(ဒေသ)များတွင် ကျက်စားနေသူတည်း။ သူကား သာမန်လူတစ်ဦးမဟုတ်။ အံ့ဖွယ်သရဲ ထူးကဲသော လူထူးလူဆန်းတစ်ယောက်သာလျှင် စင်စစ် ဖြစ်ပေတော့သည်။

သူကိုယ်တိုင်ကမူ "လူဆိုတာ တကယ်ရှိတာကိုသာ စူးစမ်းရှာဖွေသင့်တယ်။ ကိုယ်ကရှိစေချင်တာ၊ ဖြစ်စေချင်တာမျိုးကို မရှာသင့်ဘူး"ဟု ဘယ်လိုပင်ဆိုဆို သူကိုယ်တိုင်ကမူ အံ့သြဖွယ် ထူးခြားသော စိတ်ကူးအိပ်မက်ကမ္ဘာထဲမှာ အစဉ်သာ နစ်မွန်းနေခဲ့သူတစ်ယောက် ဖြစ်နေလေသည်။

○

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

# စကြဝဠာသို့ ထွက်ခြောက်ခြင်း

"ဒင်နျူမြစ်ကမ်းပေါ်မှာရှိတဲ့ ဥလင်မြို့ကလေးရဲ့ ကွေ့ကွေ့ကောက်ကောက် လမ်းကျဉ်းကလေးရဲ့ ပတ်ဝန်းကျင်မှာ သားရေနယ်လုပ်ငန်းက လွင့်ပျံ့လာတဲ့ ရနံ့တွေနဲ့လှိုင်နေတယ်။ ရှေးအစဉ်အလာမပျက် တည်နေတဲ့ ဒီမြို့ကလေးမှာ ရှေးမူရှေးဟန်ပါတဲ့ လေကောင်း လေသန့်ကလေးတွေလည်း ရှူရှိုက်ရတယ်။ အဲဒီမြို့ကလေးမှာပေါ့ ကျုပ်ကို မွေးဖွားခဲ့တာ"ဟု အိုင်စတိုင်းက ပြောပြခဲ့ ဖူးသည်။

၁၈၇၉ ခုနှစ် နွေဦးပေါက်ရာသီဖြစ်သည့် မတ်လ ၁၄ ရက်နေ့သည် လူသားကမ္ဘာမှာ အလွန်အဖိုးတန်မည့် သားကောင်းသားမြတ် ရတနာတစ်ဦးဖြစ်သူ အဲလဗတ် အိုင်စတိုင်းကို ဖွားမြင်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။ မိဘနှစ်ပါးဖြစ်ကြသည့် ပေါလင်း အိုင်းစတိုင်းနှင့် ဟားမင်း အိုင်စတိုင်းတို့သည် သားကလေး အဲလဗတ်ကို သားဦးရတနာအဖြစ် ရရှိခဲ့သည့်အတွက် ပျော်လို့မဆုံး တပြုံးပြုံး ရှိခဲ့ကြလေသည်။

အဲလဗတ် အိုင်စတိုင်း၏ ဖခင် ဟားမင်း အိုင်စတိုင်းသည် ဂျူးရီယာအဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ကိုင်းမပါသော ရှေးခေတ်က မျက်မှန်ကို နှာခေါင်းပေါ်တွင် တင်လျက် အထက်နှုတ်ခမ်းတစ်ခုလုံး ဖုံးနေသော နှုတ်ခမ်းမွေးထူထူကြီးနှင့် တင့်တယ်သော သူ့မျက်နှာမှာ ခန့်သည်။ အနေ အထိုင်ကလည်း တည်ငြိမ်လှသည်။ အမှန်မှာ ဤသို့ တည်တည်ခန့်ခန့်ကြီး လုပ်နေခြင်းသည် ရှေးလူများအတိုင်း ဟန်လုပ်ခြင်းတစ်မျိုးသာ ဖြစ်၏။

အဲလဗတ် အတွေ့အကြုံတွင် သူ့ဖခင်သည် သူနှင့်တကွ လူတိုင်းအပေါ်တွင် ရင်းရင်းနှီးနှီးရှိသည်။ အနေအထိုင် အေးချမ်းတည်ငြိမ်သလောက် အမြင်ကျယ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သည်းညည်းခံစိတ်ရှိသည်။ လူချောလူကောင်းတစ်ယောက်ပီပီ စိတ်ကောင်းလည်း ရှိသူဖြစ်သည်။

အဲလဗတ်အိုင်စတိုင်းကို မမွေးမီကာလက ဟားမင်း အိုင်းစတိုင်းသည် လျှပ်စစ်ဓာတုဗေဒလုပ်ငန်းတစ်ခုတွင် အုပ်ချုပ်သူအဖြစ် လုပ်ကိုင်နေခဲ့၏။ သူမမွေးမီကလေးမှာပင် ဟားမင်းသည် ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို စတင်ရန် စိုင်းပြင်းနေခဲ့လေသည်။

မိခင်ဖြစ်သူ ပေါလင်းမှာ စန္ဒရားတီး အလွန်ကောင်းသော အမျိုးသမီးကြီးတစ်ဦးဖြစ်လေသည်။ နောင်အခါများ၌ စာအုပ်ထဲတွင် ခေါင်းကိုနှစ်၍နေတတ်သော အဲလဗတ်အိုင်စတိုင်းတစ်ယောက်ပင် သူ့မိခင်က ကမ္ဘာကျော် ဂီတပိဒုကြီးတစ်ဦး ဖြစ်သော 'မောဇာတ်'၏ တေးဂီတများကို သာယာညင်းပြောင်းစွာ စန္ဒရားတီးလျှင် မိခင်ဂီတတွင် မျောပါသွားပြီး စာအုပ်ကို မေ့သွားတတ်သည်အထိ ဖြစ်ခဲ့ရဖူးသည်။ မိခင်ပေါလင်း၏ ရုပ်ရည်ရူပကာမှာ မိန်းမချော မိန်းမလှတစ်ယောက်တော့မဟုတ်။ နှာခေါင်းက ရှည်လွန်းနေသည်။ သို့ပေမင့် ပေါလင်း၏ မျက်လုံးများကမူ သိမ်မွေ့နူးညံ့သလောက် မေတ္တာကရုဏာရောင်တောက်လျက် တည်ငြိမ်အေးချမ်းလှသည်။ သူ့အမေထံမှ အဲလဗတ်သည် ဤမျက်လုံးမျိုးကို အမွေရခဲ့၏။ ပေါလင်း၏ ဆံကေသာမှာ ပျော့ပျောင်းသကဲ့သို့ပင် အဲလဗတ်၏ ဆံပင်များကလည်း ပျော့ပျောင်းနူးညံ့လှသည်။

ပေါလင်းတို့မျိုးရိုးမှာ ကိုရှ်မျိုးရိုးဖြစ်သည်။ လင်တော်မောင် အိုင်စတိုင်းတို့မျိုးရိုးကဲ့သို့ပင် ထူးခြားသော သားရတနာများအတွက် မဝင့်ကြွားနိုင်ရှာကြ။ ကိုချ်အိမ်ထောင်စုနှင့် အိုင်စတိုင်းအိမ်ထောင်စုတို့သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဆွာဗီယားနယ်တွင် အတူနေထိုင်လာခဲ့ကြ၏။ ဘယ်အချိန်လောက်ကစ၍ နေခဲ့ကြလေသည်ကိုပင် မည်သူမျှ မပြောပြနိုင်ကြတော့ပေ။ သူတို့မျိုးနယ်ထဲတွင် လယ်ယာလုပ်ကိုင်သူတွေလည်း ရှိခဲ့သည်။ အဝတ်အထည် ရောင်းဝယ်ဖောက်ကားခဲ့သူတွေလည်း ရှိခဲ့သည်။ ဘဏ်လုပ်ငန်းတွင် စာရေးစာချီ ဝင်လုပ်ခဲ့သူတွေလည်း ရှိခဲ့သည်။ ညဦးအခါများမှာဆိုလျှင် ရှေးလူကြီးများပီပီ ဘီယာကလေးတမြမြနှင့် ဟိုအကြောင်း သည်အကြောင်း ဝိုင်းဖွဲ့ထိုင်ကာ စကားလက်ဆုံကျကြသည်။ တစ်ခါတစ်ရံတွင် ရှီလာရေးသားခဲ့သော ကဗျာလင်္ကာ စာပေများကို ရွတ်ဆိုတတ်ကြသည်။ ရှီလာမှာ သူတို့(ဆွာဗီယား)နယ်သားတစ်ဦးဖြစ်၍ အလွန်ထင်ရှားခဲ့သော စာပေအနုပညာရှင်တစ်ဦးဖြစ်၏။ အမျိုးသမီးများမှာ အိမ်မှုကိစ္စ ဗာဟီရများဖြင့် အလုပ်ရှုပ်နေတတ်ကြ၏။ ဤနယ်သားများသည် အားလပ်သော ရက်များမှာဆိုလျှင် သစ်တောတွေထဲမှာ ပျော်ပျော်ပါးပါး သွားနေသူတွေကနေ ဒင်နျူမြစ်ရိုးတစ်လျှောက် လှေထိုးထွက်သူကထွက်နှင့် အေးချမ်းသာယာစွာ နေတတ်ကြ၏။ သည်လိုနေ့များမှာ လဟာပြင်ပြဇာတ်တွေလည်း ကပြကြလေသည်။

ဂျာမနီတောင်ပိုင်းသားတွေပီပီ ရိုးရိုးအေးအေး နေကြ၏။ မြောက်ပိုင်း မှာလို စက်မှုလက်မှုတွေနှင့် ရှုပ်ယှက်ခတ် မနေလိုကြပေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက အိုင်စတိုင်းအား သူတို့အမျိုးအနွယ် ဆင်းသက်လာပုံကို ပြောပြခိုင်းကြရာ "ကျုပ်က ပြောပြချင်တောင် မပြောပြတတ်ပါဘူးဗျာ။ ကျုပ်တို့အဘိုးအဘွားတွေဟာ ဘယ်သူတွေမှန်းလည်း ကျုပ်မသိပါဘူး"ဟု ဆိုလေသည်။

အိုင်းစတိုင်းတို့အမျိုးမှာ ယေဝဟီအဆက်များ ဖြစ်ကြသည်။ သို့သော် ယေဝတီဘုရားရှိခိုးကျောင်းသို့လည်း မသွားကြ။ ယေဝတီဘာသာ စည်းကမ်းတွေကို လိုက်နာပြီးစားသောက်နေထိုင်မှုလည်းမရှိကြ။ တစ်သီးတစ်ဘာသာလို ဖြစ်နေခဲ့ကြ၏။

သည်လိုနေထိုင်ခဲ့စေကာ သူတို့မိသားစုများမှာ ယေဝတီအနွယ်များ ဖြစ်ကြသည့်အတွက် ဆွာဗီယားနယ်သားတွေက အရောတဝင် မဆက်ဆံကြ၊ အနေလှမ်းကြသည်။ ဤကဲ့သို့ အနေအထိုင်အဆက်အဆံ ကွာလှမ်းမှုသည် အိုင်စတိုင်းမွေးပြီး များမကြာမီ သူ့မိဘများ မျူးနစ်မြို့သို့ ပြောင်းရွှေ့နေထိုင်သောအခါ ပို၍ကြီးကျယ်လာသည်။ မျူးနစ်မှာ ကက်သလစ်ဘာသာဝင်များ နေထိုင်ရာမြို့ ဖြစ်ရကား သူတို့လို ယေဝတီစပ်များကို ကြဉ်ကြသည်။ အဆက်အခေါ် အကမ်းအလှမ်းမပြုကြချေ။

မျူးနစ်မြို့တွင်နေထိုင်စဉ် ဟားမင်း အိုင်စတိုင်း၏ မိသားစုစီးပွားရေးမှာ ကံလိုက်သဖြင့် အဆင်ပြေလာသည်။ ဟားမင်း၏ အစ်ကိုဖြစ်သူ ဂျေကော့ဗ်လည်း သူတို့မိသားစုနှင့်အတူနေပြီး လုပ်ကိုင်ခဲ့ကြရာ ငါးနှစ်အတွင်းမှာပင် လျှပ်စစ်အင်ဂျင်နီယာ လုပ်ငန်းကြီးတစ်ခုကို နှစ်ဦးပိုင် တည်ထောင်နိုင်ခဲ့လေတော့သည်။ ခုဆိုလျှင် သူတို့လုပ်ငန်းတွင် လူငှားများကိုပင် ငှားရမ်းနိုင်ကြပြီ။ နေထိုင်စားသောက်မှုဘဝလည်း အဘက်ဘက်က အဆင်ပြေလာသည်။

မျူးနစ်မြို့ပြင် ခြံကျယ်ကြီးတစ်ခုအတွင်း၌ အိမ်မြင့်ကြီးတစ်ဆောင်ဆောက်ပြီး အားလုံး စုရုံးနေထိုင်ခဲ့ကြသည်။ ထိုအိမ်မှာပင် အဲလဗတ် အိုင်စတိုင်း၏ ညီမငယ် 'မာဂျာ'ကို မွေးဖွားခဲ့လေသည်။ ခုမှပင် အဲလဗတ်လည်း လူလားမြောက်စပြုလာတော့သည်။

သူ့ဘဝကလေး စတင်ရသည့်အချိန်ကတည်းက အဲလဗတ်၏ရင်ထဲတွင် သူ့သဘာဝအတိုင်း လျှို့အကြံအစည်များ ကိန်းဝပ်နေခဲ့၏။ သစ်ပင်ကလေးများ ရှင်သန်ကြီးထွားနေကြပုံ၊ စမ်းချောင်းကလေးများ တတွေတွေ စီးကျနေပုံများကို သူ ဘယ်လိုစိတ်ဝင်စားမှန်းမသိ။ ဒီလို ဘုရားသခင်ဖန်ဆင်းပေးထားသည့် သဘာဝဖြစ်ရပ်ကလေးတွေကို ကြည့်ရှုလေ့လာရခြင်းကိုလည်း သူ့မှာ အားမရနိုင်အောင်ပင်ရှိလှသည်။ ဘုရားသခင်ကတော့ မိုးကောင်းကင်အထက် တိမ်တိုက်တွေ၏အပေါ် တစ်နေရာတွင် ရှိနေမည်ဟု သူထင်နေခဲ့၏။

အိမ်ကြီးကကျယ်ကျယ်၊ ဧည့်သည်ကများများ ဆိုသကဲ့သို့ပင် ဆွာဗီးယားနယ်က ဆွေမျိုးများလည်း ရောက်လာတည်းခိုကြသည်။ အီတလီမြောက်ပိုင်းမှာနေကြသည့်

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းမျိုးရိုးထဲက လူတွေလည်း ရောက်လာကြသည်။ သူတို့အားလုံးက အဲလဗတ်ကို အကဲခတ်ကြည့်ကြသည်။ အိမ်နီးနားချင်းကလေးတွေက သူ့ကို ခင်မင်ရင်းနှီးကြသည်။ သူနှင့်နီးစပ်သူတိုင်းက အဲလဗတ်သည် ထုံထိုင်းသည်ဟုသာ မှတ်ချက်ချကြလေသည်။ ကလေးတွေ ဂေါ်လီရိုက်တမ်းကစားတော့လည်း သူ့စိတ်က မပါ။ တစ်ခါတလေ စစ်သားလုပ်တမ်း ကစားကြပြန်တော့လည်း သူသည် ထိုကစားဝိုင်းမှာ ကြာကြာဆက်မနေတော့ သူတို့နှင့် ကျောခိုင်းကာ ဝေးရာသို့ ထွက်သွားတတ်လေသည်။

သို့သော် ပုရွက်ဆိတ်ကလေးများ တစ်နေရာကတစ်နေရာ ကူးပြီး နယ်ပယ်ဖွဲ့နေပုံကိုတော့ နာရီပေါင်းမြောက်မြားစွာ ကြာသည့်တိုင်အောင် ဆောင့်ကြောင့်ထိုင်ကြည့်နေတတ်လေသည်။ တစ်ခါတလေများဆိုလျှင် ကြက်ခြံထဲတွင် အစာဆာ၍ တစာစာအော်နေသော ဖုန်အလိမ်းလိမ်းနှင့် ကြက်ကလေးတွေက သူ့အနားကပ်လာအောင် တစ်နေကုန်တစ်နေခန်း ကြက်ခြံထဲတွင် အချိန်ကုန်ခံသည်။ တစ်ယောက်ထီးတည်း 'အထီးကျန်'ဘဝကို အဲလဗတ် ဘယ်လိုမြတ်နိုးမှန်းမသိ။ သို့သော် သူနှင့်အမြွှာမောင်နှမလား ထင်ရအောင် တူသော နှမငယ်မာဂျာကိုတော့ အဲလဗတ်သည် ချစ်ခင်ယုယနေချင်သည်။

အဲလဗတ်၏ဘဝတွင် အကြီးအကျယ် အပြောင်းအလဲကြုံရသော အချိန်မှာကား သူအသက်ခြောက်နှစ်သားအရွယ်တွင် ဖြစ်ပေသည်။ တစ်နေ့တွင် အဲလဗတ်အား သူ့ဖခင်က ပင်လယ်သွားသင်္ဘောသားများသုံးသော သံလိုက်အိမ်မြှောင်ခွက်ကလေးတစ်ခု ပေးလိုက်ရာ ထိုအိမ်မြှောင်ခွက်ကလေးကို ရကတည်းက သူသည် အိပ်ရာထဲက မထနိုင်တော့။ သည်အိမ်မြှောင်ခွက်ကလေးကို ကြည့်နေရသည်မှာ အသက်မရှူနိုင်အားအောင်ပင် ဖြစ်နေလေသည်။ သူ့ခေါင်းထဲတွင် မဖြေရှင်းနိုင်လောက်သော ပြဿနာတွေ တစ်ပုံကြီးဖြစ်လာကာ နောက်ဆုံး နှလုံးလေပိတ်သည့်ရောဂါပင် စွဲခဲ့လေတော့သည်။ သူ့အဖေက အဲလဗတ်ကို သင်္ဘောမာလိန်မှူးတစ်ယောက်လို စိတ်ကမှတ်ပြီး လေကြီးမုန်တိုင်းထဲမှ သူသည် သူ့သင်္ဘောလေးကို ဤလမ်းပြအိမ်မြှောင်ကလေး ကြည့်ကြည့်ပြီး ကမ်းခြေအရောက် သယ်ယူလာပုံများကို စိတ်ဝင်စားစဖွယ် ပြောပြသည်။ သို့သော်လည်း သူ့စိတ်က မတုန်လှုပ်။

သူ့စိတ်ထဲ သူ့ဦးနှောက်ထဲတွင် ဒီအိမ်မြှောင်လက်တံကလေးသည် ဘာကြောင့်များ N အမှတ်အသားပြထားသောဘက်သို့ချည်းသာ လှည့်သွားရပါသနည်း။ ဒီမေးခွန်းပုစ္ဆာ ပြဿနာကလွဲ၍ သူ ဘာမျှစိတ်မဝင်စားတော့။

ဦးလေးဖြစ်သေ ဂျေကော့ဗ်ကတော့ လျှပ်စစ်သံလိုက်များမှာ စက်ကွင်းများရှိပုံ၊ သံလိုက်များမှာ တောင်ဝင်ရိုးစွန်း မြောက်ဝင်ရိုးစွန်း ရှိပုံများကို သူနားလည်အောင် ရှင်းပြရှာသည်။ သို့သော် မေးခွန်းတစ်ခုဖြေလို့မှမဆုံးခင် နောက်မေးခွန်းတွေက အဆင့်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ဖြစ်လာရာ ဦးလေးတော်သူလည်း မဖြေနိုင်တော့။ "ဒါကတော့ ဖြစ်တတ်တဲ့သဘောပဲ ပေါ့ကွာ"ဟုသာ ဖြေပြီး နှုတ်ပိတ်ရတော့သည်။

အဲလဗတ်သည် ဦးလေးဖြေပုံကိုလည်း မကျေနပ်။ သူမှာ ဘဝင်မကျသည့်ရောဂါက လိပ်ခဲတည်းလည်း ဖြစ်နေသေးသည်။ ရက်သတ္တပတ်များ တစ်ပတ် နှစ်ပတ်သာ ကုန်သွားသည်။ သည်အိမ်မြှောင်ခွက်ကလေးကို လက်ထဲက မချနိုင်။ တကိုင်ကိုင် တကြည့်ကြည့်နှင့်သာ အချိန်တွေကုန်ခဲ့ရသည်။ "ငယ်ငယ်တုန်းကတည်းက စွဲခဲ့တဲ့ ဒီအိမ်မြှောင်ခွက်ကလေးဟာ ခုထိဆိုပါတော့ ကျုပ်မမေ့နိုင်သေးဘူး၊ ဘယ်တော့များမှ လည်း မေ့နိုင်တော့မယ် မထင်ပါဘူး"

နောင်သောအခါ စကားစပ်၍ အိမ်မြှောင်ကလေးအကြောင်း အိုင်စတိုင်း ပြောပြဖူးလေသည်။

ငယ်စဉ်ကဆိုလျှင် သဘာဝတရားကို စူးစမ်းချင်စိတ်ရှိသည် ဆိုရစေကာ အိုင်စတိုင်း နေပုံထိုင်ပုံ၊ ပြုမူပုံများကြောင့် ကျောင်းတွင် အထုံဆုံး အထိုင်းဆုံး ကလေး တစ်ယောက် ဖြစ်နေခဲ့လေသည်။

ဂဏ္ဍဝင်စာပေနှင့် သင်္ချာဘာသာများကို သူ စိတ်ဝင်စားသဖြင့် ထိုဘာသာရပ် များတွင် တော်သည်။ သို့ရာတွင် ဘာသာစကားသင်သောအချိန်နှင့် သမိုင်းဘာသာ သင်သော အချိန်များတွင်မူ အတန်းထဲတွင် ဖျင်းဖျင်းရိရိနှင့် ထိုင်သာထိုင်နေရသည်။ ဘာတစ်ခုမျှစိတ်မဝင်စား။ ဆရာက ဘာသင်သင် သူ့ခေါင်းထဲတွင် တစ်ခုမျှမမှတ်။ မမှတ်ရုံသာမက ဆရာသဘောကျအောင် မှတ်ယောင်လည်းမဆောင် ဆရာက သင်ချင် ရာသင်၊ သူက တွေးချင်ရာတွေးနေလေသည်။ ကျောင်းစည်းကမ်းကို အလွန်ကြပ်မတ် သော ဆရာများအဖို့ သူ၏ဂရုမစိုက်မှုသည် မလေးစားမှုဖြစ်ပြီး ဒေါသဖြစ်စရာချည်း ဖြစ်နေလေတော့သည်။ ဆရာတွေက သူ့အား "ဟော့ ဦးထုံထိုင်းကြီး၊ ငပျင်းကြီး"ဟု နောက်ပြောင်ခေါ်ကြလေသည်။

တစ်နေ့တွင်မူ ဆရာတစ်ယောက်က သူ့အမူအရာကိုကြည့်ပြီး မချင့်မရဲဖြစ်ကာ

"ဟော့ အိုင်စတိုင်း။ မင်း စာမသင်ချင်ရင် ဒီအတန်းထဲက ထွက်သွားကွာ။ အဲဒါက အားလုံးအတွက် ကောင်းသေးတယ်"ဆိုကာ မောင်းထုတ်ခံရ၏။

"ကျွန်တော် ဘာလုပ်လို့လဲဆရာ"

သူက ပြန်မေးသည်။

"အေး ဘာမှမလုပ်လို့ပေါ့ကွ၊ မင်းကိုမောင်းထုတ်နေတာ။ မင်းရဲ့ မထေမဲ့မြင် လုပ်နေတဲ့ မျက်ခွက်နဲ့ အမြဲသုန်မှုန်ပြီး ဒီကသင်နေရတာတွေကို ဘာတစ်ခုမှ အရေးမလုပ် တာဟာ တစ်တန်းလုံးကို ဖျက်ဆီးနေတာပဲ၊ အရှိအသေတန်အောင် လုပ်နေတာ"

ဆရာသည် ဒေါသတကြီးဆိုကာ သူ့ကို အခန်းထဲမှ ဆွဲထုတ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကျောင်းကား ကက်သလစ်ဂိုဏ်း၏ မူလတန်းကျောင်းတစ်ကျောင်းဖြစ်၏။ ဤကျောင်းတွင် ယေဝတီဆို၍ အဲလဗတ်တစ်ဦးသာရှိသည်။ ကျန်သော ကျောင်းနေဖက် သူငယ်ချင်းများနည်းတူ ဤကျောင်းမှပင် ခရစ်ယာန်ဘာသာ ယုံကြည်မှုကို သူရခဲ့၏။ တစ်ခါကမူ ဆရာတစ်ဦးသည် ခရစ္စမတ်နေ့မကျမီ တစ်နေ့တွင် သံချေးတက်နေသော သံ(ရိုက်ဘာ) သုံးချောင်းကို ယူလာပြီး

"ဒီမှာကြည့်စမ်း ဒီသံတွေနဲ့ပေါ့၊ ယေဝတီတွေက ခရစ်တော်ကို ကားစင်တင်ပြီး သတ်ခဲ့တာ"ဟု သူတို့အတန်းထဲတွင် ပြောလေသည်။ ဤစကားကို ကြားလိုက်ရသော အခါ နား၀တွင် မိုးကြိုးပစ်လိုက်သည့်နှယ် အိုင်စတိုင်းတစ်ကိုယ်လုံး တုန်လှုပ်သွားမိသည်။ ဤကား သူ့ဘ၀ အတွေ့အကြုံတွင် ပထမဆုံးအနေနှင့် ဟီဗရူးဆန့်ကျင်ရေးဝါဒ (ယေဝတီဆန့်ကျင်ရေးဝါဒ)ကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်လိုက်ရခြင်း ဖြစ်ပေသည်။ အိုင်စတိုင်းအနေနှင့်မူ ယေရှုခရစ်တော်ကို လူသားတစ်ဦးအနေနှင့် လွန်စွာရိုသေလေးစား၏။ အဘယ်၍ ယခုလို ဆရာက သံချောင်းများကို ထုတ်ပြစဉ် ဤအတန်းထဲတွင် ခရစ်တော်သာ အသက်ထင်ရှားရှိပါမူကား အဘယ်စကားကို ဆိုချေမည်နည်းဟုလည်း သူတွေးနေမိလေသည်။

အိုင်စတိုင်းသည် ကျောင်းနေစဉ် အားကစားပြိုင်ဆိုင်မှု မှန်သမျှကိုလည်းရှောင်သည်။ ဤအားကစားပြိုင်ဆိုင်မှုသည် သူ့အမြင်တွင် တစ်ယောက်က တစ်ယောက်ကို သာအောင် ဘယ်လိုတွန်းထိုးရမလဲ၊ သူ့ထက်ငါသာအောင် ဘယ်လိုခုန်ရပေါက်ရမလဲ ဆိုသည့် တစ်ယောက်နှင့် တစ်ယောက် ဆန့်ကျင်ဘက် ပြိုင်စိတ်ပေါက်အောင် လုပ်ခြင်းသာဖြစ်သည်။ သူ၏ ဗီဇစိတ်ပင်ကိုက မည်သည့် ဖက်ပြိုင်မှုမျိုးကိုမျှ မနှစ်မြို့။ အားကစားပြိုင်ပွဲများတွင် တခြားကျောင်းသားတွေက ဆရာများနှင့် ပင်းကြသည်။ သူ့ကိုလည်း မှိုချိုးမှျစ်ချိုး အမျိုးမျိုးနာမည်တွေတပ်ကာ လှောင်ကြသည်။

သူ့ကို ဘယ်သူတွေက ဘယ်လိုခေါ်ခေါ် သူဂရုမစိုက်။ သူတကာ မျက်စိထဲတွင် သူနေပုံထိုင်ပုံတွေသည် ရယ်စရာ ပြောင်စရာ ဖြစ်နေမည်ကိုလည်း သူနားလည်သည်။ သို့ရာတွင် တစ်ခုခုကိုလုပ်တော့မည်ဟု သူ့စိတ်က ဆုံးဖြတ်တော့မည်ဆိုလျှင် မဆုံးဖြတ်မီကပင် အိုင်စတိုင်းသည် ကြိုတင်၍ အစသိမ်းလိုက်နိုင်ဖို့ ကြိုးစားခဲ့၏။

သူကြီးလာသောအခါ ငယ်စဉ်တုန်းက ကျောင်းနေဖက် ကလေးဖော်များထဲမှ တစ်ယောက် သူ၏ ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ်နေခြင်းကို စိန်ခေါ်သည့်အဖြစ်တစ်ရပ်ကို မှတ်မိနေသေးသည်။ သူ့ကို လူကောင်ကကြီးကြီး မျက်လုံးက သိန်သိန်နှင့် ကောင် တစ်ကောင်က လာပြီး

"မင်းလောက်အကောင်ကိုများတော့ကွာ ငါမင်းကို တစ်ချက်ကြည့်လိုက်တာနဲ့ ငါလိုချင်တာ မင်း အားလုံးလုပ်ရမယ် သိရဲ့လား"ဟု ခပ်စွာစွာ ဆိုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းက မတုန်လှုပ်ဘဲ မထေ့တတေ့ ပြုံးလိုက်သည်။

"ကျုပ်နဲ့ကျတော့ ခင်ဗျားထင်တာ မှားတာပေါ့ဗျ၊ ခင်ဗျား ဘယ်လို ကြည့်ကြည့် ခင်ဗျားလောက်လူကို ကျုပ်က နည်းနည်းမှ စိတ်မဝင်စားဘူး"ဟု ခပ်တည်တည် ဖြေလိုက်သည်။

ထိုအခါမှ လာစသောအကောင်သည် "ဒီကောင် ဘယ်လိုအကောင်လဲ မသိဘူး"ဟု ရေရွတ်ကာ ထွက်ခွာသွားဖူးသည်။

စာသင်ကျောင်းကိုလည်း အိုင်စတိုင်း မုန်းသည်။ စာသင်ကျောင်း ပတ်ဝန်းကျင်ကိုလည်း အိုင်စတိုင်း မုန်းသည်။ တင်းကျပ်သော သင်ရိုးညွှန်းတမ်းတွေနှင့် ကိုယ်သင်ချင်ရာ မသင်ရဘဲ သူတို့သင်ချင်ရာ သင်ပေးသော အလုပ်ကိုလည်းကောင်း၊ ကျောင်းဆိုပြီး စစ်တန်းလျားတွေလို အတင်း နောက်ကမောင်းနေသည့် အလုပ်မျိုးကိုလည်းကောင်း သူ မကျေနပ်ဆုံးဖြစ်သည်။

"ကျောင်းတွေမှာ ဆရာတွေက ရိုက်မောင်း၊ ထောင်းမောင်း ခြိမ်းခြောက်ပြီး ကြောက်စိတ်ဝင်အောင်လုပ်တဲ့ နည်းလမ်းတွေ သုံးနေတာကတော့ တကယ်ပဲဆိုးသဗျာ၊ ဒီလိုလုပ်တာဟာ တပည့်ကလေးတွေမှာရှိတဲ့ ရိုးသားစင်ကြယ်တဲ့စိတ်၊ ကိုယ့်ကိုယ်ကို အားကိုးတဲ့စိတ်ကလေးတွေကို ဖျက်ဆီးပစ်ကြတာပဲ။ ခု သူတို့မွေးထုတ်နေကြတာက လက်ဝေခံတွေသာ များတယ်"

ငယ်စဉ်က စာသင်ကျောင်းခန်းထဲတွင် စာသင်ရသည်ကို မကြိုက်သလို နောင် အခါတွင်လည်း ဤသို့ အိုင်စတိုင်း ပြောလေ့ရှိသည်။

သူသည် ငယ်ငယ်ကတည်းက ခဲရာခဲဆစ်အလုပ်မျိုးကိုမှ နှစ်သက်သည်။ ဥပမာတစ်ခုဆိုရလျှင် ငယ်စဉ်က ဦးလေးတော် ဂျေကော့ဗ်သည် သူကိုယ်တိုင်က ဂဏန်းသင်္ချာကို စိတ်မဝင်စားသော်လည်း အိုင်စတိုင်းအား အက္ခရာသင်္ချာ စာအုပ်တစ်အုပ် ဝယ်ပေးလေသည်။ အဲလဗတ်သည် ဤစာအုပ်ကို အထူးစိတ်ဝင်စားပြီး တစ်နေ့လုံး ပုစ္ဆာရှိသမျှအားလုံး ထိုင်တွက်ပစ်လိုက်လေသည်။ ထို့နောက် သူ့ဦးလေးကပင် ပိုက်သာဂိုရပ်၏ သီဝရီများမှတစ်ဆင့် ဂျီဩမေထရီပညာကို လေ့လာလိုက်စားဖို့ အခွင့်အလမ်း ဖန်တီးပေးခဲ့၏။ သူသည် ဂျီဩမေထရီ သဘောတရားသီဝရီများကို အထပ်ထပ်အခါခါ နှုတ်တိုက်ကျက်သည်။ ပြီးတော့ ကျန်သော ပုစ္ဆာများ ပြဿနာများကို ကိုယ်တိုင် သက်သေပြနိုင်ခဲ့၏။

ထိုအချိန်ကဆိုလျှင် အိုင်စတိုင်းတို့မိသားစုအထဲတွင် ဂီတသည် မပါလျှင်မဖြစ်သော ဘဝ၏ ကဏ္ဍတစ်ရပ်ဖြစ်နေခဲ့၏။ အဲလဗတ်လည်း ဂီတကို လွန်စွာမြတ်နိုးသည်။ ဂီတသံသာကို ကြားနေရခြင်းလောက် စိတ်ချမ်းသာခြင်း၊ အပန်းပြေခြင်းမျိုးလည်း သူ့ဘဝတွင် တခြားမရှိတော့ဟု ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



အသက်ခုနစ်နှစ်အရွယ်တွင် တယောနှင့် ပတ်သက်သော ဂီတသင်ခန်းစာများကို သင်ကြားခဲ့၏။ တဖြည်းဖြည်း အချိန်ကြာလာသောအခါ သူသည် တယောကို ကောင်းစွာ နိုင်သူတစ်ယောက် ဖြစ်လာ၏။ သီချင်းကြီး၊ သီချင်းခန့်များကိုလည်း တိတိပပ မိမိရရ တီးနိုင်ခဲ့၏။ ဤနေရာတွင် အိုင်စတိုင်းသည် သူ့မိခင် ပေါ်လင်းနှင့် တူသည်။

"အမှန်တော့ 'ဂီတ'ဆိုသည်မှာ လူ့အတွင်းမနောဓာတ်အတွက် မရှိလျှင်မဖြစ်သော စိတ်အဆာတစ်ခုပါပဲကလား"ဟုလည်း နောက်တော့ သူနားလည်မိသည်။

အိုင်စတိုင်း အသက်ဆယ့်တစ်နှစ်သားအရွယ်တွင် သူ့ဘဝထဲသို့ ဝင်လာသူ တစ်ဦးမှာ မက်စ် တယ်လမီ ဖြစ်သည်။ မက်စ်သည် သူတို့ အိမ်ထောင်စုသုံး သမားတော်တစ်ဦး၏ညီဖြစ်သည်။ သူသည် မကြာမီကမှ တက္ကသိုလ်တွင် ဆေးပညာသင်ရန် မြူနစ်မြို့သို့ ဆိုက်ရောက်လာခြင်းဖြစ်သည်။ မက်စ်သည် ရုက်တတ်သည်။ တစ်နေ့လုံး စာအုပ်နှင့်နေသည့် စာကြမ်းပိုးကလေးဖြစ်သည်။ ယခု အသက်နှစ်ဆယ့်တစ်နှစ်ရှိပြီ ဖြစ်သော်လည်း အပေါင်းအသင်း များများမရှိ။ သူလည်း ယေဝတီတစ်ယောက်ပင် ဖြစ်၏။

အိုင်စတိုင်းဖခင် ဟားမင်းက မက်စ်ကို တစ်ပတ်နှစ်ကြိမ် သူတို့အိမ်တွင် ညစာ ထမင်းစားပွဲလာဖို့ ဖိတ်သည်။ သူကလည်း မငြင်းဘဲ လက်ခံခဲ့၏။ ထိုအချိန်ကစ၍ အိုင်စတိုင်းမေးသမျှ ဖြေသည့်အလုပ်ကို မက်စ်က လုပ်သည်။ ယခင်ကမူ ဦးလေးတော် ဂျေကော့ဗ် လုပ်ခဲ့သော်လည်း သူတို့ လျှပ်စစ်အင်ဂျင်နီယာ လုပ်ငန်းမှာ ကျဆင်းလာ သည်ကို တိုးတက်မှုရအောင် လုပ်နေရသည်နှင့် ဂျေကော့ဗ်လည်း နေ့မအား ညမအား ဖြစ်နေရာ မက်စ် ရောက်လာခြင်းသည် အရန်သင့် ဖြစ်သွားတော့သည်။

မက်စ်သည် ငါးနှစ်အတွင်း သူ၏ဆေးပညာသင်တန်းများ ပြီးသွားပြီးနောက် နောင်အခါ ပါရမီရှင်ကြီး ဖြစ်လာမည့်သူကလေးကို အစစအရာရာ ကူညီဆောင်ရွက် ပေးသည်။

"အဲဒီအချိန်တွေတုန်းကတော့ အဲလဗတ်ဟာ ပေါ့ပေါ့တန်တန်စာတွေကို ဖတ် တာ တစ်ခါမှလည်း မမြင်ဖူးဘူး။ သူနဲ့ကျောင်းနေဖက် သက်တူရွယ်တူ အပေါင်းအသင်း သူငယ်ချင်းတွေကြားထဲမှာ ကစားခုန်စားနေတာလည်း ကျုပ်ဖြင့် တစ်ခါမှကို မတွေ့ ခဲ့ဘူး" ဟု နောင်အခါ မက်စ် ရေးသားခဲ့ဖူးလေသည်။

အိုင်စတိုင်းကလေး၏ စိတ်ဝင်စားရာသည် ကမ္ဘာကြီး၏ ဖြစ်ပျက်ပြုပြင်နေပုံသာ ဖြစ်ကြောင်း မက်စ် နားလည်လာသည်။ ထိုအခါ သူစိတ်ဝင်စားမည်ထင်သော 'သဘာဝ သိပ္ပံပညာ'နှင့်ပတ်သက်သော စာအုပ်များကို ဝယ်ပေးသည်။ အဲလဗတ်၏ ဦးနှောက် ကလေးမှာ ဤပြောကျယ်သော သိပ္ပံပညာသမုဒ္ဒရာနယ်ကြီးကို အားမလျှော့ မာန်မလျှော့ ဘဲ လက်ပစ်ကူးနေသည်ကို မက်စ် တွေ့မြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိုင်စတိုင်းသည် မက်စ်ယူလာသော 'သဘာဝအင်အားစုနှင့် ရုပ်ဓာတ်' အမည်ရှိ စာအုပ်ကို ဖတ်ပြန်သည်။ ဤစာအုပ်တွင် ရူပဗေဒ ဖြစ်ပေါ်တိုးတက်လာပုံသမိုင်းကို ရှင်းလင်းဖော်ပြထားသည်။ ဤစာအုပ်ကို ဖတ်ပြီးသောအခါ အိုင်စတိုင်းသည် အဆင့်မြင့်သော ဂျီဩမေထရီသင်္ချာများကို တက်လှမ်းလာတော့သည်။

တစ်နေ့ပြီးတစ်နေ့၊ တစ်ညပြီးတစ်ည၊ တစ်ရာသီပြီးတစ်ရာသီ အချိန်တွေသာ ကုန်သွားသည်။ အိပ်ခန်းစားပွဲပေါ်ရှိ မီးအိမ်ကလေးရှေ့မှောက်တွင် စာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ် ဖတ်လိုက် ပြန်ဖတ်လိုက်လုပ်နေသော အိုင်စတိုင်း၏အလုပ်ကမူ အစဉ်မပျက်ကွက်ခဲ့ပေ။

သည်အချိန်ကစပြီး မာဂျာကလေးနှင့် ခြံနောက်ဖေးက ကြက်ကလေးတွေမှာ သူတို့အဖော် အိုင်စတိုင်းတစ်ယောက် ပျောက်ကွယ်နေလေတော့သည်။ ဖခင်ဖြစ်သူကမူ ယောကျ်ားဖြစ်၍ သူ့အတွက် စိုးရိမ်စိတ်မပြ။ မိခင်ဖြစ်သူကမူ သူ၏ဖွံ့ဖြိုးပုံကို မြင်နေရသည့်အတွက် သောကရောက်သည်။

နောက်များမကြာမီ အဲလဗတ် အိုင်စတိုင်းအား အထက်တန်းကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့ထားသည်။ ထိုကျောင်းမှာ လူမှုရေးပညာရပ်များကို အသားပေးသင်သော ကျောင်းဖြစ်သည်။ ဤကျောင်းသို့ ရောက်ပြန်တော့လည်း သင်ရိုးညွှန်းတမ်းတွေကြည့်ပြီး စိတ်ပျက်ရပြန်ပါသည်။ အိမ်မှာ ကိုယ့်ဘာသာ လေ့လာရှာဖွေနေရခြင်းနှင့် နှိုင်းစာကြည့်မည်ဆိုလျှင် ယခုလို ကျောင်းတက်နေရခြင်းသည် ရေသာများ၍ ငါးမတွေ့ဆိုဘိသို့ အချိန်ကုန်လူပန်းသလောက် အကျိုးမရှိဟု ထင်သည်။ ယခုတော့ အိုင်စတိုင်းသည် စာမေးပွဲအောင်ရုံလောက်အတွက်နှင့်တော့ အချိန်ကုန် လူပန်းခံပြီး ဒီသင်ခန်းစာတွေလည်း မှတ်မနေတော့ဘူးဟုဆိုကာ မမှတ်တော့ပေ။

သင်္ချာပညာကို လေ့လာပွန်းတီးမိကတည်းက ဆင်ခြင်တုံတရားကို သူ အားကိုးလာသည်။ သင်္ချာက သူ့ကို ဆင်ခြင်သုံးသပ်နည်းများကို သင်ပေးခဲ့၏။ ကျောင်းသုံးစာအုပ်တွေထဲမှာပါသည့် အချက်အလက်မှန်သမျှ တကယ်ဖြစ်နိုင်သလား၊ ထင်ကြေးတွေပဲလားဆိုသည်ကို ယင်းဆင်ခြင်တုံတရားနှင့် သူက စစ်တမ်းထုတ်ကြည့်ချင်သည်။

စစချင်း ဆောက်နှင့်ထွင်းဆိုသလို ဖြစ်ရတော့သည်။ အရာရာကို ချင့်ချိန်နှိုင်းထောက် ဆင်ခြင်လိုသော သူ့စိတ်ကို ထိန်းလို့ချုပ်လို့ မနိုင်တော့ဘဲ ဘာသာရေးပြဿနာကို စဉ်းစားတော့သည်။

"ထာဝရဘုရားသခင်တစ်ပါး ရှိတယ်ဆိုတာကို ကျွန်ုပ်တို့ ဘယ်လိုနည်းနဲ့ သိသလဲ"

သူတို့ကျောင်းတွင် ခန့်ထားသော ဖုံးဝတီ ဓမ္မဆရာတစ်ဦးရှိသည်။ ထိုဘာသာရေးတရားဟောဆရာကို ဤမေးခွန်းကို စမေးရာ အိုင်စတိုင်းကလေးကိုပင် ထိုဆရာသည်

www.burmeseclassic.com



ဤမေးခွန်းနှင့် ပတ်သက်၍ ကျေနပ်အောင် မဖြေနိုင်။ ဓမ္မဆရာက မဖြေနိုင်သော မေးခွန်းကို ဖခင်လုပ်သူအား မေးကြည့်ပြန်သည်။ ဖခင်လည်း သူ့ကို မကူညီနိုင်တော့။ ဖခင် ဟားမင်း အိုင်စတိုင်း ဆိုသူကလည်း ဘာသာရေးကို မည်မည်ရရ လိုက်စားသူ မဟုတ်။ မိရိုးဖလာမို့သာ ယုံကြည်ကိုးကွယ်နေသူဖြစ်၏။ ထို့ကြောင့် သူ့အဖို့ အတော် ပင် ခက်နေ၏။

ယုံကြည်သက်ဝင်မှု ဆိုသည်ကလည်း တော်တော်ခက်သည့် ကိစ္စဖြစ်၏။ သူလို အထီးကျန် အပေါင်းအသင်းမဲ့သူတစ်ယောက်အဖို့ ဖြေသိမ့်စရာ ပေါင်းသင်းစရာ ရယ်လို့ ဘုရားတစ်ပါးသာ ရှိတော့သည်။ သူ့မှာ အခက်ကြုံနေရသည်။ ဘုရားသခင်ကို ယုံကြည်ချင်သည့်စိတ်ကလေးကိုလည်း ပေါ့ပေါ့ဆဆ အမှတ်တမဲ့ ဘေးဖယ်မထားချင်။ မက်စ် ပေးဖတ်သော စာအုပ်တွေကို ဖတ်ရှုပြန်တော့လည်း ဘုရားသခင်ရှိပါသည်ဆိုသော အချက်ကို ယုတ္တိယုတ္တာနှင့် ရှာဖွေဖော်ထုတ်ဖို့ ခက်ခဲကြောင်း သိလာရသည်။ သမ္မာ ကျမ်းစာမှာလည်း ယုတ္တိကင်းသလို ဖြစ်လာသည်။

တစ်ညတွင် ညဥ့်အတော်နက်သည်အထိ မအိပ်နိုင်ဘဲ ထိုင်တွေးနေလေသည်။ ၁၂ နှစ်သားအရွယ်ကလေးတစ်ယောက်ပေမင့် သူ့အတွေးထဲမှာ သူနစ်နေလေသည်။

"တကယ်တော့ ဘုရားဆိုတာ ဘယ်မှာမှ မရှိပါဘူး"

သူ့စိတ်ကူးတွေ ထွေနေသည်။ သမ္မာကျမ်းစာထဲမှာ ဆိုထားသည်ကလည်း ဘုရားသခင်သည် လူနှင့်တူသယောင်ယောင် ဖြစ်နေသည်။ အာဒမ်နှင့် ဧဝသည် အီဒင် နတ်ဥယျာဥ်ကြီးထဲမှာ ထာဝရဘုရားသခင် လမ်းလျှောက်နေသည့် ခြေသံကို ကြားရ သည်ဟု ဆိုသည်။ ဤအချက်ကို သူ လုံးဝ လက်မခံနိုင်။ ယုတ္တိရှိမှ လက်ခံသည်၊ သက်သေအထောက်အထားရှိမှ ယုံသည့် သူ၏ သဘာဝလောကဓာတ် သိပ္ပံပညာစာအုပ် တွေထဲမှာ လူ၏ မူလအစနှင့် ပတ်သက်၍ ဖော်ပြထားချက်တွင် ဘုရားသခင်ရယ်၊ အာဒမ်၊ ဧဝတို့ကိုလည်း ခွဲမပြ။ သမ္မာကျမ်းစာသည် စင်စစ် တကယ့်တကယ် ယုတ္တိ အထောက်အထားရှိသော စာအုပ် မဟုတ်တန်ရာ။ ဤစာအုပ်ထဲတွင် မိုးဇက်သည် ကျောက်တုံးမှ ရေရအောင်လုပ်ယူသည်။ ဂျိုနာသည် ဝေလငါးဝမ်းဗိုက်ထဲတွင် ဝင်နေခဲ့ သည်ဟုလည်း ဆိုသည်။ အိုင်စတိုင်းစိတ်ထဲတွင် ဤစကားတွေသည် လုံးဝမဖြစ်နိုင်ဟု မှတ်ပိုက် စွဲမြဲလာလေတော့သည်။

သူ့ရှေ့စားပွဲပေါ်မှာ ခပ်မှိန်မှိန်ထွန်းလင်းနေသော မီးအိမ်မှ မီးကို ငြိမ်းသတ် လိုက်ပြီးနောက် မှောင်ထဲတွင် အချိန်အတော်ကြာကြာ တစ်ယောက်တည်း ထိုင်နေ၏။ သူ့စိတ်သည် ဘယ်မှမပျံ့မလွင့်ဘဲ တည်ငြိမ်နေ၏။ အပြင်ဘက်မှ သစ်ပင်ကို လေတိုက် သဖြင့် သစ်ရွက်များ လှုပ်ခတ်သံလိုပင် သူ့နားထဲတွင် ကြားနေရ၏။ အရှေ့ဘက် ကောင်းကင်တွင် လမင်းကြီးကလည်း ထိန်ထိန်သာလျက်ရှိ၏။ ဩဂုတ်လ လေက

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးသည် လှလှပပ ညင်ညင်သာသာ လှုပ်ရှားမြဲ လှုပ်ရှားလျက်ရှိ၏။ ဘုရားသခင် မရှိလျှင် ဤကမ္ဘာကြီးသည် လွတ်ပြေးသော မြင်းတစ်ကောင်လို အထိန်းအကွပ်မရှိ တိမ်းစောင်းသွားဖွယ်ရှိ၏။ ယခုတော့ သူ့ဘာသာသူ အားလုံး အဆင်ပြေနေ၏။ အိုင်စတိုင်း အဖြေရပြီ။ ထိုညအိပ်ရာဝင်သောအခါ အိုင်စတိုင်းသည် ဘုရားရှိခိုးစာ မရွတ်တော့ပေ။

"အဲဒီအချိန်ကစပြီး ကျုပ်ဘဝမှာ ဘာသာရေးအယူသည်းမှုတွေ ကင်းပြီး လွတ်လွတ်လပ်လပ် တွေးခေါ်တဲ့ အလေ့အထ စွဲလာခဲ့တယ်။ ငယ်ငယ်တုန်းက လိမ်လည်လှည့်ဖျားတဲ့ စကားတွေနဲ့ အလှည့်စားခံခဲ့ရတယ်ဆိုတဲ့ အယူကလည်း ကျုပ်ရင်ထဲက ပျောက်မသွားဘူး။ ကျုပ်အနေနဲ့တော့ ဘယ်ကျမ်းစာ၊ ဘယ်ဆရာ၊ ဘယ်ဘုန်းကြီး၊ ဘယ်အားထားယုံကြည်လောက်သူ ပြောပြော သံသယဖြစ်မိတော့တယ်။ ဘယ်လောက်တောင်ဖြစ်သလဲဆိုရင် လူတိုင်း လက်ခံယုံကြည်ထားတဲ့ အင်မတန်ထင်ရှားတဲ့ အချက်တွေကိုတောင် နည်းနည်းတော့ သံသယစိတ်ကလေး ဝင်မိသေးတာပဲ။ အေး တစ်ခုတော့ရှိပါတယ်။ ငယ်ငယ်တုန်းကရှိခဲ့တဲ့ ဘာသာတရားကဆိုတဲ့ နိဗ္ဗာန်၊ ခုတော့လည်း ဒါတွေ ပျောက်သွားပါပြီ။ ဒီအယူအဆပဲ ကျုပ်ကို ခုလို ကိုယ့်ကိုယ်ကို အားကိုးပြီး အသက်ရှင်တဲ့ဘဝရောက်အောင် လုပ်လိုက်တာပါပဲ"

နှောင်ကြီးရင့်လာသောအခါမှ ငယ်စဉ်က သူ့ဘဝအတွေ့အကြုံ ကလေးများကို ပြန်ပြောခြင်းဖြစ်သည်။

အိုင်စတိုင်း၏ ငယ်စဉ်ဘဝကား အပြောင်းအလဲ အလွန်များသော ဘဝဖြစ်ခဲ့၏။ သူ့အနေနှင့် တစ်ခုခုကို ယုံကြည်စိတ်ချစွာ လက်ခံရရှိနိုင်နှင့် တမ်းတနေခဲ့၏။ သူ့စိတ်ဘဝင်ကျပြီး တကယ်ယုံလောက်သည့် အရာများကား တခြားမှာမရှိ၊ သဘာဝတရား ထဲမှာသာ ရှိသည်ကို သူတွေ့ရသည်။

"ကျုပ်တို့ရဲ့ အပြင်အပမှာ ဟောဒီကြီးမားကျယ်ပြန့်တဲ့ ဗဟိဒ္ဓလောကကြီး ရှိတယ်။ အဲဒီလောကကြီးဟာ ကျုပ်တို့လူသားတွေနဲ့ တသီးတခြား သူ့ဘာသာသူ ရှိနေတာပဲ။ လူတွေက ရှိတယ်ထင်လို့ ရှိနေတာ မဟုတ်ပါဘူး။ သူ့ဘာသာသူ ကင်းကင်း လွတ်လွတ် တကယ်ရှိနေတာ။ အဲဒီသဘာဝဆိုတဲ့ လောကကြီးဟာ ကျုပ်တို့လူသားတွေ အဖို့ အင်မတန်ကြီးကျယ်တဲ့ ထာဝရပဟေဠိပုစ္ဆာကြီးတစ်ခုပဲ။ ကျုပ်ကတော့ အဲဒီ လောကသဘာဝကြီးကို စုံစမ်းမယ်ဟဲ့လို့ စိတ်ကို ခုန်းခုန်းချ ဆုံးဖြတ်ပြီး ကျုပ်တစ်ဘဝ လုံး မြှုပ်ခဲ့တာပါပဲ"

ဤကား သူ့ဆုံးဖြတ်ချက်ဖြစ်၏။ ဤဆုံးဖြတ်ချက်ကြောင့်လည်း သူ့ဘဝတွင် သူတစ်ပါးကို အမှီအခိုကင်းလာခဲ့ခြင်း ဖြစ်ပေသည်။ သူသည် သဘာဝတရား၏ လျှို့ဝှက်နက်နဲဆန်းကြယ်သော ဖြစ်ရပ်တွေကို အလွန် စိတ်ဝင်စားသည်။

www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ အင်မတန်လှပတဲ့ အတွေ့အကြုံကတော့ လျှို့ဝှက် နက်နဲ ဆန်းကြယ်တာတွေကို တွေ့ရတဲ့အတွေ့အထိ ခံစားမှုမျိုးပဲ။ အဲဒီခံစားမှုတွေမှ တကယ် စစ်မှန်တဲ့အနုပညာနဲ့ စစ်မှန်တဲ့ သိပ္ပံပညာ ကြီးပြင်းပေါက်ပွားလာရတဲ့ အခြေခံအချက် ဆိုရင် မမှားပါဘူး။ အဲဒီလို ထူးထူးခြားခြား နက်နက်ရှိုင်းရှိုင်း အတွေ့အကြုံမျိုးကို မခံစားရဘူး။ ရင်သပ်ရှုမောမအံ့သြရဘူးဆိုရင် အဲဒီလူရဲ့ဘဝဟာ အသေလိုပဲ။ သူ့ မျက်လုံးတွေဟာ အရောင်မလက်ဘဲ မှိန်နေကြလိမ့်မယ်။ ကျုပ်တို့ရဲ့ အသိဉာဏ်နဲ့ ထောက်လှမ်းလို့မမီနိုင်တဲ့အရာတစ်ခုနဲ့ ပတ်သက်တဲ့ အသိ။ ကျုပ်တို့ရဲ့ ရှေးသူမများရဲ့ အင်မတန်ထက်မြက်တဲ့ ဆင်ခြင်ဉာဏ်နဲ့ ထွင်းဖောက်ရှုမြင်လို့ တွေ့ခဲ့ရတဲ့၊ အင်မတန် တောက်ပလှပတဲ့ အရာမျိုး။ အဲဒီအသိ၊ အဲဒီခံစားမှုဟာ ဘာသာရေး ခံစားမှုမျိုးပဲ"ဟု အိုင်စတိုင်းက ဆိုသည်။

ဤအတွေးတွေသည် မျူနစ်မြို့တွင် စာအုပ်တွေကြားထဲက မထဘဲ နေစဉ် ကတည်းက သူ့ခေါင်းထဲတွင် တရိပ်ရိပ် ပေါ်နေခဲ့လေသည်။

မက်စ် တယ်လမီလည်း ယခု အိုင်စတိုင်းနှင့် ဝေးနေလေပြီ။ သို့သော် ဤသူငယ် လိုအပ်သည်များကို အဝေးမှ လှမ်းပြီးကူညီပေးလျက်ပင် ရှိသေးသည်။

အကယ်၍ သူသည် အသိသစ်၊ အမြင်သစ်များကို လိုချင်သေးလျှင် ရုပ် အကြောင်းကိုသာမက စိတ်အကြောင်းကိုလည်း လေ့လာဖို့ လိုပေသေးသည်။ ဤ စိတ်ကူးနှင့် မက်စ်သည် အဲလဗတ်အတွက် ဒဿနပညာဟု ဆိုအပ်သော လောကအမြင် ပညာကို လေ့လာနိုင်ရန် ဂျာမန်တွေးခေါ်ရှင် တစ်ဦးဖြစ်သော အင်မင်နျူဝယ်ကန့်၏ **'ဆင်ခြင်ဉာဏ်စစ်စစ်ကို ဝေဖန်ဆန်းစစ်ခြင်း'** အမည်ရှိ ကျမ်းတစ်စောင်ကို ပို့လိုက် လေသည်။

ဤကျမ်းကို လေ့လာရာမှ လူသား၏ဆင်ခြင်ဉာဏ်တွင် အမှတ်မဲ့ ဖြစ်တတ် သော ဆန္ဒ၊ ဒေါသ၊ ဘရာ၊ မောဟ စသည့်သဘောတို့ကို လေ့လာမိသည်။ ဒိဋ္ဌိစမ္မ ဖြစ်ရပ်များကိုစဉ်လျက် ပုဂ္ဂလဓိဋ္ဌာန်သို့ ဆွဲယူတတ်ပုံများ၊ ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒစွဲများ ကြောင့် ဖြစ်တတ်သော ဥပဒ်များကိုပါ သူမြင်လာသည်။

လူသားတို့ ရှာဖွေတွေ့ရှိရသော စမ်းသပ်စစ်ဆေးမှုအတွက် ရပ်တည်လာသော နိယာမတရားတို့သည် လူသား၏ အတွေ့အကြုံနှင့် ဆင်ခြင်ဉာဏ် နှစ်ရပ်ပေါင်းမှ ထုတ်ယူရသောအရာများ ဖြစ်ကြောင်း ကန့် ဆုံးဖြတ်ခဲ့ရ၏။

ဤသဘောတရားကို အိုင်စတိုင်းသည် ကျေညက်အောင် ရက်ပေါင်း များစွာ ကြိုးစား လေ့လာခဲ့သည်။ အကယ်၍ လူ၏စိတ်သည် တီထွင်လည်း တီထွင်နိုင်သည်။ တွေးတောဆင်ခြင်ခြင်းလည်း ပြုနိုင်သည်ဆိုလျှင် တခဏပွတ္တိဉာဏ်နှင့် စိတ်ကူးတို့ သည် ဖန်ဆင်းခြင်း၏ အကြောင်းရင်းသော့ချက်များ ဖြစ်ရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစိတ်သည် လူကို လှည့်စားမှုလည်း ပြုနိုင်၏။ လူတို့မသိသေး နားမလည်သေးသော အမှန်တရားကိုလည်း ရှာဖွေဖော်ထုတ်ပေးရာ။

အိုင်စတိုင်းသည် ကန့်အပြင် အခြားတွေးခေါ်ရှင်တစ်ဦး ဖြစ်သော 'ဟယူမ်း'၏ အတွေးအခေါ်များကိုလည်း ဖတ်ပြန်သည်။ အကျိုးတရားဖြစ်ပြီး အကြောင်းမှန်တရားဟူသည် ဘာမှန်းမသိတော့ဆိုသည့် ဟယူမ်း၏ သဘောတရား အတွေးအမြင်များကိုလည်း သူသဘောကျသည်။ သို့သော် အဘွင်းအသိဉာဏ်ကမူ အကြောင်းတရားအမှန်ကို ထွင်းဖောက်ရှုမြင်နိုင်ပြီး အကျိုးတရားနှင့် ဆက်စပ်ပေးသည်ဟုသာ နားလည်နေခဲ့လေသည်။

ဆယ်ကျော်သက်တမ်းအတွင်း အိုင်စတိုင်းလောက်သာ ပြင်းပြင်းထန်ထန် ဖတ်ကြလျှင် တခြားသူများ ဦးနှောက်ပင် အရည်ပျော်သွားပေလိမ့်မည်။ သူ့ကို ဖတ်နိုင်သလောက် ဖတ်၊ မှတ်နိုင်သလောက် မှတ်၊ မြန်နိုင်သလောက် မြန်အောင်လည်းဖတ်ဟု နောက်ကမောင်းနေသလို ဖြစ်၏။ ဘာကြောင့် သူ ဤမျှလောက် မနားမနေ ပညာကို လိုက်စားနေရသည်ကိုကား သူကိုယ်တိုင် နားမလည်နိုင်အောင် ရှိတော့သည်။ သူလေ့လာလိုက်သည်မှာ စုံလို့ပင်။ တမန်တော်များ မိုးဇက်အကြောင်း၊ ကွန်ဖြူးရှပ်အကြောင်း၊ ဗုဒ္ဓအကြောင်း၊ ခရစ်တော်အကြောင်း၊ တွေးခေါ်ရှင်များထဲကဆိုလျှင်လည်း ဆိုကရေးတီးအကြောင်း၊ အာရစ္စတိုတယ်အကြောင်း၊ စပင်နိုဇာ၊ ဗော်လ တိုင်းယား၊ ရှိုပင်ဟောင်းဝါးတို့အကြောင်း အစုံလေ့လာသည်။ သို့သော် သူ့စိတ်ကို အဖမ်းစားဆုံးနှင့် အဆွဲဆောင်ဆုံးမှာ ဂျီဩမေထရီသင်္ချာနှင့် ရူပဗေဒသိပ္ပံပညာစာအုပ်များ ဖြစ်လေသည်။

ဖခင်ဖြစ်သူ ဟားမင်းအိုင်စတိုင်းသည် သားငယ်အား လက်တွေ့ သိပ္ပံပညာဖြစ်သော လျှပ်စစ်အင်ဂျင်နီယာ အတတ်မျိုးကို လေ့လာဖို့ ချော့သည်။ သူ့သားအတွက် အစီအစဉ်တွေလည်းလုပ်သည်။ အဲလဗတ်သည် သူ့ဖခင်ပြောသည်များကို နားထောင်ရုံသာထောင်သည်။ သူ့စိတ်ကမူ သူ့စာအုပ်တွေဆီက ခွာလို့မရ။

သူ အသက် ၁၅ နှစ်ပြည့်သောမွေးနေ့ ပြီးမြောက်သွားသော နွေတစ်ရက်တွင် သူ့အား မိသားစုတွေ့ဆုံပွဲသို့ ပါဝင်ရန် အောက်သို့ဆင်းခိုင်းကြသည်။ သူ့ဖခင်၏ လုပ်ငန်းမှာလည်း ဆုံးရှုံးနေလေပြီ။ ဟားမင်းအနေနှင့် ဤအိမ်ကြီးကိုရောင်းပြီး ကြွေးဆပ်ရမည့်အခြေသို့ ဆိုက်ရောက်နေ၏။ အိမ်ကိုရောင်းပြီးသော် မီလန်မြို့သို့ ပြောင်းရွှေ့နေထိုင်ရန်လည်း ဆုံးဖြတ်ထားသည်။ မီလန်မှာတော့ သူ့ကို နောက်လုပ်ငန်းသစ်တစ်ခု တည်ထောင်ဖို့ရာ ကူညီနိုင်မည့် ညီအစ်ကိုဝမ်းကွဲများ ရှိသည်။

ဤအကြောင်းကိုကြားရသောအခါ အဲလဗတ်၏စိတ်ထဲတွင် ကျိတ်ပြီး ဝမ်းသာနေမိလေသည်။ သူ့အနေနှင့် မျူးနစ်က ကျောင်းတွေကို မနှစ်သက်သည့်ပြင် နောက်သုံးနှစ်ဆိုလျှင် သူသည် ဂျာမန်စစ်တပ်ထဲ ဝင်ရဦးမည့်အရေးကို သိထားသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ဂျာမနီစစ်သား တစ်ရက်ပဲ လုပ်ရလုပ်ရ၊ ထိုတစ်ရက်ကပင် မသက်သာလှ။ ခြောက်လ၊ တစ်နှစ်သာ လုပ်ရမည်ဆိုပါက ဒုက္ခရောက်လိုက်မည့်ဖြစ်ခြင်း။ အီတလီပြည် မီလန်သို့သာ ရောက်သွားမည်ဆိုပါက ဤစိုးရိမ်မှုအနှောင်အဖွဲ့တွေထဲကလည်း လွတ်မြောက်ရပေမည်။

သို့ရာတွင် ဖခင်လုပ်သူက "ခုလောလောဆယ်တော့ မင့်အမေရယ်၊ ငါရယ်၊ မာဂျာရယ်ပဲ ပြောင်းသွားဦးမယ်။ မင်းကတော့ တစ်နှစ်တန်သည် ဒီမှာပဲနေပြီး တက္ကသိုလ်ရောက်မှ မီလန်ကို ပြောင်းပေါ့"ဟု ဆိုလေသည်။

ဖခင်ကြီးစကားက ဤတွင်ဆုံးသည်။ မျူနစ်မှာနေရခြင်းသည် သူ့အဖို့ ငရဲပြည်မှာ နေရခြင်းနှင့် ဘာမျှမခြား။ သူအခင်မင်ရဆုံး မိဘများ၊ ညီမနှင့် အိမ်ထောင်စုသားများကတော့ အီတလီတောင်ပိုင်းက လှပသည့် နေရောင်ခြည်ဖျန်းရာ မီလန်သို့ သူ့ကိုခွဲ၍ သွားကြပြီ။ ဤအသိကလေးသည်လည်း သူ့ကို နှိပ်စက်နေ၏။ မက်စ် တယ်လမီလည်း အနီးမှာမရှိတော့ပေ။ တောပိုင်းက ဆေးရုံများသို့ အလုပ်သင်ဆရာဝန်အဖြစ် ထွက်သွားပြီ။

သူ့မှာတော့ ကိုယ်နှင့် ကျွမ်းလည်းမကျွမ်း၊ ရင်းလည်းမရင်းသည့် အဘွားကြီးတစ်ဦး၏ အိမ်အခန်းကျဉ်းကလေးတစ်ခုတွင် ဘော်ဒါနေနေရသည်။ အရင်ကဆိုလျှင် မိဘများအနီးအပါးတွင်ရှိနေ၍လားမသိ စာအုပ်တွေထဲမှာ တစ်ဦးတည်း ဆိတ်ကွယ်ရာ ရှာနေ၍ ဖြစ်သေးသည်။ ယခုမူ စာအုပ်နှင့် တစ်ကိုယ်တော်တာဝအတွက် ဆိတ်ကွယ်ရာ ပြုနေချင်ပါသော်လည်း စိတ်ကမငြိမ်။ စာအုပ်ကလည်း သူ့စိတ်ကို ဆွဲယူနိုင်ခြင်း မရှိတော့ပါကလား။ တကယ်တော့ သူထင်သလို သူသည် တခြားလူတွေနှင့် ကင်းကင်းဆေးဆေး နေနိုင်သည်ဆိုခြင်းမှာ ထင်သလောက်မဟုတ်ပါကလား။ တစ်ယောက်ထီးတည်း ကျန်ရစ်ခဲ့ရသောဘဝကား သူ့အဖို့ သောကနှောင်အိမ်သဖွယ် ဖြစ်ခဲ့ရလေပြီ။

တစ်ခါတစ်ရံ လမ်းပေါ်က လျှောက်သွားသော စစ်သားများ၏ စစ်ဖိနပ်သံကို ကြားရပြန်တော့ သောကစိတ်တို့သည် ကြိတ်မနိုင် ဖိမရအောင် ဖုန်ဆူတက်လာကြတော့သည်။ ဤသို့လျှင် မျူနစ်ဆိုသည့် အကျဉ်းထောင်လှောင်ချိုင့်ထဲမှ ဘယ်အခါများမှ လွတ်မြောက်၍ အီတလီပြည် မီလန်ဆီသို့ ရောက်ရပါတော့မည်လဲ။ သူအကြံထုတ်တော့သည်။

အကြံရသည်နှင့်တစ်ပြိုင်နက် မက်စ် အစ်ကို ဆရာဝန်ထံမှ သူ၏ အဆုတ်ရောဂါ အခြေအနေကြောင့် ခြောက်သွေ့သောဒေသတွင်သာ နေသင့်ကြောင်း ဆေးလက်မှတ် ထောက်ခံစာတစ်စောင် မရရအောင် တောင်းလေတော့သည်။

ထို့နောက် ဆေးလက်မှတ်ကို မြဲမြဲဆုပ်ကိုင်ကာ ကျောင်းအုပ်ဆရာကြီးထံသို့ သွားပြီး ကျောင်းထွက်လက်မှတ် တောင်းတော့သည်။ ကျောင်းထွက်လက်မှတ်တွင်

www.burmeseclassic.com

www.burmeseclassic.com



သင်္ချာဘာသာအတွက် ထောက်ခံပေးရန်လည်း တောင်းဆိုလေသည်။ သူကိုယ်တိုင်ကလည်း သူသည် သမိုင်း၊ ပထဝီ၊ ဘာသာစကား စသည် ဘာသာရပ်များတွင် ညံ့ကြောင်း နားလည်သည်။ သို့ရာတွင် ကိုယ့်ဘာသာကိုယ် အိမ်မှာ လေ့လာထားသည့်အတွက် ဆယ့်ငါးနှစ်သားအရွယ်လောက်တွင် သူသည် သင်္ချာဘာသာတွင် အင်တီဂရယ်၊ ကာကုလက်စ်ကိုပင် ကျေနေပြီ။ သူ့အတန်းသားများမှာ ထိုအချိန်၌ ဒသမဂဏန်းလောက်ကိုသာ တွက်ရတုန်း ရှိသေးသည်။

ကျောင်းအုပ်ဆရာကြီး စိတ်ထဲတွင် အိုင်စတိုင်းသည် အင်မတန် ပြောရဆိုရခက်သည့် ကလေးတစ်ယောက်ဟု မှတ်ပိုက်ထားသည်။ သို့သော် ကျောင်းအုပ်ဆရာကြီးလည်း သူ၏သင်္ချာထူးချွန်မှုကို အသိအမှတ်မပြုဘဲ မနေနိုင်ပေ။ သင်္ချာတွင်ထူးချွန်မှုသည် အတန်းပိုင်ဆရာများကို စိတ်သောက ရောက်စေခဲ့၏။ ထို့ကြောင့် ဆရာတိုင်းလိုလိုက အိုင်စတိုင်းကို ဤကျောင်းတွင် မရှိစေလိုကြပေ။

သင်္ချာတွင် အိုင်စတိုင်းသည် တက္ကသိုလ်အရည်အချင်း ပြည့်နေပြီဆိုသည့်ထောက်ခံချက်ကို ဆရာကြီးထံမှ ရရှိခဲ့၏။ ဤထောက်ခံချက်ကို ရသည်နှင့်တစ်ပြိုင်နက်တစ်နာရီကြာအောင်ပင် မျူနစ်တွင်မနေချင်တော့၊ မီလန်သို့ ထွက်ခွာမည့် ရထားပေါ်သို့သူရောက်နှင့်လေပြီ။

အီတလီတွင်နေခဲ့ရသော တစ်နှစ်တာအချိန်ကလေးသည် သူ့ဘဝတွင် အသာယာဆုံးသော အချိန်ကလေး ဖြစ်လေသည်။ သာယာသော မီလန်မြို့ နေခြည်အောက်တွင် လမ်းလျှောက်လိုသည့်အခါ ထွက်ပြီး အားရပါးရ လမ်းလျှောက်လိုက်၊ စာကိုလည်းစိတ်ကြိုက် ဖတ်ချင်သလောက် ဖတ်လိုက်၊ ကိုယ့်ကို နေလှမ်းလိုလျှင် လှမ်းလိုက်နှင့်ပျော်စရာကြီးပင်။ ထိုအချိန်တွင် သူတို့မိသားစုစားဝတ်နေရေးအတွက် လုံးပန်းနေရသောဖခင်ကြီးနှင့်မှု အတွေ့မခံချင် တတ်နိုင်သမျှ ရှောင်နေခဲ့၏။

အနာဂတ်ကာလအတွက် စိုးရိမ်ပူပန်မှုတွေကိုလည်း သူ့ခေါင်းထဲသို့ အဝင်မခံတော့။ အက်ပင်နိုင်တောင်ရိုးတစ်လျှောက် လှည့်လည်ကာ ဂူလိုဏ်လို အိမ်ကုပ်ကလေးများတွင် ဆင်းဆင်းရဲရဲနေရပြီး ပေါင်မုန့်ကြမ်းကြီးများကို စားသောက်နေကြရှာသောတောသူတောင်သား လယ်သမားများ၏ဘဝကို လေ့လာရင်း သူတို့နှင့် စကားစမြည်ပြောနေခဲ့၏။

သူတို့ဘဝ ပတ်ဝန်းကျင်ကတော့ လေရယ်မိုးရယ်၊ ပန်းဖူးပန်းပွင့်တွေရယ်ပါတကား။ မိမိနှင့် နေရစားရပုံချင်းက ကွာခြားချင်တိုင်း ကွာခြားနေပါကလား။

အိုင်စတိုင်း၏ညီမယေမာရှာတို့ နှစ်ဦးမှာ ကြီးလာလေလေ ပို၍ ခင်မင်တွယ်တာကြလေလေ ဖြစ်လာသည်။ သူက သဘာဝလောကကြီးနှင့် ပတ်သက်သော ဘယ်လိုသိပ္ပံပညာမျိုးတွေကို ယခု သူဖတ်နေကြောင်း ညီမယေအား ပြောပြတတ်သည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ညီမငယ် မာဂျာကလည်း သူပြောသမျှ မျက်လုံးဝိုင်းဝိုင်းကလေးများနှင့် ငေးကြည့်ရင်း ဂရုတစိုက် နားထောင်သည်။ ညများမှာဆိုလျှင်လည်း မောင်နှမနှစ်ယောက်သား ကောင်းကင်က ကြယ်ကလေးတွေကို ငေးကြည့်ရင်း သူက ကြယ်အလင်းရောင်သည် ဤကမ္ဘာဆီသို့ရောက်အောင် အချိန်မည်မျှကြာကြာ လာရကြောင်း မာဂျာနားလည်အောင် ပြောပြသည်။ တစ်ခါတလေ သူက ပုစ္ဆာလိုလုပ်ပြီး မာဂျာကို ဉာဏ်စမ်းသည်။

"ကဲ ဆိုပါတော့၊ မင်းက အဲဒီကြယ်အလင်းရောင်ခြည်ရဲ့ ထိပ်မှာ ထိုင်ပြီး ဒီကမ္ဘာဆီကို ဖြတ်သန်းလာခဲ့တယ်လို့ဆိုရင် မင်းစိတ်မှာ ဘာနဲ့တူမယ်ထင်သလဲ"

သည်လိုအမေးမျိုးကို မာဂျာကလည်း အားကျူမခံဖြေသည်။ ပြီးတော့ မောင်နှမ နှစ်ယောက်သား ရယ်မောကြရသည်။

၁၈၉၅ ခုနှစ် နွေရာသီကုန်ဆုံးလုအချိန်တွင် ဖခင် ဟားမင်း အိုင်စတိုင်းမှာ စီးပွားပျက်ပြန်လေသည်။ ထိုအခါ ဖခင်က သူ့အစ်ကိုတော်တစ်ဦးအား အိုင်စတိုင်း၏ ပညာရေးအတွက် တစ်လလျှင် ဒေါ်လာနှစ်ဆယ် ထောက်ပံ့ ပါရန် တောင်းပန်ရသည်။ အိုင်စတိုင်းသည် ဤတစ်ကြိမ်တွင် ဂျာမနီသို့ မပြန်လိုကြောင်း ငြင်းဆန်တော့သည်။ ထို့ကြောင့် ဇူးရစ်မြို့ စက်မှုလက်မှုအတတ်သင် အကယ်ဒမီကျောင်းတွင် အထွေထွေ အင်ဂျင်နီယာအတတ်သင်ရန် ဖခင်က ဆုံးဖြတ်လေသည်။ မျိုးနှစ်က ယူလာသော ထောက်ခံစာအရ သူ့အား တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေခွင့်ရ၏။

မကြာမီမှာပင် စာအုပ်ထုပ်တစ်ထုပ်၊ အဝတ်အစားထည့်ထားသော လက်ဆွဲ အိတ်တစ်လုံးကို ဘယ်ညာပိုက်ကာ အိုင်စတိုင်းသည် ဇူးရစ်မြို့သို့ ထွက်ခွာခဲ့ရပြန်၏။

ဆွစ်ဇာလန်ပြည်၏ ရှုမောဖွယ် တင့်တယ်သောရှုခင်းများက လမ်းတစ်လျှောက် လုံး သူ့အား မကြည့်ဘဲမနေနိုင်လောက်အောင် ဆွဲဆောင်နိုင်ကြ၏။ ဇူးရစ်မြို့ကလည်း သာယာလှပေ၏။

ဇူးရစ်မြို့ စက်မှုလက်မှု အကယ်ဒမီ၏ ဝင်ခွင့်စာမေးပွဲဖြေရာတွင် စာစစ်သူ များက သူ၏ သင်္ချာအရည်အချင်းကို နားလည်သွားကြသော်လည်း အခက်အခဲကား ရှိမြဲရှိ၏။ ပထမဆုံးအနေနှင့် သူ့ကို စက်မှုလက်မှုအကယ်ဒမီကျောင်းသို့ တိုက်ရိုက် ဝင်ခွင့်မပေး၊ 'အားရော' ဝိဇ္ဇာဘာသာကျောင်းတွင်သာ ဝင်ခွင့်ပြုသည်။ ဤကျောင်းတွင် အဆင့်ကောင်းကောင်း ရမှသာ စက်မှုလက်မှု အကယ်ဒမီသို့ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့်အတူ တစ်နှစ်အတွင်း ဝင်ခွင့်ရမည်ဖြစ်၏။

'အာရော'ကျောင်းသည် မျူးနစ်ကျောင်းနှင့် နည်းနည်းမျှမတူ။ တီထွင်ဖန်တီးခွင့် ရှိသော စာရေးဆရာအလုပ်နှင့် သတင်းကူးယူဖော်ပြရသော သတင်းစာဆရာအလုပ် ကွဲပြားသလို ဖြစ်နေလေသည်။ ဤကျောင်းတွင် အောင်မြင်ရေးသည် တစ်ဖက်ဖက်တွင် ကျောင်းသားတစ်ယောက် ထူးထူးချွန်ချွန် ပြီးပြီးမြောက်မြောက် ဆောင်ရွက်နိုင်မှုအပေါ် တွင်သာ တည်သည်။ ပညာရေး၌ အလွန်အောင်မြင်နေသော ကျောင်းတစ်ကျောင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းသည် ဝင်တယ်လာအမည်ရှိ ဆရာတစ်ဦး၏အိမ်တွင် အခန်းတစ်ခန်း ငှားပြီးနေသည်။ ဆရာ၏သားဖြစ်သူ ပေါလ်မှာလည်း ၁၆ နှစ်သား သက်တူရွယ်တူ ဖြစ်သေရာ သူနှင့် ပထမဆုံးရင်းနှီးသော ယောက်ျားမိတ်ဆွေ သူငယ်ချင်း ဖြစ်လာခဲ့၏။ အိုင်စတိုင်းသည် ပေါလ်ကို အင်မတန် သဘောကျသည်။ ထို့ကြောင့် သူ့ညီမ မာဂျာ နွေရာသီတွင် ဆွစ်ဇာလန်သို့ အလည်လာသောအခါ ပေါလ်နှင့် မိတ်ဆက်ပေးခဲ့၏။ နောင်အခါ မာဂျာနှင့် ပေါလ်တို့ စုံဖက်လက်ထပ်ခဲ့ကြလေသည်။

ဤလုပရှူမောဖွယ် သာယာသော အားရောပတ်ဝန်းကျင်မှပင် အိုင်စတိုင်းသည် သူ့ဘဝအတွက် လက်တွေ့ကျသော အစီအစဉ်များကို ဆုံးဖြတ်ချမှတ်လိုက်၏။

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အင်ဂျင်နီယာအလုပ်နဲ့ ကြေးစားပညာရှင် တစ်ယောက် လုပ်ရမယ်ဆိုတဲ့အဖြစ်ဟာ ကျွန်တော့်စိတ်ကို တော်တော်ဆင်းရဲစေပါတယ်။ သို့ပေမယ့် ကျွန်တော့်အနေနဲ့ ဒီကျောင်းကနေပြီး အရည်အချင်းပြည့် သိပ္ပံဆရာ တစ်ယောက်တော့ ဖြစ်လာနိုင်တယ်လို့ မှတ်ပါတယ်။ ဒီအတွက် ကျွန်တော် စက်မှုလက်မှု အကယ်ဒမီကျောင်းမှာ သိပ္ပံဘာသာရပ်တွေကို ယူဖို့ရယ်၊ ဆွစ်ဇာလန်ပြည်သားအဖြစ် ခံယူဖို့ရယ် ကျွန်တော် စိတ်ကူးထားပါတယ် အဖေ"ဟု မိဘများထံရေးသည့် စာတစ် စောင်တွင် သူ ဖော်ပြခဲ့၏။

ဒုတိယမ္ဘ ကြိုးစားသောအချိန်၌မူ ဤကျော်ကြားသော သိပ္ပံပညာ ကျောင်းတော် ကြီးသို့ ဝင်ခွင့်ရရေးမှာ သူ့အတွက် မခက်ခဲတော့ပေ။ ကောလိပ်ကျောင်းသို့ ဝင်ခွင့်ရ သည်နှင့် လေးနှစ်တိတိ ရူပဗေဒဘာသာရပ်ကို ကိုယ်စိတ်နှလုံး ဒုန်းဒုန်းချကာ လေ့လာ လိုက်စားလေတော့သည်။ ယခုလို ကျောင်းသူကျောင်းသားများ တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် နေတတ်ကြသော ဥရောပမြို့တစ်မြို့တွင် သူက အခန်းပိတ်ပြီး ရူပ ဗေဒကမ္ဘာ့ဌာန်းကိုသာ စီးဖြန်းနေပုံမှာ ရသေ့ကလေးတစ်ပါးလို ဖြစ်နေတော့၏။

သူ့ကို စာသင်ခန်းထဲတွင်သော်လည်းကောင်း၊ ဓာတ်ခွဲစမ်းသပ်ခန်းတွင်သော် လည်းကောင်း မတွေ့ရတော့ဘူးဆိုလျှင် သူသည် သူ့ဘော်ဒါအခန်းကလေးကို အလုံပိတ် ပြီး ဩကာသလောကကြီးအကြောင်း၊ လူသားတို့ ရှာဖွေဖော်ထုတ်ခဲ့သည့် သိပ္ပံအတွေး အခေါ် အမြင်များကို အသေးအဖွဲမကျန် လေ့လာနေပြီဟု သိနိုင်၏။ တစ်ခါတလေ အင်မတန်ခင်မင်သော သူငယ်ချင်းတစ်စုနှင့် မက်ထရိုပို ကော်ဖီဆိုင်သို့ လိုက်ပါသွားတတ် သည်။ ဤကော်ဖီဆိုင်မှာ မြစ်ကမ်းနဖူးပေါ်တွင်ရှိပြီး ကျောင်းသားများဆုံရာ နိုင်ငံရေး အကြောင်း၊ ကဗျာစာပေအကြောင်း၊ ပါမောက္ခဆရာများအကြောင်း ဝိုင်းဖွဲ့ပြောဆိုရာ နေရာဖြစ်သေသည်။

ဤကျောင်းတွင် အဝတ်အစား၊ အနေအထိုင် ကြပ်မတ်မှုရှိသည်။ ကျောင်းဝင်း သပ်ရပ်မှုကို အထူးကြည့်သည်။ ထို့ကြောင့် အိုင်စတိုင်းသည် ဝတ်စုံတစ်စုံ၊ လည်စည်း၊

www.burmeseclassic.com

www.burmeseclassic.com



ကော်လာအထောင်များကို ရှာဖွေစုဆောင်းရသည်။ သို့သော် သူဝတ်ထားသည့် ဘောင်းဘီရှည်များမှာ အမြဲတွန့်ကြေနေတတ်ပြီ။ အတွင်းကခံဝတ်သည့် ဝိစ်ကုတ်အင်္ကျီမှာမူ ကြယ်သီးစုံစုံ မရှိ။ ဤဝတ်စုံနှင့် သူ့အရပ် မနိမ့်မမြင့်နှင့် ဘီးမတင် မွန်မသင်သည့် ခေါင်းပေါ်က ကောက်ကောက်ကွေးကွေး ဆံပင်နှင့် လှုပ်ရှားနေပုံမှာ သူ၏ပင်ကိုယ်ဟန် တစ်မျိုးတော့ ဖြစ်နေသည်။ အတန်းထဲမှာဆိုလျှင်လည်း သူသည် အများတကာလိုပင် ထူးချွန်လှသည်မဟုတ်။ အကြောင်းမူ သူသည် အတန်းမှန်မှန်မတက် မှတ်စုလည်း မရေးသောကြောင့်ဖြစ်၏။

ဤအချိန်တွင် သူ့ဘဝအတွက် သူ ဆုံးဖြတ်ချက်တစ်ခုချသည်။ ရူပဗေဒဆရာတစ်ဦး ဖြစ်ရမည်။ တခြားအချိန်တွင် သဘောတရားရေး ရူပဗေဒ သိပ္ပံပညာရှင်တစ်ဦး ဖြစ်အောင် ကြိုးစားရမည်။ ဤသို့ဖြစ်လာနိုင်စေရန် လိုအပ်သော သင်္ချာအခြေခံ သူ့မှာ ရှိပြီဆိုသည်ကိုလည်း နားလည်သည်။ ထိုအချိန်ကစပြီး ကောလိပ်မှ သင်္ချာသင်တန်းများကို ဆက်မတက်ဘဲ ရပ်လိုက်လေတော့သည်။

ဇူးရစ်တွင် အိုင်စတိုင်းနေခဲ့သော လေးနှစ်တွင် တွေ့ကြုံခဲ့ရသော သင်္ချာဝိဇ္ဇာတစ်ဦးမှာ ဟားမင် မင်ကောစကီ ဖြစ်သည်။ သူသည် ရုရှားလူမျိုး ဂျီသြမေထရီပညာရှင်ဖြစ်၏။ သူသည် မကြာခဏ လူငယ်များကို ကြိမ်းမောင်းတတ်သည်။ အတန်းမတက်ဘဲ ခဏခဏ ပျက်ကွက်လျှင် နောင်မှ နောင်တရမည်ဖြစ်ကြောင်း ပြောဆိုဆုံးမတတ်၏။

ကံအားလျော်စွာ အိုင်စတိုင်းသည် ဤသိပ္ပံကျောင်းတွင်နေစဉ် သင်္ချာဘာသာ အဓိကယူသော ကျောင်းသားများနှင့်သာ အရင်းအနှီး ပေါင်းဖက်မိသည်။

သူ့သူငယ်ချင်းတစ်ဦးမှာ မာဆယ်လ် ဂရော့စမန်ဖြစ်သည်။ ဂရော့စမန်မှာ ဘယ်ပုစ္ဆာမျိုးမဆို ပေးလိုက်လျှင် ဒက်ခနဲ အဖြေရှာပြီး ကိုယ်တိုင်တွက်နိုင်သော ပါရမီထူးသူဖြစ်သည်။ သို့သော် ဤပါရမီမျိုး အိုင်စတိုင်းမှာလည်းရှိကြောင်း သူ ဝန်ခံသည်။ ကျောင်းမှာဆိုလျှင် ဂရော့စမန်က သင်ရိုးအတိုင်း လိုက်နာသောကြောင့် အိုင်စတိုင်းနှင့် နှိုင်းစာလျှင် အမြဲ အမှတ်ကောင်းရသည်။

အိုင်စတိုင်းအား ဂရော့စမန်က သူ့လိုလုပ်ခြင်းသည်သာ စာမေးပွဲအောင်ဖို့အတွက် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း မကြာခဏ ဖျောင်းဖျပြောဆိုသော်လည်း အိုင်စတိုင်းသည် သူ့နဂိုမူအတိုင်း လုပ်ချင်သလို သူကြိုက်သလိုသာ လုပ်သည်။ သူ့သဘောကို နားလည်သောကြောင့် အိုင်စတိုင်းအတွက် လိုမည်ထင်သော မှတ်စုများကို ဂရော့စမန်က ရက်ရက်ရောရောကူးပြီး ကျောင်းပိတ်ရက် တနင်္ဂနွေနေ့တိုင်း အရန်သင့်ဖတ်ဖို့ စီစဉ်ပေးသည်။

ဂရော့စမန်တို့မိသားစုကလည်း အိုင်စတိုင်းအပေါ် ကောင်းရှာသည်။ မာဆယ်လ် ဂရော့စမန်တို့ မိဘများမှာလည်း ဇူးရစ်တွင် နေထိုင်သူများဖြစ်၍ အဆောင်မှာ နေသောက်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းသည့် အခါတိုင်း အိုင်စတိုင်းအား အိမ်သို့ခေါ်ကာ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးတတ်၏။ အိုင်စတိုင်းသည် တစ်ပတ်လုံးအတွင်း အစားအသောက်ကို တစ်နေ့တစ်ကြိမ် အများဆုံးနှစ်ကြိမ်သာ စားသည်။ သူမှာ အစားအသောက် ခုံမင်စိတ်လည်းမရှိ။

သူနှင့် အင်မတန်ခင်မင်သော တခြားအမျိုးသမီးမိတ်ဆွေတစ်ဦးမှာ မိလီဗာ မားရစ်ဖြစ်သည်။ မိလီဗာသည် မျက်လုံးနက်နက် ဆံပင်နက်နက်နှင့် ပေါင်တံသွယ်သွယ် ခံစားမှုလွယ်သော မိန်းကလေးတစ်ဦးဖြစ်သည်။ သူတို့မြို့မှာ မြောက်ဆာဗီယန်ပြည်နယ် နိုဗီဆတ်မြို့ဖြစ်သည်။

မိလီဗာသည်လည်း မာဆယ်လ်ကဲ့သို့ သင်္ချာဘာသာတွင်တော်သည်။ အိုင်စတိုင်းကိုလည်း ရက်သတ္တပတ်ကုန်ဆုံးသည့် ရက်အားများတွင် မာဆယ်နှင့်အတူ ကူညီရာသည်။ မိလီဗာတစ်ယောက် ဝေးလံသည့်ဒေသမှ ဇူးရစ်တက္ကသိုလ်သို့ လာရောက်ကာ ပညာရှာနေပုံ၊ လွတ်လွတ်လပ်လပ်နေတတ်ပုံများကို အိုင်စတိုင်း နှလုံးသားက ကျိတ်ပြီး နှစ်ခြိုက်စုံမက်နေမိသည်။ မအေမိဘက ချမ်းသာသည်။ ဖခင်ကလည်း တရားသူကြီးတစ်ယောက်ဖြစ်၏။ သို့သော် ထိုခေတ်အမျိုးသမီးများကဲ့သို့ မိလီဗာသည် မိဘစည်းစိမ်ကို ခံစားမနေ။ ဇူးရစ်တက္ကသိုလ်သို့ ရောက်အောင်လာပြီး ရှုပ်ရှုပ်ချုံချုံ ခေတ်ပညာကို သင်နေသူဖြစ်သည်။ သူတို့ခေတ် ဥရောပတွင် အထက်တန်းပညာကို မိန်းကလေးများ သင်ခဲသည်။ မိလီဗာသည် သင်္ချာဆရာမတစ်ဦးဖြစ်အောင် ကြိုးစားမည်။ ဆွစ်ဇာလန်ပြည်မှာပဲ အသက်ထက်ဆုံးနေမည်ဟု မျှော်လင့်ထားသူကလေး ဖြစ်လေသည်။

သူငယ်ချင်းများက အသွင်မတူသော အဲလဗတ်နှင့် မိလီဗာတို့ နှစ်ဦးကိုတစ်ဦး သံယောဇဉ်ငြိတွယ်နေကြပြီဟု ဆိုကြသည်။ အိုင်စတိုင်း ကြိုးပမ်းနေခဲ့သော ရူပဗေဒဘာသာမှာ သူ့အတွက် လက်တွေ့မဖြစ်လာနိုင်သော အခြေသို့ ဆိုက်ရောက်လာလေသည်။ သူ့အနေနှင့် နေ့စဉ် ဘဝအရေးအခင်းများကို လုံးဝစိတ်မဝင်စားတော့။ မတတ်သာ၍ တစ်ယောက်ယောက်ကို စကားလက်ခံ ပြောရဆဲဦး လုံးဝစိတ်မပါဘဲ ပြောလိုက်ရခြင်းသာ ဖြစ်ပေသည်။

သို့သော် မိလီဗာက တောပိုင်းသို့ ပျော်ပွဲစားသွားကြရအောင်ဟု သူ့ကိုခေါ်သည့် အခါတွင်လည်း သူကမငြင်း၊ ကောင်းသားပဲဆိုသည်။ တစ်ဖန် မာဆယ်လ်က "ပျော်ပွဲစားက ပျင်းစရာကောင်းပါတယ်ဗျာ၊ ပြဇာတ်သွားကြည့်ရတာက ကောင်းဦးမယ်မဟုတ်လား"ဟု ပြောသည့်အခါတွင်လည်း သူက "ဟုတ်ပါတယ်"ဟု ဆိုလိုက်၏။ ထိုအခါ မိလီဗာရောက်လာပြန်ပြီး "ရာသီဥတုက သိပ်သာယာတာပဲ၊ ဒီအချိန်မျိုးမှာ ပျော်ပွဲစားထွက်ရတာ ဘယ်လောက်ပျော်စရာကောင်းမလဲ အဲလဗတ်ရယ်"ဟု ဆိုတော့လည်း သူက "ဟုတ်တယ် မိလီဗာ၊ ကိုယ်လည်း ဒီလိုပဲသဘောရတယ်၊ ပျော်ပွဲစားသွားကြရအောင်လေ"ဟု ဆိုလိုက်ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းအဖို့ သူပြောသည့်စကားတွေကိုသာ မမှတ်မိသည်မဟုတ်။ လူတွေကိုလည်း တစ်ခါတွေ့ပြီး နောက်တစ်ကြိမ်တွင် မမှတ်မိတော့။

ကျောင်းသားတစ်ယောက်သည် သူနှင့်လာပြီး တရင်းတနှီး ဆွေးနွေးသည်။ သူကလည်း လိုက်လိုက်လျောလျော ပြောဆိုဆွေးနွေးသည်။ ထိုကျောင်းသားစိတ်ထဲတွင် အိုင်စတိုင်းဟာ အေးအေးနေတတ်တဲ့လူ၊ သိပ်ခင်စရာကောင်းတဲ့လူပါပဲဆိုကာ သူ့ကို ရင်းနှီးခင်မင်သွား၏။ ထိုကျောင်းသားသည် သူ့ထံသို့ ဆွေးနွေးရန် ရောက်လာပြန်၏။ ထိုအခါ ထိုသူကို အိုင်စတိုင်းမမှတ်မိတော့။ မျက်နှာစိမ်းနေပြန်လေသည်။ တစ်ကြိမ်က ထိုသူကို သူဘာတွေများ နှစ်နှစ်ခြိုက်ခြိုက် လက်ခံပြောဆိုဆွေးနွေးခဲ့ဖူးသည်ကိုလည်း သူ့မှာ မမှတ်မိနိုင်တော့ပေ။

မိလီဗာကတော့ သည်လိုမဟုတ်။ နေရာတကာမှာ အစွဲအမှတ်ကြီးသည်။ လူတစ်ယောက်ကိုတွေ့ပြီး မကြာမီပင် အကဲခတ်လိုက်သည်။ ဒီလူကို ခင်မင်ဆက်ဆံမည်ဆိုလျှင်လည်း ဆက်ဆံသည်။ မဆက်ဆံဘူး၊ သဘောမကျဘူးဆိုလျှင်လည်း ရှင်းရှင်းနေတော့သည်။ ဘယ်လိုပြဿနာ၊ ဘယ်လိုဆင်ခြေမျိုးအတွက်မဆို မိလီဗာသည် လိုက်လိုက်လျောလျော ပြောဆိုဆက်ဆံလေ့မရှိ။ သူ့မှာ တိတိကျကျ ပြတ်ပြတ်သားသား အမြင်ရှိသည်။ စာဖတ်ချိန်၊ နားနေချိန်ကအစ အားလုံးကို စာရင်းဇယားနှင့် မိလီဗာ လုပ်သည်။ သည်လိုစည်းနှင့်ကမ်း အစီအစဉ်နှင့် လုပ်ကိုင်ဆောင်ရွက်သော အလေ့အထမျိုး အိုင်စတိုင်းဘဝမှာလည်း ရှိစေချင်သည်။

သင်္ချာအလုပ်ကိုလည်း ဘဝ၏ တစ်ပိုင်းတစ်ကဏ္ဍအနေနှင့်လုပ်။ စားချိန်မှာလည်း အချိန်မှန်မှန်စား။ နောက်ဆုံး သူရသည့် ထောက်ပံ့ကြေးငွေကလေးကိုပင် ဘယ်ပုံဘယ်နည်း စနစ်တကျ ခွဲဝေသုံးစွဲရမည်ဆိုသည်ကို မိလီဗာက အစဉ်ပြောပြသည်။

အိုင်စတိုင်း၏ အမှုမဲ့ အမှတ်မဲ့ နေတတ်ခြင်း၊ မေ့လျော့တတ်ခြင်းအတွက် မကြာခဏ မိလီဗာမှာ စိတ်ဆိုးရသည်။ သည်လို မိလီဗာတစ်ယောက် စိတ်ကောက်ပြီး ဒေါ်ထကာ ဆောင့်ဆောင့်အောင့်အောင့် လုပ်သည်ကိုပင် သူ့မျက်စိမှာ ကြည့်လို့ကောင်းလေသည်လားမသိ။ သည်အခါမျိုးမှာ အရယ်အသွမ်း အသော့ကလေးတွေဖောက်ပြီး မိလီဗာစိတ်ကောက်ပြေအောင်တော့ သူက ချော့ရှာသည်။ မိလီဗာမှာလည်း သူက ချော့တော့ ပျော့ရရှာသည်။

စက်မှုလက်မှုသိပ္ပံကျောင်း နောက်ဆုံးနှစ်မှာတော့ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အသည်းနှင့်အောင် ချစ်ခဲ့မိကြလေသည်။

အိုင်စတိုင်း အသည်းနှလုံး၏ တစ်ဝက်တစ်ခြမ်းကတော့ ရူပဗေဒနယ်တွင် ထာဝရနှစ်မြုပ်နေတော့မည်သာ ဖြစ်၏။ သို့ပေမင့် သည်အသည်းတစ်ခြမ်းကိုတော့ မိလီဗာအတွက် ပေးထားမိပြီ။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းက သူ့အတွက် အသည်းတစ်ခြမ်း၊ နှလုံးသားတစ်ဝက်ကိုသာ ပေးသည်ဆိုပေမင့် မီလီဗာကတော့ သူ့တစ်ကိုယ်လုံး တစ်ဘဝလုံး အသည်းနှလုံးတစ်ခိုင်လုံးကို သူချစ်ရသည့် အဲလဗတ်အတွက် ပုံပေးအပ်နှင်းခဲ့၏။ တစ်ချိန်က ဝင်းလက်နေခဲ့သည့် သူ့ကိုယ်ပိုင် ဘဝရည်မှန်းချက်တွေပင် မှေးမှိန်ခဲ့ပြီ။

အဲလဗတ် ဘွဲ့ရပြီးလျှင် အမြန်ဆုံးလက်ထပ်ဖို့နှင့် သားသမီးတွေ အမြန်ဆုံးရဖို့ကိုသာ နှစ်ဦးစလုံး လိုလားလေတော့သည်။ အဲလဗတ်က သူ့ဘဝတွင် သဘောတရားရေးရာ ရူပဗေဒသိပ္ပံပညာရှင်တစ်ယောက် ဖြစ်ချင်သည်။ ဤစိတ်ကူးကို မီလီဗာကလည်း အင်မတန် နှစ်သက်သည်။ သူ တစ်နေ့ ထွန်းထွန်းပေါက်ပေါက်ဖြစ်မည့် ယောက်ျားတစ်ယောက်ဖြစ်ကြောင်း၊ အဲလဗတ်မှာ အင်မတန်ထက်မြက်သော ဦးနှောက်ရှိကြောင်း မီလီဗာသိသည်။

အိုင်စတိုင်း၏ ဉာဏ်ထက်မြက်ကြောင်းကို မီလီဗာသာ သိသည်မဟုတ်၊ သူတို့၏မိတ်ဆွေများဖြစ်ကြသော ဂရော့စမန် မောရစ်ဆိုလိုဗင်း (ပြင်သစ်ပြည်က လာပြီး ရူပဗေဒဘာသာယူနေသူ)၊ ဖရက်ဒရစ် အက်ဒလာ (ဩစတြီးယားပြည်သား) စသူတို့က လည်း သိနားလည်ကြလေသည်။

သူတို့တစ်တွေ မက်ထရိုပိုကဖီးမှာ ဆုံကြလျှင် ရူပဗေဒအကြောင်း၊ ဆိုရှယ်လစ်ဝါဒအကြောင်း ပြောဆိုတိုင်ပင် ဆွေးနွေးလေ့ရှိကြလေသည်။

အိုင်စတိုင်းစိတ်ထဲတွင်တော့ သူ ဘွဲ့ရပြီးလျှင် ရူပဗေဒပါမောက္ခ တစ်ယောက်ယောက်က သူ့လက်ထောက်ဆရာအဖြစ် ငှားရမ်းလိမ့်မည်ဟု ထင်ထားသည်။ ရူပဗေဒနှင့် ပတ်သက်သော သူ့အမြင်များကို စတင်ဆွေးနွေး တင်ပြခဲ့စဉ်က ဆရာများက သူ့အား ရယ်ကာမောကာနှင့် "မင်းကတော့ ကျောင်းသုံးစာအုပ်ထဲ ပါတာဆို အားလုံးကိုပဲ သံသယဖြစ်နေတာပဲဟေ့၊ မင်းအတိုင်းသာဆိုရင်တော့ နောက်ဆုံး ဘာမှသင်စရာကျန်တော့မှာမဟုတ်ဘူး"ဟု ဆိုခဲ့သည်မှအပ အားပေးအားမြှောက်ပြုခဲ့ကြ၏။

သူ့ဦးနှောက်သည် ဆန်ခါတစ်ခုနှင့်တူသည်။ အရာရာကို စစ်စစ်ပေါက်ပေါက်ခွဲခြားစစ်ထုတ်နိုင်သည်။ သူ့စိတ်ကူးထဲတွင် အထပ်ထပ် အခါခါ အပြန်ပြန် အလှန်လှန်ခွဲခြမ်းစိတ်ဖြာစစ်ဆေး၍ မှန်ပြီဟု မယူဆမချင်း မည်သည့်အယူအဆကိုမျှ သူလက်မခံလိုပေ။ အထူးသဖြင့် သူ့ကို အနှောင့်အယှက်ဖြစ်စေသူများမှာ ရူပဗေဒသိပ္ပံပညာရှင်များပင်ဖြစ်သည်။ ထိုသူများမှာ သူတို့၏သီဝရီများကို ချဲ့ကားပြီး သဘာဝလောက၏ အဖြစ်မှန်တရားများကို အသစ်အသစ် ဖော်ထုတ်ကြေညာရလျှင် ပြီးရောဆိုသည့်အထဲက လူများဖြစ်၏။ သူတို့တစ်တွေခေါ်သည့် အခြေခံမူမှာ ယုတ္တိရှိ၏လော၊ ယုတ္တိမဲ့၏လော့ ဆိုသည်ကိုကား ထိုသူများ မစဉ်းစားတတ်ကြချေ။

အိုင်စတိုင်းသည် အချို့ သာမညနေ့စဉ်သုံး အသိဉာဏ်မျိုးလောက်နှင့် ရူပဗေဒပညာကို ကြံစည်အားထုတ်ကြသည်ကို အားမရ။ သည်လိုအပြုအမူမျိုးကြောင့် မထင်မှတ်သော ဥပဒ်အန္တရာယ်များ ဖြစ်တတ်ကြောင်းကို သူ့အနေနှင့် တွေးပူမိသည်။

www.burmeseclassic.com



အိုင်စတိုင်း၏စိတ်ထဲတွင် တွေးခေါ်ရှင်ကြီးတစ်ဦးဖြစ်သူ 'ရှိုပင် ဟောင်းဝါး'၏ စကားကလေးတစ်လုံးကို မှတ်ကျောက်သဖွယ် အမြဲစွဲယူထားသည်။ ထိုစကားကလေးမှာ တခြားမဟုတ်၊ "လောကအကြောင်းနဲ့ ပတ်သက်တဲ့ လူတွေရဲ့ အတွေးအမြင် အယူအဆတွေဟာ တကယ်တော့ အယူအဆ(စိတ်ကူး)သက်သက်ပဲ၊ လူက နေကို သိတယ်၊ ကမ္ဘာမြေကြီးကို သိတယ်ဆိုတာ တကယ်သိတာမဟုတ်ဘူး။ တကယ်သိတာက နေကိုမြင်နေရတဲ့ မျက်လုံးရယ်၊ ကမ္ဘာကို ကိုင်စမ်းကြည့်နေတဲ့ လူ့လက်ရယ်ကိုပဲ သိတာ"ဟု ရှိုပင်ဟောင်းဝါးက မိန့်ဆိုဖူးလေသည်။

လူတွေ၏ မြင်နိုင်စွမ်းအားသည် စင်စစ် ကျယ်ပြန့်ပါ၏။ စည်ပင်ပါ၏။ သို့သော် အကြွင်းမဲ့သဘောတော့ မဟုတ်ပါချေ။ တစ်လောကလုံးကို အကြွင်းမဲ့ မမြင်နိုင်ချေ။

ဂျာမန်သိပ္ပံပညာပါမောက္ခဖြစ်သူ ဝီလျံရော့တ်ဂျင်သည် လူ့မျက်လုံးနှင့် မမြင်နိုင်သော ခန္ဓာကိုယ်တွင်းမှ အဖြစ်အပျက်များကို ဓာတ်ပုံဖလင်ပြားပေါ်မှာ အရိပ်ထင်စေသည့် ဓာတ်မှန်နည်းကို တီထွင်ကြံဆခဲ့ရသည်။ သည်တော့ ဓာတ်မှန်ထဲမှာ ပေါ်လာတဲ့ အမြင်ကို သူမြင်ရတာနဲ့ သူ့ပတ်ဝန်းကျင်မှာ ရှိနေကြသည့် တခြားလူများ၏ အထင်အမြင် အယူအဆနှင့် ဘယ်ရွေ့ဘယ်မျှ ခြားနားပါလေမည်နည်း။

အိုင်စတိုင်းသည် ဗီယင်နာတက္ကသိုလ်မှ ဒဿနပညာပါမောက္ခဖြစ်သူ အားနက်မာ့ချ်၏ စာတမ်းတစ်စောင်ကို တုံ့ပြန်ရေးသားဖူးသည်။ ထိုအခါ မာ့ချ်က သိပ္ပံပညာဆိုသည်မှာ အိမ်ကိုသာ သန့်စင်အောင် လုပ်ပေးသင့်ကြောင်း၊ လူသား၏အတွေ့အကြုံဖြင့် စစ်ဆေးအတည်ပြုခြင်းမှာ မတတ်သာသော သဘောတရား(သီဝရီ) အယူအဆမျိုးကို လွှင့်ပစ်ရမည်သာဖြစ်ကြောင်း၊ အဂ္ဂိရတ်ပညာမျိုး ပြန်လည်ပေါ်ပေါက်မလာမီ သိပ္ပံနည်းကျ သီဝရီ အဆောက်အအုံများကို ဖြိုလှဲချပြီး သက်သေအထောက်အထားနှင့် ပြန်လည်တည်ဆောက်ရမည်ဖြစ်ကြောင်း ပြောပြသည်။

စက်မှုလက်မှု အကယ်ဒမီကျောင်းသို့ မာ့ချ်ရောက်လာပြီး ရူပဗေဒ ဆွေးနွေးပွဲများ ပြုလုပ်ရာတွင် အိုင်စတိုင်းသည် မာ့ချ်နှင့်တွေ့ပြီး ပါဝင်ဆွေးနွေးခဲ့သည်။ ထိုအခါကစ၍ ပါမောက္ခများက အိုင်စတိုင်းတင်ပြလာသော သဘောတရားများပေါ်လာလျှင် ကာကွယ်ရမည်ဖြစ်ကြောင်း နားလည်ခဲ့ကြသည်။

"အေး- ဟုတ်တယ် အိုင်စတိုင်း၊ တကယ်တော့ ခုလိုအချိန်မျိုးပေါ့လေ။ အီသာဓာတ်ဟာ ဒီကမ္ဘာမှာရှိပါတယ်ဆိုတာ ကျုပ်တို့က သေသေချာချာ ထင်ရှားအောင် သက်သေသက္ခာယနဲ့ ထုတ်မပြောပြနိုင်သေးတဲ့အချိန်မှာ အီသာဓာတ်နဲ့ ဂုဏ်သတ္တိတွေကို ဖော်ထုတ်မယ်လို့ စိတ်ကူးတာဟာ နည်းနည်းတော့ ဆန္ဒရှေ့ပြေးသလို ဖြစ်တာပေါ့။ သို့ပေတဲ့ အလင်းရောင်လှိုင်းများ ပျံ့လွင့်သွားမည့် အခြေခံနဲ့ပတ်သက်ပြီး ပြောကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါမတော့ ဒီအိသာဟာ မပါလို့မဖြစ်ပြန်ဘူး။ မင်းစဉ်းစားလာတဲ့ ဒီပြဿနာဟာ သင့်မြတ်တဲ့ ကိစ္စတစ်ရပ်ပဲလို့ ကျုပ်တို့လည်း ယူဆပါတယ်"ဟု ပါမောက္ခများက ဆိုကြသည်။

အိုင်စတိုင်းကား စကြဝဠာသို့ ထွက်မြောက်ခဲ့ပြီတကား။

o

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

# ရိုလေတီဗတီကို ဖွားမြင်ခြင်း

၁၉၀၀ ပြည့်နှစ် နွေဦးပေါက်ကာလတွင် အိုင်စတိုင်းသည် ဇူးရစ်မြို့ စက်မှုလက်မှုသိပ္ပံ အကယ်ဒမီကျောင်းမှ သိပ္ပံဘွဲ့ကို ဆွတ်ခူးရရှိခဲ့လေသည်။ ဤအချိန်ကား လောကနှင့် အံမဝင်ခွင်မကျတတ်သော လူ့ခွစာကလေး အသက် ၂၁ နှစ်ပြည့်မြောက်ပြီး ပရိယာယသန ဝမ်းရေးအတွက် ရုန်းကန်ရမည့် လူ့ဘောင်တွင်းသို့ တိုးဝင်ရတော့မည့် အချိန်တည်း။

အီတလီပြည်တွင် စုရုံးနေထိုင်ကြသော မိဘများထံမှ ဝမ်းသာဂုဏ်ပြုကြောင်း သတင်းနှင့်အတူ ယခုအချိန်ကစ၍ နောက်ထပ် ထောက်ပံ့ ကြေး ပေးတော့မည်မဟုတ် ကြောင်း သတင်းပါ ရောက်ရှိလာသည်။ ယခုတော့ ကိုယ့်ခြေထောက် မခိုင့်တခိုင်အပေါ် မှာ မယိုင်မလဲအောင် ထိန်းပြီး ခြေစုံရပ်ရတော့မည်ပါတကား။

အိုင်စတိုင်း မျှော်လင့်ခဲ့သော ရူပဗေဒဌာနတွင် လက်ထောက်ဆရာ ရာထူးနေရာ တွင် သူ့ကိုကျော်ပြီး တခြားကျောင်းသားနှစ်ဦးကို ခန့်လိုက်လေသည်။ သူ၏သူငယ်ချင်း များ ဖြစ်ကြသော ဂရော့စမန်နှင့် အက်ဒလာတို့က သူ့အတွက် မခံမရပ်နိုင်ဖြစ်ကြ သည်။ အိုင်စတိုင်းအဖို့မှာလည်း နောက်ဆုံး စာသင်တန်းနှစ်ဝက်တွင် သင်္ချာစာမေးပွဲ၌ အောင်မြင်အောင် မှတ်စရာရှိသမျှအားလုံး ခေါင်းထဲသို့ထိုးသွင်းနေရသဖြင့် ကျောင်းနေရ သည့် ဘဝကိုပင် ငြီးငွေ့ချင်လာသည်။ ဆရာဖြစ်ချင်သောစိတ်များလည်း တဖြည်းဖြည်း တစစနှင့် အေးစက်စက် ဖြစ်လာသည်။

တကယ်တော့ ဤသို့ လုပ်ရိုးလုပ်စဉ်ဖြစ်သော စားရေး ဝတ်ရေးအတွက် လုပ်သည့်အလုပ်မျိုးတော့ လုပ်ချင်စိတ်လည်းမရှိ။ ဖြစ်နိုင်လျှင် သူ့ဘဝတစ်ခုလုံးကို သဘာဝတရားကြီးထဲမှ ထူးထွေဆန်းပြားပုံများကို စူးစမ်းရင်းပဲ မြှုပ်နှံပစ်လိုက်ချင်၏။

ပြီးတော့လည်း သူ အကျွမ်းတဝင်ဖြစ်နေသည့် သိပ္ပံပညာနယ်မှာပင် သူ့အဖို့ သံသယဖြစ်ဖွယ်အချက်တွေက တစ်ပုံကြီး ရှိနေပြန်သေး၏။ သူ့ရင်ထဲမှာ အစိုးရိမ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူ့အနေနှင့် အသစ်အဆန်းတစ်ခုခု မရှာဖွေ၊ မဖော်ထုတ်နိုင်မည့်အရေးပင် ဖြစ်၏။ ထို့ကြောင့် အကောင်းဆုံးနည်းမှာ ပထမ စားဝတ်နေရေးအတွက် အလုပ်ကလေးတစ်ခုရှာ။ ပြီးတော့ အချိန်ပိုကလေးများမှာ မိမိလိုက်စားလိုရာပညာကို အားသွန်ကြိုးပမ်း ရှာဖွေရန်သာ ရှိတော့သည်။ အကယ်၍ ဖိနပ်ချုပ်သမား အလုပ်မျိုးပဲဖြစ်ဖြစ် မီးပြတိုက်စောင့် အလုပ်မျိုးပဲဖြစ်ဖြစ် လုပ်ရလျှင် သူပျော်မလားဟုပင် စဉ်းစားမိသည်။ ဤသို့စဉ်းစားရခြင်းမှာ ဤအလုပ်နှစ်မျိုးသည် သူ့အတွက် တွေးတောချိန် ပို၍ရနိုင်သောကြောင့် ဖြစ်၏။

မိလီဗာကို တိုင်ပင်ကြည့်တော့ သူက သည်အလုပ်နှစ်မျိုးစလုံးပင် လက်တွေ့မှာ မဖြစ်နိုင်သော ကိစ္စများသာ ဖြစ်သည်ဟုဆိုသည်။ မိလီဗာအနေနှင့်ကတော့ အဲလဗတ်သည် သူနှင့် ထိုက်ထိုက်တန်တန် အလုပ်မျိုးကိုပဲ လုပ်စေချင်သည်။ သူမှာတော့ ယခုထိ အိမ်မှ ထောက်ပံ့ကြေးကို ဆက်ရနေတုန်း ရှိသေးသည်။ နောက်ဆုံးတော့ လက်ထပ်ဖို့ နောက်ကျချင်ကျပါစေ၊ အဲလဗတ်အနေနှင့် ဝင်ငွေမှန်မှန်နှင့် ထိုက်ထိုက်တန်တန်ရသည့် အလုပ်မျိုးရသည်အထိ စောင့်မည်ဟု သဘောတူလိုက်သည်။

ခေတ်က အလုပ်ရဖို့မလွယ်။ သည်တော့ အိုင်စတိုင်းအနေနှင့် ရနိုင်သည့်အလုပ်ကို ယူဖို့သာရှိတော့သည်။ ဖူးရစ်မြို့ ရာသီဥတု နက္ခတ်တာရာမျှော်စင်တွင် ဂဏန်းများတွက်ချက်ပေးရန် သူ့ကိုငှားသည်။ အလုပ်မှာ ယာယီအလုပ်သာဖြစ်သည်။ နောက်ခြောက်လတွင် ဖူးရစ်အနီးရှိ ဝင်တာသာမြို့တွင် စက်မှုကျောင်းတစ်ကျောင်းမှ ပါမောက္ခတစ်ဦး၏ ခွင့်သွားသောနေရာတွင် ခေတ္တဝင်ရောက်ထမ်းဆောင်သည်။ ထိုကျောင်းတွင် အသစ်ရောက်လာသော ဆရာကလေးအား သင်္ချာသင်ချိန်တွင် ကျောင်းသားများက သွေးတိုးစမ်းကြသည်။ ပထမနေ့စာသင်ချိန်တွင် ကလေးများသည် အချင်းချင်း စကားပြောလိုက်၊ တစ်ယောက်ကိုတစ်ယောက် တို့လိုက်ဆိတ်လိုက်နှင့် သူစာသင်သည်ကို ဂရုမစိုက်ကြ။ ထိုအခါ အိုင်စတိုင်းက အတန်းထဲတွင် ဗရုတ်သုက္ခအကျဆုံး ကလေးများကို ကျောက်သင်ပုန်းကြီးရှိရာသို့ ခေါ်လိုက်၏။ ပြီးတော့ အတန်းသားများကိုလည်း မျက်စောင်းထိုးကြည့်လိုက်၏။ ထို့နောက် ခပ်လွယ်လွယ် ပုစ္ဆာကလေးများကစ၍ ဖြေရှင်းခိုင်းလိုက်၏။ ကလေးများမှာ နဂိုဝင်ကြွားလိုသည့် စိတ်အတိုင်း ခဲတံကလေးနှင့် အဖြေကို ရေးချလိုက်၏။ ဆယ်မိနစ်အတွင်း အိုင်စတိုင်းသည် မေးခွန်းပုစ္ဆာ တစ်ခုပြီး တစ်ခု ဆင့်ကဲဆင့်ကဲ ပေးပစ်လိုက်သည်။ ခပ်စွာစွာကလေးတစ်ကောင်က အစပိုင်းတွင် သူဘာယ်လောက်တော်သလဲဟု ပြောလိုသဖြင့် တစ်ပုဒ်ပြီးတစ်ပုဒ် တွက်ပြလိုက်၏။ သို့သော် တဖြည်းဖြည်း သူ့အဖြေတွေက မသွက်တော့ နှုတ်အာတွေ လက်တွေက လေးလာကြသည်။ ခေါင်းထဲလည်း ရှုပ်သထက် ရှုပ်ယှက်ခတ်လာသည်။ အဖြေတွေကလည်း ကမောက်ကမတွေ ဖြစ်လာ၏။ အစက ရှိုးပြခဲ့သော သူငယ်သည် လှုပ်အလ...

www.burmeseclassic.com

www.burmeseclassic.com



တွင် အရှက်ကြီး လုံးလုံးကွဲရတော့သည်။ နောက်ဆုံး သူ့အဖြေကား ချီးပွဲချပိုင်လိုက်ခြင်းပင် ဖြစ်သေသည်။

"ကဲ ကြည့်စမ်းကွယ်။ ဒီသူငယ်မှာ သူလေ့လာစရာတွေ အများကြီးကျန်သေးတယ် မဟုတ်ဘူးလား"ဟု သူက အတန်းသားများကို မေးလိုက်၏။ စွာခဲ့သောသူငယ်လည်း မျက်ရည်ကိုသုတ်ရင်း သူ့နေရာတွင် ကောင်းကောင်းမွန်မွန် ပြန်သွားထိုင်သည်။ တစ်တန်းလုံးလည်း တစ်ချက်တည်းနှင့် ငြိမ်ကျသွားလေသည်။

ဝင်တာသာကျောင်းမှာ ဆရာလုပ်နေစဉ် အခိုက်အတန့်ကလေးတွင်လည်း သူလုပ်ချင်သော သဘာဝတရားထဲက အဖြစ်မှန်တရားများကို ရှာဖွေဖော်ထုတ်သည့် လုပ်ငန်းကို လုပ်နေခဲ့၏။ ထိုအချိန်တွင် 'စုတ်ဆွဲခြင်း နိယာမ'နှင့် ပတ်သက်သော စာတမ်းတစ်စောင်ကို ရေးသားထုတ်ဝေခဲ့၏။ (ဂျာမန်ဘာသာနှင့် ထုတ်ဝေသော ရူပဗေဒလစဉ်မဂ္ဂဇင်းတွင် ဖော်ပြခဲ့၏။)

(ဖန်ခွက်တစ်ခွက်ထဲတွင် ရေကိုထည့်လိုက်သောအခါ ရေ၏မျက်နှာပြင်သည် ညီညာပြန့်ပြူးနေသော်လည်း ဖန်ခွက်နှုတ်ခမ်းသားနှင့်ထိနေသော အပိုင်းကမူ ဖန်ခွက်၏နံရံများကို ချိတ်တွဲနေသည်ကို တွေ့ရမည်။ ဤကား စုတ်ဆွဲခြင်းသဘော ဖြစ်သည်။ ပို၍ရှင်းအောင်ပြရလျှင် မီးအိမ်ထဲမှ ရေနံဆီကို မီးစာက စုတ်ဆွဲယူခြင်းမျိုး၊ မှင်တစ်စက်ကို မြေဖြူခဲနှင့်တို့လိုက်သည့်အခါ မြေဖြူက စုတ်ဆွဲယူလိုက်ခြင်းမျိုးဖြစ်သည်။) အိုင်စတိုင်းသည် သဘာဝတရား၏ ဤအလှည့်ကလေးမျိုး၊ လျှို့ဝှက်ချက်ကလေးမျိုးကိုမှ အထူးစိတ်ဝင်စားတတ်ပြီး ထိုလျှို့ဝှက်ချက်ကလေးများကို ဖြေရှင်းနေရသည့် အလုပ်မျိုးကိုမှ မြတ်နိုးသည်။ ထိုအလုပ်မျိုးကား သူ့အတွက် စိတ်၏ အပန်းဖြေရာတည်း။

၁၉၀၁ ခုနှစ်၊ ထိုဆောင်းပါးမဂ္ဂဇင်းတွင် ပါလာသောနေ့တွင် ဖူးရစ်မြို့သို့သွားပြီး ဆွစ်ဇာလန်နိုင်ငံသားအဖြစ် ခံယူရေးအတွက် လိုအပ်သော စာရွက်စာတမ်းများကို ယူလာခဲ့သည်။ ယခုဆိုလျှင် သူ့အနေနှင့် ဆွစ်ဇာလန်နိုင်ငံသားအဖြစ်ခံယူရန် လိုအပ်သည့် ငါးနှစ်အချိန်ပြည့်ခဲ့ပြီ။ ဆွစ်တပ်မတော်တွင် အရွယ်ရောက်သူတိုင်း ထမ်းဆောင်ရမည့် ၃ လ စစ်မှုထမ်းရန်လည်း ဝင်ခွင့်ရပြီ။ ဤတစ်ကြိမ်တွင်မူ အိုင်စတိုင်းအနေနှင့် စစ်မှုထမ်းကိစ္စကို ကွင်းရှောင်နေစရာမလိုတော့။ ဆွစ်တပ်မတော်မှာ စပါတာစစ်တပ်များလို ကြမ်းကြမ်းတမ်းတမ်း ခက်ခက်ထန်ထန် လုပ်ရခြင်းလည်းမရှိ၊ သူတစ်ပါးကို ကျူးကျော်စော်ကားရန်လည်း မဟုတ်။ ဤနိုင်ငံတွင် စစ်မှုထမ်းရခြင်းသည် ပျော်စရာကစားခုန်စားအလုပ်တစ်ခုလိုပင် ဖြစ်၏။ အစအဆုံး ၃ လသာ စစ်သင်တန်းတက်ပြီး နောက်နှစ်များတွင် တောင်တန်းဒေသများ၌ တစ်ပတ်နှစ်ပတ်တန်သည် သွားရောက်လေ့ကျင့် ကစားလျှင် ပြီးသည်။ ပြီးတော့ စစ်ဝတ်စစ်စားတွေကို အိမ်သို့ ယူထားလို့လည်းရသည်။

အိုင်စတိုင်းသည် စစ်သားလက်ခံရာဌာနသို့ ဂုဏ်ယူစွာ သွားရောက်ပြီး ဆရာဝန်ရှေ့မှောက်တွင် အစမ်းသပ်ခံရန် ရုပ်အင်္ကျီကို ချွတ်လိုက်၏။ လဆေါင်းများစွာ အားမှန်

www.burmeseclassic.com

www.burmeseclassic.com



အအိပ်မမှန်မှုကြောင့် သူ့ခန္ဓာကိုယ်မှာ ကျုံ့လှီနေရကား ဆရာဝန်က စစ်မှုထမ်းရန်မသင့် ဟု ဆိုကာ ပယ်လိုက်လေသည်။

"ကျုပ် ကျန်းမာပါတယ်ဗျ။ ဘာမှမဖြစ်ပါဘူး"ဟု သူက ဆင်ခြေကန်သည်။ ထိုအခါ ဆရာဝန်က

"ကျုပ်တို့ဆီမှာ လိုအပ်တဲ့ စစ်သားအရေအတွက် ဖြည့်ဖို့ရာ သန်သန်မာမာ ထွားထွားကျိုင်းကျိုင်းလူတွေ၊ လိုတာထက်တောင် ပိုနေပါသေးတယ်" ဟု ပြန်ပြောမှ ထွက်လာခဲ့လေသည်။

အိုင်စတိုင်းသည် သူ့ကို စစ်ထဲသို့ဝင်ရန် လက်မခံသည့်အတွက် အလွန် စိတ်ထိခိုက်မိသည်။ ထိုအခါ မီလီဗာက ဖြေသိမ့်ရရှာသည်။

"ရှင်ဟာ တော်တော်ခက်တဲ့လူပဲ အဲလဗတ်။ တစ်ချိန်တုန်းကတော့ စစ်ထဲ ဝင်ရမှာကို မုန်းလို့ဆိုပြီး ရှင်ပဲမဟုတ်လား။ မျုံးနစ်က ထွက်ပြေးလာတာလေ၊ ခုမှ ဆွဲဇ်စစ်တပ်ထဲ ရှင်ဘာလို့ ဒါလောက်ဝင်ချင်နေရတာလဲဟင်"ဟု သူစစ်တပ်ကိုမုန်းခဲ့ပုံ ကို သတိဖော်ပေးပြီး မီလီဗာက မေးလိုက်၏။

"မဟုတ်ဘူး၊ မဟုတ်ဘူး ဆရာဝန်မှာ ကိုယ့်ကိုပယ်ဖို့ အခွင့်အရေးမရှိဘူးလို့ ကိုယ်ထင်တယ် မီလီဗာ"

သည်တော့လည်း မီလီဗာပင် လက်လျှော့ရ၏။ တစ်ခါတစ်ခါတော့ အဲလဗတ် က ကလေးဆန်လှချေသည်။

ထို့နောက် ဆွဇ်ဇာလန်မြောက်ပိုင်းရှိ ရှပ်ဖော်ဆင်မြို့ ဘော်ဒါကျောင်းတစ်ကျောင်း မှ ချမ်းသာသော သားသမီးကလေးများကို အထွေထွေ ပညာသင်ကြားရေးအလုပ်နှင့် သွားပြန်သည်။ လခကမူ မဖြစ်စလောက်။ ထို့ကြောင့် ရထားပေါ်တွင်ဆုံကြသော သူငယ်ချင်းတစ်ယောက်က "ရူပဗေဒပညာရှင်ကလေးအဖို့ လုပ်ရသည့်အလုပ်နှင့် ရသည့် လစာ မမျှလိုက်တာ" ဟုပင် ဆိုရ၏။

၁၉၀၂ ခုနှစ်အစပိုင်းတွင် သူစာသင်ပုံသင်နည်းမှာ သူ့စိတ်က သင်ချင်ရာ သင်ပေးသည့်အတွက် အမျိုးမျိုး အနှိမ်ခံရသည်။ နောက်ရက်များမကြာမီ ဖခင်ကြီး ဆုံးသဖြင့် သူ့လက်ထဲမှာရှိသည့် အသပြာကလေး မဖြစ်စလောက်မှာ အီတလီသွား ရထားစရိတ်နှင့်ပင် ကုန်ပါလေတော့သည်။ အီတလီတွင် အိမ်သူအိမ်သားများနှင့် အတန် ကြာနေသေးသည်။ ထိုအချိန်အတွင်း ဟောင်းနွမ်းနေသော ရူပဗေဒစာအုပ်ကြီးများကို လေ့လာပြန်သည်။ သည်စာအုပ်တွေသည် ယခုတော့ သူ့နှုတ်ခမ်းပေါ်က နှုတ်ခမ်းမွေးများ လိုပင် သူ့ဘဝ၏ တစ်စိတ်တစ်ဒေသ ဖြစ်နေချေပြီ။

ဤစာအုပ်များကို အခေါက်ခေါက် အပြန်ပြန်ဖတ်ပြီး မှတ်စုများထုတ်၊ စာကြောင်း ကြမ်းများပေါ်မှာ တွက်စရာရှိသမျှတွက်ရင်း အိုင်စတိုင်းသည် အပူရှိန်ကြောင့်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ယန္တရားလှုပ်ရှားမှု (သာမိုဒိုင်းနက်မစ်) ပညာဆိုင်ရာ ပြဿနာများကို အဖြေရှာရင်း သူဦးနှောက်ကို သွေးနေခဲ့၏။

ထိုအချိန်တွင် နောက်ထပ် သူ့ဆောင်းပါးနှစ်ပုဒ်ကို ရူပဗေဒ လစဉ်မဂ္ဂဇင်းက လက်ခံလိုက်ပြန်ရာ အိုင်စတိုင်းသည် အကယ်၍ အပြင်းအထန် ကြိုးစားရှာဖွေပြီး ယင်းသဘောတရားများကို အသုံးချပုံကို ပြသခြင်းဖြင့် မိမိသည် ရူပဗေဒ သိပ္ပံလောက အတွက် အသစ်အဆန်းတွေကို ဖော်ထုတ်ပေးနိုင်တော့မည်ဟု မျှော်လင့်ယုံကြည်စ ပြုလာလေတော့သည်။ သို့ရာတွင် စားဝတ်နေရေး ဖူလုံမှုအတွက် ဘာလုပ်ရမည်ဆိုသည် ကိုမူ သူ့မှာ မစဉ်းစားတတ်အောင် ဖြစ်နေသေးသည်။ ဤစိတ်ကူးဝင်လာလျှင် သူ စိတ်မချမ်းမသာ ဖြစ်ရ၏။

မတတ်သာသည့်အဆုံး မာဆယ်လ်ဂရော့စမန်ထံသို့ အကူအညီတောင်းသည့် စာတစ်စောင် ရေးရတော့သည်။ စာထဲတွင် ယခုဆိုလျှင် သူ့ခေါင်းထဲမှာ ပွင့်ပြူနေတဲ့ အတွေးသစ် အမြင်သစ်တွေဟာ အုံကြွနေကြပြီ။ "ဒါပေမဲ့ ဒါတွေဟာ ခုထိ ဘာမှ ဖြစ်မလာနိုင်ကြသေးဘူး။ ကျုပ်စိတ်ထဲမှာတော့ ဒီအယူအဆတွေထဲက အထိုက် အလျောက်ကို ဖွင့်ထုတ်ဖော်ပြလိုက်ဖို့ ကောင်းပြီလို့လည်း ထင်မိတယ်။ ခုလောလော ဆယ် အရေးကြီးတာကတော့ ကျုပ် ဒီအလုပ်တွေကို လုပ်နိုင်ဖို့ရာအတွက် အထောက် အပံ့ပြုမယ့် ပတ်ဝန်းကျင်ကလေး တစ်ခုခုရဖို့ရယ်၊ ကသိုလ်ကံကောင်းဖို့ရယ်ပေါ့ဗျာ။ အဲဒီအထောက်အပံ့ပြုမယ့် ပတ်ဝန်းကျင်တစ်ခု ရလာအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ တော့ ကျုပ် မစဉ်းစားတတ်အောင်ပဲ ဖြစ်နေတယ်ဗျာ"ဟုလည်း ရေးသားဖော်ပြလိုက်လေ သည်။

ဂရော့စမန်သည် သူ့သူငယ်ချင်းထံမှ လာသောစာကို ဖခင်အား ပြလိုက်ရာ သူ့ဖခင်က လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သော ဖရက်ဒရစ်ဟော်လာထံ စာရေးပြီး အိုင် စတိုင်းအား စီစစ်ရေးမှူးရာထူး တစ်နေရာပေးပါရန် ထောက်ခံလိုက်သည်။ ဟော်လာမှာ ဘန်းမြို့ အစိုးရစက်ပစ္စည်းတီထွင်မှု အတ္တအပကာကွယ်ရေး ဌာနကြားရေးဝန်ဖြစ်သည်။

၁၉၀၂ ခုနှစ် ဇွန်လ ရာသီတွင် အိုင်စတိုင်းသည် ရင်တဖိုဖိုနှင့် ဟော်လာ၏ရုံးသို့ ရာထူးအတွက် လူချင်းတွေ့ဆုံရန် ရောက်လာလေသည်။

"မစ္စတာ အိုင်စတိုင်းအနေနှင့် အရင့်အရင်က စက်မှုလက်မှုလုပ်ငန်း အတွေ့ အကြုံများ ရှိဖူးပါသလား"

"ဘာမှမရှိဖူးပါဘူးခင်ဗျာ"

စစချင်း ဆောက်နဲ့ထွင်းဆိုသလို ဖြစ်ချေပြီ။ စကာတည်းက အထင်ကြီးစရာ တစ်ကွက်မှ မပေါ်မလာ။ ယခုအလုပ်တွင် အချို့သော စက်မှုလက်မှု တီထွင်ချက်များမှာ စစ်ဆေးရာ၌ အလွန်ရှုပ်ထွေးသောစက်များ ဖြစ်နေတတ်၏။ သို့ရာတွင် အချိန်နှစ်နာရီ

www.burmeseclassic.com

www.burmeseclassic.com



လောက်ထိုင်ပြီး စကားပြောလိုက်တော့မှ ဟော်လာအနေနှင့် အိုင်စတိုင်းအပေါ် သဘော ကျစရာ အကွက်ကလေးများ ပေါ်လာပြီး အလုပ်ခန့်ပေးလိုက်တော့သည်။

အလုပ်ရပြီး ခြောက်လအတွင်းမှာပင် အိုင်စတိုင်းနှင့် မီလီဗာတို့ လက်ထပ် လိုက်ကြလေသည်။ ဤသို့လက်ထပ်လိုက်ကြစေကာ မီလီဗာ၏သဘောထား အပြောင်း အလဲများကို မြင်တွေ့နေရသော မိတ်ဆွေအပေါင်းအသင်းများကတော့ တစ်နေ့တွင် သူတို့ချစ်ခဲ့ကြသည့် ချစ်ခြင်းမေတ္တာသည်ပင် အစတေးခံရစရာ ဖြစ်ချေမည်ဟု တွေးမိခဲ့ ကြ၏။ သူတို့နှစ်ဦးကြားတွင် မဖြစ်သင့်သည့် လျှို့ဝှက်ချက်တစ်ခု ဖြစ်ခဲ့ရပြီ။ သို့သော် မီလီဗာက "ဒါ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ မဆိုင်ပါဘူး"ဟု ဆိုခဲ့၏။ မည်သို့ပင်ဖြစ်ဖြစ် မီလီဗာအတွက် အချိန်ကြာမြင့်စွာ စိတ်ထဲတွင် ကြိတ်မှိတ်သိုဝှက် ဖုံးဖိထားခဲ့ရသည့် ဤအချက်သည် တစ်နည်းနည်းနှင့်တော့ အိုင်စတိုင်းအနေနှင့် မဆိုင်ဘူးမဆိုသာ။ အလွန် ခင်မင်ရင်းနှီးသူများက မီလီဗာအား သူ့ပြဿနာကို ဖုံးမထားဖို့၊ အိုင်စတိုင်းကို ပွင့်ပွင့် လင်းလင်း ထုတ်ဖော်ပြောပြလိုက်ဖို့ အကြိမ်ကြိမ် တိုက်တွန်းခဲ့ကြသေးသည်။ မီလီဗာ ကတော့ ဤပြဿနာသည် ဘယ်သူနှင့်မျှမဆိုင် သူတစ်ယောက်တည်း၏ ကိုယ်ရေး ကိုယ်တာ ပြဿနာသာ ဖြစ်သည်ဆိုကာ တစ်သက်လုံး လျှို့ဝှက်ထားခဲ့လေသည်။ ယခုထက်တိုင် ဤဇာတ်လမ်း၏ အသေးစိတ်မှာ မရှင်းမလင်းသော ပဟေဠိတစ်ပုဒ် လိုသာ ကျန်ရစ်ခဲ့လေသည်။

သူ့မှာ ကိုယ်ရေးကိုယ်တာပြဿနာကြီးနှင့် ရင်ဆိုင်ရပေမင့် မီလီဗာသည် သူ ချစ်သော အဲလဗတ်ကိုတော့ လက်ထပ်ယူခဲ့၏။ အိုင်စတိုင်းကို လက်ထပ်လိုသော ကြောင့် သူ့အသက်ပါဆုံးရမည်ဆိုဦးတော့ ချစ်သူအပေါ် ထားခဲ့သည့် မေတ္တာတွေ၏ အဟုန်ကြီးမားမှုကြောင့် သူ မသေတန်ရာဟု မီလီဗာ ယုံကြည်သည်။

သူ့ဘဝတွင်ကြုံခဲ့ရသော 'ယင်းအဖြစ်တစ်ခု'သည်လည်း သူတို့နှစ်ဦး၏ ချမ်းမြေ့ သောဘဝအပေါ်၌ လောင်းရိပ်ကျနိုင်လိမ့်မည် မဟုတ်ဟုလည်း မီလီဗာထင်သည်။

လက်ထပ်လိုက်ကြပြီးနောက် သူများတကာတွေလို ပျားရည်ဆမ်း အပျော်ခရီး ထွက်ဖို့ရာ ငွေလည်းမရှိ၊ အချိန်လည်းမရှိသည့်အတွက် တစ်အိုးတစ်အိမ် ထူထောင်ဖို့ လောက်သာ ခပ်မြန်မြန် စဉ်းစားခဲ့ရ၏။ ထို့ကြောင့် လပ်ထပ်ပြီးသည်နှင့် အားမြစ်ကမ်း ပေါ်တွင် အိမ်ကလေးတစ်ဆောင်ကို ငှားနေခဲ့ကြလေသည်။

နံနက်တိုင်း နံနက်တိုင်း အိုင်စတိုင်းသည် တခြားသော ဆွစ်အမျိုးသား ပြည်သူ့ ဝန်ထမ်း စာရေးစာချီများကဲ့သို့ အပေါ်ဆုံးဝတ်စုံကလေးကို ဝတ်ဆင်ကာ ရုံးသွားရသည်။ နေ့လယ်စာ စားဖို့ရာ ပေါင်မုန့်ထောပတ်သုတ်ကလေး နှစ်ချပ် သုံးချပ်ကို စက္ကူအိတ် ကလေးထဲထည့်ကာ ချိုင်းကြားညှပ်ပြီး သယ်သွားရှာသည်။ တစ်နေ့လုံး စစ်ဆေးရေးမှူး စားပွဲတွင် အချိန်ရှိသရွေ့ထိုင်ပြီး တင်ပြလာသမျှသော စက်ပစ္စည်းထုတ်ကုန်များကို

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးသည်။ ကက်တလောက်များမှာ ဖော်ပြထားပြီးသား စက်ပစ္စည်းအမျိုးအစားများ ပြုလုပ်စီမံထားပုံနှင့် နောက်ထပ်တင်ပြသော ပစ္စည်းများ ပြုလုပ်စီမံပုံချင်း ကွာခြားမှုရှိမရှိ စစ်စစ်ပေါက်ပေါက် နှိုင်းယှဉ်လေ့လာသည်။ အချိန်ကြာလာသည်နှင့်အမျှ အိုင်စတိုင်းသည် သူ့အလုပ်တွင် ပို၍ပို၍ စိတ်ဝင်စားလာသည်။ မစ္စတာဟော်လာထံသို့ ရောက်လာသော အိုင်စတိုင်းရေးသည့် မှတ်တမ်းများ၊ အစီရင်ခံစာများကိုဖတ်ပြီး မစ္စတာ ဟော်လာလည်း သူ့ကို အလွန် သဘောကျလာသည်။ သူရေးသားပုံမှာ တိကျသည်၊ ပြတ်သားသည်၊ ရှင်းရှင်းလင်းလင်းရှိသည်။

သူ့အရည်အချင်းကို သိပြီ။ ထိုအခါ ပိုမိုခက်ခဲသော လုပ်ငန်းများကို မစ္စတာ ဟော်လာက ချပေးသည်။ လစာလည်း တိုးပေးသည်။

အလွန်စိတ်ဝင်စားစဖွယ် လေ့လာစဖွယ် ကောင်းလှသော အသစ် အသစ် တီထွင်မှုအမျိုးမျိုးက သူစစ်ဆေးရသည်။

ဤရုံးတွင် အိုင်စတိုင်း အလုပ်လုပ်နေစဉ် သူ့ဘေးကစားပွဲတွင် သူနှင့်အတူ အလုပ်လုပ်နေသူမှာ အလွန်ချစ်စရာ ခင်မင်စရာကောင်းသော အီတလီလူမျိုး အင်ဂျင်နီယာ မိချဲလီတက်ဆိုဖြစ်သည်။ အလုပ်ရပ်နားချိန်များ၌ သူတို့နှစ်ဦးသည် ရူပဗေဒပညာရပ် အကြောင်းကို အကျယ်တဝင့် ဆွေးနွေးကြသည်။ တစ်ခါတစ်ရံ အလုပ်ဆင်းချိန်များ၌ တက္ကသိုလ်က ပါမောက္ခဆရာများ ကွပ်ကဲသော ကော်ဖီသောက်ရင်း စာအကြောင်း ပေအကြောင်းဆွေးနွေးရာ ကော်ဖီဆိုင်သို့ နှစ်ယောက်သား သွားထိုင်ကြသည်။ သူတို့သည် ခါတိုင်းခါတိုင်း ကော်ဖီသာသောက်ကြသည်။ ဝိုင်ကိုလည်း မသောက်၊ ဘီယာ ဆိုလျှင်တော့ အိုင်စတိုင်းစိတ်ထဲတွင် အဆိပ်တမျှပင် မှတ်ယူထားသောကြောင့် ဖြစ်၏။ အရက်ကို လုံးဝမသောက်သော်လည်း ဆေးလိပ်ကတော့ သူ့အဖို့မှာ အာဟာရဓာတ်စာ တစ်ခုလောက် အရေးပါသည်။ ဆေးလိပ်ဆိုလျှင် ရှည်ပေ့၊ တုတ်ပေ့၊ မည်းပေ့၊ ဆေးသား ကောင်းပေ့ဆိုသည်ကိုမှ ကြိုက်တတ်သည်။ အိုင်စတိုင်းသည် ဆေးလိပ်ကို တစ်လိပ်ပြီး တစ်လိပ် မီးဆက်သောက်သည်။ ဆေးလိပ်သောက်လွန်းသောကြောင့် ငယ်စဉ်ကပင် သူ့သွားတွေသည် ဆေးချေးတက်ကာ ညှိမည်းနေကြလေသည်။ လည်ချောင်းတွေကျပ်၊ အသံတွေ တိမ်ကုန်ကြသည့်တိုင် ဆေးလိပ်ကို သူ မဖြတ်နိုင်။

အိုင်စတိုင်းနှင့် မိလီဗာတို့သည် တစ်ခါတလေ ညနေခင်းများ၌ ဘက်ဆိုနှင့် အခြားအပေါင်းအသင်းများကို ဖိတ်ပြီး 'ဂီတဆည်းဆာ'ပွဲကလေးမျိုး လုပ်လေ့ရှိသည်။ ဘယ်လောက်အလုပ်များများ ဂီတကိုလည်း သူမပစ်နိုင်။ ယခုထက်ထိ တယောကလေး ကို တရိုတသေသိမ်းပြီး ကျင့်ရတုန်း ရှိသေး၏။ လက်က သေလာပြီဖြစ်သောကြောင့် လားမသိ ခုဆိုလျှင် သူ့တယောသံက ပိုပြင်ကြည်လင်သလောက် ငြိမ့်အေးသာယာသည်။ သောတအရသာကိုလည်း ပေးနိုင်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မိလီဗာသည် အိုင်စတိုင်းလို မတီးတတ်သော်လည်း ဂီတအရသာကိုတော့ ခံစားတတ်သည်။ ချစ်သူ အဲလဗတ်က တယောသံငြိမ့်ငြိမ့်ကလေးနှင့် ဖြေဖျော်လျှင် ချစ်သူဂီတကို မိလီဗာက မျက်လွှာကလေးစင်းပြီး နားခံမည်။ ပြီးတော့ အပေါင်းအသင်းတွေနှင့် စကားတွေ ဖောင်နေအောင်ပြောချင်သည်။ ထိုနေ့မျိုးတွင် ဧည့်သည်တွေစုံသောအခါ မိလီဗာက သူသိသည့် အကြောင်းအရာတစ်ခုကို စပြောလိုက်သည်။ မိလီဗာပြောသည်ကို အိုင်စတိုင်းကလည်း စိတ်ဝင်စားကာ ဝင်ထိုင်ပြီး နားထောင်သည်။ ပြီးတော့ အားတက်သရော အငြင်းအခုံလုပ်ကာ ခွက်ထိုးခွက်လန် ရယ်လေတော့သည်။ ပြီးတော့ ပြောပြန်သည်။

"အဲ နေပါဦး၊ ခင်ဗျားတို့ကို ကျုပ် ဟို၊ ဖာသည် အရုပ်ပျက်မကြီးတစ်ယောက် အကြောင်း မပြောရသေးဘူးထင်တယ်"

"အို အဲလဗတ်ကလဲ"

ယောက်ျား မိန်းမ ဧည့်သည်တွေရှေ့မှာ လင်တော်မောင် လူ့ခွစာက မတော်မလျော်လားမသိ ဘာမသိ ညာမသိနှင့် သူပြောချင်ရာ ပြောတော့မည့်အရေးကို တွေးမိပြီး မိလီဗာက သူ့ကို နှုတ်ပိတ်လိုက်သည်။

"အဲ အဲ့၊ ဟား ဟား ဟား"

သူက အားရပါးရ ရယ်လိုက်သည်။ အမှန်တော့ မိလီဗာ လန့်သွားအောင် သူ တမင်စလိုက်ခြင်းသာ ဖြစ်၏။

မိတ်ဆွေ အပေါင်းအသင်းတွေက သူတို့ဇနီးမောင်နှံဘဝကလေးကို စံပြအိမ်ထောင်ကလေးလို့ပင် မှတ်ထားကြသည်။ မိလီဗာကိုတော့ စေ့စပ်သူကလေး၊ အဲလဗတ်ကတော့လည်း အစိုးမရသူကလေးဟုလည်း ပြောကြသည်။

အဲလဗတ်နှင့် မိလီဗာသည် ညားခါစဇနီးမောင်နှံများအတိုင်းပင် သူတို့ဘဝထဲမှာ အချစ်တစ်ခုသာ လွှမ်းခြုံထားသည်။ အချစ်အကြောင်းသည်သာ စကားလုံးတိုင်း၏ ထိပ်က ပြေးနေလေသည်။ သူတို့နှစ်ဦးမှာ ကိုယ်စီလျှို့ဝှက်ချက်ကလေးတွေတော့ ရှိကြသည်။ ဥပမာ ငါးချဉ်သုပ် ဆိုပါတော့၊ အဲလဗတ်က ဒါကို အင်မတန်ကြိုက်သည်။ အကယ်၍ ညစာစားသောအခါ ဧည့်သည်တွေနှင့်အတူစားဖို့ မိလီဗာက ပြင်ဆင်ထားလျှင် အဲလဗတ်က အကြီးဆုံးတစ်ဆုပ်ကြီးကို ယူစားပစ်လိုက်ပြီး ဇနီးသည်အား ခိုးကြောင်ခိုးဝှက် ကြည့်နေတတ်သည်။

၁၉ဝ၄ ခုနှစ်သို့ ရောက်ခဲ့ပြီ။

အိုင်စတိုင်းတို့ ဇနီးမောင်နှံတွင် ပထမဆုံးသားဦး ဟင်အဲလဗတ်ကို ရခဲ့လေပြီ။ ဖခင်ဖြစ်လာပြီဖြစ်သော အိုင်စတိုင်းသည် သားဦးရသောကြောင့် အလွန်ပျော်ပြီး ကလေးကို လက်တွန်းလှည်းကလေးပေါ်တင်ကာ တစ်မြို့လုံးအနှံ့ ပလျှောက်လှည့်၏။ သားဦး မြေးဦး အရှုးအမူးဆိုသည့်အတိုင်း ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သားကလေးကို ဖွားမြင်ခဲ့သည့်နည်းတူ တခြားတစ်ခုကိုလည်း မွေးဖွားချိန် တန်လာလေပြီ။ တခြားတစ်ခုကား တခြားမဟုတ်၊ သူ့ကို ကမ္ဘာတွင် ဟိုးဟိုးကျော်သွားစေမည့် 'ရီလေတီဗတီ'ပင် ဖြစ်ပေ၏။ သူ့ဦးနှောက်နှင့် မနောဝိညာဏ်တွင် ရီလေတီဗတီသည် ပွင့်ပေါ်အံ့မှူးမူး ဝင်းဖန့်လျက် ရှိလေပြီ။

သူသည် ကျောင်းကထွက်သည့်မှ ယနေ့အထိ ညဉ့်ပေါင်းရာထောင်မက ရူပဗေဒပညာအတွက် အဆက်မပြတ် အိပ်ပျက်ခံကာ ကြိုးပမ်းနေခဲ့၏။ ရှေးက တီထွင်ဖော်ထုတ်ခဲ့ပြီးသော အသိပညာများအားလုံးကိုလည်း သူသိပြီးပြီ။

သူ့အကြံအစည်နှင့် နည်းလမ်းမှာ ပထမလောကဖြစ်ရပ်များ၏ အခြေခံအကျဆုံးဖြစ်ရပ်မှန်တစ်ခုကို ဖော်ထုတ်ရန်နှင့် ပြီးမှ ကျန်သောအယူအဆများကို ဆင့်ပွား၍ အခြေခံဖြစ်ရပ်မှန်မှ ထုတ်ယူဆင်ခြင် တည်ဆောက်ရန် ဖြစ်သည်။ သူ့ပါရမီဓာတ်ခံကလည်း အရင်းအမြစ်သဘောတရားကို ကောက်ကာငင်ကာ ရယူနိုင်သည့် အဆင့်သို့တိုင်ရင့်မာစွာ ရောက်နေလေပြီ။ သူ့အတွေးတွင် အမျိုးမျိုးသော နည်းနိဿယများကိုလည်း ဆင်ခြင်မိ၏။

သို့ရာတွင် အခြေခံဖြစ်သော လောကအဖြစ်မှန်တရားကိုကား ယုတ္တိစဉ်အတိုင်း ဆင်ခြင်၍မရ၊ တစ်ဇာပွတိဉာဏ်ဖြင့်သာလျှင် ရနိုင်သည်ဟု သူ မြင်လာသည်။ သူ၏ ယင်းထိုးထွင်းဉာဏ်ကလည်း မှန်သောလမ်းသို့ ဦးတည်နေလေပြီ။ ယင်းလမ်းကား 'ရီလေတီဗတီ'ဟု နောင်အခါ သူခေါ်သော သဘာဝလောကထဲရှိ အညမညဖြစ်စဉ်တရားပင် ဖြစ်တော့သည်။

ဤလောကဌ် ရှိရှိသမျှသော ဖြစ်ဖြစ်သမျှသော အရာဝတ္ထုအဖြစ်အပျက်များက ဤကမ္ဘာပေါ်တွင် ထာဝရ အကြွင်းမဲ့တည်ငြိမ်ခြင်းဟူသော အခြေအနေမျိုး မရှိနိုင်ကြောင်း ထုတ်ဖော်ပြနေကြသည်။

ဤသဘောကို သူ ရှုမြင်မိပြီ။ ကမ္ဘာပေါ်မှာ ဘယ်အရာမှ မပြောင်းလဲဘဲ အမြဲထာဝရ တည်ငြိမ်နေနိုင်တာရယ်လို့ ဘယ်အခါ ဘယ်နေရာမှာမှ မရှိနိုင်။ သူသည် ဤအမြင်ကို အမိအရ ဆုပ်ကိုင်ထားပြီး နောက်ထပ်ဆင့်ပွားနိုင်မည့် အမြင်များကို ၁၉၀၄ ခုနှစ်တစ်နှစ်လုံး ရှာဖွေနေခဲ့လေသည်။ ရှုပ်ထွေးသော အတွေးအမြင်တစ်ခုက တစ်ခု ပွားဆင့်၍သာလာသည်။ သူ့ဦးနှောက်ထဲတွင် မီးဟုန်းဟုန်းတောက်နေတော့၏။ ခန္ဓာကိုယ်လည်း ညှိုးလျော်ပန်းလွန်းလှပြီ။ စားလို့လည်းမဝင်တော့၊ အိပ်လို့လည်း မပျော်တော့ပြီ။

'အလင်းရောင်၏ အသွားနှုန်းသည် ဘယ်တော့မှ ကွဲပြားခြားနားမှု မရှိနိုင်' သူ့အတွေးထဲတွင် ဒီအသံတွေသာ ပဲ့တင်ထပ်နေသည်။ လူတွေက သူ့ကို လှမ်းပြီး စကားပြောနေကြသည်ကိုလည်း သူ့နားထဲတွင် ဘာမှုမကြားတော့ပေ။ သူသည် အထွေပြား

www.burmeseclassic.com

www.burmeseclassic.com



သော စိတ်သံသရာ၌သာ တဝဲလည်လည် ဖြစ်နေလေသည်။ ဤအဖြစ်ကြောင့် ထိုအချိန်က ရှုးများရှုးသွားလျှင်တော့ဟုပင် နောင်သောအခါ သူတွေးပူမိခဲ့သေး၏။

နိုကိုးရာမရ လွင့်ပါးနေသောစိတ်ကို သူသည် သတိနှင့်ချုပ်ကာ တခြားသော ပြဿနာများကို လွှဲပြောင်းပြီး စူးစိုက်စဉ်းစားပြန်သည်။ ထိုအခါ စာတမ်းတစ်စောင် ရလာသည်။ ထိုစာတမ်းမှာ 'မော်လီကျူးများ၏ အရွယ်ပမာဏများကို ဆုံးဖြတ်ပုံ နည်းလမ်းသစ်' ဆိုသည့် စာတမ်းဖြစ်၏။ ဤစာတမ်းနှင့်ပင် ဇူးရစ်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ကို ဆွတ်ခူးရရှိခဲ့လေသည်။

နောက်စာတမ်းတစ်ခုမှာ အလင်းရောင်နှင့် ပတ်သက်သော ရှုပ်ထွေးနက်နဲပုံ များနှင့် ဘာလင်တက္ကသိုလ်ပါမောက္ခ မက်စ်ပလင့်ခ်၏ ရူပဗေဒ သဘောတရား တော်လှန်ရေး သီ၀ရီသစ်ဖြစ်သော 'ကွန်တမ်သီ၀ရီ'ကို ရှင်းထုတ်လိုက်သည့် စာတမ်း ဖြစ်လေသည်။

ပလင့်ခ် သဘောတရားအရ ရှေးကလူများ ယူဆခဲ့သလို အလင်းရောင်ခြည် သည် လှိုင်းများအဖြစ် လွင့်ပျံ့လာသည်မဟုတ် 'ကွန်တာ'ခေါ် မြူမှုန်အိတ်ကလေးများ အဖြစ် လာကြခြင်းသာဖြစ်၍ ယင်း'ကွန်တာ'တစ်ခုစီတွင် အား(သတ္တိ)အရေအတွက် အတိအကျပါ၀င်သည်ဟု ဆိုလိုက်သည်။

အိုင်စတိုင်းအဖို့ ဤသီ၀ရီသည် ခုတုံးတစ်ခုတော့ ဖြစ်နိုင်သည်ဟု ယူဆသည်။ ဤသီ၀ရီမှာ အတည်ပြုချက်ရပြီးနေပြီ။ ထို့ကြောင့် သူ့ကို ချုံ့ထွင်ဖို့သာ လိုတော့သည်။

ထိုအခါ သူက အလင်းရောင်ခြည်တန်းတစ်ခုသည် ကွန်တာများ အဆက်မပြတ် ဆက်ထားသော ရထားတွဲတစ်ခုသာဖြစ်ကြောင်း ပြောလိုက်၏။ ထို့ကြောင့် အိုင်စတိုင်း ၏ နောက်ဆုံးအယူအဆ ရေးသားချက်တွင် ပေါ်လာသောအခါ ရှေးက အလင်းရောင် ခြည်သည် လှိုင်းအဖြစ်သာသွားနေသည်ဟု ယူဆသော သိပ္ပံပညာရှင်များက ပျက်ရယ်ပြု ကြ၏။ သို့သော် သူ့သီ၀ရီနှင့်တကွ အဆိုပါအလင်းရောင် မြူခြည်မှုန်ထုပ်ကလေးများ ကို အိုင်စတိုင်းထွင်၍ ခေါ်ထားသောအမည် 'ဖိုတွန်'ဆိုသည့် အမည်ပါ ၀င့်ကြွားလျက်ပင် တည်ရှိခဲ့နိုင်၏။

'ဖိုတွန်'ကို ဖော်ထုတ်ခဲ့သော ဤစာတမ်းတစ်စောင်နှင့်ပင် အိုင်စတိုင်းသည် ရူပဗေဒပညာရှင် အကျော်အမော်ကြီး ဖြစ်ထိုက်ပေပြီ။ ဤစာတမ်းအတွက် ချီးမွမ်း မြှောက်စားမှု၊ ဩဘာပေးမှုများကိုလည်း ခံစားရပါ၏။ သို့သော် ရီလေတီဗတီကို မဖွေးနိုင်သေးမချင်းတော့ သူ့အနေနှင့် အိပ်ပျော်နိုင်ဦးမည်မဟုတ်ချေ။ ဘယ်အောင်မြင်မှု မျိုးကိုမှလည်း အောင်မြင်မှုအစစ်ရယ်လို့ မှတ်နိုင်လိမ့်မည် မဟုတ်ပေ။

စိတ်ပျက်လက်ပျက်နှင့် သူသည် ဘန်းမြို့အနီး ပတ်၀န်းကျင်မှ လယ်တော ယာတွေထဲကို လျှောက်သွားနေမိသည်။ ရုံးမှလည်း ခွင့်ရက်အား ယူထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိလီဗာကလည်း သူကူညီနိုင်သလောက် သင်္ချာတွေကို ကူတွက်ပေးသည်။ သို့သော် ဆန်းသစ်တီထွင် ကြံစည်ဖန်တီးရမည့် အတွေးသစ် အမြင်သစ်တွေ စီးစိမ့်ပြီး သူ့ခေါင်းထဲ ဝင်လာအောင်တော့ ဘယ်သူမျှ မကူညီနိုင်ပေ။

တစ်ညနေ ရုံးမှ အိမ်ပြန်လာစဉ် သူနှင့်အတူ မစ္စတာဘက်ဆိုလည်း လိုက်ပါလာသည်။ မစ္စတာဘက်ဆိုသည် သူ့ပြဿနာကို အတွင်းသိတစ်ယောက်ပင်ဖြစ်၏။ လမ်းတွင် "ကျုပ်ဦးနှောက်တွေတော့ ပိတ်ဆို့နေပြီဗျာ။ အင်း ဒီသီဝရီတစ်ခုလုံးကို စွန့်လိုက်ဖို့ ကျုပ်ဆုံးဖြတ်လိုက်ပါပြီဗျာ"ဟု အိမ်လေ့ကားရင်းတွင်ရပ်ကာ စိတ်အားငယ်စွာနှင့် ပြောမိတော့သည်။

ဤကဲ့သို့ စိတ်လျှော့လိုက်သည့်ညတွင် (တစ်လလုံး စိတ်(ဦးနှောက်)ကို အနား မပေးဘဲ အပြင်းအထန် ကိုယ်ပန်းစိတ်ပန်းလုပ်ခဲ့ရာမှ) အတန် သက်သာသွားသည်။ ယင်းသို့ အပန်းပြေသွားသည့်ညမှာပင် ပျောက်နေခဲ့သောအစွန်းအစကလေးသည် သူ့ နေရာမှန်သို့ ကျသွားသည့်နှယ် ဦးနှောက်လမ်း တည့်သွားတော့သည်။

ယင်းညမှာပင် ရီလေတီဗတီကို ဖွားမြင်သဖြင့် ရီလေတီဗတီ သတို့သားသည် ဤကမ္ဘာသို့ ပွင့်ပေါ်လာခဲ့လေတော့သည်။

ရီလေတီဗတီ သီဝရီသည်ကား သဘာဝတရားက လုံခြုံစွာ ဖုံးကွယ်သိမ်းဆည်းထားအပ် လျှို့ဝှက်ချက်ကြီးတစ်ရပ်သာလျှင် ဖြစ်ပေရကား ဤလျှို့ဝှက်ချက်ကို မှန်ဘီလူးနှင့်ကြည့်လို့လည်း မမြင်နိုင်။ ကြားလည်းမကြားနိုင်။ ထိတွေ့ကြည့်ချင်၍လည်း မရနိုင်ပေ။ ဤသဘာဝတရား၏ နက်နဲဆန်းကြယ်သော လျှို့ဝှက်ချက်ကို လူသား၏ တီထွင် ဖန်တီးနိုင်သော ဆင်ခြင်ဉာဏ်ဖြင့်သာလျှင် တွေ့မြင်သိရှိနိုင်၏။ ယခုတော့ အိုင်စတိုင်းသည် သူ၏ကြံစည်ဖန်တီးနိုင်သော စွမ်းရည်သတ္တိထူးကြီးကို အထင်အရှား ပြနိုင်ခဲ့ချေပြီ။ ဘဝင်လည်း ကျလေပြီ။

'ရီလေတီဗတီ သီဝရီ' (သဘာဝလောက၏ အညမညဖြစ်စဉ်သဘောတရား) တည်းဟူသော ကျယ်ပြန့်သည့် အခြေခံမှုကြီးကို သူ၏ထက်မြက်လှသော ထိုးထွင်းဉာဏ်ဖြင့် တွေးခေါ်မြော်မြင်၍ ပေါ်လွင်ထင်ရှားစေပြီးသောအခါ ထိုအခြေခံမှုပေါ်တွင် တည်၍ ယုတ္တိစဉ်အရ တွက်ယူရသော သူ၏ လောကအမြင် စနစ်ကြီးကို တိုးတက် ကြံစည် တည်ထောင်ယူခဲ့၏။

သင်္ချာအတွက်အချက်များနှင့် ပွားယူသော သဘောတရားများ အချောကိုင်ပြီးသည်အထိ ရက်သတ္တပါးပတ်ခန့်ကြာသည်။ ကိစ္စဆောင်ရွက်ဖွယ်များ အားလုံးလည်း ပြီးရော သူ့ခန္ဓာကိုယ်လည်း ယဲ့ယဲ့သာ ကျန်တော့သည်။ ဤသဘောတရားကို အပ်ပွဲ မဂ္ဂဇင်းတိုက်သို့ မပို့ရသေးမီမှာပင် သူလည်း အိပ်ရာတွင် ဘုန်းဘုန်းလဲလေတော့သည်။ အိုင်စတိုင်းသည် အင်အားကုန်ခန်း အလုပ်ပန်းပြီး အိပ်ရာထဲတွင် နှစ်ပတ်ကြာလဲခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မီလီဗာက ကျန်သော ဆောင်းရှက်ဖွယ်ကိစ္စများကို အပြီးသတ်ဆောင်ရွက်သည်။ အထပ်ထပ် အခါခါ ပြန်စစ်သည်။ အားလုံးချောမောပြေပြစ်တော့မှ မီလီဗာသည် အိုင်စတိုင်းရင်က မွေးထုတ်ခဲ့သော ရီလေတီဗတီသတို့သားကို ရူပဗေဒ မဂ္ဂဇင်းတိုက်သို့ စာတိုက်မှ ပို့ပေးလိုက်လေသည်။

"ဒီတစ်ခါ ရေးလိုက်တဲ့ စာတမ်းကတော့ အကောင်းဆုံးပဲ"ဟု မီလီဗာက သူချစ်သော အဲလဗတ်အား ပြောပြသည်။

၁၉၀၅ ခုနှစ် အလယ်လောက်တွင် အိုင်စတိုင်း၏ ရီလေတီဗတီကို ရူပဗေဒ မဂ္ဂဇင်းတွင် ပထမဆုံး ပုံနှိပ်ဖော်ပြခဲ့လေသည်။ ထိုစာတမ်း၏အမည်မှာ "လှုပ်ရှားနေသော ရုပ်ဝတ္ထုများဆိုင်ရာ အီလက်ထရိုဒိုင်နက်မစ် သဘောတရား"ဖြစ်သည်။ မဂ္ဂဇင်းစာမျက်နှာ သုံးဆယ်ရှိရာ အကိုးအကားကျမ်းစာရင်း၊ အောက်ခြေမှတ်ချက် တစ်ခုတစ်ရာမပါ။ အစကအဆုံးထိ ပင်ကို အတွေးအမြင်သက်သက် ဖြစ်ဇပတော့သည်။

အိုင်စတိုင်းတည်းဟူသော သာမန်လူတန်းစား၊ ဆင်းရဲသား၊ စာရေးစာချီတစ်ယောက်၏ ဤမည်သော လောကအမြင်တစ်ရပ်ကို အဆန်းတကြယ် တင်ပြနိုင်စေကာ ရုတ်တရက် ဤကြီးကျယ်သော လုပ်ဆောင်အောင်မြင်ချက်အတွက် ဂုဏ်သတင်းကိုရဖို့ မလွယ်။ ထို့ကြောင့်လည်း ရီလေတီဗတီ ထွက်ပေါ်လာစကာလတွင် သူ့အမြင်များသည် ကမ္ဘာပေါ်ရှိ ပညာရှင်များကို စိတ်ဝင်စားအောင် ဟိုးလေးတကျော် ချီးပမြှောက်စားအောင် မလုပ်နိုင်ခဲ့သေးပေ။

သိပ္ပံမဂ္ဂဇင်းဖတ် ပရိသတ်များက "မဖြစ်နိုင်တဲ့ ယုံတမ်းစကားတွေပါဗျား၊ အလကား သမားဂုဏ်ပြလုပ်တာပါ"ဟု ဝေဖန်ခဲ့ကြသည်။

အိုင်စတိုင်းသဘောတရားများသည် ထိုခေတ်က ရှိနှင့်ပြီး ရူပဗေဒ ပညာဆိုင်ရာ အယူအဆ သဘောတရားများ အားလုံးထက် တိုးတက်သည်။ ရှေ့သို့ရောက်သည်။ ထိုထက်ပို၍ ထူးခြားသည်မှာ သဘာဝလောကဖြစ်စဉ်ကို ဖော်ပြသည့် သူ့သဘောတရားတွေထဲမှာ စိတ်ပိုင်းတွေ ပါနေသည်။ တစ်ဏာပွတ္တိဉာဏ်စဉ်သဘောတွေ၊ ဝတ္ထုတို့၏ တရားကိုယ်ထုတ်ယူခြင်း (စိတ္တဇ)သဘောတွေ ပါနေခြင်းဖြစ်၏။

မက်စ်ပလင့်က်နှင့် အပေါင်းအသင်းများကတော့ ပထမဆုံးအနေနှင့် ရီလေတီဗတီ၏ ဆန်းပြားခမ်းနားပုံကို နားလည်သဘောပေါက်ကြသည်။ ရီလေတီဗတီကို လူသိများအောင်လုပ်ဖို့ ကြိုးစားခဲ့ကြသေးသည်။ အိုင်စတိုင်း၏ သဘောတရားများကို သာမန်ဉာဏ်အဆင့်လောက်နှင့် စဉ်းစား၍မရ။ လိုက်လို့မမီနိုင်ဟု ဆိုလာကြသည်။ ပြီးတော့ သူ့အတွေးအမြင်တွေသည် သူလိုငါလို ထမင်းစားရေသောက် အတွေးအမြင်များ သမားရိုးကျ အယူအဆများနှင့်လည်း ကိုက်ညီမည်မဟုတ်ကြောင်း။ ယခုခေတ်တွင် လူတွေမှာ အပြုသဘောကိုလိုက်တဲ့ သံသယဝါဒ ကင်းမဲ့နေကြောင်း ဖော်ပြလာကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ "ခက်တာက ခုခေတ်လူတွေမှာ ကိုယ်ပိုင်အခွင့်အရေးလည်းမရှိဘဲနဲ့ ဘယ်ကိစ္စမျိုး မဆို အဟုတ်အဟတ် စွဲယူပြောဆိုတတ်ကြတာဟာ အဆိုးဆုံးပဲ"ဟု တွေးခေါ်ရှင် တစ်ဦးက ဆိုသလို ဖြစ်နေကြောင်း။ မက်စ်ပလင့်က် အဆိုအရဆိုလျှင် လူတွေ၏ ဦးနှောက်ထဲကို ရီလေတီဗတီ စိမ့်ဝင်ဖို့အတွက် လူ့အသက်(နှစ်ပေါင်းတစ်ရာ)ကြာဦး မည်ထင်သည်ဟု ဆိုခဲ့လေသည်။

မဂ္ဂဇင်းတွင်ပါလာသော အိုင်စတိုင်း၏ဆောင်းပါးကို ဘန်းမြို့နေ သူ့အပေါင်း အသင်းများက သတိထား လေ့လာမိကြသည်။ သို့ရာတွင် ရွှာမြက် ရွှာနွားမစားဆိုဘိ သကဲ့သို့ သူလိုစက်ပစ္စည်း စိစစ်ရေးမှူးကလေးတစ်ယောက်က ကြီးကြီးကျယ်ကျယ် ရေးလိုက်သော ဤလောကအမြင် သဘောတရားကြီးကို ချက်ချင်း လက်ခံလိုစိတ်မရှိ ကြ။ ညနေရုံးဆင်းချိန်၊ ရုံးအားချိန်၊ ကော်ဖီဆိုင်တွင် ဆုံကြသောအခါ အိုင်စတိုင်း ကတစ်ဖက် ကျန်လူများကတစ်ဖက် အငြင်းပွားကြလေတော့သည်။ အထူးသဖြင့် သူတို့ ဆင်ခြေတက်ကြသည်မှာ အိုင်စတိုင်းတင်ပြခဲ့သော 'အား(သတ္တိ)ကို ဖော်ထုတ် သည့် သင်္ချာညီမျှခြင်း $E=MC^2$'ပင် ဖြစ်ပေသည်။

(၎င်းမှာ အား(သတ္တိ)သည် လှုပ်ရှားနေသော ပစ္စည်းဒြပ်ထုကို အလင်း ရောင်အသွားနှုန်း အလျင်၏နှစ်ထပ်ကိန်းပင် ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ဤတွင် M သည် လှုပ်ရှားနေသော အရာဝတ္ထု၊ C သည် အလင်းရောင် သွားနှုန်းအလျင်။ အကြမ်းပြေး– အလင်းရောင်သည် တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆၀၀၀ သွားသည်။ အား(သတ္တိ)တစ်ခု မည်မျှရှိမည်ကို ပစ္စည်းထုအလေးချိန် M နှင့် $C^2$နှစ်ထပ်– ၎င်းမှာ $C^2=(3\times10^{10})^2$ နှင့် မြှောက်ရပါမည်။)

ကော်ဖီဆိုင်တွင်ဆုံကြသော မိတ်ဆွေများက စောဒကတက်ကြသည်။

"ခင်ဗျားရဲ့သဘောတရားအရ ကျောက်မီးသွေးတုံးကလေးတစ်တုံးကို အား (သတ္တိ)အဖြစ် ပြောင်းလဲလိုက်လို့ရှိရင် ရလာတဲ့အားဟာ ပါသျှန် ခေါ်ဘဏီမြင်းတပ် ကြီးတစ်တပ်ထက်တောင်မှ အားကြီးဦးမယ်လို့ ဆိုထားတယ်။ ဒီလိုသာဖြစ်ရိုးမှန်ရင် ရှေးကလူတွေဟာ ဒါကို ဘာကြောင့် မသိခဲ့ကြတာတုံး"ဟု မေးကြသည်။

"ဒီလိုရှိပါတယ် သဘောကတော့ သိပ်ချမ်းသာတယ်လို့ အများကမှတ်ထားတဲ့ လူတစ်ယောက်ဆိုပါတော့ ဒီလူဟာ ပိုက်ဆံတစ်ပြားကလေးတောင်မှ ဘယ်တုန်းကမှ ထုတ်မသုံးဘူး။ ဒီတော့ ဒီလူမှာ ပိုက်ဆံတကယ်ရှိတယ်၊ မရှိဘူးဆိုတာလဲ မသိဘူး။ ဘယ်လောက်ချမ်းသာတယ်ဆိုတာလည်း မသိကြသလိုပေါ့။ သဘောကတော့ ဒီအတိုင်း ပါပဲ။ အရင်တုန်းက မသိခဲ့တာက အား(သတ္တိ)ဆိုတာက အပြင်မှာထုတ်ပြထားသလို မြင်သာတဲ့ကိစ္စမှ မဟုတ်ခဲ့ဘဲ"ဟု သူကဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဖြင့် ခင်ဗျားကတော့ ဒီလို ပုန်းလျှိုးဖုံးကွယ်နေတဲ့ အားသဘောကို ဘယ်လိုလုပ်ပြီး ဖော်ထုတ်ပြသနိုင်တာလဲ"

ထပ်၍ မေးကြပြန်သည်။

"အစကဆို ဒီအား(သတ္တိ)ကို ရနိုင်ဖို့ရာ အရိပ်လက္ခဏာဆိုလို့ ဘယ်မှာမှ မတွေ့ခဲ့ဖူးပါဘူး။ ဆိုလိုတာကတော့ အဏုမြူကို စိတ်ထဲတွင်ပဲ ခွဲစိတ်ကြည့်ရတာပေါ့။ ဒါပေမဲ့ ဒီလိုလုပ်လို့ ဖြစ်နိုင်စရာ အရိပ်နိမိတ်ဆိုလို့လည်း ဘာမှမရှိခဲ့တာကတော့ အမှန်ပါပဲ။ အဏုမြူမှုန်တွေရဲ့ အစိတ်စိတ် အမြွှာမြွှာ ကွဲပြားနေခြင်းသဘောကိုတော့ သဘာဝတရားကိုယ်တိုင်က ထုတ်ဖော်ပြသထားတာဖြစ်လို့ မြင်ရပါတယ်။ ဥပမာဆိုလို့ ရှိရင် အလင်းရောင်ခြည်ဆိုတဲ့ဟာမျိုးပေါ့ဗျာ။ အလင်းရောင်ခြည်ရဲ့ လှုပ်ရှားဖြစ်ပေါ်မှု ဆိုတာကတော့ အဏုမြူကလေးများပေါက်ကွဲပြီး အစိတ်အပိုင်းကလေးတွေ ဖြစ်သွားတာရဲ့ အစဉ်ပေါ့။ တစ်နည်းဆိုတော့ ပေါက်ကွဲတဲ့ အဏုမြူကလေးများရဲ့ အစိတ်အပိုင်းများ ဆက်သွားတဲ့အစဉ်၊ ဒါမှမဟုတ် အစဉ်လိုက်ဖြစ်ပေါ်မှုလို့လည်း ဆိုနိုင်တာပေါ့"

အိုင်စတိုင်းက စိတ်ရှည်လက်ရှည် ရှင်းပြလေသည်။

ဤအား(သတ္တိ)နှင့် ပတ်သက်သော သင်္ချာညီမျှခြင်းကို အိုင်စတိုင်းသည် အလင်းရောင်ခြည်ကို လက်တွေ့စမ်းသပ်ရာက ရလာခြင်းပေလားဟု အခြားသူများက သိချင်ကြသည်။ သို့သော် အိုင်စတိုင်း၏အဖြေကို ကြားရသောအခါ သူတို့မှာ အံ့သြခြင်းမက အံ့သြရသည်။ အိုင်စတိုင်းက သူသည် ဓာတ်ခွဲခန်းသို့ မဝင်ဖူးသည်မှာ နှစ်အတော်ကြာပြီဟု ဆိုလိုက်၏။

"ဒါဖြင့် ခင်ဗျားရဲ့ ရီလေတီဗတီဆိုတာက စိတ်ကူးယဉ်တာပေါ့၊ ဒါ လက်တွေ့ မှမဟုတ်ဘဲ။ ခင်ဗျားစိတ်ကူးပြီး မြင်မက်ထားတဲ့ စိတ်ကူးယဉ်အိပ်မက်ကြီးတစ်ခုပဲ။ ဘာအသုံးကျမှာတုံး။ တကယ့် ရူပဗေဒပညာရှင်ဆိုတာ လက်တွေ့စမ်းသပ်ရာကသာ အသစ်အဆန်းတွေ ရှာဖွေဖော်ထုတ်ကြတယ်။ အဲဒီလို အသစ်ရှာလို့ရတာတွေကလည်း မှတ်ကျောက်တင်နိုင်ကြတယ်။ အဲဒီနည်းတစ်နည်းပဲ ရှိတာပဲဟာ"ဟု စောဒကတက်ကြပြန်သည်။

"ထွီး ဘယ်လူပြောတုံး။ ခင်ဗျားတို့ သိထားဖို့က အဆင့်ဆင့်ပြောင်းလဲတိုးတက်လာတာနဲ့အမျှ ရူပဗေဒပညာဆိုတာ ဆင်ခြင်တွေးတောခြင်းက စရတဲ့ ယုတ္တိစနစ်တစ်ခုပဲ။ ယုတ္တိစဉ်အလိုက် ဆင့်ပွားတွေးယူရတဲ့ ဒီစနစ်ရဲ့ အခြေခံအကျဆုံး လောကအမြင်ကို ဘယ်လိုအတွေ့အကြုံ၊ ဘယ်ကိရိယာပစ္စည်းနဲ့မှ ရှာလို့မရဘူးဗျ၊ အဲဒီလောကအမြင် ယေဘုယျ သဘောတရား အခြေခံကို လူသားရဲ့ထက်မြက်တဲ့ ထိုးထွင်းဉာဏ်နဲ့ရှာမှ ရတယ်။ အဲဒါ မြဲမြဲမှတ်ထားလိုက်ပါ။ ခင်ဗျားတို့ မယုံရင်ကြည့်နေပါ။ ကျုပ်ရဲ့ ဒီ ရီလေတီဗတီကတော့ လူသားတွေရဲ့ အတွေ့အကြုံမှာတင်ပြီး စစ်ကြည့်မယ်ဆိုရင် စစ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါ။ ခံနိုင်ပါတယ် ကြည့်ပါဗျာ ဟဲ ဟဲ။ ကျူပ်ကသာ မှန်ရမယ်ဆိုတာကိုတော့ ကျူပ်နည်းနည်းကလေးမှ သံသယမဖြစ်ပါဘူး"ဟု နောက်ဆုံးတွင် သူက ရယ်ကာမောကာ ပြောလေသည်။

အိုင်စတိုင်း၏ ပါရမီကြီးမားပုံကို ပထမဆုံး သိကျွမ်းပြီး ယုံကြည်လက်ခံသူမှာ သိပ္ပံပညာရှင်ကြီး မက်စ်ပလင့်က်ပင် ဖြစ်သည်။ အိုင်စတိုင်းနှင့် သူတို့နှစ်ဦးသည် အချင်းချင်း စာအဆက်အသွယ်လည်း ရှိကြသည်။ အိုင်စတိုင်းထံသို့ လောရင့်ဇ်ထံမှ ပေးစာများလည်း မကြာခဏ ရောက်လာတတ်၏။ သို့ရာတွင် သိပ္ပံပညာရှင်အသိုင်းအဝိုင်း၌ ရီလေတီဗတီအကြောင်းကို ထိပ်တန်းတင်ပြီး ဂရုတစိုက် ဆွေးနွေးမှုမရှိခဲ့ကြသေးချေ။

ရီလေတီဗတီကို ထုတ်ဝေပြီး နောက်နှစ်နှစ်တိုင်တိုင် သူ၏လက်ရှိအလုပ်မှာပင် ဆက်လုပ်ပြီး ဘန်းမြို့မှာပင် နေထိုင်လျက်ရှိခဲ့၏။ သူ့အလုပ်ကလေးကိုလည်း သူ မြတ်နိုးသည်။ သူကိုယ်တိုင်ကလည်း တစ်နေ့နေ့တွင် ထိုက်ထိုက်တန်တန် စက်မျိုးတစ်လုံးတီထွင်နိုင်ရန် ရည်မှန်းထားသည်။ သို့သော် အိုင်စတိုင်းမှာ သူ့လက်များဖြင့် တကယ်တမ်းကိုင်လုပ်ကြည့်တော့ စိတ်ပျက်လက်ပျက် ဖြစ်ရသည်။ တကယ်တော့ သူက သဘောတရားရေးရာ ရူပဗေဒ တွေးခေါ်ရှင်သာဖြစ်၏။ ဒါကိုပင် မီလီဗာက ကျိတ်ပြီး သဘောကျနေမိလေသည်။

၁၉၀၇ ခုနှစ်ဆန်းတွင် ဇူးရစ်တက္ကသိုလ် ညွှန်ကြားရေးမှူးက အိုင် စတိုင်းအား သတိထားမိလာသည်။ ထိုအခါ အိုင်စတိုင်းအား ယာယီကထိက(လခမရ)ဘဲ ခန့်မည်။ ပြီး သင့်တော်ကြောင်းတွေ့ရလျှင် လက်ထောက်ပါမောက္ခရာထူးတွင် ခန့်ရန် ရည်ရွယ်ပြီး အလုပ်ပေးသည်။

ဇူးရစ်တက္ကသိုလ်က ပေးလာသော အလုပ်ကို အိုင်စတိုင်းက ငြင်းပစ်လိုက်သည်။ လခမရသောအလုပ်ကို သူ့အနေနှင့် ဘယ်လောက်ကောင်းကောင်း မလုပ်နိုင်။

ထိုအခါ အိုင်စတိုင်း၏မိတ်ဆွေဖြစ်ဖူးသည့် ဒေါက်တာ ဟိန်ရစ် ဇင်းဂါးက အဆိုပါရာထူးမျိုးကို ဇူးရစ်တက္ကသိုလ်တွင် လက်မခံစေဘဲ ဘန်းတက္ကသိုလ်တွင် လက်ခံရန် တိုက်တွန်းသည်။ ဇင်းဂါးမှာ ဇူးရစ်ဆေးသိပ္ပံဌာနမှူးဖြစ်သည်။ ဘန်းတွင် ဤရာထူးကို လက်ခံလိုက်ခြင်းဖြင့် လက်ရှိစက်ပစ္စည်း မှတ်ပုံတင်ရေးမှူးအလုပ်လည်း မထိခိုက်နိုင်သောကြောင့် ဇင်းဂါး တိုက်တွန်းချက်ကို သူ လက်ခံလိုက်သည်။

အိုင်စတိုင်းသည် ဇင်းဂါးကို ယုံကြည်သည်။ တစ်နေ့တွင် ဇူးရစ် တက္ကသိုလ်၌ သူ့အတွက် ထစ်နေရာရအောင် ဇင်းဂါးလုပ်ပေးနိုင်သည်။ တကယ်တော့ ဇင်းဂါးမလုပ်ပေးနိုင်သောကိစ္စပင် ရှိမည်မဟုတ်ဟု သူထင်သည်။ ဇင်းဂါးကား လူထူးတစ်ယောက်ပင် ဖြစ်သည်။ အင်မတန်ထက်သော ပညာရှင်တစ်ယောက်လည်း ဖြစ်သည်။ သူ၏ ဇူးရှ

www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်သော မျက်လုံးမျက်ဖန်၊ သပ်ထားသော နှုတ်ခမ်းမွေး၊ တည်တံ့နိုင်မာသော မျက်နှာပေးတို့သည် အလွန်ဆွဲဆောင်မှုနှင့် ပြည့်စုံ၏။ သူနှင့် တစ်ခါစကားပြောမိလျှင် ထိုစကားကို တစ်လုံးမကျန် သူပြန်ပြောနိုင်ရုံသာမက ပြောဆိုသူ၏ အမူအရာကိုပါ ပြန်ဖော်ပြနိုင်သည်။ ဆေးဆရာဝန်များသည် များသောအားဖြင့် ဆေးပညာဘာသာရပ် တစ်ခုတွင်သာ အထူးကျွမ်းကျင်အောင် သင်တတ်သည်။ ဇင်းဂါးကမူ ထိုသို့မဟုတ် ဘာသာရပ်တိုင်းကို အထူးကျွမ်းကျင်အောင် သင်ခဲ့သည်။ ရီလေတီဗတီကို တစ်ခေါက် ဖတ်မိကတည်းက ဇင်းဂါးသည် သဘောအားလုံးကို နားလည်လိုက်ပေပြီ။

ဇင်းဂါးက တိုက်တွန်းထောက်ခံထားစေကာ ပထမပိုင်းတွင် ဘန်းတက္ကသိုလ် ရူပဗေဒဌာနက အိုင်စတိုင်းလျှောက်လွှာကို အရေးတယူမရှိလှ။ ထိုအချိန်တွင် (၁၉၀၈) စာရေးကလေး အိုင်စတိုင်းကို စရိတ်အကုန်အကျခံပြီး ပြည်တြိုးယားနှင့် အီတလီ ပြည်တို့မှ ရူပဗေဒကွန်ဂရက်များသို့ နှစ်ကြိမ်တိုင် ဖိတ်ခေါ်ခဲ့ပြီးပြီ။ ထိုအချိန်အထိ ဘန်းတက္ကသိုလ်ကလူတွေ၏ စိတ်ထဲတွင် အိုင်စတိုင်းကို အထင်မကြီးကြသေးပေ။

မကြာမီမှာပင် ရောမမြို့အနီး တီပေါ်လီဒေသရှိ ရှေးဟောင်းသမိုင်းဝင် ပစ္စည်းများကိုလေ့လာရင်း လောရင့်စ်နှင့် အချိန်တော်ကြာဆွေးနွေးခဲ့ကြသည်ဆိုသော သတင်းသည် ဘန်းတက္ကသိုလ်သို့ရောက်လာလေသည်။ ထိုအချိန်ကမှ အိုင်စတိုင်းသည် သူ၏ သီဝရီအကြောင်းကို သိပ္ပံပညာတတ်များအား လက်တန်းဟောပြောသွားကြောင်းလည်း သိရ၏။ ထိုအခါမှ မခေါ်ချင်ဘဲ အိုင်စတိုင်းအား တက္ကသိုလ်သို့ ခေါ်ယူရလေတော့သည်။

ထိုအတောအတွင်းမှာပင် အိုင်စတိုင်း၏ ဆရာတစ်ပါးဖြစ်ခဲ့ဖူးသော ဟားမင်း မင်ကော့စကီကလည်း အိုင်စတိုင်းတင်ပြသော ကာလဌာနအမြင်ကို လူသိများလာအောင် ကြိုးစားအားထုတ်နေခဲ့လေသည်။

ဒီအချိန်ကစပြီး အချိန်ကာလဆိုတာတခြား၊ နေရာဌာနဆိုတာက တခြားဆိုတဲ့ အယူအဆဟာ ပျက်ပြယ်ပြီး ဒီနှစ်ခုစလုံး ပေါင်းနေတဲ့ အယူအဆသာ ရှင်သန်လာခဲ့ပြီ။ အချိန်သည် ဌာနတစ်ခုဖြစ်လာပြီး အာကာသထဲမှာ ယခင်က ဌာနသုံးခုသာရှိတယ်လို့ ယူဆတဲ့နေရာမှာ အချိန်ဟာ ခု တစ်ဌာနဖြစ်လာတော့ စတုတ္ထဌာန ဖြစ်လာပြီ"ဟု မင်ကော့စကီက ထုတ်ဖော်ပြောဆိုလေသည်။

ဤသို့ပြောဆိုပြီးနောက် မကြာမီမှာပင် မင်ကော့စကီ ကွယ်လွန်အနိစ္စရောက် သွားသည်။ သူအနိစ္စရောက်ခါနီးတွင်

"ခုလို ရီလေတီဗတီ ခေတ်ဆန်းလာတဲ့အချိန်မျိုးမှာ ငါ အသက်ရှင်မနေခဲ့ရ တာကိုတော့ အင်မတန် ဝမ်းနည်းမိတယ်ကွယ်တို့ရယ်"ဟု တပည့်များအား ပြောခဲ့သေး သည်။

တက္ကသိုလ်ရောက်ပြီး ပထမဆုံး စာပေပို့ချသောအခါ သူ့အတန်းသို့ လူနှစ်ဦး သာ တက်ရောက်နားထောင်သည်။ ထိုသူနှစ်ဦးမှာ သူ့သူငယ်ချင်း ဘက်ဆိုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြေးနန်းအရာရှိငယ်တစ်ဦး ဖြစ်သည်။ အခြားလူများကမူ သင်တန်းများစသော ကျောင်းဖွင့်ချိန်ကျမှ တက်လာကြသည်။ သို့သော် ဘယ်သူမှ ကြာကြာထိုင်ပြီး နား မထောင်ကြ။ အချိန်တစ်ဝက်လောက်ရောက်လျှင် ထပြန်ကြသည်။

တစ်ညတွင် ဇူးရစ်တက္ကသိုလ်မှ ရူပဗေဒပါမောက္ခဖြစ်သူ ကလီနာသည် အိုင် စတိုင်း သင်ကြားပို့ချပုံကို လေ့လာရန် ရောက်လာသည်။ နောင်သောအခါ ကလီနာက ပြောပြဖူးသည်။

"အိုင်စတိုင်း အတန်းကိုတက်ပြီး နားမထောင်ကြတာလည်း မပြောနဲ့လေ၊ သူက ဘာမှသင်တာမဟုတ်ဘူး။ သူပြောဟောနေတာတွေက သူ စိတ်ဝင်စားတဲ့ အကြောင်းအရာအစုံပဲ။ အဲ ပြောရင်းရင်းကလည်း အမှားမှား အယွင်းယွင်းဖြစ်လို့ သူ့ဘာသာသူ ပြင်ရသေးတယ်။ သူကတော့ သူပြောတဲ့စကားတွေ နားထောင်နေတဲ့ လူ့တွေဟာ ဒီမှာ အညွှန်းလောက်ပြောပြလိုက်ရင် သူတို့ဘာသာသူတို့ လေ့လာယူ ကြမှာပဲထင်တယ်နဲ့ တူပါရဲ့။ အဲဒီနည်းက လူများလက်ခံတဲ့နည်းမဟုတ်ဘူး"ဟု ဆိုသည်။ အိုင်စတိုင်းအားလည်း သူက-

"တည့်တည့်ပဲ ကျွန်တော်ပြောမယ် မစ္စတာ အိုင်စတိုင်း ကထိကတစ်ဦးအနေ နဲ့တော့ ခင်ဗျား တစ်စိမှမကောင်းတာ အမှန်ပဲ"ဟုလည်း ဝေဖန်လိုက်သည်။

"မှန်ပါတယ်။ ကျုပ်ကလည်း ဇူးရစ်မှာ ပါမောက္ခရာထူးရဖို့ရာ မတောင့်တ ပါဘူး"ဟု အိုင်စတိုင်းက ပြန်ဖြေသည်။

၁၉၀၉ ခုနှစ် နွေရာသီတွင် ရီလေတီဗတီ သီဝရီကို ကာလသဘောတရားနယ်၊ ဌာန (အာကာသ) သဘောတရားနယ်မှာ ကမ္ဘာမြေကြီး၏ ဆွဲဆောင်ခြင်းသဘောအထိ တိုးချဲ့ရန် ကြိုးစားနေသဖြင့် အလွန်အလုပ် များနေလေသည်။ တစ်ဖက်ကလည်း ဒုတိယမွေးလာသော သားကလေး အက်ဒဝပ်၏ သွားရေခံအဝတ်ကို လဲရသည့်အလုပ် က ပိုလာသည်။

ထိုအချိန်မှာပင် ဖင်ဂါးရောက်လာပြီး အိုင်စတိုင်းသည် ဇူးရစ်တက္ကသိုလ်တွင် သဘောတရားရေး သိပ္ပံဆိုင်ရာ လက်ထောက်ပါမောက္ခရာထူးကို ရတော့မည်ဖြစ် ကြောင်း ပြောသည်။ သူကတော့ အရေထူလာပြီ။ ဖင်းဂါးပြောသည်ကို နားထောင်လိုက် သည်။ စိတ်လှုပ်ရှားမှုတော့ သိပ်မရှိ။ သူ့သူငယ်ချင်း ဖရက်ဒရစ် အက်ဒလာသည် ဇူးရစ်တွင် လစာမဲ့ ကထိက လုပ်နေသည်ကို သူသိသည်။ ဖြစ်ထိုက်သည့်အတိုင်း အက်ဒလာအား ပထမရာထူး တိုးမြှင့်ပေးဖို့ကိုသာ သူတိုက်တွန်းအကြံပေးလိုက်သည်။ ဖရက်ဒရစ် အက်ဒလာသည် အိုင်စတိုင်းအကြောင်း ကြားသွားသည်။ သူ့မှာ တခြား ငွေဝင်လမ်းသည် ရှိသည်။ ဆိုရှယ်လစ်ဝါဒကိစ္စအတွက် ဆောင်ရွက်ဖွယ်ရာများလည်း ရှိသေးသည် ဖြစ်သောကြောင့် အိုင်စတိုင်းကိုပင် ထိုရာထူး၌ ခန့်ပေးပါရန် အက်ဒလာက ဆိုင်ရာသို့ အကြောင်းကြားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်း အသက်သုံးဆယ်ပြည့်သောနှစ်တွင် စိတ်မပါ့တပါနှင့်ပင် ဘန်းမှ ဇူးရစ်သို့ ပြန်ပြောင်းခဲ့ရလေသည်။ ကျောင်းမှ အလုပ်အားသည့်အချိန်များတွင် ကလေး တစ်ယောက်ကို တွန်းလှည်းကလေးပေါ်မှာတင် သူ့ရှေ့က ကလေးစောင်ပေါ်တွင် စာအုပ် တစ်အုပ်ကိုဖွင့်ပြီး တွန်းလျှောက်နေသည်ကို မကြာခဏ တွေ့ရတတ်၏။

သူ့အတွေး၌ ဉာဏ်စဉ်တက်လာသော သူ့အဆို 'ချာန်' သမာပတ် ဝင်စားလာ သောအခါ သူသည် ဘယ်ရယ်လို့မသိတော့ ကလေးကို တွန်းလှည်းပေါ်တင်ကာ မြို့မှ မိုင်များစွာဝေးသော နေရာအထိ ရောက်သွားတတ်သည်။

ကျန်အချိန်များတွင်တော့ စကားစမြည်ပြောပြီး ပျော်ပျော်ရွှင်ရွှင်နေ၏။ တစ်ခါ တစ်ခါ နို့သည်ကလေးပဲဖြစ်ဖြစ်၊ တက္ကသိုလ်အုပ်ချုပ်ရေးမှူးပဲဖြစ်ဖြစ် လမ်းပေါ်၌ရပ်ပြီးပင် လိုက်စကားပြောသည်။ ဘယ်သူနှင့်ပဲ စကားပြောပြော သူ့ဟန်ပန် အသံနေအသံထား အမူအရာတွေကမပြောင်း တစ်မျိုးတည်း ဖြစ်ပေသည်။

တစ်နေ့သ၌ ဇင်းဂါးသည် တက္ကသိုလ်သို့ တုန်တုန်ရီရီနှင့် ရောက်လာသည်။ သူသည် အိုင်စတိုင်းနှင့် တွေ့ဆုံဆွေးနွေးရန် အိမ်သို့ သွားခဲ့သည်။ သူ့အခန်းတံခါးလည်း မင်းတုံးမချဘဲ ပွင့်နေသည်။ သူသည် အခန်းထဲအထိ ဝင်သွား၏။ ကုလားထိုင်တစ်လုံး ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ကာ အသက်မရှိတော့လေဟန် တောင့်တင်းတင်းကြီး ဖြစ်နေ၏။ အခန်းပတ်ပတ်လည် ပြတင်းပေါက်မှန်တံခါးများကိုလည်း ပိတ်ထားသည်။ ဧည့်ခန်းမှ အငွေ့ဓာတ်ပေးသော မီးဖိုက ကာဗွန်မိုနော့ဆိုက် (မီးခိုး)များလည်း တစ်ခန်း လုံး မွှန်နေ၏။ ဇင်းဂါးသည် အခန်းတံခါးများကို ကမန်းကတန်း လျှောက်ဖွင့်လိုက်ပြီး အိုင်စတိုင်း အသက်ရှိမရှိ ခေါင်းကို လှုပ်နှိုးလိုက်၏။

ထိုအခါမှ အိုင်စတိုင်း မျက်လုံးများပွင့်လာပြီး သူသည်အတွေးနက်နေကြောင်း ပြောပြသည်။

ဓာတ်ဗေဒပါမောက္ခတစ်ဦးဖြစ်သူ ဒေးဗစ်ရိုက်ချင် စတိုင်းကလည်း အိုင်စတိုင်း အကြောင်း ဒဏ္ဍာရီလို ဓာတ်လမ်းတစ်ပုဒ် ပြောပြဖူးသေးသည်။ သူ အိုင်စတိုင်းအိမ်သို့ ရောက်သောအခါ အိုင်စတိုင်းကတော်မှာ အပြင်သွားနေချိန်ဖြစ်၍ အိုင်စတိုင်းက ကလေး များကို ကြည့်နေရသည်။

"အိမ်တံခါးမကြီးကလည်း ပွင့်လို့ ကြမ်းပြင်ကတော့ ဆေးကြောပွတ်တိုက်ထား တာ ခြောက်တောင်မှ မခြောက်သေးဘူး၊ ကျွန်တော်ကလည်း အိုင်စတိုင်း အခန်းထဲကို ဝင်သွားရော လား လား သူက ဟိုမှာ တွေးခေါ်ရှင်ကြီးလို အတွေးထဲမှာ နစ်နေတာကို သူ့လက်တစ်ဖက်ကတော့ ကလေးတစ်ယောက်ကို ထည့်ထားတဲ့ ဆောင်ပန်းကိုလွှဲလို့ ကျန်တဲ့လက်တစ်ဖက်မှာ စာအုပ်တစ်အုပ်ဖွင့်ပြီး ကိုင်လို့၊ ဒီအချိန်မှာ သူ့ပါးစပ်မှာ ကိုက်ထားတဲ့ ဆေးလိပ်တိုကလည်း ကိုက်ထားလွန်းလို့ ကြေမွပြီး ရွံစရာကြီးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုထဲမလဲ မီးနဲ့ မီးခိုးနဲ့ လုံးနေတာပဲ၊ ဘယ်နှယ် ဒီပုဂ္ဂိုလ်ဟာ ဒီလိုဘဝမျိုးမှာ နေလည်းနေနိုင်တယ် မပြောတတ်တော့ပါဘူး"ဟု ရိုက်ချင်စတိုင်းက ပြောပြလေသည်။

ရိုက်ချင်စတိုင်းကလည်း တကယ့်ပညာရှင် အတွေးအခေါ်သမားတစ်ယောက်ပင် ဖြစ်၏။ သို့ပါလျက် သူကပင် အိုင်စတိုင်းကို ခေတ်သစ် ဆိုကရေးတီးတစ်ယောက်ပဲဟု မှတ်နေ၏။ သူနှင့် စကားပြော ဆွေးနွေးရသည်မှာလည်း စိတ်တက်ကြွဖွယ် ရှိလှ၏။ သို့သော် အိုင်စတိုင်း ဆေးလိပ်ကြိုက်ပုံကို ကြည့်ပြီး သူ့မှာ စိတ်ကုန်မိသည်။ တစ်ခါ တလေများ ဆေးလိပ်တိုကို ပါးစပ်ထောင့် ဘယ်ညာ ရွှေ့ပြောင်းဝါးနေပုံကပင် သူ့ကို ညှို့ထားသလို ဖြစ်နေ၏။

တစ်ခါကလည်း နှစ်ယောက်သား မြို့စွန် တောပိုင်းမြေလမ်းပေါ်တွင် စကား ပြောရင်း လမ်းလျှောက်သွားကြရာ ကိုက်ထားလွန်းသောကြောင့် အရင်းပိုင်းပွပြီး သွားရေ များနှင့် ရွှဲနေသော ဆေးလိပ်တိုသည် အောက်သို့လွတ်ကျသွားရာ ဖုန်ပေါ်ကျသဖြင့် မှင်နှိပ်စက္ကူက မှင်ကိုစုပ်ယူသလို ဆေးလိပ်တိုဖင်ပိုင်းက ဖုန်မှုန့်များကို စုပ်ယူလိုက်၏။ ဖုန်ထဲလူးနေသော ဆေးလိပ်ကို နှမြောတသစွာဖြင့် အတန်ကြာ သူရပ်ကြည့်နေသေး၏။ ခြေဖနောင့်နှင့်ပင် နင်းခြေလိုက်တော့မည်ပြု၏။ ပြီးမှ စိတ်ပြောင်းသွားသလားမသိ၊ ဆေးလိပ်တိုကို ဆတ်ခနဲ ပြန်ကောက်လိုက်သည်။ ဖုန်လူးနေသောဖင်ပိုင်းမှ ဖုတ်များကို လက်နှင့် သုတ်ခါလိုက်ပြီး ပါးစပ်ထဲ ပြန်ငုံလိုက်ပြန်လေတော့သည်။

"အား ခင်ဗျားပါးစပ်ထဲ ပိုးတွေဝင်ကုန်ရောပေါ့ဗျာ"

ရိုက်ချင်စတိုင်းက အလန့်တကြားဆို၏။ သူကမူ ဟန်ရေးမပျက် "ကိစ္စမရှိ ပါဘူးဗျ"ဟုသာ အမှုမထားဘဲဆိုသည်။

အိုင်စတိုင်းကား လူတစ်မျိုးသာဖြစ်သည်။ ထုံးစံတို့ အစဉ်အလာတို့ အများက လုပ်သဖြင့် လိုက်လုပ်ရသည့် အလုပ်မျိုးကိုလည်း ဂရုမစိုက်။ သူလုပ်ချင်သလို လုပ်သည်။ နေတတ်သလိုနေသည်။

ဖူးရစ်က လူများသည် ပွဲလမ်းသဘင်သွားသောအခါ၌ ခြေမျက်စိအထိအုပ်သော ဘောင်းဘီရှည်မျိုး ဝတ်တတ်ကြသည်။ သို့သော် အိုင်စတိုင်းသည် ဒါတွေကို ဂရုမစိုက်။ ရုပ်ရှင်ပြဇာတ်သို့ အိမ်မှတစ်ဆင့် သွားသည့်အခါများမှာ မီလီဗာက ပြင်ဆင်တိုက်ချွတ် ပေးသောကြောင့် သန့်သန့်ရှင်းရှင်း ရှိပါ၏။ သို့ရာတွင် တစ်ခါ တစ်ခါ အိုင်စတိုင်းသည် ရုပ်ရှင်ရုံသို့ ကျောင်းမှတစ်ဆင့် အိမ်မပြန်တော့ဘဲ တန်းလာသည်။ သည်အခါများတွင် သူ့တစ်ကိုယ်လုံး ညစ်ပတ်နေလေတော့သည်။ ကျောင်းမှလာပြီး ရုပ်ရှင်ရုံမှာမှဆုံကြရာ သူ့အဝတ်အစားများမှာ တွန့်ခေါက်ကြေမွနေလေ၏။

ရုပ်ရှင်ရုံထဲတွင် သူစားဖို့ဆိုပြီး မီလီဗာက ပေါင်မုန့်အသားညှပ်ကလေး၊ ဘာ ကလေးတွေကို ရုံထဲသို့ တိတ်တိတ်ခိုးသွင်းယူခဲ့ရသည်။ မီလီဗာခမျာ အစားအသောက်

www.burmeseclassic.com

www.burmeseclassic.com



တွေကို ရုပ်ရှင်ရုံထဲသို့ တိတ်တိတ်ခိုးသွင်းခဲ့ရသည်ကို နားမလည်။ သူမှာ အရိပ်သုံးပါး နားလည်သည်မရှိ။ အားလပ်ချိန်တွင် ပါးစပ်ထဲ ပေါင်မုန့်အပြည့်နှင့် လာသမျှလူတွေကို လိုက်နှုတ်ဆက်နေပြန်လေသည်။

သူကား လူထူးလူဆန်း။ သည်လိုထူးခြားချက်များကြောင့်လားမသိ ပါမောက္ခ အသစ်ဖြစ်သော်လည်း ကျောင်းသူကျောင်းသားများက သူ့ကို သဘောကျနေကြသည်။ ပြီးတော့ ဖူးရစ်ရောက်ကာမှ ဘန်းမြို့တုန်းကနှင့်မတူ၊ စာပြပုံ၊ သင်ကြားပို့ချနေပုံက သိသိသာသာ ပြောင်းလဲတိုးတက်နေ၏။ ဘန်းမှာတုန်းကဆိုလျှင်တော့ ညမှာသာ စာပေသင်ကြားပို့ချရပြီး မှန်မှန်အတန်းတက်သော ကျောင်းသားများနှင့်လည်း အဆက် အဆံ မလုပ်ခဲ့ရ။

ယခု ဖူးရစ်ရောက်မှ သူ့သင်တန်းဆိုလျှင် ကျောင်းသူကျောင်းသားများ အခန်း မဆံ့အောင်ပင် တိုးဖွေ့တက်ကြသည်။ သူကလည်း အရင်တုန်းက ပြပုံသပုံဟန်မျိုး မဟုတ်၊ တိုးတက်နေလေပြီ။ စာပြသည့်အခါ လက်ဟန် ခြေဟန်ကို အများဆုံးထုတ်သုံး ရုံသာမက ပရိသတ်အကြိုက် နှစ်မြို့က်စရာဖြစ်အောင်ဆိုပြီး သူကလည်း သူ့စိတ်ကူး ဉာဏ်ဆန်းကလေးများကို ထုတ် ထုတ်ပြသည်။

သင်တန်းတစ်ခုတွင် ဟောပြောပို့ချသည့်အခါ ယခင်ကလို စိတ်ကူးရောက်ရာ အကြောင်းအရာမျိုးစုံကို မပြောတော့။ အဓိကပြဿနာတစ်ခုကို တိတိကျကျယူပြီး ယင်းအချက်ကိုပင် အားလုံးနားလည်အောင် အသွယ်သွယ် အလှည့်လှည့် စိတ်ဝင်စား စဖွယ် ပြောသွားတတ်ပြီ။ သည်လို တတ်နိုင်သမျှ ရှင်းအောင်ပြောသည့်တိုင် သာမန် ဉာဏ်အဆင့်သာရှိသော ကျောင်းသားများကမူ သူ့ကို လိုက်လို့မမီ။ သူပြောသမျှ မငံ့မိကြ။ ဉာဏ်ရည်ထက်သော ကျောင်းသားများအဖို့တော့၊ မှတ်စရာသားစရာတွေ တစ်ပုံကြီးကို တစ်ချိန်တည်းမှာပင် သူ့ဆီက ရလိုက်လေတော့သည်။

ကျောင်းသားများ၏ ဉာဏ်ရည်ထက်မြက်ပုံကို သူက လေးစားသည့်အတွက် သူ့ကိုလည်း ကျောင်းသားများက ရိုသေလေးစားကြသည်။ သူစာပြလျှင် ခေါင်းထဲသို့ အတုံးလိုက်အတစ်လိုက် ရိုက်မသွင်း။ သူတို့ကိုယ်တိုင် စဉ်းစားတွေးခေါ်တတ်လာအောင် သူလုပ်ပေးမှန်းလည်း ကျောင်းသားများမှာ နားလည်သဘောပေါက်နေကြလေပြီ။ အိုင် စတိုင်းအနေနှင့် တိတိကျကျက ချမှတ်ထားသော သင်ရိုးအတိုင်းမသင်၊ တခြားပါမောက္ခ များကိုသာ သင်ကြားစေလေသည်။

အတန်းထဲမှာတော့ သူ့အနေနှင့် ရိုလေတိဗတီကို မသင်။ မိတ်ဆွေ အပေါင်း အသင်းများက ရိုလေတိဗတီအကြောင်း ပြောပြပါရန် တိုက်တွန်းသောအခါမှ ဖူးရစ်ရှိ ပျော်ပွဲစားရုံတစ်ခုတွင် ဝိုင်းဖွဲ့ပြီး ဆွေးနွေးသင်ပြလေ့ရှိသည်။

ယခုဆိုလျှင် ကမ္ဘာ့အရပ်ရပ်ရှိ ထင်ရှားကျော်ကြားသော သိပ္ပံပညာရှင်ကြီးများ နှင့်လည်း အိုင်စတိုင်းသည် စာအဆက်အသွယ်လုပ်ကာ သိပ္ပံပညာပြဿနာများကို

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးလျက်ရှိ၏။ ထိုသိပ္ပံပညာရှင်ကြီးများက သူ့ သဘောတရားတွေကို လှိုက်လှိုက်လှဲလှဲ အားပေးထောက်ခံမှုရလာပြန်တော့ သူ့မှာ ပိုလို့ပင်အားရှိလာရသည်။ သူ့အနေနှင့် သူ၏ထူးခြားသည့် ဉာဏ်ရည်နှင့်ပါရမီကို သိမြင်နေပြီ။ သို့သော် သူသည် ဘဝင်မမြင့်။ စိတ်ကြီးမဝင်။

သဘာဝတရားက သူ့ကို ကြံစည်ဖန်တီးမှုစွမ်းအားထက်သော ပါရမီရှင်တစ်ယောက်ဖြစ်လာအောင် မှန်သော ဓာတ်ခံအရည်အသွေးကို ပေးထား၏။ ဤပါရမီဓာတ်ခံရှိပြီးဖြစ်ရကား ကျန်သောအပိုင်းကို အားစိုက်ကြိုးပမ်း လုပ်ဆောင်ဖို့သာ လိုပေတော့သည်။ သူ့ကိုယ်သူ လူများအထင်ကြီးအောင် လုပ်နေစရာလည်း မလိုတော့။ တစ်ကမ္ဘာလုံးက အသိအမှတ်ပြုနေကြပြီ။

ဇူးရစ်မြို့ရှိ စားပွဲရုံတစ်ရုံတွင် ပထမဆုံး ရီလေတီဗတီအကြောင်း ဟောပြောပွဲလုပ်စဉ်က သူသည် အချိန်(ကာလ)၏ အညမညဖြစ်စဉ် သဘောတရားကို အကျယ်တဝင့် ရှင်းပြသည်။ ပရိသတ်များမှာ သူ့ဟောကြားချက်ထဲတွင် နစ်မျောနေကြသည်။ ပုံပေါ်အောင် သူကလည်း အလွဲလွဲ အဖယ်ဖယ်သော ပြယုဂ်များဖြင့် ရှင်းပြပြီး ရုတ်တရက်ရပ်လိုက်ကာ

"ကဲ အချိန်လည်း အတော်ပဲနှောင်းသွားပြီထင်ပါရဲ့။ အချိန်ဆိုတာကို သိကြပါပြီလားခင်ဗျာ"ဟု သူက မေးလိုက်လေသည်။

ဇူးရစ်တွင် လက်ထောက်ပါမောက္ခရာထူးတွင် တစ်နှစ်လုပ်ပြီးနောက် ပရတ်ဂ်မြို့ရှိ ဂျာမန်တက္ကသိုလ်တစ်ခုက အိုင်စတိုင်းအား လက်တွေ့ရူပဗေဒဘာသာတွင် ပါမောက္ခရာထူးကို ပေးလာသည်။ ဤကမ်းလှမ်းချက်သည် သူ့စိတ်ကို အတော်ပင် ဆွဲဆောင်နိုင်သည်။ လခကလည်း ယခုရနေသည့် လခထက် နှစ်ဆလောက်ပိုရမည်။

သို့သော် ဤရာထူးကို မီလီဗာကမူ လက်မခံစေချင်။

"ဒါက ရှင်ကျွမ်းကျင်တဲ့နယ်မှမဟုတ်ဘဲ အဲလဗတ်ရယ် ရှင်က သဘောတရားရေး သိပ္ပံပညာရှင်ပဲဟာ"ဟု မီလီဗာက စောဒကတက်သည်။

"မှန်တယ်၊ မင်းပြောတာ မှန်တယ် မီလီဗာ၊ ဒါပေတဲ့ ငါ့အနေနဲ့ လက်တွေ့ရူပဗေဒလည်း လုပ်ရင်ဖြစ်ရမှာပေါ့"

သူက ပြန်ချေသည်။

သူငယ်ချင်းတစ်ယောက်ကမူ

"တစ်ခုတော့ရှိတာပေါ့ အဲလဗတ် ခင်ဗျားအနေနဲ့ လက်တွေ့သိပ္ပံပညာရှင်နဲ့ အလှမ်းဝေးခဲ့တာလည်း အချိန်ကမှ မနည်းတော့တာ ဒီတော့ သဘောတရားရေးပိုင်းလောက် အောင်အောင်မြင်မြင် ဖြစ်ဖို့ရာတော့ဖြင့် မလွယ်ဘူးထင်တယ်"ဟုလည်း အကြံပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ဟုတ်ပါတယ်။ မဖြစ်ဖူးဘဲထားတော့၊ ကျူပ်ဒီရာထူးတော့ လက်ခံမယ်"

အိုင်စတိုင်းအနေနှင့် ခါတိုင်းလိုပင် သူ့သီးခြားဘဝထဲတွင် သဘောတရားရေး သိပ္ပံပညာနှင့်သာ ရှုန်းကန်နေရမည်ဖြစ်ပေမင့် လောလောဆယ်အားဖြင့် ပါမောက္ခ ရာထူးကို လက်ခံရမည်ဟုဆုံးဖြတ်ကာ ပရက်ဂ်သို့ အိမ်ထောင်စုတစ်ခုလုံး ပြောင်းခဲ့လေ တော့သည်။

သို့ရာတွင် သူ့ဆုံးဖြတ်ချက်မှာ မိလီဗာအတွက် အလွန်အရေးကြီးသော ဆုံးဖြတ် ချက်ဖြစ်၏။ ထို့ကြောင့် တိတိကျကျ ဆုံးဖြတ်နိုင်းသည်။ နောက်ဆုံးတွင် သူ့မိသားစု အဆင့်အတန်းမြင့်ရေး သာယာချောင်ချိရေးအတွက်ပဲဖြစ်ဖြစ်၊ စမ်းကြည့်သည့်သဘော အနေနှင့်ပဲဖြစ်ဖြစ် ပရက်ဂ်သို့ပြောင်းရန် သူဆုံးဖြတ်လိုက်လေတော့သည်။

ပရက်ဂ်တွင် သူတို့မိသားစုအတွက် တက္ကသိုလ်ကပေးသောအိမ်မှာ ကျယ်ကျယ် ဝန်းဝန်းရှိသည်။' အိမ်ဖော်တစ်ယောက်လည်း ပေးသည်။ သူတို့မိသားစုအနေနှင့်လည်း လျှပ်စစ်မီးထိန်ထိန်နှင့် နေရသောအချိန်သည် ယခု ပထမဆုံးအကြိမ်ဖြစ်၏။ ဘန်းမှာ တုန်းကဆိုလျှင် ရေနံဆီမီးခွက်ကလေးကိုသာ အသုံးပြုခဲ့ရသည်။ ဇူးရစ်ရောက် အောက် လင်းဓာတ်မီးအိမ်နှင့် နေရသည်။ ဒါတွေကတော့ ပရက်ဂ်ရောက်မှရလာသည့် စည်းစိမ် တွေဟု ဆိုရမည်။

ပရက်ဂ်မှာ လျှပ်စစ်မီးထိန်ထိန်နှင့် နေရသည်ကလွဲ၍ ဘာတစ်ခုမှ အခြား စည်းစိမ်မရှိ။ ပိုက်ကလာသော ရေကလည်းမသန့်၊ ရေဖလုံထဲထည့်ထားလျှင် အောက်ခြေ တွင် ချေးတွေတင်ကျန်ရစ်တတ်သည်။ သောက်ရေကို သီးသန့်ပုလင်းများနှင့် ဝယ် သောက်ရသည်။ ချက်ဖို့ပြုတ်ဖို့ ရေဆိုလျှင်လည်း လမ်းပေါ်က ဘုံဘိုင်မှာ ဆင်းခပ်မှ ကောင်းကောင်းရသည်။

ဘယ်နေရာကြည့်ကြည့် တစ်မြို့လုံး သူတောင်းစားမတွေ့ရသော နေရာရယ် လို့ တစ်နေရာမှမရှိ။ ရောဂါအနာကလည်း ထူပြောပါဘိခြင်း။ ၁၉၁၀ ခုနှစ်မှာဆိုလျှင် တစ်မြို့လုံး ဒူရောင်နမ်းဖျားရောဂါနှင့် ပလိပ်ရောဂါ ဖြစ်ကြသည်။ အဆိုးဆုံးမှာ ကြက်သန်းငှက်သန်း ပိုးမွှားများ ဖြစ်သည်။ ဤ'သန်း'တွေကိုတော့ဖြင့် အိုင်စတိုင်း တစ်သက် ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်ချေ။

တစ်ညတွင် အိမ်ဖော်မကလေး၏အခန်းတွင် မီးလောင်သည်။ အိုင်စတိုင်းသည် မီးငြိမ်းသတ်ရန် ရေတစ်ပုံးဆွဲပြီး အခန်းတွင်းသို့ဝင်ပြီး မီးငြိမ်းသတ်သည်။ အခန်းထဲတွင် နေခဲ့သောအချိန်မှာ တစ်အောင့်ကလေးသာဖြစ်သည်။ သူပြန်ထွက်လာသောအခါမှာတော့ သူ့တစ်ကိုယ်လုံး ကြက်သန်းတွေ ရွှနေတော့သည်။ ညကြီးမင်းကြီး ရေထချိုးရသေး၏။

ပြီးတော့ ဇူးရစ်မှာနေသူများမှာတစ်မျိုး၊ ဖော်ဖော်ရွေရွေ လိုက်လိုက်လျောလျော မရှိ၊ ခပ်တန်းတန်း ခပ်စိမ်းစိမ်း နေကြသည်။ များသောအားဖြင့် မြို့သူမြို့သားများမှာ

www.burmeseclassic.com

www.burmeseclassic.com



ချက်အမျိုးသားများ၊ ဂျာမန်များနှင့် ယေဝတီများ ဖြစ်ကြသည်။ ကိုယ်အစုနှင့်ကိုယ် နေကြရုံသာမက တစ်စုကတစ်စုကို မခံရပ်မခံသာအောင် စောင်းမြောင်းတတ်သည်။ ရန်စတတ်သည်။

တက္ကသိုလ်တွင် အိုင်စတိုင်းက ဘယ်ဘက်မှမလိုက်ဘဲ ဖြောင့်ဖြောင့်မတ်မတ် နေသည်ကိုပင် ကျွန်ဂျာမန် ပါမောက္ခများက မျက်စိစပါးမွေးစူးသည်။ မရှုစိမ့်ကြ။ အိုင်စတိုင်းကမူ ဒါတွေသည် သူငယ်နာအရိုးအရင်းတွေဟုသာ မှတ်သည်။

သူ့အနေနှင့် ပရတ်ဂ်တွင် တသီးတသန့်နေသည်။ အချိန်ရှိသရွေ့ သူ့အလုပ်ထဲမှာ ကိုယ်ရောစိတ်ပါ မြှုပ်ထားသည်။ ကျန်အချိန်များမှာတော့ သုတေသနကိစ္စများကိုပင် ဆောင်ရွက်နေလေသည်။

ရူပဗေဒ လက်တွေ့စမ်းသပ်ခန်းထဲတွင် အိုင်စတိုင်းနှင့်အတူ စမ်းသပ်ရှာဖွေနေရ သည်ကို ကျောင်းသားများက သဘောကျနှစ်ခြိုက်ကြသည်။ သို့သော် လက်တွေ့စမ်းသပ် ခန်းတွင်းသို့ သူ တစ်ခါတလေသာ ဝင်သည်။ ပျက်ကွက်သည်က များသည်။ သူ့ဘဝတွင် သဘောတရားရေးသိပ္ပံကသာ အစဉ်ရှေ့တန်းသို့ ရောက်နေလေတော့သည်။

သူ့စိတ်ထဲတွင် အောက်သို့ဆင်းသွားသော ဓာတ်လှေကားထဲတွင် စီးနင်း လိုက်ပါသူတစ်ယောက်အကြောင်း စဉ်းစားနေမိသည်။ ထိုသူ စီးနင်းလိုက်ပါနေသော ဓာတ်လှေကားသည် စက်၏လှုပ်ရှားမှုအရှိန်ကြောင့်ပင် အောက်သို့ကျဆင်းနေလေ သလား။ သို့တည်းမဟုတ် ဓာတ်လှေကားအိမ်ကို ကမ္ဘာမြေကြီးက ဆွဲဆောင်မှုကြောင့် ပင် ကျဆင်းနေသလား။ မည်သို့ဆိုဆို ဓာတ်လှေကားထဲတွင် ပါလာသူ၏ အတွေ့ အကြုံထဲမှာတော့ နှစ်ခုစလုံး အတူတူပင်။ ဘာမှမထူးခြား။ ထို့ကြောင့် ဘာဖြစ်လို့ အောက်ကိုဆင်းလာရသည်ဆိုသည်ကို သူသည် ဘယ်နည်းနှင့်မျှ အတိအကျမပြောပြနိုင်။

အိုင်းစတိုင်း၏ ထိုးထွင်းဉာဏ်က ဤကိစ္စနှင့်ပတ်သက်၍ လောကအကြောင်း သိကောင်းစရာ အသိပညာတွေ တစ်ပုံကြီးရှိနေကြောင်း ပြောပြနေ၏။

ဆွဲဆောင်ခြင်းသဘောနှင့် လှုပ်ရှားမှုအရှိန်သည် တူသောအကျိုးကိုသာ ဖြစ်စေ ကြ၏။ ဆွဲဆောင်ခြင်းသည်လည်း အရှိန်တစ်မျိုးသာဖြစ်နေ၏။ သဘောမှာ အတူတူပါ တကား။ သူ့အနေနှင့် ဤအယူအဆကို သက်သေပြနိုင်ပါမည်လား။

လက်တွေ့စမ်းသပ်ကြည့်ပါက ရုတ်တရက် ဖြစ်ပေါ်လာသော အရှိန်တစ်ခုသည် အလင်းရောင်တန်းတစ်ခုကို ဖြစ်ပေါ်သွားစေ၏။ ဆွဲဆောင်မှုမှာလည်း ဤနည်းဖြစ်၏။ ထို့ကြောင့် တစ်နေရာထဲတွင် အသေတည်နေသော ကြယ်တစ်လုံးမှ ထွက်လာသော အလင်းရောင်တန်းသည် နေ၏ဆွဲဆောင်မှုစက်ကွင်းကို ဖြတ်ကျော်ရသောအခါ အနည်း ငယ် လမ်းကြောင်းပြောင်းသွားသည်။

ဤသဘော မှန်မမှန်ကို စမ်းသပ်လိုပါက နေကြတ်သောနေ့တွင် စမ်းသပ် ကြည့်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့သဘောတရားတွေကတော့ဖြင့် အကျဉ်းချုံးလိုက်လျှင် ဘာမှ မခက်သလို လွယ်သလိုရှိ၏။ သိပ္ပံပညာရှင်များကမူ ဒီသဘောတရားတွေဟာ သူလိုပါရမီရှင် တစ်ယောက်၏ ဉာဏ်ကွန့်မြူးချက်ကလေးတစ်ရပ်ပေပဲဟုများ ဆိုလေမလား မပြော တတ်။ ဤပါရမီရှင်အကြောင်းကိုတော့ မီလီဗာတစ်ယောက်သာ အသိဆုံးဖြစ်သည်။ ထို့ကြောင့် အထက်နည်းပြောလာသူတွေကိုတွေ့လျှင် မီလီဗာက မခံချင်စိတ်နှင့်ဆိုသည်။

"ကျွန်မယောက်ျား တစ်ပိုင်းသေအောင် နေ့မအား ညမအား ကြိုးစားခဲ့ရတာ တွေကိုတော့ ထည့်မတွက်ကြတော့ဘူးလားရှင်"

သိလို့ မျိုးမဝနိုင်၊ သိချင်လို့ မျိုးမဆုံးနိုင်၊ သိပြီးရင်း သိချင်ရင်း သိအောင် ကြိုးစားရင်း ဘယ်တော့မှလည်း မအားခဲ့ရ။ တကယ်တော့ ဒါတွေသည်ပင် 'ပါရမီထူး' တွေ မဟုတ်ပါချေလော။

သူ၏နောက်ဆုံးတွေ့ရှိချက်များအပေါ်တွင် လူများ နားမရှင်းဘဲ ကောင်းကောင်း သဘောမပေါက်နိုင်ခဲ့ကြသေး။ ယခုဆိုလျှင် လေးနှစ်ပင်ကြာခဲ့ပြီ။ ရီလေတီဗတီကို ဖော်ထုတ်ဖို့ကြိုးစားနေစဉ်ကမူ သူ၏ ဒေါက်တာဘွဲ့ရ စာတမ်းထက်ပင် မသေးသော စာတမ်းနှစ်ဆယ့်ငါးခုလောက်ကို သူ ဖယ်ထားခဲ့ရ၏။

ပရတ်ဂ်တွင် နေစဉ်မှာတော့ သူသည် သူ စတင်ထားသော 'ဆွဲဆောင် ခြင်းနှင့် အရှိန်' သဘောတရားကို အချောကိုင်သည်။ ကြယ်၏ အလင်းရောင် လမ်းလွဲသွား ခြင်းကို သက်သေထူပြဖို့လည်း စဉ်းစားသည်။

သူ့သဘောတရားကို ရူပဗေဒမဂ္ဂဇင်းတွင် ဖော်ပြလိုက်ပြန်သည်။ ဤဆောင်းပါး ၏ အဆုံးသတ်တွင် ထပ်ဖြည့်ထားသော စာကြောင်းများမှာ သမိုင်းတွင်ရစ်စရာပင်

> "ဤဆောင်းပါးတွင် ဖော်ပြထားသော ပြဿနာများမှာ မပြည့်စုံသေး သော မူကြမ်းအတွေ့အမြင်များပင် ဖြစ်ကြစေကာ နက္ခပညာရှင်ကြီးများက နှလုံးသွင်း၍ အလေးအနက်ထား လေ့လာကြည့်ထိုက်ပေသည်"

အိုင်စတိုင်းခေါင်းထဲတွင် ရူပဗေဒနှင့်ပတ်သက်သော သဘောတရားအမြင်များ မည်ရွေ့မည်မျှ ကျယ်ဝန်းစွာ တည်ရှိနေပြီကို ပရတ်ဂ်က လူတစ်စုလောက်သာ အရိပ် အမြွက် သိကြသည်။ သူ၏ရူပဗေဒအမြင်များက သူ့ဂီတထဲသို့ပင် တိုးဝင်မွှေနှောက်နေ ကြပြီ။ ဂီတကိုပင် စည်းဝါး၊ နရီကိုက် ပြည့်ပြည့်စုံစုံ တီးချင်သည်။ ဂီတမှ နရီကိုက်၊ စည်းဝါးကိုက် ညီမျှရသလို စကြဝဠာကြီးတစ်ခုလုံးမှာလည်း စည်းကိုက်ဝါးကိုက်၊ ညီညွတ်မှု၊ အဆင်ပြေမှု ရစေချင်သည်။ သူ့ဘဝထဲမှာတော့ မောဇတ်ပင်။ မောဇာတ် သီချင်းဆိုလျှင် လှလှပပ နှစ်နှစ်ခြိုက်ခြိုက် တီးတတ်သည်။ အရသာခံသည်။

အင်္ဂါနေ့ညတွင် ပရတ်ဂ်မှာ တွေ့ရသော ယေဝတီလူလတ်ပိုင်း ပညာရှင်များ ထဲက ဘာသာဗန်တာဆိုသူနှင့် အိမ်မှာတွေ့ပြီး ဒဿနိကပညာ (တွေးခေါ်မြော်မြင်ရေး သဘောတရား)အကြောင်း အိမ်မှာ ဆွေးနွေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆွေးနွေးလျှင် ကန့်၏အတွေးအခေါ်များ၊ ဖိချ်တေ၊ ဟောဂယ် စသူတို့၏ အတွေးအခေါ်များမှာ ထိပ်တန်းက ပါနေကြသည်။ ပညာသားပါသော အချေအတင် အငြင်းခုံပွဲမျိုးဆိုလျှင် အိုင်စတိုင်းသည် အားရပါးရ ပါဝင်တတ်သည်။ တစ်ခါတလေတော့လည်း သူတို့ဆွေးနွေးခန်းတွင် ဇီယွန်ဝါဒခေါ် ယေဝတီမျိုးချစ်ဝါဒအကြောင်းလည်း ပါလာတတ်၏။

ဇီယွန်ဝါဒကို တခြားသူများအနေနှင့်တော့ အလွန်စိတ်အားထက်သန်စွာ လိုလားကြသည်။ အိုင်စတိုင်းတစ်ယောက်ကသာ စိတ်မဝင်စားနိုင်။ သူသည် မျိုးချစ်မျက်ကန်းဝါဒကိုလည်းကောင်း၊ လူမျိုးရေးဝါဒကိုလည်းကောင်း မကြိုက်။ ဤကိစ္စကိုလည်း သူ့အနေနှင့် အပင်ပန်းခံပြီး မစဉ်းစားချင်။ သူ့စိတ်ထဲတွင် ဒါတွေစဉ်းစားနေခြင်းသည် အချိန်ကုန်ရုံသာရှိမည်ဟု ထင်သည်။ သည်လို ကင်းကင်းရှင်းရှင်း နေခြင်းကြောင့်လား မပြောတတ်၊ ယေဝတီအုပ်စုကလည်း သူ့အပေါ် မကျေနပ်ချင်ကြ။ တချို့ကမူ "ဒီလူမှာ လူစိတ်များပင် မရှိလေလား"ဟု ကဲ့ရဲ့သတင်းဆိုကြသည်လည်းရှိသည်။

သူ့အနေနှင့်မူ လောကအညစ်အကြေးများ မစွန်းငြိသော လူတကာ လိုက်လို့ မမီသည့် တခြားလောကထဲမှာပင် ကျက်စားနေလိုပါ၏။ ထို့ကြောင့်လည်း သူနှင့် ဆက်ဆံဖူးသူများက "ဒီလူဟာ သူ့ဘဝကို သူ့အသည်းနှလုံးက အလွှမ်းမိုးမခံချင်တဲ့ လူပဲ"ဟုလည်း မှတ်ချက်ချကြသည်။

"သူဟာ ဂီတကိုအတူခံစားပြီး လောကအကြောင်းကို အတူတွေးခေါ် ဆွေးနွေးနိုင်တဲ့ မိတ်ဆွေအပေါင်းအသင်းမျိုးကိုပဲ ရှာတယ်"ဟု အိုင်စတိုင်းဘဝကို မှတ်တမ်းတင်ခဲ့သူ ရူပဗေဒပညာရှင် ဖိလစ်ဖရင့်က်က ဆိုသည်။ "ဒါပေမဲ့ သူ့ရဲ့ လွတ်လပ်စွာ တွေးခေါ်နေထိုင်တတ်မှုကလေးကို အနှောင့်အယှက်ဖြစ်လာသည်အထိတော့ ဘယ်သူ့ကိုမှ သိပ်အကျွမ်းတဝင် တရင်းတနှီးကြီး မပေါင်းဘူး"ဟုလည်း ဖရင့်က် ကပင် ပြောပြသည်။ ဖရင့် အဆိုအရဆိုလျှင် "သူ့ရဲ့ပွင့်လင်းမှု၊ ဆွဲဆောင်မှုရှိတဲ့ ရုပ်ရည်ရူပကာနဲ့ဆိုရင် ဘယ်သူနဲ့ဖြစ်ဖြစ် မိတ်ဆွေဖြစ်ဖို့ရာ မခဲယဉ်းပါဘူး။ ဒါပေမဲ့ သိပ်ပွဲနဲ့သာ အချိန်ကုန်တယ်။ တတ်နိုင်သမျှ တစ်ကိုယ်တော်နေတယ်။ အနုပညာလည်း ဆန်တယ်။ အဲဒီလို နေတတ်တဲ့ သူ့ဘဝမယ် မိတ်ဆွေရင်းလို့ ထင်ထားကြသူတွေကတောင် တစ်ခါတစ်ရံတော့ဖြင့် ငြိုငြင်စရာဖြစ်တယ်။ သူစိမ်းဆန်တယ်လို့ ထင်ကြတာပေါ့ဗျာ"

၁၉၁၁ ခုနှစ်ထဲသို့ ဝင်လာခဲ့ပြီ။

ထိုနှစ် နိုဝင်ဘာလတွင် အိုင်စတိုင်းအား ဘရပ်ဆဲလ်မြို့၊ ရူပဗေဒ ကွန်ဂရက် တစ်ခုသို့ တက်ရောက်ပါရန် ဖိတ်ကြားသည်။ ထိုကွန်ဂရက်ကို ဖြစ်မြောက်အောင် ဆောင်ကြဉ်းသူမှာ ဘယ်လဂျီယံပြည်မှာ လူသားကောင်းစားရေး ဝါဒီတစ်ဦးဖြစ်သူ အားနက်ဆော့လ်ဗေးဖြစ်သည်။ ဤသို့ဖိတ်ကြားခြင်းသည် သူ့အား ကမ္ဘာ့သိပ္ပံပညာရှင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးများစာရင်းတွင် ထည့်သွင်းအသိအမှတ်ပြုထားကြပြီ ဆိုသည်ကို ဖော်ပြခြင်းဖြစ်နိုင်သည်။

ကွန်ဂရက် သဘာပတိအဖြစ် ဆောင်ရွက်သူမှာ လောရင့်စ်ဖြစ်၏။ သူကား အငြင်းအခုံ ဆွေးနွေးကြရာတွင် ချုပ်ယွင်းတိမ်းပါးမှုများကို ဒိုးဒိုးဒေါက်ဒေါက် ထောက်ပြပြီး အလွယ်တကူ ဖြေရှင်းပေးနိုင်သူတည်း။

သတင်းစာများတွင် ဤညီလာခံအကြောင်းကို ဖော်ပြကြသော်လည်း သတင်းစာထဲတွင် ရူပဗေဒအကြောင်းထက် သူများတကာ အချစ်ရေးအကြောင်းက ပိုများနေသည်။ ပေါလ်လန်ဂီဗင်သည် သူ့မိန်းမနှင့် ကွဲနေသည်။ သူသည် ယခု မဒမ် မေရီကျူရီကို ပိုးပန်းနေကြောင်း။ ယခု ပြုလုပ်သောပွဲမှာ သူတို့၏ စေ့စပ်ကြောင်းလမ်းပွဲသာဖြစ်ကြောင်း။ မဒမ်မေရီကျူရီ၏ခင်ပွန်းမှာ လွန်ခဲ့သော ၅ နှစ်ခန့်က လမ်းပေါ်တွင် ကားတိုက်ပြီး ဆုံးသွားသည်။

သတင်းစာထဲပါသော စိတ်ဝင်စားဖွယ် မဒမ်ကျူရီ၏ ဇာတ်လမ်းရှည်ကြီးကို လေ့လာပြီး ဇင်းဂါးထံသို့ အိုင်စတိုင်းက စာတစ်စောင်ရေးလိုက်သည်။

"ဒီအမျိုးသမီးဟာ တောက်ပနေတဲ့ ပညာရှင်တစ်ယောက် အမှန်ပါဗျာ၊ ဒါပေမဲ့ သူ့မှာရှိတဲ့ ရမ္မက်ဆိုတာကလွဲလို့ရှိရင် သူဟာ လူများတကာကို ဒုက္ခဖြစ်စေလောက်အောင်လည်း ဆွဲဆောင်နေသူ မဟုတ်ပါဘူး"ဟု ဆိုလိုက်သည်။

ဘရပ်ဆယ်မြို့တွင်နေသော လန်ဂီဗင်နှင့် မဒမ်မေရီကျူရီတို့နှင့် အိုင်စတိုင်းတို့ မိတ်ဆွေဖြစ်ခဲ့ကြသည်။ အထူးသဖြင့် သူ့စိတ်ထဲတွင် အစွဲဆုံးမှာ လောရင့်စ်နှင့် ပေါလ်၊ အာရင်ဖက်ဆ်တို့ပင် ဖြစ်သည်။ အာရင်ဖက်ဆ်သည် ရုရှားလူမျိုး ယေဝတီတစ်ဦးဖြစ်သည်။ သူလည်း ရူပဗေဒဆရာတစ်ဦးဖြစ်ဖို့ကြိုးစားနေရာ ဟော်လန်ပြည် လေဒင်တက္ကသိုလ်တွင် လောရင့်စ်နှင့် တွဲဖက်မိနေလေပြီ။

ဘရပ်ဆယ်မြို့မှ ပြန်ရောက်လာကတည်းက အိုင်စတိုင်း၏ စိတ်ထဲတွင် ပရက်ဂ်မြို့သည် သူ့အတွက် နေသင့်သောနေရာမဟုတ်ကြောင်း နားလည်လာသည်။ ဤနေရာသည် တိုးတက်နေသော ရူပဗေဒပညာတည်ရာ ဗဟိုအချက်အချာ ဌာနများနှင့်လည်း အလှမ်းကွာဝေးလှသည်။ သူ့ကျန်းမာရေး အခြေအနေကလည်း တစ်နေ့ထက်တစ်နေ့ ဆိုးလာသည်။

ဇင်းဂါးကိုခေါ်ပြီး ရောဂါအခြေအနေ စစ်ကြည့်တော့ ဇင်းဂါးက သူ့ရောဂါသည် ဤအရပ်က ရေကြောင့်ဖြစ်ရကြောင်း ပြောသည်။ ပြီးတော့ သူကပင် အိုင်စတိုင်းအား ဇူးရစ်သို့ ပြန်ပြောင်းပြီး သူယခင်ကျောင်းနေခဲ့သော စက်မှုသိပ္ပံကျောင်းတွင် ပါမောက္ခရာထူးကိုယူဖို့ အကြံပေး တိုက်တွန်းသည်။ တက္ကသိုလ်အာဏာပိုင်များက အိုင်စတိုင်းအား စစ်ဆေးပြီး ပါမောက္ခရာထူးကို ပေးလေသည်။ အိုင်စတိုင်း၏ လက်ရှိအဆင့်နှင့် အခြေအနေကို ဟင်နရီ ပွန်ကာဆိုသူက ရေးသားရာတွင်

www.burmeseclassic.com

www.burmeseclassic.com



"အိုင်စတိုင်းသည် ငယ်ပင်ငယ်သေးသော်လည်း ယခုခေတ် ထင်ရှားသော ပညာကျော်ပုဂ္ဂိုလ်များအလယ်တွင် တင့်တယ်ထည်ဝါသောနေရာကို ရထားသူ ဖြစ်နေလေပြီ"ဟု ဖော်ပြလိုက်၏။

ဤသို့ ဟင်နရီပွန်ကာ၏ ရေးသားထုတ်ဖော်ချက်ကို မဒမ်မေရီကျူရီထံမှတစ်ဆင့် ဖူးရှိစ်ပါမောက္ခများ ဖတ်ရခြင်းသည် သူကိုယ်တိုင် ရှာဖွေခဲ့သော ပညာရပ်များထက်ပင် ပို၍ သူ့အပေါ် အထင်အမြင်ကြီးစရာ အချက်ကောင်းတစ်ရပ် ဖြစ်ခဲ့လေသည်။

ယခုတော့ အိုင်စတိုင်းသည် နေရာတကာကိုပါနေရပြီ။ ခေတ်၏ ပြယုဂ်တစ်ခုလို ဖြစ်လာပေပြီ။ လူတွေက ခင်မင်ချင်ကြ၊ နှုတ်ဆက်ချင်ကြ၊ ခေါ်ချင်ပြောချင်ကြသည်။ မီလီဗာကမူ သည်လို အတုအယောင်သဘောတွေကို မျက်လုံးတစ်ချက်ဝင့်ကြည့်လိုက်လျှင် သိပြီ။ အိုင်စတိုင်းကလည်း ဇနီးသည် ထင်မြင်ချက်ကို လက်ခံသည်။

မီလီဗာသည် ဘယ်ပါတီ၊ ဘယ်ပွဲလမ်းသဘင်ကဖိတ်ဖိတ် မသွား၊ အားလုံးကို ငြင်းပယ်လိုက်သည်။ သူ့ယောကျ်ားကို တကယ်ခင်လို့မင်လို့ ဖိတ်ကြကမ်းကြလျှင် မီလီဗာလည်း ဘာမျှပြောမည်မဟုတ်။ ယခုတော့ ဒီလူတွေသည် သူ့ယောကျ်ားကို ပြစားချင်သောကြောင့် ဖိတ်ကြကမ်းကြခြင်းသာဖြစ်ကြောင်း မီလီဗာကောင်းကောင်း နားလည်သည်။

မီလီဗာသည် အိမ်တွင်းစီးပွားရေး၊ အသုံးစရိတ်များကို အစီအစဉ်တကျ ထိန်းချုပ်လေသည်။ အိုင်စတိုင်းရသည့် လစာထဲမှ အဖိုးအစုကို နောင်ရေးအတွက်စုသည်။

အင်မတန်ရင်းနှီးသူများကတော့ မီလီဗာသည် အိုင်စတိုင်းအတွက် ဇနီးကောင်းတစ်ယောက်၊ အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဖြစ်သည်ဟု နားလည်ထားကြ၏။ သို့သော် သူတို့စိတ်ထဲတွင် မီလီဗာ၏အကျင့်ဆိုးကလေးတွေ မကြာခဏ ပေါ်ပေါက်မည်ကိုပဲ စိုးရိမ်ကြသည်။

မီလီဗာစိတ်ကတစ်မျိုး။ သူ့အကြောင်းဆို သူ ဘယ်တော့မှမပြော။ ကိုယ့်အိမ်ထောင်က လူတွေချည်းရှိသည့် အချိန်မျိုးမှာပင် မပြောမဖြစ်တာလောက်သာပြောပြီး မပြောရလျှင် တစ်နေ့လုံးမပြောဘဲနေသည့်အတွက် အိုင်စတိုင်းလိုလူပင် စိတ်ထဲ မကျေမနပ်ဖြစ်ရသည်။ အစရှာပြီး ပြောကြဆိုကြပြီလား ဆိုမှဖြင့်လည်း လက်မထပ်ခင်က လျှို့ဝှက်ချက်ကလေးသည်သာ နှစ်ဦးသဘောကွဲလွဲစရာ ဒုက္ခရေသောက်မြစ်ကလေး အဖြစ် ပေါ်လာတတ်၏။

ယခုဆိုလျှင် သားကြီး ဟင်အဲလဗတ် အသက်ရှစ်နှစ်ပင်ရှိခဲ့ပြီ။ သူ့မှာ ကိုယ်ပိုင် ထူးခြားသည့် ဉာဏ်ရှိသည်။ သူသည် အတော်အတန် နားလည်ပြီဖြစ်၍ မိဘနှစ်ပါး ကြားတွင် ရှိနေသော သဘောကွဲလွဲချက်များကို ရိပ်စားမိလေသည်။ သို့သော် ဖခင်၏ ကြီးမားသောဂုဏ်ရှိန်ကြောင့် အားလုံးပင် အဆင်ပြေကြရလိမ့်မည်ဟု သူထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းအဖို့မှာတော့ ဘဝက ပြည့်စုံသည်ထက်ပင် ပိုလျှံနေပြီ။ ကလေး တစ်ယောက်လို မနက်အိပ်ရာက နိုးပေမင့် မထချင်၊ အိပ်ရာထဲမှာပင် မှိန်းပြီး ကွေးနေချင် သည်။ မီလီဗာက နှောက်ဆုံးလာပြီး ဆွဲထူတော့မှ ထတော့သည်။ မနက် မုတ်ဆိတ် ရိတ်ရင်း၊ အဝတ်အစားလဲရင်း လေချွန်တမြမြနှင့် ပျော်နေတတ်သည်။ မနက်စာကို အားပါးတရ ပလုတ်ပလောင်းစားသည်။ ပြီးတော့ မိနစ်နှစ်ဆယ်ခန့်သာလျှောက်ရသော တက္ကသိုလ်ရှိရာသို့ လမ်းလျှောက်ပြီး ထွက်သွားသည်။

ညနေခင်း ညစာမစားမီအချိန်တွင် သားကလေးတွေနှင့် ပျော်ပျော်ရွှင်ရွှင် ကစား သည်။ ကလေးတွေကစားသည့် အရုပ်တွေနှင့် ကစားရသည်ကိုလည်း သူ ဘယ်လို ပျော်မှန်းမသိ။ ဟင်အဲလဗတ်လည်း စန္ဒရားတီးတတ်နေပြီ။ ဟင်အဲလဗတ်က သူရသည့် တေးသွားကို စန္ဒရားနှင့်တီးသည့်အခါ သူက တယောကလေးနှင့် လိုက်တီးရသည့် အရသာမှာလည်း သူ့အဖို့ တစ်မျိုးထူးသည်။ အက်ဒဝပ်ကတော့ သုံးနှစ်သားပဲ ရှိသေး သည်။ သို့ပေမင့် သူကလည်း မခေ၊ စန္ဒရားကို တီးခေါက်စ ပြုနေလေပြီ။

"အက်ဒီကလေးလဲ မကြာတော့ဘူးဟေ့ စန္ဒရားတီးတတ်တော့မှာပဲ"

ဖခင်၏ ကျေနပ်ခြင်းနှင့် သူကဆိုလေသည်။

အက်ဒဝပ်သည် ဖခင်ခြေရာနင်းမည့်သူနှင့်တူသည်။ အသက်သုံးနှစ်သားတွင် စာကောင်းကောင်း ဖတ်တတ်နေလေပြီ။ တစ်ခါတစ်ရံများ၌ အလုပ်ကလည်း ရှုပ်၊ ကလေးတွေကလည်း ဆော့လွန်းတော့ သူလည်း စိတ်တိုပြီး အော်ငေါက်မိ၏။ သို့သော် သူ့မှာ ကြာကြာစိတ်ဆိုးမနေနိုင်။ ရယ်မောရသည်။

ဟင်အဲလဗတ်ကမူ သူ့အဖေကို 'သူပုန်ကြီး'ဟုထင်သည်။ သူအလုပ်လုပ်နေ တုန်း ကလေးတွေ နှောင့်ယှက်သည်ကိုပင် သူမုန်းသည်။

ဆွဲဆောင်ခြင်းဟူသည် အင်အားတစ်ခုလား သို့တည်းမဟုတ် စက်ကွင်း တစ်ခုလား။ သူတွေ့ထားသော အယူအဆသစ် တိုးတက်ခိုင်မာရေးအတွက် အချိန်ရ တိုင်း သူကြိုးစားနေလေသည်။ ဤအချိန်အထိတော့ သူတွက်သည့် သင်္ချာက သူ့အယူ အဆကို အဖြေထုတ်မပေးနိုင်သေး။ မီလီဗာလည်း သင်္ချာတော်သည်။ သို့သော် သူ့ ပြဿနာက ကြီးကျယ်လွန်းလှသည်။ မီလီဗာလည်း မတတ်နိုင်တော့။ မာဆယ်ဂရော့ စမန်မှာ သင်္ချာထူးချွန်ပြီး တစ်သက်လုံး သင်္ချာကို လိုက်စားလာသည်ဖြစ်၍ သူ့ကိုပင် ခေါ်၍ပြောရသည်။

"ကျုပ်ကို ကူပါဦးဗျာ၊ မဟုတ်ရင်တော့ ကျုပ်ဦးနှောက်တွေ အရည်ပျော်ပြီး ရူးဖို့ပဲရှိတော့တယ်"ဟု သူက တောင်းတောင်းပန်ပန် ဆိုလာသည်။ ဂရော့စမန် ရောက် လာပြီး ကူသဖြင့် နှစ်ဦးသားကြိုးစားကြရာ အတော်အတန် တိုးတက်မှုရလာသည်။

အိုင်စတိုင်းဘဝတွင် ဂရော့စမန်၊ ဖင်းဂါး၊ ဘက်အို၊ အက်ဒလာနှင့် ဂိုဏ်ချင် စတိုင်းတို့သည် မိတ်ဆွေကောင်းများ ဖြစ်ကြသည်။ အဲလဗတ် နေတတ်သည့်နေခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



သူတို့သဘောကျသည်။ မီလီဗာကိုလည်း ကောင်းကောင်း နားလည်သူများ ဖြစ်ကြ၏။ ဗူးရစ်နှင့် မလှမ်းမကမ်း 'လူစားနေ'တွင် အိုင်စတိုင်း၏ ညီမ မာဂျာတို့နေကြသည်။ မာဂျာ၏ခင်ပွန်း ပေါလ်မှာလည်း အလုပ်ကောင်း အကိုင်ကောင်းနှင့် တင့်တယ်နေကြပြီ။ သူတို့ ဇနီးမောင်နှံက မိခင်မုဆိုးမကြီး ပေါလင်း အိုင်စတိုင်းကို သူတို့နှင့်အတူ နေကြရန် အီတလီမှ ခေါ်ယူထားကြသည်။

သည်အချိန်တွေသည် အချိန်ကောင်းတွေပင်။ ပျော်စရာလည်း ကောင်းသည်။ အားလုံး ချမ်းမြေ့ကြည်နူးမှုတွေနှင့် တင့်တင့်တယ်တယ် ရှိခဲ့ကြသော အချိန်တွေပေပဲ။ ဆွစ်ဇာလန်ပြည်နှင့်ဆိုလျှင် တိုက်ကြခိုက်ကြ၊ မုန်းတီးကြနှင့် နေပျော်ဖွယ်မရှိသော အခြားဥရောပဒေသများနှင့်လည်း အလှမ်းဝေးသည်။

ဤပျော်ရွှင်ချမ်းမြေ့စရာကောင်းလှသော အချိန်ကာလတို့သည် ထာဝရ တည်မြဲပါစေတော့လို့လည်း မီလီဗာ ဆုတောင်းမိသည်။ သူ့ရင်ဝယ် ဖွဲ့ခဲ့ရသော ကြာမြင့်စွာသော အချိန်ကသောကကလေးတစ်ခုသာ ရှိသည်။ သို့သော် ဤသောကစိတ်တို့သည်လည်း တစ်နေ့သောအခါ၌ ကုန်ဆုံးပျောက်ကွယ်ရချေမည်ဟု သူမျှော်လင့်သည်။

တစ်ခါတလေ အဲလဗတ်နှင့် ဆူဆူညံညံ စကားများရတတ်သည်။ အမှန်တော့ ဒီလိုဖြစ်ရသည်မှာလည်း မီလီဗာ၏ ချွတ်ယွင်းချက်ကြောင့်မဟုတ်။ အဲလဗတ်ကြောင့်သာ ဖြစ်သည်။ ကောလိပ်မှာကတည်းက စွဲနေခဲ့သော သူ့ဉာဉ်များကို ခုထိ အဲလဗတ်က မပြောင်း။ လောက လူ့ဖြစ်ရပ်တွေကို သူသည် ခုထိ ကောင်းကောင်းနားလည်းမရှင်း စိတ်လည်းမရှည်။ တစ်ယူသန်စိတ် သူ့မှာရှိသည်။ တစ်ခုကို သူက သူဆင်ခြင်၍ သင့်မြတ်ပြီဟုဆုံးဖြတ်မှုဖြင့် ဘယ်သူဘာပြောပြော ထည့်မစဉ်းစားတော့။ ဥပမာ 'စိတ်ခွဲပညာ' ဆိုပါတော့၊ သူက ဤပညာသည် စိတ်ဝင်စားစရာ လေ့လာစရာကောင်းသည်ဟု မြင်သည်။ ထိုအခါ သူနှင့် မဆိုင်ဟု သဘောမထား၊ လေ့လာတော့သည်။ ရှာဖွေတော့သည်။ ဆင်ခြင်စဉ်းစားလေတော့သည်။ နောက်ဆုံး အဖြေရှာမရဖြစ်မှ ဒါကို လက်လျှော့လေသည်။

ဤကဲ့သို့ မဆီမဆိုင်တာတွေကိုလျှောက်မလုပ်ဖို့ ဇင်းဂါးကလည်း အကြောက်အကန်ပြောသည်။ သို့သော် သူ့အမူအကျင့်ကို သူမပြောင်း။ ဤကား ဥပမာအနေနှင့် တစ်ချက်လောက်ပြခြင်းသာ ဖြစ်ပေသေး၏။ အမှန်တော့ ဤသို့လုပ်ခြင်းသည် မတော်မတရားလုပ်ခြင်းမဟုတ်ပေမင့် သူလိုလူတစ်ယောက်က လုပ်ခြင်းအားဖြင့် လူအများအတွက် အမျိုးမျိုးတွေးထင်စရာ ဖြစ်လာနိုင်သည်။ သူကသာ ဒါတွေကို ဂရုမစိုက်တတ်ချေ။

သူ့လူ့အကြောင်းကို မီလီဗာ စဉ်းစားခဲ့ပြီး ချွတ်ယွင်းချက်တွေကို နားလည်လက်ခံပြီးမှ ယူခဲ့ခြင်းဖြစ်၏။ အဘက်ဘက်က စဉ်းစားနားလည်ပြီးမှ ယူခဲ့ကြခြင်းမို့လည်း သူတို့အိမ်ထောင်ရေးမှာ ကောင်းမွန်စရာသာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၁၃ ခုနှစ် ကုန်ဆုံးခါနီးလောက်တွင် ဝေါလ်သာနမ့်နှင့် မက်စ်ပလင့်ခ်တို့နှစ်ဦး ဘာလင်မှ သူ့ထံသို့ လိုက်လာကြပြီး ပရပ်ရှင်း သိပ္ပံအကယ်ဒမီတွင် ရာထူးတစ်ခု လက်ခံရန် လာပေးသည်။ ထိုအကယ်ဒမီတွင် လုပ်ကိုင်ပါက သူ့ကို စာသင်မနိုင်း သုတေသနရှာဖွေမှု လုပ်ငန်းတစ်ခုတည်းအတွက် လခကောင်းဆုံးပေးမည်ဟုလည်း ဆိုကြသည်။ ဘာလင်တက္ကသိုလ်တွင် စာပေဟောပြောပို့ချခြင်းမှာ သူ့သဘောအရသာ ဖြစ်၏။ ပို့ချလိုမှ ပို့ချနိုင် သည်။ နောက်ဆိုလျှင် သူ့အနေနှင့် ကိုင်ဇာဝီလှဲ့ ရူပဗေဒသိပ္ပံတွင် ဌာနမှူးရာထူးကို ရမည်ဟုလည်း မက်လောက်အောင် ပြောကြသည်။

အသက် ၃၄ နှစ်သာရှိသေးသော ရူပဗေဒပညာရှင်တစ်ဦးအား ပေးလာသော ဤအခွင့်အရေးကား နှလုံးများဖွယ် စဉ်းစားဖွယ် ရှိလှ၏။ အမှန်တော့ ဤအကယ်ဒမီမှာ အလုပ်ခန့်ထားပေးခြင်း ခံရသည်ဆိုလျှင်လည်း ဥရောပတစ်ခွင်လုံးက အထင်ကြီးကြ သည်။ ဂုဏ်ယူကြသည်။ အိုင်းစတိုင်းကား ဘာပြန်ပြောရမှန်းပင် မသိတော့။ ဆွဲဆောင်ခြင်း နိယာမတရားဆိုင်ရာ သဘောတရား သီဝရီကလည်း သူ့ဘဝတွင်ဖြင့် အရေးအကြီး ဆုံးဖြစ်နေသည်။ ဇူးရစ်မှာ လုပ်ရသည်က ကောင်းတော့ကောင်းပါ၏။ သို့သော်မင့် ဤ သဘောတရားအတွက် ကိုယ်ရောစိတ်ပါမြှုပ်နှံပြီး အလုပ်လုပ်ဖို့အချိန်က ထင်သလောက် မရဘဲ ဖြစ်နေသည်ကိုလည်း သူစဉ်းစားမိ၏။ သို့သော်မင့် တစ်ဖက်ကကြည့်လျှင် ပရပ်ရှား မြို့တော်မှာ နေရေးစားရေးကတော့ တကယ်ခက်ခဲသည်။ မြန်းခနဲ စဉ်းစားဖို့ဖြင့်မလွယ်။ ထို့ကြောင့် အချိန်ယူစဉ်းစားပါရစေဦးဟု နမ့်နှင့် ပလင့်က်တို့အား ပြန်ကြားလိုက်ရသည်။

သူကသာ စဉ်းစားချင်သည်။ မီလီဗာကတော့ နည်းနည်းမှ သဘောမတူ။ သို့သော် အိုင်းစတိုင်းက ဤကိစ္စသည် သူတစ်ယောက်တည်း စဉ်းစားဆုံးဖြတ်ရမည့် ကိစ္စဖြစ်သည်ဟု ပြန်ပြောသည်။ သူ့ခေါင်းထဲတွင်တော့ သံသယစိတ်ကလေး ကိန်းနေ သည်ကိုလည်း အမှတ်ထားမိ၏။ အကယ်၍များ မိမိ၏ ကြံစည်ဖန်တီးမှု အလျင်ကို တားမြစ်ပိတ်ပင်လိုက်လျှင်တော့

"ဒီဘာလင်သားတွေကတော့ ကျုပ်ကို ဥကြက်မကြီးတစ်ကောင်ထင်ပြီး ခေါ် တာများလား။ ဒီလိုဆိုရင်ဖြင့် ငါ့အနေနဲ့က နောက်ထပ်ဥတွေ ဥပေးနိုင်မလား၊ မဥနိုင် တော့ဘူးလားဆိုတာလည်းမသိ၊ ခက်သားပဲ"

သူစဉ်းစားသည်သာရှိ၏။ ဟိုလူတွေ လာပြောကတည်းက မိတ်ဆွေအပေါင်း အသင်းများကတော့ ဒီအလုပ်ကို အိုင်းစတိုင်း လက်ခံမှာပဲဟု အတိအကျယူဆပြီး ကြပြီ။ အမှန်တော့ သူစဉ်းစားသည်ဆိုသည်မှာလည်း အမျိုးမျိုး တွက်ချက်ကြည့်ခြင်းသာ ဖြစ်သည်။

အိုင်းစတိုင်းက ဤအလုပ်ကို လက်ခံမည်ဟု ဆိုသောအခါ မီလီဗာက မအံ့ဩတော့၊ သူ့စိတ်ထဲမှာ ဝမ်းပဲနည်းမိသည်။

○

www.burmeseclassic.com

အခန်း (၄)

# စစ်ကြီးဖြစ်ပြီ

၁၉၁၄ ခုနှစ် ဧပြီလထဲတွင် အိုင်စတိုင်းတို့မိသားစု ဘာလင်မြို့သို့ ပြောင်းသည်။ ဒလင်ဆင်ခြေဖုံးအရပ်၌ အိမ်တစ်ဆောင် ငှားပြီးနေကြသည်။ မီလီဗာသည် စိတ်မချမ်းသာ။ စိတ်မချမ်းသာလျက်နှင့်ပင် အိမ်မှုကိစ္စများကို ဆောင်ရွက်ရှာသည်။ ဘာလင်မှာ မီလီဗာအတွက် အသိမိတ်ဆွေဆိုလို့လည်း တစ်ယောက်မျှမရှိ။ ဘာလင်ကို စတွေ့ကတည်းက မီလီဗာသည် နည်းနည်းမှသဘောမကျ။ အိမ်တွင် သူနှင့် အက်ဒဝပ်သာရှိသည်။

အက်ဒဝပ်ကား တကယ်ထူးချွန်သည့် ကလေးဖြစ်၏။ သူ ငါးနှစ်သားရှိပြီ။ ငါးနှစ်အရွယ်တွင် ရှိတ်စပီးယား၏ စာကြီးပေကြီးတွေကို စဖတ်နေတော့သည်။

ဟာင်အဲလဗတ်က ရပ်ကွက်ထဲကကျောင်းတွင်နေသည်။ ကျောင်းစတက်ကတည်းက ကျောင်းစည်းကမ်း တင်းကျပ်မှုနှင့် သင်ပုံပြပုံကို အရေးဆိုလာသည်။

"သူတို့က အချိန်တိုင်း မှတ် မှတ်နဲ့ မှတ်ဖို့တစ်ခုတည်းချည်း သင်နေတာပဲ"ဟု ကလေးက ဆိုသည်။

သူတို့အိမ်သားများအနက် အဲလဗတ်တစ်ဦးသာ အသစ်တွေ့ကြုံရသော ပတ်ဝန်းကျင်နှင့် နေသားကျသလိုရှိ၏။ အကယ်ဒမီမှ သူ့ရုံးခန်းမှာ တက္ကသိုလ်စာကြည့်တိုက်နှင့်တွဲလျက် မဟာဖရက်ဒရစ်ဘုရင် ရုပ်တုနှင့် မျက်နှာချင်းဆိုင်တွင် ရှိသည်။

နေ့လယ်စာများကို ခါတိုင်းလို အိမ်ပြန်မစားတော့ဘဲ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးများဖြစ်သော ပလင့်က်၊ ဂပ်စတပ်၊ ဟတ်ဇ်၊ မက်စ်ဘွန် လောင်း၊ လိုက်ဆ်မေတနာ စသူတို့နှင့် ဝိုင်းဖွဲ့စားသောက်တတ်သည်။

ဤသိပ္ပံအကယ်ဒမီတွင် ကမ္ဘာ့နောက်ဆုံး သိပ္ပံပညာရှာဖွေတွေ့ရှိ ချက်များကို မှန်မှန်တင်ပြ ဆွေးနွေးကြည့်သည့် နှီးနှောပွဲလည်း အစဉ်ရှိသည်။ အိုင်စတိုင်းအဖို့

www.burmeseclassic.com



ဤတက္ကသိုလ်သို့ရောက်သောအခါ သူ၏ ဆွဲဆောင်ခြင်းနိယာမအတွက် အချိန်ပြည့် အသုံးပြုပြီး အလုပ်လုပ်နိုင်ခွင့် ရနေလေသည်။

စာပေသင်ကြားပို့ချခြင်းအလုပ်ကိုကား ကွက်ကျားကွက်ကျားသာ လုပ်သည်။ ဤတက္ကသိုလ်ရောက်မှ တကယ်ထူးချွန်ထက်မြက်သော ကျောင်းသားများကို တွေ့ရသောကြောင့် ထိုသူများအား သူတို့တွင် ဆွေးနွေးစရာရှိပါက အချိန်မရွေး သူ့ထံသို့ လာရောက်ဆွေးနွေးရန် သူကဖိတ်ခေါ်သည်။

မည်သို့ပင်ဆိုစေ ဖူးရစ်နှင့် ပရတ်ဂ်မှာ ကြုံခဲ့ရသကဲ့သို့ပင် တချို့ပါမောက္ခများက သူ့ကို မနာလိုမရှုစိမ့်ကြခြင်းနှင့် ဤတက္ကသိုလ်မှာလည်း ဆုံရသည်။ သို့သော် နောက်တော့ သူတို့သည် အိုင်စတိုင်းမှာ ဘယ်သူနှင့်မျှ စကားသိမ်စကားဖျင်းတွေ ပြောနေဖို့ အချိန်မရှိမှန်း ဘယ်သူဘာပြောပြော လှည့်မကြည့်အားမှန်း သိလာကြ၏။

ဥရောပတိုက်မှာဖြစ်ပျက်နေသော နိုင်ငံရေးရာများကို သူတို့က ရေးကြီးခွင်ကျယ် လုပ်ပြီး ပြောကြသည်။ အိုင်စတိုင်းကတော့ နိုင်ငံရေး ဘာတွေဖြစ်နေဖြစ်နေ စိတ်မဝင်စားနိုင်။ သူ့အလုပ်ကိုပဲ လုံးပန်းနေရသည်။ သူ့အနေနှင့် ဂျာမနီပြည်ရှိ အမျိုးသားရေး (လူမျိုးရေး) ဝါဒီတွေကိုပဲ စိုးရိမ်သည်။ သူ့အနေနှင့် ဆွစ်ဇာလန်နိုင်ငံသားအဖြစ်ကို ဆုပ်ကိုင်ထားမှဖြစ်မည်။ သို့မှ ကြားနေ၍ဖြစ်ပေမည်။ ဤသို့ နိုင်ငံရေးနှင့် မပတ်သက်အောင်တော့ ကြိုးစားနေပါ၏။ သို့သော် သူလည်း နိုင်ငံရေးနှင့် ကြာကြာကွင်းရှောင်နေလို့တော့ မရ။

ခုထိတော့ ဥရောပနိုင်ငံများတွင် သေနတ်သံ ဗုံးသံ အမြောက်သံတွေ မကြားရသေး။ နိုင်ငံတိုင်းလိုပဲ အေးချမ်းပြီး ကြွယ်ဝနေကြတုန်း ရှိသေးသည်။ အရေးအခင်းရှိလာလျှင်လည်း သံရေးတမန်ရေးဖြင့် ဖြေရှင်းနိုင်သည်ဟု မှတ်ယူယုံကြည်နေကြသေးသည်။

သည်အချိန်တွင် အရေးရှိလျှင် သုံးဖို့ရာဆိုပြီး နိုင်ငံအများပင် လက်နက်တွေ ထုတ်လုပ်နေကြသည်တော့ ရှိသည်။ သမိုင်းအရတော့ဖြင့် ဒီလက်နက်တွေကို စုပြုံထား၍ မရ။ တစ်နေ့နေ့တော့ သုံးကြရမည်သာဖြစ်၏။ သုံးရမည်ဆိုလျှင် ဘယ်မှာသုံးမည်နည်း။

ဥရောပမှာဆိုလျှင် စစ်ရိပ်စစ်ငွေ့ တလူလူနှင့် အချိန်မရွေး ခြိမ်းခြောက်နေသော စစ်ဘေးရန်စမှာ ဩစတြီးယားနှင့် ဆားဗီးယားနယ်မြေ အရှုပ်အရှင်း ပြဿနာရှိသည်။ ဥရောပနိုင်ငံများမှာ ဤမငြိမ်မသက် ပြဿနာတွင် ဟိုဘက်သည်ဘက် အုပ်စုလိုက် ပါနေကြသည်။ သို့သော် စစ်မီးတောက်လောင်လာသည်အထိ ဖြစ်လိမ့်မည်လို့တော့ ဘယ်သူမှ မမျှော်လင့်ခဲ့ကြ။ အကယ်၍ ဖြစ်လာလျှင်လည်း သက်သက်သာသာ ဖြစ်မည် မဟုတ်။ ဂျာမနီက ဩစတြီးယားဘက်က ပါနေသည်။ ရုရှားက ဆားဗီးယားဘက်က ပါနေသည်။ ပေါက်ကွဲလိုက်လျှင်တော့ အကြီးအကျယ် ဖြစ်ကြချေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းသည် တငွေ့ငွေ့လောင်နေသော စနက်တံကမီးကို မြင်တော့မြင်မိသည်။ သို့သော် စနက်တံ မီးယမ်းအိုးဆီသို့ မရောက်ခင် ဝိုင်းပြီး ငြိမ်းသတ်လိုက်ကြမှာပဲဟု ထင်နေခဲ့၏။ ဘာလင်မှာ နေရစေကာ သူ့အလုပ်ကိုတော့ ဘာပဲဖြစ်ဖြစ် အနှောင့်အယှက် အတားအဆီးဖြစ်လိမ့်မည်မဟုတ်ဟုလည်း သူယုံကြည်သည်။

၁၉၁၄ ခုနှစ် နွေကျောင်းပိတ်ရက်တွင် မီလီဗာသည် ကလေးများနှင့်အတူ ဇူးရစ်သည် ကျောင်းပိတ်ရက် အားလပ်ချိန်အတွင်း အလည်အပတ် ပြန်သွားသည်။ အိုင်စတိုင်းက ဇနီးနှင့်ကလေးတွေကို ရထားအထိ လိုက်ပို့သည်။ သူတို့သည် ကျောင်းပြန်ဖွင့်မည့် စက်တင်ဘာလတွင် ဘာလင်သို့ ပြန်လာကြမည်ဖြစ်၏။

မီလီဗာတို့ ဇူးရစ်သို့ ပြန်သွားကြပြီးနောက် မကြာမီမှာပင် အခြေအနေတွေက မယုံနိုင်လောက်အောင် ပြောင်းခဲ့၏။ အိုင်စတိုင်းဘ၀မှာရော၊ ကမ္ဘာ့အခြေအနေတွေမှာရော တိုတောင်းသည့် ရက်သတ္တပတ်ကလေးအတွင်း အကြီးအကျယ် ပြောင်းလဲခဲ့ချေပြီ။ ဤရက်သတ္တပတ်ကား ဇူလိုင် ၂၈ မှ ဩဂုတ်လ ၃ ရက်အတွင်းဖြစ်၏။

ဩစတြီးယားက ဆာဗီးယားကို စစ်ကြေညာလေပြီ။ သည်လို စစ်ကြေညာသည်ဆိုလျှင်ပဲ ရုရှားက ဆာဗီးယားကို ကူညီရန် စစ်တပ်တွေ ပို့လိုက်သည်။ သို့သော် ရုရှားက ဩစတြီးယားကို စစ်မိန့် ပြန်ရုပ်သိမ်းဖို့တော့ တောင်းဆိုလျက်ရှိခဲ့၏။ ဂျာမနီက ရုရှားအား ဤစစ်ထဲသို့ သူ့စစ်တပ်များ ကျူးကျော်ပါဝင်လာခြင်းကို ရပ်တန့်ကရပ်ဖို့ အမိန့်ပေးသည်။ ဂျာမနီ၏တောင်းဆိုချက်ကို ရုရှားက အကြောင်းမပြန်သောကြောင့် ဂျာမနီက ရုရှားကို စစ်ကြေညာပြန်သည်။ ရုရှားကို စစ်ကြေညာပြီး နှစ်ရက်သာကြာသည်။ ဂျာမနီကဆက်ပြီး ပြင်သစ်ကိုလည်း ကြေညာသည်။ ပြင်သစ်ကို စစ်ကြေညာရခြင်းမှာ ပြင်သစ်သည် ရုရှားဘက်က ပါဝင်လာမည်ကြောင့် ဖြစ်သည်ဟု ဆိုသည်။

ဂျာမန်များမှာ ကြီးမားသော ခေါ်ဘာဏီတပ်ကြီး ခုနစ်တပ်၊ စစ်သားဦးရေ စုစုပေါင်း ၁၅၀၀,၀၀၀ (တစ်သန်းငါးသိန်း) အသင့်ရှိသည်။ ဤစစ်အင်အားမှာ လက်နက်အပြည့်အစုံရှိပြီး ထွက်တိုက်ရန်သာ လိုတော့သည်။

ထွက်တိုက်ဆိုလျှင် ဩဂုတ်လ ၄ ရက်နေ့မှာပင် ကြားနေနိုင်ငံဖြစ်သော ဘယ်လဂျီယံကို ဖြတ်ပြီး ဂျာမန်စစ်တပ်များ စစ်ကြောင်းချီတိုက်သည်။ ဘယ်လဂျီယံကို ရိုင်းစိုင်းစွာ ကျူးကျော်သည့်အတွက် အင်္ဂလန်က မနေသာတော့၊ ဂျာမနီကို စစ်ကြေညာရတော့သည်။

ဤတွင် ပထမကမ္ဘာစစ် စတင်ခဲ့၏။ တောင်ပိုင်းတွင် စခဲ့သော မီးပွားကလေးကို ယူပြီး ဂျာမနီက ဥရောပတစ်ခွင်လုံးကို မီးတင်ရှို့လိုက်လေပြီတကား။

အိုင်စတိုင်းလည်း အခက်ကြုံရချေပြီ။ သူ၏ သဘောတရားမှန်မမှန်ကို စစ်ဆေးဖို့ ဆိုပြီး ပို့စ်ဒမ်နက္ခတ် လေ့လာရေးဌာနမှ သူ့မိတ်ဆွေ ပါမောက္ခ အားဝင်ဖရွန်ဒလင်ဒ်သည်

www.burmeseclassic.com

www.burmeseclassic.com



ရုရှားပြည်သို့ နေကြတ်ခြင်းလေ့လာရန် သွားနေသည်။ သူတို့ စစ်ဖြစ်တော့ တစ်ဖက်က စစ်သုံ့ပန်းအဖြစ် အဖမ်းခံရပြီ။

အိုင်စတိုင်းသည် နိုင်ငံရေးအကြောင်း မပြောချင်ပါဘဲလျက် မပြောဘဲ မနေနိုင်တော့။ ဘရပ်ဆယ်လ်ကို မတရားကျူးကျော်ခြင်းအတွက် ဂျာမန်စစ်ဗိုလ်စစ်သားတွေကို သူက အပြစ်တင်သည်။ သူ့မိတ်ဆွေတွေသည် လောကသစ္စာတရားတွေကို မြတ်နိုးကြသူများဖြစ်၍ သူ့ဘက်က ကူညီမှုရလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ သို့သော် ထိုလူများကပင် သူ့ကို မျက်နှာကြော တင်းကုန်ကြပြီ။ ပလင့်က်တို့၊ နမ့်တ်တို့၊ ဓာတ်မှန်ဆရာ၊ ရော့ဂျင် ဆိုသူတွေလည်း တကယ်တော်ကြပါပေ့။ သိပ္ပံပညာဘက်မှ ထူးချွန်ကြပါပေ့။ သို့ပေမင့် သူတို့အားလုံးမှာ မျက်ကန်း ပရပ်ရှင်းလူမျိုးကြီးဝါဒက ဝိဇ္ဇာဉာဏ်အလင်း ကင်းစေခဲ့ပြီ။

ဤကတည်းက ဆင်ခြင်တုံတရားကို မျိုးချစ်မျက်ကန်းဝါဒက ဘယ်လောက် လှည့်စားတတ်သည်ကို အိုင်စတိုင်း ပို၍ နားလည်ရပြီ။ ထို့ကြောင့် ဤကဲ့သို့သော မိုက်မဲမှုတွင် ဘယ်ဘက်ကမှမပါဘဲ ကြားနေနိုင်အောင် သူကြိုးစားပြီး သူ့လက်စ တန်းလန်းအလုပ်ကိုသာ ဇောက်ချ၍ လုပ်ပြန်သည်။

သည်လို သူ့အလုပ်ထဲမှာ နစ်နေမှပဲဖြစ်မည်။ ဒါမှပဲ ရေငုံနှုတ်ပိတ်နေလို့ရမည်။ နှုတ်သာပိတ်ထားပေမင့် မိတ်ဆွေများထံ စာရေးသောအခါမှာတော့ သူ၏စစ်ဆန့်ကျင်ရေး၊ ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒ၊ လူမျိုးရေးဝါဒ ဆန့်ကျင်ရေး သဘောထားတွေကို ရေးထည့်လိုက်သေးသည်။

ထိုအချိန်တွင် 'ယဉ်ကျေးသော ကမ္ဘာသို့ ကြေညာချက်'အမည်ဖြင့် ကြေညာစာတမ်းတစ်စောင် ထွက်လာသည်။ ဤစာတမ်းကို သိပ္ပံပညာရှင်များ၊ တွေးခေါ်ရှင်များ၊ စာရေးဆရာများ၊ ဂီတအနုပညာရှင်ကြီးများထံသို့ ဝေသည်။ ဤစာတမ်းတွင် ဂျာမနီ စစ်တိုက်ရခြင်းသည် တရားကြောင်း။ ဂျာမနီ၏စစ်ဝါဒနှင့် ယဉ်ကျေးမှုဘဝသည် ခွဲမရအောင် ရောနေကြောင်းပါသည်။ ဤကြေညာချက်ကို ဘာလင်ရှိ အကယ်ဒမီမှပုဂ္ဂိုလ်များ လက်မှတ်ရေးထိုးကြသည်။ အိုင်စတိုင်းကတော့ ဖတ်ပြီး အားရပါးရ ဟားတိုက်ကာ ရယ်ချလိုက်လေတော့သည်။

မကြာမီမှာပင် နှီးနှောဖလှယ်ပွဲတစ်ခုတွင် ဂျာမန်စာရေးဆရာကြီးတစ်ဦးဖြစ်သူ ဟာမင်း ဆူဒါမန်အနီးတွင် အိုင်စတိုင်းသည် ထိုင်မိရက်သား ဖြစ်နေ၏။ ဆူဒါမန်သည် အိုင်စတိုင်း၏ ထူးခြားသော ပါရမီနှင့် ဂုဏ်သိက္ခာ ကျော်ကြားမှုများကို သိပြီးဖြစ်၍ လေးစားသည်။ စည်းဝေးပွဲတွင်ဆုံခိုက် ဆူဒါမန်ကခေါင်းလျှော်ပြီး အိုင်စတိုင်းအား အဆိုပါ ကြေညာစာတမ်းကို ဖတ်ပြီးပြီလားဟု မေးသည်။

"ဟ အဲဒါ အင်မတန်ခမ်းနားတဲ့ ပုံ့ကဗျာတစ်ပုဒ် တကယ်ပါပဲ။ အင်မတန် အကြီးအကျယ် စိတ်ဖောက်ပြန် ရူးသွပ်ပြီးမှ ရေးတဲ့ကဗျာဆိုရင် ပိုမှန်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်၏။

ဆူဒါမန်က ပြုံးသည်။ ပြီးမှ ထိုစာတမ်းရေးသူမှာ တခြားလူမဟုတ်။ သူပင်ရေးသည်ဟု ပြောလိုက်သည်။ ထိုအခါမှ အိုင်စတိုင်းမှာ နှုတ်အသလို ဖြစ်သွားသည်။ သို့သော် ဆူဒါမန်အနေနှင့် အိုင်စတိုင်းလိုလူကို ဗွေမယူ။

အိုင်စတိုင်းနှင့် ဆူဒါမန်လိုလူများကြားထဲတွင် စောစောကကိစ္စမျိုး ပေါ်ခဲ့ဖူးစေကာ ခင်မင်ရင်းနှီးမှုကား မပျက်။ အိုင်စတိုင်းကသာ ဂျာမန်များ ရင်ထဲတွင် ငြိတွယ်နေသော အမျိုးသားရေးစိတ်ဓာတ်သည် အမြစ်ခိုင်ခိုင် တွယ်နေသော ရောဂါမျိုးစုံတစ်မျိုးပဲဟုသာ မှတ်ရတော့သည်။ ထိုရောဂါကို နုတ်ယူထုတ်ပယ်ပစ်လိုက်ဖို့တော့ဖြင့် မလွယ်တော့။ ပညာပေး ပြုပြင်မှုပဲ ရပေတော့မည်။

ထိုအချိန်တွင် သူ၏ဂီတမိတ်ဆွေတစ်ဦးလည်းဖြစ်၊ ဓာတုဗေဒပညာရှင် တစ်ဦးလည်းဖြစ်သော ဖရစ်ဟာဘာဆိုသူသည် နမ့်တ်နှင့် တွဲဖက်ပြီး အဆိပ်ဓာတ်ငွေ့တစ်မျိုးကို တိတ်တဆိတ် ဖော်ထုတ်ရန် ကြိုးစားနေကြသည်။ ဤအလုပ်ကို စစ်တပ်ကခိုင်းခြင်းဖြစ်ပြီး သူတို့နှစ်ဦးကိုလည်း ဗိုလ်မှူးအဆင့်တွင် ခန့်ထားလိုက်သည်။ ဟာဘာသည် ဗိုလ်မှူးရာထူးပေး၍ အခိုင်းခံရသည့်အတွက် အလွန်ဂုဏ်ယူဝင့်ကြွားနေပုံကို မြင်ရသောအခါ အိုင်စတိုင်းသည် လုံးဝနားမလည်နိုင်အောင် ဖြစ်ရသည်။

အိုင်စတိုင်းကတော့ စစ်နှင့်ပတ်သက်သည့် အလုပ်ဆိုလျှင် ဘယ်အလုပ်မျိုးကိုမျှ လက်မခံ။ သူ့မိတ်ဆွေတွေသည် သူတို့မှာရှိနေသည့် ပညာပါရမီဓာတ်ခံတွေကို စွန့်ပစ်ကုန်ကြပြီဆိုသည်ကိုလည်း သူရိပ်စားမိနေပြီ။ တစ်နေ့ ဘာလင်သတင်းစာထဲ၌ တစ်ဖက်က မဟာမိတ်တပ်များက တရားသဖြင့် မတိုက်ကြောင်း ပါလာသည်။

တစ်ဖက် မဟာမိတ်တပ်များသည် ပေါက်ကွဲသည့် အမြောက်ကျည်မများနှင့် ဓာတ်ငွေ့ဗုံးများကို အသုံးပြုနေကြသည်ဟုဆိုသည်။ အမှန်တော့ ဂျာမနီလည်း ဆိုးဝါးသော လူသတ်လက်နက်၊ အဆိပ်ဗုံးကို လုပ်နေသည် ဆိုသည်ကို အိုင်စတိုင်းသည် ဟာဘာထံမှ အသေးစိတ်သိပြီး ဖြစ်၏။

ထို့နောက် များမကြာမီ အမိန့်ကြေညာချက်တစ်စောင် ထွက်လာသည်။ ဤကြေညာချက်ကို အကယ်ဒမီကျောင်းတွင် ထေသည်။ အမိန့်ထဲတွင် ဂျာမန်ရူပဗေဒပညာရှင်များသည် သူတို့၏ စာတမ်းများတွင် အင်္ဂလိပ် ရူပဗေဒပညာရှင်များ၏ အလုပ်အကိုင်မှန်သမျှ ဘာတစ်ခုမှ ဖော်ပြထုတ်ဖော် ရေးသားခြင်း မပြုရဟု ပါလာသည်။ ဤအချက်ကို ဖတ်ရသောအခါ အိုင်စတိုင်းသည် ဒေါသကို မချုပ်တီးနိုင်တော့။ သူ့အနေနှင့် ဘယ်နိုင်ငံကသိပ္ပံပညာပဲဖြစ်ဖြစ် လေ့လာရမည်လို့သာ နားလည်သည်။ သိပ္ပံပညာမှာ အစဉ်အလာအားဖြင့် နိုင်ငံတကာရေးရာဝါဒသာ ရှိခဲ့သည်။ ရန်သူမိတ်ဆွေ မခွဲခြားတော့ရာ။ ဤကိစ္စကို ပိတ်ပင်တားဆီးခြင်းမျိုးကိုကား အိုင်စတိုင်း မလိုလားပေ။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ဘာလင်တက္ကသိုလ်မှ ခန္ဓာဗေဒပါမောက္ခဖြစ်သူ ဂျော့ နီကိုလိုင်တို့သည် စစ်မုန်းသူများသာ ဖြစ်ကြသည်။ စစ်ဆိုလျှင် ဘယ်စစ်မျိုးပဲဖြစ်ဖြစ် မုန်းသည်။ ဤတွင် သူတို့နှစ်ဦးပေါင်းပြီး ဂျာမနီပြည်ရှိအတတ်ပညာရှင်များ၊ အသိပညာရှင်များအား ဥရောပ နိုင်ငံများ ညီညွတ်စွာဆက်ဆံနေထိုင်ရေး၊ ငြိမ်းချမ်းရေး တောင်းဆိုလှုပ်ရှားရေးတွင် ပါဝင်ကြပါရန် တိုက် တွန်းသည့် ကြေညာချက်တစ်စောင် ထုတ်သည်။ လက်မှတ်ထိုး ကြပါရန် တောင်းဆိုတိုက်တွန်းထားသော လူပုဂ္ဂိုလ်တစ်ရာခန့်အနက်မှ ၃-၄ ယောက် သာ ထောက်ခံ လက်မှတ်ရေးထိုးကြသည်။

ဤလှုပ်ရှားမှုကို စိတ်ရောကိုယ်ပါ လုပ်ဆောင်နေသော နီကိုလိုင်းကမူ လက်မှတ် မထိုးသူများကို သူရဲဘောကြောင်သူများဟူ၍ပင် မခံမရပ်နိုင်ဖြစ်ကာ စွပ်စွဲတော့သည်။

နီကိုလိုင်းကား စစ်ဆန့်ကျင်ရေးကို ပြောရင်းလုပ်ရင်း မိမိဘဝကိုပင် အနစ်မွှန်းခံ ၍ စွန့်ခဲ့၏။ အိုင်စတိုင်းသည် ပါမောက္ခနီကိုလိုင်းအကြောင်း အစအဆုံးသိသည်။ သူ့ကို အထင်လည်းကြီးသည်၊ လေးစားမှုလည်းရှိသည်။ သို့သော် အိုင်စတိုင်းအနေနှင့် ပါမောက္ခ နီကိုလိုင်ကို သိပ္ပံပညာရှင်တစ်ဦးအနေနှင့်မဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦးအနေနှင့် သိပ်ပြီး အရေးပါသူတစ်ယောက် မဟုတ်သေးလို့တော့ ယူဆနေမိ၏။ နီကိုလိုင်ကလည်း အိုင် စတိုင်းကို ထင်မြင်ယူဆချက်တစ်ခုရှိသည်။ အိုင်စတိုင်းသည် ဟိုခေတ်က အာခေးမိဒီ လိုပဲ ကြားနေဖို့ ကြိုးစားနေတဲ့လူဟု နီကိုလိုင်က ဝေဖန်သည်ကိုတော့ သူ့အနေနှင့် လက်ခံရပေမည်။

မည်သို့ပင်ဆိုစေ စစ်ကိုတော့ အိုင်စတိုင်းလည်း ဆန့်ကျင်သည်။ စစ်ဆန့်ကျင်ရေး အစည်းအရုံးဖြစ်သော 'အဖနိုင်ငံသစ်' အစည်းအရုံးကို သူဝင်သည်။ သို့သော် မကြာမီမှာပင် ဤအဖွဲ့အစည်း၏ လှုပ်ရှားမှုများသည်လည်း အရေးမပါ အရာမရောက် မှန်း သူသိလာသည်။

အိုင်စတိုင်းသည် ကြာလေ ဂျာမန်လူမျိုးတွေအပေါ် သည်းမခံနိုင်လေ ဖြစ်လာ ၏။ ဂျာမန်တွေ စစ်အောင်နိုင်ကြောင်း တစ်ခါကြေညာလိုက်လျှင် ဂျာမန်လူမျိုးများ လမ်းပေါ်ထွက်ပြီး ပျော်ရွှင်ဆူညံစွာ ဆန္ဒပြပုံတွေကို မြင်နေရပြန်တော့ သူ့စိတ်ထဲတွင် ပို၍အခံရခက်လာသည်။ စိတ်မချမ်းမသာ ဖြစ်မိသည်။ သူ့မျက်စိထဲတွင် ဂျာမန်လူမျိုး တွေကို လောဘဇောတိုက်နေသူတွေ လူရိုင်းတွေလို့ပဲ မြင်နေမိသည်။

ဤစစ်သည် ဘာလင်မြို့သို့ မီလီဗာနှင့် ကလေးတွေ ပြန်မလာရအောင် တားဆီး နေခဲ့၏။ မီလီဗာက အိုင်စတိုင်းအား ဘာလင်တွင်မနေဘဲ ဇူးရစ်မြို့သို့ ပြန်လာပါမည့် အကြောင်း အမျိုးမျိုးတောင်းပန်ပြီးခေါ်သည်။ သူ့ထံမှပြန်စာတွင် စစ်ကြောင့် သူ့အလုပ် တွင် ထိခိုက်မှုမရှိဟုသာ ဆိုလိုက်လေသည်။ ခုဆို သူ၏ သိပ္ပံပညာရှာဖွေမှုလုပ်ငန်းမှာ အဘက်ဘက်က တိုးတက်နေသည့်အတွက် ဒါကိုအနှောင့်အယှက်မဖြစ်စေချင်ကြောင်း၊ ဇူးရစ်သို့ ထွက်လာပါက သူ့အနေနှင့် နောက်ထပ် အလုပ်သစ်တစ်ခု ရှာရဦးမည်ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွင် အခက်အခဲ အနှောင့်အယှက် ဖြစ်မည်ဖြစ်ကြောင်း၊ လောလောဆယ်တွင် မီလီဗာတို့မိသားစုအနေနှင့် ဖူးရစ်မှာပင် နေစေလိုကြောင်း ပြန်ရေးလိုက်သည်။

"တို့သားကလေးတွေကို ဆွစ်ဇာလန်မှာပဲ ပညာသင်စေချင်တဲ့ဆန္ဒ ကိုယ်မှာ ရှိတယ် မီလီဗာ"

သို့သော် အိုင်စတိုင်း၏စာတွင် ဘယ်တော့ သူတို့အတူပြန်နေကြမည်ဆိုသည်ကို ထည့်မရေး။ သည်လိုမရေးခြင်းအတွက် မီလီဗာအနေနှင့်ကတော့ ဘယ်လိုမှမထင်၊ ဒါ သူ့အကျင့်ပဲဟုသာ မှတ်ထားလိုက်သည်။ သူ့ဦးနှောက်ထဲတွင် သူ့အလုပ်တစ်ခုသာ ဝင်စားနေစဉ်အခိုက်ဝယ် သူသည် ဘာကိုမှ အရေးတယူ မစဉ်းစားတတ်တော့။ သူ့ အိမ်ထောင်စုကိစ္စကို စဉ်းစားလျှင်လည်း 'နောက်မှ'ပင် စဉ်းစားပေတော့မည်။

သူ၏သုတေသနလုပ်ငန်းတွင် အတားအဆီး အခက်အခဲတစ်ခုနှင့် ကြုံရပြီ။ မီလီဗာတို့နှင့် ကွဲနေခဲ့ရသည်မှာလည်း တစ်နှစ်လောက်ကြာပြီ။ ထိုအခါမှ အိုင်စတိုင်း သည် ဆွစ်ဇာလန်ရှိ မီလီဗာတို့မိသားစုထံ အလည်အပတ် သွားခဲ့လေသည်။ ပြီးတော့ ဟာင်အဲလဗတ်ကိုခေါ်ကာ ခရီးရှည်ထွက်သည်။ ဂျာမနီပြည်တောင်ပိုင်းရှိ မြို့ကလေး တစ်မြို့မှ ရှေးဆန်သော ထမင်းဆိုင်တစ်ဆိုင်တွင် တည်းခိုကြသည်။

သားအဖနှစ်ဦးသည် ဒင်နျူမြစ်ကြောတစ်လျှောက် လှေလှော်ကြသည်။ ကလေး က သူတို့ကို ဂျာမနီသို့ ပြန်ခေါ်သွားဦးမည်လားဟု ဖခင်အား မေးသည်။

"မင်းတို့ကို ဆွစ်ဇာလန်မှာပဲ ပညာသင်စေချင်တယ်"

ဤစကားကိုပဲ ထပ်ပြောပြီး အကြောင်းအရာ ပြောင်းပစ်လိုက်သည်။ ဤသို့ ခရီးရှည်ထွက်ကြတုန်းကတော့ အိုင်စတိုင်းစိတ်တွင် ဘယ်လိုပျော်မှန်းမသိ။ ဘဝ တစ်ကွေ့မှာတွေ့ရတဲ့ နှစ်လိုဖွယ်အချိန်ကလေးလို့လည်း သူထင်သည်။ ထို့ကြောင့်လား မသိ၊ ခရီးရှည်ထွက်ပြီး ပြန်ကြသည့်အချိန်တွင်တော့ အိုင်စတိုင်းသည် ထူးထူးဆန်းဆန်း မဖြစ်စဖူး၊ အထူးဝမ်းနည်းမိသည်။ စိတ်ထဲမှာ ကြေကွဲသလို ဝေဒနာက သိသိသာသာ တွယ်ငြိလာသည်။

ဖူးရစ်သို့ပြန်ရောက်တော့ နောင်ရေးအတွက် တိတိကျကျ အဖြေတစ်ခု သူ့ထံမှ ရဖို့ မီလီဗာက ကြိုးစားသည်။ သို့ပေမင့် မီလီဗာထင်သလို မဖြစ်ခဲ့။

ဘာလင်သို့ မပြန်မီ အိုင်စတိုင်းသည် ပြင်သစ်စာရေးဆရာ၊ စစ်ဆန့်ကျင်ရေး သမား ရိုမိန်း ရိုလင်ကို ထိုစဉ်က သူတိမ်းရှောင်နေသော ဗီဗေးမြို့ကလေးမှ မူဆာဟိုတယ် တွင် သွားတွေ့သည်။ ရိုလင်နှင့်တွေ့တော့ အိုင်စတိုင်းက သူ၏လှုပ်ရှားမှုကို ဘာလင်မြို့ တွင် ထောက်ခံအားပေးနေသူတွေ ရှိနေပြီဖြစ်ကြောင်း သူ့အနေနှင့် ရိုလင်ကို ဘယ်လိုနည်း နှင့် ကူညီရ၊ ကူညီရ ကူညီချင်ကြောင်း မိမိအနေနှင့် စစ်ဆန့်ကျင်ရေးမှာ အုပ်တစ်ချက် အနေနဲ့ပဲဖြစ်ဖြစ် ပါမည့်အကြောင်း ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းသည် ဘယ်လောက်အရေးကြီးသည့် ကိစ္စမျိုးပြောပြော သူ့အသော အရွှန်းဝါသနာက ပါလာတတ်သည်။ ဘာလင် ဘီယာဆိုင်တွင် တက္ကသိုလ်ကလူတွေနှင့် တစ်ပတ်တစ်ခါ ဆုံသည့်အချိန်၌ အိုင်စတိုင်းက ရိုလင်နှင့်တွေ့ခဲ့ရသည်မှာ ဘယ်လောက်ရယ်စရာကောင်းကြောင်း ပြောသည်။ ထိုအချိန်တွင် ထိုအစည်းအဝေး၌ ဆွေးနွေးကြမည့်ကိစ္စမှာ တစ်ကမ္ဘာလုံးက ဒီလောက်တောင် ဘာကြောင့် ဂျာမနီတစ်ခုထဲကို မုန်းနေရသနည်းဆိုသည့် ပြဿနာဖြစ်၏။

အိုင်စတိုင်းအား ရိုလင်က သူ၏စာအုပ်သစ်ဖြစ်သော 'စစ်ကိုလွှန်၍' စာအုပ်တော်တော်များများ ပေးလိုက်သည်။ ဤစာအုပ်ထဲတွင် သူ၏ စစ်ဆန့်ကျင်ရေး အတွေးအခေါ်များပါသည်။ ရိုလင်သည် စကားကို စိတ်ပါလက်ပါ ပြောသည်။ အိုင်စတိုင်းလည်း ရိုလင်ကို အသေးစိတ်နားလည်အောင် လေ့လာသည်။ တကယ်တော့ ရိုလင်ရှေ့မှောက်ရောက်နေသူ (အိုင်စတိုင်း)ကလည်း ဤကမ္ဘာကြီးကို တကယ်တမ်း လောကကောင်းစားရေး လိုလားသူ ပရဟိတစိတ် အပြည့်အဝရှိသူတို့၏ စွမ်းဆောင်မှုဖြင့် ပြောင်းလဲနိုင်သည်ဟူသော အချက်ကို ယုံကြည်ထားသူသာ ဖြစ်၏။ တခြားလူများကိုလည်း ဤအချက်ကို လက်ခံယုံကြည်စေချင်သည်။

သူ့အမြင်တွင် ယခုခေတ် ဂျာမန်လူငယ်များစိတ်တွင် အဓိက သက်ရှိထင်ရှားနေသော အတွေးအခေါ်နှစ်ရပ်ရှိနေသည်။ တစ်ခုမှာ တစ်လောကလုံး အကျိုးပြုဝါဒီဂိုသ်၏အတွေးအခေါ်နှင့် ထင်ရှားသော ဂျာမန်သမိုင်းဆရာကြီး ဟိန်နရစ်ဗွန်ထရိတ်စကေတို့ ဖြစ်သည်။ ထိုသူက ပရပ်ရှန်းကြီးထွားရေးဝါဒ၊ ပရပ်ရှားလူမျိုးများက တစ်ကမ္ဘာလုံးကို လွှမ်းမိုးအုပ်စိုးရေးတရားများကို တွင်တွင်ဟောနေ၏။ ဤထရိတ်စကေဝါဒနောက်သို့ ဂျာမန်လူငယ်များသည် ပိုးဖလံမီးကို တိုးသကဲ့သို့ တိုးဝင်လိုက်ပါနေခြင်းသည် အလွန်ဝမ်းနည်းစရာ အဖြစ်အပျက်တစ်ရပ်ဟု သူထင်မြင်မိ၏။

အိုင်စတိုင်းနှင့် တွေ့ဆုံကြပြီးနောက် ရိုလင်သည် သူ၏ဒိုင်ယာရီ စာအုပ်တွင် ၃၆ နှစ် ရှိပြီဖြစ်သော ကမ္ဘာ့သိပ္ပံပညာရှင်ကြီးအကြောင်း အောက်ပါအတိုင်း ရေးထားလိုက်လေသည်။

"အိုင်စတိုင်းကား ယခုအထိ အသက်ငယ်ငယ်ရှိသေးသည်။ အရပ်က သိပ်မမြင့်၊ မျက်နှာက ရှည်ပြီး ကျယ်သည်။ နက်မှောင်သောဆံပင်နှင့် မျက်ခုံးမှာ အထက်သို့ ထိုးထောင်လျက်ရှိသည်။ နှာတံကလည်း ပေါ်လွင်သည်။ မေးစေ့က ဝိုင်းဝိုင်း၊ ပါးပြင်က မောက်မောက်၊ ပါးစပ်ကကျဉ်းကျဉ်း၊ နှုတ်ခမ်းမွေး မရှည်မတိုနှင့် ဖြစ်၏။

ဘာလင်သို့ ပြန်ရောက်ပြီးနောက်တွင် ဟော်လန်ပြည် ဆွစ်ဇာလန်ပြည်တို့မှ စစ်ဆန့်ကျင်ရေးသဘောတရားပါ စာရွက်စာတမ်းများ သူ့ထံသို့ မှန်မှန်ရောက်လာကြသည်။ ထိုစာရွက်စာတမ်းများကို သူ့အကူအညီဖြင့် မိတ်ဆွေထဲက ထောင်ပျဲနေ

www.burmeseclassic.com

www.burmeseclassic.com



သူများထံသို့ ခိုးသွင်းပေးကြသည်။ ဤကိစ္စအတွက် စစ်အတွင်း ဘာလင်သို့ရောက်နေကြသော ဆွစ်အမျိုးသားများကို ကော်မတီဖွဲ့ပြီး ဆောင်ရွက်သည်။

ထိုကော်မတီဝင်များသည် စစ်ကြောင့် ဘာလင်တွင် အဖမ်းခံနေရသော နိုင်ငံခြားသားများ ထောင်သို့ပို့သောအခါ စာရွက်စာတမ်းများကို ခိုးသွင်းပေးသည်။ တချို့ကော်မတီဝင်များက အိုင်စတိုင်းအား ဤစာရွက်စာတမ်းများ ခိုးသွင်းပေးသည့်အလုပ်ကို ကိုယ်တိုင်စွန့်ပြီးမလုပ်ပါနှင့်ဟု တားမြစ်ကြသည်။ အိုင်စတိုင်းကားမမှု လုပ်မြဲလုပ်သည်။

"ဒီလူကတော့ အစိုးရပိုင်းကို အတိုက်အခံလုပ်ရတဲ့ အလုပ်မျိုးဆို သိပ်ပြီး ပျော်စရာကောင်းတဲ့အလုပ်မှတ်တာ၊ သူ ခိုးသွင်းတဲ့ စာရွက်စာတမ်းတွေ ထောင်ထဲရောက်သွားပြီဆိုတာ ကြားရရင်လား၊ ဟာ ဘယ်ပြောကောင်းမလဲ သူဘယ်လိုစိတ်အားထက်သန်နေမှန်း မသိဘူးဗျာ"ဟု အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဖရန်ကစ်ချာ ထာရာမာက ဆိုသည်။

အမှန်တော့ ၁၉၁၅ ခုနှစ်တွင် သူ၏ ရူပဗေဒလုပ်ငန်းထဲတွင်သာ နစ်မြုပ်မနေဘူးဆိုလျှင် အိုင်စတိုင်းသည် ဤစစ်ဆန့်ကျင်ရေးအလုပ်ကို တော်တော်များများ လုပ်ခဲ့ပေလိမ့်မည်။

ရီလေတီဗတီကို အချိန်(ကာလ)နှင့် ဌာန(အာကာသ) သဘောတရားမှ ဆွဲဆောင်မှုနိယာမသဘောသို့ တိုးချဲ့ရေးလုပ်ငန်းတွင် သင်္ချာဘက်က မပေါက်မမြောက်ဖြစ်နေခဲ့ရာမှ ယခုတော့ တိုးတက်အောင်လုပ်ဖို့ နည်းလမ်းတစ်ခု ရလာသည်။ လွန်ခဲ့သောနှစ်ပေါင်း ၆၀ လောက်က ကျော်ကြားရိန်မန်ခေါ်သော ဂျာမန်သင်္ချာဆရာကြီးတစ်ဦး၏စာအုပ်များတွင် မျဉ်းကွေးများနှင့်ပတ်သက်သော ဂျီသြမေထရီအတွက် လိုအပ်သော သော့ချက်သဘောကို တွေ့ရပြီ။ စက်ကွင်းဆိုင်ရာ သဘောတရားများကို ဤနည်းကိုအသုံးပြုပြီး အိုင်စတိုင်းက ဖြေရှင်းရန် ကြိုးစားသည်။ ဤနည်းဖြင့် အာကာသထဲတွင် လှုပ်ရှားနေသော အရာဝတ္ထုများ၏ လှုပ်ရှားမှုလမ်းကြောင်းနှင့် အခြားအရာဝတ္ထုများ၏ လှုပ်ရှားသွားလာမှုလမ်းကြောင်းတို့ ယှက်ကူးဖြစ်ပေါ်လာသော ပင့်ကူမျှင်ယှက် စက်ကွင်းသဘောကို ဖော်ပြနိုင်ခဲ့၏။

သူ၏ သင်္ချာသဘောတရားအသစ်များကို မာကျူရီဂြိုဟ်၏လှုပ်ရှားသွားလာပုံသဘောအပေါ်တည်၍ ရှာဖွေသည်။ ဤဂြိုဟ်သည် နယူတန်၏နိယာမများကို ဆန့်ကျင်ပြီး လှည့်ပတ်သွားနေပုံ မမှန်သဖြင့် နက္ခတ်ပညာရှင်များ ခေါင်းရှုပ်ရသော ဂြိုဟ်တစ်လုံးဖြစ်၏။

အိုင်စတိုင်း၏ သင်္ချာက အရာဝတ္ထုတို့ ယင်းသို့ ထူးခြားစွာဖြစ်ပေါ် လှုပ်ရှားပြောင်းလဲပုံသဘောကို ရှင်းထုတ်ပေးခဲ့သည်။

ဤသင်္ချာကြောင့်ပင် သူသည် နေကြောင့် ကြယ်မှလာသော အလင်းရောင်ခြည်တန်း နေရာလွဲ၍ ကွေးသွားခြင်းကို တိတိကျကျ တိုင်းတာပြောဆိုနိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နရယ် ရိုလေတီဗတီသိဝရီ ခေါ်သော ဤဆွဲဆောင်မှုနိယာမကို ရှင်းထုတ်သည့် သဘောတရားကို မဟာမိတ်တပ်များက နောက်ဆုံးပိတ် အကြီးမားဆုံးစစ်ပွဲကြီးဆင်နွှဲကာ ဂါလီပိုလီမြို့ကို သိမ်းယူသည့် အချိန်လောက်တွင် အရှောက်ိုင် အပြီးသတ်နိုင်ခဲ့၏။

ဤစစ်ပွဲကြီး ပြီးဆုံးခြင်းဖြစ်ရပ်နှင့် ရိုလေတီဗတီ အောင်မြင်ခြင်းဖြစ်ရပ်နှစ်ခုသည် ကမ္ဘာတည်သရွေ့ ဥဒါန်းတွင်ရစ်မည့် သမိုင်းဖြစ်ရပ်နှစ်ခုပေပဲဟု အိုင်စတိုင်းကိုယ်တိုင် သိခဲ့၏။ ဤအောင်မြင်ချက်သည် ကမ္ဘာကို တုန်ခါစေသည်သာမက သူ့တစ်ကိုယ်လုံးလည်း သိမ့်သိမ့်ခါမျှ စိတ်လှုပ်ရှားစေခဲ့၏။ မျူနစ်မြို့တွင်ရှိသော မိတ်ဆွေ ရူပဗေဒပညာရှင်တစ်ဦးက သူ့ထံ စာမပြန်သည့်အတွက် အိုင်စတိုင်းအား အပြစ်တင်နေသည်ကို သူက ပြန်စာရေးရာတွင်

"အင်မတန် စိတ်လှုပ်ရှားရဆုံးနဲ့ အင်မတန် တိကျပြတ်သားတဲ့ ဘဝအတွေ့အကြုံတစ်ရပ်ကို ခုမှပဲ ကျုပ်တွေ့ရတော့တယ်ဗျာ၊ ဒါဟာ ကျုပ် ဘဝမှာဖြင့် အအောင်မြင်ဆုံးပဲ"ဟု ထည့်ရေးလိုက်၏။

ဤအောင်မြင်မှုကြောင့် ရရှိခဲ့သော စိတ်ချမ်းသာမှုသည် သူ့ဘဝ တစ်ဘဝလုံးကို ကာလရှည်ကြာ လွှမ်းမြိုးခဲ့ရုံသာမက ကမ္ဘာ့လူသားတို့၏ ရက်စက်ကြမ်းကြုတ်မှုများကို ဘာမထီအောင် ခံနိုင်ရည်ရှိစေသော အားဆေးတစ်မျိုးလည်း ဖြစ်ခဲ့လေသည်။ ယခုမှ သူလည်း ပို၍အားရှိလာကာ သိပ္ပံဂျာနယ်များသို့ အကြောင်းအရာအမျိုးမျိုးကို ရေးသားတင်ပြနိုင်ခဲ့သည်။

၁၉၁၆ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့သည် သူ့ဘဝတွင် ပျော်ရွှင်ချမ်းမြေ့ခဲ့ရသော စိတ်ဘဝင်ကို တိမ်ဖုံးလနယ် ညှိုးချုံးစေခဲ့ပြန်သည်။ ကြားရသောသတင်းကား နားမချမ်းသာစရာ ရှိလှပါဘိ။ ဩစတြီးယား နန်းရင်းဝန်သည် လုပ်ကြံခံရပြီဟူသော သတင်းနှင့်အတူ ထိုသို့ လုပ်ကြံသော လူသတ်သမားမှာ ဖရက်ဒရစ်အက်ဒလာဖြစ်ကြောင်းလည်း သိရသည်။

ဇူးရစ်မှာနေစဉ်က မိတ်ဆွေရင်းဖြစ်သူ အက်ဒလာနှင့် အတူရှိခဲ့ဖူးသော ကာလကလေးကို အိုင်စတိုင်းသည် ပြန်လည်သတိရနေမိ၏။ တစ်ခါကမူ အက်ဒလာနှင့် သူသည် တစ်အိမ်တည်း တစ်ခန်းတည်းမှာပင် အတူနေခဲ့ကြဖူးသည်။ အက်ဒလာသည် ပထမဆုံးပေါ်လာသော လက်နှိပ်စက်ကလေးကို ဝယ်ခဲ့၏။ သည်လက်နှိပ်စက်ကလေးကို အက်ဒလာသည် သူ့သားကလေး သမီးကလေးတမျှ ယုယစွာ ကိုင်တွယ်၏။ သည်လောက် သူချစ်သောစက်ကလေးကိုပင် ဟာင်အဲလဗတ်အား တစ်ခါက ရိုက်ကြည့်ချင်သည်ဆို၍ ရိုက်ခွင့်ပေးရှာသည်။ ဟာင်အဲလဗတ်ဘဝတွင် ဤအချိန်ကလေးကို ဘယ်တော့မှမမေ့ခဲ့သည်ကိုလည်း သူသိခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နီကိုလိုင်၊ ရိုလင်၊ အက်ဒလာ ဤသူတွေသည် ရဲရင့်ပြတ်သားသော သိပ္ပံပညာရှင်တွေ ဖြစ်ကြသလို ဤလူ့ဘဝ၌ မတရားမှုကို တိုက်ရသည့်အတွက် အသက်ကိုပင် စွန့်ရဲကြသူများပါတကား။ တကယ်တော့ သူတို့လုပ်ခဲ့သည့် အလုပ်တွေသည် အသက်ကို ပေးလှူစွန့်ကြရသည့် အလုပ်များပေပဲကလား။ အိုင်စတိုင်း၏ဘဝမှာတော့ သူ့ဘဝသည်ပင် သူ့သိပ္ပံပညာ ဖြစ်ခဲ့၏။

စင်စစ် ဤပုဂ္ဂိုလ်များသည် ဤကမ္ဘာ၌ သူနှင့်ဆိုလျှင် သေတူရှင်ဖက်တွေသာ ဖြစ်ကြသည်။ သည်လိုဖြစ်ပါလျက် ကိုယ်ကတော့ ဘေးဖယ်ကာ သူတို့ကိုချည်း တိုက်ခိုင်းသင့်သလား။ သူတို့ကိုချည်း သေခိုင်းသင့်သလား။

ချက်ချင်းပင် စားပွဲပေါ်တွင်ထိုင်ကာ အက်ဒလာ၏ သိပ္ပံပညာရှင်ဘဝကလေးကို ဂုဏ်ပြုသည့်အနေနှင့် ဆောင်းပါးတစ်ပုဒ်ကိုရေးကာ သိပ္ပံဂျာနယ်သို့ ပို့လိုက်သည်။ တကယ်တော့လည်း သူ့ဘဝတွင် သိပ္ပံပညာ အသိုင်းအဝိုင်းမှာသာ ဩဇာရှိသည်မဟုတ်ပါလော။ မည်သို့ဆိုစေ ဒီလိုလုပ်လိုက်ခြင်းသည် သူ့သူငယ်ချင်းကို ကူညီရာ ဂုဏ်ပြုရာတော့ ဖြစ်ချေမည် ဧကန်။

ထို့နောက် မိလီဗာထံမှ စာတစ်စောင်ရောက်လာသည်။ စာထဲတွင် ပရပ်ရှားစစ်တပ်တွင် ဆေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော သူ့အစ်ကို မိုင်လော့ချ်အား ရုရှားစစ်တပ်များက ဖမ်းသွားကြောင်း ပါလာသည်။

ကြေကွဲစရာအဖြစ်များက တစ်ခုပြီးတစ်ခု ထပ်ကာထပ်ကာ ဆင့်လောင်းလို့သာ လာချေပြီတကား။

အချိန်မှာ ဆော့မ်မိတိုက်ပွဲ ပြင်းထန်နေချိန်ဖြစ်၏။ လူပေါင်း တစ်သန်းကျော်လည်း သေခဲ့ကြပြီ။ ဒဏ်ရာပြင်းထန်စွာရခဲ့ကြပြီး ဘဝဆုံး၍ လူလုံးမလှ ဖြစ်ခဲ့ကြရပြီ။ သည်အခါမှာ ဂျာမနီက ရိုးသားမှုမရှိသော ငြိမ်းချမ်းရေးစကား ကမ်းလာသည်။

ဂျာမနီလူမျိုးများသည် ငြိမ်းချမ်းရေးကို မလိုလားကြ။ ဂျာမန် ရေငုပ်သင်္ဘောများကို အပြင်ထွက်တိုက်ခွင့်မပေးဘဲထားသော အာဏာပိုင်များကို ဒေါသဖြစ်နေကြသည်။ ရေငုတ်သင်္ဘောတွေနဲ့တိုက်မှ မုချအောင်မြင်မှုရမည်ဟု လူတိုင်းလိုလို ထင်နေကြ၏။ ဂျာမန်များမှာ ၁၉၁၆ ခုလောက်တည်းက ရေငုတ်သင်္ဘော စစ်ဆင်ရေးကို အကန့်အသတ်လုပ်ထားခဲ့ရသည်။ အကြောင်းမှုကား အမေရိကန်က အကယ်၍ သူတို့သင်္ဘောတွေကို နောက်ထပ် တော်ပီဒိုနှင့် ပစ်ခတ်ခြင်းခံရလျှင် စစ်ထဲသို့ဝင်လာမည်ဟု ခြိမ်းခြောက်ထားသောကြောင့်ဖြစ်၏။

သို့သော် ၁၉၁၇ ခု ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဂျာမနီက သူတို့အနေနှင့် ရေငုပ်သင်္ဘောကို အကန့်အသတ် အချုပ်အချယ်မရှိ သုံးတော့မည်ဖြစ်ကြောင်း အမေရိကန်သို့ အကြောင်းကြားရာ နောက်နှစ်လအကြာတွင် အမေရိကန် ပြည်ထောင်စုက ဂျာမနီကို စစ်ကြေညာလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းသည် အာရင်ဖက်စ်ထံသို့ စာတစ်စောင် ရေးလိုက်သည်။ ထိုစာတွင် "ရှေးတုန်းက ဂျပ်ဟိုဗာဘုရားကတော့ဖြင့် ခုထိ နိုင်ငံခြားမှာပဲ ရှိသေးတယ်ဗျ။ သူက အလို အပြစ်ကင်းသူတို့သည်လည်း အပြစ်ရှိသူတို့နှင့်အတူ ထိတ်လန့်တုန်လှုပ်ခြင်း ပြင်းစွာဖြစ်၍ အဝိဇ္ဇာတရားဖုံးလွှမ်းကာ အပြစ်ကိုပင် အပြစ်မှန်း မသိတတ်ကြပြီတကား ဟု ဆိုတယ်ဗျ။ ကျုပ်တို့တော့ အဝိဇ္ဇာတရားတွေ မိစ္ဆာဒိဋ္ဌိတွေ လွှမ်းမိုးတဲ့ ခေတ်ဆိုး ကြီးနဲ့ ကြုံနေရပါပကောဗျာ။ ဒီကပ်ဆိုးကြီးဟာ ကြီးစွာသော ဒုက္ခဝေဒနာတွေ ဖြစ်စေ တော့မှာပဲ။ နောက်လာနောင်သားတွေအဖို့တော့ အံ့သြစရာ နားမလည်နိုင်လောက်အောင် ရှုပ်ထွေးတဲ့ခေတ်ကြီး ဖြစ်တော့မယ်"ဟု ရေးသားဖော်ပြလိုက်သည်။

အိုင်စတိုင်း၏စာကို ဖတ်ရသောအခါ သူ့လက်ရေးများ ယခင်က ကောင်း သလောက် ယခု မပီမသဆွဲထားသည်ကို သတိထားမိသည်။ နောက်မှ အာရင်ဖက်စ် ကြားရသည်။ အိုင်စတိုင်းသည် အကြီးအကျယ်စိတ်ထိခိုက်ပြီး ဗိုက်တွင်လည်း ရောဂါ ဖြစ်နေသည်ဟု ဆိုသည်။

သူ့ရောဂါသည် အစာအိမ်အရျင်ပေါက်သည့်ရောဂါပဲလား၊ ဘယ်လို ရောဂါမျိုး လဲဆိုသည်ကို ဆရာဝန်တွေကလည်း တိတိကျကျ မဆုံးဖြတ်နိုင်။

ထိုအချိန်တွင် သူဦးလေးဝမ်းကွဲတော်သူ ရုဒေါ့ အိုင်စတိုင်း ငှားနေသည့်အိမ်နှင့် မလှမ်းမကမ်းမှာ အိမ်တစ်ဆောင်ရှိသည်။ ထိုအိမ်တွင် အယ်လ်ဆာသည် သမီးကလေး နှစ်ယောက်နှင့် အတူနေသည်။

အယ်လ်ဆာ၏ခင်ပွန်းမှာ ဆုံးပြီဖြစ်၍ သူ့မှာ ယခုအချိန်တွင် မုဆိုးမကလေး ဖြစ်နေသည်။ ငယ်စဉ်က မျူနစ်တွင် အယ်လ်ဆာနှင့် အိုင်စတိုင်း တစ်ခါတွေ့ခဲ့ကြဖူး သည်။ အရင်တုန်းကတော့ တစ်ဦးနှင့်တစ်ဦး စာအဆက်အသွယ်လည်း ရှိခဲ့ကြဖူးသည်။ အယ်လ်ဆာနှင့် အိုင်စတိုင်းမှာ တူညီမှုကလေးတွေတော့ရှိသည်။ အယ်လ်ဆာလည်း အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဖြစ်၏။ သူ့အိမ်ထောင်သာယာရေးပဲ သူသိသည်။ ပညာတတ်ဟန်ဆောင်မှုမျိုးလည်း သူ့မှာမရှိ။ သူ့မျက်လုံးများမှာ အတော်ပင်မွဲနေသဖြင့် သတင်းစာကြည့်လျှင် မျက်လုံးနားကပ်ပြီး ကြည့်ရသည်။ မျက်လုံးမွဲသောကြောင့်လား မသိ အယ်လ်ဆာသည် သူ့ကိုယ်သူ အလှပြင်ရမှန်းလည်းမသိတော့။ အိုင်စတိုင်းကလည်း သူ့အလှကို ဂရုထားပြီး စိတ်မဝင်စားမိ။ သူသတိထားမိသည်မှာ အယ်လ်ဆာသည် သိမ်မွေ့သည်၊ ကြင်နာသည်၊ အချက်အပြုတ်ကောင်းသည်။ ဒါပဲဖြစ်သည်။ ထိုအချိန်ကမှု အိုင်စတိုင်းစိတ်ထဲတွင် သက်သောင့်သက်သာ ချမ်းချမ်းမြေ့မြေ့ပဲ နေလိုချင်သည်။ အချစ်ကိုတော့ မလိုချင်။

အိုင်စတိုင်း၏ ဗိုက်ကရောဂါသည် ဆိုးသည်ထက်ဆိုးလာသည်။ သူ့ကို အယ်လ် ဆာအိမ်တွင်ထားမှ ဖြစ်တော့မည်။ အမြဲဘေးကထိုင်ပြီးပြုစုဖို့ လူတစ်ယောက်ရှိမှ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့မည်။ ရှုဒေါ်သည် ထိုအိမ်တွင်မနေသဖြင့် အယ်လ်ဆာနှင့် သူနှင့်သာ ထိုအိမ်တွင်ရှိသည်။ ပတ်ဝန်းကျင်ကတော့ ဘယ်လိုမြင်ကြမည်မသိ၊ သူကတော့ ဘယ်လိုမှ စိတ်မသိုးမသန့်မဖြစ်။ သူ့မှာ တစ်ချိန်လုံး အိပ်ရာထဲတွင် လဲနေလေသည်။

မိတ်ဆွေများကမူ အိုင်စတိုင်းသည် ဤတစ်ကြိမ်တွင် သေလိမ့်မည်ဟုပင် ထင်နေကြရပြီ။ အယ်လ်ဆာသည် သူ့အိပ်ရာဘေးတွင် ထိုင်ကာ တစ်နေ့လုံး ပြုစုရှာသည်။ ဆေးတိုက် စွပ်ပြုတ်ရည်တိုက် အားပေးစကားပြောကာ အိုင်စတိုင်းရောဂါကောင်းအောင် အနွံအတာခံရှာသည်။

သူ့ခန္ဓာကိုယ်မှာ ပိန်ချုံးသွားသည်။ အသားပေါင်ငါးဆယ်လောက် ကျသွားပြီးမှ အပြုအစုဖြင့် ပြန်၍နာလန်ထူစ ပြုလာလေသည်။

၁၉၁၇ ခုနှစ်ကုန်ခါနီးသည့်အချိန်မှာ သူသည် လူကောင်းပကတိ ပြန်ဖြစ်လာသည်။ ဘာလင်အကယ်ဒမီတွင် တာဝန်ဝတ္တရား ပြန်လည်ထမ်းဆောင်နိုင်ပြီ။ သို့သော် သူသည် ယခင်က တစ်ယောက်တည်းနေခဲ့သောနေရာသို့ ပြန်မနေ အယ်လ်ဆာနှင့်ပင် အတူဆက်နေလေသည်။ တခြားသူများ ဘာသာရေးဆိုင်ရာများကိုလည်း အယ်လ်ဆာအိမ်တွင် သူသည် အိပ်ခန်းတစ်ခန်း သီးသန့်နေပြီး များသောအားဖြင့် ကိုယ့်ဘာသာကိုယ် အပြင်မှာပင် စားစရာရှိစားနေကြောင်း အသိမပေး နေချင်သလိုနေတော့သည်။

အယ်လ်ဆာနှင့် အတူနေသည်ဆိုသည်ကို မီလီဗာကြားရကတည်းက စိတ်ဆင်းရဲရတော့သည်။ သူ့ယောကျ်ား တခြားမိန်းမနှင့်နေသည်ကို မိန်းမဖြစ်သော မီလီဗာ အနေနှင့် ဘယ်နည်းနှင့်မျှ သဘောမတူနိုင်။ မီလီဗာ စိတ်ထဲတွင် တစ်နေ့ သူတို့လင်မယား အတူပြန်နေကြရမှာပဲဆိုသည့်စိတ်ကူး အမြဲရှိသည်။

သူ့ကိုလည်း ယခုထိ မီလီဗာက ချစ်ရတုန်းပင်။ ယခုတော့ သူ့အိမ်ထောင်ရေ့ရေးအတွက် သူဆုံးရပေတော့မည်။ ဖင်းဂါးက ကြားဝင်ပြီး မီလီဗာနှင့် ကွဲလားကွာလား မလုပ်ကြဖို့ ဖျန်သည်။ ကလေးတွေ၏ ရှေ့ရေးကိုပါ ထည့်စဉ်းစားသင့်ကြောင်း ဖင်းဂါးက သတိပေးသည်။

အိုင်စတိုင်းအဖို့ ဆုတ်စူး စားရူး ဖြစ်ကပြီ။ နောက်ဆုံး သူ့အသည်းကပင်ဆုံးဖြတ်ချက်ချလိုက်သည်။ သူ့အလုပ်ကို ချစ်ရခြင်းသည် သူ့မယား၊ သူ့သားကို ချစ်ရခြင်းတွေထက် ပိုသည်။ ဒါကိုတော့ သူလည်း ဘယ်လိုမှမတတ်နိုင်။ ငယ်ငယ်တုန်းကတည်းက လောကအသိပညာကို ရှာပါမည်ဟု သန္နိဋ္ဌာန်နှင့်တကွ ဘဝကို သည်အလုပ်ထဲမှာပင် နှစ်မြှုပ်ခဲ့ပြီးပြီ။ တကယ်တော့ နောက်ထပ် အသစ်ဆုံးဖြတ်နေစရာလည်း မလိုပါဘဲ။ သူ့မှာ မွေးကတည်းက ဆုံးဖြတ်ချက် အတိအကျပါလာသူသာဖြစ်သည်။ ယခုဆိုလျှင် သူ့ဘဝမှာ ရှိသမျှအင်အားသတ္တိတွေသည် သူ့အလုပ်နှင့် ကိုက်ညီနေပြီ။ ဤအကြောင်းပြချက်တွေသည်ပင်လျှင် သူ အသက်ရှင်နေရခြင်း၏ အကြောင်းရင်းများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြ၏။ ယခု အသက်ကလည်း လေးဆယ်နီးလာပြီ။ တဖြည်းဖြည်း အကျပိုင်းသို့ ရောက်ချေပြီ။ လုပ်စရာအလုပ်တွေကလည်း တောင်ပုံတမျှ ရှိသေး၏။ ဒါတွေကို မလုပ်ဘဲနှင့်တော့ ဘယ်နည်းနှင့်မျှမနေနိုင်။ ဘယ်နည်းနှင့်မျှ မသေနိုင်။.

ဘာလင်မှာ နေရခြင်းသည် သူ့ဘဝအတွက် လွတ်လပ်မှုရှိသည်။ အကယ်ဒမီ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း သူ့ကို အလုပ်တွေအများကြီး လုပ်နေရအောင် တွေးကြံနေရအောင် သူ့စိတ်ကို ဆွပေးနိုင်သည်။ သူ့ကိုယ်သူလည်းသိသည်၊ သူသည် တခြားလူတွေနှင့်မတူ။ လူတစ်ယောက်က လူကိုလူချင်းချစ်သည့် မေတ္တာနှင့် စိတ္တဇ သဘော သိပ္ပံပညာကိုချစ်သည့် စိတ်များအတွက် သူ့အသည်းနှလုံးကို ဘယ်လိုလုပ်လို့များ နှစ်ပိုင်းခွဲထားနိုင်ပါလိမ့်ဟု နားလည်သူက ခပ်ရှားရှားပင်။

တကယ်ဆိုတော့ သူ့ရင်ထဲမှာ သိပ္ပံပညာကသာ အခါခပ်သိမ်း စိုးမိုးချုပ်ခြာနေသည်မှာ အမှန်။

မတတ်သာတော့။ သူ့ဆုံးဖြတ်ချက်ကား ပြောင်းလဲစရာမရှိတော့သည့်အဆုံး မိလီဗာထံသို့ သူ့ကို ကွာရှင်းပေးရန် စာရေးလိုက်ရတော့သည်။ သူ့ဘဝအခြေအနေတွေ၊ သူ့ယုံကြည်ချက်တွေ၊ သူ့သဘောတွေ အားလုံးကိုလည်း မိလီဗာထံရေးသည့် စာထဲတွင် ရှင်းပြလိုက်သည်။ စာအဆုံးတွင်မူ

"မင့်အပေါ်မှာ ကိုယ်ဟာ ကိုယ့်ဘဝတစ်လျှောက်လုံး သစ္စာအရှိဆုံး လူတစ်ယောက်အဖြစ်နဲ့ပဲနေသွားတယ်ဆိုတာ မင်းတွေ့ရပါလိမ့်မယ် မိလီဗာ"

ဟု ဆိုလိုက်သည်။

အတော်အတန် အသိရှိနေပြီဖြစ်သော သားကလေးများက သူတို့ဖခင်သည် သူတို့ထံသို့ ပြန်လာတော့မည်မဟုတ်ကြောင်း ရိပ်မိကြသည်။ ထို့ကြောင့် သူတို့အမေက သူတို့လင်မယား ပြတ်စဲကြတော့မည်ဟု ဖွင့်ပြောသည့်အချိန်တွင် များစွာအံ့သြခြင်း မဖြစ်မိကြတော့ပေ။ အဖြစ်ကတော့ သောကွက်ရယ်လို့ တစ်ကွက်မှ မရှိတော့ပါချေ။ ကွာရှင်းရေးကိစ္စအတွက် အိုင်စတိုင်းသည် ရုံးသို့လာနေစရာမလို။ သူ့ရှေ့နေကပင် အစစ အရာရာ ဆောင်ရွက်ပေးလေသည်။

မိတ်ဆွေများက ချစ်ခဲ့ကြဖူးသည့် သူတို့မိတ်ဆွေရင်းချာ လင်မယား ကွဲသွားရခြင်းအတွက် အလွန်စိတ်ထိခိုက်မိကြသည်။ မိလီဗာမျက်နှာပေါ်တွင် အိုင်စတိုင်းအပေါ် မုန်းတီးသည့်လက္ခဏာ ရှိမရှိ တစေ့တစောင်း အကဲခတ်ကြည့်သည်။ မုန်းရိပ်ဟူ၍ မိလီဗာမျက်နှာပေါ်တွင် စိုးစဉ်းမျှပင်မရှိချေ။ တကယ်တော့ သက်ရှိလူသားမှန်သမျှထဲတွင် သူ့ယောက်ျားကို မိလီဗာ နားလည်သလောက် ဘယ်သူမှ နားလည်ကြလိမ့်မည်မထင်။

မိလီဗာရင်ထဲတွင် နာကြည်းမိသည်ကတော့ အယ်လ်ဆာပင်။ ဟိုယခင် အယ်လ်ဆာကို တွေ့ဖူးကတည်းက မိလီဗာစိတ်ထဲတွင် သူ့ကိုမကြိုက်။ အယ်လ်ဆာ၏ပင်ကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်အပေါ်တွင် အိုင်စတိုင်းအနေနှင့် အားမကိုးနိုင်မှန်းတော့ မိလီဗာ ကောင်းကောင်းနားလည်သည်။

အယ်လ်ဆာနှင့် အိုင်စတိုင်း အတူနေသော ဟာဘားလင်းလမ်းအိမ်သို့ အလည်ရောက်ခဲ့သော မိတ်ဆွေတစ်ဦးက ပြောပြချက်အရ "အိုင်စတိုင်းဟာ အခုတော့ အိမ်ရှင်နဲ့ မတူဘူး၊ ရေးတုန်းက လူလတ်တန်းစားတွေနေတဲ့ အိမ်တစ်အိမ်ကို ရောက်လာတဲ့ ဘိုဟီးမီးယန်းဧည့်သည်တစ်ယောက်နဲ့ပဲ တူတော့တယ်။ ဒါပေမဲ့ အခက်သားကလား၊ သူက လူတစ်မျိုးပဲ၊ သူဟာ ခု စကြဝဠာကြီးထဲမှာ ခရီးရှည်လှည့်လည်နေသလိုပဲ သူ့ဟာနဲ့သူတော့ ကျေနပ်နေတာပဲ"ဟု ဆိုသည်။

အကယ်ဒမီမှ ပညာရှင်များက အယ်လ်ဆာ၏ ဉာဏ်အဆင့်အတန်းနှင့် အိုင်စတိုင်းနှင့်ဆိုမှု မထိုက်တန်ဟု ယူဆနေကြမှန်း သူလည်းသိသည်။ အိုင်စတိုင်းအနေနှင့် အယ်လ်ဆာက သူ့ကို ကလေးတစ်ယောက်လို သဘောထားပြီး ပြုစုပုံ၊ ဆက်ဆံပုံတွေကို တွေ့ရတော့ အိမ်သို့လာလည်ကြသော မိတ်ဆွေများက မျက်နှာရှုံ့သွားကြသည်ကိုလည်း သတိမထားမိ။ သတိထားပြီး ဂရုလည်းစိုက်မနေချင်။ ဒီလူတွေက သူ့ကို သိပ္ပံပညာကျော်ကြီးဟုယူဆသည့် အယူအဆတွေကို အိမ်အထိယူလာခြင်းကိုလည်း သူက မကျေနပ်။

ယခုနေသောအိမ် ဧည့်ခန်းထဲတွင် စားပွဲကုလားထိုင် အိမ်ထောင်ပရိဘောဂတွေက ထူထူအန်းအန်း လေးလေးပင်ပင်ကြီးများဖြစ်၍ ညိုပုပ်သောအရောင်များ ဖြစ်နေကြပြီ။ နံရံများပေါ်တွင် မှန်ဘောင်ထူထူကြီးတွေတပ်ထားသော မိသားစုဓာတ်ပုံ တစ်ပုံ နှစ်ပုံနှင့် မချိတ်ထား၍မဖြစ်သဖြင့် ချိတ်ဆွဲထားသော မဟာဖရက်ဒရစ်ဘုရင်၏ ဓာတ်ပုံ တစ်ပုံသာရှိသည်။

အခန်းထောင့်တစ်နေရာတွင် ရှီလာနှင့် ဂို့သ်တို့၏ ရုပ်တုနှစ်ခုရှိပြီး အခန်းပြတင်းအနီးတွင် စန္ဒရားအဟောင်းတစ်လုံးလည်း ရှိသည်။ စန္ဒရားအောက်နားတွင် အိုင်စတိုင်း၏ တယောအိမ်သုံးခု ရှိသည်။

နံနက်တိုင်း အိုင်စတိုင်းသည် သူရသည့် မဟာဂီတထဲမှ သီချင်းကြီး တစ်ပုဒ်နှစ်ပုဒ်ကို စိတ်ပြေလက်ပျောက် တီးတတ်သည်။ ဂီတသည် သူ့အတွက် ထမင်းဟင်းတမျှ အရေးကြီးကြောင်း အယ်လ်ဆာ နားလည်လာသည်။ အိုင်စတိုင်းက ဂီတကို အရသာခံ တတ်ပေမင့် သူ စန္ဒရားတီးနေလျှင် အယ်လ်ဆာက အခန်းထဲမှထွက်ပြီး ကွယ်ရာသို့ သွားနေတတ်လေသည်။

ဧည့်ခန်းနံရံတွင် ကပ်ထားသော စာကြည့်တိုက်မှ စာအုပ်စင်တွင် စာအုပ်များ အပြည့်ရှိသည်။ ဝတ္ထုစာအုပ်တွေ၊ သိပ္ပံစာအုပ်တွေ၊ သမိုင်းစာအုပ်တွေ၊ ဒဿနိကဗေဒ (အတွေးအခေါ်)စာအုပ်တွေ စုံလို့ပင်။

www.burmeseclassic.com

www.burmeseclassic.com



ပဏ်လက်ကုလားထိုင်နှင့် တစ်တန်းတည်း စာအုပ်စင်ပေါ်တွင်တော့ ရှိတ်စပီးယားစာအုပ်၊ ဒေါ့စတိုယက်ဗကီစာအုပ်၊ ဟိုမားစာအုပ်၊ စထရင်း ဘတ်၊ ရှိုပင်ဟောင်ဝါး၊ စပင်နိုဇာ၊ ဗိုလာ စသူတို့၏ စာအုပ်များနှင့်အတူ သမ္မာကျမ်းစာအုပ် နှစ်အုပ်လည်း ရှိနေလေသည်။ အိုင်စတိုင်းသည် စာကို ပို၍ပို၍ ဖတ်လာသည်။ သူ့မှာ စာဖတ်လို့ ဘယ်တော့မှ တင်းတိမ်ရောင့်ရဲသည် မရှိခဲ့။

သူ၏ ကိုယ်ပိုင်စဉ်းစားခန်းမှာ အိမ်အပေါ်ဆုံးထပ် ခေါင်ခန်းကလေး ဖြစ်သည်။ တစ်ခါတစ်ခါ ထိုအခန်းကလေးထဲမှ သုံးရက်လောက်မထွက်ဘဲ တစ်ဆက်တည်း စဉ်းစားနေတတ်သည်။ အယ်လ်ဆာက စားစရာတွေကို လင်ပန်းတစ်ခုထဲမှာထည့်ပြီး သူ့အခန်းတံခါးဝမှာ ချထားခဲ့ရသည်။

အိုင်စတိုင်းအိပ်ခန်းမှာ ရသေ့ရဟန်းတို့ ကျောင်းသင်ခန်းလား မှတ်ရသည်။ နံရံပေါ်တွင် အလှအပပန်းချီပုံရယ်လို့လည်း ဘာမှမရှိ။ အောက်ကြမ်းပြင်ပေါ်မှာလည်း ကော်ဇောတွေဘာတွေ မထား၊ သူ့အိပ်ရာဖုံးကလည်း စောင်ညိုညိုကြီးတစ်ထည်နှင့် ဖုံးထားခြင်းသာ ဖြစ်သည်။

တစ်ခါက အယ်လ်ဆာ၏မိတ်ဆွေတစ်ဦး အိမ်သို့ရောက်လာသည်။ အိုင်စတိုင်း အိမ်မှာမရှိတုန်း သူ့အိပ်ခန်းတွင်ဝင်အိပ်ရာ စည်းစိမ်ဆို၍ တစ်ခုမျှမရှိသော သူ့ဘဝအတွက် ထိုလူက မခံချိမခံသာ ဖြစ်မိသည်။ ထိုအခါ သူက

"ပစ္စည်းဥစ္စာဆိုတာ မြေပေါ်ကကျောက်ခဲတွေနဲ့ ဘာထူးလို့လဲဗျာ။ ကျုပ်အဖို့မှာတော့ ဘယ်ဥစ္စာပစ္စည်းမျိုးကိုမှ မရှိလို့မဖြစ် ဆိုတာမျိုး မထားဘူး၊ ဘာမှမရှိလည်း ကျုပ်အဖို့ အရေးမကြီးပါဘူး"ဟု ဖြေသည်။

သူ့ဘဝသည် မိလီဗာနှင့် အတူနေခဲ့ရစဉ်ကနှင့် မတူတော့။ ရှေးက စပါတန်စစ်သားများနှင့် မထူးတော့။ ကြမ်းတမ်းခက်ထရော်ရှိလှသည်။ အဝတ်လျှော်ဆပ်ပြာနှင့် မုတ်ဆိတ်ရိတ်သည်။ အိပ်ပေါ်မှာ သွားလာနေသည့်အခါ ဘယ်လောက်အေးအေး ခြေနင်းမစီး။ သုံးလေးလကြာမှ ဆံပင်တစ်ခါ ညှပ်သည်။ အယ်လ်ဆာက ကြွက်သိုက်ကြီးလို ရှုပ်ပွနေသော သူ့ခေါင်းပေါ်က ဆံပင်အဖုတ်လိုက်ကြီးကို မမြင်နိုင်၍ ညှပ်ပေးမှသာ ညှပ်သည်။

အလွန်ချမ်းအေးသည့် ဆောင်းရာသီတစ်နေ့တွင် သူနှင့် အယ်လ်ဆာကို ရထားတစ်စီးပေါ်တွင် သူ၏ညီမဝမ်းကွဲတော်သူ အဲလစ်စတိုင်းဟတ် တွေ့သည်။ အိုင်စတိုင်းမှာ တစ်ကိုယ်လုံးချမ်းပြီး တခိုက်ခိုက် တုန်နေသည်။ မေးတဆတ်ဆတ် ခါလောက်အောင် သူ့တစ်ကိုယ်လုံး တုန်နေသည်ကို အယ်လ်ဆာက သတိထားမိသဖြင့် ကုတ်အင်္ကျီအပေါ်က လက်နှိုက်ကြည့်ရာ သူ့မှာ အတွင်းခံအင်္ကျီမဝတ်ခဲ့မှန်း သိရတော့သည်။

"ဟင် ကြည့်စမ်းပါဦး၊ အတွင်းကအင်္ကျီလည်း မပါဘူး၊ ရှင်လဲ မေ့ပဲမေ့နိုင်ရန်ကော" အယ်လ်ဆာက ဆူသည်။

www.burmeseclassic.com

www.burmeseclassic.com



များသောအားဖြင့် အတွင်းခံအင်္ကျီကို သူ့မှာ ဝတ်လေ့ဝတ်ထမရှိ။ ဝတ်စရာလည်း လိုသည်ဟုမထင်။ ညအိပ်ရာဝင်သောအခါ ညဝတ်အင်္ကျီကိုမဝတ်ဘဲ အိပ်သည်က များသည်။ ခြေစွပ်ကိုလည်း စွပ်ချင်မှစွပ်သည်။ ရှပ်အင်္ကျီအသစ် ဝယ်လာလျှင်လည်း တစ်တောင်ဆစ်လောက်ကစ၍ လက်အောက်ပိုင်းကို ဖြတ်ပစ်လိုက်သည်။ အယ်လ်ဆာက မတော်တာတွေလုပ်သည်ဟု ဆူတော့ သူက ရှပ်အင်္ကျီလက်ရှည်ဆိုလျှင် လက်ကြယ်သီးတပ်ရသည့် အလုပ်ကို အပိုလုပ်နေရသည်။ အချိန်ကုန်သည်ဟု အကြောင်းပြသည်။

သိပ္ပံပညာရှင်မဟုတ်သော အယ်လ်ဆာ၏ မိတ်ဆွေများ၏ မျက်စိထဲတွင်တော့ အိုင်စတိုင်းသည် တကယ့် လူထူးလူရူးကြီးတစ်ယောက်လိုပဲ မြင်သည်။ ထမင်းစားပွဲမှာထိုင်ရင်းလည်း သူ့မှာ ထမင်းပွဲရှေ့ချကာ စဉ်းစားပြီး တွေဝေနေတတ်သည်။ သူ့စိတ်သည် ထမင်းပွဲမှာမရှိ။ စကြဝဠာတွင်းသို့ ဝေးလံစွာ ပြေးသွားနေလေသည်။ ကော်ဖီသောက်သည့်အချိန်တွင် ကော်ဖီကို ကမန်းကတန်း သောက်ချလိုက်ပြီး သူ့အချစ်တော် တယောကလေးကို ပြေးဆွဲကာ မီးဖိုခန်းထဲတွင် တယောထိုးနေတတ်သည့် အခါမျိုးလည်းရှိသည်။

"ဘယ်လိုဖြစ်ပြန်တာလဲ မသိဘူးဟေ့"ဟု တခြားလူများက နောက်နောက်ပြောင်ပြောင် မေးကြရသည်။

"အသံက ဒီအထဲမှာမှ ပိုကောင်းတဲ့သဘော ရှိတယ်ဗျ"ဟု သူက တစ်ဖက်သား ဘယ်လိုယူဆပြီးပြောပြော သူ့အယူအဆအတိုင်း ပြောလိုက်သည်။

အိုင်စတိုင်းသည် အရေးမကြီးသော စကားတွေပြောရင်း အချိန်ကုန်ရမည်ကို အလွန်နှမြောသည်။ သူ့စေတ်သိ မိတ်ဆွေများနှင့်ဆိုလျှင် သူကပင်စပြီး စကားလမ်းခင်းပြောတတ်၏။ သိပ္ပံပညာနှင့် အတွေးအမြင်ပညာနယ်တွင် ပေါ်ပေါက်လာသော အယူအဆ အသစ်အဆန်းတွေအကြောင်းသာ ပြောရမည်ဆိုလျှင် သူ ဘယ်လိုစိတ်ဝင်စားမှန်းမသိ။ အချိန်ဘယ်လောက်ကုန်ကုန် ဂရုမစိုက်တော့ပေ။ သူ့ဆင်ခြေတွေ၊ တွေးခေါ်ယူဆပုံတွေကလည်း တိုတိုနှင့်လိုရင်းသို့ တိတိကျကျရောက်သည်။ တစ်ဖက်သား စောဒကတက်စရာ၊ ဝိဝါဒကွဲစရာ မရှိ။ တစ်ခါက အိုင်စတိုင်းဝါဒကို အလွန်မြတ်နိုးသော မိတ်ဆွေတစ်ဦးကမူ "ဒီလူရဲ့ အယူအဆတွေဟာ ကိုယ်ပိုင်ရတနာတွေပဲလို့ ကျုပ်ယူဆတယ်၊ ဒီရတနာတွေကို ဘယ်သူ့မှ ကျုပ်ခွဲမပေးနိုင်ဘူး"ဟုပင် ဆိုဖူးသည်။

ရူပဗေဒပညာရှင်ကြီး တစ်ဦးဖြစ်သော မက်စ်ဘွန်း၏ ဇနီးဖြစ်သူ ဟက်ဝစ်ဘွန်းသည် သူ့မှာ ပြဿနာရှိလာလျှင် အိုင်စတိုင်းကို ထုတ်ဖော်တိုင်ပင်တတ်သည်။ သူမသည်လည်း စစ်ကိုမုန်းတီးသူဖြစ်၏။ "ကျွန်မမှာ သူနဲ့ တိုင်ပင်ရတဲ့အခါ သူ့ရဲ့ တည်ငြိမ်သန့်စင်မွန်မြတ်တဲ့သဘောကြောင့်လား မသိဘူး ကျွန်မရင်ထဲမှာ အမြဲဘဲ ငြိမ်းချမ်းမှုကလေးတစ်ခုကို ရတတ်ပါတယ်"ဟုလည်း သူက ပြောဖူးသည်။

www.burmeseclassic.com



တစ်ခါကတော့ မစ္စက်ဘွန်းက အိုင်စတိုင်းအား သေရမှာမကြောက်ဘူးလား ဟု မေးကြည့်သည်။ သူက လူ၏ဘဝအစဉ်နှင့် ထာဝရဘဝသဘောကို ရှင်းပြရင်း "ကျုပ်အဖို့မှာတော့ လူပုဂ္ဂိုလ်တစ်ယောက်ရဲ့ဘဝ ဘယ်ကစလို့ ဘယ်မှာဆုံးဆုံး အရေးကြီးတဲ့ ကိစ္စရယ်လို့မထင်ဘူး"ဟုလည်း ဖြေသည်။

အိုင်စတိုင်းသည် ဘယ်လိုနေရနေရ ဂရုမစိုက်။ သူစကားပြောသည့်အခါ အသော ကလေး ဖောက်ဖောက်ပြောပုံမှာလည်း ဘယ်တော့မှမပြောင်း။ သူ့ဝသီ သူ့ဓလေ့ကလေး တစ်ခုပင် ဖြစ်သည်။

ဘာလင်မြို့တွင် ထင်ရှားသော အတွေးအခေါ်ပညာရှင် ဝေဖန်ရေးသမား မော့ စကောက်စကီးသည် စစ်အတွင်းကဆိုလျှင် သူ့အိမ်သို့ မကြာခဏ လာသည်။ တစ်ခါ ကတော့ ဘယ်လိုစိတ်ကူးပေါက်သည်မသိ အိုင်စတိုင်းအား "ခင်ဗျား ကုတ်အင်္ကျီအောက် က ခံပြီးဝတ်ထားတဲ့ ဝိတ်စ်ကုတ် (အောက်ခံအနွေးထည်)ကို အပေါ်ကအင်္ကျီမချွတ်ဘဲ ခင်ဗျားမချွတ်နိုင်ဘူး၊ ကဲ လောင်းမလား"ဟု ဆိုသည်။

အိုင်စတိုင်းသည် သူ့စကားအဆုံးတွင် လောက၏ အလှည့်ကလေးကို ပြလိုက် ချင်သောကြောင့် ဝတ်စုံတစ်စုံကို ကောက်ဝတ်လိုက်သည်။ ဝတ်စုံမှာ အကောင်းကြီး ရှိသေးသည်။ အကျအနဝတ်ပြီးနောက်တွင် အထဲမှ ခံဝတ်ထားသော ဝိတ်စ်ကုတ်ကို ဆုတ်ဖြဲပြီး လုံးထွေးဆွဲထုတ်လိုက်သည်။ ပြီးမှ အားရပါးရ ရယ်မောလေတော့သည်။ သူသည် ရယ်စရာလုပ်ရမည်ဆိုလျှင် အတော်ပင် ဝါသနာကြီးသူဖြစ်၏။

တစ်ခါကလည်း မော့စကောက်စကီးနှင့် မိတ်ဆွေများမှာ အိုင်စတိုင်း၏ဟာသ များကို တဝါးဝါးရယ်နေရ၏။ သူကလည်း တစ်ခုပြီးတစ်ခု ထပ်ဆင့်ပြော၏။ အပေါင်း အသင်း မိတ်ဆွေများမှာလည်း အူကိုနှိပ်နေကြရ၏။ အားလုံးရယ်မောပြီးသောအခါမှ အိုင်စတိုင်းသည် ဤပြက်လုံးများကို လေ့လာထားသော စာအုပ်ကို ထုတ်ပြသည်။ စာအုပ်၏အမည်မှာ "အကောင်းဆုံး ရဟူဒီပြက်လုံးတစ်ရာ"ဆိုသည့်စာအုပ် ဖြစ်ပေ တော့သည်။

ယခုအချိန်တွင် အိုင်စတိုင်းသည် ကိုယ့်ကိုယ်ကိုထက် အပြင်လောက အဖြစ် အပျက်၊ အရေးအခင်းများကို ပို၍စိတ်ဝင်စားနေပြန်၏။ မိမိအနေနှင့် ငြိမ်းချမ်းရေး အမြန်လုပ်ကြဖို့ကိစ္စကိုချည်း ပြောနေရသည့်အတွက် လိပ်ပြာပင် မသန့်တော့သလို အပြစ်ရှိနေမိသလိုပင် ထင်မိတော့သည်။

သူနှင့်အတူ ငြိမ်းချမ်းရေးကြွေးကြော်နေခဲ့သော မစ္စတာနီကိုလိုင်တစ်ယောက် ကိုလည်း အာဏာပိုင်များက ရှုတ်ချအပြစ်ပေးသည့်အနေနှင့် ဆေးရုံတစ်ရုံတွင် အော်ဒလီ အခိုင်းအစေအဖြစ် ခိုင်းထားသည်။ အက်ဒလာကိုလည်း သေဒဏ်ချမှတ်ထားသည့် အတွက် အယူခံရတုန်းရှိသေးသည်။ သူလည်း အသတ်မခံရစေကာ တစ်သက်အကျဉ်း

www.burmeseclassic.com



တော့ကျဖို့ သေချာနေ၏။ အိုင်စတိုင်း စိတ်ထဲတွင် ဤပုဂ္ဂိုလ်တို့ တိုက်ပွဲဝင်ခဲ့ခြင်းမျိုးတော့ ဂျာမနီပြည် ဘယ်နေရာမှာမှ တွေ့ရတော့မည်မဟုတ်ကြောင်း ယုံကြည်လာမိပြီး ဂျာမနီ လူမျိုးများကား အင်အားကိုသာ လေးစားအားထားသော လူမျိုးဖြစ်သည်ဟုလည်း သူမြင်သည်။ သူ့စိတ်ထဲတွင် ဤစစ်မှာ မဟာမိတ်များနိုင်ပြီး ဂျာမနီကို သူများနိုင်ငံများ နည်းတူ တန်းတူဖြစ်သွားအောင် စစ်ရေး စီးပွားရေးဘက်က လျှော့ချပစ်ဖို့လိုသည်ဟု ထင်နေမိသည်။ လိုလည်းလိုလားသည်။

၁၉၁၇ ခုနှစ်တွင် ဗောလ်ရှီဗစ် တော်လှန်ရေးကလည်း ဖြစ်ပြန်ချေပြီ။ ဆောင်းရာသီနန်းတော်ကို ချေမှုန်းပြီး အစိုးရအာဏာကို သိမ်းပြီး ဂျာမနီနှင့် ငြိမ်းချမ်းအောင် လုပ်ပြီးနောက် ပြည်တွင်းစစ်ကို ဆင်နွှဲခဲ့ပြီ။ ကမ္ဘာပေါ်တွင် အုပ်စုတွေတော့ ကွဲတော့မည်ပါတကား။

"အို ခက်ကပြီပါတကား၊ ဝမ်းနည်းစရာ ကောင်းလှပြီ။ ရူပဗေဒထဲမှာ ကင်းလွတ်ရာရှာနေချင်လို့လည်း မရတော့ပါတကား"

အရင်တုန်းကတော့ ရူပဗေဒထဲတွင် အယူအဆသစ်ကလေးတစ်ခု တွေ့ပလား ဆိုလျှင် အခန်းတံခါးပိတ်ပြီး ကိုယ့်ဘာသာကျိတ်ကာ လောက သဘာဝအရေး တွေးနေလို့ ဖြစ်ခဲ့သေးသည်။ ၁၉၁၈ ခုနှစ်အထိ တတ်အားသမျှ ရူပဗေဒထဲမှာပင် ခေါင်းမြှုပ်ကာ အလုပ်လုပ်နေခဲ့၏။ စာတမ်းသစ် တော်တော်များများလည်း ပေါ်ထွက်ခဲ့သေး၏။

သူ့အခန်းအောင်းနေစဉ် ဥရောပနိုင်ငံများမှာတော့ မီးဟုန်းဟုန်းတောက်လျက် လူသတ်စစ်ပွဲကြီး နွှဲလို့ကောင်းကြတုန်း ရှိသေးသည်။ ပူပြင်းသည့် နွေ၏အပူဒဏ်အောက်တွင် သွေးချောင်းစီးစစ်ပွဲကြီး ခြိမ့်ခြိမ့်သဲချနေစဉ် ဂျာမနီသည် စစ်ရေးအရ အကျနာ လာခဲ့ပြီ။ ဘူလ်ဂေးရီးယားလည်း ကျသွားပြီ။ ဂျာမနီအဖို့ မီးဝိုင်းနေလေပြီ။ နိုဝင်ဘာလ အတွင်း ဂျာမန်ရေတပ်သားများက သူပုန်ထကြပြန်သည်။ မြူနစ်မြို့ လမ်းမများပေါ်တွင် ဆန္ဒပြအုံကြွမှုများကလည်း ဆူညံမစဲ တသဲသဲဖြစ်လာ၏။ ဘာလင်ကို ဝိုင်းဖိလာသော ဒဏ်များကြောင့် ပရပ်ရှားဘုရင် ကိုင်ဇာသည်လည်း နန်းမှ စွန့်ခွာပြေးရတော့သည်။ ဂျာမနီပြည်ကို ပြည်ထောင်စုသမ္မတနိုင်ငံအဖြစ် ကြေညာပြီး လစ်ဗရယ်နှင့် ဆိုရှယ်လစ် ခေါင်းဆောင်များ ညွန့်ပေါင်းအစိုးရဖြင့် အုပ်ချုပ်ရန် သဘောတူကြလေသည်။

ထိုအခါ အိုင်စတိုင်းထံမှ လူဆာနေရှိ သူ့မိခင်ကြီးထံသို့ စာတစ်စောင် ရောက်လာသည်။

"အမေရေ ဒီမှာတော့ စစ်ဝါဒီတွေနဲ့ ဗြူရိုကရေစီဝါဒတွေတော့ လုံးဝ တစ်ခန်းရပ်သွားပါပြီ၊ ခုနေ ဒီမှာ တိုးတက်ဖြစ်ပေါ်လာတဲ့ အခြေအနေကလေး တွေ တွေ့ရတော့ ကျွန်တော် ဘယ်လိုပျော်မှန်းမသိဘူး စိတ်ချမ်းသာတယ် အမေရေ့။ ခုမှပဲ နေသောင့်နေသာ ရှိသွားတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ယခင်က စိတ်ဆင်းရဲခဲ့ရသမျှ ခုမှ သက်သာခွင့်ရပေတော့သည်။

အိုင်စတိုင်းသည် အမေရိကန်ပြည်ထောင်စု သမ္မတ ဂူဒရော် ဝီလဆင်၏ ကမ္ဘာကြီးကို အသစ်တစ်ဖန် ပြည်လည်တည်ဆောက်ရေးဝါဒကို သဘော ကျထောက်ခံသည်။ ဘယ်နိုင်ငံမှာမဆို စစ်မှန်သော ဒီမိုကရေစီစနစ်ကို တည်ဆောက်ကြရမည်ဟု သူယုံကြည်သည်။ ကျူးကျော်နယ်ချဲ့ရေးဝါဒမျိုးကို အဆုံးသတ်ကြရမည်။ နိုင်ငံတကာ ရေးရာများတွင် တရားမျှတမှုရှိရေး၊ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးအတွက် နိုင်ငံများ ပါဝင်သော အဖွဲ့အစည်းတစ်ခု တည်ထောင်ပြီး ထိုအဖွဲ့တွင် အာဏာကုန်ပေးထားကြရမည်။ ဂျာမနီကို လက်နက်အင်အားမဲ့နိုင်ငံအဖြစ် ထားရှိရမည်။ သင့်လျော်သည့် စစ်လျော်ကြေးများကိုလည်း ပေးခိုင်းရမည်။ ဂျာမနီသည် လက်အောက်ခံ ကိုလိုနီနိုင်ငံများကို လက်လွှတ်ရမည်ဟု သူမြင်သည်။

ဗာဆိုင်းစာချုပ်အရ နိုင်ငံတကာ အစည်းအရုံးကြီး ပေါ်ပေါက်လာရပေမည်။ ဤကား ဝီလဆင်၏ ကြိုးပမ်းချက်တစ်ရပ်ပင် ဖြစ်၏။ စာချုပ်ပါ ကျန်သောအချက်အလက်များမှာ သွေးစန်းနေသော ဂျာမနီအား သွေးထွက်လာအောင် ဖန်တီးပေးသော အချက်များဖြစ်သည်ဟု သူမြင်သည်။ အခြားအချက်များသည် ဂျာမနီကို ကမ္ဘာ့အလယ်တွင် လုံးဝ ဂုဏ်သိက္ခာမဲ့အောင်လုပ်သလို ဖြစ်သည့်ပြင် လက်စားချေရာလည်းကျသည်ဟု သူမြင်သည်။ ဤသို့သာ ဖိနှိပ်ချုပ်ချယ်လျှင် ဂျာမနီအနေနှင့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်နာလန်ထူနိုင်တော့မည် မဟုတ်တော့ပေ။

ဂျာမနီပြည်တွင်းကို ကြည့်မည်ဆိုလျှင်လည်း အငတ်ပြဿနာ၊ အလုပ်လက်မဲ့ပြဿနာ၊ ငွေကြေးဖောင်းပွမှုပြဿနာ၊ ရောဂါထူပြောမှုပြဿနာတွေနှင့် ဖွတ်ကျောပြာစုခရဆံကျွတ် ဖြစ်နေရပြီ။ စာချုပ်ထဲတွင်ပါသော ပြန်လည်နစ်နာစေလိုသော သဘောပါသည့် အချက်အလက်တွေက ပြင်းထန်လွန်းလှသည်။

ထို့နောက်တွင်တော့ အိုင်စတိုင်းသည် သူ၏ ရီလေတီဗတီထဲမှာပင် ပြန်လည်နစ်မျောသွားပြန်သည်။ လောရင့်ဖ်ထံကလာသော စာတစ်စောင်ထဲတွင် သူ၏ ကြယ်အလင်းရောင်နှင့် ပတ်သက်သော ယောကိန်းကို ဗြိတိသျှ သိပ္ပံပညာ စူးစမ်းရေးအဖွဲ့တစ်ဖွဲ့က စစ်ဆေးရန် ကြိုးစားနေကြောင်း ပါလာသည်။ ဤသတင်းကား သူ့အဖို့ စိတ်အလှုပ်ရှားဆုံး၊ နှလုံးတုန် ရင်ခုန်ရဆုံးသော သတင်းတစ်ပုဒ် ဖြစ်ပေတော့သည်။ သည်အချိန်ကစ၍ ရီလေတီဗတီကိစ္စကလွဲလျှင် သူသည် တခြားဘာကိုမျှ စိတ်မဝင်စားနိုင်တော့ပေ။

ထိုအချိန်ကျမှ အယ်လ်ဆာက သူတို့အနေနှင့် လက်ထပ်လိုက်ကြမှ သင့်မည့်အကြောင်း ပြောလာသည်။ မီလီဗာနှင့် အိုင်စတိုင်း ကွဲခဲ့ရသည်မှာ လပေါင်း အတော်ပင် ကြာခဲ့ပြီ။ ခုတော့ သူသည် လူလွတ်တစ်ယောက် ဖြစ်နေ၏။ အယ်လ်ဆာက

www.burmeseclassic.com

www.burmeseclassic.com



ယခုလို လက်မထပ်ဘဲ အတူနေသဖြင့် ပုတ်ဝန်းကျင်က သွားပုပ်လေလွင့် အပြောခံနေရကြောင်း၊ ဤသို့အပြောခံနေရခြင်းသည် သူ့အဖို့မှာ မထောင်းတာ သည်းခံနိုင်သော်လည်း သူ့သမီးကလေးတွေ၏နောင်ရေး ထိခိုက်မည် စိုးရိမ်ကြောင်း ပြောပြသည်။

"ကျွန်မအဖို့တော့ ပတ်ဝန်းကျင်ကပြောတာကို ဂရုမစိုက်တော့ပါဘူး။ နာလည်း မနာဘူး၊ အရေထူနေပါပြီ။ ဒါပေမဲ့ အိလ်စီနဲ့ မာဂေါ့က ရှိသေးတယ်။ သူတို့အတွက်တော့ ထည့်စဉ်းစားမှဖြစ်မယ် အဲလဗတ်ရယ်"

"အင်းလေ ဒီတော့ မင်းစိတ်ထဲ ကောင်းမယ်ထင်သလိုသာလုပ်"

သူ့အဖြေက တိုတိုတုတ်တုတ်ပင်ဖြစ်၏။

ထို့ကြောင့် ၁၉၁၉ ခုနှစ် ဇွန်လ ရာသီတွင် သူတို့နှစ်ဦးသည် ရုံးတွင် လက်မှတ်ထိုးပြီး လက်ထပ်လိုက်ကြသည်။

လက်ထပ်ကြပြီးနောက် အိုင်စတိုင်းသည် ဆွစ်ဇာလန်သို့ လိုက်သွားပြန်သည်။ ဇူးရစ်တွင် နေထိုင်လျက်ရှိကြသော မီလီဗာနှင့် သူ့သားများကို သူနှင့် အယ်လ်ဆာတို့ လက်ထပ်လိုက်ကြောင်းကို သွားပြောသည်။ သည်တစ်ခါ တွေ့ဆုံခြင်းကတော့ ယခင်ကလို ပျော်စရာမကောင်းတော့။ မီလီဗာ့ ရင်ထဲတွင် ဆို့နေသည်။ စကားတစ်လုံးမျှ မပြော။ သားကြီး ဟင်အဲလဗတ်ကလည်း ဖခင်အား အတိုက်အခံ လုပ်နေတော့သည်။ ခုဆို ဟင်အဲလဗတ်မှာ အသက် ၁၅ နှစ်အရွယ် လူပျိုပေါက်စ ဖြစ်နေပြီ။ ဆယ့်ငါးနှစ်ဆိုပေမင့် ကိုယ့်သဘောနှင့်ကိုယ် လွတ်လပ်နေပြီ။

"ကျွန်တော့်စိတ်ကို ကျွန်တော်ဆုံးဖြတ်လိုက်ပြီ။ ကျွန်တော် အင်ဂျင်နီယာ အလုပ်ပဲ လုပ်တော့မယ်"

သူ့ဖခင်သည် သူ့အား သူ့ခြေရာနင်းပြီး သဘောတရားရေး သိပ္ပံပညာရှင်တစ်ယောက် ဖြစ်လာစေချင်သော အာသီသပြင်းပြနေမှန်း သူသိသဖြင့် အတိုက်အခံ ပြောလိုက်ခြင်းဖြစ်၏။ သူ့စကားထဲတွင် "အဖေ"လို့ပင် တစ်ခွန်းမျှမခေါ်။

"မင်းစိတ်ကူး အင်မတန်မှားတာပဲလို့ ငါထင်တယ်" အိုင်စတိုင်းက ပြောသည်။

"ဒါတော့ ဘယ်သူထင်ထင် ကျွန်တော်ကတော့ အင်ဂျင်နီယာပဲ၊ ဆုံးဖြတ်ပြီးပြီ"

ဟင်အဲလဗတ်ကလည်း အလျှော့မပေးတော့။ သည်လိုပြောခြင်းသည် သူ့အဖေ စိတ်ကို ထိခိုက်စေမည်ကိုလည်း သူနားလည်သည်။

"အေး ဘယ်သူထင်ထင်ဆို မင်းသဘောနဲ့မင်းလုပ်ပေါ့၊ မင်းကို ငါ့သားအဖြစ်နဲ့ ငါ ဘယ်တော့မှ မတွေ့ချင်တော့ဘူး၊ မင်းမျက်နှာကိုလည်း ငါမကြည့်ချင်တော့ဘူး ဒါပဲ"

အိုင်စတိုင်းသည် ထိုင်ရာမှထပြီး မျက်နှာလွှဲသွားလေသည်။ မီလီဗာသည် နှုတ်ဦးစလုံး စိတ်ပြေလာသည်အထိစောင့်ပြီး နှစ်ဦးပြန်မျက်နှာဆုံလာအောင် လုပ်ရှာပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့နှစ်ဦးရှေ့မှာပင် မိလီဗာသည် ရင်ထဲက အပူကို အပြင်လူမသိအောင် ဖုံးဖိကာဆိုသည်။

"အဖေနဲ့သားဟာ အဖေနဲ့သားပဲပေါ့၊ အဖေက သားကိုချစ်ဖို့လိုတယ်။ သားကလည်း ဒါဟာ ငါ့အဖေပဲလို့ လေးစားမှုရှိဖို့လိုတယ်၊ သားကို အမေပြောချင်တာကတော့ မင့်အဖေဟာ လူများနဲ့မတူတဲ့ အချက်တွေ အများကြီးရှိတဲ့ လူထူးလူဆန်းတစ်ယောက်ပဲ ဆိုတာ မင်းတို့ နားလည်ထားစေချင်တယ်။ သူဟာ ကောင်းပါတယ်။ သူ့မှာ ကြင်နာတဲ့စိတ် အပြည့်ရှိတယ်လို့လည်း အမေသိတယ်"

မိလီဗာ၏ အသံသည် လှုကြီးဆန်သည်၊ တည်ငြိမ်သည်၊ အေးချမ်းသည်။ အဲလဗတ်မှာ ဖြစ်ခဲ့ရသည့်အဖြစ်များအတွက် ရင်ထဲတွင် ကြိတ်မှိတ် နာကြည်းနေခဲ့ရသည်ကိုလည်း မိလီဗာသာ အသိဆုံးဖြစ်သည်။

ဘာလင်သို့ အိုင်စတိုင်း မပြန်သေးမီ စက်တင်ဘာ နောက်ဆုံးအပတ်အထိ ဗြိတိသျှ သိပ္ပံပညာရှင်များ၏ စူးစမ်းမှုနှင့် ပတ်သက်၍ ဘာသတင်းမှ နောက်ထပ်မကြားရပေ။ တစ်ပတ်စောင့်ကြည့်သေးသည်။ ပြီးမှ အာရင်ဖတ်စ်ထံသို့ စာတစ်စောင်ရေးပြီး "အကြောင်းကြီးလို့များ ဗြိတိသျှ သိပ္ပံပညာရှင်တွေရဲ့ နေကြတ်မှု လေ့လာရေးကိစ္စကို သတင်းကလေး ဘာကလေးများ ကြားသေးလားဗျာ"ဟု မေးမိသေးသည်။

ဤသို့မေးပြီးနောက် ရက်သတ္တခြောက်ပတ်ကြာသောအခါတွင်ကား တစ်ကမ္ဘာလုံးက ဤသတင်းကို ကြားရချေပြီ။ အိုင်စတိုင်း ယောကိန်းလည်း မှန်ချေပြီတကား။

၀

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

# အများပြည်သူအတွက် အိုင်စတိုင်း

ကျော်စောခြင်းဂုဏ်သတင်းသည် ရုတ်တရက် အိုင်စတိုင်းထံသို့ ရောက်လာသည်။ တကယ်တော့ ဟိုကတည်းက တစ်နေ့ ဒီလိုဖြစ်လိမ့်မည်ဟု မျှော်လင့်ပြီးသားသာ ဖြစ်၏။ သူ့သတင်းကား ကမ္ဘာကို ချင်းခဲ့ပြီ။ နာမည်ကျော်ကြားလာသည်နှင့်အမျှ လူသိများလာသည်။ ဥရောပတိုက်မှာ စစ်ဆန့်ကျင်ရေးသမားများ၊ လစ်ဗရယ်ဝါဒသမားများကမူ သူလိုကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ ထောက်ခံအားပေးမှုမျိုးဆိုလျှင် ဘယ်နည်းနှင့်ရရ လိုချင်ကြသည်။ သူလို ထင်ရှားကျော်ကြားသော ကမ္ဘာသိပုဂ္ဂိုလ်ကြီးများ သူတို့နှင့် ပေါင်းဖက်လုပ်ဆောင်ရန် များစွာလိုလားကြသည်။ ယခုမူ အိုင်စတိုင်း တစ်ယောက် တိုးလာချေပြီ။

တကယ်တော့ ဤသို့သော နိုင်ငံရေးရာကိစ္စများတွင် သိပ်ပြီး နယ်ကျွံအောင်အထိလည်း မပါချင်။ သူ့ဘဝသည် ရူပဗေဒသဘောတရား သိပ္ပံဂြဿာထဲမှာသာ နေရမည်။ သိပ္ပံနှင့်နေရင်းပဲ သေရမည်။ သူ့အလုပ်ကို စိတ်ရှိသလောက် လုပ်နိုင်ဖို့အတွက် ချစ်လှသည့်ဇနီး၊ ချစ်လှသည့် သားကလေးတွေနှင့်တကွ မိမိ၏ ကိုယ်ရေးကိုယ်တာဘဝတစ်ခုလုံးကိုပင် စွန့်ခဲ့ရပြီ။ သို့ပေမင့် ယခုတော့ ဘဝက တစ်မျိုးစေခိုင်းလာသည်။ ကျော်ကြားမှုသည် သူ့ကို သြဇာကြီးသူတစ်ဦး ဖြစ်လာအောင်လည်း ဖန်တီးခဲ့ပြီဆိုသည်ကို သူနားလည်သည်။ သည်လို ကျော်စောထင်ရှားပြီး သြဇာကြီးမားလာသောအချိန်၌ လူ့လောကအတွက် အရေးကြီးသည့် လူမှုရေးလုပ်ငန်းတွေကို အနည်းနှင့်အများ မလုပ်လို့တော့ဖြစ်ငှ် မဖြစ်သေး။ အထိုက်အလျောက် သြဇာသုံးပြီး လုပ်ရပေဦးတော့မည်။

အစကတော့ အိုင်စတိုင်းသည် စစ်ပြီးနောက် ရလာသော ငြိမ်းချမ်းရေးကာ ဤကမ္ဘာပေါ်တွင် သာယာတင့်တယ် ညီညွတ်သော ခေတ်ကောင်းကြီးကာခေတ်

www.burmeseclassic.com



ဖြစ်လာစေလိမ့်မည်ဟု မျှော်မှန်းနေခဲ့မိသည်။ သို့သော် တကယ့်လက်တွေ့မှာတော့ သူထင်သလို မဖြစ်ခဲ့။

ကမ္ဘာကြီးတစ်ခုလုံးကို ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးဆိုသော လူမျိုးစိတ် ပြင်းထန်သူများက ကြီးစိုးချယ်လှယ်ကြတုန်း ရှိသေးသည်။ အခြေအနေ အရပ်ရပ်က သူ့ကို ဤကမ္ဘာပေါ်တွင် ဝိညာဏဝါဒ လွှမ်းမိုးစေချင်သည့်စိတ်ပေါ်အောင် တွန်းထိုးနေကြသည်။

"ကျုပ်ရင်ထဲမှာ ပြင်းပြစွာ ဖြစ်ပေါ်နေတဲ့ လူမှုရေးတရားမျှတမှုကို လိုချင်တဲ့စိတ်၊ လူလူချင်း တာဝန်ယူစေချင်တဲ့ သဘောထားတွေဟာ ဒီအချိန်မှာ ကျုပ်က လူအများနဲ့ တိုက်ရိုက်ထိတွေ့မှု နည်းပါးပုံနဲ့ဆိုတော့ တခြားစီဖြစ်နေတာပ"ဟု အိုင်စတိုင်း ပြောဖူးသည်။

"ကျုပ်ရဲ့ ပင်ကိုစလေ့သဘာဝကတော့ဖြင့်ရင် ကျုပ်ဟာ တစ်ယောက်တည်း စကြဝဠာကြီးကို ဖြတ်သွားနေရတဲ့ ကန္တာရခရီးသည်တစ်ယောက်ပါပဲ။ ကျုပ်ကို ကျုပ်တိုင်းပြည်၊ ကျုပ်အိမ်၊ ကျုပ်မိတ်ဆွေ ကုန်ကုန်ပြောရရင် ကျုပ်အိမ်ထောင်စုကတောင်မှ မပိုင်ဘူး"

လူ့သမိုင်းတွင် ဤအချိန်မှာလောက် ကမ္ဘာကြီးတစ်ခွင်တစ်ပြင်လုံးမှာ ရှန်းရင်း ဆန်ခတ်နှင့် အပြောင်းလဲများလှသော ကာလမျိုး မရှိသလောက် ဖြစ်ခဲ့သည်။ ရုရှား ပြည်ကြီးမှာလည်း ကွန်မြူနစ်ဝါဒကြီးက လွှမ်းသွားပြီ။ ဥရောပတစ်ခွင်မှာ ဆိုလျှင်လည်း တစ်ဖက်က သက်ဦးဆံပိုင် ဘုရင်စနစ်နှင့် တစ်ဖက်က ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်တို့ သူနိုင်ကိုယ်နိုင် လွန်ဆွဲရုန်းကန်နေကြချိန်ဖြစ်သည်။

ရုန်းရင်းကန်ရင်း ဒီမိုကရေစီ အစို့အညှောက်ကလေးသည် တချို့တစ်နိုင်ငံတွင် အမြစ်တွယ်စ ပြုလာခဲ့လေပြီ။ အိုင်စတိုင်း နေနေရသော ဘာလင်မြို့မှာဆိုလျှင် နောက်လ တွင် ပါလီမန်ကို ဘယ်သူတွေ ကြီးစိုးမည်။ အုပ်ချုပ်မှုအာဏာကို ဆော်လရှိဗစ်များပဲ ရမည်လား။ ဖက်ဆစ်များပဲ ရမည်လား။ ဒီမိုကရက်များပဲ ရမည်လား။ ဘာဆိုဘာမှ မပြောနိုင်အောင် ရှိတော့သည်။

နိုင်ငံတိုင်းမှာ ဆိုသလိုပင် စီးပွားပျက်ကပ်က လူတိုင်း၏လည်မျိုကို ညှစ်လျက် ရှိလေပြီ။ ကျောက်မီးသွေးမရလို့ ပိတ်ထားရသည့် စက်ရုံတွေကလည်း ဒုနှင့်ဒေး ရှိနေ သည်။ ဩစတြီးယားလို ချက်ကိုစလိုဗက်နိုင်ငံတို့လို နိုင်ငံတွေမှာ နိုင်ငံခြားထုတ်ကုန် ပစ္စည်း မရှိသဖြင့် အစားအစာနှင့် လောင်စာများကို ဘယ်ကမှ မဝယ်နိုင်အောင်ဖြစ်နေ ရသည်။ ပိုလန်မှာ ကျောက်မီးသွေးတွေရှိသည်။ ယူဂိုဆလပ်မှာ အစားအစာတွေရှိသည်။ သို့သော် ဒီနိုင်ငံတွေကလည်း သူတို့၏ ရတနာတွေကို ပြင်သစ်ငွေ သို့မဟုတ် ဒေါ်လာ သို့မဟုတ် ပေါင်စတာလင်နှင့်သာ ရောင်းကြသည်။ ဤငွေများနှင့်ရောင်းမှသာ သူတို့

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတွင် စက်မှုလက်မှု ထုထောင်ရေးလုပ်ငန်း လုပ်နိုင်ပေမည်။ ကမ္ဘာ့အခြေအနေမှာ အလွန်ဆိုးဝါးလာချေပြီ။ အကယ်၍ ဘယ်ကများမှ ကူမည့် ကယ်မည့် စေတနာရှင် မပေါ်ဘူးသာဆိုလျှင်တော့ ၁၉၁၉–၂၀ ၏ ဆောင်းရာသီ အအေးဓာတ်နှင့် အငတ် ပြဿနာတို့ကြောင့် သေဖို့စောင့်နေရသူများမှာ ငါးသန်းခန့် ရှိပေမည်။

ငြိမ်းချမ်းရေးအတွက် လှုပ်ရှားနေခဲ့သော စက်ယန္တရားကြီးလည်း ယိုယွင်းပျက်စီး ခဲ့ချေပြီ။ ပဲရစ်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသော နိုင်ငံများမှာ ဘယ်နိုင်ငံကမျှ ကတိကို မလေးစားကြဘော့။

အမေရိကန်ပြည်ထောင်စု၏ ဆီးနိတ်လွှတ်တော်က ဗာဆိုင်းစာချုပ်ကို အတည် ပြုရန် ငြင်းပယ်ကြောင်း ကြေညာသည်။ ဤကြေညာချက်ကို အမေရိကန် သီးခြားနေထိုင် ရေးဝါဒ စွဲကိုင်သူများက ထုတ်ပြန်သည်။ သူတို့သဘောမှာ ဥရောပက ဒုက္ခတွေကို အမေရိကန်က ဝင်ခံစရာမလို၊ ကိုယ့်ဘာသာကိုယ် တသီးတခြား ကင်းကင်းရှင်းရှင်း နေလိုသည်။

ဘာလင်မြို့တွင် ဂပ်စတပ်နော့စကေးက "အမေရိကန်ဟာ ကျုပ်တို့ကို ဖျက်ဆီး ဖို့တုန်းကတော့ ဝင်ကူပြီး ခုတော့ သူက ဘောင်းဘီအိတ်ထဲလက်ထိုးပြီး ထိုင်ကြည့် နေတယ်"ဟု စွပ်စွဲသည်။ ဥရောပသို့ရောက်နေသော အမေရိကန်စာရေးဆရာ သတင်း ထောက်ဖြစ်သူ အိုက်ဇက်မာကိုဆန်သည် ၁၉၁၉ ခုနှစ် ကုန်ခါနီးတွင် နယူးယောက်သို့ ပြန်သွားပြီး ဆီးနိတ်လွှတ်တော် အမတ်များအား စွပ်စွဲချက် ထုတ်ပြန်သည်။

"ဒီလိုလုပ်တာဟာ အမှီအခိုမရဘဲ မနေနိုင်တဲ့ ကလေးလူမမည်ကို အထောက် အပံ့မပေးဘဲ စွန့်ပစ်လိုက်တဲ့ လုပ်ရပ်သဘောပဲ"ဟု သူကဆိုသည်။

အမေရိကန် ကြုံနေသော အခက်အခဲသည် အိုင်စတိုင်း ကြုံနေရသော အခက် အခဲနှင့်ပင် တူပေတော့သည်။ ဒီပြဿနာတွေထဲ အဝင်အပါခံမလား သို့မဟုတ် ကင်း ကင်းရှင်းရှင်းပဲနေမလား။ အမေရိကန် ဆီးနိတ် လွှတ်တော်အမတ်များကတော့ ရှင်းရှင်း နေဖို့ ဆုံးဖြတ်လိုက်ပြီ။ အိုင်စတိုင်းမှာသာ ဆုံးဖြတ်ဖို့ လိုတော့သည်။ ရူပဗေဒဆိုသည့် ကမ္ဘာကလေးထဲမှာ ကိုယ့်ဘာသာကိုယ် ကင်းကင်းရှင်းရှင်းပဲနေမလား။ သို့မဟုတ် လူ့ဘဝအရေးအခင်းအတွက် ဝင်ပါဆောင်ရွက်မလား။ အိုင်စတိုင်းသည် ပါဝင်မည်ဟု ဆုံးဖြတ်ဟန်တူသည်။ စလျှင်စချင်း ကမ္ဘာကို အနှောင့်အယှက် အဖျက်အဆီးဖြစ်နေသည် ဟု သူမြင်သော "လူမျိုးရေးဝါဒ"ကို စတိုက်လေတော့သည်။

"ဒီလူမျိုးရေးဝါဒဆိုတာ လူ့လောကအတွက် အင်မတန်ဆိုးဝါးတဲ့ ကပ်ရောဂါ တစ်မျိုးပဲ"

အိုင်စတိုင်းသည် ပြောလည်းပြောသည်။ လူမျိုးရေးဝါဒနှင့် ပတ်သက်လာသော အရေးအသားမှန်သမျှကို တိုက်လည်းတိုက်သည်။ လူတွေကို တလောကလုံးနှင့်ဆိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



ဘဝအမြင်ရလာအောင် သူတတ်နိုင်သမျှ အင်အားနှင့် ကြိုးစားပြီး ပညာပေးသည်။ ဤသို့ ပညာပေးခြင်းအားဖြင့် လူလူချင်း မုန်းတီးသည့် လောဘ၊ ဒေါသ၊ မောဟ၊ မာနစိတ်များ၏ အရင်းခံကို နားလည်စေလာသည်။ ဤကဲ့သို့ နားလည်လာကြသည်နှင့်အမျှ မဆိုစလောက်သော လူမျိုးရေးဝါဒကလေးပင်ဖြစ်လျက် အဆိုပါစိတ်ယုတ်မာမျိုး မည်မျှကြီးကြီးမားမား မွေးလာနိုင်ကြောင်းကိုလည်း လူတို့ သဘောပေါက်လာကြမည်ဟု သူမျှော်လင့်သည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ငြိမ်းချမ်းသာယာမှု အခွန့်ရှည်ရေးသည် လူမျိုးရေးဝါဒ နည်းနိုင်သမျှနည်းမှ ဖြစ်မည်ဟုလည်း သူဆိုခဲ့သည်။ လူမျိုးရေးခွဲခြားသည့်စိတ် ကင်းမှလည်း ကမ္ဘာ့နိုင်ငံအစုံ အတူပေါင်းသင်းနေထိုင်နိုင်သည်။ ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ရပ် ဖြစ်မြောက်အောင်မြင်လာပေမည်။

ထိုအချိန်တွင် လန်ဒန် တိုင်းသတင်းစာကြီးက သူ့သိဝရီများကို အလွယ်ဆုံးရှင်းလင်းချက်ကလေးနှင့် သူ့ကိုယ်ရေးရာဇဝင်အကျဉ်းတစ်စောင် ပေးပါရန် တောင်းလာသည်။ ကိုယ်ရေးရာဇဝင်တောင်းခံချက်နှင့် ပတ်သက်၍ တစ်ချက်စဉ်းစားပြီး စာပြန်ရေးလိုက်သည်။

"ဒီကနေ့ ဂျာမနီမှာနေတုန်းတော့ ကျုပ်ကို ဂျာမနီပြည်က ဝန်ထမ်းတစ်ယောက်လို့ပဲ ဆိုရမှာပေါ့။ အေး ဒါပေမဲ့၊ အင်္ဂလန်ပြည်အနေနဲ့ သိရမှာကတော့ ကျုပ်ဟာ ဆွစ်ဇာလန်ပြည်သား ယေဝတီတစ်ယောက်ပဲ။ ဒါပေမဲ့ ကျုပ်ကံကြမ္မာကြောင့်ပဲလို့ ဆိုရမလားမသိဘူး။ ကျုပ်ရဲ့အလိုဆန္ဒနဲ့ အင်မတန် ဆန့်ကျင်ပြီး ဂျာမန်တွေက ကျုပ်ကို ဆွစ်ဇာလန်သား ယေဝတီလို့ မှတ်ကြတယ်။ အင်္ဂလန်ကတော့ ကျုပ်ကို ဂျာမနီပြည် ဝန်ထမ်းတစ်ယောက်လို့ မှတ်နေကြတယ်"ဟု ရေးလိုက်သည်။

ဤသို့ ရေးသားလိုက်သည့်အတွက် အင်္ဂလန်ပြည်သားများက အိုင်စတိုင်းသည် သူ့ရူပဗေဒအလုပ်ကိုပဲ စွဲစွဲမြဲမြဲလုပ်လျှင် ကောင်းမည်။ တခြားလူတွေကို ဟာသဖြစ်အောင်တော့ လုပ်မနေသင့်ဘူးဟု ဆိုကြသည်။ ဘာလင်ကျပြန်တော့ ဂျာမန်တွေက သူ့ကို ဂျာမနီပြည်သားမဖြစ်ရကောင်းလားဟု အပြစ်တော် တင်နေကြသည်။ အိုင်စတိုင်းကမူ သူသည် သာမန်ဂျူးလူမျိုး မိဘများက ဂျာမနီပြည်တွင် မွေးဖွားခဲ့သော သားတစ်ယောက်သာဖြစ်သည် ဆိုသောအချက်ကို ဘယ်တော့မှမငြင်း၊ ဖုံးကွယ်ခြင်းလည်း မပြု၊ အလားတူပင် သူ့သဘောနှင့်သူ ဆွစ်ဇာလန်ပြည်သားဖြစ်နေသည့် အချက်ကိုလည်း တိတိလင်းလင်းပင် ကြေညာထားသည်။ ယခုထိ သူသည် ဆွစ်ဇာလန်ပြည်သား ဖြစ်နေသေးသည်။

ဤသို့ တိတိလင်းလင်း ကြေညာပြန်တော့လည်း လူမျိုးရေးစိတ် ပြင်းထန်သော ဂျာမန်တွေက မခံမရပ်နိုင် ဖြစ်ကြပြန်သည်။ ပထမတုန်းကတော့ ကမ္ဘာမှာ အနိမ့်ခံနေရသော ဂျာမနီပြည်၏ ဂုဏ်တစ်ရပ်အနေနှင့် ဂျာမန်တွေက အိုင်စတိုင်းကို အလုံးလိုလား

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ တကယ့်ပညာရှင်ကြီး၊ သုခမိန်ကြီးတစ်ယောက်ကို ဘာလင်မြို့က မွေးထုတ်ခဲ့တယ်ဟုလည်း ဆိုစမှတ်ပြုကြသည်။ သည်လိုပြိုင်ဘက်ကင်း ပညာရှင်တွေကို ဂျာမန်က မွေးထုတ်ခဲ့သည်ဆိုကတည်းက ဂျာမနီသည် တခြားလူမျိုးများထက် ပို၍ မြင့်မြတ်သည်။ အထက်တန်းကျသည်မှာ ထင်ရှားသည်ဟုလည်း ဆိုခဲ့ကြသည်။ ဤသို့ ပြောဆိုဂုဏ်ယူနေမှုများသည် အိုင်စတိုင်းက သူသည် ဂျာမန်မဟုတ်၊ ယေဝတီ (ဂျူး)တစ်ဦးဖြစ်သည်။ နိုင်ငံခြားသားတစ်ဦးဖြစ်သည်ဟု အော်လိုက်သောအခါ ကိုးလိုးကန့်လန့်ဖြစ်သွားသည်။

ယင်းသို့ ကြေညာလိုက်ခြင်းမှာ အိုင်စတိုင်းက သူအောင်မြင်ခဲ့ခြင်းသည် ဂျာမနီက ဩဇာကြီး၍ ကမ္ဘာကို လွှမ်းမိုးနိုင်၍ အောင်မြင်ကျော်ကြားခဲ့ခြင်းမဟုတ်ကြောင်း ထုတ်ဖော်လိုက်သည်နှင့် တူသွားသည်။ သည်အခါ လူမျိုးရေးစိတ် ပြင်းထန်သော ဘာလင်သတင်းစာများက သူ့ကို တိုက်ခိုက်ရေးသားလာကြသည်။ "စိတ်ပျက်စရာကောင်းတဲ့ 'ဂျူး'ကလေး ဆွစ်ဇာလန် ပြန်သွား"ဟု ကြွေးကြော်လာခဲ့ကြလေသည်။

ယခုဆိုလျှင် အိုင်စတိုင်းလည်း နှုတ်ပိတ်မနေတော့။ သူ့ကို စွပ်စွဲချက်ပဲဖြစ်ဖြစ်၊ လူမျိုးရေးဝါဒဖြန့်မှုပဲဖြစ်ဖြစ် အားလုံးကို ဖြစ်နိုင်သည့်နည်းနှင့် တုံ့ပြန်နေလေတော့သည်။

၁၉၁၉ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့ ညတစ်ညတွင် သူသည် အဖနိုင်ငံသစ်အစည်းအရုံးက ကျင်းပသော အစည်းအဝေးတွင် စကားပြောပြီးနောက် အပြင်တွင် သူ့ကို ဆန့်ကျင်နေကြသော လူစုလူဝေးကြီးကို ပခုံးချင်းယှဉ်ကာ တိုးထွက်လာခဲ့၏။ ဤအစည်းအရုံးမှာ စစ်ဆန့်ကျင်ရေး အစည်းအရုံးတစ်ခုဖြစ်သည်။ ကမ္ဘာစစ်ကြီးအတွင်းက ဤအသင်းတွင် အိုင်စတိုင်းသည် စစ်ဆန့်ကျင်သူတစ်ယောက်အနေနှင့် ပါဝင်ခဲ့၏။ ထိုညကမူ သူ့ကို အစည်းအရုံးက ဟောပြောပွဲတစ်ခု၌ စကားပြောခိုင်းသည်။ သူက အစည်းအဝေးတွင် ဤသို့ တည်ငြိမ်စွာဆိုခဲ့သည်။

"အချိန်နာရီတွေက ဆိုးဝါးသထက် ဆိုးဝါးလာတယ်။ ကျုပ်တို့ ရင်ဆိုင်လုပ်ရမည့် အလုပ်တွေကလည်း ခက်ထန်နေပါတယ်။ လူမျိုးရေးဝါဒသမားတွေရဲ့ လောဘရမ္မက်မီးဟာ မီးလောင်ရာလေပင့်သလို အမှိုက်ကစ ပြာသာဒ်မီးလောင်နေပြီ။ မကောင်းမှုမှန်သမျှရဲ့ ရေသောက်မြစ်ကတော့ ကျုပ်တို့ဥရောပမှာရှိတဲ့ လူမျိုးတွေထဲမှာ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းခံယူလာခဲ့တဲ့ အစဉ်အလာတစ်ရပ်၊ အဲဒီအစဉ်အလာက အစဉ်အလာကောင်းမဟုတ်ဘူး။ ပါးစပ်ကတော့ ဘုရား ဘုရား၊ ပြောလိုက်ရင် ခရစ်ယာန် ခရစ်ယာန်နဲ့ တကယ်လက်တွေ့ကျတော့ ခရစ်ယာန်ကိုယ်ကျင့်တရားမျိုးဆိုလို့ ဘာတစ်ခုမှမလုပ်တဲ့ အစဉ်အလာပဲ။ ခရစ်ယာန်မှာ ဆိုထားတာကတော့ မုဒိမ်းပြုကျင့်ခံရခြင်းမှအစ ချုပ်ချယ်ညှဉ်းပန်းခြင်း ခံရသူတို့သည် ကြီးမြတ်သောဂုဏ်ကို ရပေအံ့။ မတရားသမှု ပြုကျင့်သူတို့ကား အရှက်မဲ့ခြင်းဂုဏ်နှင့် ကဲ့ရဲ့ရှုတ်ချခြင်းကိုသာ အစဉ်ခံရပေအံ့လို့ ဒီလိုရှိတယ်။ ခုတော့ ကျုပ်တို့ဥရောပနိုင်ငံတိုင်းမှာလိုရှိနေတဲ့ အစဉ်အလာ

www.burmeseclassic.com



ဆိုးတွေက ဒီတရားတွေကို မျက်ကွယ်ပြုနေကြတယ်။ ဒါကြောင့် ကျုပ်တို့ကတော့ ဒီအစဉ်အလာတွေကို အသွေးအသားရှိသမျှ အကုန်လုံး ဆက်ပြီးဆန့်ကျင်ရမယ်ဆို လည်း ဆန့်ကျင်မှာပဲ။ လူကိုလူချင်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ မေတ္တာပွားပြီး ညီရင်းအစ်ကို၊ မောင်ရင်းနှမလို သဘောထားတဲ့ဝါဒကိုပဲ ကျုပ်တို့ အသည်းထဲ အရိုးထဲ အားလုံးကနေ ယုံကြည်တယ်"

၁၉၂၀ ပြည့် ဆန်းစနှစ်သစ်ကူးသည့်နေ့တွင် ခရစ်ယာန်တရားတော်များအတွက် တိုက်ပွဲဝင်ခဲ့ရသူတစ်ဦးအနေနှင့် အိုင်စတိုင်းမှာ အတိုင်းမသိ ဝမ်းသာခဲ့ရသည်။ ထိုနေ့ နှစ်သစ်၏အရုဏ်ဦးနှင့်အတူ သူမမျှော်လင့်သော သတင်းစာကြောင်းကို သူဖတ်နေကျ သတင်းစာတွင် အိုင်စတိုင်း တွေ့ရသည်။ သတင်းစာက တစ်တိုင်းတစ်ပြည်လုံးအား ကာလီ၏စကားကို ဆောင်ပုဒ်တစ်ခုသဖွယ် သဘောထားပြီး ရင်ဝယ်ပိုက်ထားကြဖို့ တိုက်တွန်းထားသည်။ ထိုစကားမှာ တခြားမဟုတ်။ "အလုပ်ကိုသာလုပ်ကြ၊ သံသယ စိတ် မထားကြနှင့်"ဆိုသည့် စကားဖြစ်၏။

လစ်ဗရယ်သတင်းစာက ဤသို့ရေးလိုက်စေကာ ကွန်ဆားဗေတစ် သတင်းစာ များကတော့ ရှေ့ရေးကို ရှည်ဝေးစွာမကြည့် အတိတ်ကိုသာ ပုံ၍ အပြစ်ဖို့ကြသည်။ ၁၉၁၉ ခုနှစ်သည် ဂျာမန်ပြည်သူတို့၏ သမိုင်းတွင် မုန်းတီးဖွယ်အကောင်းဆုံး အဆိုးဆုံး နှစ်ဟု ဆိုကြသည်။ မဟာမိတ်နိုင်ငံများကိုလည်း သူတို့ဂျာမနီကို ကျွန်လုပ်ရကောင်း လားဟု အပြစ်တင်ကြသည်။

သတင်းစာခေါင်းကြီးပိုင်းတချို့တွင် "ယခုနှစ်သစ်မှာ ကျွန်ုပ်တို့အဖို့ အစားအစာ ဆင်းရဲခြင်း၊ ရထားဈေးနှုန်းကြီးမားလာခြင်း၊ အခွန်အတုပ် မြင့်မားလာခြင်း၊ ဓာတ်ငွေ့ မီးသွေး လျှပ်စစ်မီးများအတွက် စရိတ်ကြီးမြင့်ခြင်းတို့အတွက် မျှော်လင့်စောင့်စားနေ ရသောနှစ်သာ ဖြစ်ပေသည်"ဟု တူးတူးခါးခါး ရေးကြသည်။ ဂျာမန်လူမျိုးများမှာ ကိုယ်ရောစိတ်ပါ ပျက်ပြားပြီး အလုပ်လုပ်ချင်စိတ်လည်း မရှိကြတော့။ သည်အထဲ တုပ်ကွေးရောဂါဆိုးကြီးက တစ်တိုင်းတစ်ပြည်လုံး နှိပ်စက်နေပြန်သည်။ ဆေးရုံတွေမှာ ခုတင်တွေရော လူသွားလမ်းနှင့် စင်္ကြံများမှာပါ လူနာတွေ ပြည့်ကျပ်နေ၏။ ဆေးဝါး လိုချင်လျှင် မှောင်ခိုဈေးမှာမှ ဝယ်လို့ရတော့သည်။ ပြည်သူတွေက လမ်းပေါ်မှာ အတုံး အရုံး လဲနေကြတုန်း အမြတ်ကြီးစား မှောင်ခိုသမားများက ဟိုတယ်ကြီးများပေါ်တွင် ဇိမ်ခံအဆီရစ်လျက် ကြီးပွားချင်တိုင်း ကြီးပွားနေကြသည်။ ညညဆိုလျှင် ယင်းအမြတ် ကြီးစားများ ရုရှားတော်လှန်ရေးကြောင့် ထွက်ပြေးလာကြသော အရင်းရှင် အမြတ် ကြီးစား သူဌေးများသည် ဟိုတယ်ပေါ်တွင် စားပွဲသောက်ပွဲကြီးခင်းကာ စိန်ကျောက် ရတနာများ၊ တရုတ်ပြည်မှလာသော ရှားရှားပါးပါးရလာသော ပိုးဖဲများကို စားပိုင်း သောက်ရင်း အရောင်းအဝယ်လုပ်ကြသည်။

www.burmeseclassic.com



ထိုသို့ စားရင်းသောက်ရင်း ရွှေတွင်းတူးနေကြသူတို့၏ ဟိုတယ်ဆိုင်ကြီးနှင့် မလှမ်းမကမ်း အိမ်တစ်ဆောင်တွင်မူ လူတစ်ဦးသည် ဝေဒနာကိုခံရင်း မျက်ရည်နှင့် မျက်ခွက်မစဲခဲ့ရသော သူ့မိန်းမ၊ ကလေးသုံးယောက်နှင့် ကိုယ့်ကိုယ်ကိုပါ ပစ်သတ်ပြီး ဘဝအဆုံးစီရင်သွားရှာသည်။ အိုင်စတိုင်းသည် ဘာလင်၏ စိတ်ပျက်ဖွယ်မြင်ကွင်းများကို စိတ်မချမ်းသာစွာနှင့် မိတ်ဆွေရင်းတစ်ဦးဖြစ်သူ အာရင်ဖက်စ်ထံသို့ စာတစ်စောင် ရေးလိုက်သည်။

"ဒီမှာတော့ ဒုက္ခတွေပင်လယ်ဝေနေပြီ သူငယ်ချင်း ကျုပ်တို့ရဲ့ ရှေ့ရေးဟာ ဘယ်လိုဖြစ်မယ်မသိဘူး၊ အစိုးရလည်း အင်မတန် အရေးကြီးတဲ့ကိစ္စတွေထဲ နစ်နေပြီ ဘယ်ကိုခရီးဆက်ကြမလဲ"

နိုင်ငံရေး မတည်ငြိမ်မှုသည် ဖန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် အထူးပိုလာသည်။ မတ်လတွင်ကား နိုင်ငံရေးပေါက်ကွဲမှုကြီး ဖြစ်တော့သည်။ ဒေါက်တာ ဝုဖ်ဂင်းကက်ပ် ခေါင်းဆောင်သော လက်ယာဖောက်ပြန်ရေးသမားများက အာဏာသိမ်းပြီး ဘာလင်ကို အုပ်စိုးနေလေပြီ။ သို့သော် တစ်ပတ်အတွင်းမှာပင် ဤသူပုန်အစိုးရအား အထွေထွေသပိတ်ကြီးမှောက်ပြီး မောင်းထုတ်လိုက်ကြသည်။ ထို့နောက် အီဗတ်အစိုးရ ဖွဲ့သည်။ ထိုလအတွင်းမှာပင် ကွန်မြူနစ်လှုပ်ရှားမှုများလည်း ဖြစ်လာသည်။ ဂျာမနီတောင်ပိုင်းရှိ မြို့များတွင် ကွန်မြူနစ်များက လက်နက်ကိုင် အုံကြွမှုကြီးတစ်ခုဖြစ်လာအောင် စည်းရုံးလှုံ့ဆော်လျက်ရှိ၏။ ထိုအခါ မာရှယ်လော(စစ်အုပ်ချုပ်ရေးအမိန့်) ထုတ်လိုက်ရသဖြင့် အခြေအနေမှာ မသက်မသာနှင့် အတန်ငယ် ငြိမ်သက်သွားသည်။

လူမျိုးရေးဝါဒီတွေက အဖနိုင်ငံ၏ ဆင်းရဲဒုက္ခများဖြစ်အောင် ဖန်တီးနေသော အကြောင်းရင်းများကို ရှာကြသည်။ နောက်ဆုံးတွင် သူတို့နိုင်ငံတွင်နေကြသော ဂျူး (ယေဝတီ)များကြောင့် သူတို့မှာ ယခုလောက် စားရာမဲ့ သောက်ရာမဲ့ ဘဝဒုက္ခနှင့် ရင်ဆိုင်နေကြရသည်ဆိုကာ ယေဝတီဆန့်ကျင်ရေးတရားကို ဟောကြလေတော့သည်။ တစ်နိုင်ငံလုံးတွင် ယေဝတီဆန့်ကျင်ရေးဝါဒကြီး ဖုံးလွှမ်းစိုးမိုးလာသည်။ ယေဝတီစီးပွားရေးသမား အမြတ်ကြီးစားများ၏ ကုန်လှောင်ရုံများကို ဖောက်ထွင်းပြီး ၎င်းတို့ကိုပါ ရိုက်နှိက်မှုများ ဖြစ်လာသည်။ ကလေးတွေကိုလည်း လမ်းပေါ်တွင်ချကာ ခြေထောက်နှင့် လိမ့်ကန်ပစ်ကြသည်။ အမြတ်ကြီးစား မှောင်ခိုကောင်များကို 'ယေဝတီဝက်' များဟု စာတန်းဆွဲပြီး ရှုတ်ချလာကြသည်။ ဘော်လရှီဗစ်ဝါဒလည်း ပေါ်လွင် ထင်ရှားလာခဲ့၏။ ထရော့စကီသည် ဂျူး(ယေဝတီ)ဖြစ်၍ သူ့ဂိုဏ်းသားများက ဂျူးများကြီးစိုးရေးအတွက် လှုံ့ဆော်လာပြန်သည်။

အိုင်စတိုင်းကိုလည်း မျက်စိစပါးမွေး စူးလာသူတွေ ရှိသည်။ ဂျာမန်သတင်းစာ အချို့က အိုင်စတိုင်းသည် ဂျာမန်တို့၏ သိပ္ပံပညာကို သူ၏အသုံးမကျသော ...လေ

www.burmeseclassic.com



တီဗတီဖြင့် အမည်းစက်ထင်အောင်လုပ်သည်။ အကျိုးမဲ့ဖြစ်အောင်လုပ်သည်ဟု စွဲချက်တင်လာကြသည်။ လက်ယာဂိုဏ်းသားများနှင့် လူမျိုးရေးစိတ်ဓာတ်ပြင်းပြသော သိပ္ပံပညာရှင်များက ရီလေတီဗတီသည် ရူပဗေဒသိပ္ပံပညာ၏ ဘော်လရှီဗစ်ဝါဒဟု ဆိုကြသည်။ ဤစွပ်စွဲချက်မှာ အတော်ပင် ဆန်းပြားနေ၏။ တစ်ဖက်က ရီလေတီဗတီကို ဘော်လရှီဗစ်ဝါဒဟု စွပ်စွဲနေစဉ် မော်စကိုကမူ ရီလေတီဗတီသည် ဘူဇွာလူတန်းစားထဲက ပေါ်ပေါက်လာသည့် သဘောတရားအဖြစ် စွပ်စွဲနေပြန်၏။

အဖြစ်ကမူ ဆန်းလည်းဆန်းသည်။ ဘယ်လိုဆိုဆို ဂျာမန်သတင်းစာတွေကတော့ ရီလေတီဗတီကို အပြစ်ရှာမြှာလျက်ရှိ၏။ ဤသို့ဆန့်ကျင်ရေးသားချက်များသည် တဖြည်းဖြည်း နယ်ကျံကာ ယေဝတီဆန့်ကျင်ရေးစာပေများ ဖြစ်လာကြလေတော့သည်။

မကြာခဏဆိုသလို ဟာဘာလင်းလမ်း နေအိမ်မျက်နှာစာရှေ့တွင် လူစုလူဝေးနှင့် လာရောက်နှောင့်ယှက် ဆန္ဒပြပြီး ဓော်ကားကြသည်လည်း ရှိသည်။ သူအလုပ်လုပ်သည့် ပရပ်ရှင်းသိပ္ပံ အကယ်ဒမီကျောင်းရုံးခန်းရှေ့တွင် မချေမငံ လာရောက်ပြောဆို ဆူညံနှောင့်ယှက်သည်များလည်း ရှိလာသည်။ သူ၏စာတိုက်ပုံးထဲတွင် ခြိမ်းခြောက်စာများလည်း ဒုနှင့်ဒေးရောက်လာနေ၏။ သို့သော် အိုင်စတိုင်းကား အနည်းငယ်မျှပင် မတုန်လှုပ်၊ နဂိုနေမပျက်ဘဲ ရှိလေသည်။

ယေဝတီကျောင်းသားများသည် ဥရောပနိုင်ငံရှိ တက္ကသိုလ်များတွင် ပညာသင်ကြားခွင့်မရကြ။ နိုင်ငံတိုင်းက ငြင်းပယ်ခြင်းခံနေရသည်။ ဘာလင်တက္ကသိုလ်မှာလည်း သူတို့အတွက် နေရာမရှိ။ ထိုအကြောင်းကို အိုင်စတိုင်းအား လာပြောကြသည်။ အိုင်စတိုင်းသည် ဘာမျှမတုံ့ပြန်သော်လည်း ထိုကျောင်းသားများကို ကိုယ်တိုင် တာဝန်ယူပြီး သင်ပေးလေသည်။

ဤသို့ကူညီစေကာ ဘာလင်မြို့ရှိ ယေဝတီများက အိုင်စတိုင်းအပေါ် ဒေါသဖြစ်ကြသေးသည်။ သူတို့အနေနှင့်မူ အိုင်စတိုင်းအား ယေဝတီနိုင်ငံသားအဖြစ် တိတ်တဆိတ် ခံယူထားစေချင်သည်။ အိုင်စတိုင်းအား ဇီယွန်ဂိုဏ်းသားတစ်ဦး ဖြစ်စေချင်ကြသည်။ မကြာမီပင် ဘာလင်ရှိ ဇီယွန်ဂိုဏ်းခေါင်းဆောင် ကတ်၊ ဘလူမင်ဖက်၏ တိုက်တွန်းမှုကြောင့် ဇီယွန်ဂိုဏ်းသို့ဝင်ကာ ကူညီပေးသည်။

ဘလူမင်ဖက်သည် အိုင်စတိုင်းအား ဇီယွန်ဝါဒကို ရိုက်မသွင်း သူပြောသမျှကို နားထောင်ပြီး သူ့စိတ်ထဲ ယေဝတီစိတ်ဓာတ်၊ ယေဝတီဉာဉ်ဝင်လာအောင်သာ မသိမသာ လုပ်ယူရသည်။ ပြီးမှ အိုင်စတိုင်းကိုယ်တိုင်က ယခု ဇီယွန်ဂိုဏ်းသားများ လုပ်ဆောင်နေသော လှုပ်ရှားမှုသည် တည်ဆဲအခြေအနေများနှင့် ကိုက်ညီသဖြင့် လုပ်သင့်လုပ်ထိုက်၍ လုပ်ရကြောင်း သဘောပေါက် သက်ဝင်လာစေသည်။ သူ့သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်ကား အောင်မြင်မှု ရရှိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ယေဝတီဘာသာစကား အိုင်စတိုင်းဘဝတွင် အရေးပါသော အခန်းက မပါခဲ့။ မိလီဗာနှင့် လက်ထပ်ပြီးကတည်းက ဘာသာရေးကိစ္စသည် သူ့အဖို့ အရေးကြီးသော ကိစ္စတစ်ရပ်အနေနှင့် မရှိခဲ့။ မိလီဗာကလည်း ခရစ်ယာန် အယူသန်သူတစ်ယောက် ဖြစ်ခဲ့ပါလျက် တစ်ခါမှ ဘုရားရှိခိုးကျောင်းသို့မသွားခဲ့။ သားကလေးများလည်း သူတို့ ဘာသာ လွတ်လွတ်လပ်လပ်ကြီး သွားလာကြသည်။ သူတို့ကို ဘယ်သူကမျှ ဘာကို ယုံရမည်ဟုမပြော။ သူတို့သည် ဂျူးရယ် ဘာရယ်လို့လည်း မသတ်မှတ်။ သူတို့ကလေး တွေကလည်း ဘယ်ဘာသာယုံကြည်ချက်မျှ မရှိကြ။

ခုမှ အိုင်စတိုင်းသည် မိမိ၏ဇာတိမျိုးရိုးအကြောင်း ပိုသိလာသည်။ ယေဝတီ ဘာသာသည် ဘာသာရေးလည်းဟုတ်သည်။ လူမျိုးလည်းဟုတ်သည်။ သည်လိုသိလာ ပြန်တော့ လွတ်လွတ်လပ်လပ်နေပြီး ဉာဏ်ပညာထက်မြက်မှုရှိကြသော ယေဝတီတို့ ၏အစဉ်အလာကိုပင် မြတ်နိုးသလို ရှိလာသည်။

ပက်ကျိသည် အခွံပြောင်းလဲသော်လည်း ပက်ကျိသာ ဖြစ်ချေ၏။ အလားတူပင် ယေဝတီသည် ယေဝတီပဲ ဖြစ်ရမည်။ ယေဝတီကလွဲ၍ ဘာမှမဖြစ်နိုင်ဟု သူမှတ်ယူ လာသည်။

အိုင်စတိုင်းသည် လူမျိုးရေးဝါဒကို ဆန့်ကျင်သည်မှန်သော်လည်း ယေဝတီ မျိုးချစ်ဝါဒ (ဇီယွန်ဝါဒ)ကို ထောက်ခံရခြင်းမှာ ယေဝတီလူမျိုးများအနေနှင့် ယခုလို တိုင်းမဲ့ပြည်မဲ့ ဟိုမှာနေ သည်မှာနေခြင်းထက် တစ်တိုင်း တစ်ပြည် တစ်မြေ၌ စုစည်း နေသင့်သည် ယုံကြည်သောကြောင့် ဖြစ်၏။

"ယေဝတီလူမျိုးတို့ရဲ့ ဘဝဒုက္ခတွေကို ကယ်တင်ဖို့ ဖြစ်နိုင်မည့် နည်းလမ်း တစ်ခုပဲရှိတယ်။ ဒါကတော့ ကမ္ဘာပေါ်မှာရှိကြတဲ့ ယေဝတီတွေအားလုံး လူ့အဖွဲ့အစည်း တစ်ခုတည်းမှာ စုစည်းပေါင်းရုံးပြီးနေမှ အဲဒီလိုအဖွဲ့အစည်းထဲမှ တခြားကမ္ဘာက လူတွေရဲ့ အမုန်းအတီး၊ အငြိုအငြင်ခံပြီး နေရစေဦးတော့နေမယ်၊ ကျုပ်ပျော်ပါတယ်" ဟု သူ၏သဘောထားအမှန်ကို ထုတ်ဖော်ပြောခဲ့၏။

နေ့စဉ်ထုတ် သတင်းစာတိုင်းတွင် အိုင်စတိုင်း၏ နာမည်မပါသည့်နေ့ဟူ၍ပင် မရှိသလောက်ဖြစ်နေ၏။ အိုင်စတိုင်းသည် ရီလေတီဗတီကို ပြပြီး နာမည်ကြီးအောင် ကြော်ငြာနေသည်ဟုလည်း စွပ်စွဲနေကြ၏။ သူနှင့်ရန်ဘက်များကမူ ပရပ်ရှင်း အကယ်ဒမီ တွင် လုပ်ကိုင်ဆောင်ရွက်ချက်များကို သုံးသပ်စစ်ဆေးရမည်ဟု ဆိုကြ၏။

မက်စ်ပလင့်က်နှင့် အပေါင်းပါတို့ကမူ အိုင်စတိုင်း၏ အလုပ်နှင့်ပတ်သက်သော ဆောင်ရွက်ချက်များအတွက် သံသယမရှိကြောင်း၊ လူသိရှင်ကြား ကြေညာသည်။ အတွင်းသိအပြင်သိ ရင်းနှီးပြီးသူများက ယင်းသို့ကြေညာသော်လည်း လက်တွေ့တွင် သိပ်အရာမရောက်လှ။ ကြီးကြီးကျယ်ကျယ် အပတ်စဉ်ထုတ် မဂ္ဂဇင်းကြီးများကလည်း

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းအကြောင်း ဝေဖန်ရေးသားကြသည်။ ထိုအတောအတွင်း အိုင်စတိုင်းအား သေကြောင်းကြံစည်မှုဖြင့် ယေဝတီဆန့်ကျင်ရေးခေါင်းဆောင် ရုဒေါ့ဖ် လိုင်ဘတ် ဆိုသူအား အစိုးရက ဖမ်းဆီးခဲ့၏။ ထိုသူက အိုင်စတိုင်းကို သတ်သူရှိလျှင် ဆုငွေပေးမည်ဟု ကြေညာသောကြောင့်ဖြစ်သည်။ လိုင်ဘတ်အား ရုံးတော်က ဒဏ်ငွေ ၁၆ ဒေါ်လာကျခံရန် အမိန့်ချပြီး ဒဏ်ငွေဆောင်သဖြင့် ပြန်လွှတ်လိုက်သည်။ ဘာလင်တက္ကသိုလ်တွင် သင်တန်းတစ်ခု၌ စာပေသင်ကြားပို့ချနေစဉ် အင်္ကျီနက်ဝတ်ထားသော ကျောင်းသားတစ်စုက စာသင်မဖြစ်အောင် ဆူညံထွက်သွားသဖြင့် သင်တန်းပျက်ရသည်။ သူတို့အထဲက လူဗလံတစ်ယောက်က ထပြီး

"ဒီညစ်ပတ်စုတ်ပဲ့နေတဲ့ ယေဝတီကို ကျုပ်ကိုယ်တိုင် လည်လှီးပြီး သတ်မယ်၊ ကြည့်နေ"ဟု ထအော်သည်။ အိုင်စတိုင်း ဘေးမသီရန်မခအောင် အကယ်ဒမီမှ မိတ်ဆွေများက သတိကြီးစွာထား၍ စောင့်ရှောက်နေကြရ၏။ မိတ်ဆွေများမှာ သူ့အတွက် စိုးရိမ်မကင်းရှိလှသည်။ ဖြစ်နိုင်လျှင် ယခုလို အခြေအနေမငြိမ်မသက် ဖြစ်နေစဉ်အတွင်း ဘာစကားမျှမပြောဘဲ ခေတ္တနှုတ်ပိတ်နေပါရန် သူ့ကို တောင်းပန်ကြသည်။ သည်တော့ အိုင်စတိုင်းက ရယ်သည်။ သူမြင်သော လောကအမြင်တွေ၊ လူ့ဘဝသုံးသပ်ချက်တွေသည် ဓမ္မဓိဋ္ဌာန်ကျလွန်းလှသည်ဖြစ်၍ ဤမျှလောက်သော အနှောင့်အယှက် အတားအဆီး ကလေးများသည် မဆိုစလောက်။ မှုစရာမလိုပါဟု ပြန်ကြားသည်။

မည်သို့ပင်ဆိုစေ စစ်ပြီးနောက်တွင် ပထမအကြိမ်ရောက်လာသော ဆွစ်ဇာလန်မှ မိတ်ဆွေတစ်ဦး၏အမြင်တွင် အိုင်စတိုင်းသည် ထိုအချိန်၌ သိသိသာသာ စိတ်ထဲခံပြင်းနေသည်။ နောက်တစ်ယောက်ကမူ "အိုင်စတိုင်းသည် ဘဝ၏အကျပိုင်းသို့ရောက်နေပြီ"ဟုပင် ဆိုသည်။

အိုင်စတိုင်းကလည်း ပထမဆုံးအကြိမ်အဖြစ် "ရန်းကန်လှုပ်ရှားနေသော အဖြစ်အပျက်များအကြောင်း" ထုတ်ဖော်ပြောလာသည်။

"ဒီသတင်းစာတွေဟာ ကျုပ်အကြောင်းတွေ မဟုတ်တမ်းတရားရေးပြီး ကျုပ်ကို အသက်ရှုကြပ်အောင် လုပ်နေကြတာပဲ။ ကျုပ်ဟာ ကျုပ်ဘာသာ တစ်ယောက်တည်း လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကလေးတွေကို လုပ်နေပါရစေ"

အိုင်စတိုင်းသည် ထုတ်ဖော်ညည်းညူရသည့် အခြေသို့ ဆိုက်လာ၏။

၁၉၂၀ ခုနှစ်တွင် အိုင်စတိုင်းသည် သူ့အမေကြီးကို ဆွစ်ဇာလန်မှ ဘာလင်သို့ ခေါ်ခဲ့သည်။ မိခင်ကြီး ပေါလင်း အိုင်စတိုင်းမှာ ယခု အသက် ၇၀ နီးပါးရှိပြီဖြစ်၍ မကြာခဏ နာမကျန်းဖြစ်နေလေသည်။ ဘာလင်သို့ ရောက်သည့်နှစ်မှာပင် အိုင်စတိုင်း မိခင်ကြီးသည် သူ့အိမ်တွင် ကွယ်လွန်သွားရှာသည်။ မိခင်ကြီးကား တစ်ကမ္ဘာလုံးက သူ့သားအပေါ် ဝိုင်းဝန်း ချီးကျူးမြှောက်စားနေသည့် အဖြစ်များကိုသာ သိပြီး ပါရမီရှင်

www.burmeseclassic.com

www.burmeseclassic.com



သားထူးသားမြတ်အတွက် ဂုဏ်ယူရင်း ဘဝတစ်ပါးသို့ ပြောင်းသွားရသည်။ သူ့သား အပေါ် မလိုတမာ အမျက်ထားနေသူများ ရှိနေသည်ကိုကား မိခင်ဖြစ်သူမှာ မသိသွားပေ။

မိခင်ကြီး သူ့လက်ပေါ်တွင် ဘဝတစ်စခန်း ဆုံးသွားရသည့်အတွက် အတော်ပင် စိတ်မကောင်း ဖြစ်မိသော်လည်း ရင်ကွဲမတတ်တော့ မပူဆွေးမိပေ။ "အင်း ခုလို လျှပ်တစ်ပြက် မျက်စိတစ်မှိတ်အတွင်း သေသွားရတာမျိုးကလေးတွေ ကြည့်တော့ စိတ်မချမ်းသာစရာ ကောင်းသားပဲဗျာ"ဟု နောင်အခါ မိတ်ဆွေတစ်ဦးအား အိုင်စတိုင်း ပြောဖူးလေသည်။

လူ့ဘဝတစ်ခန်းတွင် ပါဝင်ကပြမိလေသည့်အတွက် အိုင်စတိုင်းအဖို့မှာ ဒုက္ခတွေ အနှောင့်အယှက်တွေ ပိုလာသည်ကလွဲ၍ ဘာမျှအကျိုးထူး မခံစားရရုံသာမက သူမြတ်နိုးလှသည့် သိပ္ပံနယ်ကလေးထဲ ပြန်ဝင်ပြီး နောက်ထပ် အကျိုးရှိရာရှိကြောင်း အသစ်အဆန်းပညာများ ရှာဖွေဖော်ထုတ်မှုမျိုးကိုပင် လုပ်ပဲလုပ်နိုင်ပါဦးတော့မလားဟု သို့လော သို့လော တွေးမှားစရာ ရှိလာသည်။ သူ့အရှိန်ကုန်ပြီလော။

သို့သော်ငြား အိုင်စတိုင်းသည် နလုံးမငြိမ်မဖြစ်၊ စိတ်ပျက်ခြင်းလည်းမရှိ၊ ဂျာမနီပြည် ဒုက္ခရောက်နေစဉ်အတွင်း စားနပ်ရိက္ခာများ ပို့ပေးထောက်ပံ့ကြသော ဗြိတိန်နှင့် အမေရိကန် ခရစ်ယာန်မိတ်ဆွေဖြစ် အသင်းအဖွဲ့များအား ရေးသားသည့် စာတစ်စောင်တွင် ဤသို့ လူလူချင်း ကိုယ်ချင်းစာတရား ကြီးမားစွာဖြင့် မေတ္တာရှေးရှု ပြုမူဆောင်ရွက်ချက်များသည် လူသားတို့ကမ္ဘာ အစွန့်ရှည်ကြာသရွေ့ မမေ့အပ်။ မမေ့စကောင်းသော လုပ်ရပ်ဖြစ်ပါကြောင်း။ လူသားကမ္ဘာတွင် လူလူချင်း စေတနာမေတ္တာတရားထားမှု၊ စာနာထောက်ထားမှုမျိုး ရှိနေသေးသရွေ့ ကာလပတ်လုံးမှာလည်း ဤကမ္ဘာသည် သာယာငြိမ်းချမ်း၍ နေပျော်ဖွယ်ကောင်းသော ကမ္ဘာကြီးတစ်ခု ဖြစ်လာရဦးမည်ဆိုသည့် ယုံကြည်မျှော်လင့်ချက်သည် မယွင်းမယိုင်ဘဲ ရှိနေဦးမည်သာ ဖြစ်ပါကြောင်း ထုတ်ဖော်ချီးကျူး ရေးသားလိုက်လေသည်။ တစ်ခါတစ်ရံ အိုင်စတိုင်း၏ ဆင်ခြင်တုံတရားထက် သူ၏ ဟာသဉာဏ်ကလေးက သူ့ကို ကောင်းကျိုးပြုသည်လည်း ရှိတတ်ပေသည်။

တစ်ည ဘာလင်မြို့ ခန်းမဆောင်ကြီးတစ်ခုတွင် ယေဝတီဆန့်ကျင်ရေးသမားများ ဦးဆောင်သည့် စည်းဝေးပွဲတစ်ရပ်ကျင်းပပြီး ရီလေတီဗတီအကြောင်း အငြင်းအခုံ လုပ်ကြသည်။ ထိုအစည်းအဝေးကျင်းပသူများက သူတို့ကိုယ်သူတို့ 'ဂျာမန်သဘာဝတွဒဿနိက ပညာရှင်များ'၏ အလုပ်အမှုဆောင်အဖွဲ့ဟု အမည်ပေးထားသည်။ အစည်းအဝေးတွင် အိုင်စတိုင်းအား ဝက်ခြံလိုနေရာကလေးတွင် ထည့်ထားသည်။ စင်မြင့်ပေါ်တွင် ဂျာမန် ရူပဗေဒပညာရှင်နှစ်ဦးဖြစ်သော ဝေးလင်းဒ်နှင့် ဂက်ခ်ိတို့နှစ်ဦးက နေရာယူထားသည်။ သူတို့နှစ်ဦးစလုံးသည် ဒေါသတကြီးနှင့် 'အိုင်စတိုင်း၏ မုသာဝါဒစကားများ'အကြောင်း နာရီပေါင်းများစွာ စွပ်စွဲပြောဆိုသွားကြသည်။

www.burmeseclassic.com



တကယ်တော့ ဤညနေခင်းသည် ဒေါသဖြင့်စတတ်သူများအဖို့ ဒေါသထွက်ဖွယ် စိတ်ဆိုးဖွယ်လိလိကောင်းသော ညနေခင်းသာဖြစ်သည်။ သို့သော် တစ်ဖက်က ပြင်းပြင်းထန်ထန် စွပ်စွဲနေသည့် အချက်များကို ဟာသဉာဏ်ရွှင်ရွှင်နှင့် အဆိပ်အတောက်ကင်းသော စကားများပမာ ခေါင်းခါချလိုက်သည်။ ပရိသတ်ကြီးမှာ ဝက်ခြံထဲကလူ၏ ချေပသောစကားများကြောင့် ပို၍ပွဲကျနေလေတော့သည်။

ထိုနှစ်ကုန်ခါနီးပိုင်း အချိန်လောက်ရောက်မှ အိုင်စတိုင်းသည် သူ့အပေါ် တိုက်ခတ်နေသော ဒေါသ မောဟ မုန်တိုင်းတို့ အနည်းငယ်စဲစပြုလာသဖြင့် သက်သာရာရလာသည်။

လောရင့်ဇ်နှင့် အာရင်ဖက်စ်တို့က လေဒင်သို့လာပြီး တက္ကသိုလ်အာဏာပိုင်များအား ရီလေတီဗတီနှင့်ပတ်သက်၍ ဟောပြောပါရန် အိုင်စတိုင်းအား ဖိတ်ခေါ်သည်။ အိုင်စတိုင်းသည် မိတ်ဆွေများ၏ ဖိတ်ကြားချက်အတိုင်း ရောက်ရှိလာပြီး ရီလေတီဗတီအကြောင်း ဟောကြားရာ တရားဟောရာခန်းမကြီးတစ်ခုလုံးမှာ လူပေါင်း တစ်ထောင့်လေးရာခန့်ဖြင့် ပြည့်လျှံသွားသည်။ အိုင်စတိုင်း၏ ဟောပြောပွဲကို လိုလိုလားလား ကြိုဆိုလက်ခံနေကြလေသည်။

ဘာလင်မှာနေလျှင် အသက်အန္တရာယ်အတွက် စိတ်မချရသော သူ့မိတ်ဆွေ အိုင်စတိုင်းအတွက် စိုးရိမ်ပူပန်မှုဖြင့် အာရင်ဖက်စ်က အိုင်စတိုင်းအား ဘာလင်သို့မပြန်ဘဲ သူတို့တက္ကသိုလ်မှာပင်နေရန် ပန်ကြားသည်။ တက္ကသိုလ်ညွှန်ကြားရေးမှူးများကိုလည်း အိုင်စတိုင်းအတွက် အမြဲတမ်းရာထူးတစ်ခုပေးပါရန် အာရင်ဖက်စ်က တိုက်တွန်းခဲ့သည်။

ဟော်လန်မှာနေရလျှင် လောရင့်ဇ်နှင့်တကွ သိပ္ပံပညာဘက်တွင် အပေါင်းအသင်း မိတ်ဆွေတွေကလည်း များမည်။ ရူပဗေဒ ပညာရှင်တစ်ယောက်အနေနှင့်လည်း အောင်မြင်မည်။ လူသားတွေ၏ ကောင်းကျိုးချမ်းသာအတွက် အလုပ်လုပ်ချင်သော လူတစ်ယောက်အနေနှင့်လည်း အောင်မြင်မည်။ ဟော်လန်တွင်နေရေးသည် အိုင်စတိုင်းအား အဘက်ဘက်က ကောင်းကျိုးပြုမည်ဖြစ်၍ သူ့စိတ်ကိုလည်း အတော်ပင် ဆွဲဆောင်မှုရှိသည်။

ဤပြဿနာကို ခေါင်းထဲထည့်ပြီး အိုင်စတိုင်းသည် ဘာလင်မြို့သို့ ပြန်ခဲ့၏။ ဘာလင်လမ်းမများပေါ်တွင် လျှောက်သွားနေသောအခါ တစ်ကြိမ်က ဥရောပတစ်ခွင်လုံးတွင် အတောက်ပဆုံး ဖြစ်ခဲ့သည်။ မြို့တော်ဘာလင်၏ ဇဟိုချက်ချာနေရာတွေသည် မှောင်မည်းညစ်ပတ်လျက် အသရေနွမ်းခဲ့ပြီ။ ယာဉ်ရထားတွေကလည်း ရှားပါးနေပြီ။ စားသောက်ဆိုင် ဟိုတယ်ကြီးများမှာ အဆင်းမလှကြတော့။ လူတွေသည် အစုလိုက် အဝေးလိုက် လှုပ်ရှားသွားလာနေကြရစေကာ သူတို့မျက်နှာပေါ်တွင် ရွှင်လန်းမှု ခိုတ်သည်းနေသလို ရည်ရွယ်ချက်လည်း ရှိပုံမပေါ်။ အိမ်နံရံများ အုတ်တံတိုင်းများပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဘော်လရှိုဗစ်ဝါဒကို သွေးစုတ်ဖုတ်ကောင်လို ရေးသားထားသည်။ ပိုစတာစာရွက်ကြီးများ ကပ်ထားသည်။ အိမ်ကြိုအိမ်ကြား ဟိုနေရာသည်နေရာ အနှံ့အပြားတွင် စက်သေနတ်ကိုင် စစ်သားများက ချောင်းမြောင်းစောင့်ကြည့်နေကြလေသည်။

အိုင်စတိုင်းသည် အဆင်းမလှတော့သည့် ဘာလင်ကိုကြည့်ပြီး သူ့ခေါင်းထဲက ပြဿနာကို ချိတုံချတုံ စဉ်းစားနေမိသည်။ လွန်ခဲ့သော တစ်လ နှစ်လကမှ ဂျာမန်ပါလီမန်တွင် ဒီမိုကရက်အမတ်အများစု အရွေးခံကြရပြီး အစိုးရဖွဲ့သည်။ အမျိုးသားရေးဝါဒီများကလည်း အင်အားကောင်းတုန်း ရှိသေးသည်။ ကွန်မြူနစ်များသာ အရောင်မှိန်လျက်ရှိလေသည်။

ကျောက်မီးသွေးထုတ်လုပ်မှုဘက်ကတော့ တိုးတက်လျက်ပင် ရှိလေသည်။ ယခုအထိ ဂျာမနီအပေါ်တွင်တင်နေသော အကြွေးများမှာ ကုဋေ ကုဋာ ရှိသေးသော်လည်း စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ယင်းအကြွေးများကို မကြာခင် ချေနိုင်မည်ဟု မျှော်လင့်စရာရှိလာသည်။ အကယ်၍ စစ်မှန်သောဒီမိုကရေစီသာ ဂျာမနီတွင် တိုးတက်လာမည်ဆိုပါက ဂျာမနီ၏ ရှေ့ရေးသည် သိပ်ပူစရာမလို။

အကြောင်းကြောင်းကိုထောက်ထားပြီး ဂျာမနီကို စွန့်ခွာမသွားရန် အိုင်စတိုင်း စိတ်ဆုံးဖြတ်လိုက်လေသည်။ သူသည် ဂျာမနီပြည်တွင် လူတိုင်းသိသော နာမည်ကြီးပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ ဤမျှ နာမည်ကြီးနေသူတစ်ယောက်နှင့် ဂျာမနီပြည်က ထွက်သွားလျှင် ပြည်သူပြည်သားများက ကြောက်လန့်ပြီး ထွက်ပြေးသည်ဟု ထင်ချိမ့်မည်။ သူ့ကို ကြောက်လန့်ပြီးပြေးသည်ဟု အများက ထင်သည် မထင်သည်မှာ အရေးမဟုတ်။ သူလိုလူတစ်ယောက် တိုင်းပြည်က ထွက်သွားသည်ဆိုလျှင် သမ္မတနိုင်ငံစနစ်ကြီးကို သဘောမကျ၍ ထွက်သွားသည်ဟူသော မလိုလားအပ်သည့်သဘောမျိုး သက်ရောက်သွားမည်။ အစိုးရကို အပျက်သဘောမျိုးနှင့် တုံ့ပြန်သလိုဖြစ်မည်။

မိမိသည် သာမညလူတစ်ယောက်မဟုတ်။ မိမိကစ၍ ဂျာမနီပြည်၏ ရှေ့ရေးအတွက် အယုံအကြည်ကင်းကြောင်း ပြ၍မဖြစ်။ မိမိသည် လူများတကာအတွက် ပြယုဂ်သာ ဖြစ်ရချေမည်။ ဒုက္ခရောက်နေစဉ်တွင် တစ်ပါးသူများနှင့်အတူ လက်တွဲပြီး မခံစားလိုဘဲ ရေကြည်ရာမြက်နုရာ ရှာသွားခြင်းသည် အချောင်သမားဆန်သည်။ မိမိအနေနှင့် ဒီမိုကရေစီ ထွန်းကားသည်နှင့်အမျှ ဂျာမနီတွင် အနာဂတ်မျှော်လင့်ချက်တွေ တစ်ပုံကြီးရှိပါသည်ဟု မိမိကစ၍ ပြရမည်။ ဤအချက်သည် ဂျာမနီ ပျက်ယွင်းကျဆုံးနေချိန်ဖြစ်၏။ သည်လိုအချိန်မျိုးတွင် မိမိအနေနှင့် ဂျာမနီတွင် နေရုံသာမက ယခင်က စွန့်ခဲ့ဖူးသော ဂျာမနီပြည်သားအဖြစ်ကို ပြန်ယူမှ သင့်ပေတော့မည်။ သို့သော် အကယ်၍ တွင် သူရပ်တည်နေရသော အခြေအနေအရ အိုင်စတိုင်းသည် ဆွစ်ဇာလန်နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ဖို့မှာလည်း လောလောဆယ် မဖြစ်သေးချေ။

www.burmeseclassic.com

www.burmeseclassic.com



ဆွဲဖွာလန်တွင်နေသော သူ့အိမ်ထောင်စုဆီသို့ ရေးသည့်စာတစ်စောင်တွင် သူ့မှာ တာဝန်ဝတ္တရားအတွက် ပြင်းထန်ခဲ့သော စိတ်အဟုန် လျော့နည်းလာကြောင်း ဖော်ပြ လိုက်သည်။ ဟင်အဲလဗတ်သည် ဖခင်ထံမှစာကိုဖတ်ပြီး နာမည်ကြီးသောကြောင့် ဒုက္ခရောက်ရပုံကို ဖခင်ဖော်ပြထားချက်ကို အားရပါးရ ဟားတိုက်ကာ ရယ်ချလိုက် လေသည်။ မိလီဗာအဖို့မှာတော့ ဟိုတစ်ကြိမ်က ကယုကယချစ်တုံ့တင်ခဲ့ကြစဉ် သူ့ကို ချစ်သူ အဲလဗတ်က နောက်လိုက်ပြောင်လိုက် ကလူကျီစယ်လိုက် ပြုနေပုံကလေးများကို သတိရအောင် လုပ်လိုက်သည်နှင့်သာ တူတော့သည်။

အိုင်စတိုင်း၏စာတွင်

"ကိုယ်တော့ ခု ကိုယ့်ကိုယ်ကို အရပ်ပျက် ပြည့်တန်ဆာမကြီးတစ်ယောက် ဖြစ်နေပလားလို့တောင် ထင်တော့တယ်ကွယ်။ လူတိုင်းက ကိုယ်ဘာလုပ်နေသလဲဆိုတာ လည်း သိချင်ကြတာပဲ။ အဲဒီလူတိုင်းကပဲ ကိုယ့်ကို အကောင်းလည်းမပြောကြဘူး" ဟု ဖော်ပြရေးသားခဲ့လေသည်။

○

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

# ခရီးသည် အိုင်စတိုင်း

အိုင်စတိုင်း၏ လက်ထောက်တစ်ဦးဖြစ်ခဲ့ဖူးပြီး ယခု ဘာလင်တက္ကသိုလ်တွင် အထက်တန်းပညာကို သင်ကြားနေသော လီယိုပိုအင်ဖဲလ်ဒ်ဆိုသူက ၁၉၂၀ ခုနှစ်သည် အများကြိုက်သိပ္ပံပညာစာအုပ် ရောင်းစားသည့်ခေတ်ကြီး ဖြစ်သည်ဟု ဆိုဖူးသည်။

ရီလေတီဗတီ စတင်၍ ကျော်ကြားလာစက ဤသီဝရီနှင့် ပတ်သက်သော အင်္ဂလိပ်လိုရေးထားသည့် စာအုပ်မှာ တစ်အုပ်သာရှိခဲ့သည်။ ထိုစာအုပ်၏အမည်မှာ 'ဆွဲဆောင်မှုသဘောဆိုင်ရာ ရီလေတီဗတီအကြောင်းမှတ်တမ်း' စာအုပ်ဖြစ်၏။ စာအုပ်ရေးသားသူမှာ အာသာ၊ အက်ဒင်တန်ဖြစ်သည်။ ၁၉၁၈ ခုနှစ်တွင် စာအုပ်ရိုက်နှိပ်ထုတ်ဝေရာ စာအုပ်နှစ်ရာလောက်သာ ရောင်းရသည်။ ၁၉၂၀ ခုနှစ်သို့ ရောက်သောအခါတွင်ကား ထုတ်ဝေသူသည် ဤစာအုပ်ကို ထောင်သောင်းချီ၍ ရိုက်နှိပ်ရောင်းချရလေတော့သည်။ ရီလေတီဗတီအကြောင်းစာအုပ်သည် လန်ဒန်နှင့် နယူးယောက်မြို့ရှိ စာအုပ်ဆိုင်တိုင်းတွင် ရှေ့တန်းကပြေးနေသော ခေတ်ဝတ္ထုစာအုပ်များနှင့် အပြိုင်ရောင်းချနေရလေသည်။

ဤမျှ အရောင်းရတွင်ကျယ်သော စာအုပ်ကို ရေးသားသူ အာသာအက်ဒင်တန်သည် ရီလေတီဗတီအကြောင်းကို အောက်စဖို့ဒ်တက္ကသိုလ်တွင် ဟောကြားပို့ချသောအခါများတွင်လည်း ပရိသတ် ကျိတ်ကျိတ်တိုး တက်ရောက်နားထောင်သည်။ ဘယ်လောက်ကျယ်သည့် အခန်းမှာပဲဟောဟော ဘယ်အခန်းမှ လူမဆံ့ပြည့်လျှံသွားသည်သာများသည်။ နောက်ဆုံး ကျောင်းဆောင်နေ ကျောင်းသားများ ထမင်းစားခန်းကျယ်ကြီးထဲတွင် ဟောပြောရသည်အထိ ဖြစ်သည်။ အက်ဒင်တန် ရီလေတီဗတီအကြောင်း ဟောမည်ဆိုလျှင် ဘောလုံးပွဲ ရုပ်ရှင်ရုံ တန်းစီတိုးသည်ထက်ပင် အဆအရာတိုး၍

www.burmeseclassic.com

www.burmeseclassic.com



အလုအယက် နားထောင်ကြသောကြောင့် အက်ဒင်တန်မှာ တရားဟောဖို့လာလျှင် တရားဟောခန်းထဲရောက်အောင် မနည်းတိုးဝှေ့ဝင်ရသည်။ ဘယ်လောက်ကျယ်သည့် အခန်းဖြစ်ဖြစ် လူမဆံ့ဘဲ လျှံကျနေသဖြင့် ရုပ်ရှင်ကို တစ်နေ့ ၄ ကြိမ်ခွဲပြရသလို ၂ ကြိမ်ခွဲပြီး ဟောရသည်က များသည်။ ဤမျှ လူကြိုက်များပြီး ရေပန်းစားနေသောကြောင့် အက်ဒင်တန်သည် သူ၏ ဟောကြားချက်များကို စာအုပ်အဖြစ် စုပေါင်းပြီး "ဌာန၊ ကာလနှင့် ဆွဲဆောင်ခြင်းနိယာမ"အမည်ဖြင့် စာအုပ်ထုတ်ရလေသည်။ ဤစာအုပ်လည်း ရိုက်ပြီးရင်းရိုက်။ ရိုက်တိုင်းလည်း ရောင်းမလောက်အောင်ပင် ဖြစ်ရလေသည်။

စာအုပ်၏ နောက်ဆုံးခန်းအဖွင့်တွင် အိုင်စတိုင်းသီဝရီမှတစ်ဆင့်ပွားတွေးခေါ်စရာ အချက်အလက်များရှိပုံကို အက်ဒင်တန်က ဆွေးနွေးတင်ပြထားသည်။ ဤတင်ပြချက်ကို စာဖတ်ပရိသတ်များက အလွန်နှစ်ခြိုက် သဘောကျကြလေသည်။ သူက စလိုက်သော ရီလေတီဗတီတောမီးသည် အနောက်တိုင်း ကမ္ဘာပေါ်တွင် စလောင်တော့သည်။

ရီလေတီဗတီအကြောင်း လူပြိန်းကြိုက်၊ အလွယ်ဆုံးရေးသားထားသော စာအုပ်ပေါင်း ရာနှင့်ချီ၍ ထွက်လာသည်။ ဘယ်စာအုပ်ဆိုင်ကြည့်ကြည့် ရီလေတီဗတီအကြောင်း စာအုပ်တွေနှင့် ပြည့်နေလေတော့သည်။ ထိုစာအုပ်တွေထဲတွင် အိုင်စတိုင်းကိုယ်တိုင် ရေးသားသည့် စာအုပ်တစ်အုပ်လည်း ပါသည်။ ထိုစာအုပ်ကို ၁၉၁၆ ခုနှစ်တွင် အိုင်စတိုင်းရေးခဲ့သည်။ သူ့စာအုပ်တွင် လူဖတ်လို့နားလည်အောင် သင်္ချာဂဏန်းတွေ၊ အတွက်အချက်တွေကို တတ်နိုင်သလောက် ရှောင်ပြီးရေးထားသည်။ အိုင်စတိုင်းသည် ဤစာအုပ်ကို ရေးပြီးနောက် အယ်လ်ဆာ၏သမီး မားဂေါ့တ်ကို နားထောင်ခိုင်းသည်။ သူက ဖတ်ပြသည်။ သူဆုံးတိုင်း မားဂေါ့တ်က "အင်း နားလည်တယ်၊ နားလည်တယ်" ဟု 'အင်း'လိုက်သည်။ သို့ရာတွင် သူရေးသည့်စာအုပ်ကို လူပြိန်းမဆိုထားဘိ ရူပဗေဒအကြောင်း နားလည်သော ပညာရှင်ထဲတွင်မှ တော်တော်အဆင့်အတန်းရှိသူမှသာ နားလည်သည်။

မည်သို့ပင်ဆိုစေ ရီလေတီဗတီကိုနားလည်ဖို့ကား ထင်သလောက် မလွယ်တူချေ။

ထိုအခါ ပဲရစ်တွင်နေထိုင်သော အမေရိကန် လူသားကောင်းစားရေးဝါဒီတစ်ဦးဖြစ်သော ယူဂျင်း ဟစ်ဂင်ဆိုသူသည် ရီလေတီဗတီအကြောင်း လွယ်လွယ်နှင့် နားလည်နိုင်သည့်စာအုပ်မျိုး မတွေ့ရသဖြင့် 'အမေရိကန် သိပ္ပံမဂ္ဂဇင်း'သို့ သံကြိုးရိုက်ပြီး ရီလေတီဗတီအကြောင်းကို စကားလုံး သုံးထောင်လောက်နှင့် အလွယ်ဆုံး အရှင်းဆုံး အကောင်းဆုံး ရှင်းလင်းရေးသားနိုင်သူရှိလျှင် ထိုသူအား ဆုငွေ ဒေါ်လာ ငါးထောင်

www.burmeseclassic.com

www.burmeseclassic.com



ပေးမည်ဟုကြေညာလေသည်။ မဂ္ဂဇင်းကလည်း ဤပြိုင်ပွဲကိုကြေညာပေးရာ တစ်ကမ္ဘာလုံးနီးပါး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဤသို့ စူးစမ်းရှာဖွေဖော်ထုတ်ရာ၌ အယ်ဒီတာများက အမေရိကန်ရူပဗေဒပညာရှင်နှစ်ဦးအား ဤနေရာတွင် ဒိုင်လူကြီးလုပ်ရန်ရွေးသောကြောင့် ၎င်းတို့ကိုယ်တိုင် ဝင်မဖြေရန် တောင်းပန်သည်။

လူပေါင်း ထောင်ရာချီ၍ ဝင်ရောက်ယှဉ်ပြိုင်ကြသည့်အထဲတွင် ပထမဆုရရှိသွားသူမှာ လင်ဒန်ဘောလ်တန်ဖြစ်၏။ ထူးဆန်းသည်မှာ ဘောလ်တန်သည်လည်း အိုင်စတိုင်းကဲ့သို့ပင် ဗြိတိသျှစက်ပစ္စည်း စီစစ်ရေးမှူးတစ်ယောက် ဖြစ်နေခြင်းပင် ဖြစ်လေသည်။

ဂျာမနီမှာတော့ ရီလေတီဗတီကို နိုင်ငံရေး၊ လူမျိုးရေးအရောင်တွေ ဆိုးကုန်ကြချေပြီ။ အိုင်စတိုင်းကိုလည်း ဂျာမနီကို ဒုက္ခပေးမည့် လူတစ်ယောက်အဖြစ် မြင်နေကြရုံသာမက သူလုပ်သမျှ ကိုင်သမျှ မျက်ခြည်မပြတ် စောင့်ကြည့်နေကြလေသည်။ ဂျာမန်များ၏စိတ်ထဲတွင် အိုင်စတိုင်းကို ရာဇဝတ်မှုကျူးလွန်လာသူတစ်ယောက်လောက်မှတ်နေကြ၏။ ဂျာမနီက သူ့ကို ဒီလိုထင်နေသော်လည်း တခြားဥရောပနိုင်ငံတွေမှာတော့ အိုင်စတိုင်းမှ အိုင်စတိုင်း ဖြစ်နေကြ၏။

ထိုနိုင်ငံများတွင် အိုင်စတိုင်း ဈေးကောင်းလှသည်။ သို့သော် အိုင်စတိုင်းသည် သူ့သီဝရီကို ဆေးကြော်ငြာလိုက်ရောင်းသလို တစ်အိမ်တက်ဆင်း ရောင်းလိုစိတ်လည်း မရှိ။ နားအေးရာ ပါးအေးရာသာ သွားချင်သည်။ ထိုအချိန်တွင် သူ့ကို ဟော်လန်မှ ဟောပြောလာရန် ဖိတ်ကြားသောကြောင့် သူသည် ကြော့ကြော့မော့မော့ အင်္ကျီစကလေးထောင်ကာ တယောတစ်လက် ချိုင်းကြားညှပ်ပြီး ဘာလင်မှထွက်ခဲ့လေသည်။ နော်ဝေနှင့် ဟော်လန်သို့ ပထမသွားသည်။ ထို့နောက်မှ တောင်ပိုင်းရှိ ပရတ်ဂ်နှင့် ဗီယင်နာမြို့များသို့ လျှောက်သွားနေခဲ့လေသည်။

အိုင်စတိုင်း ပရတ်ဂ်မှထွက်ခဲ့ပြီးနောက် သူ့နေရာကို ဆက်ခံသူမှာ ဖိလစ်ဖရင့်က်ဖြစ်သည်။

"ဆယ်နှစ်လောက်ကြာပြီးမှ သူ့ကို ပြန်တွေ့ရပေမယ့် သူဟာ သိပ်ပြီးအပြောင်းလဲကြီး ပြောင်းလဲမသွားဘူး။ သူကြည့်ရတာဖြင့် တယောတစ်လက်နဲ့ တစ်နေရာကတစ်နေရာ လှည့်သွားနေတဲ့ အနုပညာသမားတစ်ယောက်နဲ့ပဲ တူတော့တယ်"ဟု ဖိလစ်ဖရင့်က် ပြောပြဖူးသည်။

ဖရင့်က်သည် သူ့ထံသို့ရောက်လာသော ဧည့်သည်ကြီး အိုင်စတိုင်းကို သူ့ရုံးခန်းမှာပင် နေရာချထားပေးသည်။ အိုင်စတိုင်းကလည်း သည်လိုပဲနေချင်သည်။ ကမ္ဘာပေါ်တွင် အင်မတန်နာမည်ကြီးနေသော ကမ္ဘာကျော် ပါရမီရှင် သိပ္ပံပညာရှင်ကြီးသည် ဆိုဖာကုလားထိုင်ပေါ်မှာအိပ်ပြီး ဘန်ဆင် (ဓာတ်ခွဲခန်းသုံး) မီးဖိုပေါ်တွင်ကြော်သော အမဲအသည်းကြော်ကလေးကို ညစာထမင်း ညစာဟင်းအဖြစ် စားပြီး ပျော်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တရားပွဲများမှာ ပွဲကျလှသည်။ ပရိသတ်မှာ တရားဟောပြီးသည့်တိုင် ထမပြန်နိုင်သဖြင့် ထပ်ပြောပါဦး၊ ထပ်ပြောပါဦးနှင့် ဆူညံနေကြတော့သည်။ အိုင်တိုင်းက သူသည် ယခုအထိ ရိလေတိဗတီနှင့် ပတ်သက်၍ ထပ်လုပ်ထားရသည် ဘာမျှမရှိသေးသဖြင့် တော်ပါပြီဆိုကာ တယောကလေးကောက်ယူပြီ တယောထိုးနေလိုက်လေသည်။

ထိုအချိန်အထိ အိုင်စတိုင်း၏ ပရိသတ်များမှာ ကျောင်းသားများနှင့် သိပ္ပံပညာကို လေ့လာနေကြသော သုတေသီများသာ များကြသည်။ သို့သော် ဗီယင်နာသို့ရောက်သောအခါ အိုင်စတိုင်းကိုဧည့်ခံကြသည့် အိမ်ရှင်များက အိုင်စတိုင်းတရားပွဲကို ရှုံသွင်းကြလေတော့သည်။ အိုင်စတိုင်း တရားပွဲအတွက် ပြဇာတ်ရုံတစ်ရုံငှားကာ လက်မှတ်ရောင်းကြသည်။ ပြဇာတ်ရုံတွင် ခုံပေါင်းသုံးထောင်ကျော်ရှိရာ ကြိုတင်လက်မှတ်ကို တစ်ပတ်အတွင်း ဝယ်မရအောင်ပင် ရောင်းရသည်။ ယင်းလက်မှတ်ဝယ်သူများကား တခြားမဟုတ်။ ခါတိုင်း ရုပ်ရှင်ပြဇာတ်ကြည့် ပရိသတ်များသာ များလေသည်။ သူတို့သည် ပြဇာတ်အစား ဉာဏ်ကြီးရှင်တစ်ယောက်၏ ပညာသားပါသော တရားပွဲကို နားထောင်ရန် အားခဲထားကြသည်။ အိုင်စတိုင်းကား ပြည်သူများ၏ အကြည့်ခံ၊ အရှုခံ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဇာတ်မင်းသားတစ်ဦးလို ဖြစ်နေချေပြီ။

ထိုအချိန်တွင် သူ့ထုံးစံအတိုင်း အိုင်စတိုင်းသည် မီးရထား ရိုးရိုးတန်းကစီးပြီး ဗီယင်နာဘူတာသို့ ရောက်လာသည်။

သူ့အိမ်ရှင်ကြီး အာရင်ဖက်စ်နှင့် သတင်းထောက်များမှာ သူစီးလာမည်ထင်သော အထက်တန်းတွဲတွင် လိုက်ရှာရာ မတွေ့သဖြင့် ဒေါင်ချာစိုင်းနေကြလေသည်။ နောက်ဆုံး ရထားတွဲဆုံးကနေပြီး တယောကလေးထမ်းကာ ဆင်းလာသော အိုင်စတိုင်းကိုတွေ့မှ အာရင်ဖက်စ်သည် ရိုးသားသလောက် နှိမ့်ချလှသော အိုင်စတိုင်းကို ပို၍ ကြည်ညိုသဒ္ဓါစိတ် ပွားသွားမိလေသည်။

အာရင်ဖက်စ်သည် သူ့ကို ရှာမတွေ့ဘဲနေသည့်အတွက် စိတ်လက်မချမ်းသာဖြစ်မည်စိုးသောကြောင့် သူက ဖြေသိမ့်သည့်အနေနှင့် ပြောသည်။

"ခင်ဗျားလည်း သိသားပဲ၊ ကျုပ်ဟာ အစကတည်းက ခရီးသွားရတာကို ကြိုက်တာ။ ကျုပ်မျက်နှာကို တဖြည်းဖြည်းနဲ့ မသိတဲ့လူ မရှိသလောက် ဖြစ်လာတော့ ရိုးရိုးတန်းက သွားရတာပဲ ခပ်ကောင်းကောင်းရှိသေး။ ရိုးရိုးတန်းမှာဆို နည်းနည်းသက်သာတယ်ဗျ၊ မဟုတ်ရင် ကျုပ်အဖို့ တော်တော်ခက်တာပဲ"

ပြဇာတ်ရုံတွင် ရုံသွင်းကျင်းပသော အိုင်စတိုင်း၏ ဟောပြောပွဲတွင် စင်မြင့်ပေါ်သို့ သူတက်လာသည်ဆိုလျှင်ပဲ တစ်ခဲနက် လက်ခုပ်သံ၊ ကြွေးကြော်သံများသည် ရုံပွင့်မတတ် လျှံပွင့်ထွက်သွားလေသည်။ သူကတော့ ဘယ်သူတွေ ဘယ်လောက်လက်ခုပ်တီးနေနေ ကြွေးနေနေ ဟန်မပျက် စိတ်လည်းမဝင်စား သူဟောစရာရှိနေသည်ကိုသာ ဟောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗီယင်နာမှ ပါမောက္ခတစ်ဦးကမူ "အိုင်စတိုင်းလို အင်မတန်သိမ်မွေ့တဲ့ သိပ္ပံပညာရှင်ကြီးတစ်ယောက်ကို ခင်ဗျားတို့က လူထုရှေ့တင်ပြီး အတင်းစကားပြောခိုင်းကြတာတော့ မကောင်းဘူး၊ သိက္ခာကျတယ်။ သူလည်း ဒါကိုကြိုက်မှာ မဟုတ်ဘူး"ဟု အပြစ်တင်သည်။ ထိုအခါ သူ့မိတ်ဆွေအပေါင်းအသင်းထဲက တစ်ယောက်က

"ကျုပ်ကြားတာတော့ ဒီလိုမဟုတ်ပါဘူး၊ ဖူးရစ်မှာလည်း လူတွေရှေ့ထွက်ပြီး သူစကားပြောတာပါပဲ။ ပရိသတ်နဲ့ သူနဲ့ ဟိုမှာဆို အံဝင်ခွင်ကျပဲ။ ဖူးရစ်မှာဆို သူ့ကို လူတွေက မွေးဖွားဇာတိက အနုပညာသွေးပါတဲ့ မင်းသားတစ်ယောက်လို့ကို မှတ်နေကြတာ"

ဗီယင်နာတွင် အိုင်စတိုင်းသည် ရီလေတီဗတီကို စရှင်းပြသည်ဆိုလျှင်ပဲ စိတ်ဝင်စားစဖွယ်ဖြစ်အောင် အကွက်ဆင်ပြီး ဟောပြော ပြသနေလေသည်။

"ဟော ကြည့်စမ်း၊ ကျုပ်လက်နဲ့ ဒီစားပွဲကို နှစ်ချက်တိတိ ရိုက်လိုက်မယ်"

ထို့နောက် စားပွဲကို သူ့လက်နှင့် တစ်ချက် နှစ်ချက်ဆိုကာ ရိုက်လိုက်သည်။

"ကဲ ခုဖြစ်ပေါ်လာတဲ့ ဖြစ်ရပ်ကလေးကို ခင်ဗျားတို့အမြင်နဲ့ ဘယ်လိုဆိုကြမလဲ၊ ဘယ်လိုဖော်ပြမလဲဗျာ"

သူက ပရိသတ်ကို ဖြတ်မေးလိုက်သည်။

"ခင်ဗျားတို့က ဒါဟာ ခြားနားတဲ့ အချိန်ပိုင်းအတွင်းမှာ တစ်နေရာထဲကို တီးခေါက်မှုနှစ်ခုလို့ပဲ ဆိုချင်သလား၊ ဟုတ်ပါသလားဗျာ"

အိုင်စတိုင်းက စကားကို ဆက်မပြောဘဲ ခေတ္တရပ်ထားလိုက်သည်။ ပရိသတ်ကြီးများ တစ်ယောက်တစ်ပေါက်အသံထွက်ပြီး "ဟုတ်ပါတယ်"ဟု ခေါင်းညိတ်ကြသည်။

"ကဲ ဒီလိုဆိုရင် ခင်ဗျားတို့အနေနဲ့ ဒီစားပွဲနဲ့တကွ ဒီအခန်းမကြီးဟာ ကမ္ဘာမြေကြီးပေါ်မှာတည်နေတယ်ဆိုတာလည်း သဘောပေါက်ပြီး မြင်မိကြမှာပေါ့။ ဒီလိုမြင်ရင် ဒီအခန်းကြီးဟာ အာကာသထဲမှာ ရွေ့လျားလည်ပတ်နေတာကော မြင်မိကြပါသလား။ အကြောင်းကတော့ ဒီအခန်းဟာ မြေကြီးပေါ်မှာ တည်နေတယ်။ ကမ္ဘာမြေကြီးကတော့ ဖြင့်ရင် သူ့ဝင်ရိုးပေါ်မှာ တစ်နေ့တစ်ပတ်နှုန်းနဲ့ လည်နေတယ်။ နောက်ပြီး ကမ္ဘာမြေကြီးဟာ နေကိုလည်း လှည့်ပတ်ပြီးသွားနေတယ်။ နောက်ပြီး ဒီအာကာသကြီးထဲမှာ နေစကြဝဠာကြီး တစ်ခုလုံးဟာလည်း ရွေ့သွားနေပြန်တယ်။ ဒီတော့ ဒီအခန်းလည်း ရွေ့လျားလည်ပတ်နေတာပေါ့။ ဟုတ်စ။ ကဲ ဒါဖြင့်ရင် ခင်ဗျားတို့ ကျုပ်တို့ ထင်ခဲ့သလို စားပွဲပေါ်က တစ်နေရာထဲကို လက်နဲ့နှစ်ချက် (မတူသောအချိန်မှာ) ရိုက်လိုက်တယ်ဆိုတာ မှန်ဦးတော့မလား။ ကျုပ်တို့ ခင်ဗျားတို့ပြောတဲ့ 'တစ်နေရာတည်း'ဆိုတာက ဒီစားပွဲနဲ့ ဒီအခန်းနဲ့ ဆက်စပ်ပြီးပြောလို့သာ တစ်နေရာတည်းလို့ ဆိုရတာ။ တကယ်လို့

www.burmeseclassic.com



ဘာနဲ့မှမဆက်စပ်ဘဲနဲ့ 'တစ်နေရာတည်း'ဆိုတဲ့သဘောကို အကြွင်းမဲ့ဖြစ်ရပ်တစ်ခု စဉ်းစားရင် အချိန်ကိုဖယ်ပြီး စဉ်းစားရလိမ့်မယ်။ ဒါကို နည်းနည်းရှင်းပြပါ့မယ်။ ခုနင်က တစ်ချက် လက်နဲ့စားပွဲကို ရိုက်လိုက်တုန်းက စကြဝဠာထဲမှာ စားပွဲရှိတဲ့နေရာဟာ နောက်တစ်ချက် ရိုက်လိုက်တဲ့အခါကျတော့ စကြဝဠာထဲမှာ ပြောင်းသွားပြီ ရွေ့သွားပြီ။ စားပွဲဟာ စောစောကနေရာ မဟုတ်တော့ဘူး။ ကမ္ဘာမြေကြီးလည်တော့ သူလည်း ပြောင်းသွားတာပေါ့။ ဒါကြောင့် ပထမရိုက်တာနဲ့ ဒုတိယရိုက်တာဟာ စကြဝဠာထဲမှာဆို တစ်နေရာတည်းရိုက်တာ မဟုတ်တော့ဘူးပေါ့။ ဒီတော့ကာ တစ်နေရာတည်း ရိုက်ချင်ရင် အချိန်အားဖြင့် 'တစ်ပြိုင်နက်တည်း'ရိုက်မှ ဖြစ်တော့မယ်။ သဘောကတော့ အချိန်လွဲသွားရင် နေရာလည်း လွဲသွားတော့တယ်ဆိုတဲ့ သဘောပါပဲ"

"ခုသဘောနဲ့ ရှုမြင်လိုက်ကြတော့ 'တစ်နေရာတည်း'ဆိုတဲ့သဘောဟာ ဘယ်ခါမှ ဖြစ်နိုင်မလဲ၊ အချိန်ဆိုတဲ့သဘောမရှိမှဘဲ ဖြစ်တော့မယ်။ အကြောင်းကတော့ အထက်ကဆိုခဲ့သလို နေရာဆိုတာ အချိန်နဲ့ အညမညဆက်စပ်နေတဲ့သဘောရှိလို့ပဲ ဖြစ်ပါတယ် ခင်ဗျား"

"နောက်ပြီး အဖြစ်အပျက်နှစ်ရပ် တစ်ပြိုင်နက်ဖြစ်တယ်ဆိုတဲ့သဘောကို ပြောပါဦးမယ်။ ဥပမာဆိုပါတော့ တိတိကျကျ သတ်မှတ်ထားတဲ့နေရာနှစ်နေရာ ဆိုပါတော့ ဒီနေရာတစ်ခုစီဟာ ခင်ဗျားတို့ဆီက အညီအမျှပဲ ကွာဝေးကြတယ်။ တစ်ခုက ၁၅ ပေ ကွာဝေးသလို ကျန်တစ်ခုကလည်း ၁၅ ပေပဲ ကွာဝေးတယ်ဆိုကြပါတော့။ အဲဒီနေရာ နှစ်ခုကနေ ခင်ဗျားတို့မြင်အောင် လက်ခနဲ မီးနှစ်လုံးထိုးပြမယ်။ ဒီအခါ ခင်ဗျားတို့အနေနဲ့ မီးရောင်ကို တစ်ပြိုင်နက်တည်း မြင်ရမယ်"

ပါမောက္ခ အိုင်စတိုင်း၏ ပျော့ပျောင်းညင်သာသောလေသံကလေးက ပရိသတ်ကြီး၏စိတ်ထဲသို့ အံ့သြတွေးတောစရာတွေဖြင့် ပြည့်စေခဲ့ပြီ။ ပြခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် တုတ်တုတ်မျှမလှုပ် အပ်ကျသံပင် ကြားရမလောက် ဖြစ်နေလေသည်။ အိုင်စတိုင်းသည် သဘောတွေကို ပြောပြနေလေသည်။ ပရိသတ်ကြီးမှာ ဓာတ်ခုံတစ်ဖက်စွန်းဆီမှ မီးလုံးနှစ်လုံးကိုပင် ပမာထား၍ သူပြောသောမီးရောင်ကို တွေးကြည့်ကြသည်။ သူပြောပုံကလည်း ရှင်းလှသည်။ ပရိသတ်ကြီးကလည်း အထူးပဲ စိတ်ဝင်စားနေကြလေပြီ။

"ကဲ ဒီတော့ကာ ခင်ဗျားတို့သိကြတဲ့အတိုင်းပေါ့။ အလင်းရောင်ရဲ့ အသွားနှုန်း ကတော့ တစ်မျိုးတည်းအတူတူပဲ ဟုတ်ဘူးလား။ အဲဒီလို အလင်းရောင်ဟာ အသွားနှုန်းတူတဲ့အတွက် အကွာအဝေးတူတဲ့နေရာက ထွက်လာတဲ့ အလင်းရောင်နှစ်ခုဟာ ခင်ဗျားတို့မျက်စိဆီ ရောက်တဲ့အခါ တစ်ချိန်တည်း ထပ်တူထပ်မျှ ရောက်လာရမယ် မဟုတ်လား။ ဟုတ်တာပေါ့။ ဒါပေမဲ့ တကယ့်တကယ်ကျတော့ ဒီလိုမရောက်လာဘူး

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာကြီးကမလည်ဘဲ ငြိမ်နေတာမှမဟုတ်ဘဲ၊ ကမ္ဘာကြီးက လည်နေတယ်။ ခင်ဗျားတို့ကလည်း ကမ္ဘာကြီးနဲ့အတူ လည်နေတယ်။ ဒီတော့ ခင်ဗျားက ကမ္ဘာလည်ရာဘက်ကို လိုက်ပါနေရတာပေါ့။ ဒီလိုဆိုရင် ခုနင်က အလင်းရောင်နှစ်ခုမှာ ခင်ဗျား လည်ပြီးရွေ့နေတဲ့ဘက်က အလင်းရောင်ကတော့ ခင်ဗျားဟာ လိုက်နေရသလို ဖြစ်နေတာပေါ့။ တစ်ဖက်က အလင်းရောင်နဲ့ဆိုရင်တော့ ခင်ဗျားက သူ့နဲ့ဝေးတဲ့ဘက်ဆီ ပြေးသွားနေသလို ဖြစ်တာပေါ့။ ဒါကြောင့် အလင်းရောင် ခင်ဗျားဆီ ရောက်တဲ့အချိန်ချင်း မတူဘူးလို့ ပြောရတာပါပဲခင်ဗျာ။ တစ်ခုက မြန်၊ တစ်ခုက နှေးတာပေါ့။ ကိုယ်က လိုက်သွားရတဲ့ဘက်က လာတဲ့ အလင်းရောင်ကတော့ ကိုယ့်ဆီ အရောက်စောတာပေါ့။ ကိုယ်က ဖယ်ခွာသွားရတဲ့ဘက်က လာတဲ့ အလင်းရောင်ကတော့ အရောက်နှေးတာပေါ့။ နောက်ကျတာပေါ့။ ဒီတော့ ကဲ အဖြေရပြန်ပြီ။ တစ်ပြိုင်နက်ဖြစ်တယ်လို့ ကျုပ်တို့ ခင်ဗျားတို့ မြင်ကြတာတွေဟာလည်း ရီလေတီဗတီသဘော အရဆိုရင် တစ်ပြိုင်တည်း မဖြစ်နိုင်ကြပါဘူး''

ဤနည်းဖြင့် အိုင်စတိုင်းသည် အချိန်ကာလသဘော၊ နေရာဒွာန သဘောကအစ အရေးကြီးသော ရီလေတီဗတီအကြောင်းအချက်များကို ထပ်ကာထပ်ကာ ဝတ္ထုဆန်ဆန်၊ ပြဇာတ်ဆန်ဆန် အကွက်ဆင်ပြီး ရှင်းပြလေသည်။ တက္ကသိုလ်ကလူတွေနှင့် မတူသော လူများစုကို ရှင်းပြရသည့်အတွက် လူပြိန်းများအနေနှင့် ရင်းနှီးကျွမ်းဝင်ကြားဖူးနားဝမရှိသော ရှေးက အပူအားနှင့် လှုပ်ရှားမှု (သာမိုဒိုင်နက်မစ်) သဘောမျိုးကအစ ခဲရာခဲဆစ်များကို မပြော။ တမင်ရှောင်ပြီး လွယ်လွယ်နှင့် နားလည်မည့်အချက်များလောက်ကိုသာ ပြောပြခဲ့လေသည်။

မန်ချက်စတာ ဂါဒီယန် သတင်းစာတွင် မောရစ်ဆင်မျူဝဲလ်ဆိုသူက အိုင်စတိုင်း တရားပွဲကပြန်ကြတော့ လူတွေရဲ့ မျက်လုံးတွေထဲမှာ အံ့သြမှု၊ စိတ်လှုပ်ရှားမှုအရောင်တွေက တလက်လက် တောက်နေကြတယ်။ ''ဟာ တစ်ခါတည်း ရှင်းခနဲ လင်းခနဲ နားလည်သဘောပေါက်သွားလို့လားတော့ မပြောတတ်ဘူး၊ စိတ်ထဲ ဘယ်လိုချမ်းသာမိမှန်း မသိအောင်ပဲ ဖြစ်မိတယ်''ဟု သူရေးခဲ့ဖူးသည်။

တက္ကသိုလ်ပြင်ဘက်က ပရိသတ်ကို ရီလေတီဗတီအကြောင်း ဟောကြားရာတွင် အိုင်စတိုင်းသည် ကံအားလျော်စွာ အောင်မြင်မှုရသည်ဟု ဆိုရပေမည်။ သို့ပေမင့် ဖန်တီးလာသောအခြေအနေများက အပြင်ပရိသတ်ကို ရီလေတီဗတီအကြောင်း ဟောပြောရန်ကိစ္စမှာ ကတ္တားခြားပြောမှုဖြစ်မည့် အနေအထားသို့ ဆိုက်ရောက်လာသည်။ ဟိုမှသည်မှ ဖိတ်ကြားတိုင်း ပြောလို့မဖြစ်တော့ပေ။ အချို့က အိုင်စတိုင်းကို ရုပ်ပွဲခင်းပြီး ငွေရှာနေသူဟု မှတ်နေကြပေပြီ။ အင်္ဂလန်ပြည်မှ ပြဇာတ်ကုမ္ပဏီ မန်နေဂျာတစ်ဦးက လန်ဒန် ပလေဒီယန်ရုံတွင် အိုင်စတိုင်း တရားဟောပွဲလုပ်မည်ဆိုပါက သုံးပတ်တိတိ

www.burmeseclassic.com



ကြေးပွဲအတွက် တာဝန်ယူဗါကြောင်း သူ့ထံသို့ သံကြိုးရိုက် အကြောင်းကြားသည်။ အိုင်စတိုင်းမှာ လူတွေက သူ့ကို ဘယ်လိုထင်နေကြပြီလဲ မစဉ်းစားတတ်အောင်ပင် ရှိရသည်။ သံကြိုးကိုကြည့်ပြီး ဘာပြန်ပြောရမှန်းမသိသဖြင့် ဟားတိုက်၍သာ ရယ်လိုက်ရတော့သည်။ မန်နေဂျာထံသို့လည်း ဘယ်လိုမှအကြောင်းမပြန်တော့။ မသိလိုက်ဘာသာ နေလိုက်ရတော့သည်။

၁၉၂၁ ခုနှစ်ဆန်းစတွင် ဘာလင်မြို့သို့ အိုင်စတိုင်း ပြန်ရောက်လာသည်။ ပြန်ရောက်လျှင်ရောက်ချင်း ဇီယွန်ဂိုဏ်းသားများက ဝိုက်ဇမန်နှင့်အတူ အမေရိကန်ပြည်ထောင်စုသို့ ခရီးထွက်ပါရန် တောင်းပန်ကြသည်။ ဝိုက်ဇမန်မှာ ထူးချွန်သော ဓာတုဗေဒပညာရှင်ကြီးတစ်ယောက်ဖြစ်ပြီး ဇီယွန်ဂိုဏ်းသားကို ခေါင်းဆောင်နေသူဖြစ်သည်။ ဝိုက်ဇမန်က အမေရိကန်ပြည်ထောင်စုသို့သွားပြီး ထိုပြည်ရှိ ယေဝတီများထံမှ ပါလက်စတိုင်းထူထောင်ရေး ရန်ပုံငွေကောက်ခံလိုသည်။ ဤသို့ အမေရိကန်သို့သွားလျှင် အိုင်စတိုင်းကိုပင် သူနှင့် အတူပါလာစေချင်သည်။ အိုင်စတိုင်းလို နာမည်ကျော် ရူပဗေဒပညာရှင်ကြီးတစ်ဦးပါလာခြင်းအားဖြင့် အမေရိကန်ပြည်သားများအား ဟီဗရူးတက္ကသိုလ်တည်ထောင်ရေးကိစ္စကို စိတ်ဝင်စားလာအောင် လုပ်နိုင်မည်ဟုလည်း ဝိုက်ဇမန် နားလည်ထားသည်။

"ဟီဗရူးတက္ကသိုလ်ရဲ့ အုတ်မြစ်ကတော့ စကိုပတ်တောင်ကုန်းပေါ်မှာ ချထားတာကြာလှပါပြီ။ ဆက်ပြီး အကောင်အထည် မဖော်နိုင်တာနဲ့ ဒီအတိုင်းပဲရှိနေရတယ်ဗျာ"

အိုင်စတိုင်းအား ဝိုက်ဇမန်က ပြောပြသည်။

အမှန်ကတော့ မျှောက်ပြပြီး ဆန်တောင်းသလို လူတွေဆီက ပိုက်ဆံ လိုက်တောင်းရမည့်အလုပ်မျိုးတော့ အိုင်စတိုင်းစိတ်ထဲတွင် သိပ်ပြီးလုပ်ချင်စိတ်မရှိ။ အင်တင်တင် ဖြစ်နေသည်။ ထိုအချိန်တွင် သူ့ကို ဇီယွန်ဂိုဏ်းထဲပါအောင် ဆွယ်သွင်းခဲ့သော ကတ် ဘလူမင်ဖဲလ်ဒ် ရောက်လာပြီး အမေရိကသို့ လိုက်နိုင် မလိုက်နိုင် မေးသည်။ အိုင်စတိုင်းက မလိုက်ချင်ပါဘူးဟု ပြတ်ပြတ်ဖြေသည်။

"ဇီယွန်ဝါဒကိုသာ ခင်ဗျား တကယ်လက်ခံယုံကြည်ရိုးမှန်ရင် ခင်ဗျားအနေနဲ့ လိုက်သွားမှာပဲ။ ဝိုက်ဇမန်ဟာ ကျုပ်တို့ခေါင်းဆောင်တစ်ယောက်ပဲ။ သူ့ခေါင်းဆောင်မှုနောက်ကို ကျုပ်တို့ လိုက်ရမှာပဲ"

ဘလူမင်ဖဲလ်ဒ်က အပြစ်တင်ပြောသည်။

"ကဲ ကောင်းပြီ၊ ဒါဖြင့် ကျုပ်လိုက်မယ်"

နောက်ဆုံးတွင် အမေရိကန်ပြည်ထောင်စုသို့ ဝိုက်ဇမန်နှင့်အတူ လိုက်ပါသွားရန် အိုင်စတိုင်း ဆုံးဖြတ်ကတိပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်အခါတွင်မှ ဤသို့ စိတ်လိုက်မာန်ပါ ဆုံးဖြတ်လိုက်ခြင်းသည်ပင် ဆုံးဖြတ်ချက်ကောင်းကြီးတစ်ခု ဖြစ်သွားကြောင်း သူမြင်လာခဲ့၏။ ဇီယွန်ဂိုဏ်းသားများ၏ မျှော်လင့်ချက်များလည်း ပြည့်ပေတော့မည်။ ၁၉၁၇ ခုနှစ် ဘဲလ်ဖိုး ကြေညာချက်တွင် ဗြိတိန်က ဂျူးလူမျိုးများအတွက် နိုင်ငံတစ်နိုင်ငံကို ပါလက်စတိုင်းတွင် ထူထောင်ပေးမည်ဟု ကြေညာခဲ့သည်။ ထိုမြေမှာ ဗြိတိသျှအစိုးရလက်အောက်တွင်ရှိသောမြေဖြစ်သည်။ ပြီးတော့ အင်္ဂလန်ပြည်တွင် ဝိုက်ဇမန်၏ ဩဇာတိက္ကမကလည်း ကြီးမားလျက်ရှိသည်။ စစ်အပြင်းက ဝိုက်ဇမန်အား မန်ချက်စတာတက္ကသိုလ်က ငှားရမ်းခဲ့၏။ ထိုစဉ်က ဝိုက်ဇမန်သည် ဗြိတိသျှနိုင်ငံအတွက် ပေါက်ကွဲမှုအား ကြီးမားသော ခဲတ်များ၊ မှုံးများကို တိုးတက်ထုတ်လုပ်နိုင်အောင် များစွာကူညီခဲ့ဖူးသည်။ ဝိုက်ဇမန်ပြောပြချက်အရ ပါလက်စတိုင်းတွင် ဂျူးလူမျိုးပေါင်း တစ်သိန်းခန့်သာရှိပြီး တစ်ကမ္ဘာလုံး ပျံ့နှံ့ရောက်ရှိနေသူများမှာ ၁၅ သန်းခန့် ရှိသည်ဟု သိရသည်။ ထိုသူများကို ဇီယွန်ဂိုဏ်းမှာ စုစည်းလာအောင်လုပ်ဖို့ရာ နည်းလမ်းလိုနေသည်။

ဟီဗရူးတက္ကသိုလ် စီမံကိန်းကိုတော့ အိုင်းစတိုင်းအနေနှင့် ပုဂ္ဂိုလ်အရ စိတ်ဝင်စားမှုတော်တော်ရှိသည်။ ရုရှား၊ ပိုလန်၊ ရူမေးနီးယား၊ ဂျာမနီ စသည့် နိုင်ငံများမှာ နေကြသော ဂျူးကျောင်းသားများထံကစာတွေ သူ့ထံသို့ အစုလိုက် အပုံလိုက် ရောက်လာနေသည်။ လူကိုယ်တိုင် ရောက်လာသူတွေကလည်း မနည်း။ ထိုနိုင်ငံများတွင် ယေဝတီဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဂျူးကျောင်းသားများ တက္ကသိုလ်ပညာကို သင်ကြားချင်လျက် သင်ကြားခွင့်မရကြ။ ကျောင်းသားတွေ တက္ကသိုလ်ကျောင်းနေခွင့်မရသည် ကို မဆိုထားဘိ။ မက်စ်ပလင့်က်တစ်ယောက်လုံးက ကူညီယိုင်းပင်းနေသည့် ကြားထဲက ဘာလင်မြို့ရှိ အကယ်ဒမီတွင် သူ့ကိုပင် အနှံ့ခံလျက် စစ်လား ကျောလား လုပ်နေကြသေးသည်။ အကယ်၍ ဟီဗရူးတက္ကသိုလ်တစ်ခု ထူထောင်နိုင်မည်ဆိုလျှင် ယခုလို ကြုံဆုံ ခံစားနေရသူတွေထဲက တချို့တစ်ဝက် ပြဿနာကို ပြေလည်သွားစေမည်။ ယခုအခါ မှေးမှိန်စပြုနေပြီဖြစ်သော ဂျူးလူမျိုးတို့၏ ဝိဉာဏဝါဒ သဘောတရားများကိုလည်း ပြန်လည်ထိန်လင်းလာစေမည်ဟု အိုင်းစတိုင်း တွေးမိသည်။

ယခုအချိန်တွင် အိုင်းစတိုင်းသည် ယေဝတီဘာသာရေး သဘောတရားတွေကိုလည်း အလေးပေးစဉ်းစားလာသည်။ ဂျူးလူမျိုးတို့၏ လွတ်လပ်မှုကို မြတ်နိုးခြင်း၊ တရားမျှတမှုကို ခုံမင်ခြင်း စိတ်ဓာတ်တို့ကို အိုင်းစတိုင်း နှစ်သက်မြတ်နိုးသည်။

"ကျုပ်ကိုကျုပ် ဂျူးလူမျိုးထဲလာဖြစ်ရတာ ကံကောင်းတယ်လို့တောင် ထင်တယ်"ဟူ၍ပင် အိုင်းစတိုင်း ပြောလာသည်။

ပရပ်ရှင်း အကယ်ဒမီရှိ သိပ္ပံပညာရှင်ကြီးများက အိုင်းစတိုင်းအား အမေရိကန်ပြည်ထောင်စုသို့ လိုက်မသွားရန် တားမြစ်သလို အကြံပေးကြသည်။ ထိုပုဂ္ဂိုလ်များ

www.burmeseclassic.com

www.burmeseclassic.com



အထဲတွင် ဖရစ္စဟာဘားဆိုသူသည် အပြင်းထန်ဆုံးဖြစ်သည်။ ဟာဘားသည် ယေဝတီဘာသာမှ ခရစ်ယာန်ဘာသာသို့ ပြောင်းလာသူဖြစ်၏။ သူက အကြမ်းဖက်သမားဝိုက်ဇမန်နှင့် ပေါင်းမိလျှင်တော့ သူ့ဘဝတွင် ဒုက္ခများစွာနှင့် ရင်ဆိုင်ရပြီး ပျက်စီးရလိမ့်မည်ဟု ဆိုသည်။ အိုင်စတိုင်းက သူပြောသမျှ နားထောင်ပြီး ပြုံးရုံပြုံးသည်။

ဘယ်သူဘာပြောပြော အိုင်စတိုင်းကား ဆုံးဖြတ်ချက်ကို မပြောင်း။ ၁၉၂၁ ခုနှစ် နွေဦးရာသီ၏ သာယာသောအရုဏ်ဦးတွင် အဲလဗတ်နှင့် အယ်လ်ဆာတို့နှစ်ဦးသည် ဟော်လန်မှတစ်ဆင့် ပလိုင်းမောက်ကိုဖြတ်ပြီး နယူးယောက်သို့သွားရန် သင်္ဘောပေါ်သို့ ရောက်နေကြလေပြီ။

နှစ်ဆယ်ရာစု၏ ဆူပွက်ဟိန်းဟောက် ခြိမ်းခြောက်မှုများဆီမှ ကန့်လန့်ကာ ခြားလိုက်သည့်နှယ် နယူးယောက်၏ ကြည်ရွှင်ချမ်းမြ လိုလားတောင့်တမှုများက အိုင်စတိုင်းနှင့် ဝိုက်ဇမန်အား လက်ကမ်းကြိုလင့်နေကြလေပြီ။ အိုင်စတိုင်းတို့ဇနီးမောင်နှံ စီးနင်းလိုက်ပါလာသော 'ရော့တာဒမ်' သင်္ဘောကြီးသည် နွေ၏ နွေးထွေးသောနေ့ (ဧပြီလ ၂ ရက် စနေနေ့) တစ်နေ့တွင် အဆက်မပြတ် ဆူညံစွာ သောင်းသောင်းဖြဖြ ကြိုလင့်သူများဆီသို့ ခုတ်မောင်းဝင်လာသည်။ ကမ်းကပ်လှေ ၆ စင်းသည် သင်္ဘောဆီသို့ လာနေကြသည်ကို အိုင်စတိုင်းသည် သင်္ဘောကုန်းပတ်ပေါ်မှနေ၍ လှမ်းကြည့်နေ၏။ လှေများက သူ့ဘက်သို့ ဦးတည်လာနေကြ၏။ ကမ်းနဖူးပေါ်တွင် ပျော်ရွှင်မြူးထူးစွာ လှုပ်ရှားနေကြသော လူထုကြီး။ တိုးဝှေ့ဝင်လာသောကားများ၊ အစောင့်ချထားသော မြင်းစီးပုလိပ်များ၊ ကားဟွန်းသံများ၊ လှုပ်ရမ်းနေသော အလံကလေးများဖြင့် ကြက်ပျံမကျ ဖြစ်နေလေသည်။ ဤလှုပ်လှုပ်ရှရှဖြစ်နေသော လူအုပ်ကြီးမှာ ဘာအတွက်ပါလိမ့်ဟု တွေးပြီး ငေးကြည့်နေမိ၏။

အိုင်စတိုင်းနှင့် အယ်လ်ဆာတို့ ကမ်းကပ်လာသောအခါ သူတို့ စီးနင်းလိုက်ပါလာသော ကမ်းကပ်လှေပေါ်သို့ သတင်းထောက်များ ဓာတ်ပုံဆရာများ လိမ့်ဆင်းလာကြသည်။ လေးဖက်လေးတန်က ဝိုင်းထားသည်မှာ ဘယ်ဘက်ကမှ ထွက်ပေါက်မရှိတော့။ ဓာတ်ပုံဆရာများကလည်း သူ့မျက်နှာကို ဘယ်ဘက်ကမှ မကျန်အောင် တဖျပ်ဖျပ်နှင့် ခွပြီးရိုက်ယူနေကြသည်။ အိုင်စတိုင်းမှာ ဘာလုပ်ရမှန်းပင်မသိတော့။ သတင်းထောက်တွေကလည်း သူ့ထက်ငါကောင်း မေးခွန်းတွေ မေးကြသည်။ မေးခွန်းတွေ ဘာမှန်းပင်မသိတော့။ ဆူပွက်နေသည့် အသံတွေကိုသာ နားကွဲလုမတတ် ကြားနေရသည်။ "ဩော် ဒါဟာ အမေရိကန်တို့ရဲ့လေ့စရိုက်ပဲ ထင်ပါရဲ့" သူကတွေးပြီး ငေးနေမိတော့သည်။

သူ့အဖို့ အံ့ဩစရာတွေက တစ်ချက်တည်းမဟုတ်။ နယူးယောက်မှာ သူ့အမည် 'အိုင်စတိုင်း'သည် ဗန်းစကားလို ဖြစ်နေပြီ။ အင်မတန် နားလည်ရခက်သော မည်သည့်

www.burmeseclassic.com



ကိစ္စမျိုးအတွက်ဆိုလျှင် "ဒီကိစ္စကို ကျုပ်တော့ ဘယ်လိုမှနားမလည်ပါဘူး"ဟု မပြောကြတော့။ "ဒီကိစ္စဟာ ကျုပ်အဖို့တော့ အိုင်စတိုင်းပဲဗျ"ဟု ဆိုနေကြသည်။

ပြီးတော့ သိပ်ပြီး ခဲရာခဲဆစ်ကိစ္စများ ပေါ်လာ၍ ဖြေရှင်းပေးနိုင်မည့် အားကိုးအားထားပြုသည့် သဘောဆိုလျှင်လည်း "အမယ်၊ မင်းက ငါ့များ အိုင်စတိုင်းမှတ်နေရော့လား"ဟု ပြောနေကြလေသည်။ ယခုလို နာမည်တစ်ခုကို တကယ့် ရုပ်အကောင်အထည်တစ်ခုလို ကြိုက်ကြိုက်စည်စည် လုပ်ယူသုံးစွဲနေကြသည်ကို ဖြုန်းခနဲ တွေ့လိုက်ရတော့ သူ့အဖို့ တော်တော်အံ့အားသင့်စရာ ဖြစ်ခဲ့ရသည်။

'အိုင်စတိုင်း'ဆိုသည့် နာမည်သည် နားလည်ရခက်သော ရှုပ်ထွေး သိမ်မွေ့နက်နဲသူတစ်ယောက်ကို တင်စားဆိုရသည် အမှတ်အသား လက္ခဏာတစ်ခုလို ဖြစ်လျက်ရှိသည်။

ထိုကဲ့သို့ ဒဏ္ဍာရီပုံပြင်ထဲက လူတစ်ယောက်လို ဖြစ်နေခဲ့သည့် အိုင်စတိုင်းနှင့် ပတ်သက်၍ မှန်မှန်ကန်ကန် ရေးထားသော ဆောင်းပါးများလည်း ထွက်လာသည်။

"အရောင်အဆင်းပျက်နေတဲ့ အညိုရောင်ကုတ်အင်္ကျီကြီးကို ဝတ်လို့ ခေါင်းပေါ်မှ တွဲရွဲ့နေတဲ့ ဦးထုပ်အနက်တစ်ခုကိုဆောင်းထားပေမင့် နားရင်းက ပေါ်နေတဲ့ ဆံပင်ကြောင့် ဆံပင်ဖြူရော်နေပြီဆိုတာ သူ့မှာ ပေါ်နေတယ်။ ကြည့်ရတဲ့ပုံကတော့ဖြင့်ရင် ယူကရိန်းပြည်နယ်က ထွက်ပြီးပြေးလာရတဲ့ ဖိနပ်ချုပ်သမားလား မှတ်ရတယ်။ လက်ထဲမှာပါလာတဲ့ ဆေးတံသစ်ကလေးကို ကိုင်ထားပုံ၊ ယုယုယယရှိပုံ မြင်ရတာဖြင့်လည်း ဒီဆေးတံပဲ သူ့တစ်ကိုယ်လုံးမှာ သူပိုင်ပစ္စည်းထဲက အဖိုးတန်ဆုံးပစ္စည်းရယ်လို့ ထင်စရာပဲ"

အိုင်စတိုင်းက လေ့ပေါ်မှတက်ရင်း ဂျာမန်ဘာသာဖြင့် တတွတ်တွတ် ပြောသွားသည်။ သတင်းထောက်များက ကပ္ပတိန်အခန်းထဲအထိ လိုက်သွားပြီး စကားပြန်ရှာကြသည်။ သင်္ဘောမာလိန် (ကပ္ပတိန်)ခန်းတွင် မြို့တော်ဝန် ဂျွန်ဟိုက်လင်က အသင့်စောင့်လျက်ရှိ၏။ မြို့တော်ဝန်က နှုတ်မှ ဆုမွန်ကောင်းတောင်းရင်း ခရီးဦးကြိုပြုသည်။

အိုင်စတိုင်းသည် သူ့ကိုမေးသည့် မေးခွန်းများကို ဖြေသည်။ ထိုကြားထဲက ရီလေတီဗတီဆိုတာ ဘာလဲ၊ စာကြောင်းတစ်ကြောင်းလောက်ကလေးနှင့် တိတိကျကျ နားလည်အောင်ပြောပါဟု တောင်းဆိုကြသည်။

"ရီလေတီဗတီကို စာကြောင်းတစ်ကြောင်းနဲ့တော့ မဆိုထားပါနဲ့ စာအုပ်တစ်အုပ်လောက်နဲ့ အကျဉ်းချုံးပြီး ရေးမယ်လို့ ကျုပ်စဉ်းစားပြီး ကြိုးစားလာခဲ့တာ နှစ်တော်တော်များများ ကြာခဲ့ပြီ။ ခုထိတော့ မအောင်မြင်သေးဘူး"ဟု သူက မှန်သည့်အတိုင်း ဖြေရသည်။ သူ့အဖြေကို ကြားရသူများကတော့ မကျေနပ်ချင်ကြ။ မေးခွန်းတွေက ထပ်ဆင့်လို့သာလာသည်။ ထိုအခါ အိုင်စတိုင်းက "ရီလေတီဗတီဆိုတာက

www.burmeseclassic.com

www.burmeseclassic.com



တော့ အချိန်ကာလနဲ့ နေရာဒေသအကြောင်း စဉ်းစားတဲ့ သိဝရှိပါပဲ"ဟုသာ ဆိုလိုက်ရတော့သည်။

ထိုအခါကျပြန်တော့လည်း "ပြောပါဦး ပါမောက္ခကြီးရဲ့။ ဒီထက် နည်းနည်းပိုပြီး တော့များ ကျွန်တော်တို့ မသိကြရတော့ဘူးလား" မကျေနပ်သံတွေက ပေါ်လာပြန်သည်။

"ကဲ ဒီတော့ ရယ်စရာလိုပြောရဦးမယ်။ သိပ်ပြီး ပညာသဘောနဲ့လည်း မယူဆကြနဲ့ပေါ့။ လူတိုင်းရဲ့စိတ်ထဲမှာ ရီလေတီဗတီကြောင့်ဖြစ်လာတဲ့ အကျိုးတစ်ခုကတော့ ဒီနေ့အထိ ဆိုပါတော့ များသောအားဖြင့် လူတွေက ဒီကမ္ဘာပေါ်မှာရှိတဲ့ ဝတ္ထုပစ္စည်းတွေ အားလုံးကို ဖယ်လိုက်၊ ဘာမှမရှိတော့ဘူးဆိုရင်လည်း လူတွေအတွက် အချိန်ကာလ ဆိုတာ ရှိဦးမှာပဲဆိုတဲ့ အယူအဆ အမြင်မျိုးပေါ့လေ ရှိနေကြတယ်။ ဒါပေမဲ့ ကျုပ် သိဝရှိမှာပါတဲ့ သဘောအရကတော့ ဒီကမ္ဘာမှာ ဝတ္ထုပစ္စည်းတွေသာ မရှိတော့ဘူးဆိုရင် အချိန်ကာလသာမဟုတ်ဘူး နေရာဌာန (အာကာသ)ဆိုတဲ့ဟာလည်း မရှိနိုင်တော့ဘူး။ ဘာကြောင့်လဲ အကြောင်းကတော့ အဲဒီအချိန်ကာလနဲ့ နေရာဌာနဆိုတာက ရုပ်ဝတ္ထု တွေနဲ့ ခွဲပြလို့မရအောင် ဆက်စပ်နေကြလို့ပဲ ဖြစ်တယ်"

ဤကား သူ့ဖြေရှင်းချက်ဖြစ်သည်။

ဤသို့ပြောလိုက်သည်နှင့် တစ်ပြိုင်နက် "အိုင်စတိုင်းကပြောတယ် အချိန်ကာလ သဘောနဲ့ နေရာဒေသသဘောကို သူဖျက်ဆီးပစ်လိုက်ပြီတဲ့" သတင်းက လွင့်သွားလေ သည်။ နောက်ထပ် တွေ့ဆုံမေးမြန်းချက်များအရ အိုင်စတိုင်းသည် ရီလေတီဗတီနှင့် ပတ်သက်သော လူထု၏စိတ်ဝင်စားမှုမှာ ဘာမှန်းမသိနိုင်လောက်အောင် ထွေထွေထူးထူး ဖြစ်လာသည်။ "ရီလေတီဗတီကတော့ တဖြည်းဖြည်း စိတ်ရောဂါတစ်မျိုးလို ဖြစ်နေ တော့တာပဲ"ဟု ရယ်ရင်း ပြောရတော့သည်။ ထို့နောက် သူ၏ ပြောကြားချက်များသည် ဘုရားဟောနှင့် ဆန့်ကျင်နေသည်။ စကြဝဠာဆိုသည်မှာ ဘုရားသခင်၏ စိတ်ကူးနောက်မှ ဖြစ်လာသော အရာဖြစ်သည်ဆိုသော အချက်နှင့် သူ့အယူအဆ ခြားနားနေသဖြင့် လူတွေစိတ်ထဲ ဇဝေဇဝါဖြစ်နေပြီဆိုသည်ကို ကြားရသည်။

ဝိုက်ဇမန်သည် ဗီယွန်ဝါဒထက် အိုင်စတိုင်းက သဘောကောင်းပြီး လိုက်လိုက် လျောလျော ပြောနေလျှင်လည်း ဆုံးတော့မည်မဟုတ်တော့။ ထို့ကြောင့် ညမိုးချုပ်သည် အထိ အိုင်စတိုင်းကို အခန်းထဲထည့်ပြီး လွတ်ရာကျွတ်ရာ ထားလိုက်ရတော့သည်။ ညဉ့်ကျမှ မြို့တော်ဝန်၏ မော်တော်ကားဖြင့် မြစ်ကိုဖြတ်ပြီး မင်ဟက္ကန်သို့ သွားရသည်။ သူတို့ကို နှုတ်ဆက် ကြွေးကြော်နေကြသော လူအုပ်ကြီးကြားထဲမှ အဆောင့်အကြပ်များ နှင့် ခေါ်လာရသည်။ အိုင်စတိုင်း လက်ထဲမှာတော့ သူ့ဦးထုပ်ကလေးနှင့် ဆေးတံကို မြဲမြဲစွာ ဆုပ်ကိုင်ထားသည်။ အိုင်စတိုင်းတို့ ဇနီးမောင်နှံနှင့် ဝိုက်ဇမန်ကို ကားနက် ကြီးတစ်ခုထဲ ထည့်လိုက်ကြသည်။ ကားနက်ကြီးသည် မင်ဟက္ကန် လမ်းမကြီးပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်လာစဉ် လမ်းတစ်ဖက်တစ်ချက်တွင် စီတန်းနေကြသော လူထုကြီးက နှုတ်ဆက်လျက် ကျန်ခဲ့ကြ၏။ ဗီယွန်ဂိုဏ်းသားက သူတို့၏ အဖြူနှင့် အပြာရောင် စပ်ထားသော အလံကလေးများကို လှုပ်ရမ်းပြီး ကြိုကြသည်။ လူအုပ်ကြီးမှာ ပါမောက္ခ ဝိုက်ဇမန်အား လက်ဆွဲနှုတ်ဆက်ရန် တိုးဝှေ့လာကြ၏။ ပါမောက္ခ ဝိုက်ဇမန်အား နှုတ်ဆက်ရင်း သူ့အားတွင်ကပ်လျှက်ပါလာသော ခေတ်သစ် စပင်နိုဇာ(အိုင်စတိုင်း)အား ပါးစပ်အဟောင်းသားနှင့် အံ့ဩမေးမောကြည့်နေကြ၏။

တစ်နေ့လုံး ခရီးပန်းလာခဲ့သည်မှာ ညဥ့်နက်သန်းခေါင်ကျော်မှ အနားရကြတော့သည်။ မြို့လယ်ရှိ ကွန်မိုဒိုဟိုတယ်တွင် တည်းခိုကြရာ သန်းခေါင်ကျော်မှ အိပ်ရာဝင်ကြရသည်။ "တစ်နေ့လုံး ကျုပ်တော့ ဘာမှမစားရ မသောက်ရနဲ့ ပင်ပန်းလိုက်တာဗျာ"ဟု ပါမောက္ခဝိုက်ဇမန်က ညည်းရှာသည်။ အိုင်စတိုင်းအဖို့မှု ပြောစရာမရှိတော့။ လူအုပ်ကြီး၏ ဝိုင်းဝန်းနှိပ်စက်မှုဒဏ်ကို တစ်နေ့လုံးခံခဲ့ရသောကြောင့် ခြေကုန်လက်ပန်းကျခဲ့ရလေပြီ။

နံနက် အိပ်ရာထသည်နှင့်တစ်ပြိုင်နက် သူ့အခန်းသို့ ရောက်နေသော တနင်္ဂနွေနေ့ထုတ် သတင်းစာများ၌ ကြည့်လိုက်တော့ ပို၍ ရင်လေးစရာ ကြုံရတော့သည်။ အိုင်စတိုင်းသည် အင်္ဂလိပ်စကားကိုသာ ကောင်းကောင်း လည်လည်ပတ်ပတ် မပြောတတ်စေကာ စာကိုတော့ ဖတ်တတ်သည်။

သတင်းစာတိုင်း၏ မျက်နှာဖုံးတွင် သူ့ဓာတ်ပုံ သူ့သတင်း၊ သဘော်ပေါ်တွင် ပြောသည့် သူ့စကားတွေကို မျက်နှာမည်းစာလုံးကြီးများဖြင့် ရေးပြထားသဖြင့် သတင်းစာတွေက သူ့ကို ဖြူးဖြိုခြောက်နေသလား မှတ်ရသည်။

သတင်းစာတွေမှာ ရေးသားထားကြပုံများကတော့ ရှင်းရှင်းနှီးနှီး ရှိပါ၏။ တချို့က "အင်မတန် သဘောကောင်းတဲ့ပုဂ္ဂိုလ်"ဟု ဆိုသည်။ သို့သော် သတင်းစာဆရာများက သူ့ကိုမြင်နေပုံမှာ ဆက်ကပ်ထဲကလူလိုလို၊ ပြဇာတ်ထဲက နာမည်ကြီးမင်းသားလိုလို ဖြစ်နေ၏။ သိပ္ပံပညာရှင်ကြီးတစ်ယောက်လို မြင်ပုံမပေါ်။

သတင်းစာတစ်စောင်ကမူ သူ့စာဖတ်ပရိသတ်ကို သတိပေးနှိုးဆော်ထား၏။ ထိုသတင်းစာတွင်

"အိုင်စတိုင်းက အာကာသသည် ကုပ်ကွေးနေသည်ဟု သက်သေထူခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အကယ်၍ လူတစ်ယောက်သည် အလွန် အားကောင်းသော မှန်ပြောင်းနှင့် အာကာသထဲသို့ ထွင်းဖောက်ပြီး ကြည့်လိုက်လျှင် အာကာသက ကွေးညွတ်နေသည့်အတွက် သူ၏ဦးခေါင်းနောက်စေ့ကို သူပြန်မြင်ရမည်"ဟု ဖော်ပြလိုက်လေသည်။

နောက်နာရီအတော်ကြာသောအခါ အိုင်စတိုင်း၏ဇနီးဖြစ်သူ အယ်လ်ဆာ အိုင်စတိုင်းက သူ့ယောကျ်ား ပျောက်ဆုံးနေကြောင်း ရဲသို့တိုင်ကြားလေသည်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



တိုင်ချက်တွင် သူ အပြင်သို့မထွက်မီ သူတို့အခန်းထဲတွင် အိုင်စတိုင်းတစ်ယောက် သတင်းစာဖတ် ကျန်ရစ်ခဲ့ကြောင်း၊ သို့သော် အခန်းထဲ သူပြန်လာတော့ အိုင်စတိုင်း မရှိတော့ကြောင်း ဆိုသည်။

အယ်လ်ဆာသည် လင်တော်မောင်အား ဟိုတယ်အနှံ့အပြား လိုက်ရှာသည်။ အနီးအနား လမ်းပေါ်များ ထွက်သွားသလားဟုလည်း လိုက်ရှာသည်။ ဘယ်မှာမှ ရှာမတွေ့ဘဲရှိနေလေသည်။ အိုင်စတိုင်း ပျောက်နေခြင်းသည် လူတိုင်းအတွက် ပြဿနာ ဖြစ်လာသည်။ နောက်ဆုံးတွင် ဟိုတယ်မှ အခိုင်းအစေကလေးတစ်ယောက်က လိုက်ရှာရာ အိုင်စတိုင်းသည် ဟိုတယ်ခေါင်မိုးပေါ်တက်ပြီး မီးခိုးခေါင်းတိုင်ကိုမှီပြီး တယော ထိုးရင်း စိတ်ကူးယဉ်ကောင်းနေသည်ကို တွေ့ရမှ အရှုပ်တော်ပုံမှာ ရှင်းသွားရသည်။

နယူးယောက်မြို့မှာ ဘယ်နေရာကြည့်လိုက် ကြည့်လိုက် ဆူညံနေ လေသည်။ အိုင်စတိုင်းအဖို့ နယူးယောက်သည် ဘယ်တော့မှ အံဝင်ခွင်ကျမရှိ။ အစကတော့ လူတွေက စုဆေးလိုက်နေသည်ကို အတော်ပင် စံပြင်းခဲ့မိသော်လည်း အချိန်နည်းနည်း ကြာလာတော့ ဤမြို့မှာ ဆူသာဆူသည် လူတွေက ထင်သလောက် မရမ်းကားကြ မှန်း သူ သဘောပေါက်လာသည်။ လူတွေပြုမှုဆက်ဆံနေကြပုံတွေကို ကြည့်လိုက်တော့ မျက်စိရှက်စရာ၊ ရင်မောစရာဖြစ်သော်လည်း ဘာလင်နှင့်တော့မတူ။ နယူးယောက်က လူတွေမှာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်အားကိုးမှုတွေက မျက်နှာပေါ်တွင် အထင်းသားပေါ်နေ သည်။ သူတို့မျက်နှာတွင် မနာလိုငြူစူစိတ်သိပ်မရှိကြ။ တစ်ဦးက မိုးထိအောင်ချမ်းသာ နေသော်လည်း မနာလိုစိတ် မုန်းတီးစိတ်မရှိကြ။ စိတ်ထားကောင်းကြသည်။ စိတ် ယုတ်စိတ်ညစ်မရှိကြချေ။ အမေရိကန်ပြည်ထောင်စုတွင် ဘောစတွန်မီးရထားလမ်းနှင့် မီးရထားကုမ္ပဏီကြီးကိုပင် ပုဂ္ဂလိကပိုင် ဖြစ်နေသည်။ ဥရောပမှာဆိုလျှင် မီးရထားတို့၊ ရေဒီယို၊ တယ်လီဖုန်းရှင်း စသည်တို့သည် အစိုးရကသာ ပိုင်ဆိုင်ကြရသော်လည်း ဒီမှာ တော့ ပုဂ္ဂလိကပိုင်တွေ ဖြစ်နေ၏။

အိုင်စတိုင်းသည် လူချမ်းသာများနှင့် ဆက်ဆံရသည့်အခါ မာနထောင်လွှားမှု၊ လူကို လူမထင်ဘဲ အပေါစီးနှင့် နိုင့်ထက်ကလူ ဆက်ဆံမှုများရှိသလားဟု သတိထား လေ့လာကြည့်မိသည်။ လက်တွေ့ကျတော့ သူတို့ဘာသာ ချမ်းသာသည် ရှိသည်။ မောက်မာမှု၊ အပေါစီးဆက်ဆံမှုမျိုးမရှိကြ။ အရင်းရှင်နိုင်ငံဖြစ်သဖြင့် လူတန်းစားခွဲခြားမှု ရှိရမည်ထင်သော်လည်း ထင်သလောက် မရှိသည်ကို တွေ့ရသည်။

အမေရိကမှာ လုပ်ခလည်း များများစားစားရသည်။ အကုန်အကျလည်း များ သည်။ အသုံးစရိတ်လည်း ကြီးသည်။ လူနေမှုအဆင့်အတန်းလည်း မြင့်သည်။ ဟိုတယ် မှာ လက်နှိပ်စက်စာရေးလုပ်နေသည့် အမျိုးသမီးကလေး ဝတ်ပုံစားပုံကိုက ဘာလင်မှာ အထက်တန်းစားဆိုသူတွေ ဝတ်ပုံစားပုံထက် သာသေးသည်ဟုပင် သူထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမေရိကန်တွေကြားထဲမှာ ကိုယ့်တာသာကိုယ် သီးသီးခြားခြားကလေး ဆိတ်ကွယ်ရာရှာပြီး နေချင်လို့မရ။ ဘယ်သွားသွား သူ့ကိုပင် လူတကာက ဝိုင်းကြည့်နေကြသဖြင့် "ကျုပ်ကို ဒီလောက် လူတွေ ဝိုင်းဝိုင်းကြည့်နေကြတာတွေ့တော့ ကျုပ်စိတ်ထဲမှာ ငါ့မှာ အဝတ်အစားမပါ ဗလာဖြစ်နေလို့များလားလို့တောင် မှတ်မိတယ်"ဟု ပြောမိသည်။

ကောက်တေးပါတီ၊ လက်ဖက်ရည်ပွဲ၊ ထမင်းစားပွဲတွေက ဆုံးသည်ပဲ မရှိတော့။ တစ်ခုပြီးတစ်ခု ထပ်ဆင့်လို့သာ လာသည်။ ထိုအခါ သူ့အဖို့ အကောင်းဆုံးနေရာမှာ ရေချိုးခန်းထဲဝင်ပုန်းနေဖို့သာ ရှိတော့သည်။

ထိုအခါ သူ့သိဝရီကို သေးသိမ်သွားအောင် လူတွေ၏မျက်စိထဲတွင် အထင်ကြီးစရာတစ်ခုလို့ မမြင်အောင် မဆီမဆိုင် ကြိုးစားမိသေး၏။

"ခက်တာက လူတွေရဲ့မျက်စိထဲ မြင်နေကြတဲ့ ကျုပ်ရဲ့ဉာဏ်စွမ်း၊ ကျုပ်ရဲ့လုပ်ဆောင်ချက်တွေဟာ တကယ်တကယ် ကျုပ်မှာရှိနေတာနဲ့ နှိုင်းစာကြည့်တော့ အင်မတန်မှ ရယ်စရာကောင်းလောက်အောင် ကြီးကျယ်လွန်းပြီး ဘဝင်မကျစရာ ဖြစ်နေတယ်ဗျ"ဟု သူကဆိုသည်။

သို့သော် သူက ဘယ်လိုဆိုနေဆိုနေ ဝါရှင်တန်မြို့ရှိ အမျိုးသားသိပ္ပံ အကယ်ဒမီကျောင်းတော်မှ သိပ္ပံပညာရှင်ကြီးများက အလွန်ကြီးမားသော စကားလုံးများဖြင့် ကြက်သီးမွေးညင်းထလောက်အောင် သူ့အား ချီးကျူး ဂုဏ်ပြုလိုက်ပြန်လေသည်။ ထိုအခါ သူက ထပြီး သဲလွန်းကဲလွန်းသောကျောင်းသားများကို ဆုံးမသော ဆရာတစ်ဦး၏ဟန်ဖြင့် ပြောသည်။

"လူတစ်ယောက်ဟာ နှစ်ပေါင်းများစွာ ရှာဖွေစူးစမ်းခဲ့လို့ ကံအကြောင်း တိုက်ဆိုင်ပြီး ဒီစကြဝဠာကြီးထဲက လျှို့ဝှက်နက်နဲတဲ့ သဘောတစ်ရပ်ကို တွေ့မြင်ဖော်ထုတ်နိုင်ခဲ့ပေမယ့် ဒီလူကို လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ဘာမှချီးမွမ်းမြှောက်စား အဆောင်အယောင် အခမ်းအနားကြီးနဲ့ ဂုဏ်ပြုနေစရာမလိုပါဘူး။ သူ တစ်သက်လုံး အပင်ပန်းခံရှာဖွေခဲ့လို့ သဘာဝလောကရဲ့ လျှို့ဝှက်ချက်တွေကို တွေ့ပြီပဲ။ သူလိုချင်တာ ရပြီပဲ။ ဘာလိုသေးလဲ။ လုံလောက်နေပြီမဟုတ်လား။ ပြီးတော့ကာ သိပ္ပံပညာမှာ လူတစ်ယောက်ရဲ့လုပ်ဆောင်ချက်ဟာ သူတစ်ယောက်တည်း သီးသန့်လုပ်တာ မဟုတ်ဘူး။ သူ့ရဲ့ရှေ့ကသွားကြတဲ့ နောင်တော့ နောင်တော်တွေရဲ့ ကြိုးပမ်းချက်တွေ သူနဲ့ခေတ်ပြိုင်ဖြစ်တဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ကြိုးပမ်းချက်တွေနဲ့ ဘယ်လိုမှခွဲလို့မရအောင် ဆက်စပ်နေတယ်။ ဒါဟာ သိပ္ပံပညာရဲ့ အစဉ်အလာ ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်ပါပဲ။ ဒါကြောင့် သူလုပ်လို့အောင်မြင်တယ်ဆိုပြီး ဒီလူတစ်ယောက်တည်းကို ဘာမှ ချီးကျူးစရာ မရှိပါဘူး"ဟု သူက စိတ်ထဲရှိသည့်အတိုင်း ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စုတွင်နေစဉ် နယူးဂျာစီနယ်ရှိ ပရင့်စတန် တက္ကသိုလ်တွင်နေခဲ့ရသော (၃)ရက်သောအချိန်ကလေးကိုကား အိုင်စတိုင်းစိတ်ထဲမှာ မမေ့နိုင်။ အလွန်စိတ်ချမ်းသာခဲ့ရသောနေ့များ ဖြစ်ခဲ့၏။

"အင်မတန် လှပသော ယာတဲနေရာကလေးပဲ တစ်ခါမှ မသောက်ရသေးတဲ့ ဆေးတံကလေးလိုပဲ"

သူ့ဝါဝနာအတိုင်း အသောကလေးဖောက်ပြီး ပရင့်စတန်တက္ကသိုလ်ကို ချီးကျူးသည်။

ဤတက္ကသိုလ်တွင် ရီလေတီဗတီအကြောင်း သုံးကြိမ်ဟောပြောသည်။ လာရောက်နားထောင်သူများမှာ ဘွဲ့ရပြီးအဆင့်က လူများဖြစ်၍ အတော်အတန် အဆင့်မြင့်မြင့် ပြောဟောနိုင်ခဲ့လေသည်။

သူဟောပြောသမျှကို ရှေ့တန်းကထိုင်နေသော သတင်းထောက်များက အစုံအစေ့ မှတ်ယူသွားသည်။

နောက်တစ်ရက်နှစ်ရက်အကြာတွင် သူပြောခဲ့သည့်စကားများကို ဂျာမန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ပေးခဲ့သည့် ပါမောက္ခများက နယူးယောက် တိုင်းသတင်းစာမှ အုပ်ချုပ်မှုအယ်ဒီတာ ကားဗင်ဒယ်လ် ဗင်အန်ဒါက သူ့ပထမဟောပြောချက်တွင် မှားနေသည့်အချက်တစ်ခု တွေ့ရသည်ဆိုကြောင်း သူ့ကို ပြောပြသည်။ သူပြသည့်ညီမျှခြင်းတစ်ခုမှာ ဘာအဓိပ္ပာယ်မှမထွက်ဟုဆိုသည်။ ထိုအခါ အိုင်စတိုင်းက ကြည့်ပြီး

"အေး ဟုတ်သားပဲ၊ မစ္စတာ အန်ဒါ မှန်ပါတယ်။ ကျုပ် အဲဒီညီမျှခြင်းကို ကျောင်းသင်ပုန်းကြီးပေါ် ချရေးလိုက်တာ မှားသွားတယ်"ဟု ဆိုရုံသာမက ထိုအချိန်ကစပြီး အိုင်စတိုင်းဘဝတစ်လျှောက်လုံး နယူးယောက် တိုင်းသတင်းစာဆိုလျှင် အလွန်လေးစားခဲ့သည်။

အိုင်စတိုင်းနှင့် ဒေါက်တာ ဝိုက်ဇမန်တို့သည် အမေရိကန်ပြည်ထောင်စုအတွင်း တစ်နယ်မှ တစ်နယ်သို့ ခရီးလှည့်လည်သွားလာခြင်း၊ တရားဟောပွဲများ ပြုလုပ်ခြင်း၊ အစည်းဝေးများထိုင်ခြင်းဖြင့်သာ အချိန်ကုန်လေသည်။ နယူးယောက်မှ ဘော်စကွန်မြို့အထိ ခရီးလမ်းတစ်လျှောက်လုံးတွင် ယေဝတီများနှင့် တွေ့ဆုံဆွေးနွေးပွဲများ လုပ်သည့်အခါတိုင်း အိုင်စတိုင်းက နှစ်ခွန်းသောစကားကိုသာ တွင်တွင်ဆိုသည်။

"ဒေါက်တာ ဝိုက်ဇမန်ဟာ ခင်ဗျားတို့ရဲ့ တစ်ယောက်တည်းသောခေါင်းဆောင်ကြီးပဲ၊ သူ့နောက်ကိုလိုက်ကြ" ဒါပဲ သူက နှိုးဆော်သည်။ ဤသို့ အင်တိုက်အားတိုက် တိုက်တွန်းရခြင်းမှာ သူ့မိတ်ဆွေ မှတ်ဆိတ်မွေးနှင့် နိုင်ငံရေးသမားကြီး ဒေါက်တာ ဝိုက်ဇမန်၏ အရည်အချင်းကို အားရကျေနပ်မိသောကြောင့် ဖြစ်၏။ ဇီယွန်ဝါဒီများမှာ ဝိုက်ဇမန်အား အလွန် ကြည်ညိုမြတ်နိုးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိုက်ဖမန်၏အားနှင့် ပုဂ္ဂိုလ်ကျော်ကြားမှုကား ကြီးကျယ်လှသည်။ ယခုလို တိုင်းနိုင်ငံတစ်ခု ထူထောင်ရေးအတွက် ငွေရှာထွက်ကြရာ၌ မိမိ၏အခန်းမှာ ဝိုက်ဖမန်နှင့်စာလျှင် မဆိုစလောက်မှန်း အိုင်စတိုင်း သဘောပေါက်သည်။

အမေရိကန်ပြည်ထောင်စုအတွင်း တစ်နေရာမှ တစ်နေရာသို့ အစီအစဉ်အတိုင်း ခရီးသွားရခြင်းသည် ကိုယ့်ကိုယ်ကို သတ်နေသည်နှင့် တူတော့၏။ မြို့များသို့ နံနက်စောစော ဝင်ရသော ရထားနှင့် ဆိုက်ရောက်လာတတ်သည်။ ရထားဆိုက်ပြီလားဆိုလျှင် စိတ်အားထက်သန်စွာနှင့် ကြိုဆိုနေကြသော ပရိသတ်ကြီးသည် လမ်းမကြီးများ၏ ဝဲယာနှစ်ဖက်မှ ညှပ်ထားတတ်သည်။ နံနက်စာကို မြို့တော်ခန်းမမှ ကမန်းကတန်း စားကြရသည်။ စားသောက်ပြီးသည်နှင့် တစ်ပြိုင်နက် တရားဟောပွဲတွေက ဆက်လာသည်။ ထိုသို့ပြောဟောပြီးလျှင် အနားမနေရသေး အရန်သင့် စောင့်ဆိုင်းနေသော သတင်းထောက်များနှင့်တွေ့ပြီး သတင်းစာရှင်းလင်းပွဲ လုပ်ရသေးသည်။

သတင်းစာရှင်းလင်းပွဲတိုင်းတွင် အိုင်စတိုင်းအား ရီလေတီဗတီဆိုတာ ဘာလဲဆိုသည့် မေးခွန်းကို မေးကြသည်။ ဝိုက်ဖမန်ကိုမူကား 'တီအင်တီ'ဗုံးလုပ်ရန် ဘယ်လိုလုပ်ပြီး စိတ်ကူးပေါ်လာပါသလဲဟု မေးကြသည်။ တီအင်တီမှာ ယမ်းဘီလူးဗုံးဖြစ်သည်။ အမှန်တော့ တီအင်တီဗုံးသည် ဝိုက်ဖမန်နှင့်မဆိုင်။ ဝိုက်ဖမန်ကလည်း "တီအင်တီဟာ ကျုန်တော်တီထွင်တာမဟုတ်ပါဘူးဗျာ"ဟု အမြဲဖြေတတ်သည်။ သို့သော် သူ့အဖြေကို ဘယ်သူမှမယုံ။ ဝိုက်ဖမန်သည် သူ့ကိုယ်သူ နှိမ်ချပြောသည်လို့သာ ထင်သည်။

နေ့လယ်စာမစားသောက်မီ ရေချိုးဖို့အချိန် နာရီဝက်ပေးသည်။ နာရီဝက်နားရသည့် အဓိပ္ပာယ်မှာ နောက်ထပ် တရားဟောပွဲ ဆွေးနွေးပွဲတွေ အများကြီးရှိသေးသည်ဟု ဖော်ပြနေခြင်းဖြစ်သည်။

တရားဟောပွဲများအပြီး ညနေပိုင်း၌ ဒေသဆိုင်ရာ ထင်ရှားသော ယေဝတီလူကြီးများနှင့် တွေ့ဆုံဆွေးနွေးကြရသည်။ နောက်ဆုံးတစ်နေ့တာ မြို့တော်ခန်းမ၌ ကျင်းပ သော လူထုအစည်းအဝေးကြီးပြီးမှ ပြီးဆုံးတော့သည်။ ယနေ့တစ်နေ့ကိစ္စကား ဖော်ပြခဲ့ပြီးသော ဖယားအတိုင်း ပြီးဆုံးသွား၏။ ကိစ္စဝိစ္စပြီးပြီဖြစ်၍ အိမ်မှာပဲဖြစ်ဖြစ် ဟိုတယ်မှာပဲဖြစ်ဖြစ် ကောင်းကောင်းအနားယူလိုက်မည်ဟု မစဉ်းစားနိုင်သေး။ ညတရားပွဲပြီးသည်နှင့် ဘူတာသို့ တောက်လျှောက်ဆင်းရသည်။ ညရထားနှင့် တခြားမြို့တစ်မြို့သို့ ခရီးဆက်ရဦးမည်။ နောက်ရောက်သောမြို့မှာလည်း အထက်ဖယားအတိုင်း အနားမရှိ လုပ်ရပြန်သည်။

"ဒီလို နားနားနေနေ အချိန်လုံးဝမရှိဘဲ ခရီးချည်းထွက် တရားချည်း ဟောနေလိုက်ရတာ တစ်ရက်နှစ်ရက်တည်းမဟုတ်ဘူး၊ ဘယ်နှစ်ပတ်လဲ လနဲ့ ချီရောပဲ ပေါ့ပါတော့"ဟု ဝိုက်ဖမန်က နောင်အခါ ပြန်ပြောပြဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စုတွင် တရားလျှော့ကျော်ကြားသော ဟီဗရူး တက္ကသိုလ် တည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ စိတ်ထက်သန်မှုများစွာ မတွေ့ရသဖြင့် အိုင်စတိုင်း မှာ အတော်ပင် စိတ်ပျက်မိသည်။ အမေရိကန် ဂျူးများက ဤအကြံအစည်သည် ဆန္ဒရှေ့ပြေးလွန်းသည်ဟု မြင်သည်။

တစ်ခါက အိုင်စတိုင်းအား အလှူငွေထည့်ဝင်သော ချက်လက်မှတ်များကို လက်ခံယူရန် တာဝန်ပေးသည်။ အလှူ့ရှင်များက အိုင်စတိုင်းထံ ချက်လက်မှတ် အပ်နှံရမည်ကို စိတ်မချကြ။ ပူပန်နေမိကြသည်။ အမှန်တော့ ဤသို့ စိတ်မချသည်မှာ သူ့ကိုမယုံ၍မဟုတ်။ အိုင်စတိုင်းသည် လက်တွေ့သမားတစ်ဦး လုပ်ငန်းရှင်တစ်ဦးနှင့် မတူသောကြောင့်သာ ဖြစ်သည်။

တစ်ခါကလည်း အိုင်စတိုင်းသည် ပုံနှိပ်ထုတ်ဝေသူတစ်ဦးထံက ပို့လိုက်သော ချက်လက်မှတ်တစ်စောင်ကို အမှတ်တမဲ့ စာအုပ်တစ်အုပ်ဖတ်ရင်းနှင့် စာအုပ်ကြားထဲ ထည့်၍ ညှပ်ထားလိုက်သည်။ နောက်တော့လည်း သူ့စိတ်ထဲ စာအုပ်စာမျက်နှာမှတ် သည့် စက္ကူအထင်နှင့် ဆက်သုံးနေရာ အယ်လ်ဆာက တစ်နေ့တွင် တွေ့သွားသော ကြောင့်သာ ချက်လက်မှတ် မပျောက်ရသည်။ သို့မဟုတ်ပါက စာအုပ်ကြားထဲညှပ်ပြီး ပျောက်သွားပေမည်။

ဟီဗရူးတက္ကသိုလ်အတွက် ရန်ပုံငွေ အရနည်းသော်လည်း ပါလက်စတိုင်း ထူထောင်ရေး ရန်ပုံငွေအတွက်မူကား အိတ်သွန်ဖာမှောက် စေတနာ ဗရပွနှင့် ထည့်ဝင် ကြလေသည်။ ထိုနှစ်တစ်နှစ်ထဲတွင် နှစ်ကုန်ခါနီးသည်နှင့် ဝိုက်ဇမန် ကြိုးပမ်းချက် ကြောင့် ရန်ပုံငွေမှာ ဒေါ်လာနှစ်သန်းအထိဖြစ်လာသည်။ ဒေါ်လာနှစ်သန်းသည် မြေယာ ဝယ်ခြမ်းရေးနှင့် အိုးအိမ်ထူထောင်ရေးအတွက် လုံလောက်ပေပြီ။ ဤအောင်မြင်မှုကား တခြားကြောင့်မဟုတ်။ လူအများကို ဆွဲဆောင်နိုင်စွမ်းသော အိုင်စတိုင်း၏ သတ္တိနှင့် ဇီလွန်ဝါဒကို ရေပန်းစားပြီး နှစ်သက်လက်ခံလာအောင် လုပ်နိုင်ခဲ့သော ဝိုက်ဇမန်၏သတ္တိ များကြောင့်ပင်ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့ရသည်။

"ပါလက်စတိုင်းထူထောင်ရေး ရှေ့ဆောင်ပုဂ္ဂိုလ်တွေ ဒီကိုရောက်လာကြတဲ့ ပထမအချိန်တုန်းကတော့ ပါလက်စတိုင်းဟာ လူသူမရှိတဲ့ ကန္တာရကြီးတစ်ခုပါပဲ။ တောင်တွေပေါ်မှာလည်း သစ်ပင်တွေသုဉ်းပြီး တောင်ကတုံးတွေဖြစ်နေတယ်။ မြေပြင် မှာလည်း အဆီအနှစ်ရယ်လို့ ဘာမှမရှိဘူး။ ဒီတော့ ကျုပ်တို့က ပါလက်စတိုင်းရဲ့ မြေပေါ်မှာ မြှုပ်နှံဖို့ငွေ ကျုပ်တို့လက်ထဲမယ် ရှိရမယ်။ ဒါမှ ပျက်စီးခဲ့သမျှအတွက် ပြန်ပြီးထူထောင်နိုင်မယ်။ ဒီအချိန်ကစပြီး ကျုပ်တို့ ခင်ဗျားတို့ဟာ ငွေရရာရကြောင်း ဖြစ်တဲ့ ကျုပ်တို့ချွေးတွေ လုပ်အားတွေပေးပြီး အမျိုးသားစီးပွားရေး တိုးတက်လာအောင် လုပ်ယူကြရလိမ့်မယ်။ ဒီမြေခေါင်ခေါင်ကို စိမ်းလန်းစိုပြည်တဲ့ မြေဖြစ်လာအောင် ခု

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ လုပ်ခဲ့တဲ့အတွက် ခင်ဗျားတို့ ခံစားချင်မှ ခံစားရမယ်။ ဒါပေမဲ့ နောင်လာနောက်သားတွေအတွက်တော့ဖြင့် စုပြီးသား ဆောင်းပြီးသား ဖြစ်တော့မယ်။ ခု ဒီမှာဖြစ်နေတဲ့ ငှက်ဖျားကို ၄၀ ရာခိုင်နှုန်းက ၁၀ ရာခိုင်နှုန်းထိ လျှော့အောင် လုပ်နိုင်ပြီလား။ အင်း အဲဒါ အမျိုးသားစီးပွားရေးမှာ အပေါင်းလက္ခဏာနဲ့ တိုးတက်လာတာပဲ။ ကျုပ်တို့ နှစ်ပေါင်း နှစ်ထောင်လောက် သုံးမရဘဲ အလဟဿပစ်ထားခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံကို ထူထောင်နေရပါတယ်။ ကျုပ်တို့ကို ခင်ဗျားတို့ ကူညီကြပါ"

ဗိုက်ဇမန်က ယေဝတီများကို စုရုံးပြီး တရားဟောသည်။ ဗိုက်ဇမန် ဟောပုံပြောပုံကို ကြားရလျှင် အိုင်စတိုင်းလည်း စိတ်အားထက်သန်လာသည်။ နိုင်ငံရေးအလုပ်ကိုပင် လုပ်ရကောင်းမှတ်လာသည်။ သို့သော် အိုင်စတိုင်း၏ တကယ့်လက်တွေ့ဘဝမှာ သူ့စိတ်ကူးနှင့် တခြားသာဖြစ်သည်။ ခရီးလှည့်နေစဉ်အတွင်းမှာလည်း သူ့နှလုံးသား၌ သံမှိုနှက်သလို စွဲနေပြီဖြစ်သော ရူပဗေဒ အစွဲအလမ်းကိုတော့ မဖျောက်ဖျက်နိုင်ရုံသာမက အချိန်ရှိသရွေ့ ဤအစွဲသည်သာ ရှေ့တန်းမှာရှိခဲ့သည်။ ရူပဗေဒအစွဲကား မယိမ်းမယိုင်ခဲ့။

အိုင်စတိုင်းသည် အမေရိကန်ပြည်ထောင်စုအတွင်းလှည့်နေစဉ် သိပ္ပံကျောင်းသားများနှင့် ဆွေးနွေးသည့်အခါဖြစ်စေ၊ သူတို့ဆရာများနှင့် အချေအတင် ပြောဆိုဆွေးနွေးရသည့်အခါဖြစ်စေ အမေရိကန် ရူပဗေဒဓာတ်ခွဲခန်းများကို တိတ်တခိုး လေ့လာစုံစမ်းကြည့်မိသည်။

အမေရိကန်တွင်လည်း အထက်တန်း သိပ္ပံပညာကို အပြင်းအထန် လေ့လာရှာဖွေဖော်ထုတ်နေကြသည်ကို တွေ့ရသောအခါ သူကိုယ်တိုင် အံ့သြမိသည်။ ဥရောပတွင်နေစဉ်က ဥရောပနိုင်ငံများက အမေရိကန်ပြည်ထောင်စုကို ဒုတိယတန်း သိပ္ပံပညာထွန်းကားသည့်နိုင်ငံဟု ဆိုကြသည်မှာ လက်တွေ့မဟုတ်ပါတကားဟု သူသိနားလည်လာသည်။

ရီလေတီဗတီကိုလည်း အထက်ဆုံးမှ အောက်ဆုံးအထိ လေ့လာ ဆွေးနွေးကြရုံသာမက တချို့က ဝေဖန်တိုက်ခိုက်မှုကလေးများကိုပင် တွေ့နေရသည်။ သို့ရာတွင် ရီလေတီဗတီကို အမေရိကန်နိုင်ငံတွင် ဝေဖန်နေခြင်းသည် နိုင်ငံရေးရည်ရွယ်ချက်နှင့် ပုတ်ခတ်တိုက်ခိုက်ခြင်းမျိုး မဟုတ်ပေ။

နယူးယောက်မြို့ ကိုလံဘီယာတက္ကသိုလ်သို့ ရောက်သောအခါ အမေရိကန်တို့အနေနှင့် ရီလေတီဗတီအပေါ် နားလည်သော အထင်အမြင်များ အားလုံးကို ခြုံငုံပြီး သိလာရသည်။ ကိုလံဘီယာတက္ကသိုလ်မှ ပါမောက္ခများဖြစ်သော ချားလ်၊ လိမ်း၊ ပူးဝါးနှင့် မိုက်ကယ်ပြူတို့သည် ရီလေတီဗတီကို တိုက်ခိုက်နေကြသူများ ဖြစ်ကြသည်။ ဤပုဂ္ဂိုလ်နှစ်ဦးမှာ အမေရိကန်ပြည် တက္ကသိုလ်ပညာရှင်လောကတွင် ထိပ်သီးနှစ်ဦးပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းသည် ကိုလံဘီယာတက္ကသိုလ်သို့ ရောက်လာသောအခါ ပါမောက္ခပြုံ ကပင်

"ဒီပုဂ္ဂိုလ်ကတော့ သဘာဝလောကထဲမှာရှိတဲ့ အမှန်တရားတွေကို သီဝရီတစ်ခုနဲ့ ကန့်လန့်ကာဖွင့်ပြခဲ့တဲ့ ပုဂ္ဂိုလ်ကျော်ကြီးပေါ့။ ဒီသီဝရီဟာ ဟီဗရူး ပရောဖက်တွေမှာသာ ရှိနိုင်တဲ့ ထူးဆန်းတဲ့ ဇာတိသဿယဉာဏ်မျိုးနဲ့သာ ဖန်တီးလို့ရတဲ့ သီဝရီပဲ။ တခြား ဘယ်နည်းနဲ့မှ ဒီသီဝရီကို ဖန်တီးလို့ မရနိုင်ဘူး"ဟု ဆက်စကားပြောသွားသည်။

ပါမောက္ခပူးဝါးကမူ "အိုင်စတိုင်းရဲ့ မတိကျတဲ့ ပုံသေနည်းတွေ တစ်ခုနဲ့တစ်ခု ရှေ့နောက်မညီတဲ့ သဘောတရားတွေနဲ့ ဖွဲ့စည်းထားတဲ့ သီဝရီဟာ ရီလေတီဗတီ နာမည်တပ်ပြီး လူတွေကို အပြစ်တွေ၊ အကုသိုလ်တွေ တိုးလုပ်အောင် လုပ်ပေးတဲ့ သီဝရီပဲ။ ခေတ်သစ်သိပ္ပံပညာအတွက်တော့ ဘယ်လောက်မှ အကျိုးမပြုနိုင်ဘူး"ဟု ဝေဖန်လေသည်။

အိုင်စတိုင်းသည် ပါမောက္ခပူးဝါး၏ ဝေဖန်ချက်ကို လေ့လာကြည့်သောအခါ အပြုံသဘောတွေ နောက်ကပါနေသောကြောင့် သည်းခံနိုင်သည်။ အခြားသော သူ့ကို ဆန့်ကျင်သည့် ပါမောက္ခများ၊ ပညာရှင်များနှင့်လည်း ထပ်မံတွေ့ဆုံသေးသည်။ ထိုပုဂ္ဂိုလ်များကလည်း သူ့ကို နာမည်အမျိုးမျိုးပေး၍ ခေါ်နေကြလေသည်။

ဤကဲ့သို့ ပညာရှင်များကိုယ်တိုင်က သူ၏ ရီလေတီဗတီ အနှစ်သာရကို နားမလည်ကြောင်း တွေ့ရသောအခါ ပညာရှင်များသော်မှ မိမိ၏သီဝရီတွင် ကိန်းအောင်းနေသော အမှန်တရားကို အဘယ်ကြောင့် မရှုမမြင်နိုင်ကြပါလိမ့်ဟု ဝေခွဲမရအောင် ဖြစ်မိတော့သည်။

ဘာလင်သို့ ပြန်ရောက်ပြီးနောက်တွင် ဒတ်ချ် သတင်းစာတစ်စောင်တွင် ဆောင်းပါးရှင်တစ်ဦးက ရီလေတီဗတီကို အမေရိကန်တွင် ခံယူနေကြပုံနှင့် ပတ်သက်၍ ရေးသားရာတွင် "အမေရိကန်လူမျိုးတို့သည် သူတို့ကိုယ်တိုင် နားမလည်သော သီဝရီ တစ်ခုအပေါ်တွင် အမျိုးမျိုး ပြောဆိုဝေဖန်ချင်စိတ် အားသန်နေပုံကို တွေ့ရတော့ ကျွန်ုပ်တို့မှာ ရယ်ချင်သည့်စိတ်ပင် ပေါက်လာမိပေတော့သည်"ဟု ရေးလိုက်လေသည်။

နယူးယောက်မြို့သားတို့က ရီလေတီဗတီကို မကောင်းဘူးဟု ဝေဖန်နေခြင်းသည် စပျစ်သီးချဉ်သည့်ပုံပြင်လို ဖြစ်နေလေတော့သည်။ နောက်ပိုင်းတွင် ရီလေတီဗတီနှင့် ပတ်သက်သော အရေးအသား အပြောအဆိုများမှာ အထင်အမြင်မှားစရာတွေ ဖြစ်လာလေသည်။ အိုင်စတိုင်းက မိမိသည် အမေရိကန်လူမျိုးများကို စပျစ်သီးချဉ်နေသည့် လူမျိုးဟု ဆိုသည့်သဘော သက်ရောက်သော အပြောမျိုးကို ပြောဆိုခဲ့မိဖူးကြောင်း ကြေညာချက်ထုတ်ရလေတော့သည်။

"ယခုခေတ်တွင် များသောအားဖြင့် ရုပ်အကောင်အထည်နှင့် ပြနိုင်သော အရာများကို ဝေဖန်တတ်ကြပါသည်။ သို့ရာတွင် စိတ်ပိုင်း ကိုယ်ကျင့်တရားပိုင်းနှင့် ပေါ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လာသော သဘောတရားတို့ကိုပါ ဝေဖန်လာခြင်းသည်ကား ကျေးဇူးတင်စရာကောင်းလှသည်။ ဤကား သူရဲကောင်းအလုပ်တစ်ခုသာဖြစ်၏။ ကျွန်ုပ်တွေ့ကြုံခဲ့ရသော အတွေ့အကြုံအရ အမေရိကန်ပြည်သူတို့အကြားတွင်ကား ဆိုခဲ့ပြီးသော ဝိညာဏဝါဒသည် အပျက်ပြင်းစွာဖြင့် ပျံ့နှံ့လျက်ရှိပေသည်”ဟု သူ၏ကြေညာချက်တွင် ဖော်ပြခဲ့လေသည်။

အမှန်တော့ ဒတ်ချ်သတင်းစာက ရေးသားဖော်ပြလိုက်သည့် အချက်အလက်များမှာ အမေရိကန်ပြည်ထောင်စုတွင် သူ့ကို လက်ခံကြရာ၌ သူကိုယ်တိုင် ခံစားထိတွေ့ခဲ့ရပုံနှင့် အလွန်နီးစပ်ပေသည်။ အမေရိကန် နယူးယောက်မြို့တွင် လူများသည် သူ့ကို ဝိုင်းမြှောက်နေသလိုသာ ခံစားရသည်ဟုလည်း မိတ်ဆွေအပေါင်းအသင်းများအား အိုင်စတိုင်းသည် မကြာခဏ ပြောဖူးသည်။

ကွန်မိုဒိုဟိုတယ်တွင် တည်းခိုနေစဉ်က သတင်းထောက်များ အော်တိုရေးခိုင်းလာသူများကို ကြောက်ပြီး ရေချိုးခန်းထဲ အကြာကြီးပုန်းနေရဖူးသည်။ ဤဒုက္ခမျိုးမှာ ဟောလီးဝုဒ်မှ ဓာတ်လိုက်မင်းသားကလေးများ ခံစားရသည့် ဒုက္ခမျိုးပင် ဖြစ်ပေတော့သည်။

နယူးယောက်မှ ဘာလင်မြို့သို့ အပြန်ခရီးတွင် အိုင်စတိုင်းသည် လန်ဒန်မြို့သို့ ဝင်ခဲ့သည်။ ယခုအချိန်အထိ အင်္ဂလိပ်လူမျိုးများသည် ဂျာမနီပြည်ကလူ၊ ဂျာမနီပြည်က ပစ္စည်းဆိုလျှင် ရွံတုန်း မုန်းတုန်း နလုံးနာတုန်း ရှိကြသေးသည်။ သို့ရာတွင် အင်္ဂလန်ပြည်မှာ နိုင်ငံရေးပညာရှိ တွေးခေါ်ရှင်တစ်ဦးဖြစ်သော လော့ဒ်ဟာလဒိန်းက သူ့ထံသို့ စာရေးရာတွင် အကယ်၍ သူသာ အင်္ဂလန်သို့ အလည်လာနိုင်မည်ဆိုပါက စစ်မဖြစ်မီကကဲ့သို့ အင်္ဂလန်နှင့် ဂျာမနီတို့ အပြန်အလှန် သိပ္ပံပညာဖလှယ်မှုများ ပြန်ဖြစ်လာဖွယ်အကြောင်းရှိသည်ဟု ပါရှိသဖြင့် အင်္ဂလန်ကို စွန့်စားပြီးဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးဆိပ်ကမ်းသို့ ဆိုက်ရောက်ပြီး ကမ်းပေါ်သို့တက်လိုက်သည်နှင့် တစ်ပြိုင်နက် အိုင်စတိုင်းတို့ဇနီးမောင်နှံအား လန်ဒန်မြို့ ဆင်ခြေဖုံးအရပ်ရှိ လော့ဒ်ဟာလဒိန်း၏ စံအိမ်တော်ကြီးသို့ ခေါ်ဆောင်သွားလေသည်။

ဟာလဒိန်းစံအိမ် တံခါးဝသို့ ခြေချမိသည်နှင့်တစ်ပြိုင်နက် အယ်လ်ဆာ စိတ်ထဲတွင် အားငယ်သွားမိသည်။ ကြီးကျယ်ခမ်းနား တင့်တယ်လိုက်သည့်ဖြစ်ခြင်း။ ထည်ဝါခမ်းနားမှုကြီးက သူတို့ကို မတန်မရာအလဟန် မထိမဲ့မြင်ပင် ပြုနေသလို ရှိလှသည်။ အယ်လ်ဆာအဖို့တော့ ဒီလောက် ကြီးကျယ်ခမ်းနားလှစွာ နေပုံထိုင်ပုံများ တစ်သက်လုံး တစ်ခါမျှ မတွေ့ဖူးခဲ့သေး။ အယ်လ်ဆာသည် ဟာလဒိန်းစံအိမ်တော် အတွေ့အကြုံကို သူ့မိတ်ဆွေများအား အသေးစိတ် ပြန်ပြောဖူးသည်။

ဟာလဒိန်းစံအိမ်တော်တွင် ကြက်ကောင်လုံးကင် လတ်လတ်ဆတ်ဆတ်ဖြင့် ညစာထမင်းစားကြသည်။ ညစာအပြီးတွင် အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း

www.burmeseclassic.com



အိမ်စေတစ်ဦးလက်ထဲသို့ သူတို့လင်မယားကို အပ်လိုက်သည်။ အိမ်စေယောက်ျားသည် သူတို့နှစ်ဦးအား လက်တစ်ကမ်းကထား၍ အပေါ်ထပ်သို့ ခေါ်သွားသည်။ လူသွားလမ်းတစ်လျှောက် သွားကြပြီးနောက်တွင် အလွန်ကြီးကျယ်ခမ်းနားသော အိပ်ခန်းကြီးတစ်ခုတွင်းသို့ ရောက်လာခဲ့ကြသည်။ ကျယ်ပြန့်သော ကျူဒါဖဲမွေ့ရာပေါ်တွင် အဆင်းတန်ဆာများနှင့် ဆင်ယင်ပေးပြီး အိမ်စေသည် စကားတစ်ခွန်းမျှမပြောခဲ့ဘဲ နောက်ဆုတ်ထွက်သွားလေသည်။

အဲလဗတ်နှင့် အိုင်စတိုင်းတို့မှာ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားခြင်းမရှိ။ အိမ်စေပြန်ထွက်သွားသောအခါ သူတို့ဘာသာ အိပ်ခန်းထဲမှ ဖယောင်းတိုင်မီးကို ငြိမ်းလိုက်ကာ ဖဲမွေ့ရာကြီးပေါ်တွင် အိပ်ချလိုက်ကြသည်။ တစ်ယောက်ကို တစ်ယောက် နှုတ်ဆက်သည့် စကားကိုပင် ကျယ်ကျယ်မပြောရဲကြ၊ လေသံကလေးနှင့် "ကဲ အိပ်တော့ကွယ်"ဟု ဆိုကာ အိပ်လိုက်ကြရသည်။

နံနက်မိုးလင်း၍ နိုးသောအခါ အိုင်စတိုင်းက မျက်လုံးဖွင့်ပြီး အိမ်စေလာမည်လား ချောင်းကြည့်သည်။ ဘယ်သူ့ကိုမျှ မတွေ့သဖြင့် စောင်ကို ခေါင်းမြီးခြုံ၍ ပြန်အိပ်လိုက်သည်။

"ကော်ဖီလေးတစ်ခွက်လောက် သောက်ချင်လိုက်တာ အဲလဗတ်ရယ်၊ ခေါင်းလောင်းတီးလိုက်မယ်နော်"

"ရှူး နေပါဦးဟ၊ သူလာပါလိမ့်မယ်၊ မေ့များနေလားမသိဘူး။ အိပ်နေဦး"ဟု အိုင်စတိုင်းက ဆိုသည်။ ပြီးတော့ အိုင်စတိုင်းက ပြန်အိပ်သည်။ အယ်လ်ဆာက နောက်တစ်နာရီလောက်ကြာမှ နိုးတော့မှ ထလေသည်။

လန်ဒန်မြို့ ကင်း(ဘုရင့်)ကောလိပ်တွင် အိုင်စတိုင်းသည် ရီလေတီဗတီ အကြောင်း ဟောပြောရသည်။ အိုင်စတိုင်း တရားဟောပွဲသို့ တက်ရောက်ကြသော သိပ္ပံပညာရှင်များက အိုင်စတိုင်းသည် ဟာလဒိန်းနှင့်အတူ စင်မြင့်ပေါ်တက်သွားတော့ သူတို့စိတ်ထဲ တုန်လှုပ်သွားမိသည်ဟု ဆိုကြသည်။

ခန်းမဆောင်ကြီးထဲတွင် ရှိသမျှ ခုံနေရာများမှာ ပြည့်နေလေပြီ။ တရားဟောပွဲ လှုပ်လှုပ်ရှားရှား ဖြစ်မည်ထင်သောကြောင့်လားမသိ။ စကော့တလန်ယားဒ် စုံထောက်အဖွဲ့မှ လူများလည်း ကျောင်းသားတွေကြားထဲတွင် ရောနှောနေရာယူထားကြသည်။ ကျောင်းသားများမှာ နေရာမရသဖြင့် ခန်းမကြီး၏အုတ်နံရံများကို မှီရပ်နေကြသည်။ သူတို့ကြားထဲတွင်လည်း စုံထောက်များ ရောက်နေကြသည်။

ဒေါက်တာ အေဗရာဟင်ရှုလွမ် ရဟူဒါမှာ အရှေ့တိုင်းဘာသာရပ် ပညာရှင်ကြီးဖြစ်ပြီး ရှေ့တန်းတွင်ထိုင်နေ၏ သူ့ရှေ့တွင် လူနှစ်ယောက် တီးတိုးစကား ပြောနေသည်ကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မင်းစိတ်ထဲ တစ်ခုခု ထဖြစ်မယ်လို့ ထင်သလား"

"မပြောတတ်ဘူးကွ၊ သူက ဂျာမန်လိုပြောတာဆိုတော့ သူပြောတာကို လူတိုင်း အကုန်လုံး နားလည်မယ်မထင်ဘူး"

"ဟောဟိုက ကောင်ကလေးတွေ ကြည့်စမ်း၊ ရီလေတီဗတီဆိုတဲ့ ဓာတ်ရှပ်ကြီးကို ဂျာမန်လိုပြောတာ နားထောင်ချင်ပုံမရဘူးကွ"

လူနှစ်ဦးသည် ချီတုံချတုံပြောနေကြလေသည်။

ဒေါက်တာရာပဟူဒါသည် ထိုလူနှစ်ယောက်၏ အချီအချပြောနေသော စကားကို ကြားဖောက်ပြောလိုက်သည်။

"ကျေးဇူးပြုပြီး တဆိတ် ငြိမ်ငြိမ်နေကြပါခင်ဗျာ၊ အိုင်စတိုင်းဆိုတာ ကမ္ဘာပေါ်မှာ အကျော်ကြားဆုံးနှင့် အထင်ရှားဆုံး သိပ္ပံပညာရှင်တစ်ယောက်ပဲ။ ဒါကြောင့် ကျုပ်တို့ ဒီနေရာလာပြီး နားထောင်နေကြတာပါပဲ။ ဘာမှ ဖြစ်စရာမရှိပါဘူး။ တစ်ဆိတ် ငြိမ်ငြိမ်ကလေး နားထောင်ပါခင်ဗျား"

ဒေါက်တာ ရာပဟူဒါ၏ အသံကြောင့် စောစောက ကျွက်စီကျွက်စီ ဖြစ်နေကြသူများမှာ အနည်းငယ် ငြိမ်ကျသွားကြသည်။ ပရိသတ်ကြီးသည် ဂျာမန်ပါမောက္ခ တစ်ဦးဖြစ်သော အိုင်စတိုင်းအား ကြောင်တက်တက်နှင့် ကြည့်နေ၏။ စင်မြင့်ပေါ်သို့ တက်လာသည့်အချိန်တွင်လည်း သြဘာမပေးဘဲ ငြိမ်နေကြ၏။

လော့ဒ်ဟာလဒိန်းက "ဒီပုဂ္ဂိုလ်ကတော့ သိပ္ပံပညာနယ်မှာ ပေါ်ပေါက်ခဲ့ဖူးတဲ့ ပါရမီရှင်ကြီးများအနက် နှစ်ဆယ်ရာစုမှာ ပေါ်ပေါက်တဲ့ နယူတန်ဆိုလည်း မမှားပါဘူး"ဟု အိုင်စတိုင်းနှင့် ကြွရောက်နားထောင်ကြသည့် ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

လော့ဒ်ဟာလဒိန်းက ဤမျှချီးမြှင့်မိတ်ဆက်ပေးသော်လည်း ပရိသတ်က မလှုပ်၊ သြဘာလည်းမပေး။ စိန်းစိန်းကြီး ကြည့်၍သာနေ၏။ မိတ်ဆက်အပြီးတွင် တရားပွဲစင်မြင့်သို့ထွက်ပြီး အိုင်စတိုင်းက စိတ်လက်မကြည်သာစွာဖြင့် ရီလေတီဗတီအကြောင်း စဟောသည်။ အင်္ဂလိပ်ပရိသတ်က လက်ခုပ်လည်းမတီး၊ သြဘာလည်းမပေး ငြိမ်ချက်သား ကောင်းနေ၏။

အိုင်စတိုင်းသည် ငြိမ်နေသော ပရိသတ်ကြီးအား ရီလေတီဗတီအကြောင်း တစ်နာရီကြာလောက်ပြောပြီး သူ့နေရာတွင် ပြန်ထိုင်လိုက်၏။ ထိုအခါကျမှ တချို့ တစ်ဝက်ကစပြီး လက်ခုပ်တီးလိုက်သည်။ ဤသို့ စပြီး လက်ခုပ်တီးလိုက်မှ နောက်လူများက လိုက်တီးကြသည်။ လက်ခုပ်သံများ ထွက်လာသည်ဆိုလျှင်ပဲ ခန်းမကြီးထဲရှိ ပရိသတ်များမှာ အတန်းလိုက်ထတဲ့ပြီး လက်ခုပ်တီးသူကတီး လက်များ ဝှေ့ရမ်းပြီး သြဘာပေးသူကပေးနှင့် ဆူညံသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပါရမီရှင်တစ်ဦး၏ ထူးခြားသည့် ဉာဏ်ရည်နှင့် ရဲစွမ်းသတ္တိကို ချီးကျူးထုတ်ဖော်ပြဘာပေးသံမှာ သုံးမိနစ်ခန့် ဆူညံမစဲဘဲ ရှိလေသည်။ နေရှင်းသတင်းစာမှ သတင်းထောက်တစ်ဦးသာ သတင်းရေးမှတ်နေရသဖြင့် လက်ခုပ်မတီးနိုင်ဘဲရှိ၏။ နောက်မှ သတင်းထောက်က "ဤသို့ အိုင်စတိုင်းသည် အင်္ဂလန်ပြည် လာရောက်ဟောပြောခြင်းသည် ယခင်တင်းမာမှုများ အဆုံးသတ်သွားခြင်း၊ အခြေအနေများ လုံးဝပြောင်းလဲသွားစေခြင်းပင်ဖြစ်၏။ တီထွင်ကြံနိုင်စွမ်းသော ပါရမီရှင်တစ်ဦးကြောင့် ယခုမှု ဂျာမန်ပြည်သူများနှင့် အင်္ဂလန်ပြည်သူများကြားတွင် သင့်မြတ်မှု သံသယကင်းမှုနှင့် အပြန်အလှန်နားလည်မှုများကို ပြန်လည်တည်ဆောက်နိုင်ခဲ့ချေပြီ"ဟု သူ့သတင်းစာတွင် အကျယ်တဝင့် ရေးသားဖော်ပြခဲ့ပေသည်။

အင်္ဂလန်မှ ဘာလင်သို့ပြန်လာသည့်ခရီးတွင် အိုင်စတိုင်းမှာ ပျော်နေ၏။ ဘာလင်သို့ရောက်သည်နှင့် သမ္မတ အီးဗတ်နှင့် တွေ့ဆုံပြီး "ဂျာမနီအဖို့ အချိန်ကောင်းတွေ ဆိုက်ရောက်လာပြီ"ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်လေသည်။ ဤနည်းဖြင့် အိုင်စတိုင်းသည် လူသားများအတွက် ဆယ်ရှစ်လတိုင်တိုင် ဆောင်ရွက်ခဲ့၏။

ဘာလင်ကိုပြန်ရောက်ပြီးနောက် ဆုံးခန်းမတိုင်နိုင်သေးသော သူ၏ သိပ္ပံပညာလုပ်ငန်းများကိုလုပ်ရန် ဆုံးဖြတ်လိုက်ပြန်သည်။ လူရေးလူရာ ကိစ္စတွေကို လူ့သားအကျိုး လိုလားသူတစ်ဦးအနေနှင့် ဆောင်ရွက်နေခဲ့သည့်အချိန်တွေလည်း တကယ်တော့ မနည်းတော့ပါပေ။ ၁၈ လဆိုသည့်ခရီးသို့ တိုင်ခဲ့ချေပြီ။ သို့သော် အိုင်စတိုင်းဘဝတွင် ဘယ်အမှုကိစ္စမျိုးကမှ သိပ္ပံပညာလောက် သူ့နှလုံးသားကို ချမ်းမြေ့ကျေနပ်မှု မပေးနိုင်ခဲ့ပေ။

အိုင်စတိုင်းသည် သူ၏ကျယ်ပြန့်သော ရီလေတီဗတီတွင် ဆွဲဆောင်မှုနိယာမအကြောင်း စဉ်းစားအောင်မြင်ခဲ့ပြီ။ ယခုတစ်ဖန် သူ၏ရီလေတီဗတီဖြင့် လျှပ်စစ်သံလိုက်စက်ကွင်းနှင့် ကမ္ဘာမြေ၏ဆွဲဆောင်မှုနိယာမ (စက်ကွင်း) နှစ်ခုကို သင်္ချာနည်းအရပေါင်းစပ်ဆက်နွယ်မှု သဘောတရားကိုရှာရန် ရည်ရွယ်ဆုံးဖြတ်လိုက်ပြန်သည်။

အကယ်၍ လျှပ်စစ်သံလိုက်စက်ကွင်းနှင့် ဆွဲဆောင်မှုစက်ကွင်းကို ပေါင်းစပ်၍ရပါက အိုင်စတိုင်းသည် ပထမဆုံးအနေနှင့် ဤစကြဝဠာ၏အသေးဆုံးဆိုသည့် အီလက်ထရွန် ရုပ်ဓာတ်ကြီးတစ်ခုလုံးကို အစအဆုံး စိုးမိုးချယ်လှယ် ထိန်းကိုင်ထားသည့် လောကဓမ္မတာသဘာဝ နိယာမတရားကြီးကို ဖော်ထုတ်ပေးနိုင်သူ ဖြစ်ပေတော့မည်။

အိုင်စတိုင်းစိတ်ထဲတွင်တော့ စကြဝဠာကြီးထဲတွင် ယင်းသို့သော နိယာမကြီးတစ်ခုရှိသည်ဟု သူ့အတွင်းသိ ထိုးထွင်းဉာဏ်က ပြောပြနေသလို ခံစားရ၏။

အိုင်စတိုင်းအဖို့ ဤသို့သိနေရခြင်းကပင် သဘာဝတရား၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ဖို့အကြောင်း လုံလောက်လျက်ရှိပေပြီ။ အမေရိကန်တွင်ရှိစဉ်က ပရော်ဖက်စတန်

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ပါမောက္ခများနှင့် စကားပြောကြစဉ်ကလည်း သူက ဤကမ္ဘာပေါ်တွင် ရှိရှိသမျှ ဖြစ်ဖြစ်သမျှ ခပ်သိမ်းကုန်သော ဖြစ်စဉ်တို့သည် ဖြစ်ချင်သလို ဖြစ်နေသည်မဟုတ် အားလုံးသော ဖြစ်စဉ်ဖြစ်ရပ်တို့သည် စနစ်နှင့် စီမံကိန်းနှင့် အစီအစဉ်တကျ ဖြစ်နေခြင်း သာဖြစ်သည်။ အခွင့်သာ အခါသင့်သလို အစီအစဉ် အမှန်းအတားမရှိဘဲ ကြုံကြိုက် တိုက်ဆိုင်မှုအားဖြင့် ဖြစ်နေခြင်း အလျှင်းမဟုတ်ကြောင်း ထုတ်ဖော်ပြောခဲ့ဖူးသည်။ "ထာဝရဘုရားသခင်ဟာ လောကအလုံးတွက် နှံ့စပ်လိမ္မာပြီးသားပဲ၊ ပြီးတော့ ဘုရား သခင်ဆိုတာက မစ္ဆေရစိတ်ရှိတာမဟုတ်ဘူး"ဟုလည်း ပြောခဲ့ဖူးသည်။

သူဆိုလိုသည့် အဓိပ္ပာယ်မှာ ဤစကြဝဠာလောကကြီးကို ဘုရားသခင် ဖန်ဆင်း တော်မူစဉ်ကတည်းက ဖြစ်ချင်ရာဖြစ်တော့ ခင်းတို့ထိုက်နှင့် ခင်းတို့ကံဟု သဘောထား ကာ ဖန်ဆင်းခြင်းမဟုတ်သည်ဖြစ်၍ လောကဖြစ်စဉ်သည် အစီအစဉ်နှင့် စနစ်တကျ ရှိသည်ဟု ဆိုခြင်းဖြစ်၏။ သို့ရာတွင် သူ့စကားကို ထိုစဉ်ကပင် ပရင်စတန် တက္ကသိုလ် က လူများကတော့ စိတ်ကူးဉာဏ်ကစားမှုတစ်ခုအနေသာ မှတ်ယူခဲ့ကြလေသည်။

အိုင်စတိုင်းသည် ဆောင်းရာသီဝင်စ လများကစ၍ သူ၏ဖော်ပြုပါအမြင်ကို အကောင်အထည်ဖော်ဖို့ရန်အတွက် သူ့အခန်းကျဉ်းကလေးထဲတွင် ရှာနဝင်လျက် ရှိပြန်သည်။ လေဒင်တက္ကသိုလ်နှင့် ကတိစာချုပ်ထားသည့် စာပေဟောပြောပွဲများကို ပြီးအောင်သာ အပြင်သို့ ထွက်ဟောတော့သည်။ တခြားအချိန်များထဲတွင်တော့ အခန်း ထဲက မထွက်လာတော့ပေ။

ဆွဲဆောင်မှုနိယာမနှင့် လျှပ်စစ်သံလိုက်စက်ကွင်းတို့၏အဆက်အစပ်ကို ရှာဖွေ ရမည်ဟူသော စိတ်ကူးသည် သူ၏ ဘဝတစ်ခုလုံးနှင့် ချိန်စက်စဉ်းစားရမည့် ပြဿနာ ဖြစ်ခဲ့ပြီ။ သူသည် လောကတစ်ခုလုံးနှင့် အဆက်ဖြတ်ရန်လည်း ဆုံးဖြတ်ခဲ့၏။ သူ၏ အခန်းကျဉ်းကလေးထဲ ပြန်အောင်းသည့်နေ့ကစ၍ အိုင်စကိုင်းသည် သူ့ထံ ချဉ်းကပ် ကြသူများနောက်က တကောက်ကောက် လိုက်နေကြသည့် သတင်းထောက်များနှင့် လုံးဝအတွေ့မခံတော့ပေ။ အယ်လ်ဆာကိုလည်း မည်သည့်လူမှုရေးကိစ္စမျိုးမှ လက်သင့် မခံထားရန် တားထားလေသည်။

ရိုမန်ရိုလင်း၏ညီမ မေဒလိုင်းက ပဲရစ်မှနေပြီး သူ့ထံသို့ လူငယ်များ ငြိမ်းချမ်း ရေးအသင်း အစည်းအဝေးအတွက် ကမကထပြုကူညီရန် စာရေးသည်။ အိုင်စတိုင်းက ငြင်းဆိုလိုက်၏။ သူ့မိတ်ဆွေ ပေါလ်လန်ဂျီဗင်ကလည်း ပါရမီတက္ကသိုလ်တွင် ရီလေ တီဗတီအကြောင်း"ဟောပြောပါမည့်အကြောင်း အထပ်ထပ် အခါခါ တိုက်တွန်းစာ ရေးသားခဲ့၏။ သူကမူ မဟောနိုင်တော့ကြောင်း ထပ်ခါတလဲလဲ ငြင်းပယ်၍သာနေခဲ့၏။ အိုင်စတိုင်းသည် သူ၏ဆုံးဖြတ်ချက်ကို မြဲမြံစွာ ဆုပ်ကိုင်ထားခဲ့လေသည်။

အိုင်စတိုင်းသည် သူ၏ သီးသန့်အခန်းကလေးထဲတွင် မည်သူနှင့်မျှ အတွေ့မခံ တော့ဘဲ စဉ်းစားတွေးခေါ်ရင်းသာ အချိန်ကုန်ခဲ့၏။ ညတွေလည်း ဆက်ကာဆက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကုန်ခဲ့ပြီ။ ထိုင်၍စဉ်းစားရာမှ ညောင်းညာလာလျှင် ဖြည်းညင်းစွာ လမ်းလျှောက်ရင်း စဉ်းစားပြန်သည်။ တွေးရလွန်းသောကြောင့် ဦးနှောက်က ခြောက်လှပြီ။ ခေါင်းထဲတွင် ဦးနှောက်များပင် ဆုတေနေကြလေပြီလားမသိ။ စိတ်မောတိုင်း ဆေးလိပ်ကိုသာ တွင်တွင် ဖွာတော့သည်။ ဆေးလိပ်တွေသာ တစ်လိပ်ပြီးတစ်လိပ် မီးဆက်ညှိပြီး ဖွာရှိုက်လိုက်သောကြောင့် ကုန်မှန်းမသိ ကုန်နေတော့သည်။

အိုင်စတိုင်း၏အစာသည် ဆေးလိပ်ဖြစ်နေ၏။ ဆေးလိပ်ကား စိတ်အဆာပင် ဖြစ်နေလေသည်။ ခန္ဓာကိုယ်ကတောင့်တသော အစာတို့မှ မစားမဖြစ်၍သာ စားနေရသော်လည်း တကယ်တမ်းကျတော့ စားလို့လည်း မဝင်တော့ပေ။ မသေရုံ အသက်လောက်သာ ရေစာမှီဝဲနေ၏။ သူ့ဦးနှောက်ကား မှောင်စီးနေသော သဘာဝလျှို့ဝှက်ချက်တစ်ခန်းက တစ်ခန်းသို့သာ ကူးသန်း ပြေးလွှားနေ၏။ သို့ရာတွင် သူ့ခေါင်းထဲတွင် လောကသစ္စာတရားအတွက် အဖြေကိုကား မတွေ့နိုင်ခဲ့သေး။

စကြဝဠာ၏လျှို့ဝှက်ချက်ကား လိုက်လေဝေးလေ ဖြစ်ခဲ့ပြီတကား။ ၁၉၂၂ ခုနှစ်နွေဦးပေါက်သို့သာ ရောက်ခဲ့ပြီ။ အိုင်စတိုင်းမှာ မှောင်ကြီးထဲ လမ်းသွားနေရသူပမာ ဉာဏ်အလင်းရောင်ကလေးကို လက်ခနဲ တစ်ချက်ကလေးမျှပင် မတွေ့ရ။ ရက်တွေကလည်း ကုန်မှန်းမသိ ကုန်ခဲ့ပြီ။ လူလည်း ပန်း၍နွမ်းလျနေချေပြီ။ နောက်ဆုံးတွင် မိတ်ဆွေရင်းချာဖြစ်သော ဝေါလ်သာ ရာသ်နောက သူ့ကို အခန်းကျဉ်းကလေးထဲက ဆွဲထုတ်မှပင် ထွက်တော့သည်။ သူတို့နှစ်ဦးကား ပြောမနာ ဆိုမနာ တကယ့်မိတ်ဆွေရင်းချာ ဖြစ်ကြလေသည်။

ရာသ်နောက အိုင်စတိုင်းအား ကမ္ဘာ့ရေးရာများနှင့် နိုင်ငံရေးအပြောင်းအလဲများကြုံနေပုံကို ပြောပြသည်။ သူကမူ သူစိတ်ဝင်စားသော သဘောတရားရေးရာ ရူပဗေဒပညာအကြောင်းကိုသာ ပြန်ပြောသည်။

ဂျာမနီပြည်တွင် ရာသ်နောသည် အင်မတန် ပွင့်လင်းမှုရှိပြီး နာမည်အကြီးဆုံး ဒီမိုကရက်တစ်ဦးဖြစ်၏။ သူကိုယ်တိုင်မှာ အလွန်ချမ်းသာသော ယေဝတီတစ်ဦးဖြစ်သည့် ဂျာမန်နိုင်ငံခြားရေးဝန်ကြီး၏ ကမ္ဘာ့အရေးအခင်းဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်ချက်များကို စိတ်ရောကိုယ်ပါ ထောက်ခံအားပေးနေသူတစ်ယောက်လည်း ဖြစ်ပေသည်။

သူ့သဘောထားမှာ ဂျာမန်က ပေးစရာရှိသော စစ်လျော်ကြေးများကို ပေးရမည်။ ပြီးတော့ ဂျာမနီကို သူ့မှာရှိနေသည့် သယံဇာတများဖြင့် သမ္မတနိုင်ငံတစ်နိုင်ငံအဖြစ် ကြီးကျယ်လာအောင် ထူထောင်ယူရမည်။ သူမြင်နေသော ပြဿနာမှာ ဂျာမနီက ပြင်သစ်ကို မုန်းတီးသဖြင့် သုံးစွဲနေသောအင်အားများကို ပြောင်းလဲပြီး ဂျာမနီ ပြန်လည်ထူထောင်ရေးအတွက် အသုံးချရမည်ဟူသော ပြဿနာပင် ဖြစ်ပေသည်။ အိုင်စတိုင်းသည် ယခင်က မုန်းတီးမှုများဖြင့် ပြတ်တောက်နေခဲ့သော အင်္ဂလိပ် ဂျာမန် ဆက်ဆံ

www.burmeseclassic.com



မှုကို ပညာရှင်အချင်းချင်း ဆက်သွယ်ခြင်းဖြင့် ရွှေလမ်းငွေလမ်း ပြန်ဖောက်ပေးခဲ့လေပြီ။ ယခုကျန်ရှိနေသော ပြဿနာမှာ ပြင်သစ် ဂျာမနီ အမုန်းကို တုံးစေ၍ ရွှေလမ်းငွေလမ်း ဆက်ရန် ပြဿနာဖြစ်၏။ ဤလမ်းကို အိုင်စတိုင်းဖောက်လျှင် ပေါက်ပေမည်။ ဤကား အိုင်စတိုင်း၏ တာဝန်ဖြစ်ပေ၏။

သို့ပါလျက် အိုင်စတိုင်းသည် ပြင်သစ်ပြည် ပါရမီတက္ကသိုလ်တွင် ရီလေတီဗတီ အကြောင်း ဟောကြားရန် အခါခါ ဖိတ်ကြားသည်ကို အခါခါ ငြင်းပယ်ခဲ့မိသည်။ ဤသို့ ငြင်းခဲ့မိခြင်းအတွက် မိမိမှာ လိပ်ပြာမသန့်ဖြစ်လျက်ပင် ရှိပါကြောင်း အိုင်စတိုင်း က ရှာသ်နောနှင့် စကားပြောသည့်အခါ ဝန်ခံရလေသည်။

အမုန်မှာ စိတ်မောလူမောဖြစ်ခဲ့ရသော သူ၏သိပ္ပံပညာ သုတေသနလုပ်ငန်းမှ ခဏတာ အနားရသည်ဖြစ်၍ အပန်းလည်းပြေစေတော့၊ ဂျာမန်နှင့် ပြင်သစ်တို့၏ ရာဇဝင်အမုန်းလည်း တုံးစေတော့ဟူသော သဘောဖြင့် စဉ်းစားလျှင်တော့ ပါရီက ဖိတ်သည်ကို သူလက်ခံဖို့သာ ရှိတော့သည်။ အိုင်စတိုင်းကလည်း ပါရီသို့သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

လန်ဂျီဗင်နှင့် မောရစ်တို့မှာ အိုင်စတိုင်းမိတ်ဆွေရင်းများ ဖြစ်ကြသည်။ ပါရီ သို့ အိုင်စတိုင်းလာမည်ဟု ကြားသောအခါ သူတို့နှစ်ဦးသည် ဘယ်လဂျီယံနယ်စပ်က လာကြိုပြီး သူလာလျှင် ပြင်သစ်ပြည်တွင် ဆန္ဒပြမှု အနည်းအပါးရှိမည်ဖြစ်ကြောင်း ကြိုအကြောင်းကြားသည်။

သူတို့နှင့် အိုင်စတိုင်းသည် ဘူတာတွင် တွေ့ကြသည်။ အိုင်စတိုင်းကား ထုံးစံ အတိုင်းပင် ရထားရိုးရိုးတန်းက လိုက်လာခဲ့၏။ သူတို့နှစ်ဦးသည် သူ့လုံခြုံရေးအတွက် ကြိုတင်အကာအကွယ်များပေးပြီး ပါရီသို့သွားမည့် ရထားနောက်ဆုံးတွဲက စီးလာသည်။ ရထားပေါ်မှ အစောင့်အကြပ်များဖြင့်ဆင်းကာ ဆန္ဒပြနေသော လူအုပ်ကြီးကို ကမန်း ကတန်းဖြတ်ကျော်ပြီး အသင့်စောင့်နေသော ကားပေါ်သို့ ပြေးတက်လိုက်ကြရသည်။

အကျဉ်းအကျပ်တွေကြားထဲမှ လွတ်မြောက်လာရသော်လည်း ညပိုင်းတွင် အိုင်စတိုင်းသည် အားရဝမ်းသာစွာ တဝါးဝါးရယ်မောရင်း မိတ်ဆွေများနှင့် စကား လက်ဆုံကျနေလေသည်။

ပါရီမြို့၏ နွေဦးရာသီကလည်း သာတောင့်သာယာ ရှိလှ၏။ သူ့အနေနှင့်မူ ပြင်သစ်တို့၏ မုန်းတီးနေမှုကို မမေ့မယူနိုင်။ သတင်းစာအချို့ကမူ အိုင်စတိုင်းအား ခရီးဦးကြိုမပြုကြောင်း၊ များစွာသော ပြင်သစ်ပြည်ရှိ ရူပဗေဒပညာရှင်များက သူတို့သည် အိုင်စတိုင်း၏ ဟောပြောပွဲသို့ မတက်ဟု ကြေညာကြောင်း ရေးသားကြသည်။

သို့ရာတွင် တချို့သော လစ်ဘရယ် သတင်းစာများက အိုင်စတိုင်း ပါရီသို့ ရောက်လာခြင်းအတွက် များစွာဝမ်းသာအားရကြောင်း ရေးသားချက်များဖြင့် ထေ့ငေါ့ စောစောက ပုတ်ခတ်ရေးသားမှုများမှ တစ်ဖက်နှင့်တစ်ဖက် ချိန်ခွင်ညှာ ညီလှ၏။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းသည် ပါရီတက္ကသိုလ်တွင် ရီလေတီဗတီအကြောင်း ဟောပြောသော အခါ လူတိုင်းက ကြည်သာစွာ လက်ခံကြလေသည်။ နောက်ပိုင်းတွင် မဒမ်ကျူရီနှင့် လည်းကောင်း၊ တွေးခေါ်ရှင်ကြီး ဟင်နရီဘာဆွန်နှင့် လည်းကောင်း စကားလက်ဆုံကျ ရသည့်အခါတွင်တော့ အိုင်စတိုင်းအဖို့ ပြင်သစ်နှင့် ဂျာမန် ချစ်ကြည်ရေးမျှော်လင့်ချက် များသည် ဆတက်ထမ်းပိုး တိုး၍လာခဲ့လေသည်။

ဤပုဂ္ဂိုလ်ကျော်များနှင့် ဆွေးနွေးရာ၌ တူညီသောအမြင်ကို ရကြသည်။ လက်စား ချေသည်ဆိုသော အလုပ်မျိုး လုပ်တတ်ကြသည့် အချိန်တွေကား လူ့သမိုင်းတွင် နောင်းခဲ့ပြီ။ ဤခေတ်သည် လက်စားချေရသည့်ခေတ်မျိုး မဟုတ်တော့ပြီ။ ပညာရှင်များ ကစ၍ ပြင်သစ်နှင့် ဂျာမနီအကြားတွင် ရှိနေသော မုန်းတီးမှု၊ ခါးသီးမှုတွေ လျော့နည်း ကွယ်ပျောက်သွားအောင် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း သဘောတူညီခဲ့ ကြလေသည်။

နောင်အခါတွင် အိုင်စတိုင်းအား ဆိုလိုဗင်းဆိုသူက ဤကမ္ဘာကြီးကို ချုပ်ကိုင် ချယ်လှယ်နေသူများမှာ ခေါင်းမာသော နိုင်ငံရေးသမားများသာဖြစ်၍ ပညာရှင်သုခမိန်များ ဉာဏဝါဒီများမဟုတ်ကြောင်း သတိပေးစကား ပြောကြားဖူးသည်။ ဆိုလိုဗင်းစကားမှာ သွေးထွက်အောင်ပင် မှန်လှသည်။ ဤစကားမှန်ကြောင်းကို အိုင်စတိုင်းသည် ယခုမှ သိသည်မဟုတ်။ လွန်ခဲ့သော စစ်ပွဲကြီးအတွင်းကပင် ရေရေလည်လည် နားလည်သဘော ပေါက်ခဲ့ပြီးဖြစ်၏။ သို့တစေ ယခုလို ငြိမ်းချမ်းသောကာလတွင်ကား စိတ်ကောင်းရှိသော လူသားများက သြဇာရှိလာနိုင်သည်ဟု ယုံကြည်သည်။

"ဟုတ်ပါတယ် ခင်ဗျားလို ကျော်ကြားနေတဲ့လူတစ်ယောက် ဆိုရင်တော့ ဟုတ်တာပေါ့ တခြားလူတွေကတော့ ဘယ်လွယ်မလဲ"ဟု ဆိုလိုဗင်း က ပြောသည်။ ထို့ကြောင့်လည်း ဆိုလိုဗင်းက အိုင်စတိုင်းလိုပုဂ္ဂိုလ်သည် လူသားများအတွက် ရုန်းကန် လှုပ်ရှားနေစေလိုသည်။ သူက အိုင်စတိုင်းအား ပြင်သစ်ပြည်မြောက်ပိုင်းရှိ စိန်ကွင်တင်မြို့သို့ ခေါ်သွားပြီးပြသည်။ စစ်ကြီးအတွင်းက ကွင်တင်မြို့ကလေးကို မုံးပေါင်းမြောက်မြားစွာ ကြဲချခဲ့မှုကြောင့် မြို့ကလေးမှာ ကမ္ဘာမြေပေါ်က ပျောက်ကွယ် သွားလုလု ဖြစ်ခဲ့၏။

အိုင်စတိုင်းသည် စစ်ကြောင့် လောင်စာနှင့် ပြာပုံသာကျန်ရစ်ခဲ့သော မြို့ပျက် ကလေးကို လှည့်လှည့်ကြည့်ပြီး စိတ်မချမ်းမြေ့စွာဖြင့် ဆိုသည်။

"ရက်စက်ပါပေ့ ရက်စက်ကြပါပေ့ကွယ်။ ဒီကမ္ဘာမှာ စစ်ဆိုတာ ဘယ်နည်းနဲ့မှ မရှိသင့်ပါဘူး။ စစ်ဆိုတဲ့စကားတောင် ဖျက်ပစ်ရလိမ့်မယ်။ တို့မှာရှိတဲ့ အင်အားတွေ အကုန်သုံးပြီး စစ်ကိုတားရမယ်"

နောက်နှစ်လလောက်အကြာတွင် အိုင်စတိုင်း မျှော်လင့်ခဲ့သည်များ အကောင် အထည်ပေါ်စ ဖြစ်လာသည်။ ပြင်သစ်နှင့် ဂျာမန် စစ်ဆန့်ကျင်ရေးသမား၊ ငြိမ်းချမ်းရေး

www.burmeseclassic.com

www.burmeseclassic.com



သမားများသည် ဂျာမန်ပါလီမန်တွင် မိတ်ဆွေအဖြစ် အစည်းအဝေးပွဲ ကျင်းပပြုလုပ်ကြလေသည်။

အစည်းအဝေးပွဲကြီး စလျှင်စချင်း ပြင်သစ်အမျိုးသားတစ်ဦးက ပွဲခင်းထဲမှ ထတဲ့ပြီး အိုင်စတိုင်းကို လက်ညှိုးထိုးပြကာ

"ဟောဟိုမှာ အဲသက်ထင်ရှားရှိသေးတယ်။ အဲဒါ သက်သေခံပဲ။ ပြင်သစ်နဲ့ ဂျာမနီပညာရှင်တွေဟာ ညီရင်းအစ်ကိုသဖွယ် အတူလက်တွဲပြီး ကမ္ဘာသူ ကမ္ဘာသားတွေ ကောင်းစားရေးအတွက် ဆောင်ရွက်နိုင်ကြောင်း ပြခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ"ဟု ထ၍ ဟစ်ကြွေးလိုက်လေသည်။ ပရိသတ်ကြီးမှာ ဝုန်းခနဲ ထိုင်ရာမှထကာ အိုင်စတိုင်းအား ကောင်းချီးသြဘာ ပေးလိုက်ကြသည်မှာ သူကိုယ်တိုင် မျက်ရည်လည်မတတ် ဖြစ်ရသည်။ ပရိသတ်၏သြဘာသံ ကောင်းချီးပေးသံကား ဘဝင်ညံ ချိမ့်ချိမ့်သဲခဲ့လေသည်။

နောက်နှစ်ပတ်လောက်အကြာတွင် ဝေါ်လ်သာ ရာသ်နောသည် လက်ယာအကြမ်းဖက်သမားတစ်ဦးက လမ်းပေါ်တွင်ပစ်သတ်သည့် လက်ချက်ဖြင့် အသက်ဆုံးခဲ့ရလေသည်။

အိုင်စတိုင်း၏သွေး ဆူခဲ့ရပြန်ချေပြီ။ ရာသ်နောဟာ တကယ့် လူကောင်းတစ်ယောက်ဖြစ်ကြောင်း ဂျာမနီသမ္မတနိုင်ငံ၏ ကျောရိုးအမာခံလူ တစ်ယောက်ဖြစ်ကြောင်း တဖွဖွပြောတော့သည်။

ဘာလင်တက္ကသိုလ် ပါမောက္ခများက ရာသ်နောအတွက် သတိရကြောင်း ဆုတောင်းပွဲတစ်ခုလုပ်ရန် အိုင်စတိုင်းအားလည်း ပါဝင်ရန်ပြောရာ အိုင်စတိုင်းက ဒေါသကြီးစွာဖြင့် ပြန်ပြောသည်။

"သူလိုလူတစ်ယောက် အသတ်ခံရတဲ့ကိစ္စကို ခင်ဗျားတို့က သတိရတယ်ဆိုပြီး ဆုတောင်းနေရုံနဲ့ ကိစ္စပြီးမလား။ တက္ကသိုလ်ကလူတွေအနေနဲ့ ဆန္ဒပြပွဲလုပ်ပြီး လူသတ်ဝါဒကို ရှုတ်ချရမယ်၊ နိုင်ငံရေးဂိုဏ်းဂဏဝါဒကို တားဆီးရမယ်"

သို့ရာတွင် အိုင်စတိုင်း၏စကားများကို အကောင်အထည် မဖော်ခဲ့ကြချေ။

ဤကဲ့သို့ မနားမနေပြောနေသည့်အတိုင်း အိုင်စတိုင်းကိုလည်း လုပ်ကြံကြတော့မည်ဆိုသည့်သတင်း ပေါက်ကြားလာသည်။ ပရက်ရှင်း အကာယ်ဒမီမှ လုပ်ဖော်ကိုင်ဖက် ပညာရှင်များသည် ဤသတင်းကိုကြားသည်။ သတင်းကြားသည်နှင့် တစ်ပြိုင်နက် အိုင်စတိုင်းအား ရုံးသို့မလာရန်နှင့် ဤဘာလင်တက္ကသိုလ်ကိုပါ စွန့်သွားရန် အကြံပေးကြသည်။ သတင်းစာများက စုံစမ်းလာသောအခါ ပါမောက္ခများက အိုင်စတိုင်းသည် ကျောင်းပိတ်ရက်အတွင်း အနားယူရန် ဂျာမနီမှထွက်သွားပြီဟု သူတို့က ပြောလိုက်၏။

သို့ရာတွင် သတင်းထောက်များကား ပါမောက္ခများထက် လည်ကြသည်။ မကြာခင်မှာပင် အိုင်စတိုင်းနှင့် သူတို့တွေ့ဆုံကြပြီး ဘာကြောင့် သူ၏ စီစဉ်ထားသော တရားဟောပွဲများကို ဖျက်လိုက်ကြောင်း မေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းကမူ သူသည် ပုန်းနေသည်ဆိုသောအချက်ကို လုံးဝ လက်မခံ။

အကယ်ဒမီမှ ပါမောက္ခများ စုံရိပ်ပူပန်ကြသည်ထက် အဆအရာ ပို၍ သောက ရောက်ရသူမှာ အယ်လ်ဆာဖြစ်၏။ အယ်လ်ဆာက လင်တော်မောင် အိုင်စတိုင်းအတွက် ပူရပင်ရလွန်းသောကြောင့် စားမဝင် အိပ်မပျော် ဖြစ်နေတော့သည်။ သူ့ကို မရရသည့် နည်းနှင့်တားပြီး နှစ်ပတ်လောက် အိမ်ထဲက အပြင်မထွက်စေဘဲ ထားသည်။ နှစ်ပတ်လောက်သာ အယ်လ်ဆာ စိတ်ချမ်းသာအောင် အိမ်ထဲက အပြင်မထွက်ဘဲ နေနိုင်သည်။ သည့်ထက်တော့ ပို၍ သည်းမခံနိုင်တော့။

"ဒီလောက်တောင် သူတို့က ငါ့ကို သတ်ချင်ကြသပ ဆိုရင်လည်း သတ်ကြပါစေ"ဟု သူက အောင့်အည်းမနေနိုင်တော့ ပွင့်ထွက်သွားသည်။

ဩဂုတ်လ ၁ ရက်နေ့တွင်ကား ကျောင်းသားများ အိမ်ရှင်မများနှင့် လစ်ဘရယ် ဝါဒီများသည် ဘာလင်မြို့စွန်တွင် ဆန္ဒပြပွဲကြီးတစ်ရပ် ကျင်းပကြလေတော့သည်။ သူတို့၏ကြွေးကြော်သံမှာ "စစ်ကိုမလိုချင်ဘူး"ဟူ၍ ဖြစ်၏။ အိုင်စတိုင်းသည် အမိုး ဖွင့်ကားတစ်စီး၏ နောက်ကထိုင်ပြီး ဆန္ဒပြပွဲသို့ ကိုယ်တိုင်တက်ရောက်ရန် သွားခဲ့ လေသည်။

ဘာလင်တစ်မြို့လုံး သူ့မျက်နှာကို မသိသူကား မရှိသလောက် ရှားသည်။ သူ့ရုပ်ပုံမှာ မဂ္ဂဇင်းမြောက်မြားစွာ၏အဖုံးတွင် ဖော်ပြခဲ့ပြီးဖြစ်၍ လူတိုင်း သူ့ကို သိနေ ကြပြီ။ သတင်းစာတိုင်းတွင် အကြိမ်ပေါင်းမြောက်မြားစွာ သူ့ဓာတ်ပုံကို မြင်ခဲ့ကြဖူးပြီ။ ယင်းသို့ ဆန္ဒပြ ကြွေးကြော်သည့်နေ့တွင် မရှင်မပြုံးသောမျက်နှာဖြင့် လမ်းမပေါ်တွင် ဆန္ဒပြသူများနှင့်အတူ အိုင်စတိုင်း လိုက်ပါနေသည်ကို တွေ့ရပြန်သည်။

နောက်နေ့ကစ၍ အိုင်စတိုင်းသည် လေဒင်တက္ကသိုလ်သို့ ခရီးရှည် ထွက်သွား လေသည်။

ထိုနေ့ကလည်း ခါတိုင်းခရီးထွက်သကဲ့သို့ပင် ရထားနှင့် ရိုးရိုးတန်းက စီးပြီး လိုက်ပါသွားခြင်းဖြစ်၏။ သူ့ရှေ့က ထိုင်ခုံတွင်ထိုင်နေသော သူတစ်ယောက်က သူ့ကို လမ်းတစ်လျှောက်လုံး အကဲခတ်၍ လိုက်ပါလာခဲ့လေသည်။ ထိုသူကား တခြားသူ မဟုတ် အယ်လ်ဆာ တိတ်တဆိတ် ငှားရမ်းထားသော သူ့သက်တော်စောင့်ပင်ဖြစ်၏။ အကယ်၍ အိုင်စတိုင်းသာ ဤအဖြစ်ကိုသိလျှင် အယ်လ်ဆာအပေါ်တွင် ကျေနပ်မည် မဟုတ်ပေ။

လေဒင်မှ ပြန်ရောက်လာသည့်အချိန်တွင်လည်း အိုင်စတိုင်းသည် သူ့အလုပ်ကို စိတ်ချလက်ချမလုပ်နိုင်ဘဲ ရှိနေလေသည်။ ဘာလင်မှာတော့ ဆက်နေချင်စိတ်လည်း မရှိတော့။ သူသည် ဘာလင်ကို စိတ်ကုန်ခဲ့ချေပြီ။ အမှန်တော့ ဘာလင်မှာမနေချင်၍ ထွက်သွားမည်ဆိုလျှင်လည်း သူ့အဖို့မှာ တော့ ပြဿနာမရှိလှ။

www.burmeseclassic.com

www.burmeseclassic.com



၁၉၂၂ ခုနှစ်တွင် ရီလေတီဗတီအကြောင်း တစ်ကမ္ဘာလုံးက သိနေပြီ။ နိုင်ငံပေါင်း မြောက်မြားစွာကလည်း သူ့ကို စရိတ်စကခံကာ ဖိတ်ခေါ်နေကြ၏။ ထို့ကြောင့် ယင်းနှစ် အောက်တိုဘာလဆန်းတွင် အိုင်စတိုင်းနှင့် အယ်လ်ဆာတို့သည် မာဆေးမြို့သို့ ရထားနှင့်ထွက်ခဲ့ကြပြီး ထိုမြို့မှတစ်ဆင့် ဂျပန်သင်္ဘောဖြင့် အရှေ့တိုင်းနိုင်ငံများဆီသို့ ၆ လကြာ ခရီးရှည် ထွက်ခဲ့လေတော့သည်။

○

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

# ကမ္ဘာကျော် နိုဘယ်ဆုကြီး

အောက်တိုဘာ၏ နေရောင်ခြည်ကား အရှေ့ဘက် ကမ္ဘာတစ်လွှား၌ သာတောင့်သာယာ ရှိလှသည်။ ဂျာမန်သင်္ဘောကြီးသည် အိုင်စတိုင်းတို့ ဇနီးမောင်နှံအား ဓလေ့ဘာသာ ခြားသော အရှေ့တိုင်းကမ္ဘာဆီသို့ သယ်ဆောင်ယူခဲ့လေသည်။

အိုင်စတိုင်းတို့ဇနီးမောင်နှံ လိုက်ပါလာခဲ့သော သင်္ဘောကြီးသည် သီဟိုဠ်နိုင်ငံ ကိုလံဘိုမြို့ဆိပ်ကမ်းသို့ ကပ်လိုက်လေသည်။ အိုင်စတိုင်းသည် အိပက်အိပက် ပေါင်း ကူးပျဉ်ပြားတံတားပေါ်မှ ကမ်းပေါ်သို့ လှမ်းတက်လိုက်သည်ဆိုသည်နှင့် တစ်ပြိုင်နက် အရပ်ရှည်ရှည် အသားမည်းမည်း ဟိန္ဒူကုလားမှာ ခါးတောင်းကျိုက်ဟန် ဝတ်ထားသော ဒိုတီလုံချည်ကို ဝတ်ထား၏။ တစ်ကိုယ်လုံး အမွေးအမှင်မရှိသဖြင့် သူ့ကိုယ်မှာ ပြောင်ချောနေ၏။ လူက ဗလပိန်သေးသေး ဖုန့်အလိမ်းလိမ်းကပ်နေသော သူ့ကိုယ်ပေါ်မှ ကြွက်သားများကား ပေါက်ကွဲထွက်တော့မည့်ကဲ့သို့ မာတင်းနေကြ၏။ သူ့ပါးစောင် နှစ်ဖက်တွင် အမြှုပ်စီစီ ထလျက်ရှိ၏။ အိုင်စတိုင်းမျက်စိထဲတွင် သူ့ကိုမြင်ရသည်မှာ လောကကိုမမှု ဖြစ်သလိုနေသူတစ်ယောက်ဟု ထင်မြင်ရှိ၏။

အိပက်အိပက် ပျဉ်ခင်းပေါင်းကူးတံတားပေါ်မှ ကမ်းပေါ်သို့ တွားတက်လာရ သော အိုင်စတိုင်း၏ လက်မောင်းရင်းမှ သူက ဆွဲယူရင်း ဟိန္ဒူဘာသာစကားဖြင့် 'ဆားဗ်'နှင့် ပြောနေ၏။ သူကမူ နားမလည်။ ထို့နောက် သူ့ကို ထိုသူက ဆွဲခေါ်သွား ပြီးနောက် နောက်မှီခေါင်းအုံးကလေး ခံထားသော လန်ချားတစ်ခုပေါ်တွင် ထိုင်ခိုင်း လေ၏။ ထို့နောက် သူကမူ လက်တန်းနှစ်ခုကြား ဝင်လိုက်ပြီး ဆတ်ခနဲ လန်ချားကို မကာ ကြော့ကြော့ကလေး ပြေးထွက်မည် လုပ်တော့သည်။

"ဟော့ ဟော့ ရပ် ရပ်၊ ဘုရားရေ ငါ့ကို ချထားခဲ့စမ်းပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



လန်ချားသမားလည်း ရပ်လိုက်သည်။ အိုင်စတိုင်းလည်း လန်ချားပေါ်မှ ခုန်ချ၏။ ခေါင်းထဲတွင်မူ မြင်းလည်းမဟုတ်၊ နွားလည်းမဟုတ်ပါဘဲလျက် လူတစ်ယောက်က နွားလိုဆွဲသည့် လှည်းပေါ်တွင် လူတစ်ယောက်က ထိုင်ပြီး အငြိမ့်သားလိုက်ရမည်ဆိုသည်မှာ လူမဆန်လိုက်သည့်ဖြစ်ခြင်း။ သူသည် ထေခွဲလို့မရအောင် စိတ်ထဲလည်း ထိခိုက်သွားသည်။

ထို့နောက် အယ်လ်ဆာကို လှမ်းကြည့်လိုက်ရာ သူ့ကိုလည်း လန်ချားသမားတစ်ဦးက လန်ချားပေါ် တင်ဆွဲမည်ပြုနေ၏။

"ဟော့ တော်ပြီ တော်ပြီ၊ မစီးနဲ့"

အယ်လ်ဆာက ရပ်လိုက်ရသည်။

ထိုအချိန်တွင် သင်္ဘောပေါ်မှ အရာရှိတစ်ဦး သူတို့အနီးသို့ ရောက်လာသည်။ အိုင်စတိုင်းသည် အလွန်ရှက်ရွံ့သွားသည်။ ဤသို့ပြုမူမိခြင်းမှာ မိမိအပြစ်ဖြစ်ကြောင်း ဝန်ခံသည့် မျက်လုံးများဖြင့် သင်္ဘောအရာရှိကို လှမ်းကြည့်နေမိ၏။

"ခုလို လူကို လူကတက်စီးတာ ရိုင်းစိုင်းတဲ့ အပြုအမူတစ်ရပ်ပါပဲဗျာ"

သူ့အသံကမူ ဝန်ချတောင်းပန်သံ ပါနေ၏။

သင်္ဘောအရာရှိသည် အိုင်စတိုင်း၏သဘောကို နားလည်၏။ အိုင်စတိုင်း၏ အမြင်ကိုလည်း လက်ခံသည်။ သို့သော် သူက ယခု အိုင်စတိုင်းရောက်နေသောနေရာမှာ အရှေ့တိုင်းဖြစ်၍ အနောက်တိုင်းကမ္ဘာနှင့် မတူကြောင်း သတိဖော်ပေးရသည်။

"အရှေ့တိုင်းကတော့ လူကြီးမင်းအတွက် တစ်သွေး တစ်သွင် ဖြစ်နေမှာပေါ့။ ဒီမှာမြင်ရတာ၊ တွေ့ရတာတွေဟာ အနောက်နဲ့တော့ နည်းနည်းကွာတာပေါ့ဗျာ။ ထုံးစံဓလေ့တွေက တစ်နေရာတစ်မျိုးပေပဲကိုး။ ကိစ္စမရှိပါဘူး။ ဒီမှာ လန်ချားစီးတာ မရိုင်းပါဘူး။ ထုံးစံတစ်ခု ဖြစ်နေတာဆိုတော့ စီးသာစီးပါ၊ စိတ်အနှောင့်အယှက်လည်း မဖြစ်ပါနဲ့"

သင်္ဘောအရာရှိက သူ့ကို လန်ချားစီးရန် တောင်းပန်ပြောရသည်။ ဟိန္ဒူအမျိုးသားကလည်း လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်ကပ်ကာ "တစ်မြို့လုံးပတ် နှစ်ကျပ်ပါပဲ ဆားဗ်၊ နှစ်ကျပ်ပါပဲ ဆားဗ်"ဟု တောင်းပန်တိုးလျှိုး၍ ဆိုနေပြန်၏။

အကယ်၍ သူကသာ တက်မစီးလျှင် ဤအမျိုးသားသည် သူ့အား ဒူးထောက်ရှိခိုး၍များပင် တောင်းပန်ပြောဆိုလေဦးမည်လားမသိ။ ထို့ကြောင့် မတတ်သာတော့ပြီဖြစ်၍ အိုင်စတိုင်းလည်း လန်ချားပေါ်တက်ထိုင်ရလေတော့သည်။ အယ်လ်ဆာကိုလည်း စီးရန်ပြောလိုက်ရ၏။ သူ့စိတ်ထဲတွင်တော့ လူကို မြင်းလိုသဘောထားပြီး လူဆွဲသောရထားကို အငြိမ့်သား စီးနင်းခဲ့ရလေသည်။

"ဤအပြုအမူအတွက် ကျွန်ုပ်ကား အလွန့်အလွန် ရှက်ခဲ့မိပါ၏"

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်း၏ နေ့စဉ်မှတ်တမ်းတွင် ထိုနေ့အဖြစ်အပျက်များ မှတ်တမ်းအဆုံးတွင် ဤနှယ် မှတ်ချက်တစ်ခုကို သိသိသာသာ ရေးသားလိုက်မိပေသည်။

"ဒီမှာတွေ့ရတဲ့ သူတောင်းစားတွေကလည်း မနည်းဘူး။ သူတို့ဟာ ရောက်လာကြတဲ့ ကမ္ဘာလှည့်ခရီးသည်တွေနှင့် တွေ့လျှင် တစ်ဖက်သားက သူတို့ကို အလှူပေးလက်မြှောက်ရသည်အထိ လုပ်တတ်ကြသည်။ သူတို့ကား တစ်မင်းပင်။ တစ်ဖက်ရင်ထဲအသည်းထဲ ထိခိုက်သနားလာအောင်လည်း ချွဲချွဲပျစ်ပျစ် သူတို့ပဲ လုပ်တတ်သည်။ သူတို့ တစ်ဖက်သားနှလုံးကို ယူကျုံးဆွဲငင်တတ်တဲ့ လူတွေနေထိုင်ရာ ရပ်ကွက်တွေထဲသွားကြည့်တော့ ခုထိ ရှေးခေတ်ဟောင်းက အနေအစားမျိုးပဲ ရှိသေးသည်။ ပြောစရာ၊ ခွင့်လွှတ်တဲ့ မျက်လုံးတွေနဲ့ ကြည့်စရာကတော့ တိုင်းတစ်ပါးသားရဲ့ မျက်စိထဲမှာ ဒီလူတွေ ဒီလိုနေကြစားကြတာ ဒီထက်တိုးတက်အောင် စိတ်မကူးကြတာဟာ ရာသီဥတုက တားဆီးမှုကြောင့်ပဲလို့ တွေးစရာရှိသည်။ သူတို့သည် မြေကြီးပေါ်က မတက်ကြသေး။ မြေကြီးပေါ်မှာနေရင်း တောင့်တင်းသန်မာလျက် ရှိကြ၏။ အားပြည့်အင်ရှိရှိကြ၏။ ရပ်ကွက်များမှာ အဆမတန် လူများပြီး သီးသန့်ခန်း လွတ်လွတ်ကျွတ်ကျွတ်နေရာကား ဘယ်မှာမှမရှိပေ။ သူတို့ကိုယ်ပေါ်မှာ ဆိုလျှင်လည်း အဝတ်လုံအောင်မရှိကြ။ ခါးပေါ်မှာသာအဝတ်ရှိပြီး ကိုယ်ပေါ်မှုကား ကိုယ်လုံးကျွတ်နှင့်ချည်း ဖြစ်ကြ၏။ နက်ပြောင်နေသော အသားအရေပေါ်တွင် မာတောင့်သော ကြွက်သားများ ဖြိုင်းရရိုင်းရှိ၍ ကြည့်လို့တော့ ကောင်းပါသည်။

သင်္ဘောသည် ပို့ဆက်ဆိပ်ကမ်းတွင်လည်း ရပ်နားခဲ့၏။ ထိုတွင် ဤလူမျိုးနှင့်တူသူများကို မတွေ့ခဲ့ရ။ ဤအရပ်က လူများက လိုဘနည်းကြသည်။ သူတို့ကိုစေ့စေ့ကြည့်ပြီး လေ့လာကာမှ ဥရောပသားများမှာ အလိုကြီးကြောင်း၊ ရမ္မက်ကြီးကြောင်း၊ စိတ်ဓာတ်အားဖြင့် ပို၍ယုတ်မာမှုရှိကြောင်း မြင်မိပေသည်။ ထိုသူများက ရမ္မက်ကြီး၍ ရပ်ဝတ္ထုများနောက်သို့ ကောက်ကောက်ပါကာ လက်တွေ့ပစ္စည်း ထုတ်လုပ်မှုပိုင်း၌သာ နေ၏။ သို့ရာတွင် ထိုသူများသည် ဤလိုရာသီဥတု ပတ်ဝန်းကျင်တွင် ဟိန္ဒူများကဲ့သို့ နေပါဆိုလျှင် နေနိုင်ကြပါမည်လားဟု ကျွန်ုပ် များစွာ သံသယဖြစ်မိ၏။ သင်္ဘောဆိပ်တွင် အလွန်အလုပ်များလှသည်။ ကြီးမားလေးလံလှသော ကုန်ပစ္စည်းထုပ်ကြီးများကို ဝန်ချီစက်ဖြင့် မသယ်ကြ။ လူကိုယ်တိုင် သယ်ပိုးတင်ချနေကြသည်မှာ သူတို့သည် ဟာကျူလီများလားပင် မှတ်ရပေတော့သည်။ သည်အထဲ ရေငုပ်သမားများကလည်း အသက်စွန့်ပြီး ရေငုပ်နေကြသည်မှာ ရဲလွန်းလှ၏။ သူတို့မျက်နှာကို အကဲခတ်ကြည့်လိုက်တော့ ပြုံးနေ၏။ အသက်စွန့်ရသည့် အလုပ်တစ်ခုကို သူတို့လုပ်နေရပါကလားဟု ထင်ပုံမပေါ်။ သူတို့ကား ရသမျှနှင့် တင်းတိမ်နိုင်၍ ပျော်နေကြပေသလော။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းသည် သူ့မှတ်တမ်းထဲတွင် ဤသို့လျှင် ရေးသားဖော်ပြခဲ့၏။

ထို့နောက် သူတို့ဧနီးမောင်နှံ လိုက်ပါလာသော သင်္ဘောကြီးသည် စင်ကာပူ၊ ဟောင်ကောင်၊ ရှန်ဟိုင်းမြို့များသို့ ခရီးဆက်ပြန်သည်။

အိုင်စတိုင်းကား အရှေ့တိုင်းတစ်ခွင် ပြည့်ပြည့်စင်စင်အောင် ခရီးလှည့်လည်နေသည်ကို မိမိကိုယ်မိမိ မာကိုပိုလိုလား မှတ်နေမိ၏။ အရှေ့တိုင်းအလှတွေက သူ့စိတ်ကို ဆွဲဆောင်သိမ်းကျုံးယူထား၏။ သည်ခဏမှာတော့ သူသည် စကြဝဠာကြီးအကြောင်းကိုပင် မေ့နေချေပြီ။

ယခုမှ အိုင်စတိုင်းသည် သူ့ဘဝတွင် မြေကြီး၏အလှကို ပထမဆုံးအကြိမ် နီးနီးစပ်စပ် မြင်ရခြင်းဖြစ်ပေသည်။ သင်္ဘောပေါ်မှတစ်ဆင့် ရှန်ဟိုင်းမြို့ဆိပ်ကမ်းသို့ သမ္ဗာန်နှင့်ကူးရပေရာ သမ္ဗာန်ပေါ်တွင် အိုင်စတိုင်းက ဇနီးသည်အား

"အနောက်ကမ္ဘာ ပြန်ရောက်ပြီး တို့မနီးခင်ကလေးမှာ ဒီအိပ်မက်ကလေးတွေ အကုန်မက်လိုက်ကြရအောင်လား အယ်လ်ဆာရယ်"ဟု သူက လှမ်းပြောမိသည်အထိ ဖြစ်ရ၏။

သင်္ဘောဆိပ်တွင် သူတို့မရောက်မီကပင် လူတွေ စောင့်ကြိုနေကြပြီ။ ရှန်ဟိုင်းမြို့ရှိ ဂျပန်ကျောင်းက ကလေးများက ဂျပန်သီချင်းကို သံပြိုင်ဆိုကာ သူ့ကို ကြိုကြသည်။ တရုတ်အရာရှိများ ဥရောပအရာရှိများ ပညာရှင်များကလည်း သူ့ကို မိတ်ဆက်ရန် စောင့်စားနေကြ၏။

သို့ရာတွင် အိုင်စတိုင်း၏မျက်စိအစုံသည် အရာရှိများဆီသို့မရောက်ဘဲ ကြီးမားသော ဝန်ထုပ်ကြီးများကို မနိုင်တနိုင် ပင်ပန်းကြီးစွာ သယ်ပိုးနေကြသည့် ကူလီအလုပ်သမားများထံသို့သာ ရောက်သွားလေသည်။

ကူလီများ၏ နောက်ဘက်ခပ်ယွန်းယွန်းနေရာတွင် တရုတ်အမျိုးသား အမျိုးသမီးများသည် ပျက်စီးနေသော လမ်းတစ်ခုကို ပြင်နေကြသည်ကိုလည်း သူမြင်သည်။ တရုတ်အမျိုးသား အမျိုးသမီးများမှာလည်း ကျောက်တုံးကြီးများကို ပင်ပန်းဆင်းရဲကြီးစွာဖြင့် ဖြိုခွဲ၍ လမ်းလုပ်နေကြ၏။

ထိုသို့လုပ်နေသည်ကို အနောက်နိုင်ငံသား လမ်းမိုလ်များက မင်းမူခိုင်းစားနေကြသည်ကို သူတွေ့လိုက်ရသည်။ ဤတွင် သူ၏မှတ်တမ်း၌

"တရုတ်အမျိုးသား အမျိုးသမီးများအပေါ်တွင် ဥရောပသားများ မင်းမူနေပုံကို မြင်ရသည်မှာ စက်ဆုပ်ရွံရှာဖွယ်လိလိ ဖြစ်တော့သည်။ ဥရောပသားများက တရုတ်အမျိုးသား အမျိုးသမီးများအပေါ်တွင် နွား ကျွဲများကို အခိုင်းရက်စက်သည်ထက်ပင် ဆိုးဝါးနိုင်းစေရုံသာမက ယုတ်ယုတ်မာမာ ဆက်ဆံနေကြသည်ကိုလည်း စိတ်ပျက်ဖွယ် တွေ့ခဲ့ရသည်"ဟု ရေးချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှန်ဟိုင်းသို့ရောက်သောအခါ လွန်ခဲ့သော ငါးရက်လောက်ကတည်းက သူ့နာမည် တပ်ပြီး ရောက်နေသော သံကြိုးစာတစ်စောင်ကို တွေ့ရသည်။ သံကြိုးစာများ ဆွီဒင်ပြည် သိပ္ပံအကယ်ဒမီက ရိုက်လိုက်သော သံကြိုးစာ ဖြစ်သည်။ သံကြိုးစာတွင် အိုင်စတိုင်းအား သူ၏ "ဖိုတိုအီလက်ထရစ် နိယာမတရားနှင့် အခြားသော သဘောတရားရေးရာ ရူပဗေဒပညာတို့ကို အောင်မြင်စွာရှာဖွေဖော်ထုတ်ခဲ့သည့် စွမ်းဆောင်မှုကြီးများအတွက် အကယ်ဒမီက သူ့အား ကမ္ဘာကျော်နိုဘယ်ဆုကြီးကို ချီးမြှင့်လိုက်ပါကြောင်း" ပါသည်။

သူ၏ ဖိုတိုအီလက်ထရစ်နိယာမမှာ ပလင့်က်၏ ကွမ်တမ်သဘောတရားကို တိုးချဲ့တီထွင်လိုက်သော နိယာမဖြစ်၍ လွန်ခဲ့သော ဆယ့်လေးနှစ်က သဘောတရား တစ်ရပ် ဖြစ်၏။ ယခုမှာ ထိုအတွက် နိုဘယ်ဆုချီးမြှင့်ခြင်း ဖြစ်ပေသည်။

ဤသံကြိုးစာတွင် သူ၏ တကယ်အောင်မြင်မှုကြီးဖြစ်သော ရီလေတီဗတီ အကြောင်းကား တစ်လုံးတစ်ပါဒမျှ မပါချေ။ အမှန်အားဖြင့် နိုဘယ်ဆု ရွေးချယ်ရေးအဖွဲ့ သည် ရီလေတီဗတီအကြောင်း မဖော်လိုက်ခြင်းမှာ ကိုယ့်ဘက်က သက်လုံကောင်းစေရန် ဆောင်ရွက်လိုက်ခြင်း ဖြစ်တန်ရာသည်။ အကြောင်းမူ ထိုစဉ်က ရီလေတီဗတီကား ကမ္ဘာတစ်ကမ္ဘာလုံးသို့ တောမီးလောင်သလို လောင်လျှက်ရှိသောကြောင့် ဖြစ်ယောင် ရှိသည်။ သို့ရာတွင် ဆုရွေးချယ်ရေးကော်မတီကမူ အိုင်စတိုင်း၏ ကြီးမားသောစွမ်းပကား ကို လျစ်လျူမပြုနိုင်ခဲ့ပေ။ သူသည် နယူတန်ပြီးနောက်တွင် အထင်ရှားဆုံး အကျော် ကြားဆုံးသော ရူပဗေဒပညာရှင်ကြီးတစ်ဦးဖြစ်သည်ကိုမူ လူတိုင်းက အသိအမှတ်ပြုခဲ့ပြီး ဖြစ်ချေပြီ။ သို့ဖြစ်၍ ယခုကဲ့သို့ ဆုရွေးချယ်ရေးအဖွဲ့က ကြားလမ်းရွေးလိုက်ခြင်းကလေး ကို အိုင်စတိုင်း စဉ်းစားပြီး ရယ်မိပေသည်။

ဂျပန်ပြည်ကား အိုင်စတိုင်း၏ နှလုံးသားကို ကြည်နူးမှုပေးနိုင်သော နေရာဖြစ် ပေသည်။ ဂျပန်ပြည်ကို နှစ်ခြိုက်လွန်းသောကြောင့် အိုင်စတိုင်းသည် ဂျပန်ပြည်တွင် နှစ်လကျော်ကျော်နေခဲ့၏။ ရင်သပ်ရှုမောဖွယ် သာယာတင့်လွန်းလှသည့် ဂျပန်ပြည်ကို အထက်အောက်စုန်ဆန်ကာ နေရာအနှံ့သို့ အိုင်စတိုင်းတို့ ဇနီးမောင်နှံနှစ်ဦး သွားပစ် လိုက်ကြသည်။

ဂျပန်ပြည်က လူတွေကို ကြည့်ရသည်မှာ ရိုးလွန်းစင်းလွန်းလှ၏။ သူတို့၏ အရိုးခံသဘာဝစိတ်ကလေးကို သူ့မှာ အားရကျေနပ်လို့မဆုံးအောင်ပင် ဖြစ်မိတော့သည်။

"ဂျပန်လူမျိုးတွေဟာ ကိုယ့်အထက် လူကြီးများကိုလည်း အင်မတန် ရိုသေ လေးစားကြတာကလား။ သူတို့မှာ တစ်ဦးကိုတစ်ဦး သံသယစိတ်၊ ငြူစူစိတ်လည်း အလျဉ်းမရှိသလိုပါပဲ။ လူတွေထဲမှာ ဂျပန်တွေလောက် စင်ကြယ်တဲ့ အသည်းနှလုံးရှိတဲ့ လူမျိုး ကျုပ်ဖြင့် တစ်ခါမှ မတွေ့ဖူးပါဘူး။ သူတို့လူမျိုးကိုရော သူတို့တိုင်းပြည်ကိုရော ကျုပ်တော့ဖြင့် သိပ်ကို လေးစားမိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ပြည်အကြောင်း သူပြောသမျှ အကောင်းချည်းပင်။

အိုင်စတိုင်းတို့ အလည်လာကြသည် ဆိုသောအခါ ဂျပန်ပြည် ဒိုက်ယက်လွှတ်တော်က သူတို့ကို အစိုးရဧည့်သည်တော်အဖြစ် ကြိုဆိုဧည့်ခံရန် ဆုံးဖြတ်ခဲ့ကြောင်း နောက်တော့ ကြားရသည်။ ဤသို့ လွှတ်တော်တွင် တင်ပြီး ဆွေးနွေးကြစဉ်က ရီလေတီဗတီအကြောင်း အတော်ပင် အငြင်းအခုံ ဖြစ်ကြရသေးသည် ဆို၏။ အမှန်မှာ ရီလေတီဗတီသည် ဘာမှန်းဆိုသည်ကို ဘယ်သူမှ မသိကြသေးပေ။ လွှတ်တော်အမတ်တစ်ဦးကမူ သူသည် အိုင်စတိုင်း၏ စာအုပ်တစ်အုပ်ကို အစအဆုံးဖတ်ဖူးကြောင်း၊ ထိုစာအုပ်၏ အမည်မှာ "ယောက်ျားနှင့် မိန်းမ အညမညဆက်ဆံပုံသဘောတရား"ဖြစ်ကြောင်း ထုတ်ဖော်ပြောဆို၏။

မည်သို့ပင်ဆိုစေ အိုင်စတိုင်းသည် အစိုးရက ဤသို့လာရောက် လည်ပတ်သည့်အတွက် ကြိုဆိုပါကြောင်း သဝဏ်လွှာကို လက်ခံရရှိခဲ့၏။

အိုင်စတိုင်းသည် ကိုင်အိုကီဂျူကာ တက္ကသိုလ်တွင် ရီလေတီဗတီအကြောင်း လေးနာရီမျှ ဟောကြားသည်။ ထိုဟောပြောပွဲသို့ ကေရာဇ် ယိုရှီဟိတိုလည်း တက်ရောက်နားထောင်သည်။ ပရိသတ်များမှာ လေးနာရီလုံးလုံး ငြိမ်ချက်သားကောင်းစွာဖြင့် နားထောင်နေကြ၏။ အိုင်စတိုင်း ပြောသမျှကို ပြန်ပြောသည့် စကားပြန်ကလည်း ကောင်းလှသည်။ စကားပြန်သည် အိုင်စတိုင်းပြောသည့်အတိုင်း ပရိသတ်နားရှင်းအောင် ကြိုးစား၍ ပြောပြနိုင်လေသည်။

ဂျပန်ပြည်တွင် ဟောပြောရသည့်နောက်ပိုင်း တရားပွဲများတွင် တိုတိုနှင့်လိုရင်း ခြုံပြီးပြောမည်ဟု စိတ်ကူးထားခဲ့၏။ သို့သော် သူ့အကြံအစည်အတိုင်းမဖြစ်ခဲ့။ တိုကျိုမြို့တွင် လေးနာရီကြာ ပြောခဲ့သလို ကျန်မြို့များတွင်လည်း လေးနာရီထက်မနည်း ပြောပါရန်နှင့် ထိုသို့ပြောမှသာ သူ့သိက္ခာကို လူတိုင်း သဘောပေါက်သည်ဖြစ်၍ အကျိုးများမည်ဖြစ်ကြောင်း တောင်းပန်ကြလေသည်။ အိုင်စတိုင်းမှာ မငြင်းသာတော့သဖြင့် လေးနာရီကြာ ဟောပြောရ၏။

ဂျပန်ပြည် အရပ်ရပ် ရောက်လေရာဒေသတိုင်း မြို့တိုင်းက လက်ဆောင်တွေ ပေးလိုက်ကြသည်မှာလည်း တောင်ပုံရာပုံဖြစ်၏။ မလိုချင်ပါဟုငြင်းရန်မှာလည်း မဖြစ်နိုင်။ တန်ဖိုးကြီးမားပြီး ထည်ဝါခမ်းနားသည့် လက်ဆောင်ဖြစ်မှုကား အိုင်စတိုင်းလည်း ယူမည်မဟုတ်။ ယခုပေးသော လက်ဆောင်များမှာ ဂျပန်နှင့် အရှေ့တိုင်းကမ္ဘာကို သတိရစရာ လက်ဆောင်များသာဖြစ်၍ သူကလည်း နှစ်နှစ်ခြိုက်ခြိုက် လက်ခံယူခဲ့သည်။ လက်ဆောင်တွေထဲတွင် တရုတ်ပိုးဖဲတွေထက် ပို၍ အိုင်စတိုင်းမက်သော လက်ဆောင်မှာ တယောအသစ်ကလေးတစ်လုံးနှင့် ဂျပန်ပြည်မှကလေးများ ရေးဖွဲ့ပေးသည့် ပန်းချီကားချပ်ကလေးများကို စုပေါင်းချုပ်ထားသော စာအုပ်တစ်အုပ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ပြည်မှာ သူ့ကို အော်တိုစာအုပ် လာကမ်းသဖြင့် လက်မှတ်ရေးထိုးပေးရသည်ကိုပင် သူက ပျော်နေမိသည်။ သူ့ကို အော်တိုရေးခိုင်းသူများက စာရွက်ပေါ်တွင် ခဲတံနှင့် လက်မှတ်ရေးထိုးမခိုင်းဘဲ ပိုးစပေါ်တွင် ခရမ်းရောင်မင်နှင့် စုတ်တံနှင့် ထိုးပေးခိုင်းကြသည်။ သူကလည်း စိတ်ရှည်လက်ရှည် သူ့နာမည်ကို စုတ်တံဖြင့် ရေးပေးတတ်လေသည်။

ဂျပန်ပြည်မှ ထွက်ခွာခဲ့ရသော အချိန်တွင်တော့ အိုင်စတိုင်း မျက်ရည်ကျမိ၏။ အိုင်စတိုင်း မျက်ရည်ကျတတ်သည်မှာ စိတ်လှုပ်ရှားမှုကြောင့်လည်းဖြစ်သည်။ သူကိုယ်တိုင်ကလည်း မျက်ရည်လွယ်သောကြောင့် ဖြစ်လေသည်။ အိုင်စတိုင်းသည် လေပြေညင်းညှံ့ညှံ့ကလေး တိုက်ခတ်လာသော်မှ မျက်ရည်ကျတတ်သူဖြစ်၏။ ဤကား အမျိုးကို လိုက်ခြင်းပေပဲလား မသိ။ သူ့အဖေရော၊ သူ့သားသမီးတွေပါ အားလုံး မျက်ရည်ခပ်လွယ်လွယ်ချည်း ဖြစ်ကြသည်။

အမှန်တော့လည်း အိုင်စတိုင်းသည် ဂျပန်ပြည်ကို ချစ်နေမိသည်။ နောင်အခါ စိတ်ထဲခံစားရသည်နှင့် စာကလေးတစ်စောင် ရေးခဲ့သေးသည်။

"ဂျပန်ပြည်ဟာ တကယ်တော့ အဆိုးအပိတ်မရှိတဲ့ ရေနွေးကရား ကလေးလို ပါပဲကလား။ တိုးပွားလာတဲ့ လူဦးရေအတွက် နေစရာမြေကလည်း မလုံမလောက်ဖြစ်နေရသည်။ တကယ်တော့ ဤပြဿနာတွေသည် အကယ်၍ ပြင်းထန်သော ပဋိပက္ခမှုတွေမဖြစ်ဘူးဆိုလျှင် ပြေလည်တန်ကောင်းပါ၏"

သူသည် ဂျပန်ပြည်အတွက် စိုးရိမ်စိတ်နှင့် ရေးမိသည်။

သူ ဂျပန်ပြည်မှမပြန်ခင်ကတည်းက ဇီယွန်ဂိုဏ်းသားများက သူ့အား ဥရောပသို့ အပြန်တွင် ပြန်လည်တည်ဆောက်နေပြီဖြစ်သော ယေဝတီများ၏ ပါလက်စတိုင်းပြည်ကြီးကို ဝင်ကြည့်ပါဦးဟု တိုက်တွန်းထားသည်။ သူကလည်း ကြည့်ချင်သည်နှင့် လက်ခံလိုက်၏။

သို့သော် သူ့အနေနှင့် တစ်ကမ္ဘာလုံးက ပိုင်းအုံချီးကျူးကြသည်ထက် ယေဝတီလူမျိုးများက အုံကြွချီးကျူးမှုတွေကို ခံရပေဦးမည်။ အမေရိကန်ပြည်ထုတ် 'ယေဝတီသမာဓိ' သတင်းစာကလည်း သူ့အား တစ်ကမ္ဘာလုံးတွင် အတော်ဆုံးယေဝတီဟု တအားချီးကျူးခန်း လုပ်နေလေသည်။

တကယ်တမ်း ပါလက်စတိုင်းပြည်ကို လျှောက်ကြည့်တော့မှ သူ့မှာ တအံ့တဩ တွေ့နေရ၏။ ဤတိုင်းပြည်တစ်ပြည် ထူထောင်နေပုံကို သူ ထိတွေ့ခံစားရချက်များကို ဝါကျရှည်ကြီးတစ်ခုဖြင့် ထုတ်ဖော်ရေးပြခဲ့ဖူးသည်။

"ပါလက်စတိုင်းပြည်ကြီး တစ်ပြည်ကို ရှေ့ဆောင်တည်ဆောက်နေကြသည့် အသိဉာဏ်ပညာနှင့် စာရိတ္တအားဖြင့် ပြောစရာမရှိသည့် အမျိုးကောင်းသားသမီးများ၊

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ်တောက် ပူလောင်သည့် ပါလက်စတိုင်း နေခြည်အောက်တွင် ကျောက်တုံးကြီးတွေကိုခွဲပြီး လမ်းသစ်တွေ တည်ဆောက်နေကြပုံကို မြင်ရတော့။ သြဇာခေတ် ခေါင်းပါးပြီး သဲကန္တာရကြီးလို ဖြစ်နေသည်။ မြေပြင်ကို သြဇာခေတ် ပြည့်လျှမ်းပြီး လန်းဆန်းလာအောင် ရှိသမျှအင်အားနဲ့ အိတ်သွန်ဖာမှောက် လုံ့လစိုက်ထုတ်ပြီး တူးဆွနေကြတဲ့ တိုင်းပြည်ထူထောင်သူတွေကို မြင်ရတော့။ တိုင်းပြည်ရဲ့ သယံဇာတ ရာသီဥတုနဲ့ ကိုက်ညီအောင် ရေသွယ်မြောင်းတွေတူး၊ စက်မှုလက်မှုတွေ ထူထောင်ကြသည်ကို မြင်ရတော့ နောက်ဆုံး မူလတန်းကနေ တက္ကသိုလ်အထိ ပွင့်လန်းလာမည့် ပညာရေးစနစ်ကြီးကို အားရှိသမျှနဲ့ ထူထောင်နေကြတာကို မြင်ရတော့ မည်သူဖြစ်ဖြစ်၊ မည်သို့သော အယူ မည်သို့သောတိုင်းနိုင်ငံသားပဲဖြစ်ဖြစ် အဘယ်မှာလျှင် ရင်သပ်ရှုမော အံ့သြခြင်း မရှိဘဲ နေနိုင်ပါအံ့နည်း"ဟု ထုတ်ဖော်မြွက်ဟရေးသားရသည်အထိ ဖြစ်ခဲ့ရပေသည်။

ပါလက်စတိုင်းပြည်ကို စိတ်အားတက်ကြွစွာနှင့် လေ့လာပြီးဆုံးပြီဖြစ်၍ ၁၉၂၃ ခုနှစ် နွေဦးပေါက်ရာသီတွင် ဘာလင်သို့ အလုပ်ပြန်ဝင်မည် ဟူသော ရည်ရွယ်ချက်နှင့် ပြန်လာခဲ့လေသည်။

လူရေးလူရာ (နိုင်ငံရေး စစ်ရေး စသည်) ကိစ္စများနှင့် သူ့ကိုယ်သူ မည်ရွေ့မည်မျှ ပတ်သက်သော လူတစ်ယောက်ဖြစ်နေရပြီ၊ လူတွေကလည်း သူ့အပေါ် ဘယ်လောက် ထင်မြင်ယူဆနေကြပြီဆိုသည်ကိုမူ သူ့မှာ နားမလည်နိုင်အောင် ဖြစ်ရတော့သည်။ မိမိဘာသာ စဉ်းစားကြည့်တော့ အခိုက်အတန့်အားဖြင့် လုပ်ကိုင်ဆောင်ရွက်ချက်များသည်ပင်လျှင် သူလို သိပ္ပံပညာရှင်တစ်ဦးအနေနှင့် လုံလောက်နေပြီ။ အထိုက်အလျောက် ဆောင်ရွက်ပြီးပြီဟု ထင်မိသည်။ သို့ရာတွင် သူပါဝင်နေခဲ့သော တချို့သော အဖွဲ့အစည်းများအနေနှင့် လူ့လောက တိုးတက်ကောင်းမွန်ရေးအတွက် ဘာတစ်ခုမျှ မည်မည်ရရ ဆောင်ရွက်နိုင်သည်ကို မတွေ့ရသောအခါ သူ့မှာ စိတ်ဆင်းရဲရ၏။

ပထမဆုံး သူဆောင်ရွက်ရမည့် အချက်မှာ နိုင်ငံတကာ အစည်းအရုံးကြီးမှ နိုင်ငံအချင်းချင်း ရိုင်းပင်းကူညီရေး ကော်မတီဝင်အဖြစ်က နှုတ်ထွက်ရန်ကိစ္စ ဖြစ်၏။ လွန်ခဲ့သော တစ်နှစ်လောက်ကစ၍ ဤကော်မတီတွင် သူပါဝင်နေခဲ့၏။ ကော်မတီ အစည်းအဝေးများကိုမူ သူ မတက်ဖြစ်ခဲ့။

ဖန်နဝါရီလက ပြင်သစ်နှင့် ဘယ်လဂျီယံတို့သည် ဂျာမနီက စစ်လျော်ကြေးပေးရန်ရှိနေသော ကျောက်မီးသွေးများကို အပြေအလည် မပေးရကောင်းလားဆိုကာ ဂျာမနီပိုင် 'ရုဟာ'နယ်ကို သိမ်းပိုက်ခဲ့ကြသည်။ ဤသို့ နယ်သိမ်းပယ်သိမ်းလုပ်သည့် အမှုသည် တစ်နိုင်ငံက တစ်နိုင်ငံကို ကျူးကျော်သည့် အမှုမျိုးသာဖြစ်၍ နိုင်ငံတကာ အသင်းအဖွဲ့ကြီးတစ်ခု၏အခြေခံမူကို သွေဖည်ဖောက်ဖျက် မထိမဲ့မြင်ပြုခြင်းသာဖြစ်သည်ဟု အိုင်စတိုင်း နားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အနေနှင့်မူ နိုင်ငံတကာအသင်းကြီးသည် နိုင်ငံတကာတို့အပေါ်တွင် အုပ်ချုပ်လွှမ်းမိုးနိုင်သော အာဏာစက်ရှိရမည်။ စစ်ဆိုလျှင် မည်သည့်စစ်မျိုးပဲဖြစ်ဖြစ် ရှောင်ရှားတားဆီးနိုင်သည့် တိကျမှန်ကန်သောဥပဒေနှင့် တရားစီရင်မှုရှိရမည်ဟုသာ မြင်သည်။ ဤအသင်းအဖွဲ့ကြီးအနေနှင့် ဤရည်ရွယ်ချက်များကို ဖြစ်ဖြစ်မြောက်မြောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မှုကား အိုင်စတိုင်းထောက်ခံမည်သာ ဖြစ်ပေသည်။

ယခုမူကား နိုင်ငံတကာအစည်းအရုံးကြီးသည် ဘာအာဏာစက်မျှမရှိ။ အသံသာရှိပြီး အဆံမပါသော သကြိန်အမြောက်ဖြစ်မှန်းမသိ ဖြစ်နေရကား ဤသို့သော အသင်းအဖွဲ့မျိုးတွင် အဖွဲ့ဝင်တစ်ယောက် ဖြစ်မနေချင်။ ထို့ကြောင့် ဘာလင်ပြန်ရောက်ပြီး များမကြာမီမှာပင် နှုတ်ထွက်လိုက်လေတော့သည်။

ဤကမ္ဘာ့အစည်းအရုံးကြီးထဲက အိုင်စတိုင်းထွက်လိုက်သည့်အတွက် ယခင်က နီးနီးစပ်စပ်ရှိခဲ့သော အဖိုးတန်မိတ်ဆွေများ သူ့မှာ ဆုံးရှုံးရသည်။ သူ့မိတ်ဆွေ အပေါင်းအသင်းထဲတွင် မဒမ်ကျူရီလည်း ပါဝင်သည်။ အဆိုပါနိုင်ငံအချင်းချင်း ကူညီရိုင်းပင်းရေးကော်မတီဖွဲ့စည်းစဉ်က မဒမ်ကျူရီလည်း ဤအဖွဲ့ထဲပါလာအောင် ဆွဲဆောင်ခဲ့သော အဓိကဇာတ်ဆောင်မှာ အိုင်စတိုင်းပင်ဖြစ်သည်။ မဒမ်ကျူရီကား တကယ့် သိပ္ပံပညာရှင်မကြီးတစ်ဦးဖြစ်၏။ မဒမ်ကျူရီအနေနှင့် သူ၏ သိပ္ပံပညာဆိုင်ရာ လုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေမည့် မည်သည့်အလုပ်ကိုမျှ လက်ခံခဲ့ဖူးသည် မရှိခဲ့။ အိုင်စတိုင်းက ပြောလွန်းသောကြောင့်သာ ယခုလိုအဖွဲ့ထဲ ပါဝင်လာရခြင်း ဖြစ်ပေသည်။

သူ့ဘဝ၏ တစ်ဝက်တစ်ပျက်ကို နိုင်ငံတကာ ညီညွတ်သွေးစည်းရေး လုပ်ငန်းအတွက် တိုက်ပွဲဝင်ရာတွင် သုံးရန် သဘောတူခဲ့သည်မှာ သည်တစ်ကြိမ်သာ ရှိခဲ့၏။ ယခုတော့ သူ့ကို မရမက ဆွဲဆောင်ခဲ့သော အိုင်စတိုင်းကိုယ်တိုင်က သူတို့ကို စ ပစ်ထားကာ အဖွဲ့ထဲမှ နှုတ်ထွက်ခဲ့ပြီ။ ဤကိစ္စအတွက် အိုင်စတိုင်းက မဒမ်ကျူရီအား တောင်းပန်စာ ရေးလိုက်သည်။ အကျိုးအကြောင်းတွေကိုလည်း ရှင်းပြလိုက်သည်။ သို့သော် မဒမ်ကျူရီက စာမပြန်တော့။

ထို့နောက် ဘရပ်ဆယ်လ်မြို့ ဆိုလ်ဗေးသိပ္ပံကွန်ဂရက်မှ အိုင်စတိုင်းအား ဖိတ်ကြားသည်ကိုလည်း သူက ငြင်းပယ်လိုက်လေတော့သည်။ သူငယ်ချင်းများဖြစ်သော လောရင့်စ်နှင့် အာရင်ဖက်စ်တို့က ကွန်ဂရက်သို့ တက်ရောက်ပါရန် ဖိတ်ကြားသေးသည်။ သို့သော် သူက အရေးတယူ မစဉ်းစားတော့ပေ။ ယင်းကွန်ဂရက်တွင် ဘာလင်မြို့ရှိ တခြားသိပ္ပံပညာရှင်များကိုတော့ မဖိတ်ကြားဘဲ သူ့ကိုမှ ရွေးဖိတ်ခြင်းကိုလည်း သူက မကျေမနပ် ဖြစ်မိသည်။

ထိုနှစ်နွေရာသီတွင် အိုင်စတိုင်းသည် ဆွီဒင်ပြည် ဂိုတီဘော့ဂ်မြို့သို့ နိုဘယ်ဆုအတွက် လက်ခံစကားပြောရန် ထွက်ခွာသွားလေသည်။ နိုဘယ်ဆုပေးပွဲသို့ နိုင်ငံတကာ

www.burmeseclassic.com

www.burmeseclassic.com



မှ တက်ရောက်လာကြသော ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးများမှာ ထည်ဝါသော အခမ်းအနားဝတ်စုံများကို ဝတ်ဆင်လျက် ရောက်ရှိနေကြလေပြီ။

ဆွီဒင်ပြည့်ရှင် ဘုရင်မင်းမြတ်ကလည်း အခမ်းအနားချိန်သင့်သဖြင့် အခမ်းအနားနှင့်တကွ ဆိုက်ရောက်လာလေသည်။

ထိုအချိန်အထိ စင်မြင့်ပေါ်သို့ အိုင်စတိုင်း ရောက်မလာသေး။ သူမှာ သာမန်ထမင်းစားပွဲတက်သည့်အခါများ၌ ဝတ်ဆင်သည့် ဝတ်စုံဟောင်းကို ဝတ်ရတုန်းရှိသေးသည်။

"ဆရာကြီး အလိုရှိမယ်ဆိုရင် အား... ကျွန်တော်တို့ အခမ်းအနား ဝတ်စုံကောင်းကောင်းပို့လိုက်ပါ့မယ် ဆရာကြီး"

တာဝန်ကျအရာရှိတစ်ဦးက သူ့အား ရိုသေစွာ လာရောက်ပြောကြားသည်။ ထိုအခါ အိုင်စတိုင်းက သူ့အင်္ကျီရင်ဖုံးစကို ဆွဲတဲ့ပြီး

"အေ ကောင်းသားပဲကွယ်၊ ကျုပ်အင်္ကျီကလည်း ခုပဲ ဝက်မှင်ဘီးနဲ့ တိုက်ချွတ်ထားတာပါ"

သူက ပြောရင်းဆိုရင်း တာဝန်ကျအရာရှိ ပေးလာသော ဝတ်စုံကို ဝတ်ဆင်ရန် လိုက်ပါသွားလေသည်။

အိုင်စတိုင်း နိုဘယ်ဆုရသော စာတမ်းမှာ ဖိုတိုအီလက်ထရစ်နိယာမ ဖြစ်ပေရာ လူတိုင်းက အိုင်စတိုင်းသည် ဖိုတိုအီလက်ထရစ်နိယာမအကြောင်း ပြောဟောလိမ့်မည်ဟု ထင်နေကြ၏။ သို့သော် အိုင်စတိုင်းကမူ သူ့စကားထဲတွင် ဖိုတိုအီလက်ထရစ် နိယာမအကြောင်း နာမည်ကလေးကိုပင်ထည့်ပြီးမပြော။ ဖိုတိုအီလက်ထရစ်နိယာမတရားအစားရီလေတီဗတီအကြောင်းကိုချည်း အစအဆုံး ပြောသွားလေတော့သည်။

ထို့နောက် နိုဘယ်ဆုကြီးအတွက်ပေးသော ချက်လက်မှတ်ကို အိတ်ထဲထည့်ပြီး အိမ်သို့ပြန်သွားလေတော့သည်။

နိုဘယ်ဆုကြီး၏ တန်ဖိုးမှာ ဒေါ်လာ လေးသောင်းငါးထောင် (မြန်မာငွေ ၂၂၅၀၀၀ ကျပ်ကျော်)တန်သည်။ ယခု ရရှိသောငွေမှာ အမှန်တော့ သူ့တစ်သက်လုံး လုပ်ပြီး စုဆောင်းလာသည့် ငွေထက်ပင် များသေးသည်။

ဤငွေတွေကို အလဟဿ ကုန်မသွားစေချင်။ အယ်လ်ဆာကတော့ အထိုက်အလျောက် စုထားဆောင်းထား အရင်းအနှီး မြှုပ်နှံထားတာရှိပြီ။ အယ်လ်ဆာသည် မီလီဗာနှင့်မတူ၊ သူ့မှာ မြန်မြန်အကျိုးအမြတ် ရရာရကြောင်း ကြည့်တတ်သည့် ဉာဏ်ရှိသည်။ အကယ်၍ ဤငွေတွေကို မီလီဗာထံသို့ ပို့လိုက်ပါက သူ ကောင်းကောင်းအသုံးချပေလိမ့်မည်ဟုလည်း သူ စဉ်းစားမိသည်။ ထို့ကြောင့် တစ်ပြားတစ်ချပ်မျှ မချန်ဘဲ ရသမျှဆုငွေတွေကို မီလီဗာထံသို့ ပို့လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာလင်မှတစ်ဆင့် ဆွစ်ဇာလန်သို့ ပို့ရသည့်အတွက် ငွေတစ်ဝက်လောက်မှာ နိုင်ငံခြားငွေလဲလှယ်ရာတွင် တန်ဖိုးလျော့သွားသည်။ ဘာပဲဖြစ်ဖြစ် မီလီဗာအနေနှင့် အိုင်စတိုင်း၏ စေတနာကို သိသည်။ ပြီးတော့ 'ရှဟာ'ကို အသိမ်းခံလိုက်ရကတည်းက ဂျာမန် 'မတ်'ငွေတန်ဖိုးတွေ လျော့ပြီး ငွေကြေးဖောင်းပွမှု ဖြစ်ရသည်ကိုလည်း မီလီဗာက သိနေသည်။ ပရပ်ရှန် အကယ်ဒမီကရသော အိုင်စတိုင်းလစာငွေသည်ပင် ဘာမှ အသုံးမကျတော့။ အခြေအနေကမူ အလွန့်အလွန် ဆိုးဝါးလျက်ရှိ၏။ အမေရိကန် တစ်ဒေါ်လာသည် ဂျာမန်ထုတ်စက္ကူ 'မတ်'ငွေ တစ်သန်းလောက်နှင့် ညီနေချေပြီ။

အိုင်စတိုင်းမှာ အိမ်ထောင်စုနှစ်ခုကို ထောက်ပံ့နေရသူဖြစ်သည်။ မည်သို့ဆိုစေ သူ့စေတနာကတော့ မီလီဗာ့အပေါ်တွင် ပိုသည်။ အိုင်စတိုင်းသည် သူမြတ်နိုးသော သိပ္ပံပညာဖြင့် ငွေရှာစားလိုစိတ်လည်းမရှိ။ သို့သော် သူ့မှာ အပြင်ကုမ္ပဏီကြီးများ၊ စက်မှုလုပ်ငန်းကြီးများနှင့် ဆက်သွယ်ပြီး အကြံပေးလုပ်ငန်း လုပ်သည့်အတွက် ဝင်ငွေတွေလည်း ရှိသေးသည်။ တခြားနိုင်ငံတွေကလည်း ဟောပြောရန် ဖိတ်ခေါ်သည့်အခါများတွင် အိုင်စတိုင်းသည် ခရီးစရိတ်ကလွဲ၍ တခြားဘယ်ငွေမျိုးကိုမှ လက်မခံ။ စက်မှုလုပ်ငန်းများအတွက် စက်မှုစီစစ်ရေး ပါရဂူတစ်ဦးအနေနှင့် ဆောင်ရွက်ပေးသဖြင့် ရသောငွေလောက်ကိုသာ သူယူသည်။

တစ်ခါတစ်ရံ အိုင်စတိုင်းသည် စက်မှုလုပ်ငန်းများကိုလည်း အပတ်တကုပ် လေ့လာပြီး သူပေးလိုက်သည့် အကြံများမှာလည်း အဖိုးမဖြတ်နိုင်လောက်အောင်ပင် တန်ဖိုးကြီးလှသည်။ တစ်ခါက ကုမ္ပဏီတစ်ခုကို ဓာတ်ငွေ့အသုံးပြုသည့် ရေခဲသေတ္တာများ အမြောက်အမြား ထုတ်လုပ်ရန် သူအကြံပေးသည့်အတိုင်း ထိုကုမ္ပဏီက ဆောင်ရွက်ခဲ့ရာ လွန်စွာအကျိုးစီးပွား ဖြစ်ခဲ့ဖူးသည်။ နောက်ကုမ္ပဏီတစ်ခုကလည်း သူတို့ ထုတ်လုပ်ထားသော စက်ကိရိယာတစ်ခုကို လေယာဉ်ပျံတွင် တပ်ဆင်အသုံးပြုလိုကြောင်း အကြံဉာဏ်တောင်းရာ အိုင်စတိုင်းကိုယ်တိုင် လေယာဉ်ဖြင့် လိုက်ပါစမ်းသပ်ပြီး အားရဝမ်းသာ ထောက်ခံချက်ရေးပေးသဖြင့် ကြီးပွားဖူးသည်။

ဇူးရစ်သည် ဘာလင်မှ ရထားစီးလျှင် ၁၀ နာရီလောက်သာ သွားရသည်။ အိုင်စတိုင်းသည် မကြာခဏဆိုသလို မီလီဗာနှင့် သွားရောက်တွေ့ဆုံပြီး တချို့ အရင်းအနှီးမြှုပ်နှံရေး ကိစ္စများအတွက် အကြံဉာဏ်တောင်းတတ်သည်။ အမှန်တော့ အိုင်စတိုင်းဘဝတွင် ပထမအိမ်ထောင်နှင့်နေရသည့် အခိုက်အတန့်ကလေးများသည် သာယာနှစ်လိုဖွယ်ရှိ၏။ ဟင်အဲလဗတ် တစ်ယောက်လည်း သူလိုက်စားနေသော အင်ဂျင်နီယာသင်တန်းနှင့်ဟပ်မိပြီး အလွန်အောင်မြင်နေ၏။ သည်လိုတွေ့ပြန်တော့ ဖခင်တစ်ယောက်အနေနှင့် သားအတွက် ကျေနပ်ရပြန်သည်။ ဟင်အဲလဗတ်သည် သူ့ဘဝလမ်းကြောင်း အရွေးမှန်သည်ဟုပင် ထင်မိပြန်၏။ သားအငယ် 'တက်ဒီ'(အက်ဒဝပ်)ကား အသက်

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်လေးနှစ်ရှိပြီ။ ဆယ့်လေးနှစ်သား အက်ဒဝပ်၏ဉာဏ်မှာ အဆမတန်အောင် ထူးချွန်ထက်မြက်နေသည်ကို တွေ့ရ၏။

အက်ဒဝပ်သည် ဖအေ့စိတ်၊ မအေသွေးပါသည်။ ဖခင်၏ခြေရာကို နင်းနိုင်ရုံသာမက ပိုလို့ပင် သာဦးမည်။ ဖခင်ကဲ့သို့ပင် အသိပညာကို လိုချင်ဆန္ဒ ကြီးမားမှု၌ ရောင့်ရဲသည်မရှိတတ်။ သူ့ဖခင်ကမူ သူစိတ်မဝင်စားသည် ပဲဖြစ်ဖြစ်၊ ဝင်စားသည်ပဲဖြစ်ဖြစ် ကြာကြာစွဲပြီး မမှတ်တတ် မေ့လွယ်ပျောက်လွယ်၏။ အက်ဒဝပ်ကား ထိုသို့မဟုတ်။ သူဖတ်ဖူးသမျှ၊ ကြားဖူးသမျှ တစ်ဆံခြည်မယွင်း အားလုံးကိုမှတ်မိသည်။ သူ့ခေါင်းထဲတွင် တစ်ခါမှတ်ဖူးလျှင် တစ်သက်မမေ့တော့သည့် လူစားမျိုးဖြစ်သည်။ ဖခင်ကမူ သူ့ခြေရာနင်းနိုင်မည့်သားထူးအတွက် ဂုဏ်ယူသည်။ သည်သားကိုမှ ဘယ်လိုချစ်မှန်းမသိ။ သို့သော် သည်သားတစ်ခုလုပ်လျှင် သူက နည်းနည်းကလေး ဝင်စွက်ပြောလိုက်ရမှ ကျေနပ်ချင်သည်။ အထူးသဖြင့် အက်ဒဝပ် စန္ဒရားတီးနေသည်ကိုတွေ့လျှင် ပို၍ သည်စိတ်မျိုး ပြင်းပြင်းပြပြ ဖြစ်လာတတ်သည်။

သူက အက်ဒဝပ် စန္ဒရားတီးပုံမှာ နည်းလမ်းတော့ကျသည်။ သို့သော် ပေါ့ရွတ်ရွတ်နိုင်သည်ဟု ဆိုသည်။ ထိုအခါမျိုး၌ အိုင်စတိုင်းက ဂီတအနုပညာဆိုသည် ဘယ်သို့ဘယ်ညာ စသည်ဖြင့် လေကြောရှည်ပြီး ဝေဖန်ပြောဆိုတတ်သည်လည်းရှိသည်။

မိလီဗာတို့ မိသားစုနှင့်အတူ သူနေထိုင်သည့် အချိန်ကလေးမှာ အမှန်တော့ တိုတောင်းသည်။ သို့သော် ဤတိုတောင်းသည့် အချိန်ပိုင်းကလေးကပင် သူတို့အပေါ်၌ အိုင်စတိုင်း ဘယ်လောက် ချစ်ခင်ကြင်နာမှုရှိသည်ကို ပြနေကြောင်း မိလီဗာနားလည်မိသည်။ တကယ်တော့ သူ့အချစ်သည် အသည်းမြေမှပေါ်မှ ပွင့်ထွက်လာသည့် အချစ်မျိုးပေပဲ။

"မင်းတို့အဖေဟာလေ မင်းတို့အပေါ် အင်မတန် ချစ်ရှာတယ်။ ဒါပေမဲ့ သူ့မှာ သူ့ကိုလည်း ပြန်မချစ်စေချင်တဲ့ဆန္ဒ အမြဲရှိတယ်။ ပြီးတော့ သူက မင်းတို့အပေါ် ဒီလောက်ချစ်တယ်ဆိုတာ သူမပြချင်ဘူး၊ သူ့ရင်ထဲကပဲ ကြိတ်ပြီးချစ်နေချင်တဲ့လူ"

ကလေးတွေကို ဖခင်အကြောင်း နားလည်အောင် မိလီဗာက ပြောပြသည်။

သူ့မှာ အလုပ်တွေ လုပ်စရာ တစ်ပုံကြီးရှိနေသည့်အတွက် အိုင်စတိုင်းသည် ဇူးရစ်တွင် ကြာကြာနေချင်သော်လည်း မနေနိုင်။ ဘာလင်သို့ ပြန်ရသည်။ မိလီဗာ စိတ်ထဲတွင်တော့ ဘာလင်တွင် သူ့အဖို့ ဘာများဒီလောက်စွဲမက်စရာရှိလို့များ ဒီဘာလင်ကို သူ မခွဲနိုင်မခွာရက် ဖြစ်နေရပါလိမ့်ဟု တွေးမိသည်။

အိုင်စတိုင်းကား လူတိုင်းအသိ၊ လူတိုင်းမျက်စိထဲတွင် ရောမ ကမ္ဘာကျော်ပြိုင်စံရှားကြီးဖြစ်နေပြီကိုလည်း မိလီဗာ သိပါ၏။ ဒါတွေကြောင့်လည်း သူ့အတွက် မိလီဗာ ဂုဏ်ယူလို့ဖြင့်မဆုံးပါ။

www.burmeseclassic.com

www.burmeseclassic.com



မိလီဗာ၏ရင်ထဲတွင်တော့ သူ့ယောကျ်ား နာမည်ကြီးကျော်ကြားမှုတွေသည် အယ်လ်ဆာအတွက်မဟုတ်မူ၍ သူ့အတွက်သာဖြစ်ပါစေဟုလည်း ကျိတ်ကာ ဆုတောင်းခဲ့ဖူးပါသည်။

ဟိုတစ်ကြိမ် ဘန်းမြို့တွင် နှစ်ဦးအတူ ချစ်ကြည်ဖြူစွာ နေခဲ့ကြစဉ်က သူ့ယောကျ်ားမှာ ရီလေတီဗတီ သဒ္ဓေသားကို အချိန်မီ မွေးဖွားနိုင်ဖို့အရေး နေ့မအားညမအား ရေနံဆီမီးခွက်ကလေးကိုထွန်းပြီး ကြိုးစားနေစဉ်က သူ့အနားတွင်ကပ်ကာ လိုရာအကူအညီပေးရင်း သူ့ယောကျ်ားကို ပန်းလိုပျိုးယူခဲ့ရသည်မှာ တကယ်တော့ မိလီဗာပင် မဟုတ်ပေလား။

ခုထိလည်း သူ့အတွက် ပူပင်ရတုန်းပင် ဖြစ်ပါ၏။ သူက ဘယ်လိုပင် ပစ်စွန့်လိုက်သည်ပဲဆိုဆို သူ့ယောကျ်ားကိုတော့ မိလီဗာ့ရင်ထဲက မမုန်းနိုင်။ သူ့ဘဝ သာယာငြိမ်းချမ်းပါစေလို့သာ မီလီဗာ ဆုတောင်းသည်။ ၁၉၂၃ ခုနှစ် ဆန်းစတွင် ဂျာမန်အမျိုးသားရေးဝါဒီ အကြမ်းဖက်သမားများက ယေဝတီများနှင့် လစ်ဘရယ်များအား နည်းမျိုးစုံဖြင့် ဒုက္ခပေးရန် ကြံစည်နေကြောင်း မိလီဗာကြားရပြန်တော့လည်း သူ့အတွက် ပူလိုက်ရသည့် ဖြစ်ခြင်း။

ဘာလင်တွင် အိုင်စတိုင်း၏စာတိုက်သေတ္တာထဲသို့ ခြိမ်းခြောက်စာများ တစ်ပြုံကြီးရောက်ရှိလာပြန်၏။ အလစ်သုတ်သမားများ၏ လူမဆန်စွာ ချောင်းမြောင်းလုပ်ကြံမည်ကို စိုးရိမ်ရသည့် အခြေအနေသို့ ဆိုက်ရောက်လာပြန်သည်။ ထိုအခါ အယ်လ်ဆာမှာ သူ့ကို ဘာလင်တွင် မထားဝံ့တော့။ အမြန်ဆုံး ဘာလင်မြို့က လွတ်ရာကျွတ်ရာ တစ်နေရာသို့ ထွက်သွားဖို့ တိုက်တွန်းရပြန်လေသည်။

ဤတစ်ကြိမ်တွင်မူ အယ်လ်ဆာ၏စကားကို သူမပယ်တော့။ သူ့အနေနှင့်တော့ ရန်များနီးစပ်နေပြီကို သူလည်း ရိပ်စားမိသည်ဖြစ်၍ ထိုနှစ် အောက်တိုဘာလဆန်းစတွင် လေဒင်တက္ကသိုလ်သို့ ခရီးယာယီ ရွှေ့ခဲ့ရပြန်သည်။

ပရပ်ရှင်း အကယ်ဒမီက အိုင်စတိုင်း ခရီးထွက်ခွာသွားကြောင်း ကြေညာသောအခါ လက်ယာအယူသီးဂျာနယ်သားများ၏ သတင်းစာအစောင်စောင်က အိုင်စတိုင်းသည် ရုရှားပြည်တွင်းသို့ ခိုဝင်သွားပြီလောဟု အမျိုးမျိုး ပုတ်ခတ် ရေးသားကြတော့သည်။ ဤသတင်းစာများသာမက တချို့ လက်ဝဲဆန်ဆန် ငြိမ်းချမ်းရေးဝါဒ လက်ကိုင်ထားသော လစ်ဘရယ်သတင်းစာများကပင် သို့လော သို့လော ဖြစ်ကြသည်။ သတင်းစာတစ်စောင်ကမူ အိုင်စတိုင်းသည် စိန့်ပီတာစဘတ်သို့ရောက်နေပြီဖြစ်ကြောင်း ကြေးနန်းသတင်းရရှိဟန် လုပ်ကြံရေးသားလာတော့သည်။

ဂျာမနီတွင် နိုင်ငံရေးလုပ်ကြံမှုများဖြင့် အုပ်အော်သောင်းသဲ ဖြစ်နေကြစဉ် အိုင်စတိုင်းနှင့် အာရင်ဖက်စ်တို့ နှစ်ဦးမှာမူကား လေဒင်တက္ကသိုလ်တွင် နောက်ဆုံး သူ

www.burmeseclassic.com



စဉ်းစားနေခဲ့သော ဆွဲဆောင်မှုစက်ကွင်းနှင့် လျှပ်စစ်စက်ကွင်း ပေါင်းစည်းရေးပြဿနာကို အပြင်းအထန် စဉ်းစားနေကြလေသည်။

နိဝင်ဘာလလယ်လောက်အထိ အိုင်စတိုင်းလည်း စိတ်ရှုပ်စရာကောင်းလှသော သတင်းစာများကို လုံးဝမကြည့်တော့ဘဲ ကိုယ့်ဘာသာကိုယ် တစ်ကမ္ဘာနေ၍ သိပ္ပံအကြောင်းသာ စဉ်းစားနေခဲ့တော့သည်။

လကုန်ခါနီးလောက်ကျမှ သတင်းစာတစ်စောင် ကောက်ယူဖတ်ကြည့်မိရာ ဂျာမနီတွင် လူစွမ်းကောင်းဝါဒဖြင့် လွှင့်တက်လာသော မီးပွားကလေး အာဒေါ့ဖ် ဟစ်တလာဆိုသူအကြောင်း ဖတ်မိတော့သည်။ ဤသတင်းမှာ မျူးနစ်မြို့ကလာသော သတင်းဖြစ်သည်။ ဟစ်တလာသည် စကြာတံဆိပ်ပါသော အလံအောက်တွင် လူစုပြီး စစ်တပ်ကလေးတစ်တပ် ဖွဲ့သည်ဆို၏။ ထို့နောက် သူ့စစ်တပ်ဖြင့် ဆာဗေးရီးယား ခေါင်းဆောင်များကို ဘီယာဆိုင်တစ်ခုတွင် သေနပ်နှင့်တော့ပြီး ဆာဗေးရီးယားမှ အာဏာသိမ်းရန် ကြံစည်သည်ဆို၏။ ထို့နောက် မျူးနစ်သို့ ချီတက်ပြန်၏။ မျူးနစ်မြို့တွင် အာဏာသိမ်းရန်ကြံစည်မှုမှာ အရေးနိမ့်သွားသဖြင့် ဟစ်တလာ အဖမ်းခံရသည် ဆို၏။

အိုင်စတိုင်းသည် ဤလက်နက်အားကိုးပြီး ပြည်မီးရှို့မည့် လူလွန်မ သား ဟစ်တလာဆိုသူအကြောင်း ခဏသာ စဉ်းစားပြီးနောက် သတင်းစာပါ လွှင့်ပစ်လိုက်လေတော့သည်။ ထို့နောက် အာရင်ဖက်စ်နှင့် ရူပဗေဒအကြောင်းကို စကားဆက်လိုက်ပြန်၏။

ကမ္ဘာပေါ်မှာဆိုလျှင် အိုင်စတိုင်း၏ နာမည်သည် အမေရိကန်သူဌေးကြီး ဟင်နရီ ဖုဒ်တို့ထက်လည်းကောင်း၊ ဟောလီးဝုဒ်မှ အကျော်အမော် ရုပ်ရှင်မင်းသားများထက် လည်းကောင်း နာမည်ကြီး လူသိများလျက်ရှိ၏။ သို့သော် ယခုတလောတွင် သတင်းစာများ၌ သူ့နာမည် သူ့အကြောင်းကို ကွက်ကြားကွက်ကြားသာ တွေ့ရတော့သည်။

၁၉၂၄ ခုနှစ် ဖွန်လတွင် နိုင်ငံပေါင်းစုံအစည်းအရုံးကြီးမှ အိုင်စတိုင်းအကြောင်း ကြေညာချက်တစ်စောင် ထွက်လာသည်။ အိုင်စတိုင်းသည် ကျွမ်းကျင်မှု အကူအညီ ပေးရေးကော်မတီတွင် ပြန်၍တာဝန်ယူနေပြီဖြစ်ကြောင်း ကြေညာချက်တွင် ပါလာသည်။

ဤကဲ့သို့ နိုင်ငံပေါင်းစုံအစည်းအရုံးကြီးသို့ အိုင်စတိုင်း ပြန်ဝင်ခြင်းမှာ မဟာမိတ် နိုင်ငံများက ဂျာမနီထံမှ တောင်းခံလျက်ရှိသော စစ်လျော်ကြေးများကို အမြောက်အမြား လျှော့ပစ်လိုက်ပြီး ဂျာမနီ ပြန်လည်ထူထောင်နိုင်ရေးအတွက်ပါ ငွေချေးမည်ဟု သဘော တူသောကြောင့် ဖြစ်သည်။

နိုင်ငံပေါင်းစုံ အစည်းအရုံးကြီးသည် ဤကမ္ဘာပေါ်တွင် စစ်ကို တားဆီးပိတ်ပင် ရေးအတွက် တတ်အားသမျှ စက်ကုန်မောင်းလျက်ရှိသည်ကို အိုင်စတိုင်း တွေ့လာရ ပြန်တော့ ကျေနပ်မှုရှိလာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤနိုင်ငံပေါင်းစုံ အစည်းအရုံးကြီးတွင် ဂျာမနီဝင်ခွင့်ရရေးမှာလည်း အတားအဆီး အပိတ်အပင်မရှိတော့။ ထို့ကြောင့် ဘာလင်မြို့တွင် အိုင်စတိုင်းက ကြေညာချက်တစ်စောင် ထုတ်လိုက်သည်။ ယင်းကြေညာချက်တွင် ယခုအခါ ဥရောပနိုင်ငံများသည် "ဖြစ်ခဲ့ပြီး သည်ကို ပြီးစေတော့"ဟု သဘောထားလာကြောင်း တွေ့ရသည်ဖြစ်၍ မိမိမှာ ဝမ်းသာ မဆုံး ဖြစ်ရပါကြောင်း။ ဤကဲ့သို့ ခွင့်လွှတ်မေတ္တာထားတတ်မှုအတွက် ချီးကျူးဂုဏ်ယူမိ ပါကြောင်း ကြေညာချက်တွင် ဖော်ပြလိုက်လေသည်။

နောက်ထပ်ရသော သတင်းများအရ ဂျီနီဗာမြို့တွင် ကျင်းပသော အထက်ပါ ကျွမ်းကျင်မှု အကူအညီပေးရေး ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း ထိုအစည်းအဝေးတွင် မဒမ်ကျူရီနှင့်တွေ့ဆုံပြီး မျက်နှာချင်းဆိုင် ဆွေးနွေးခဲ့ရကြောင်း လည်း သိရသည်။

နောက်နှစ်တွင် အိုင်စတိုင်းသည် တောင်အမေရိကတိုက်ရှိ နိုင်ငံများသို့ ခရီး လှည့်လည်ခဲ့ပြန်သည်။

ဗြူနိုးစ်ဧရီမြို့၊ မွန်တီဗီဒီမြို့ စသည့်မြို့ကြီးများသို့ ရောက်သောအခါ လမ်း တစ်ဖက်တစ်ချက် ဝဲယာမှ သူ့ကို ကြိုလင့်ကြသော ပရိသတ်ကြီးမှာ ကြက်ပျံမကျ စည်ကားလှသည်။ လက်များ ဇေ့ရမ်းသူကရမ်း၊ ကြွေးကြော်သူက ကြွေးကြော်၊ ပန်း များဖြင့် လမ်းခင်းသူကခင်းနှင့် တကယ့် ဧကရာဇ်ဘုရင်ကြီး ကြွမြန်းလာသည်သို့သာ ရှိလှ၏။ အာဂျင်တီးနား သတင်းစာတစ်စောင်ကမူ "အိုင်စတိုင်းသည် ကက်သလစ်ဝါဒ ကို ဆန့်ကျင်သူ"ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်သည်။ ဤသတင်းကို ဖတ်ရသော အခါ အိုင်စတိုင်းက သည်လိုရေးလိုက်တော့ ကျုပ်က ဘာသတိရသလဲဆို ကျုပ်အိမ် ကျုပ်ပြန်သတိရအောက်မေ့တယ်"ဟု မှတ်ချက်ချလေသည်။ စပိန်ဘာသာဖြင့် ရီလေ တီဗတီအကြောင်း ရေးသားထားသည့် စာအုပ်များမှာ စာအုပ်ဆိုင်တိုင်းတွင် အရောင်း အကောင်းဆုံးစာအုပ်များ ဖြစ်နေ၏။

တောင်အမေရိကတိုက်ရောက်ကာမှ သူ့မှာ မှတ်လောက်သားလောက် အတွေ့ အကြုံကလေးတစ်ခုနှင့် ရင်ဆိုင်လိုက်ရသည်။

ဂျာမနီပြည် ဘာလင်မြို့တွင်နေစဉ်ကမူ ဂျာမန်နိုင်ငံရေးလောကတွင် အိုင်စတိုင်း မှာ ချဉ်ဖတ်တစ်ခု ဖြစ်နေရသည်။ ယခု ဒီရောက်မှ ဂျာမန် သံအမတ်ကြီးကိုယ်တိုင်က တယုတယ ပြုစုစွဲ့ခံသည်။ ဂျာမနီပြည်သား လုပ်ငန်းပိုင်ရှင်များကလည်း လိုလို လားလား ခရီးဦးကြိုပြုနေတော့သည်။

ထို့ကြောင့် ထိုနေ့ညပိုင်းတွင်ရေးသော သူ့နေ့စဉ်မှတ်တမ်းတွင် "ဒီဂျာမန်ဆိုတဲ့ လူတွေဟာ တော်တော်ဆန်းတဲ့လူတွေပါကလား။ သူတို့အဖို့ဆိုရင် ကျုပ်ဟာ အနံ့ဆိုးတဲ့ ပန်းတစ်ပွင့်ဆိုတာလည်း သူတို့သိသား။ ဒါပေမဲ့ ဘာကြောင့်များ ဒီလူတွေက ဒီပန်းကိုမှ သူတို့အင်္ကျီမှာ ထိုးထားချင်ကြပါလိမ့်"ဟု ရေးသားမှတ်တမ်းတင်ခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ဖြစ်ရန်များ ရှုပ်ရှုပ်ထွေးထွေးမဖြစ်ဘဲ အနိုက်အတန့်အားဖြင့် ငြိမ်သက်နေစဉ်မှာ ရူပဗေဒပညာသည် တစ်ဖက်က တစ်ဟုန်ထိုး တိုးတက်လာခဲ့တော့သည်။ သည်အထဲတွင် အိုင်စတိုင်းလည်း ကိုယ်ရောစိတ်ပါ လုံးလုံးပါဝင်နေခဲ့၏။ “အင်းနိုင်ငံရေးဆိုတာကတော့ တဒင်္ဂကိစ္စကလေးဗျာ၊ ကျုပ်အဖို့မှာတော့ သိပ္ပံပညာက ပုံသေနည်းတွေကသာ ထာဝရ ဖြစ်ကြတယ်ထင်တယ်”ဟု မိတ်ဆွေတစ်ဦးနှင့် ဆုံမိစဉ်က သူ့သဘောထားကို ရှင်းပြဖူးသည်။

ဤအချိန်တွင် ကြီးကျယ်လာသော ရူပဗေဒပညာတစ်ရပ်မှာ ကွမ်တမ်သီဝရီဖြစ်သည်။ ရူပဗေဒပညာရှင်များက လောကဖြစ်ရပ်တွေထဲမှာ သစ်ပင်တွေပဲဖြစ်ဖြစ်၊ ကျောက်တုံးကျောက်ခဲတွေပဲဖြစ်ဖြစ် အဏုမြူတွေနဲ့ ဖွဲ့စည်းထားသည်ဟု ဆိုလာကြသည်။

ယင်း'အက်တမ်'ခေါ် အဏုမြူကလေးတစ်ခုထဲမှာပင် နျူကလိယပ်တစ်ခုရှိပြီး ယင်းနျူကလိယပ်သည် မဓာတ်သဘောရှိသည်။ တစ်ဖန် နျူကလိယပ်အပေါ်ကနေ လှည့်ပတ်ပြေးလွှားနေသည့် အီလက်ထရွန်ခေါ် ဓာတ်တစ်ခုရှိသည်။ အီလက်ထရွန့်ကမူ ဖိုဓာတ်သဘောရှိသည်။ အဏုမြူကလေးတစ်ခုထဲမှာပင် နေစကြဝဠာထဲတွင် ဂြိုဟ်တွေလှည့်ပတ်နေသလိုဖြစ်ကြောင်း လူတို့ တွေ့မြင်လာကြသည်။

ဤကဲ့သို့ အဏုမြူတစ်ခု၏ ဖြစ်တည်ပုံကို တွေ့မြင်လာရသောအခါ ဤစကြဝဠာကြီးထဲတွင် ရုပ်ဝတ္ထုများ ဖြစ်ပေါ်လာအောင် သဘာဝတရားက ပြုပြင်ဖန်တီးရာ၌ အသေးဆုံးသော ရုပ်ဓာတ်မှုန်ကလေးဖြစ်သည့် အီလက်ထရွန်ကို အုတ်မြစ်အဖြစ် အသုံးပြုတည်ဆောက်ထားခြင်းပါကလားဟု တွေးယူဖွယ်ရာ ဖြစ်လာသည်။ အမှန်အားဖြင့် အီလက်ထရွန်ကို မြင်ချင်လို့တော့မရ။ သို့ရာတွင် ယင်းအီလက်ထရွန်သည် မာကျောသော ရုပ်ပတ်ဝန်း ကျင်ကလေးတစ်ရပ်အဖြစ်တော့ ပေါ်လွင်နေတတ်သည်။

ဤသို့ ရှုမြင်နားလည်လာကြသောကာလ၌ အိုင်စတိုင်းသည် အဏုမြူရူပဗေဒပညာတစ်ရပ် ပေါ်လာအောင် အီလက်ထရွန်၏ သဘောသကန် ဘယ်သို့ရှိပုံကို တိတိကျကျ စစ်ဆေးဖော်ထုတ်ရန် ရည်သန်၍ အားထုတ်ပြန်သည်။

အီလက်ထရွန်ကား ရုပ်နှင့် နီးနွယ်လျက်ရှိ၏။ သူ့အနေနှင့်မူ ရုပ်ဆိုသည်အား(သတ္တိ)တစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့ပြီးပြီ။ ထို့ပြင် အတိအလင်း ရောင်ခြည်သည် 'ဖိုတွန်'ခေါ် အလင်းရောင် ကွမ်တာကလေးများ ဂဲသောကမျော ရောနှောပျံ့နှံ့လာခြင်းသာဖြစ်ကြောင်း အိုင်စတိုင်း ဆိုခဲ့ပြီးပြီ။ သူတင်ပြခဲ့သော အလင်းရောင်ခြည်၏ ရုပ်ဓာတ်မှုန်ကလေးများဆိုင်ရာ သီဝရီကို နောက်လူတို့ စစ်ဆေးစမ်းသပ်၍လည်း အောင်မြင်ခဲ့ပြီးဟုတ်မှန်ကြောင်း အတည်ပြုခဲ့ရပြီ။ သို့စဉ်လျက် အလင်းရောင်ခြည်သည် လှိုင်းသဖွယ်သွားနေသည်ဆိုသော အယူအဆဟောင်းကား မပျောက်ကွယ်သေး။ ရှိမြဲရှိနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းအပါအဝင် ရူပဗေဒ ပညာရှင်အများကလည်း အလင်းရောင်သည် လှိုင်းနှင့်တူသည်။ ရုပ်ဓာတ်မှုန်ကလေးများလည်း ပါသည်ဟု သဘောတူကြသည်။ သို့သော် ယင်းသဘောကိုမူ မည်သူကမျှ သရုပ်ပေါ်အောင် ပုံဖော်ပြီး ပြောမပြနိုင်ကြ။ သို့တစေလည်း အရေးမကြီး။ တချို့သောကိစ္စများမှာ လူတို့၏အာရုံလောက်နှင့် လက်လှမ်းမမီသည်လည်း ရှိတတ်သည်သာဖြစ်၏။

၁၉၄၂ ခုနှစ်တွင် ပြင်သစ်ပြည်သား လူငယ် ရူပဗေဒပညာရှင်ကလေးတစ်ဦးဖြစ်သူ လူဝီဒီဘရော့ဂလီဆိုသူက အလင်းရောင်ခြည်အတွက် အရေးပါသော အချက်များသည် အီလက်ထရွန်အတွက်လည်း အရေးပါမည်ဟု ဆုံးဖြတ်လိုက်သည်။ အလင်းရောင်သည် လည်းကောင်း၊ အီလက်ထရွန်သည် လည်းကောင်း ရုပ်မှုန်သဘောရော လှိုင်းသဘောရော ဖြစ်သည်ဟု ဆိုလိုက်ခြင်းဖြစ်၏။ ဤအယူအဆကို အိုင်စတိုင်းစိတ်ထဲ လက်ခံပြီး ကျေနပ်မိသည်။ လှိုင်းသဘောကိုမူ လက်တွေ့စမ်းသပ်၍လည်း ရလာကြပြီ။ ယင်းသဘောကို သင်္ချာပုံသေနည်းများဖြင့် ဖော်ပြနိုင်ပြီ။

ဤအချိန်တွင် ယခင်က ကြုံရဖူးသော ပြဿနာက တက်လာပြန်၏။ ဒါဖြင့် အီလက်ထရွန်ဆိုသည် အတိအကျ ဘာကိုဆိုလိုသနည်း။ အီလက်ထရွန်သည် ဂေါက်သီးလို အလုံးကလေးလား။ ၎င်းကိုကား မည်သူမျှ အတိအကျမသိရသေးပေ။ ထင်ရှားသည့်မှာကားဆိုခဲ့ပြီးသကဲ့သို့ပင် အီလက်ထရွန်တွင် ကွဲပြားသောသဘောရှိသည်ဟူသော အချက်ပင်ဖြစ်၏။

အီလက်ထရွန် ဖြစ်တည်လှုပ်ရှားနေပုံနှင့် စပ်လျဉ်း၍ တိတိကျကျ ဖော်ပြနိုင်မည့် သင်္ချာပုံသေနည်းများ ရှာကြ၏။

သို့ရာတွင် အခြေအနေအရပ်ရပ်ကိုလိုက်၍ ဖြစ်ပေါ်နေတတ်သော အီလက်ထရွန်ကလေးတစ်ခု၏ တိတိကျကျဖြစ်ပေါ်ပုံကိုပင် ယတိပြတ် ဆုံးဖြတ်ဖော်ပြရန်ပင် မစွမ်းသာခဲ့ကြသေးချေ။ ဤအရာကား ဖမ်းရမလွယ်ယောင်တကား။ ညဦးအခါ စုန်းတောက်သည် ဆိုသကဲ့သို့ မရေရာ၊ ဟိုရောက်သည်ရောက် ဖြစ်နေ၏။ ကိုင်ဖမ်း၍မရ။

သိပ္ပံပညာရှင်များသည် အီလက်ထရွန်၏ မတည်ငြိမ်သောသဘာဝကို စွမ်းအားရှိသမျှနှင့် လေ့လာသောအခါ တစ်ခုသိလာ၏။ ယင်းတစ်ခုကား အခြားမဟုတ်။ အီလက်ထရွန်နှင့် ပတ်သက်၍ ပြောရလျှင် အကယ်၍ အီလက်ထရွန်တစ်ခုကို ၎င်း၏ နေရာဖြစ်ပေါ်ပုံအနေအထားကို အတိအကျ ဖော်ပြနိုင်ပြီထားဦး။ ၎င်း၏အလျင်ကိုကား တိတိကျကျ ဖော်ပြ၍မရကြောင်း သိလာရတော့သည်။ တစ်ဖန် အလျင်ကို တိတိကျကျ ဖော်ပြမည်ဆိုပြန်သော အခါတွင် ၎င်း၏နေရာမှန် ဘယ်နေရာနည်း မသိသာတော့ပေ။

လူသားများအနေနှင့် အရာဝတ္ထုတို့ကို ကြည့်မြင်ရန်အလို့ငှာ အလင်းရောင် လို၏။ ထိုအလင်းအရောင်ထဲတွင် ဖိုတွန်ခေါ် လှိုင်းများသည် အီလက်ထရွန်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ပြန့်ကျဲနေ၏။ သိပ္ပံပညာရှင်များကား ရှေ့သို့လည်းမတိုးသာ နောက်လည်း မဆုတ်သာ တော့ပြီ။ သည့်ထက်ပို၍ ဘာမျှလည်းမပြောနိုင်တော့။ ရပ်နေရချေပြီ။ ထိုအခါ သဘာဝ တရားဟူသည် အနေကန် (မတိကျ.မရေရာသော) နိယာမကိန်းဝပ်ရာ အရာဝတ္ထုပါ တကားဟု တွေးစရာသာ ကျန်ရစ်ခဲ့တော့သည်။

စကြဝဠာကြီးအတွင်း ဖြစ်ကြကုန်သော ဖြစ်ပျက်ခြင်းရာတို့သည် တိကျစွာ သတ်မှတ်ထားသော နိယာမတရားတို့ကိုလိုက်၍ ဖြစ်နေကြခြင်း မဟုတ်ယောင်တကား။ လောကတစ်ခုလုံး ဘာမျှမရေရာ မသေချာယောင်တကားဟု ဆိုရပေတော့သည်။

အီလက်ထရွန်ကား သူ့ဘာသာသူ ဖြစ်ချင်သလို လွတ်လွတ်လပ်လပ် ဖြစ်နေ ခြင်းသာဖြစ်သည်ကို နားလည်ကြရပြီ။ သို့ဖြစ်သည့်အတွက် ရှေ့မှာ ဘာဖြစ်ရမည်ဆိုသည့် ကိစ္စသည် အခွင့်သာ အခါသင့်မှသာ ဖြစ်တော့မည်။

ဤကား ကွမ်တမ်သီဝရီ၏ အလိုဖြစ်၏။ ဤသီဝရီသည် တန်ဖိုးမရှိဟူ၍တော့ အိုင်စတိုင်း မဆိုချင်ပေ။ သူကိုယ်တိုင်ကလည်း ကွမ်တမ်သီဝရီအတွက် များစွာဆောင် ကြဉ်းထားချက်များလည်း ရှိခဲ့ပြီ။ သို့ရာတွင် ဤသီဝရီသည် ပို၍ အလားအလာကောင်း သော ပို၍တိကျသော လူတို့၏ စူးစမ်းရှာဖွေ ဖော်ထုတ်မှုများ ဖြစ်လာဦးမည့် လမ်း ကြောင်းတွင် အပိုင်းအဆို့ အတားအဆီးတစ်ခု ဖြစ်နေသည်လို့တော့ မြင်သည်။

နယူတန်၏ သီဝရီများသည် အိုင်စတိုင်း၏ ဆွဲဆောင်မှုနိယာမကို ဖော်ထုတ် သည့် သဘောတရားမပေါ်လာမီအထိ ဘယ်လိုစစ်စစ် မှန်တုန်းရှိခဲ့သေး၏။ ယခုလည်း အလားတူဖြစ်ချေမည်။ တစ်နေ့တွင် သည့်ထက် တိကျသောအမြင်မျိုး မရလာနိုင်ဘူးလို့ တော့ဖြင့် မဆိုနိုင်။

ကွမ်တမ်သီဝရီတွင် အနေကန်သဘောကို အတည်ယူ၏။ အနေကန်သဘောထား ဖြစ်ချင်ဖြစ်လာနိုင်သေးသည်ဆိုသည့် အလားအလာများကို တံခါးဖွင့်ထားသောအမြင်သာ ဖြစ်ရပေမည်။ အီလက်ထရွန်ကို မသိနိုင်ဘူး၊ သိဖို့နည်းလမ်း မရှိတော့ဘူးလို့တော့ တိတိကျကျ မဆိုနိုင်။ မသိသေးသည်သာ ရှိချင်ရှိမည်။ မသိနိုင်တော့ဘူးဆိုသည်ကိုတော့ အိုင်စတိုင်း လက်မခံနိုင်။

ပြီးတော့ သူက လောကကြီးသည် ဖြစ်ချင်သလိုဖြစ်နေသည်ဟု မထင်။ သူကား အကြောင်းအကျိုးတရားကို ယုံကြည်သူသာ ဖြစ်၏။

ထို့ကြောင့် အိုင်စတိုင်းက

"ဘုရားသခင်ဟာ ကြွေအံကစားသူမဟုတ်ဘူး"ဟု ဆိုလေသည်။ ဆိုလိုသည်မှာ ဒီကမ္ဘာလောကကြီးထဲ ဖြစ်ပျက်နေသမျှသည် ကြွေအံကစားသလို ကံအကြောင်းတရား ၌ ဖြစ်ချင်သလို ဖြစ်လာမည်ဆိုသည့်သဘော (ဝါ) ကြုံကြိုက်သလိုဖြစ်သည့် သဘော မဟုတ်။ ဖြစ်ပျက်သမျှအလုံးစုံသည် နိယာမတရားနှင့် စည်းနှင့်ကမ်းနှင့် စနစ်နှင့်ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဟုသာ အိုင်စတိုင်း မြင်သည်။ ထို့ကြောင့် အီလက်ထရွန်သည်လည်း ဖြစ်ချင်သလို ဖြစ်ပေလိမ့်မည်ဟု သူမထင်။ သူ့မှာလည်း အထိန်းအကွပ်အနေနှင့် သူ့နိယာမတရားနှင့် (သူ့စမ္မတာနှင့်)သူ ရှိမည်ဟု သူယုံကြည်သည်။

ထို့ကြောင့် နောက်ပိုင်းတွင် အိုင်စတိုင်းသည် သဘောတရားရေး ရူပဗေဒ ပညာရှင်များနှင့် အပေါင်းအသင်း သိပ်မလုပ်တော့။ ခပ်ခွာခွာ နေလာခဲ့တော့သည်။

များသောအားဖြင့် သဘောတရားရေး သိပ္ပံပညာရှင်များက အနာဂတ်ကာလတွင် ရူပဗေဒပညာသည် ကွမ်တမ်သီဝရီအပေါ်တွင် မှီ၍သာ တိုးတက်တော့မည်ဟု ယုံကြည်နေကြလေပြီ။

ဤကဲ့သို့ အတွေးအခေါ် အယူအဆများ ပြောင်းလဲစပြုနေချိန်တွင် အိုင်စတိုင်းသည် သူစဉ်းစားခဲ့သော "ပေါင်းစပ်စက်ကွင်းသီဝရီ"ကိုသာ ဖော်ထုတ်ရန် အချိန်ရှိသရွေ့ ကြိုးပမ်းတော့သည်။ ဤသီဝရီအရ စကြဝဠာထဲတွင် ဂြိုဟ်နက္ခတ်တာရာများကအစ အီလက်ထရွန်အဆုံး တစ်လောကလုံးသည် သဘောတစ်မျိုးတည်း (သင်္ချာပုံသေနည်းတစ်မျိုးတည်း)ဖြင့် ဖြစ်ပျက်နေကြောင်း ဖော်ထုတ်ပြသရန်ပင် ဖြစ်ပေသည်။

သူ၏ 'ပေါင်းစပ်စက်ကွင်းသီဝရီ'နှင့် ပတ်သက်သော အယူအဆကိုမူ သိပ္ပံပညာရှင်ကြီးများက စောဒကမတက်ကြ။ သိပ္ပံပညာရှင် တော်တော်များများကိုလည်း သူ့သဘောအတိုင်း လိုက်စားရှာဖွေနေကြ၏။ သို့ရာတွင် ထိုပုဂ္ဂိုလ်များက အိုင်စတိုင်းကဲ့သို့ ကွမ်တမ်သီဝရီကို လုံးဝထည့်မတွက်ဘဲ ဆွဲဆောင်မှုနိယာမသဘောပြသော အထွေထွေ ရီလေတီဗတီ သီဝရီတစ်ခု တည်းပေါ် အခြေစိုက်၍သာ ရှာဖွေနေသောနည်းသည် မဖြစ်နိုင်ဟု ယူဆကြသည်။

"ကျုပ်တို့ ယူဆတာကတော့ ဒီအခြေဟာ တစ်ယောက်တည်း ခံစားနေတဲ့ အိုင်စတိုင်းအဖို့သာမကဘူး၊ ခေါင်းဆောင်လမ်းညွှန်ပြမည့်သူ ပျောက်နေတဲ့ ကျုပ်တို့အဖို့ရော အလွမ်းနဲ့သာ ဇာတ်သိမ်းရမယ့်အဖြစ်လို့ပဲ ထင်ပါရဲ့ဗျာ"ဟု မက်စ်ဘွန်းဆိုသူက မှတ်ချက်ချဖူးသည်။

အမှန်တော့ သိပ္ပံပညာရှင်များအနေနှင့် အိုင်စတိုင်းအပေါ် အကြည်အညိုမပျက်ကြ။ သို့သော် သူ့အနေနှင့် ကွမ်တမ်သီဝရီအတွက် နောက်ဆုံး ကြိုးပမ်းမှုလုပ်ပြီးခဲ့တဲ့ ၁၉၂၅ ခုနှစ် နောက်ပိုင်းကစပြီး သူဟာ ရူပဗေဒအတွက် အသစ်အဆန်း ဘာမျှမရှိ ပေးခဲ့နိုင်တော့ဘူးဟုသာ ဆိုကြသည်။

အိုင်စတိုင်းကိုယ်တိုင်ကလည်း သူ့ကိုယ်သူ အားမရှိလှတော့။ သူ့အနေနှင့် သိပ္ပံနယ်က အနားယူရပြီပါတကားဟုသာ စိတ်ထဲက ခံစားနေမိတော့သည်။

"ကျုပ်မှာ လူတစ်ယောက်အနေနဲ့ လိုတဲ့ဂုဏ်သတင်းထက် အဆမတန်ပိုတဲ့ ဂုဏ်သတင်းတွေ ကျော်ကြားမှုတွေလည်း ရခဲ့ပြီးပါပြီ။ ဒီတော့ အချိန်မှန်မှန် လုပ်စရာ

www.burmeseclassic.com



ရှိတာ လုပ်နေကြတဲ့ သိပ္ပံနယ်ကအလုပ်သမားတွေ လုပ်နေကျအလုပ်မျိုး လုပ်ရလည်း စိတ်ကျေနပ်ပါပြီ"ဟု ၁၉၂၇ ခုနှစ်တွင် အမေရိကန် ရူပဗေဒပညာရှင် အာသာ ဟိုလီ ကောမ္မတန်နှင့် တွေ့ဆုံရာတွင် အိုင်စတိုင်းက ပြောသည်။ သူကား အားလျော့ပြီလား။

၁၉၂၈ ခုနှစ်ဆန်းစတွင် ဆွစ်ဇာလန်ပြည် ဒါဗိုဒေသရှိ တီဗီရောဂါရှင်များအား ဆေးရုံတွင် ရီလေတီဗတီအကြောင်း ဟောပြောပြရန် ထွက်သွားပြန်သည်။ ထိုခရီး ထွက်သွားသည်ဆိုလျှင်ပဲ ရထားပေါ်မှာပင် မအီမသာ ဖြစ်လာသည်။ ကိုယ်ထဲက အားနည်းသလို ခံစားလာရသည်။

တကယ်တော့ ပင်ပန်းခဲ့သည့် အချိန်တွေကလည်း များလှပြီ။ လပေါင်းများစွာ အတွင်း နိုင်ငံပေါင်းစုံအသင်းကြီးမှအစည်းအဝေးများ တက်ရန်အတွက် ဂျီနီဗာနှင့် ပဲရစ်မြို့များသို့ အခေါက်ခေါက် အခါခါ သွားခဲ့ရ၏။ သည်ကြားထဲ လေဒင်နှင့် ဘာရပ်ဆယ်မြို့များသို့လည်း သိပ္ပံပညာ ဆွေးနွေးပွဲများ တက်ရောက်ရန် ဘယ်နှစ်ခေါက် ဘယ်နှစ်ခါ သွားခဲ့ရမှန်းပင်မသိတော့။

လွန်ခဲ့သော တစ်ပတ်နှစ်ပတ်အတွင်းကပဲ ဟော်လန်ပြည်တွင် ဆုံးသွားရာပြီ ဖြစ်သော မိတ်ဆွေရင်းကြီးလောရင့်ဇ် အသုဘပွဲသို့ သွားခဲ့ရသေးသည်။ လောရင့်ဇ်၏ သင်္ချိုင်းအနီးတွင် အိုင်စတိုင်းက သူ၏ပြန့်တမ်းကိုဖတ်တော့ "လောရင့်ဇ်ကား ကျွန်ုပ်တို့ ခေတ်တွင် အထင်ရှားဆုံး အကြီးမားဆုံးနှင့် အရိုးသားဆုံး သမာဓိအရှိဆုံးသော ပညာရှင်ကြီးပါပေ"ဟု သူ့မိတ်ဆွေအတွက် နောက်ဆုံးဂုဏ်ပြုသည့်စကားကို ဆိုခဲ့သေးသည်။ လောရင့်ဇ်ကား နောက်ပေါက် ရူပဗေဒပညာရှင်များအတွက် ဂုဏ်ယူချီးမွမ်းစရာ ပုဂ္ဂိုလ်ဖြစ်ရသည်ထက် အိုင်စတိုင်းအဖို့တော့ အတွင်းသိအပြင်သိမို့ အဆအရာအထောင် ပိုပေသည်။

အိုင်စတိုင်းအား လောရင့်ဇ်က ပါရမီရှင်ဆိုသူတစ်ယောက်ပင်ဖြစ်စေ ထိုလူသည် လူဆန်ဆန် လူသားတစ်ယောက်အနေနှင့် ဘယ်သို့ ပြုမူနေထိုင်သင့်ကြောင်း ပြသွားနိုင်ခဲ့၏။ သူကား သူတစ်ပါးကို စိုးမိုးပြီး အသုံးချလိုသူမဟုတ်။ သူတစ်ပါးအတွက်သာ သူ့ဘဝကို ပေးလှူစွန့်သွားသူပါတကား။ သူငယ်ချင်းကောင်းကြီးတစ်ယောက် ဤကမ္ဘာမြေပေါ်မှ သူနှင့်တကွ ကမ္ဘာသားများကို စွန့်ခွာသွားခဲ့ပြီဖြစ်၍ သူ့စိတ်ထဲတွင် ယူကျုံးမရ ဖြစ်မိ၏။ သူငယ်ချင်းကောင်းကြီး ဆုံးရှုံးရခြင်းအတွက် သူ့မှာ မျက်ရည်များပင် မဆည် နိုင်ခဲ့။

ဒါဗိုကိုထွက်လာတော့လည်း ရထားပေါ်တွင် လောရင့်ဇ်အကြောင်းကိုပဲ စားမြုံ့ ပြန်ကာ စဉ်းစားနေမိပြန်သည်။ လောရင့်ဇ်ကား သူ့အသိ သူ့ဝိညာဉ်ထဲက မထွက်တော့။

"သြော် လောရင့်ဇ်၊ သူလည်း သေရပြီပါတကား"

လောရင့်ဇ်

www.burmeseclassic.com

www.burmeseclassic.com



သေခြင်းတရား။

သေခြင်းတရားနှင့် လောရင့်ဇ်။ ဤနှစ်ခုသည်သာ သူ့ဦးနှောက်ထဲတွင် ချာချာလည်ခဲ့ပေပြီ။ လမ်းတွင် ဗိုက်ထဲက မထင်မှတ်ဘဲ အပြင်းအထန် နာလာသည်။ အိုင်စတိုင်းသည် အချိန်ကြာလာသည်နှင့်အမျှ အသက်ပင် ကောင်းကောင်းမရှူနိုင်တော့။ လွန်ခဲ့သောရက်များအတွင်းက သူ့မှာ အစားမမှန် အသောက်မမှန် ရှိခဲ့သည်။ ဒါဗိုဆေးရုံတွင် ရီလေတီဗတီအကြောင်းပြောမည်ဟု မှန်းထားခဲ့သော်လည်း သူ့ကျန်းမာရေးက ဆိုးလာသောကြောင့် တိုးတိုနှင့်ပင် ရပ်ပစ်လိုက်ရသည်။

နောက်တစ်ရက် နှစ်ရက်အကြာ အန်ဂါဒိုင်းဒေသသို့ အရောက်တွင် အိုင်စတိုင်း ဘုန်းဘုန်းလဲလေတော့သည်။

ဆရာဝန်က ရောဂါအခြေအနေကို စမ်းသပ်ပြီး နှလုံးကြီးသည့်ရောဂါဖြစ်သည်ဟု ဆိုသည်။ အိုင်စတိုင်းသည် အသက်ကောင်းကောင်း မရှူနိုင်။ မောသည်။ သည်အတိုင်းဆိုလျှင် သူလည်း အနည်းဆုံး ၃ လခန့် အိပ်ရာထဲတွင် လဲနေရတော့မည်။ ဤသတင်းကို ကြားရသောအခါ အယ်လ်ဆာသည် ဘာလင်မှ ဆွစ်ဇာလန်သို့ ပြေးလိုက်လာသည်။ ထို့နောက် သူ့ ယောက်ျားကို ဆွစ်ဇာလန်မှ ဘာလင်အထိ တစ်ဆင့်ပြီးတစ်ဆင့် သက်သာသည့်နည်းနှင့် ပြန်ခေါ်သွားလေသည်။ ထိုအချိန်ကစ၍ အယ်လ်ဆာက အိုင်စတိုင်းအား အိပ်ရာထဲက မထရန်၊ ဆေးတံဆေးလိပ် လုံးဝရှောင်ရန်၊ စာရွက်ခဲတံလုံးဝမကိုင်ရန် ပညတ်လေတော့သည်။

ထို့နောက် ဂျာမနီသူအမျိုးသမီးကလေး ဟယ်လင်ဒျူကပ် ဆိုသူအားလည်း အိုင်စတိုင်းကို ပြုစုဖို့ ငှားလိုက်သည်။ မစ္စဒျူကပ်မှာ အိုင်စတိုင်း၏ အတွင်းရေးမှူးအနေနှင့် ဆောင်ရွက်ပြီး သူ့ထံလာသမျှစာများနှင့် ပတ်သက်၍ လုပ်စရာရှိသမျှ လုပ်ရန်ဖြစ်သည်။ ယခင်က ဤအလုပ်ကို အယ်လ်ဆာ၏သမီး အီလ်စီလုပ်ခဲ့သည်။ ခုတော့ သူက ဂျာမန်သတင်းစာဆရာတစ်ဦးဖြစ်သော ရုဒေါ့ဖ်ကေဆာနှင့် လက်ထပ်သွားပြီး မာဂေါ့ကလည်း သူ့ပန်းချီပန်းပုအလုပ်တွေနှင့် မအား။ မကြာမီ သူလည်း ရုရှစာရေးဆရာ ဒီမီထရီမရိုင်ယာ နော့ဖ်နှင့် လက်ထပ်တော့မည်။

အိုင်စတိုင်းကား ကလေးများ၏ လူနာတစ်ယောက် ဖြစ်နေပြန်လေသည်။ အကယ်၍ အိုင်စတိုင်းအား သူတို့ပြဿနာတွေပြောပြီး စိတ်မညစ်အောင် မလုပ်ပါဘူးဆိုလျှင် ယေဝတီကျောင်းသားကလေး တစ်သိုက်ကိုမူ အိုင်စတိုင်းနှင့် တွေ့ခွင့်ပေးလေသည်။ သို့သော် သူတို့ပြန်သွားကြလျှင် ပြန်ကြဲကျန်ရစ်ခဲ့သော စာရွက်ဖြူများပေါ်တွင် ဂဏန်းတွေ တွက်ချက်ထားသည်ကို အယ်လ်ဆာ တွေ့ရတော့သည်။

ဟင်အဲလဗတ်သည် ဖခင်ကြီး နာမကျန်းဖြစ်သည့် အချိန်ကစ၍ ခဏခဏ လာကြည့်တတ်သည်။ သူက သူ့ဖခင်သည် လူထူးလူဆန်းတစ်ယောက် ဖြစ်သည်ဟု

www.burmeseclassic.com



သိပြီးဖြစ်၏။ သို့သော် ဖခင်ကိုမူ သူ့စိတ်ထဲတွင် တကယ်ချစ်သည်။ ခုတော့ ဟင်အဲလဗတ်သည် အင်ဂျင်နီယာရင့်မကြီးတစ်ယောက်ဖြစ်ပြီး အိမ်ထောင်ပင် ကျနေလေပြီ။ သူတို့လက်ထပ်ခါနီးတုန်းက ဖခင်ကြီးပြောခဲ့ဖူးသော စကားတစ်လုံးကိုမူ ဟင်အဲလဗတ်စိတ်ထဲမှ မှတ်မိနေသေးသည်။

"မင်း ဘယ်တော့မှ လက်မထပ်နဲ့ဟေ့"ဟုဆိုကာ တားခဲ့ဖူးသည်။ ခု တစ်နှစ်လောက်ကြာလာတော့ သူက ဖခင်တစ်ဦးအနေနှင့် ဆိုပြန်ချေပြီ။

"အေး ကောင်းပြီ၊ ခုတော့ မင်းက လက်ထပ်လိုက်ပြီကိုးကွ။ ပြီးတော့လည်း ကောင်းတာပါပဲ။ နို့ပေတဲ့ ကလေးတွေတော့ မရစေနဲ့ကွာ"

သူက ဆိုပြန်၏။

"ဘာကြောင့်လဲဆိုတော့ ကလေးရပြီးမှ ကွာလားရှင်းလားဆို သိပ်ရှုပ်တာကလားကွယ်"ဟု ဆိုလေသည်။ သူကား ဘယ်လိုလူနည်း။ နားလည်ရခက်လှဘိတောင်း။

နောင်အခါ ကလေးတွေရပြီး နောက်တွင်လည်း ဟင်အဲလဗတ်မှာ သူတို့အိမ်ထောင်ရေးဘဝတွင် သာယာပျော်ရွှင်နေသည်ကို အိုင်စတိုင်းတွေ့ရတော့ ညည်းရှာသည်။

"ငါဖြင့် မင်းကိုနားမလည်ပါဘူးကွာ၊ မင်းဟာ ငါ့သားများ ဟုတ်တယ်တောင် ငါမထင်ဘူး"ဟု ဆိုပြန်၏။

မည်သို့ပင် အိုင်စတိုင်းက သူ့သားနှင့် သူနှင့် မတူဘူးဆိုစေကာ မိတ်ဆွေအပေါင်းအသင်းများ မျက်စိထဲတွင်တော့ သူတို့သားအဖမှာ တစ်ထေရာတည်း တူနေသည်ဟု မှတ်ကြသည်။

တစ်ခုတော့ရှိသည်။ ဟင်အဲလဗတ်မှာ သူ့ဖခင်ထက်တော့ အစွဲအလမ်းကြီးသည်၊ ပြင်းထန်သည်၊ အယူသည်းသည်ဟု ဆိုရမည်ဖြစ်၏။ သို့သော် နှစ်ယောက်စလုံး လွတ်လပ်စွာနေချင်စိတ် ရှိကြပုံချင်းကတော့ တူသည်။ တစ်ခါတစ်ခါ သားအဖနှစ်ယောက် စကားအခြေအတင် အငြင်းအခုံဖြစ်ကြလျှင် အိုင်စတိုင်းက "ငါ ဒီကောင်နဲ့နောက်ထပ် ဘာမှပြောစရာလည်း မရှိဘူး၊ လုပ်စရာလည်းမရှိဘူး၊ ဒီကောင်နဲ့ ဘာမှလည်း မပတ်သက်ဘူး"ဟု သီးသီးခါးခါး ဆိုတတ်သည်။

သားအကြောင်းကိုရော၊ အဖေအကြောင်းကိုရော အသိဆုံးမှာကား မိခင်မီလီဗာပင်ဖြစ်၏။ သူတို့နှစ်ဦး ရင်ကြားမစေ့ဖြစ်ကြတိုင်း မီလီဗာက မိခင်စိတ်နှင့် ပြန်ပေါင်းစေရသည်သာ ဖြစ်ခဲ့၏။

ဖူးရစ်တွင် အိုင်စတိုင်းမရှိတော့သော်လည်း ဇင်းဂါးတစ်ယောက်ကား မီလီဗာတို့မိသားစုဆီသို့ အလာအသွားမပျက်ခဲ့။ သူတို့မိသားစုအကြောင်းကို ဇင်းဂါးသည် အစ

www.burmeseclassic.com

www.burmeseclassic.com



အဆုံးသိထားသူဖြစ်သည်။ ကလေးများအဖို့ ဖအေမရှိစိုက် ဇင်းဂါးကိုပင် ဖအေအစား ဖအေမှတ်နေကြရရှာသည်။

ထို့နောက် ဟင်အဲလဗတ်သည် သူ၏ ဒေါက်တာဘွဲ့အတွက် သင်္ချာဘာသာ ရပ်တွင် ဘွဲ့စာတမ်းတစ်စောင် ရေးထားလေသည်။ အမှန်မှာ သင်္ချာသည် ဟင်၏ ဘာသာရင်းမဟုတ်။ သို့ရာတွင် သင်္ချာအကြောင်း စာတမ်းရေးနိုင်လျှင် ဖခင်အိုင်စတိုင်း ပို၍ စိတ်ချမ်းသာမည်ကို ဟင်သိသဖြင့် ရေးလိုက်ခြင်းဖြစ်၏။

ဟင်သည် ရေးပြီးသားစာတမ်းကို ဇင်းဂါးအား ပြသည်။ ဇင်းဂါးက ဂရုတစိုက် လေ့လာပြီး ဟင်အဲလဗတ်အား မေးသည်။

"မင်း ဒီစာတမ်းကို မင့်အဖေ ပြကြည့်သေးလားဟင်" ဟင်က ခေါင်းညိတ်သည်။ ထိုအခါ ဇင်းဂါးက ပြုံးပြီး "သူ မင့်စာတမ်းနဲ့ပတ်သက်ပြီး ဘာပြောတယ် မှတ်သလဲ၊ ငါပြောမယ် ဟောဒီမှာ ဒီအပိုဒ်" သူက စာတမ်းမှ စာပိုဒ်တစ်ပိုဒ်ကို ထောက်ပြသည်။

"အဲ ဒီအပိုဒ်ကို မင်းအနေနဲ့ ဒီထက်ပိုကောင်းအောင်ရေးရင် ကောင်းမယ်တဲ့ ကွာ"ဟု ဇင်းဂါးက အိုင်စတိုင်းပြောသည့်အတိုင်း ပြောပြသည်။ အိုင်စတိုင်းအနေနှင့်မူ ဘာမှ အကူအညီမပေးလို၊ သူ့ဘာသာသူ ခဲရာခဲဆစ် လုပ်ပြီးမှ အောင်မြင်မှုရစေချင်သည့် ဆန္ဒ သူ့မှာရှိသည်။

အိုင်စတိုင်းသည် သားအငယ် အက်ဒဝပ်နှင့်ဆက်ဆံသည့်အခါတွင်မူ တစ်မျိုး ဆက်ဆံရသည်။ သားအငယ်သည် သားကြီးနှင့်မတူ။ ခံစားလွယ်သည်။ အားငယ်သည်။ ဖခင်၏အရိပ်ကို အမြဲကြည့်နေသည်။ ဖခင်အရိပ်ကလည်း သူ့ကို လွှမ်းနေသည်။ ဟင်လိုတော့ သူ့ကို ပစ်ထားလို့မဖြစ်၊ အားပေးအားမြှောက် ပြုနေမှသာဖြစ်သည်။

အက်ဒဝပ်လည်း ယခု ဆေးသိပ္ပံပညာကို လေ့လာလိုက်စား၍ ဆရာဝန်ပညာ သင်နေပြီ။ သူ့သားအငယ် ရွေးချယ်သော ပညာကိုမူ အိုင်စတိုင်းက ဘာမျှမပြော သဘောတူသည်။

အက်ဒဝပ်ကား ဖခင်ကို အင်မတန် သဘောကျသည်။ သူ့ဖခင်ကို သူချစ်ခြင်း၊ လေးစားခြင်းမျိုးအား ဘာနှင့်မျှမတူ။ နှိုင်းစရာလည်းမမြင်။ သူ့ဖခင်၏ ကြိုးပမ်းမှုတွေ၊ အောင်မြင်မှုတွေ၊ ကျော်ကြားမှုတွေသည် သူ့ဘဝကို အရိပ်ထိုးလျက်ရှိသည်။ သူ့ဖခင်လို သူဖြစ်ချင်သည်။ ချစ်ရလွန်းသောကြောင့်လည်း ဖခင်သည် သူတို့အနီးတွင် သူတို့နှင့်အတူ ရှိစေချင်လှသည်။ ဖခင်မျက်နှာကို တစိမ့်စိမ့်ကြည့်လို့သာ နေချင်သည်။ ဤစိတ် ဤ ဆန္ဒတွေသည် အက်ဒဝပ်ရင်ဝယ် ငြိတွယ်ပြင်းပြနေချိန်တွင်မှ ဖခင်က သူတို့ကို စွန့်ခဲ့ သည်။ သူတို့နှင့်ဝေးရာသို့ ခွဲခွာသွားသည်မှာ အက်ဒဝပ်အဖို့ ရင်ကွဲနာကျရသည်အထိ ဖြစ်မိသည်။ ဖခင်ကို တမ်းတစိတ်က သူ့ကို ရင်ထုမနာ ဖြစ်စေခဲ့၏။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



ကြိတ်မှိတ် ကြေကွဲနေမိသည်။ ပြီးတော့ ဖခင်ကြီးလို ပါရမီရှင် အကျော်အမော်ကြီး တစ်ယောက်၏ သားဖြစ်ရပါလျက် အသုံးမကျသည့်သား၊ တန်ဖိုးမရှိသည့်သားမျိုး ဖြစ်သွားမည်ကိုလည်း သူ့မှာ အထူး စိုးရိမ်ပူပန်နေလေသည်။

ငယ်စဉ်ကပင် အက်ဒဝပ်သည် အသက်အရွယ်နှင့်မမျှအောင် ပညာတွေကို လိုက်စားခဲ့၏။ ဂန္ထဝင်စာပေကိုလည်း သူနှံ့စပ်ပြီ။ ဗေဒင်ပညာ၊ မြော်မြင်မှုပညာ၊ သိပ္ပံပညာ၊ ဆေးပညာ စသည်တို့ကိုလည်း သူနှံ့စပ်ခဲ့ပြီ။ လောကအကြောင်း အက်ဒဝပ်မသိသည် လည်း မကျန်တော့သလောက်ပင် ဖြစ်နေပြီ။ သို့ရာတွင် အက်ဒဝပ်မှာ အဖတ်အရွတ် ကြောင့် တတ်သည့် အတတ်လောက်သာ ရှိသေးသည်။ ကိုယ်ပိုင်ရယ်လို့ ဖြစ်ဖြစ်မြောက် မြောက် ဘာတစ်ခုမျှ ပေါ်မလာခဲ့သေး။ ဤကဲ့သို့ သူ့ဦးနှောက်က တီထွင်ကြံစည် ဖန်တီးနိုင်ခြင်း မရှိသေးသည့်အတွက်လည်း သူ့မှာ စိတ်ဆင်းရဲနေရလေသည်။

တစ်ခါကမူ စာအုပ်တစ်အုပ်ထဲက သူနှစ်သက်သည့် သဘောတရားတစ်ရပ်ကို ကူးယူပြီး သူကိုယ်တိုင်၏ သဘောတရားဖြစ်သည်ဟုပင် (စိတ်ထဲက လိပ်ခဲတည်းလည်း ဖြစ်နေမှုကို ပြေပျောက်အောင်) အက်ဒဝပ်မှာ မဟုတ်မဟတ်ဆိုရသည်အထိ ဖြစ်ရ၏။ အမှန်တော့ အက်ဒဝပ်စိတ်ထဲတွင် သူ့မှာလည်း ကြံစည်ဖန်တီးမှုစွမ်းအား ရှိသည်ဟု ပြစားချင်သည်။ နောက်တော့လည်း သူ့အလိမ်က ပေါ်သွားရရှာသည်။

အက်ဒဝပ်စိတ်ထဲ ကြိတ်ခံဖြစ်နေရသည့် ခံစားမှုတွေ ပြေပျောက်အောင်တော့ ဘယ်သူကမျှ ဝိုင်းဝန်းကူညီ ဖြေရှင်းနိုင်စွမ်းလည်း မရှိတော့ပြီ။ လူတွေကိုပြောပြတော့ လူတွေက ဒီအခက်အခဲမျိုးဆိုတာ လူတိုင်းတွေ့ကြုံရစမြဲပါဟု ဆိုသော်လည်း သူ့ရင်ထဲ တွင်တော့ အေးကွက်မမြင်။ စိတ်က မကျေချမ်းနိုင်။ သူ့အဖြေကား ရှင်းသည်။

"ဟုတ်တော့ ဟုတ်ပါတယ်ဗျာ၊ ဒါပေမဲ့ ဒီကမ္ဘာပေါ်မှာရှိတဲ့ ဘယ်လူမှ ကျုပ် အဖေလို အဖေမျိုးကို အဖေတော်ခဲ့ရမှာမဟုတ်ပါဘူး။ ကျုပ်က အိုင်စတိုင်းရဲ့သား ဖြစ်ခဲ့ရတယ်လေ။ သူ့သားဖြစ်ရက်နဲ့ ကျုပ်ဟာ ဘာမှမလုပ်ခဲ့နိုင်ဘူး ဆိုရင်တော့ သူ့သားဖြစ်ရကျိုး ဘယ်မှာနပ်ပါ့မလဲ"

ဤကား အက်ဒဝပ်ရင်ထဲရှိသည့်အတိုင်း ဖော်ပြခဲ့ခြင်းဖြစ်၏။ ဗမ္ဗာမှာ တလူ ဆိုရလောက်သည့် ဖခင်မျိုးက မွေးသည့်သားဖြစ်ရခြင်းကို ဂုဏ်ယူသလောက် ဖအေ့ ခြေရာကို မနင်းနိုင်မည်ကိုတော့ အက်ဒဝပ်ရင်ထဲတွင် အစိုးရိမ်ဆုံးပင်။

၁၉၂၈ ခုနှစ်တွင် ရောဂါဖြစ်ပြီး အိပ်ရာထဲနေရတာ ကြာလေလေ အိုင်စတိုင်းမှာ စိတ်ထဲက ခံပြင်းလာလေလေ ဖြစ်နေပေတော့သည်။ အိုင်စတိုင်းမှာ သားငယ်အက်ဒဝပ် အတွက် ပူသည်။ စိုးရိမ်သည်။ ပြီးတော့ ခုအချိန်တွင် သေသွားမည်ကို စိုးရိမ်သည်။ အမှန်တော့ သေရမည်ကိုကြောက်လို့မဟုတ်။ စိုးရိမ်သည်မှာ ကျန်ရစ်ခဲ့သူများအတွက် နောက်ပိုင်းတွင် နေရေးထိုင်ရေးအလို့ငှာ လိုသောငွေအလုံအလောက် ဘဏ်ထဲမှာပြီးပြီ

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင်တော့ သေရမည်ကို သူမကြောက်။ ပြီးတော့ သူ့မှာ လောလောဆယ် သိပ္ပံပညာအတွက် ဆောင်ရွက်ရဦးမည့်အစီအစဉ်တွေကလည်း အလုပ်နှင့်လက်နှင့် မမျှအောင်ပင် ကျန်သေးသည်။ ဒါတွေကို မသေခင်မှာ ကျေလည်အောင်တော့ လုပ်သွားချင်သေးသည်။

အိပ်ရာထဲ လဲနေခဲ့ရသည်လည်းကြာပြီ။ ဆရာဝန်တွေလည်း တစ်ယောက်ပြီး တစ်ယောက် လာစမ်းနေသည်မှာ ဆရာစုံနေပြီ။

သို့သော် နောက်ဆုံးတည့်ချင်တော့ ဒေါက်တာပလက်ချ်ဆိုသူနှင့် တွေ့ဆုံရာ ဒေါက်တာက သူ့ရောဂါကို စမ်းသပ်ပြီး ဆားမစားရန် ညွှန်ကြားသည်။ ဆရာဝန် ညွှန်ကြားသည့်အတိုင်း ဆားကို တစ်ပတ်နှစ်ပတ်လောက် ရှောင်ပြီး စားလိုက်တော့ ရောဂါမှာ လုံးလုံးလျားလျား ပျောက်ကင်းသွားလေတော့သည်။

ရောဂါကောင်းသည်ဆိုလျှင်ပင် အိုင်စတိုင်းသည် သူ့ရူပဗေဒလုပ်ငန်းကို ကိုယ်ရောစိတ်ပါ သွန်မှောက်ပြီး လုပ်ပြန်လေတော့သည်။

ယခုတစ်ဖန် သိပ္ပံဂူတွင်းသို့ ဝင်ကျင့်နေပြန်ပြီဖြစ်ရာ အိုင်စတိုင်းသည် လူထုမျက်စိအောက်က ခေတ္တပျောက်ကွယ်နေပြန်၏။ ထိုအချိန်တွင် တချို့က ကော်မတီအစည်းအဝေးများ တက်ရောက်ရန် တခြားသောကိစ္စများအတွက်လည်း ပြောဆိုရေးသားပါရန် တိုက်တွန်းလာပြန်လေသည်။

သူကား ဘာသံကိုမျှမကြားတော့။ သူ့အခန်းကျဉ်းကလေးထဲတွင် ဆွဲဆောင်မှုစက်ကွင်းနှင့် လျှပ်စစ်စက်ကွင်းကို ဘယ်လိုဆက်စပ်ရပါ့မလဲဆိုသည့် ပြဿနာကိုသာ အချိန်ရှိသရွေ့ စဉ်းစားနေလေတော့သည်။

ထိုနှစ် ခရစ္စမတ်မတိုင်မီတွင် အဆိုပါနယ်နှစ်နယ်ရှိ ပြဿနာတော်တော်များများကို ဖြေရှင်းပေးနိုင်မည်။ ဂျီဩမေထရီအသစ်အဆန်းများကို သူတွေ့လာသည်။ သည်အချိန်တွင်တော့ ငြိမ်းချမ်းရေးသမားများ၏ အစည်းအဝေးပင် သူ့အနီးအနားမှာ လာ၍ကျင်းပစေဦး သူကား ပြန်လှည့်ကြည့်နိုင်မည် မဟုတ်တော့။ သူသည် သူ့ဂျီဩမေထရီထဲတွင် နစ်နေလေပြီ။

ဖန်နဝါရီလဆန်းလောက်တွင် သင်္ချာမူသေကိန်း တော်တော်များများကို အိုင်စတိုင်းလက်ဝယ် ရှာလို့တွေ့ခဲ့လေပြီ။ သူ့စိတ်ထဲတွင်တော့ ဤသင်္ချာကိန်းများသည် ဆောင်ဆောင်မှုနိယာမနှင့် လျှပ်စစ်သံလိုက်စက်ကွင်းတို့ကို စုလျားရစ်ပတ် လက်ထပ်ပေးလိုက်သောအရာများပေပဲဟု သဘောပိုက်မိ၏။ သို့ရာတွင် ယင်းမူသေကိန်းများ၏ ချွတ်ယွင်းချက်တစ်ရပ်မှာကား ၎င်းတို့ကို ဘယ်နည်းနှင့်မျှ လက်တွေ့စမ်းသပ်ကြည့်ချင်ပါသည်ဆိုဆို စမ်းသပ်၍ မရနိုင်ခြင်းပင် ဖြစ်လေသည်။ သူ့အယူအဆများမှာ သင်္ချာသဘောသက်သက် သဘောတရားအမြင်သက်သက်သာဖြစ်၍ လက်တွေ့နယ်၊ စမ်းသပ်မှုနယ်သို့ ဘယ်နည်းနှင့်မျှ မကူးနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အိုင်စတိုင်းစိတ်ထဲတွင် သူတွက်ချက်ခဲ့သည်များသည် တစ်လွဲစီများ ဖြစ်နေကြလေပလားဟုလည်း စိတ်ဒွိဟဖြစ်မိ၏။ မည်သို့ပင်ဆိုစေ "ပေါင်းစပ်စက်ကွင်း သီဝရီ"အတွက် ယခုရထားသော ပထမဆင့် အောင်မြင်မှုကိုတော့ ထုတ်ဝေသင့်သည်ဟု သူထင်မြင်မိသည်။ အမှန်အားဖြင့်လည်း ဤသီဝရီတစ်ခု ရဖို့ရာအတွက် နှစ်ပေါင်းများစွာ သော သူ့သက်တမ်းကို ဤတွင်မြှုပ်နှံခဲ့ရပြီ မဟုတ်ပေလား။ ထို့ကြောင့် ထုတ်ဝေရန် ပရပ်ရှင်း အကယ်ဒမီကိုပေးလိုက်ရာ အကယ်ဒမီက ပုံနှိပ်ထုတ်ဝေသူလက်သို့ အပ်လိုက် ၏။

သတင်းစာက လူများကား တော်လှသည်။ အကင်းပါးလှသည်။ သီဝရီပုံနှိပ် ထွက်မလာမီကတည်းက သိနှင့်ပြီ။

ဘာလင်ထုတ် သတင်းစာတွေကတော့ ပေါ့ပေါ့ဆဆပင်။ အိုင်စတိုင်းမှာ နာမည် ကျော်ပြီးသားဖြစ်၍ နောက်ထပ် အသစ်ထုတ်လည်း အကြောင်းမထူးတော့ဟုထင်သည်။ သို့သော် ဤသတင်းကို ကြားရသည်နှင့် တစ်ပြိုင်နက် နိုင်ငံခြားသတင်းဌာန ကိုယ်စား လှယ်များ သတင်းထောက်များသည် ဟာဘားလင်းလမ်းနေအိမ်သို့ ကားကြီးကားငယ်နှင့် အပြည့်ရောက်ရှိလာ ကြလေတော့၏။ နောက်ဆုံး လမ်းထဲတွင် ကားရပ်မည့်နေရာပင် မရှိတော့သည်အထိ ဖြစ်သွားလေသည်။

ဓာတ်ပုံသတင်းထောက်များသည် အပြင်သို့ အိုင်စတိုင်းထွက်လာနိုးနှင့် ၂၄ နာရီလုံးလုံး အိပ်ပြီး အိမ်ပြင်ဘက်က စောင့်နေလေသည်။ သို့သော် အိုင်စတိုင်းကား အပြင်ဘက်သို့ တစ်နေ့လုံးမထွက်လာ။ အယ်လ်ဆာကလည်း မည်သူ့ကိုမျှ အတွင်းသို့ ဝင်ခွင့်မပေးတော့ပေ။ ထိုနေရာတွင် အိုင်စတိုင်း ခြွင်းချက်တစ်ရပ်ကား ချွင်းချက်အနေနှင့် ရှိ၏။ ယင်းကား တခြားမဟုတ်။ နယူးယောက် တိုင်းသတင်းစာကဆိုလျှင် သူလက်ခံ တွေ့ဆုံခွင့်ပေးလေသည်။ နယူးယောက် တိုင်းသတင်းစာကား ၁၉၂၁ ခုနှစ်က သူ နယူးယောက်သို့ အလည်အပတ်ရောက်စဉ်ကတည်းက သူ့အသည်းစွဲသတင်းစာ ဖြစ်ခဲ့ သောကြောင့် အခွင့်အရေးပေးခြင်းဖြစ်၏။

အိုင်စတိုင်းမှာ သူ့ကို အမဲလိုက်သလို သဲသဲမဲမဲ ဘာကြောင့်များ လိုက်လာ ကြပြန်ရသနည်းဟု ဝေခွဲမရဖြစ်နေ၏။ ထိုအခါ သူတို့ကပြောသည်။

"ဆရာကြီးရဲ့ သီဝရီအပစ်လေ"

သတင်းထောက်များက ရတ်တရက် ပြန်ဖြေသည်။ ပုံနှိပ်ပြီးထွက်လာခြင်းပင် မရှိသေးသော သီဝရီကို သူတို့သိနှင့်ပြီတကား။

"အလိုလေး ဘုရားရေ" နဖူးကို လက်ဖနောင့်နှင့်ပုတ်ရင်း အိုင်စတိုင်းက အံ့သြစွာဖြင့် ဆိုလိုက်၏။

ပရပ်ရှင်းအကယ်ဒမီသည် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် စာအုပ်မထွက်လာမီ ဤကိစ္စကို ဘယ်သူ့ကိုမျှ သိစေလိမ့်မည် မဟုတ်ခဲ့ပါပဲလျက် သတင်းထောက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်က အနံ့ရလာကြသည်မသိ။ ထိုအခါ သူက သတင်းထောက်တွေအနေနှင့် မကြာမီပင် တစ်စောင်လျှင် တစ်မတ်လောက်နှင့် ဝယ်၍ရကြတော့မည် ဖြစ်ကြောင်း ရှင်းပြလိုက်ရသည်။ မေးလွန်းအားကြီးသောကြောင့် သီဝရီ၏သဘောကို အကျဉ်းချုပ် လောက်ကလေး ပြောပြလိုက်သည်။

သတင်းထောက်များကား သီဝရီသည် ရာဇဝင်တွင်မည့် သီဝရီဖြစ်၍ ယင်း သီဝရီကို လက်ရေးမူအတိုင်းဝယ်၍ ရမည်ဆိုပါက ဂျာမန်မတ်ငွေ သိန်းသောင်းချီ၍ ပေးမည်ဟု ဆိုကြသည်။ သို့သော် သူတို့ကား နောက်ကျခဲ့ချေပြီ။ ဝက်စလေယန် တက္ကသိုလ်က သူ့လက်ရေးမူကိုဝယ်ဖို့ စကားကမ်းလှမ်းပြီးသား ဖြစ်နေလေပြီ။

အိုင်စတိုင်း သီဝရီအသစ်သည် တစ်ကမ္ဘာလုံးကို ဂယက်ရိုက်သွားပြန်ပြီ။ သတင်းထောက်များက သူတို့သတင်းစာတိုက်များသို့ စာအုပ်ထွက်လာလျှင် ဘယ်နှအုပ် ဝယ်မည်နည်းဟု မေးထားသည်။ ဥရောပတိုက်နိုင်ငံများရှိ သတင်းစာများကတော့ ဤသီဝရီ၏ ယေဘုယျသဘောနှင့် ၎င်းရှင်းလင်းချက်၊ ပြီးတော့ မူရင်းထဲမှ နားလည်နိုင် လောက်မည့် အပိုဒ်တွေကိုသာ ကူးယူဖော်ပြပေးစေလိုကြသည်။

သို့သော် အမေရိကန်သတင်းစာ အယ်ဒီတာများကတော့ အမြင်မရ။ သူတို့ အမြင်က ဥရောပသတင်းစာသမားများ အမြင်နှင့်မတူ။ အိုင်စတိုင်းသည် စကြဝဠာ ကြီး လှုပ်ရှားဖြစ်ပေါ်နေအောင် လုပ်ထားသည်။ ဘုရားသခင်၏ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ပေးခဲ့သူဟု မြင်သည်။ ထို့ကြောင့် အိုင်စတိုင်းရေးသမျှ ရနိုင်လျှင် ဘာမျှမချန် အားလုံးကိုလိုချင်သည်။ နယူးယောက် ညနေသတင်းစာကမူ အိုင်စတိုင်းစာအုပ်၏ ပထမစာမျက်နှာကို ရေဒီယိုဓာတ်ပုံနှင့် ပို့ပေးစေလိုသည်။ သတင်းထောက်က ထိုသို့ ဘာလင်မှ လန်ဒန်၊ လန်ဒန်မှတစ်ဆင့် နယူးယောက်သို့ ရေဒီယိုဓာတ်ပုံနှင့် ပို့ရမည် ဆိုလျှင် အလွန်ကြေးကြီးမည်။ ရှေးတုန်းကလည်း မလုပ်ခဲ့ဖူးသော ကိစ္စဖြစ်ကြောင်း ပြန်ကြားသည်တွင် သတင်းစာတိုက်က ချက်ချင်းပင် "တို့ အဲဒီဓာတ်ပုံပဲ လိုချင်တယ်" ဟု ပြန်ကြားချက် ရောက်လာလေတော့သည်။ ဟိုခေတ်က သတင်းစာများမှာ သတင်း ကောင်းတစ်ပုဒ်ကို ထူးထူးခြားခြား စွန့်စွန့်စားစား သူတို့ ဘယ်လိုရလာသည်ဆိုသော စွန့်စားပုံချင်း ပြိုင်နေသော ခေတ်ဖြစ်၍ သူ့ထက်ငါ အိုင်စတိုင်းသီဝရီကို ဦးအောင် ဖော်ပြဖို့ ကြိုးစားကြခြင်းဖြစ်သည်။

ယင်းသို့ပြိုင်နေကြစဉ် နယူးရောက်မြို့မှ "ဟာရယ်ထရိုင်ဗြွန်း" သတင်းစာကမူ ထူးထူးခြားခြား လုပ်လိုက်၏။ ထိုသတင်းစာမှ ဘာလင် သတင်းဌာနခွဲ အုပ်ချုပ်သူ ဂျွန်အီလယွတ်ဆိုသူသည် အိုင်စတိုင်းသီဝရီ ထွက်လာပြီး ၂ နာရီအတွင်း ၎င်းကို ဂျာမန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ လတ်တလောပြန်ကာ ယင်းဘာသာပြန် အပြည့် အစုံကို ဂျွန်အီးလယွတ်သည် သတင်းစာတိုက်သို့ သံကြိုးရိုက် ပို့လိုက်လေသည်။

www.burmeseclassic.com



ဘာသာပြန်တွင် အီးလယ္ယွတ်က ဖြစ်နိုင်သမျှ သင်္ကေတများကိုလည်း စကားလုံးအဖြစ် ပြောင်းပြီး ရေးလိုက်သေးသည်။ ထို့ပြင် ဘယ်နေရာတွင် ဘယ်သို့ပြန်ဆိုရမည်။ ရိုက်နှိပ်သည့်အခါ ဘယ်သို့ထည့်သွင်းဖော်ပြရမည်ကိုလည်း အီးလယ္ယွတ်က ကြိုအကြောင်းကြားထား၏။

သတင်းစာက နယူးယောက်၊ လန်ဒန်၊ ရောမ၊ ရှိုင်ယိုဒီဂျိနီယာရို မြို့သားများ လက်ထဲသို့ မှန်းမတည့်မိ ရောက်လာ၏။ နေရာတကာတွင် အိုင်စတိုင်း၏ အသစ်တီထွင်အောင်မြင်ချက်ကို လေ့လာဖတ်ရှုကြ၏။ သူ့စွမ်းဆောင်မှုအတွက် ဝမ်းသာမိကြ၏။ သို့သော် ဘယ်သူမှ ကျကျနန ဤသဘောတရားတွေကိုနားမလည်နိုင်ကြပေ။

နယူးယောက်တိုင်းကမူ တစ်မျိုးကြံပြန်၏။ အိုင်စတိုင်း၏ လူနားမလည်နိုင်လောက်အောင် မြင့်မားနေသော သဘောတရားကို နားလည်အောင် အလွယ်ဆုံး ဘယ်သို့ရှင်းပြရမလဲ ကြံဆပြန်သည်။ အိုင်စတိုင်းအား အလွယ်ဆုံးသဘောကို ရေးပေးပါရန် တောင်းပန်သည်။ အိုင်စတိုင်းက သဘောတူပြီး ရေးပေးသည်။ ယင်းရေးသားချက်ကို ဖေဖော်ဝါရီလလောက်တွင် နယူးယောက်တိုင်းမှာ ဖတ်ရသည်။ တစ်ပတ်နှစ်ပတ်လောက်အတွင်း လူများမှာ အင်း ဟုတ်ပြီဆိုကာ နားလည်သယောင် ခေါင်းညိတ်နေကြ၏။ ထိုကြားထဲက ရိုးရိုးရှင်းရှင်းသမားတစ်ယောက်က ခုထိလည်း မရှင်းသေးဘူး။ ဒီထက်နားလည်အောင် ရှင်းပေးပါဦးဟု သတင်းစာသို့ စာရေးလေသည်။

စာဖတ်ပရိသတ်၏ တောင်းဆိုမှုကို အယ်ဒီတာအာဘော်အခန်းမှ ပြန်ကြားရာတွင် အောက်ပါအတိုင်း ခပ်သွက်သွက်ကလေး ရေးသည်။

"အမှန်အတိုင်း ရိုးသားစွာ ဖော်ပြရလျှင်တော့ ကျွန်တော်များ အယ်ဒီတာအဖွဲ့တွင် အိုင်စတိုင်း၏သဘောတရားကို ကမ္ဘာပေါ်တွင် နားလည်နိုင်စွမ်းရှိသူ ပုဂ္ဂိုလ်ကျော်ဆယ့်နှစ်ဦးအနက် တစ်ဦးမျှမပါဘဲ ဖြစ်နေပါသည်" ဟု ဖော်ပြလိုက်လေသည်။

အိုင်စတိုင်း၏ နောက်ဆုံးသဘောတရားမှာ ထင်သလောက် မကျော်ကြားဘဲ ရှိခဲ့ရခြင်းအကြောင်းမှာ ထိုသဘောတရားကို ကမ္ဘာကျော် ရူပဗေဒ ပညာရှင်ကြီးဖြစ်ကြသော နီးလ်ဘိုဟာ၊ ပေါဒိုင်ရက်၊ လူဝီဒီဘရော့ဂ်လီ၊ ဝူးလ်ဖ်ဂင်း ပေါင်လီ၊ အာနက်ရှသဖုဒ်နှင့် နောက်ဆုံး အိုင်စတိုင်း၏မိတ်ဆွေရင်း အာရင်ဖက်စ်တို့ကပင် ကောင်းကောင်းစိတ်မဝင်စားကြ။ ဤသို့ စိတ်မဝင်စားရသည့် အကြောင်းမှာ အိုင်စတိုင်း ဘာကိုရည်ရွယ်၍ ဤသဘောတရားကို ဖော်ထုတ်ရကြောင်း မသိ၍မဟုတ်။ အိုင်စတိုင်းအနေနှင့် ကွမ်တမ် သီဝရီကို လုံးဝထည့်မတွက်သောကြောင့်သာ ဖြစ်၏။ ဤသဘောတရားသည် ကွမ်တမ်သီဝရီကိုအခြေခံ၍ ပေါက်ပွားလာခြင်းမဟုတ်သလို ကွမ်တမ်သီဝရီဆီသို့လည်း ဦးမတည်သောကြောင့်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နောင်အခါ အိုင်စတိုင်း သဘောတရား၏ အခြေခံပိုင်းမှာ ထင်ရှားပေါ်လွင်လာခဲ့သည်သာ ဖြစ်၏။ အိုင်စတိုင်းကလည်း သူ့သီဝရီကို ဆတက်ထမ်းပိုး တိုး၍ တည်ဆောက်ရန် အကြံအစည်ဖြစ်ခဲ့ဖူးလေသည်။

အများပြည်သူတို့အနေနှင့်မူ အိုင်စတိုင်း သဘောတရားကို သိပ္ပံပညာဘက်က ကြည့်သည်မဟုတ်။ သိပ္ပံပညာ အယူအဆက ဘယ်သို့နေနေ သူတို့အဖို့မှာ အရေးမကြီး။ လူများစိတ်ထဲတွင် စကြဝဠာကြီးထဲက လျှို့ဝှက်သိုက်သည့် သဘောတရားတွေကို ထက်မြက်လှသော ထိုးထွင်းဉာဏ်ဖြင့် ထုတ်ဖော်၍ အောင်မြင်စွာ ပြသနိုင်ခဲ့သော ရိုးသားမှုရှိသည့် ပါရမီရှင်တစ်ဦးအနေနှင့်ကား သူ့ကို ကြည်ညိုပြီးသား ဖြစ်နေ၏။ သူကား မည်သည့်စည်းစိမ်၊ မည်သည့်ဂုဏ်ရှိန်နှင့်မဆို သင့်အပ်ပြီးသူတည်း။ သူ့ဦးနှောက်ဉာဏ် အကြံအစည်၊ သူ့ဥစ္စာ၊ သူ့သားမယား၊ ဘယ်တွက်နှင့်မျှ သူ့အပေါ်တွင် ကြည်ညိုပျက်စရာ၊ မလိုမုန်းထားစရာ၊ ငြိုငြင်စရာအကြောင်းမရှိ။ ထို့အတူပင် သိပ္ပံပညာ၌ အတုမရှိသော ပုဂ္ဂိုလ်ကျော်အဖြစ် တည်ထားပြီးသော သူ့ရုပ်ထုကား ဘယ်သူဖျက်ဖျက် ကမ္ဘာသူကမ္ဘာသားတို့၏ရင်ထဲတွင် မပျက်နိုင်ပါပြီ။ အိုင်စတိုင်း၏ သဘောတရားတွေကို နားလည်ပါသည်ဟု ဝင့်ကြွားပါမူ ထိုသူအား "ကဲ ရီလေတီဗတီကိုပဲ ရှင်းပြစမ်းပါ"ဟု ဆိုလိုက်ရုံနှင့် ထိုသူသည် နှုတ်ပိတ်ရပေမည်။

နောက်ဆုံးတော့ ဘယ်လောက်ပဲ ဂျာမနီအတွက် အိုင်စတိုင်းသည် ရန့်ဆိုးသည့် ပန်းတစ်ပွင့်ဖြစ်သည်ဟု ထင်ထင်၊ သူ၏ ထင်ပေါ်ကျော်ကြားမှုကိုကား ဖုံးဖိထားလို့ မရပေ။ ဘာလင်မြူနီစပယ်ကောင်စီက "ဘာလင်၏ ထူးခြားသည့် သားကောင်းတစ်ယောက်" ကို ဂုဏ်ပြုချီးမြှင့်သည့်အနေနှင့် တောင်ပိုင်းစံအိမ်တစ်ခု ဆောက်ပေးမည်ဟု ကြေညာလေသည်။

ကောင်စီက အိုင်စတိုင်းအတွက် ကန်သာယာအနီးတွင် မြေကေအတော်ပင် ကျယ်ဝန်းသော ဆောက်ပြီးသား စံအိမ်ကြီးတစ်ဆောင်ကို ရွေးချယ်ထားသည်။ ယင်းအိမ်မှာ မြူနီစပယ်ကပိုင်သောအိမ် ဖြစ်သည်။ သတင်းစာမှ ဓာတ်ပုံသတင်းထောက်များက အိမ်ကြီးနှင့် ခြံကြီးကို ဓာတ်ပုံရိုက်ပြီး သတင်းစာထဲထည့်ကြေညာပြီးဖြစ်၏။ အယ်လ်ဆာမှာ ဤသို့ မြို့တော် မြူနီစပယ်ကောင်စီကပေးသော လက်ဆောင်အတွက် စိတ်အားထက်သန်နေမိ၏။ သူကိုယ်တိုင် ကန်သာယာစံအိမ်ကို သွားကြည့်ရာ အထဲသို့ပင် ဝင်ခွင့်မရ ဖြစ်ရသည်။ ထိုအိမ်မှာ လူတွေနေကြပြီကော။

ယင်းသို့ ကန်သာယာစံအိမ်ကို မြို့တော်၏ တခြားသော သားကောင်းတစ်ယောက်အား လက်ဆောင်ပေးထားနှင့်ပြီးဖြစ်၍ ပိုနေသော မြေကွက်လပ်တွင် အိမ်တစ်ဆောင် ထပ်ဆောက်ပေးရန် မြူနီစပယ်ကောင်စီက စီစဉ်ပြန်သည်။ သို့သော် ကန်သာယာစံအိမ်တွင်နေသူက လက်သင့်မခံ။ ထိုအိမ်ကို လက်ဆောင်ပေးစဉ်က

www.burmeseclassic.com

www.burmeseclassic.com



မြေကွက်လပ်ပေါ်တွင် နောက်ထပ် အဆောက်အဦ မဆောက်တော့ပါဟု ကောင်စီက ကြေညာချက်ရှိသည်ကို အိမ်ကြီးစံကိုယ်တော်တို့က အဆိုပြုကြလေသည်။

ကောင်စီမှာ လူတကာမျက်မှောက်တွင် ရယ်စရာလိလိဖြစ်ရချေပြီ။ ထို့ကြောင့် အိုင်စတိုင်းစံအိမ်အတွက် အခြားမြေတစ်ကွက်ကို အလောတကြီး ရှာရပြန်သည်။ အယ်လ်ဆာက မြေနေရာကို လိုက်ကြည့်ပြန်၏။ သို့သော် ထိုနေရာမှာလည်း ပိုင်ရှင် လက်ရှိ ဖြစ်နေပြန်၏။ ကောင်းပြီ။ သည်လိုဆိုရင် အိုင်စတိုင်းတို့ကိုယ်တိုင် ကြိုက်ရာ မြေကွက်တစ်ခုကိုရွေးပြီး ကောင်စီသို့တင်ပြပါဟု ကောင်စီက အမိန့်တော်မြတ် ရှိပြန် သည်။ နောက်ထပ် အရှုပ်အရှင်း မဖြစ်ရလေအောင် အိုင်စတိုင်းတို့ ရွေးချယ်သည့် မြေပေါ်မှာပင် ကောင်စီက အိမ်ဆောက်ပေးပြီး ကျသင့်သမျှ ကောင်စီကပင် ကျခံမည်ဟု ဆို၏။

အယ်လ်ဆာသည် သူ့စိတ်တိုင်းကျ မြေနေရာတစ်ကွက်ကို ကပုသ်ရွာကလေး အနီးတွင် ရွေးချယ်တင်ပြလိုက်၏။ ဤမြေကွက်မှာလည်း ကန်သာယာနှင့် နီးသည်။ အိုင်စတိုင်းအဖို့ အနေလည်း သင့်တော်မည်။ အိုင်စတိုင်းသည် ကန်သာယာထဲတွင် လှေကလေးနှင့် ရွက်လွှင့်ရသည့် အလုပ်မျိုးကို အလွန်သဘောကျသည်။ ဤကား သူအပျော်ဆုံးကစားနည်းတစ်ခုပင် ဖြစ်၏။ အယ်လ်ဆာက ကောင်စီသို့ ရွေးချယ်ထား သည့်မြေနေရာအကြောင်း စာရေးအကြောင်းကြားလိုက်လေသည်။

ခါတိုင်း အချိန်မှန် စည်းဝေးနေကျ ကောင်စီအစည်းအဝေးတွင် ဤမြေနှင့် အိုင်စတိုင်း စံအိမ်ဆောက်လုပ်ပေးရေးကိစ္စကို တင်ပြပြီး သဘောတူညီချက်ယူသည်။ ဤတွင် ပြဿနာပေါ်တော့သည်။ တချို့ ကွန်ဆာဗေးတစ် ကောင်စီလူကြီးများက သဘောမတူကြတော့။ အိုင်စတိုင်းသည် ဤမြေနှင့်မထိုက်တန်ဟု ဆုံးဖြတ်ကြလေတော့ သည်။

ကောင်စီလူကြီးများ၏ ဆုံးဖြတ်ချက်ကို အိုင်စတိုင်းထံသို့ စာရေးအကြောင်း ကြားလိုက်ရာ ချက်ချင်းပင် အိုင်စတိုင်းက စာပြန်ရေးလိုက်သည်။

"လူ့ဘဝဆိုတာ အင်မတန်မှ တိုတောင်းလှပါသည်။ သို့သော် ကောင်စီ လူကြီးများ အလုပ်လုပ်ပုံကလည်း အင်မတန်မှ နှေးကွေးလွန်းလှပါသည်။ ကျွန်ုပ်စိတ်ထဲ တွင် လူကြီးမင်းတို့ လုပ်ပုံကိုင်ပုံ နည်းလမ်းအတိုင်းသာ လိုက်ပြီးနေရမည်ဆိုပါက ကျွန်ုပ် အသက်တိုလှသည်ဖြစ်၍ သင့်မြတ်မည်မထင်ပါ။ အမှန်တော့ လူကြီးမင်းတို့ ပေးသည့် မစားရဝခမန်းလက်ဆောင်ကြီးကို ကျွန်ုပ်လိုချင်သည့် ဆန္ဒလည်း မရှိပါ"ဟု သူ့စာတွင် ဖော်ပြလိုက်လေသည်။

၁၉၂၉ ခုနှစ် မတ်လတွင် အိုင်စတိုင်း၏ အသက်ငါးဆယ်ပြည့်မည့် မွေးနေ့ ကျရောက်ပေတော့မည်။ သူ့မွေးနေ့အတွက် စိတ်ဝင်စားသောသူများမှာ လှုပ်လှုပ်ရွရွ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြလေပြီ။ သတင်းထောက်များမှာ ဟာဘာလင်းလမ်းပေါ်ရှိ သူ့အိမ်သို့ အလျှို အလျှို လာနေကြ၏။ ပေါင်းစပ်စက်ကွင်းသီဝရီနှင့် ပတ်သက်၍ ရှင်းလင်းချက်ကလေးကို ပေးပါဟု တောင်းဆိုကြသည်။ အကယ်၍ မွေးနေ့တွင်ပြောကြားမည့် စကား(သို့မဟုတ်) ကြေညာချက် တစ်စုံတစ်ရာရှိပါသလားဟုလည်း မေးနေကြ၏။

စာအုပ်ထုတ်ဝေသူများကလည်း သူ့မွေးနေ့တွင် သူ့ကိုယ်ရေးရာဇဝင် အထုတ္ထုပ္ပတ္တိ ရေး ထုတ်ဝေလိုကြောင်း ပြောလာကြသည်။ သိပ္ပံပညာရှင်တွေ လုပ်ငန်းပိုင်ရှင်တွေ အမျိုးစုံ တစ်ယောက်ပြီးတစ်ယောက် ပေါက်လာကြလေသည်။ ကမ္ဘာအရပ်ရပ်မှ ပို့ကြသော မွေးနေ့လက်ဆောင်များ ဆုမွန်ကောင်းတောင်းသည့် စာများမှာလည်း တစ်စု တစ်ပုံကြီး ရောက်လာကြသည်။ လက်ဆောင်များထဲတွင် ဆေးတံတွေ၊ တယ်လီစကုပ် မှန်ဘီလူးတွေ၊ စာအုပ်တွေ၊ တယောတွေ၊ လက်ထိုးဆွယ်တာတွေ၊ ရှန်ပိန်အရက်တွေ မျိုးစုံနေ၏။

ထိုအခါ အိုင်စတိုင်းစိတ်ထဲတွင် "ငါ ဘယ်တော့များမှ အသက် ငါးဆယ်မပြည့် ပါစေနဲ့"ဟုပင် ဆုတောင်းချင်လာသည်။ မတ်လ ၁၄ ရက်နေ့ကား အိုင်စတိုင်းမွေးနေ့ ဖြစ်ပေရာ ထိုနေ့ နံနက်မိုးမသောက်မီ အစောကြီးအိပ်ရာကထပြီး အိုင်စတိုင်းသည် နေအိမ်မှ ထွက်ခွာသွားလေတော့သည်။ ထို့နောက် သူငယ်ချင်းတစ်ယောက်ပိုင်သော မြို့ဆင်ခြေဖုံးအရပ်ရှိ ဥယျာဉ်ထဲက ဥယျာဉ်မှူးတဲကလေးထဲတွင် သွားပုန်းနေလေ တော့သည်။

အယ်လ်ဆာနှင့် အိမ်သားများမှာ သူပုန်းနေသည့် တဲကလေးသို့ တစ်ယောက် တစ်လမ်း ခွဲပြီးလာကြသည်။ ထိုနေ့တွင် မွေးနေ့ ထမင်းလက်ဆုံ ပျော်ပျော်ပါးပါး ကိုယ့်အိမ်သားချည်း စားကြမည်ဟုလည်း တွက်ထားကြသည်။ နောက်က တကောက် ကောက်လိုက်နေသော သတင်းထောက်များမှာ မျက်စိလည်သွားကြတော့သည်။

ထိုအထဲက တကယ့်စပ်စပ်စုစု တစ်ယောက်မှာမူ ဘယ်က သတင်း ပေါက် ပေါက်စပ်စပ်ရသည်မသိ တဲကလေးဆီသို့ ရောက်လာပြီး တံခါးလာခေါက်နေပြန်၏။ အယ်လ်ဆာက ထွက်ပြီး သတင်းထောက်ကလေးအား ပြန်ပါ၊ သူ ဒီနေ့ ဘယ်သူနှင့်မျှ အတွေ့ခံမည်မဟုတ်ကြောင်း တောင်းပန်လွှတ်နေသံကို အိုင်စတိုင်းသည် အတွင်းခန်း ကနေ ကြားနေရ၏။

ထိုအခါ အိုင်စတိုင်းသည် အတွင်းခန်းကနေ လှမ်းအော်ပြောလိုက်၏။

"အယ်လ်ဆာရေ ဒီသူငယ်ကို ပြောလိုက်ပါကွယ်၊ ငါ့အဖို့ နောက်ထပ် ဘယ်လို ကြော်ငြာပေးတာမျိုးမှ မလိုချင်တော့ပါဘူးလို့"

၀

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ခြ

အခန်း (၈)

# သားအတွက် ကြေကွဲရသည့်အဖြစ်

မည်သူမျှ နားမလည်နိုင်ခဲ့သော အိုင်စတိုင်း၏ 'ပေါင်းစပ်စက်ကွင်း သီဝရီ'သည် တဖြည်းဖြည်းနှင့် ဘာသာရေး အငြင်းပွားမှုကြီးတစ်ခု ဖြစ်မှန်းမသိ ဖြစ်လာလေသည်။

နယူးယောက်မြို့တွင် ဂိုဏ်းထောက် ဒေါက်တာ ဟင်နရီယောင်းဝါးဒ်ဆိုသူက ပရက်စ်ဗီတေးရီးယန်း စည်းဝေးပွဲတစ်ခုတွင် အိုင်စတိုင်းသည် စိန့်ပေါတင်ပြခဲ့ဖူးသည့် "လောကတွင် ရှိသမျှအရာခပ်သိမ်းတို့သည် တစ်ခုတည်းသာဖြစ်သည်"ဆိုသော အယူကို သက်သေထူလျက်ရှိချေပြီဟု ထုတ်ဖော်ပြောကြားလိုက်သည်။

" တစ်ဖန် မက်သဒစ် ဂိုဏ်းခေါင်းဆောင်တစ်ဦးက ပထမရာစုနှစ်တုန်းက ယေဝတီလူမျိုးဖြစ်သော ယေရှုခရစ်တော်သည် လူသားတို့အား လောကသစ်ကြီးကို မြင်အောင်ပြသခဲ့ဖူးပြီ။ ယခုတစ်ခါ နောက် ယေဝတီလူမျိုးတစ်ဦးဖြစ်သော အိုင်စတိုင်း သည် ကျွန်ုပ်တို့အား ကောင်းကင်ဘုံသစ်ကြီးကို မြင်အောင် ပြခဲ့ပြန်ပြီဟု ဆိုပြန်သည်။

တစ်ဖက်က အိုင်စတိုင်းအား ခရစ်ယာန်ဂိုဏ်းခေါင်းဆောင်များက ထောက်ခံနေသော်လည်း တစ်ဖက်ကမူ တချို့သော ခရစ်ယာန်ဂိုဏ်းခေါင်းဆောင်တို့က ဆန့်ကျင်နေကြပြန်သည်။

ဘော်စတွန်မြို့မှ ကာဒီနယ် အို ကော်နယ်ဆိုသူက စ၍ အိုင်စတိုင်းအား ဆန့်ကျင်တိုက်ခိုက်လာသည်။ သူက အိုင်စတိုင်း၏ သီဝရီများသည် ဘုရားသခင်နှင့် တကွ ဤလောကကို ဘုရားသခင်က ဖန်ဆင်းထားသည်ဆိုသော အမြင်ကို လွန်စွာ သံသယဖြစ်စေသည့် အတွေးအခေါ်များဖြစ်သည်ဟု ပြောလာသည်။ ဤအမြင်ကို ဗာတီကင် (ခရစ်ယာန်သာသနာပိုင် နေထိုင်ရာမြို့)မှ ထုတ်ဝေသော အော့စ်ဗားဗေတို ရိုမင်နို မဂ္ဂဇင်းအယ်ဒီတာ အမြင်အခန်းတွင် ထောက်ခံရေးသားလိုက်၏။ အယ်ဒီတာ

www.burmeseclassic.com

www.burmeseclassic.com



က အိုင်စတိုင်း၏ သီဝရီများသည် လူ့ဘဝတွင် ဘုရားသခင်ရှိကြောင်း ယုံကြည်မှုကို ပျက်ယွင်းစေသည်ဟု ဆိုသည်။ အိုင်စတိုင်းသည် သဘာဝတရားနှင့် ဘုရားကို တစ်သဘောတည်းထား၍ ရှုမြင်သော အမြင်ဖြစ်စေကာ ထိုအမြင်သည် ဘာသာယုံကြည်မှု ကင်းသောအမြင်၊ ဘုရားမဲ့ဝါဒသာ ဖြစ်ချေသည်ဟု စွပ်စွဲလိုက်၏။

ဤကဲ့သို့ အိုင်စတိုင်းအား တိုက်ခိုက်လာခြင်းကို နယူးယောက်မြို့မှ ဘုန်းတော်ကြီး ဟားဘတ် ဂိုးလ်စတိန်းက လွန်စွာမကျေမနပ်ဖြစ်သည်။ ထို့ကြောင့် အိုင်စတိုင်း ထံသို့ ပွင့်ပွင့်လင်းလင်းပင် သံကြိုးရိုက်မေးလိုက်သည်။ သူ့သံကြိုးတွင် အိုင်စတိုင်း အား "ခင်ဗျား ဘုရားရှိတယ်ဆိုတာ ယုံသလား"ဟု မေးထားသည်။

အိုင်စတိုင်းက ချက်ချင်းပင် သံကြိုးပြန်ရိုက်လိုက်သည်။ ကျွန်တော်သည် စပင်နိုဇာ တင်ပြသွားသော ဘုရားမျိုးကိုတော့ ယုံကြည်ပါသည်။ ယင်းဘုရားမှာ ယခုလောကတွင် ဖြစ်ပေါ်နေသော အရာခပ်သိမ်းတို့ဖြင့် မိမိရှိကြောင်း ဖော်ပြထားသည့် ဘုရားမျိုးသာဖြစ်၍ လူ၏ကံကြမ္မာကို ထင်သလိုခြယ်လှယ်နေသည်ဆိုသော ယုံကြည်ချက်တစ်ခုတည်းအပေါ် တည်သည့် ဘုရားမျိုးတော့ ကျွန်တော်မယုံ"ဟု ဆိုလိုက် သည်။

ဤသို့ ပြန်ကြားလိုက်ခြင်းအတွက် ဂိုးလ်စတိန်းမှာ အတော်ပင် ကျေနပ်သွားသည်။ ဂိုးလ်စတိန်းက အိုင်စတိုင်းသည် အလွန် ဘာသာရေးကြည်ညိုသော ပုဂ္ဂိုလ် တစ်ဦးဖြစ်ကြောင်း ကြေညာလေတော့သည်။ သို့ရာတွင် ဤကြေညာချက်ကိုအကြောင်း ပြု၍ လူတော်တော်များများ ဒေါသဖြစ်ကြသည်။ ချီကာဂိုထုတ် ယေဝတီမဂ္ဂဇင်း 'ရီဖလက်စ်'ကမူ ဂိုးလ်စတိန်းသည် အိုင်စတိုင်းကို တစ်နည်းတစ်လမ်းအားဖြင့် လူများ လက်ခံလာအောင် ပြုလုပ်ပေးခြင်းသာ ဖြစ်ဟန်ရှိသည်ဟု ဆိုပြန်သည်။ တခြားမဂ္ဂဇင်း တစ်စောင်ကလည်း အတော်ပင် အရေးပါသော ဝေဖန်ချက်တစ်ရပ်ကို အောက်ပါအတိုင်း ရေးလိုက်သည်။

"အကယ်တိ ဘာသာရေးရှုထောင့်ကနေပြီး အမှန်အတိုင်းပြောရလျှင် ဤကမ္ဘာ ကျော် သိပ္ပံပညာရှင်ကြီးသည် ယေဝတီပင် မဟုတ်တော့ပေ။ စင်စစ် ယေဝတီအယူ ကား ယုံကြည်မှုမဟုတ် ဝိညာဉ်သက်သက်သာဖြစ်၏။ ဤကား ခရစ်ယာန်သဘောနှင့် ပြောရလျှင် အသွေးတော်သာ ဖြစ်ချေသည်။ ထို့ကြောင့် အိုင်စတိုင်းသည် ဘာကိုပဲ ယုံယုံ သူသည် ယေဝတီတစ်ယောက်သာ ဖြစ်၏။ စပင်နိုဇာဝါဒကား ဘာသာရေးဟု ယူလိုသော် ယူနိုင်၏။ မယူလိုသော်လည်း ရ၏။ မည်သို့ပင်ဆိုစေ စပင်နိုဇာဝါဒကား ယေဝတီဘာသာရေးသဘောမဟုတ် ၎င်းကို ဆန့်ကျင်သောအမြင်သာ ဖြစ်၏။ ထို့ ကြောင့်လည်း စပင်နိုဇာကို ယေဝတီဘာသာက ကျဉ်ခဲ့ခြင်း ဖြစ်ချေသည်။ ယခုအခါ လည်း သူ့ကို ဘာသာက ကျဉ်ရခြင်းအကြောင်းမှာ တရားဝင်အကြောင်း ဖြစ်နေသေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ အကြောင်းမူကား စပင်နိုဇာသည် ဘုရားသခင်၏ သိက္ခာကိုချပြီး ဘုရားသခင်သည်ပင် သူစဉ်းစားသော နိယာမဖြစ်ရလေအောင် လုပ်ပစ်လိုက်သည်။

အမှန်မှာ ယေဝတီဘာသာတွင် ဘုရားသခင်သည် သူ့ဘာသာသူ လွတ်လပ်စွာ တည်နေသည်ဟု ယူခြင်းသာဖြစ်ရကား စပင်နိုဇာလို နိယာမတစ်ခုမဟုတ်ချေ။ စပင်နိုဇာယူသော ဘုရားသခင်ကား လူသားတို့၏ ကြမ္မာကို ဖန်တီးနိုင်သည်မဟုတ်။ အကြောင်းမှာ ဘုရားသည်ပင် သဘာဝလောက ဓမ္မတာအတိုင်းသာ ဖြစ်ရမည်သို့ ရှိနေ၏။ ဤသို့ဖြစ်ရကား သူ့အယူသည် ဘာသာရေးကြည်ညိုစိတ်သန်သူများ မျက်စိတွင် ဘာသာမယုံသောအမြင်၊ ဘုရားမရှိဆိုသော အမြင်ထက်ပင် ဆိုးနေချေသေးသည်။

ဤဝေဖန်ချက်သည် သူ၏ ဘာသာမယုံမှုသဘောကို ထိမိအောင် ဝေဖန်နိုင်သည်ဆိုသော အချက်ကို အိုင်စတိုင်း လက်ခံသည်။ သို့သော် သူ့ကို ဘာသာမဲ့၊ ဘုရားမဲ့ ဝါဒသမားဟု ခေါ်သည်ကိုတော့ မခံချင်ပေ။

အိုင်စတိုင်းသည် တစ်ခါက ဘာလင်မြို့တွင် ဟိန္ဒူကဗျာဆရာကြီး ရာဘင်ဒြာနပ်သ်တဂိုးနှင့် တွေ့ကြစဉ်က သူ့ရှုမြင်သော ဘဝအမြင်ကို ထုတ်ဖော်ပြောကြားဖူးသည်။

တဂိုး။ ။ လောကသစ္စာတရားဆိုတာက လူသားရဲ့ အသိစိတ်ပေါ်မှာ လုံးလုံးတည်နေတာပဲ။ လောကဆိုတာကိုက လူသားရဲ့ လောကပဲမဟုတ်လား။

အိုင်စတိုင်း။ ။ ဒီအယူအဆကို အနုပညာသဘော၊ ကဗျာသဘောနဲ့ ကြည့်ရင်တော့ ကျွန်တော် သဘောတူပါတယ်။

တဂိုး။ ။ ဘာဖြစ်လို့လဲဗျ၊ သစ္စာတရားဆိုတာ လူကသိမှ ရှိတာပဲ မဟုတ်လား။

အိုင်စတိုင်း။ ။ သိပ္ပံက လက်ခံတဲ့ အမှန်တရား၊ သစ္စာတရားဆိုတာကတော့ လူကသိမှ ရှိတာ မဟုတ်ပါဘူး။ လူမသိလည်း သူ့ဘာသာသူ ရှိမြဲရှိနေတာပဲ။ ဒါပေတဲ့ ဒါကို ခင်ဗျားသက်သေထူပြနိုင်သလားဆိုရင်တော့ ကျွန်တော် သက်သေထူမပြနိုင်ပါဘူး။ ဒါက ကျွန်တော် ယုံကြည်တာပဲ။ ဒါဟာ ကျွန်တော် ယုံကြည်တဲ့ သဘောပဲ။

အလားတူပင် စာရေးဆရာတစ်ဦးဖြစ်သော ဂျော့ဆီလဗက်စတာ မိုင်းရက်ဆိုသူနှင့် ဆွေးနွေးကြစဉ်ကလည်း သူ့ဘာသာယုံကြည်မှုသဘောကို အောက်ပါအတိုင်း ရှင်းရှင်းကလေးပင် ပြောပြလိုက်သည်။

"ပထမအစတုန်းကတော့ ဘယ်လောက် ကျင့်သားရနေတဲ့ လူရဲ့အသိဉာဏ်၊ စဉ်းစားဉာဏ် ဦးနှောက်ပဲဖြစ်ဖြစ် လောကကြီးတစ်ခုလုံးကို ခြုံငုံပြီး မသိနိုင်ခဲ့ကြပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘာနဲ့ အလားသဏ္ဍာန်တူသလဲဆိုတော့ အင်မတန်ကြီးကျယ်တဲ့ ပိဋကတ်တိုက်ကြီး တစ်ခုထဲကို ဝင်သွားတဲ့ ကလေးငယ်တစ်ယောက်လိုပဲပေါ့ဗျာ။ ပိဋကတ်တိုက်ထဲမှာ ဆိုရင် စာအုပ်တွေဟာ ဘာသာအစုံရှိတယ်။ အဲဒီလို ဘာသာစုံတဲ့ စာအုပ်တွေဆိုတာ လည်း စာကြည့်တိုက်ရဲ့ နံရံ ဝဲယာမှာ ခန်းလုံးပြည့် ဟိုခေါင်အထိပဲ ဆိုကြပါတော့။ ကလေးရဲ့အသိမှာတော့ ဒီလောက်များတဲ့ စာအုပ်တွေကို လူတစ်ယောက်စီက ရေးလိုက် တာ ဖြစ်မှာပဲလို့တော့ သိတာပေါ့။ သို့ပေတဲ့ ဒီလူဟာ ဘယ်သူလဲ၊ စာရေးဆရာ ဘယ်သူ၊ ဘာအကြောင်းကို ဘယ်လိုရေးထားတယ် ဆိုတာတော့ ဒီသူငယ် ဘယ်သိ ပါ့မလဲ။ ပြီးတော့ ရေးထားတဲ့ ဘာသာစကားကလည်း အစုံမဟုတ်လား။ ဒီတော့ ဒီစကားတွေကိုလည်း သူ ဘယ်နားလည်ပါ့မလဲ။ ဒီကလေးဟာ ဒီလောက် ရှုပ်ယှက် ခတ်နေတဲ့ စာအုပ်တွေကို ဘယ်လိုအစီအစဉ်တွေနဲ့ ချထားတယ်ဆိုတာ သိဖို့ကြိုးစား စေဦးတော့ ရေးရေးတောင် သူ့အသိထဲမှာ မြင်နိုင်ပါ့မလား။ ဒီလိုပဲပေါ့ ကျုပ်စိတ်ထဲ မလဲ ဘုရားသခင်ဆိုတာနဲ့ ပတ်သက်လို့ ဒီလိုပဲဖြစ်နေတယ်။ နို့ပေတဲ့ စာအုပ်ရေးတာ သိသိမသိသိ တစ်စုံတစ်ယောက် ဖြစ်တယ်ဆိုတာ မှတ်ထားသလို ကျုပ်စိတ်ထဲလည်း ဘုရားသခင်ဆိုတာ ဘာမှန်းမသိပေတဲ့ ရှိမှာပဲ၊ တစ်ခုခုတော့ ဖြစ်မှာပဲလို့ မှတ်နေတယ်။ ဒါဆိုရင် ကျုပ်ကို ဘုရားမယုံတဲ့လူ၊ ဘာသာမရှိတဲ့လူလို့ ဆိုနိုင်ပါ့မလား"

သူ့ရှင်းပြပုံကား အလွန်ရှင်းနေပေသည်။

ထိုအခါ မိုင်းရက်က သူ့အား ခရစ်တော်ရှိခဲ့ဖူးတယ်ဆိုတာ ယုံသလားဟု မေးပြန်သည်။

"ဒါက မေးစရာကိုမလိုဘူး၊ ယေရှုခရစ်တော် ရှိခဲ့တယ်ဆိုတဲ့ အသိကို အစိက မထားဘဲနဲ့ သူ့တရားတွေကို ဘယ်သူမှ ဖတ်နေတော့မှာမဟုတ်ဘူး။ သူ့တရားတွေထဲ ပါတဲ့ စကားလုံးတိုင်းမှာ ခရစ်တော်ရဲ့ရုပ်ဟာ ပေါ်နေသားပဲ။ ခရစ်တော်ဘဝဟာ ဒဏ္ဍာရီမဟုတ်နိုင်ပါဘူး"

ဤကား သူ့အဖြေဖြစ်သည်။

သူ့အမြင်တွင် လောကဖြစ်စဉ် ဖြစ်ရပ်တိုင်းသည် တိကျစွာ ပြဋ္ဌာန်းချက်ရှိသည်။ အဆုံးအစနှင့်တကွ တိတိကျကျရှိသည်။ သူ့သဘာဝ ဓမ္မအတိုင်း ဖြစ်နေကြရသည် ဖြစ်၍ ၎င်းတို့အပေါ်တွင် လူက လွှမ်းမိုးခြယ်လှယ်ချင်တိုင်း ခြယ်လှယ်၍မရ။ ပိုးမွှား ကလေးကအစ ကြယ်နက္ခတ် ဂြိုဟ်များအထိ သူ့ဓမ္မတာနှင့်သူ ပြဋ္ဌာန်းချက် ရှိကြ သည်သာဖြစ်၏။ လနှင့်တကွ အရာခပ်သိမ်းသည် လောကဖြစ်စဉ်နှင့်အညီ လိုက်ဖက် အောင် ကပြနေရသူများသာ ဖြစ်ချေသည်။

"ကျုပ်ဘဝလမ်းမှာ ကျုပ် ဒီလိုဖြစ်လာရတာတွေဟာ ကျုပ်သဘောနဲ့ကျုပ် လုပ်ချင်တိုင်းလုပ်ပြီး ဖြစ်လာတာမဟုတ်ပါဘူး။ ကျုပ် မလွှမ်းမိုးနိုင်တဲ့ တရားတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် မပိုင်စားတဲ့အကြောင်းအမျိုးမျိုး၊ အခြေအနေအရပ်ရပ် ပေါင်းဆုံခွင့်ပြုချက်အတိုင်းသာ ဖြစ်နေရတာ။ အဲဒီဇာတ်ရှပ်ကြီးဆိုတာ သဘာဝတရားက ပြင်ဆင်ထားတဲ့ လူ့ဘဝရဲ့ အနှစ်သာရပဲ။ လူ့ဘဝဆိုတာ အဲဒီအရှုပ်တော်ပုံကြီးပါပဲ''ဟု အိုင်စတိုင်းက ထုတ်ဖော်ပြောဖူးလေသည်။

အိုင်စတိုင်း ပြောကြားချက်မှန်သမျှကို လူတွေက ဂရုတစိုက် စူးစိုက်လေ့လာကြသည်။ စကြဝဠာကြီးအကြောင်းတော့ လူ့သမိုင်းမှာ ပေါ်ပေါက်ခဲ့ဖူးသည့် လူတွေအားလုံးထက် အိုင်စတိုင်းက ပိုသိသည်။ လူတွေမမြင်နိုင် မသိနိုင်သည့် ဘုရားသခင်နှင့် ပတ်သက်သော အမြင်သစ်၊ အသိသစ်များကိုပင် သူ့မှာ ရထားလေပြီလား။ သို့သော် ခရစ်ယာန်ဘုရားကျောင်းက ဘာသာရေးသမားများကတော့ အိုင်စတိုင်းသည် ခရစ်တော်ထက်ပို၍ ဘုရားအကြောင်း ဘယ်နည်းနှင့်မျှ ပိုမသိနိုင်ဟုသာ ဆိုကြမည်။ သူတို့သဘောအရ ကိုယ်စီကိုယ်င ယူဆထားသည်။ ဘုရားသခင်သဘော၊ လူမှာ ဆန္ဒလွတ်လပ်မှုမရှိဘူးဆိုသည့် သူ့အယူအဆများကို ဂရုတစိုက် မှတ်ယူနေစရာမလိုဟုသာ တစ်ဖက်သတ် ဆိုနေကြလေသည်။

ဤကဲ့သို့ ဘာသာရေးနှင့် ပတ်သက်၍ သူကတစ်ဖက် တခြားလူများက တစ်ဖက် အတိုက်အခံဖြစ်နေရသည့်အတွက် သူ့စိတ်ထဲတွင် ပို၍တိကျသော အမြင်တွေကို ရရှိလာသည်။

အိုင်စတိုင်းကား လူတစ်မျိုးသာဖြစ်၏။ ဤကမ္ဘာပေါ်၌ များသောအားဖြင့် လူတို့သည် လောကကို ရှုမြင်ရာ၌ မိမိတို့၏ဘဝ၊ မိမိတို့၏အချိန်ကာလ၊ သက်တမ်း အရေးအခင်းလောက်ကိုသာ စဉ်းစားတတ်ကြသော်လည်း အိုင်စတိုင်းကား ကိုယ့်အကြောင်းကို မစဉ်းစား။ စဉ်းစားဖို့လည်း အချိန်မရ။ သူ့မှာ စကြဝဠာကြီး ဘယ်ပုံ ဘယ်နည်း ဖြစ်နေပါလိမ့် ဆိုသည်ကိုသာ မိမိ၏အတွက်အပြင်သို့ထွက်၍ ရှာဖွေနေခဲ့လေတော့သည်။

အိုင်စတိုင်းမြင်သော လောကအမြင်ထဲတွင် ပုဂ္ဂလိကအရေးအခင်းဆိုသည်ကား မဆိုစလောက်သော ကိစ္စ၊ အတွက်အရေးသည် ထည့်စဉ်းစားစရာမလိုသော အရာဟုသာ နှလုံးသွင်းထားသည်။ ပြီးတော့ လူ့တစ်သက်၊ လူ့တစ်ဘဝ ဆိုသည်ကလည်း စကြဝဠာကြီး၏ သက်တမ်းနှင့်ပဲ တွက်တွက်၊ ကမ္ဘာမြေကြီး၏ သက်တမ်းနှင့်ပဲ တွက်တွက် စက္ကန့်ပိုင်းလောက်ပင် ရှိသည်မဟုတ်။ သည်တော့ ဒီအခိုက်အတန့်ကလေးတွင် ဘယ်လိုနေရနေရ ကျေနပ်သည့် သူ့ဘဝ၏ ရိုးသားစင်ကြယ်ပုံကလေးကို မြင်ရတော့ အေးလူများကပင် မချင့်မရဲ ဖြစ်ရသည်။ တစ်ခုလည်း ရှိသေးသည်။ အိုင်စတိုင်းအနေနှင့် နောင်တမလွန်ဘဝ ဆိုတာကလေး မျှော်ပြီးမှ ဒီလောကမှာ နေပျော်ခြင်းမျိုးလည်း သူ့မှာမရှိ။ နောင်ဘဝကိုလည်း သူ မတမ်းတ။ နောင်တမလွန်ဘဝ ရှိရှိ၊ မရှိရှိ ရှိဖို့

www.burmeseclassic.com

www.burmeseclassic.com



လည်း မလို)။ ဒီဘဝမှာ ခဏကလေး ရေပွက်ပမာ ဖြစ်လာရသည့်အရိုက်အတဲ့ကလေး တွင် ကိုယ့်အသိ၊ ကိုယ့်ယုံကြည်ချက်ကလေးက လောကသစ္စာကို အမှန်အတိုင်း မြင်ထားပြီဖြစ်၍ ဘယ်လိုနေရနေရ ပျော်သည်။

ဤသို့သော ဥပေက္ခာ ပါရမီရှိသည့်မှန်စေ ၁၉၁၉ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော လူ့ဘဝ ပျက်စီးရာပျက်စီးကြောင်း တရားတွေ မြင်ရတော့ သူ့ရင်ထဲတွင် လူမှုရေးတရား မျှတမှု၊ လူမှုရေးတာဝန်ဆိုသည့် အသိစိတ်တွေက ဝင်လာပြန်သည်။

ယခုတော့ ဆယ်နှစ်ပင်ကျော်ခဲ့ပြီ။ ယင်းဆယ်နှစ်အတွင်းမှာ တစ်ကြိမ်ကထက် လည်း ပို၍ ထင်ပေါ်ကျော်ကြားနေလေပြီ။ ထို့ကြောင့်လည်း လူမှုရေး ပြုပြင်ပြောင်းလဲ မှုများ၌ သူ့မှာ ပိုပြီး တက်တက်ကြွကြွ ပါဝင်နေရလေသည်။ အမှန်တော့ သည်လို ပါဝင်နေမိခြင်းကိုပင် သူ့မှာ ဘာကြောင့် ဖြစ်ရသည်ကို ကိုယ်တိုင် နားမလည်နိုင်အောင် ဖြစ်ရသည်။

ယခုဆိုလျှင် သူ့စိတ်ထဲတွင် နိုင်ငံပေါင်းစုံအဖွဲ့အစည်းကြီး၏ ဆောင်ရွက်ချက် များ၊ ငြိမ်းချမ်းရေး လှုပ်ရှားမှုများ၊ လူမှုအခွင့်အရေး ကာကွယ်မှုအစည်းအရုံး၏ လုပ်ဆောင်မှုများ၊ ဓီယွန်ဝါဒများကို ပို၍ စိတ်ဝင်စားနေပြန်၏။

လူမှုရေးကိစ္စများတွင် ကိုယ်ရောစိတ်ပါ ပါဝင်ဖို့ရာ အိုင်စတိုင်းမှာ ယခုအချိန် တွင်မှ ပို၍ စိတ်စောနေ၏။ ထိုအချိန်တွင် ဂျာမန်လုပ်ငန်းရှင်များထံမှ ယခုအချိန်၌ နိုင်ငံအချင်းချင်းသည် တစ်ခုနှင့်တစ်ခု ရန်စမှု၊ မညီမညွှတ် မသင့်မမြတ် ဖြစ်မှုများကို ကမ္ဘာတစ်ကမ္ဘာလုံးရှိ ကမ္ဘာစစ်အတွင်းက စစ်ပွဲများ၌ ပါဝင်ခဲ့ကြသော စစ်ပြန်များ အစည်းအဝေးတစ်ရပ်လုပ်ပြီး ကာကွယ်ဆန္ဒပြသင့်ကြောင်း အကြံပေးထားသည့် စာ တစ်စောင်ကို အိုင်စတိုင်း ရရှိသည်။

"ကောင်းလိုက်တဲ့အကြံပဲကွယ်၊ ကျုပ် ဘယ်ဘက်က ကူရမလဲ၊ ကျုပ် အဆင် သင့်ရှိတယ်"

သူက စိတ်အားထက်သန်စွာဖြင့် ပြန်ကြားလိုက်သည်။

ဥရောပနိုင်ငံများမှာ အပေါ်ယံအားဖြင့် ငြိမ်သက်လျက်ပင် ရှိစေကာ အတွင်း တွင်တော့ လူမျိုးရေးဝါဒက အတော်ပင် အတွင်းလိုက်စားနေသည်ကို အိုင်စတိုင်း မျက်စိထဲ မြင်နေမိသည်။

တချို့သော နိုင်ငံများသည် အဆိပ်ဗုံးနှင့် လူသတ်လက်နက်များကို လျှို့ဝှက် ကြံစည်လုပ်ဆောင်နေကြသည်။ အိုင်စတိုင်းကသာ လက်နက်ဖျက်သိမ်းရေးကို တွင်တွင် တရားဟောနေရသည်။ တကယ်တော့ နိုင်ငံတစ်နိုင်ငံတွင် ကာကွယ်ရေးအတွက် ငွေတွေ ဖြုန်းမနေရလျှင် လွန်စွာအကျိုးရှိပေမည်။ သို့သော် ကာကွယ်ရေး လုံးဝမရှိပြန်လည်း မဖြစ်။ ကိုယ့်ကိုယ်ကို လုပ်တိုင်းခံရသည်အထိ စွန့်ရတော့မည်။ ဖြစ်နိုင်လျှင် စစ်ကို ရှောင်နိုင်ရန် ဘယ်နိုင်ငံမှာမှ လက်နက်မရှိအောင် လုပ်ဖို့လိုပေမည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းစိတ်ထဲတွင်တော့ အနာဂတ် ဥရောပနိုင်ငံများအတွက် ပိုမိုကောင်း မွန်သော ဘဝမျိုး ရလိမ့်မည်ဟု မျှော်လင့်တုန်း ရှိသေးသည်။ ယခင်အခါများက အင်မတန် လက်နက်အားကိုးနှင့် ကျူးကျော်ရန်စတတ်သော ဂျာမနီပင် ယခုတော့ သူ၏အကျင့်ဆိုးတွေ ပျောက်ပျက်ကုန်ပြီ။ ဤသို့ဖြစ်ရခြင်းမှာ နိုင်ငံခြားရေးဝန်ကြီး ဂပ်စတာပ် စထရက်စမန်ကြောင့်ဟု ဆိုလျှင်လည်း မမှား။ နိုင်ငံခြားရေးဝန်ကြီး စထရေ့ စမန်သည် နိုင်ငံခြားတိုင်းပြည်များနှင့် သင့်တင့်အောင်ပေါင်းပြီး ဂျာမနီအပေါ် သင့်တင့် လျော်ကန်ပတ်သော စစ်လျော်ကြေး တောင်းခံရန် ပန်ကြားပြီး မိမိပေးသင့်ပေးထိုက်၍ ပေးရမည်ကိုလည်း ဂရုတစိုက် ပေးခဲ့သည်။

ဂျာမနီကို နိုင်ငံပေါင်းစုံ အဖွဲ့ကြီးထဲ ပါဝင်ရအောင်လည်း သူပင် လုပ်ခဲ့၏။ သူ၏ သမာသမတ်ကျမှု၊ သိက္ခာရှိစွာ ဆောင်ရွက်မှုကြောင့် အကြီးအကျယ် သိက္ခာ ကျခဲ့သော ဂျာမနီမှာ နိုင်ငံတကာက လက်ခံသော ဂျာမနီ ဖြစ်လာလေသည်။

၁၉၂၉ ခုနှစ် နွေရာသီတွင် အိုင်စတိုင်းသည် အနာဂတ်အတွက် အတော်ပင် စိတ်ချယုံကြည်မှု ရှိလာပြီဖြစ်၍ ကန်သာယာအနီး ကပုသ်ကျေးရွာတွင် သူ၏ အပန်း ဖြေ အိမ်ကလေးတစ်ဆောင်ကို စတင်ဆောက်လုပ်သည်။

လင်မယားနှစ်ယောက်၏ စိတ်ကြိုက်နှင့်အညီ အိမ်ကလေးကို ခန်းဖွင့်ကျယ် ကျယ်နှင့် ပြတင်းကြီးကြီးတပ်ကာ သစ်သားနှင့် ဆောက်ကြသည်။ အယ်လ်ဆာက ပန်းခြံကလေးပါ ပါစေချင်သည်။ လက်သမားဆရာများမှာ အိမ်ကလေးကို တစ်လ အတွင်း ပြီးအောင် ဆောက်ပေးကြသည်။ တစ်အိမ်လုံးမှာ မှန်နှင့် သစ်သားချည်းသာ သုံးထားသည်။ သည်လို ရှေးကျသည့် ရွာကလေးမှာဆိုတော့ အိုင်စတိုင်းတို့ အိမ်ကလေး သည်ပင် ခေတ်အမီဆုံး ဖြစ်နေလေတော့သည်။

ကြွယ်ဝသော မိတ်ဆွေများက အိမ်ကလေးနှင့် တစ်ပါတည်း ရွက်လှေကလေး တစ်စင်းကိုပါ လက်ဆောင်ပေးကြသည်။

အိုင်စတိုင်းသည် ဤနေရာကလေးနှင့် အိမ်ကလေးကို လွန်စွာသဘောကျနေ၏။ အိမ်ကလေးမှာ လူစည်ကားရာ မီးရထားဘူတာ၊ မီးရထားလမ်းနှင့်လည်း ဝေးပြီး ကားကြီးကားငယ်များပင် ဝင်ရန်ခက်သော နေရာဖြစ်သည်။

အိုင်စတိုင်းကမူ ယခုလို လူနှင့်သူနှင့် ခပ်ဝေးဝေးနေချင်သည်။ အားလပ်သည့် အချိန်ကလေးများ၌ ကန်သာယာတွင် ရွက်လှေကလေးနှင့် ရွက်လွှင့်ကစားချင်သည်။ မိတ်ဆွေများကလည်း အလိုက်သိသည်။ သူ့အတွက် မဟော်ဂနီသားကို ထွင်းထား သည့် လှေကလေးကိုမှ လက်ဆောင်လာပေးသည်။ လှေကလေးမှာ အရှည် ပေနှစ်ဆယ် ခန့်ရှိသည်။ လှေပဲ့ပိုင်းတွင် ကြက်မီးလို ဆွယ်တတ်ပေးထားသော အပေါ့အပါးသွားဖို့ အခန်းကလေးပင် ပါသည်။ အိုင်စတိုင်းသည် ယခင်က ရွက်လှေများတွင် သည်လို

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာပါသည်ကို မတွေ့စဖူးပေ။ ဤလက်ဆောင်ကလေးအတွက်တော့ သူ အင်မတန် ဝမ်းသာသည်။

သူ့မှာ ရွက်လှေကလေးကြည့်ပြီး ပီတိဖြစ်နေ၏။ သူ့ရွက်လှေနှင့်ဖြစ်စေ သူ တစ်ပါးရွက်လှေနှင့် ဖြစ်စေ အပျော်စီးပြီး သူများအိမ်သို့လည်း လိုက်လည်သည်။ ယခုမူ မိမိခံဖို့အတွက် အိုင်စတိုင်းသည် ငွေတော်တော်များများကို သုံးနေမိ၏။ သို့သော် သုံးပြီးသောအခါ သူ့မှာ စိတ်မကောင်းဖြစ်သည်။ ငွေတွေကို မိမိခံဖို့ သုံးပစ်သည်ထက် ဆေးရုံ ကျောင်းကန်ဇရပ်အတွက် လှူလိုက်လျှင် ပိုကောင်းမည်ဟု စဉ်းစားမိလေသည်။

ယခင် သူ့လှေတစ်စင်းဝယ်သည်။ လက်ဆင့်ကမ်းလာသော လှေကလေးဖြစ်၍ ရေဝင်သည်။ သူ့လှေကလေးကို လီဆာဟု အမည်ပေးထားရာ မိတ်ဆွေများက သူ့လှေကို အရက်မူးနေတဲ့ လီဆာဟု နောက်ပြောင်ခေါ်ကြလေသည်။ နောက်ဆုံး သူ့လှေမှာ ထက်ခြမ်းကွဲသွားသဖြင့် မိတ်ဆွေများပေးသော မဟော်ဂနီလှေကလေးကို လက်ခံလိုက်မိခြင်း ဖြစ်လေသည်။

ဟင်အဲလဇတ်သည် သူ့ဖခင်ထံမှ ရွက်လွှင့်ခြင်း ဝါသနာကိုလည်း အမွေရသူ ဖြစ်သည်။ ဖခင်နည်းတူ လှေကလေးနှင့် ရွက်လွှင့်ရသည်ကို ဟင်လည်း လွန်စွာ ခုံမင်မြတ်နိုးသည်။ ကပုဒ်မှာ အိုင်စတိုင်းတို့နေတော့ ဟင်သည် ခဏခဏလာပြီး ဖခင်နှင့်အတူ ကန်သာယာတွင် လှေရွက်လွှင့်ကြသည်။ ယခုအထိ ငယ်ငယ်ကအကျင့် တွေ ငယ်ငယ်က အထုံဝါသနာတွေ မပြောင်းလဲဘဲ ရှိနေခဲ့သော ဖခင်ကိုကြည့်ပြီး ဟင်ကိုယ်တိုင် တော်တော်နှစ်ခြိုက် ကြည်နူးနေမိသည်။

သားအဖနှစ်ယောက် ကန်သာယာပေါ်တွင် ရွက်လွှင့်လာရင်းက အိုင်စတိုင်း က သူ၏ ပေါင်းစပ်စက်ကွင်း သီဝရီအကြောင်း စပြောလာသည်။ ပြောရင်း ပြောရင်း က သူ့သဘောတရားတွေထဲ နစ်၍ နစ်၍လာသည်။ သူ့မျက်စိထဲတွင် သီဝရီထဲပါတာ တွေကလွဲ၍ ဘာမျှမမြင်တော့။ သူ့လက်ကမူ ရွက်ကြိုးကို တန်းလန်းကြီး ဆုပ်ကိုင် ထား၏။

လှေကလေးသည် လေကကြမ်းလာသည်နှင့်အမျှ ကန်ရေပြင်ပေါ်၌ ခုန်းစိုင်း နေသည့် မြင်းငယ်ပမာ ပြေးလွှားနေတော့သည်။ တဖြည်းဖြည်းနှင့် ကန်ရေပြင်က ကျဉ်း၍ ကျဉ်း၍လာသည်။ အိုင်စတိုင်းကား လှေကလေး ဘယ်ဆီသို့ပြေးနေသည်ကို သတိမထားနိုင်တော့။ စကားကိုသာ ပြောကောင်းတိုင်း ပြောနေလေသည်။ နောက်ထပ် ကိုက်အနည်းငယ်ဆိုလျှင် လှေကလေးသည် ကျောက်ကမ်းပါးနှင့် ဝင်တိုက်တော့မည်။ ထိုအခါမှ ဟင်က စကားဖြတ်ပြီး

"နားထောင်လို့တော့ ကောင်းပါရဲ့၊ နေဦး အဖေ ဟောဟိုမှာ ကျောက်နဲ့ ဝင်တိုက်တော့မယ်" ပြောရင်းဆိုရင်း သူက ရွက်ကြိုးကို လှမ်းဆွဲလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေရက်များကား ပျော်ဖွယ်အတိ ရှိလှပါ၏။

သို့သော်ငြားလည်း ဂျာမနီအခြေအနေက ဆိုးဖို့ စလာခဲ့လေပြီ။

အခြေအနေ ပျက်ယွင်းခြင်းသည် ဂပ်စတာဗ် စထရေးစမန် ကွယ်လွန်ခြင်းနှင့် ဆက်စပ်နေသည်ဟု ဆိုရချေမည်။ စထရေးစမန်သည် အသက် ငါးဆယ့်ငါးနှစ် (၁၉၂၉ ခု အောက်တိုဘာလ သုံးရက်နေ့)တွင် ကွယ်လွန်သွားသည်။ သူကား တကယ့် လူသားအကျိုးပြု ပုဂ္ဂိုလ်တစ်ဦးပါပေ။ အသက်သေသည်အထိ တိုင်းပြည်အတွက် အချိန်မလပ် အလုပ်လုပ်ပေးသွားရှာသည်။

၁၉၂၉ ခု အောက်တိုဘာလ ၂၄ ရက်နေ့တွင် နယူးယောက်မြို့တွင် ကမ္ဘာ့ အခြေအနေ ပြောင်းလဲမှုဂယက်ကြောင့် စတော့ဈေးကွက် ပျက်စီးလာသည်။ ထိုလမှာ ပင် အာရပ်များက ပါလက်စတိုင်းကို ယေဝတီများက နယ်ချဲ့သည်ဆိုကာ ယေဝတီ များကို သတ်ဖြတ်မှုများ စလုပ်လာသည်။ အာရပ်များက ပါလက်စတိုင်းသို့ ယေဝတီ များ စိမ့်ဝင်ခြင်း တားဆီးရန် ဇီယွန်ဝါဒ တိုက်ဖျက်ရန် ကြွေးကြော်လာသည်။

ဤသတင်းကို ကြားရသောအခါ ဥရောပနိုင်ငံနှင့် အမေရိကန် သတင်းစာများ ကို တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးကြရန် အိုင်စတိုင်းက တောင်းပန်စာများ ရေးသားထုတ်ဝေလိုက်သည်။

"ကျုပ်တို့ ယေဝတီလူမျိုးများမှာ ပါလက်စတိုင်း ထူထောင်ရေး လုပ်ကြရာ တွင်လောက် ထက်သန်သော အမျိုးသားရေးဆောင်ရွက်ချက်မျိုး ရှေးယခင်က တစ်ခါမျှ မတွေ့ခဲ့စဖူးပါ။ ငြိမ်းချမ်းရေးနှင့် ဘဝရပ်တည်ရေးအတွက် တည်ကြည်စွာ ဆောင်ရွက် နေကြသော ယေဝတီတို့၏ ပါလက်စတိုင်း ထူထောင်ရေးလုပ်ငန်းကို မွန်မြတ်သည့် လုပ်ငန်းအတွက် ရက်ရက်စက်စက် သတ်ဖြတ်ညှဉ်းဆဲမှု၊ ဖျက်ဆီးပိတ်ပင်မှုများ ပေါ်လာ သောအခါ၌ တရားသဖြင့်ဖြစ်အောင် တရားဝင် ကူညီမှု၊ ကာကွယ်ပေးမှုတွေကို မရှာ သင့်ပါလော"

ဤသို့ဖြင့် အိုင်စတိုင်းသည် ကြေညာချက်အရှည်ကြီး ရေးလိုက်သည်။ သူ့ ကြေညာချက်တွင် စကားလုံးပေါင်း တစ်ထောင်လောက်ပါမည်။ ထိုစာတွင် ယေဝတီ များသည် မိမိတို့ အခြေစိုက်ရာ မြေအတွက် ကျသင့်သော တန်ဖိုးကိုလည်း အဝအကျ ပေးပြီးဖြစ်ကြောင်း။ ယေဝတီနှင့် အာရပ်တို့သည် အချင်းချင်း အိမ်နီးနားချင်းသဖွယ် သင့်တင့်စွာ ဆက်ဆံပြီး မလိုတမာ ကျူးကျော်စော်ကားသူများကို ခုခံကြဖို့သာရှိ ကြောင်း၊ ဇီယွန်ဝါဒ၏ ကောင်းမွန်သော သဘောထားတို့ကိုလည်း တစ်ကမ္ဘာလုံးက ထောက်ခံသင့်ပါကြောင်း ရေးသားလိုက်လေသည်။

ဒေါက်တာအိုင်စတိုင်း၏ ရေးသားချက်ကို ကြားသိရသောအခါ ဗြိတိသျှအစိုးရ က ချက်ချင်းပင် အရေးယူစုံစမ်းမှုများကို ပြုလုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းလများအတွင်း၌ အထူးသဖြင့် အိုင်စတိုင်းသည်ဖီယွန်ဝါဒအကြောင်း၊ ငြိမ်းချမ်းရေးဝါဒအကြောင်း၊ လစ်ဘရယ်ဝါဒအကြောင်းများကို အင်အားရှိသမျှနှင့် ကြွေးကြော်နေလေတော့သည်။ မည်သူကမျှ အရေးတယူ ရှိလှသည်တော့မဟုတ်။

ဂျာမနီပြည်တွင် တိမ်ဖုံးသည့်ပမာ အရောင်မှိန်နေခဲ့သော အားဒေါ့ဖ်ဟစ်တလာ၏ နာဇီပါတီသည် အလုပ်လက်မဲ့ များပြားလာသည်နှင့်အမျှ ထောက်ခံအားပေးသူများလာလေသည်။

ပါလီမန်အမတ်များက စထရေ့စမန်၏ ဝါဒကိုပင် ကျင့်သုံးရန်အတွက် မဲပေးဆုံးဖြတ်ကြပြန်၏။ သို့ရာတွင် လက်တွေ့တွင် ဂျာမနီပြည်၌ လူမျိုးရေးဝါဒ၊ အမျိုးသားရေးဝါဒကသာ ရှေ့တန်းသို့ ရောက်မှန်းမသိ ရောက်လာခဲ့ပြန်လေသည်။

အိုင်စတိုင်းသည် လူမှုရေးကိစ္စတွေကို ငြီးငွေ့လာပြန်၏။ ထိုအခါ သူ၏နေရာမှန်ဖြစ်သော သိပ္ပံပညာနယ်ထဲသို့ ပြန်ဆင်းသွားပြန်၏။

အိုင်စတိုင်းမှာ သူ၏ စက်ကွင်းသီဝရီကို ပုံဖော်ရန်အတွက် သစ်ဆန်းသော သင်္ချာသဘောတရားများ လိုနေသည်။ ဤအတွက် သူက ဩစတြီးယားပြည်သားပညာရှင်တစ်ဦးဖြစ်သော ဝေါလ်တာမေယာအား သူ့လက်ထောက်အဖြစ် ကူညီလုပ်ဆောင်ပေးရန် တိုက်တွန်းရသည်။

သူ ဖတ်ခဲ့၊ လေ့လာခဲ့သမျှ စာအုပ်တွေထဲ တွေ့ခဲ့ရသည့် သင်္ချာပညာလောကတော့ ကုန်ပြီ။ သူ့သီဝရီအသစ်သည် ထိုသင်္ချာမျိုးလောက်နှင့် ပုံဖော်လို့မရတော့မှန်းလည်း သူသိပြီ။ တော်ရုံတန်ရုံ ကြိုးပမ်းမှုလောက်ဖြင့်လည်း ဤကိစ္စ အောင်မြင်မည်မဟုတ်သည်ကို သူသိသဖြင့် တစ်ဖက်က လူမှုရေးကိစ္စတွေကိုလျှော့ပြီး ငါးဘယ်နှကျော်ကာမှ လူရွယ်တစ်ယောက်လို အားသွန်ကြိုးပမ်းဖို့ သူ စိတ်ကူးပြန်လေသည်။

ဘန်းမြို့တွင် ကျင်းပသော ငြိမ်းချမ်းရေးကွန်ဂရက်သို့ တက်ရောက်ပါရန် သူ့အား ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တို့က ဖိတ်ကြားသည်။ သူက ပြန်ကြားလိုက်ရာတွင် "အကယ်၍ ကျွန်ုပ်သာ ယင်းအစည်းအဝေးသို့ တက်ဖြစ်ပြီး စကားပြောခွင့်ရမည်ဆိုလျှင် ကျွန်ုပ်တို့ လူ့သမိုင်း၌ စစ်နှင့် ကျူးကျော်တိုက်ခိုက်မှုများအတွက် လူတွေထက် ဘုန်းကြီးတွေဟာ ပိုပြီးတာဝန်ရှိခဲ့တယ်လို့ ပြောမိမှာပါပဲ"ဟု ရေးသားဖော်ပြလိုက်လေသည်။

ထို့နောက် များမကြာမီမှာပင် နိုင်ငံပေါင်းစုံအဖွဲ့ကြီးမှ နိုင်ငံအချင်းချင်း ကျွမ်းကျင်မှု အကူအညီပေးရေး ကော်မတီအဖွဲ့ဝင်အဖြစ်မှ အိုင်စတိုင်း နှုတ်ထွက်ပြန်လေသည်။ ယခုတစ်ကြိမ်တွင်လည်း ယင်းကော်မတီသည် ထိထိရောက်ရောက် ဘာမျှမဆောင်ရွက်နိုင်ဟု ယူဆသောကြောင့် နှုတ်ထွက်လိုက်ခြင်းဖြစ်သည်။ သူ့အမြင်တွင် ဤအသင်းကြီးသည် သူ့ကတိအတိုင်း ယေဝတီများကဲ့သို့သော လူနည်းစုများအရေး ကာကွယ်

www.burmeseclassic.com

www.burmeseclassic.com



မည်။ မျက်ကမ်းမျိုးချစ်ဝါဒကို တားဆီးမည်ဆိုသည့်အတိုင်း ဘာတစ်ခုမျှ မလုပ်နိုင်ဟု မြင်သည်။

မည်သို့ပင်ဆိုစေ ဤတစ်ကြိမ်တွင် သူ့အနေနှင့် ကမ္ဘာကြီးကို အဆက်ဖြတ်ပြီး ကိုယ့်သိပ္ပံလုပ်ငန်းထဲပဲ ကိုယ့်ဘာသာကိုယ် နေတော့မည်ဆိုသော်လည်း မနေနိုင်ခဲ့။ နေလို့မရသည့် အကြောင်းတွေက ကြေကွဲစရာ ပေါ်လာသည်။

၁၉၃၀ ခုနှစ် နွေဦးတွင် သားငယ် အက်ဒဝပ်ထံမှ ဘဝလျှောက်လဲချက်များ ပါသည့် စာအရှည်ကြီးတစ်စောင်ကို အိုင်စတိုင်း လက်ခံရရှိသည်။

အက်ဒဝပ်က သူ့စာထဲတွင် အိုင်စတိုင်းအား "သူ့ဘဝကို သစ်စိမ်းချိုး ချိုးသွားသည့် အဖေ"ဟု ခေါ်ထားသည်။

"ကမ္ဘာပေါ်မှာ ကျွန်တော်ကလွဲရင် ဘယ်လူသားမှ မရနိုင်တဲ့ အခွင့်အရေး တစ်ရပ်ကို ကျွန်တော် ရခဲ့ပါတယ်အဖေ။ အဲဒီအခွင့်အရေးကတော့ တခြားမဟုတ်ပါဘူး၊ ကျွန်တော်ဟာ အိုင်စတိုင်းလို လူတစ်ယောက်ရဲ့ သားဖြစ်ရတဲ့ အခွင့်အရေးပါပဲ။ ဒီအခွင့်အရေးဟာ ကျွန်တော်ကလွဲရင် ဘယ်သူမှ ရနိုင်တဲ့အခွင့်အရေးမဟုတ်ပါဘူး။ အဖေ့လို ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို အဖေတော်ရလို့လည်း ကျွန်တော့်ဘဝမှာ ဂုဏ်ယူလို့ မဆုံးပါအဖေ။ အားထားလို့လည်း မဆုံးပါ။ ကျွန်တော့်ဘဝရဲ့ ခိုမှီရာဟာ အဖေပါပဲ။ ကျွန်တော်ဘဝအပေါ်မှာ အဖေ့အရိပ်ကြီးဟာ အမြဲထိုးကျနေခဲ့ပါတယ်။ အဖေ့အရိပ်ဟာ အေးတယ်။ အဖေ့အရိပ်အောက်မှာနေရတာ ကျွန်တော့်အဖို့ အပျော်ဆုံးပဲ အဖေ။ ဒါကြောင့်လည်း ကျွန်တော်ဟာ အေးမြတဲ့ အဖေ့အရိပ်ကြီးအောက်မှာ ထာဝရ နေရတဲ့ သားဖြစ်ပါစေလို့လည်း ဆုတောင်းခဲ့ရပါတယ်။ အဖေ့လို အဖေကို အဖေ တော်ခဲ့ရတဲ့ ဘဝကံကို ဂုဏ်ယူရလွန်းလို့လည်း အဖေ့လိုအဖေရဲ့ သားမျိုးတစ်ယောက် ဖြစ်အောင်လို့ ကျွန်တော် အသေအလဲကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဘဝဟာ တကယ်တော့ သောင်ပြင်မှာလွှတ်တဲ့ ခွေးလိုပါအဖေရယ်။ အဖေ့အရိပ်ဟာလည်း တကယ်တော့ ကျွန်တော့်အတွက် အစစ်မဟုတ်ဘူး။ ကျွန်တော့်စိတ်ထဲမှာတော့ အဖေ ဟာ ကျွန်တော့်ရဲ့အားပါ။ ခုတော့ ဒါတွေဟာ အလကားပါပဲ။

ကျွန်တော်တို့ဟာ အပယ်ခံတွေပါ။ အဖေ့ကို ကျွန်တော်တို့က ချစ်ရပေမယ့် အဖေကတော့ ကျွန်တော်တို့ကို စွန့်ပြီး ဝေးရာမှာ သွားနေတယ်။ အားငယ်နေရှာတဲ့ မေမေ့မျက်နှာကို မြင်ရတိုင်း ကျွန်တော့်ရင်ထဲမှာ မချိဘူး။ ရင်နာတယ်။ အသည်းတွေ ကွဲကြေမတတ်ပါပဲ။ ဒီတစ်ခါ နာကြည်းရတဲ့အကြောင်းကို ရှာတယ်။ နောက်ဆုံးတော့ ကျွန်တော်တို့ သားအမိတွေကို နာကြည်းအောင် သစ်စိမ်းချိုး ချိုးခဲ့တာ ဘယ်သူမှ မဟုတ်ဘူး အဖေပဲ။ အဖေမှ အဖေအစစ်ပဲ"

အက်ဒဝပ်၏စာသည် အိုင်စတိုင်းအသည်းတွေကို ကြေစေသည်။ သူ့မျက်ရည် တွေကိုလည်း သူမဆည်နိုင်တော့။ ရင်ထဲက ကျဉ်သည်။ ခေါင်းထဲမှာလည်း ဘာကိုမျှ စဉ်းစားလို့မပေါ်။

www.burmeseclassic.com



ပုလောင်သည့်ရင်ကို မကာ အိုင်စတိုင်းသည် ဘာလင်မှ ဖူးရစ်မြို့ သူ့သား ရှိရာသို့ လိုက်သွားလေသည်။ သားကို နားလည်တတ်သည့်အရွယ်မို့ ဖျောင်းဖျ နားချမည်ဟုလည်း ရည်ရွယ်သွားသည်။

ဖူးရစ်တွင် မီလီဗာနှင့်တွေ့ရတော့ မီလီဗာမှာ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေရှာသည်။ သူ့ဘဝတွင် သားအတွက် နစ်မွန်းမတတ် ဖြစ်နေရပြီဖြစ်၍ အဲလဗတ်၏ ကြင်နာမှုနှင့် အကူအညီ အထူးလိုနေသည်ဟု မီလီဗာက ပြောသည်။ အက်ဒဝပ်ကား သူထင်သလို ကျန်းကျန်းမာမာ မဟုတ်တော့။ ရင်ကွဲနာကျပြီး အိပ်ရာထဲတွင် ဗုန်းဗုန်းလဲနေလေပြီ။

မီလီဗာမှာ အက်ဒဝပ်ခံစားနေရသည့် ရောဂါ၏ ရင်းမြစ်အခြေခံအကြောင်း ဘယ်သို့ရှိသည်ကိုလည်း အတတ်မသိ။ အစကတော့ အက်ဒဝပ်မှာ ကြေကွဲစရာ အချစ်ရေးကိစ္စများရှိလို့ပေလားဟု တွေးကြည့်သေးသည်။ အကြောင်းမည်သို့ပင် ရှိစေဦးတော့ အက်ဒဝပ်မှာ ယခုဆိုလျှင် အသက်နှစ်ဆယ့်တစ်နှစ်ပင်ဖြစ်၍ ဝမ်းနည်းကြေကွဲစရာရှိစေဦး ခံနိုင်ရည်ရှိသော အရွယ်သို့ ရောက်နေပြီ။

အမှန်တော့ အဖေအပေါ် ချစ်စိတ်နှင့် နာကြည်းစိတ်တွေ အက်ဒဝပ်ရင်ထဲ ပဋိပက္ခ ဖြစ်နေခဲ့တာ ကြာပြီဆိုသည်ကို မိဘများ သိနားလည်လာကြသည်။ ဖအေကို သူချစ်ရသည့် ချစ်ခြင်းကား ကြည်ညိုခြင်း၊ စွဲလမ်းခြင်းတို့ကြောင့် ရှိခိုးရမတတ်ပင် ဖြစ်၏။ သို့ပေမင့် ဤမျှ ချစ်ရလေသလောက် သူ့ရင်ထဲမှာ အမုန်းစိတ်ကလည်း ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့ရလေသည်။

အက်ဒဝပ်အနေနှင့်ကလည်း သူ့စိတ်ထဲမှာ နာကြည်းပြီး ကြေကွဲစွာခံစားနေရမှန်း သူကိုယ်တိုင်သိသည်။ သို့ပေမင့် ဤနာကြည်းသော ဝေဒနာကလေးကို သူ့အသိစိတ်ကလေးနှင့် ဖြေဖျောက်လိုက်ပါလား ဆိုတော့လည်း မဖျောက်နိုင်။ သူ့ဘဝကား ပျက်စီးခဲ့ပြီဖြစ်၏။ သည်လိုပျက်စီးခဲ့ရခြင်း၏ တရားခံသည်လည်း တခြားလူမဟုတ်။ ဖခင်ပင်ဖြစ်သည်ဆိုကာ သူ့စိတ်ထဲတွင် သူ့ဖခင်ကိုသာ အလွန့်အလွန် နာကြည်းနေမိသည်။

အမှန်အားဖြင့် ယခုအချိန်အထိ အိုင်စတိုင်းသည် 'ဆိုက်ခီယက်ထရီ'ခေါ်သော စိတ်ခွဲပညာကို မယုံကြည်သေးသော်လည်း သားရေးကြုံလာသော အခါ၌မူ မနေသာတော့။ ဆွစ်ဇာလန်တွင် အကောင်းဆုံးဆိုသော စိတ်ပညာဆရာဝန်ထံသို့ အက်ဒဝပ်ကို ပို့ပြီး ကုသည်။ ယင်းသို့ ဆရာထံပို့ကာမှ သားငယ်၏ အခြေအနေက ပို၍သာ ဆိုးလာတော့သည်။

ထိုအခါ စိတ်ပညာအရာတွင် ကမ္ဘာပေါ်၌ ထိပ်တန်းအရောက်ဆုံးသော ဗီယင်နာမြို့သို့ အက်ဒဝပ်ကို ပို့ပြီးကုပြန်သည်။ ဤတွင်လည်း အကြောင်းမထူးခြားပြန်ချေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူကား အပြင်းအထန် ထိန်းမနိုင် သိမ်းမရ စိတ်ဖောက်ပြန်ခြင်းမျိုးလည်း မဟုတ်။ စိတ်ဝေဒနာ၏ဒဏ်ကို တမြေ့မြေ့သာ ခံစားနေရသည်။ မထူးသည့်အတူတူ မီလီဗာသည် သူ့သားကို အိမ်မှာပင် ခေါ်ထားချင်သည်။

မီလီဗာနှင့် အိုင်စတိုင်းတို့၏ ကိုယ်ရေးကိုယ်တာ ကိစ္စများမှာ သားကြောင့် အရေးမထားသာတော့။

မီလီဗာ့ရင်ထဲတွင် နှစ်ဆယ့်ငါးနှစ်လုံးလုံး အတွင်းကြိတ် ခံစားလာခဲ့ရသော နာကြည်းစိတ်တို့လည်း ပျောက်လွင့် ပျက်ပြယ်ကုန်ကြသည်။ ဟင်အဲလဗတ် ဖူးရစ်သို့ ရောက်လာသောအခါ မိခင်နှင့် ဖခင်မှာ အက်ဒဝပ်၏ ကြေကွဲစရာအဖြစ်ကြောင့် ပြန်ပေါင်းထုပ်နေရသည်ကို မြင်တော့ သူ့ရင်ထဲက ကျေနပ်မိသည်။

စင်စစ် အက်ဒဝပ်၏ အသိပညာစုံနေမှုက သူ့ရောဂါကို ကုမရအောင် တားဆီးနေသလိုဖြစ်နေ၏။ စိတ်ဆရာဝန်တွေက သူ့စိတ်ကို ခွဲခြမ်းစိတ်ဖြာ စီစစ်တော့ သူက ဤပညာတွင် သူ့ဆရာဝန်များထက်ပင် ပို၍ သိနားလည်ပြီးသား ဖြစ်နေ၏။ သူ့ကို ဆရာဝန်များက မေးခွန်းမေးပြီး စုံစမ်းစစ်ဆေးရန် တစ်ခုခုလုပ်ခိုင်းလျှင် သူတို့ ဘာကို သိချင်၍ သည်လိုလုပ်ခိုင်းမှန်း သူက ကြို၍သိနှင့်နေပြီ။ နောက်ဆုံးတော့ အက်ဒဝပ်၏ အတွင်းစိတ်သည် ဆရာဝန်များအတွက် ဘယ်သောအခါမျှ မသိနိုင်သောအရာသာ ဖြစ်နေခဲ့ရလေတော့သည်။

ဤသို့ သားငယ်အက်ဒဝပ်တစ်ယောက် ရင်ကွဲနာကျရသည်အထိ ဖြစ်သည်ကို မျက်ဝါးထင်ထင်မြင်ရတော့မှ အိုင်စတိုင်းသည် မိမိဘဝ၏ တွေးခေါ်မြော်မြင်ရေး သဘောတရားတွေကို ဆန်းစစ်ဖို့အကြောင်း ဖြစ်လာလေသည်။

အိုင်စတိုင်းသည် ကိုယ့်ကိုယ်ကို ပြန်စစ်မိသည်။ ကိုယ့်ဘဝအကြောင်းတွေကို ပြန်စဉ်းစားမိသည်။ ဘဝဖြစ်တည်ပုံနှင့် ပတ်သက်သော သူ၏ ယထာဘူတအမြင်တွေကို စာရွက်ပေါ်တွင် ရေးချလိုက်မိသည်။ ယထာဘူတအမြင်သာ ဆိုရသော်လည်း စင်စစ် သူ့ရင်ထဲမှာရှိသည့် ခံစားတတ်မသာ အသည်းနှလုံး၏ တစ်စိတ်တစ်ဒေသကို ရောင်ပြန်ဟပ်လိုက်ခြင်းပဲလို့လည်း ဆိုနိုင်သည်။

"သြော် တို့တစ်တွေရဲ့ ဘဝဟာ အသက်မသေရ၊ မနာရ၊ ပအိုရတဲ့ အသင်္ခါရ ဘဝမျိုးဆို ဘယ်လောက်ဆန်းကြယ် အံ့ဖွယ်ရှိလိုက်ပေမလဲ။ ခုတော့ တို့များဘဝက ရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာ တစ်သက်လျာဆိုသလို အသက်ရှင်ရတဲ့ အခိုက်အတန့်ဟာဖြင့် တိုတောင်းလှပေတယ်။ တစ်ခါတစ်ရံ ဒီဘဝမှာ ဘာအတွက် လူလာဖြစ်ရပါလို့ သိချင်ဇောနဲ့ စဉ်းစားတဲ့အခါမှာလည်း ရှိခဲ့ဖူးပါတယ်။ ဘာအတွက် လူဖြစ်ရတယ်ဆိုတာ သိသလိုရှိတဲ့အခါလည်း ရှိခဲ့ပါရဲ့။ မှန်တဲ့အသိတော့ ဟုတ်ပုံမထင်ဘူး။ သေသေချာချာ စစ်ကြည့်လိုက်တော့မှ တို့တစ်တွေရဲ့ ဘဝဖြစ်တည်ရခြင်း

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်ဟာ ဘာမှန်းကို အတပ်သေချာ မသိသာပါကလား။ သိပ်ပြီး နက်နက် ရှိုင်းရှိုင်းကြီး မစဉ်းစားမှုပဲ နေ့စဉ် အတွေ့အကြုံကလေးတွေ၊ နေ့စဉ် ခံစားရတဲ့ ခံစားချက်ကလေးတွေကို အရင်းတည်ပြီး စဉ်းစားတွေးခေါ်ကြည့်မယ် ဆိုရင်တော့ တို့များ အသက်ရှင်နေရတာဟာ သူတစ်ပါးအတွက် အသက်ရှင်ရတာပါပဲ။ ဦးဆုံး တစ်ချက် ကိုယ့်ရဲ့သာယာပျော်ရွှင်မိတဲ့ အခိုက်အတန့်ကလေးအကြောင်း စဉ်းစားလိုက် လျှင်ပင် ဒီပျော်ရွှင်မှုကလေးဟာ သူတစ်ပါးရဲ့ အပြုံးအရယ်နဲ့ စိတ်ချမ်းသာ ကိုယ် ချမ်းသာနေရတဲ့ အဖြစ်ပေါ်မှာ တည်နေတယ်ဆိုတာကလေး တရေးရေး မြင်ရတော့ တယ်''

အိုင်စတိုင်းကား မပျော်တော့ပြီ။ ဟိုယခင် အားရပါးရ ဟက်ဟက်ပက်ပက် ရယ်မောပြောဆိုတတ်သော သူ့အသံဝါတို့သည် ကပုသ်ကန်သာယာ အိမ်ကလေးဆီမှ နွေရက်နှင့်အတူ ပျောက်ဆုံးခဲ့ပြီ။ ကန်သာယာပတ်ဝန်းကျင်တွင် သူ၏ရယ်သံကို မကြားရတော့ပြီ။ လပိုင်းကလေးအတွင်းမှာပင် သူ့မျက်နှာသည် သိသိသာသာ အိုစာ သွားခဲ့ပြီ။ ရွှန်းရွှန်းတောက်ခဲ့သော သူ့မျက်လုံးအိမ်တွင် ကြေကွဲစွာ ခံစားရသော သောကရိပ်တို့သာထင်လျက် မှုန်ဝေခဲ့လေပြီ။ ဆံပင်တွေကလည်း ဖြူသည်ထက် ဖြူ လာခဲ့၏။ နှုတ်ခမ်းမွေးတို့ပင် အရောင်ပြောင်းလျက် ရှိတော့သည်။ သည်ကြားထဲက သူသည် မေယာနှင့်အတူ သဘာဝတရားကြီးကို စူးစမ်းသည့် အခက်ဆုံးသော ရူပဗေဒ ပညာ ပြဿနာကြီးအတွက် ရုန်းကြကန်ကြ၊ တူးကြယက်ကြတုန်း ရှိသေးသည်။ တွက်ချက်ထားသည့် စာရွက်တွေက တစ်ရွက်ပြီးတစ်ရွက် လွင့်ကျလာကြသည်မှာ စိတ်ဝင်စားဖို့တော့ ကောင်းပါ၏။ မှတ်လောက်သားလောက်တော့ မပါသလို ဖြစ်နေ သည်။

အိုင်စတိုင်း၏ ဘဝဖြစ်စဉ်ကို မှတ်တမ်းတင်သူ အန်တိုနီနာ ဗယ်လင်တင်နှင့် တွေ့သောအခါ အယ်လ်ဆာက သူ့ယောက်ျား အိုင်စတိုင်း၏ ရင်၌ဖွဲ့လေသော သောက တို့အကြောင်းကို ပြောပြသည်။

''အဲလဗတ်ရင်ထဲမှာ အက်ဒဝပ်အတွက် ဖြစ်ရတဲ့ သောကဟာ မီးဟုန်းဟုန်း တောက်နေတယ်ကွယ်။ သူဟာ ကိုယ်ရေးကိုယ်တာ ဒုက္ခသုခတွေ အားလုံးကို လျစ်လျူ ရှုပြီး နေနိုင်အောင် အမြဲကြိုးစားခဲ့တယ်။ ဒီတစ်ခါ သားကြောင့်ဖြစ်တဲ့ သောကကတော့ သူ့ဘဝကို လှုလှုကြီး အထိနာစေခဲ့တော့တာပါပဲကွယ်''

အောက်တိုဘာလတွင် အိုင်စတိုင်းသည် အင်္ဂလန်ပြည်သို့လာပြီး ရီလေတီဗတီ အကြောင်း ဟောပြောသည်။ တစ်ဖက်ကလည်း ယေဝတီဒုက္ခသည်များ ကယ်ဆယ် ရေး ရန်ပုံငွေအတွက် ငွေရှာခဲ့သည်။

သို့သော် အိုင်စတိုင်းသည် ရွေးကောက်ပွဲအမီ သူထောက်ခံနေသော ဆိုရှယ်လစ် ဒီမိုကရက်များကို မဲရေးရန်အတွက် ဘာလင်သို့ ပြန်ခဲ့လေသည်။ သူ အားပေးသော

www.burmeseclassic.com



ပါတီကပင် ရွေးကောက်ပွဲတွင် နိုင်သည်။ သို့သော် ဟစ်တလာ၏နာဇီပါတီက ယခင်အမတ် ဆယ့်နှစ်နေရာသာ အနိုင်ရဖူးရာမှ ယခုအပတ်တွင် တစ်ရာနှင့် ခုနစ်နေရာ ရသွားသည်။ ပါလီမန်တွင် ဒုတိယအားအကောင်းဆုံး ပါတီဖြစ်လာသည်။ ထို့ပြင် ကွန်မြူနစ်ပါတီကလည်း အမတ်နေရာ ခုနစ်ဆယ်လောက် ရသွားသည်။

အိုင်စတိုင်း မျက်စိထဲတွင်တော့ ဂျာမနီသည် နိုင်ငံရေးပျက်ကပ်ကြီးနှင့် ကြုံရတော့မည်ပါတကားဟု တွေးမြင်နေပြီ။ ဘဏ်တွေလည်း အရှုံးကြီးရှုံးနေကြသည်။ ဆံပြုတ်ဆိုင်များမှာပင် တန်းစီနေရသည့် လူတန်းကြီးက ရှည်သည်ထက် ရှည်၍သာနေ၏။ သူ့မှာမူ ကူချင်ကယ်ချင်ပေမယ့်လည်း အာဏာကမရှိ။ ဝတ်နေသောသူများကတော့ သီလစောင့်ပါလို့ ပြောလို့ရမည်မဟုတ်။ သူတို့သည် ဝိညာဏဝါဒကို နားဝင်နိုင်မည်မဟုတ်ချေ။ သူ့ဘဝထဲမှာလည်း ရူပဗေဒအတွက် နောက်တစ်ဆင့်တက် အောင်မြင်အောင် လုပ်ဖို့ဆိုသည်မှာ ဖြစ်ပဲဖြစ်နိုင်ပါ့မလား။ မသေချာတော့။ ရင်ထဲမှာမူ အချိန်နှင့်အမျှ အက်ဒဝပ် သောကမီးကျိုးက တညီးညီး တောက်လောင်နေတော့သည်။

မစ္စဗယ်လင်တင်းထံသို့ အယ်လ်ဆာရေးခဲ့သည့်စာတွင် "ဒီဆောင်းဟာ တို့များအတွက် ဒုက္ခ သောကတွေကလွှဲလို့ ဘာမှမပေးခဲ့တဲ့ ဆောင်းဖြစ်ခဲ့တယ် ဗယ်လင်တင်း။ တို့လေ စိတ်ပြေလက်ပျောက်ဆိုသလို ခရီးရှည်ကြီး ထွက်ဦးမယ်လို့ စိတ်ကူးထားတယ်"

အယ်လ်ဆာ၏စာတွင် ပါသည့်အတိုင်းပင်ဖြစ်သည်။ ကယ်လီဖိုးနီးယား စက်မှုတက္ကသိုလ် ပါမောက္ခ ရောဗက်မီလကန်၏ ဖိတ်ကြားချက်ကို အိုင်စတိုင်း လက်ခံလိုက်လေသည်။ ပါမောက္ခ ရောဗက်မီလကန်က ဆောင်းရာသီအတွင်း၌ ကာလီဖိုးနီးယား စက်မှုတက္ကသိုလ်တွင် ဧည့်သည်ပါမောက္ခဖြစ် ဆောင်ရွက်ပါရန် အဆိုပြုချက်ကိုလည်း အိုင်စတိုင်း လက်ခံခဲ့လေသည်။ ထို့ပြင် ဤစက်မှုတက္ကသိုလ်တွင် ဆောင်ရွက်ခြင်းအားဖြင့် မောင်ဝီလဆင် နက္ခတ်လေ့လာရေးဌာန နီးနှောဖလှယ်ပွဲများသို့လည်း တက်ရောက်ဆွေးနွေးခွင့်ရမည်။ ဤအချက်ကလည်း သူ့ကို တော်တော်ဆွဲဆောင်သည်။ ဤဌာနသို့ သူ၏မိတ်ဆွေကြီးများ ဖြစ်ကြသော လောရင့်ဇ်နှင့် အာရင်ဖက်စ်တို့လည်း ရောက်ဖူးခဲ့ကြသည်။ သူတို့က သူ့ကို သွားရောက်လေ့လာရန် အခါခါ တိုက်တွန်းခဲ့ဖူးသည်လည်း ရှိသည်။

နယူးယောက်မြို့သို့ ယခင်တစ်ကြိမ်ရောက်ခဲ့ဖူးသည်မှာ ယခုဆိုလျှင် ၁၀ နှစ်ကာလသို့ပင် ချဉ်းခဲ့ပြီ။ အိုင်စတိုင်းစိတ်ထဲတွင် နယူးယောက်ကလူတွေ ဘယ်သွားသွား လူအုပ်ကြီးနှင့် ဝိုင်းထားကြသည့် မြင်ကွင်းကိုမူ မျက်စိထဲက မထွက်နိုင်သေး။ သူ့စိတ်ထဲတွင် ယင်းအဖြစ်မျိုးနှင့် ယခုတစ်ကြိမ်တွင် နောက်ထပ်တစ်ဖန် ပြန်မတွေ့ချင်တော့ပေ။ သို့သော် သည်အဖြစ်တွေကိုရှောင်ပြီး တစ်ဖက်က လှည့်ပတ်သွားဖို့ဆိုသည်မှာလည်း တခြားနည်းလမ်း မရှိတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘာလင်မြို့က ထွက်ခွာသောအချိန်မှာ နိဝင်ဘာလတွင်ဖြစ်သည်။ သူနှင့်အတူ အယ်လ်ဆာနှင့် သူ့အတွင်းရေးမှူး ဟယ်လင်ချူကပ်စ်လည်း ပါသည်။

ထွက်ခွာခါနီးတွင် သတင်းထောက်များအား ပြောရာ၌ သူက "ကျုပ်တို့ နယူးယောက်မှာ နေမှာကတော့ ငါးရက်လောက်ပါပဲ။ ကျုပ်စိတ်ထဲတော့ တတ်နိုင် တစ်ဆောင်းလုံး နိုင်ငံခြားမှာနေမယ်လို့မှတ်တယ်။ အေး ဟိုကျလည်း ဓာတ်ပုံသတင်း ထောက်တွေနဲ့ သတင်းစာဆရာတွေကို ရောက်ရောက်ချင်း ရင်ဆိုင်ရဦးမယ်။ ဒါကတော့ မိနစ်ပိုင်းလောက်ကြာရင် ပြီးသွားမှာပါပဲ။ ကိစ္စသိပ်မရှိပါဘူး။ ဒီပြီးတဲ့နောက် ကြုံရမယ့် လူအုပ်ကြီးတွေကိုပဲ ကျုပ်စိတ်လေးမိတယ်"

သူက ဤသို့ဆိုသော်လည်း စင်စစ်တော့ အိုင်စတိုင်းသည် လူထု၏ အသိအမှတ် ပြုမှုကို ခံသင့်သလောက် ခံချင်သည်။ ခုတော့ လူတွေနှင့် ကြုံဆုံဆက်ဆံနေရခြင်းသည် ပင် သူ့ဘဝ၏တစ်စိတ်တစ်ဒေသလို ဖြစ်နေ၏။ သို့သော် နယူးယောက်လူထုမှာမူကား လိုသည်ထက် ပိုကဲသည်။

ဤခရီးတွင် စစချင်း အဆင်မပြေသလို ဖြစ်ရသည်။ ကြယ်နီသင်္ဘောလိုင်းက သူဝယ်သော ပထမတန်းလက်မှတ်တစ်စောင်အတွက် အခန်းသုံးခန်းနှင့် အစစအရာရာ သူတို့အတွက် ကူညီရန် လူနှစ်ဦးပါပေးသည်။

"ဟော့ ဒါက ဘာသဘောလဲ၊ ဒါမျိုး ကျုပ်မကြိုက်ဘူး။ ဒီလိုလုပ်တာဟာ သက်သက်လှည့်စားပြီး သူတစ်ပါးလုပ်အားကို ခေါင်းပုံဖြတ်တာပဲလို့ ကျုပ်ထင်တယ်"

အိုင်စတိုင်းမှာ ရင်ထဲရှိသည့်အတိုင်း အော်ကျယ်အော်ကျယ်နှင့် ပြောတော့ သည်။ အယ်လ်ဆာက သူ့ကို တားရသည်။

"အဲလဗတ်ကလည်း ရှင်က ဒီလိုပြောတော့ သင်္ဘောကလူတွေ စိတ်မကောင်း ဖြစ်ပါ့မယ်"

"မဟုတ်ဘူး မဟုတ်ဘူး၊ ငါ့ကို တခြားလူတွေနဲ့ တန်းတူသဘောထားပြီး တန်းတူအခွင့်အရေးပေးတာပဲ ငါကြိုက်တယ်"

သူက အလျှော့မပေး ငြင်းမြင်ငြင်းဆန်နေလေသည်။ ဤစကားမျိုးကို ခဏခဏ ကြားနေရသဖြင့် ဟယ်လင်ချူကပ်စ်မှာ တစ်ညတွင် ဆန်းဆန်းပြားပြား အိပ်မက်များ ပင် မက်မိသည်။

တစ်ညတွင် အိုင်စတိုင်းတို့အိမ်သို့ သူခိုးဓားပြများက ဝင်ဖောက်သည်။ ဓားပြ များသည် အိမ်သားများကို နံရံတွင်ကပ်ပြီး တန်းစီခိုင်းသည်။ အကျီအိတ်ထဲ ရှိသမျှ ထုတ်ခိုင်းသည်။ ထိုအချိန်တွင် ဓားပြတစ်ယောက်သည် အိုင်စတိုင်း အနားရောက် သွားသည်။ ဓားပြသည် ပါမောက္ခကြီး၏ မျက်နှာကို မှတ်မိသွားသည်။

"ဩော် ပါမောက္ခကြီးပါကလား၊ ဟာ ကျွန်တော်တို့ မှားပါပြီခင်ဗျာ၊ ကျွန် တော်တို့ကို ခွင့်လွှတ်ပါခင်ဗျာ။ ပါမောက္ခကြီးမှန်းသိရင် ကျွန်တော်တို့ မတိုက်ပါဘူး။

www.burmeseclassic.com



ကျွန်တော်တို့ ပါမောက္ခကြီးရဲ့ပစ္စည်း ဘာတစ်ခုမှ မယူပါဘူးခင်ဗျာ''ဟု ဆိုကာ တောင်းပန်ရာလေသည်။

ထိုအခါ အိုင်စတိုင်းမှာ မျက်နှာပျက်သွားပြီး

''ဒီမှာ သူငယ်။ ယူစရာရှိတာ အားလုံးယူသွားပါကွယ်။ ကျုပ်ကို တခြား လူတွေလိုပဲ သဘောထားပါ။ ရော့ ရော့ သော့''ဟု ဆိုကာ သော့ကို ထုတ်ပေးလိုက်လေသည်။

အတ္တလန်တစ်သမုဒ္ဒရာကြီးကို သင်္ဘောနှင့်ဖြတ်ပြီး သွားရသည့်ခရီးမှာ စိတ် သောကရောက်နေရသော သိပ္ပံပညာရှင်ကြီးအဖို့ ယာယီသက်သာမှုကလေးလောက်တော့ ရသည်။ သင်္ဘောပေါ်တွင် ခဏခဏ တယောထိုးသည်။ တခြားလူများက ဓာတ်ပုံရိုက် ချင်ပါသည်ဆိုလျှင်လည်း သူက နှစ်သက်စွာ လက်ခံသည်။ အော်တိုစာအုပ်တွေမှာ လက်မှတ်ထိုးပေးပါဆိုတော့လည်း လက်မှတ်ထိုးပေးသည်။ သို့သော် ယေဝတီဒုက္ခသည် များ ရန်ပုံငွေအတွက် သူ့ကို ဓာတ်ပုံရိုက်သူ၊ လက်မှတ်ထိုးခိုင်းသူများထံမှ တစ်ဦးလျှင် တစ်ဒေါ်လာတောင်းသည်။

သူတို့ စီးနင်းလိုက်ပါလာသော သင်္ဘောကြီးသည် နယူးယောက်ဆိပ်ကမ်းတွင် မကပ်မီကပင် မော်တော်ကလေးနှင့် အသင့်စောင့်နေကြသော သတင်းထောက်များကို မြင်ရသည်။ ထိုအခါ အတွင်းခန်းထဲဝင်သွားပြီး အဝတ်အစားလဲသည်။ ဆယ့်ငါးမိနစ် လောက်အကြာတွင် သူပြန်ထွက်လာသည်။ ပြန်ထွက်ထွက်ချင်းပင် သတင်းစာရှင်းလင်း ပွဲနှင့် တိုးတော့သည်။

သတင်းထောက်များနှင့် တွေ့သောအခါ တတ်နိုင်သမျှ ရယ်ရယ်မောမော ပြောဆိုဆက်ဆံသည်။ တကယ်တော့ သူ့ရင်ထဲကအပူကို လူများသိအောင် ပြနေခြင်း အားဖြင့် သူတစ်ပါးအတွက် အကျိုးမရှိ။ သူ့စိတ်ရင်းစေတနာက သူနှင့်တွေ့သူတိုင်း နှလုံးစိတ်ဝမ်း အေးချမ်းသာယာစေချင်သည်။ သူ့ကို လူတွေက လုပ်စေချင်သလိုလုပ်ပြီး ပြောစေချင်သည်ကိုပြောဖို့ပင် သူ စိတ်ကူးသည်။ ဘဝ၏ ဤအခိုက်အတန့်ကလေးမှာ တော့ ကိုယ့်စိတ် ကိုယ့်ဆန္ဒတွေထက် လူများအလိုအတိုင်း လိုက်နေခဲ့သည်က များ သည်။ ဆွစ်ဇာလန်တွင် ငယ်ငယ်က သာယာပျော်ရွှင်စွာ နေခဲ့ကြစဉ် အတူပေါင်းသင်း နေခဲ့ဖူးသူများမှာ သူ့ဘဝ၏ အပြောင်းလဲကြီး ပြောင်းလဲနေပုံကို တွေ့ရတော့ စိတ် မကောင်းဖြစ်ကြသည်။ သူတို့အနေနှင့်မူ အသောတွေ အရှုန်းတွေနှင့် ဝေဝေဆာဆာ နောက်နောက်ပြောင်ပြောင် နေတတ်သည့် အိုင်စတိုင်းမျိုးကိုပဲ တွေ့ချင်ကြသည်။

၁၉၃၀ လောက်တွင် အိုင်စတိုင်းသည် သူ့ကို လူတကာက ဘယ်လိုများ ထင်သွားကြမလဲဆိုသည့်အချက်ကို အထူးဂရုစိုက်နေပြီဖြစ်ကြောင်း တွေ့ရလေသည်။

နယူးယောက်သို့ ရောက်သောအခါတွင်လည်း တတ်နိုင်လျှင် အမြန်ဆုံး ပဆာ ဒီနာရှိ ကာလီဖိုးနီးယား စက်မှုတက္ကသိုလ်သို့ရောက်ပြီး ပြောစရာရှိ၍ ပြောရမည်ဆို လျှင်လည်း သိပ္ပံပညာအကြောင်းပဲ ပြောချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ရေဒီယိုကနေ စကားပြောရသောအခါ အိုင်စတိုင်းက ယခုလို အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေခိုက်တွင် မိမိအနေနှင့် အမေရိကန်ပြည်သူများနှင့် ပိုမိုနားလည်မှုရအောင်၊ ပိုမိုချစ်ခင်မှုရအောင် ဆောင်ရွက်ချင်ကြောင်း ပြောကြားသည်။

နောက်နှစ်ရက်ကြာသောအခါ မဟာတ္တန်မြစ်ကမ်းဘေးရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း နံရံများ၌ ရှေးက ကမ္ဘာ့သမိုင်းတွင် ပေါ်ပေါက်ခဲ့ဖူးသည့် ပုဂ္ဂိုလ်ကျော်၊ ကမ္ဘာ့ကျေးဇူးရှင်ကြီးများနှင့်အတူ ထုလုပ်ထားသော သူ့ရုပ်ထုကြီးကို လာရောက်ကြည့်ပါရန် ဖိတ်ကြားသည်။

ဖိတ်ကြားသည့်အတိုင်း အိုင်စတိုင်းသည် သူ့ရုပ်ထုကို ထုလုပ်ထားသော ဘုရားရှိခိုးကျောင်းသို့ သွားကြည့်သည်။ ပရိုတက်စတင့် ဘုရားရှိခိုးကျောင်းတွင် သူလိုယေဝတီတစ်ဦးအား ဂုဏ်ပြုပြီး ရုပ်ထုကိုပင် ထုလုပ်မွမ်းမံထားသည်ကို တွေ့ရသည့်အတွက် သူ့စိတ်ထဲတွင် အလွန်ကျေနပ်နှစ်သိမ့်မိလေသည်။

"ကျုပ်အနေနဲ့ကတော့ ဒီလိုဂုဏ်ပြုတာကို ထိခိုက်နိုင်တဲ့အတွက် ဘာမှပြောလဲမပြောလိုဘဲ ရေးလဲမရေးလိုပါဘူး"ဟု မေးလာသူများအား အိုင်စတိုင်းက ပြန်ပြောပြသည်။ ပြောသည့်အတိုင်းလည်း ဂုဏ်ပြုခံထိုက်အောင်ပင် ဘာမျှမပြောဘဲ နေခဲ့လေသည်။

တစ်ခါကမူ ဟိုတယ်စည်းဝေးခန်းမ၊စ်ခုတွင် ငြိမ်းချမ်းရေးသမားများက သူ့အား အမျိုးမျိုးသော မေးခွန်းများကို မေးကြသည်။ အိုင်စတိုင်းမှာ အမေးအမြန်း အပြောအဆိုများလှသော ဤလူစုကို ငြီးငွေ့လာသည်။ စိတ်မရှည်တော့သည့်အဆုံး ထိုင်ရာမှထပြီး ယခုအချိန်သည် စကားတွေသာ ဖောင်ဖွဲ့ပြီး ပြောနေရမည့်အချိန်လည်း မဟုတ်တော့ပြီ။ တကယ်အလုပ်နှင့် လက်တွေ့ပြရမည့်အချိန်သာ ဖြစ်နေပြီဖြစ်ကြောင်း ပြောလိုက်လေတော့သည်။

အိုင်စတိုင်းအနေနှင့်မှုကား တကယ့်ငြိမ်းချမ်းရေးသမား စစ်စစ်သည် လက်နက်ကိုင် တိုက်ခိုက်မှုကို တစ်ကိုယ်ကောင်း ငြင်းဆန်နေရုံဖြင့် ကိစ္စမပြီးသေး။ မည်သည့်အခြေအနေ၊ မည်သည့်ဘဝပဲရောက်ရောက် မိမိတို့အနေနှင့် လက်နက်ကိုင်မည်မဟုတ်ကြောင်း လူသိရှင်ကြား ကြေညာရမည်ဟု ယုံကြည်သည်။

"အကယ်၍များ စစ်မှုထမ်းတွေထဲက နှစ်ရာခိုင်နှုန်းလောက်ကသာ ကျုပ်တို့လက်နက်နဲ့ တိုက်နေရတာမျိုး မလိုချင်ဘူးဟု ကြေညာလိုက်မည်ဆိုပါက ဘယ်အစိုးရမှ အာဏာရှိတော့မည်မဟုတ်တော့။ ဒီလောက်လူအများကြီးကိုလည်း ဘယ်အစိုးရမှ ထောင်ထဲပို့နိုင်မှာမဟုတ်ဘူး"

ငြိမ်းချမ်းရေးသမားတစ်ဦးဖြစ်သူ အဲလ်ဖရက် လိဖ်က ပြောကြားရာတွင် ယခုအခါ လူတွေသည် စိတ်ဓာတ်လှုပ်ရှားနေသည်။ "အင်မတန် စိတ်ပျက်အောင်ယ်၊

www.burmeseclassic.com



သနားစဖွယ် ညှိုးနေတဲ့ မျက်နှာနဲ့ အိုင်စတိုင်းဟာ စကားပြောခွက်ရှေ့မှာထွက်ပြီး ရပ်လိုက်တာဟာ ကမ်းတက်တပ်သားတွေ လက်နက်ကြီးတွေနဲ့ တိုက်တာထက်တောင် ပိုပြီးအစွမ်းထက်သေးတယ်''ဟုလည်း ဆိုသည်။

အမေရိကန် တက္ကသိုလ် ပရဝုဏ်အတွင်းရှိ လစ်ဆရယ်ကျောင်းသားများကမူ သူ့အား ချစ်စနိုး နာမည်ပေး၍ 'နှစ်ရာခိုင်နှုန်း အိုင်စတိုင်းကြီး'ဟု ခေါ်ကြလေသည်။ အိုင်စတိုင်း ယောကြားပြီးနောက် နှစ်ပတ်လောက်အတွင်းမှာပင် ငြိမ်းချမ်းရေးသမား တို့၏ စိန်ခေါ်သံသည် ကမ္ဘာတစ်ခွင်လုံး ပဲ့တင်ဟည်းထခဲ့လေတော့သည်။ "နှစ်ရာခိုင် နှုန်းမှ လုံးဝငြိမ်းချမ်းရေးသို့''ဟူသော ကြွေးကြော်သံသည်လည်း အသံကျယ်စွာ မြည် ဟည်းခဲ့ချေပြီ။

အိုင်စတိုင်း စကားပြောရာအရပ်တိုင်း မြို့တော်က ဓာတ်ရုံတိုင်း လူပြည့်လျှံ ခဲ့၏။ ပွဲတိုင်းတွင် ဩဘာသံတို့လည်း ညံစီလျက်ရှိသည်။ တယ်လီဖုန်းနှင့် ဆက်၍ ပြောဆိုချီးကျူးကြသူများ၏ အသံသည်လည်း တစ်ရုံမလပ်ခဲ့။ နယူးယောက်မှ လူပေါင်း သုံးဆယ့်ငါးယောက်က သူတို့သည် အိုင်စတိုင်းနှင့် ဆွေမျိုးတော်သည်၊ ညီအစ်ကို ဝမ်းကွဲတော်သည်ဟု ဆိုကြလေသည်။ အိုင်စတိုင်းနှင့် ပတ်သက်၍ အမျိုးမျိုးသော ကောလာဟလသတင်းများ လွှင့်ခြင်းကြောင့် အဖမ်းခံရသူတွေလည်း ရှိသည်။ ဗီယင်နာ မြို့သား ပါမောက္ခတစ်ဦးဖြစ်သော ကွာတင်ဆိုသူက သူသည် ရီလေတီဗတီအကြောင်း ကို အလွယ်ဆုံး အရှင်းဆုံး ဆယ့်ငါးကြိမ်လောက်နှင့် သင်ပေးနိုင်သည်ဟု တိုင်းမဂ္ဂဇင်း တွင် ကြေညာခဲ့သည်။ ဖရစ်ကရိုက်ဇလာနှင့် အိုင်စတိုင်းတို့သည် ကမ္ဘာကျော် ဂီတ အနုပညာရှင်ကြီး မောဇတ်အကြောင်း ဆွေးနွေးသည်။ ဂျွန် ဒီ ရော့ကဖဲလားနှင့်ကျတော့ စီးပွားရေးပြဿနာများကို အချီအချ ငြင်းခုံကြသည်။ ဟယ်လင်ကဲလားက အိုင်စတိုင်း နှုတ်ခမ်းကို သူ့လက်နှင့် စမ်းသပ်ပြီး မိနစ်နှစ်ဆယ်လောက် စကားလက်ဆုံကျကြရ သေးသည်။

အိုင်စတိုင်းသည် နယူးယောက်သို့ သူလိုက်ပါလာခဲ့သော ဘဲဂျင်လင်း သင်္ဘော ကြီးနှင့်ပင် ပြန်လည်ထွက်ခွာခဲ့ပြန်၏။ ထိုအချိန်တွင် သူက လာရောက်နှုတ်ဆက်သူ များအား နောက်ဆုံး နှုတ်ဆက်စကားပြောရာတွင်

"ကျုပ် နယူးယောက်ကနေ ထွက်ခွာသွားရပေမယ့် ကျုပ်စိတ်ထဲမှာတော့ အားသစ်အင်သစ် အမြင်သစ်တွေ အများကြီးရရှိခဲ့၏''ဟု ဆိုခဲ့၏။ သို့ရာတွင် သူ၏ နေ့စဉ်မှတ်တမ်းထဲတွင်တော့ "ဒီနေ့ဟာ ကျုပ်သေတဲ့နေ့ပဲ''ဟု ရေးချလိုက်လေတော့ သည်။

သတင်းစာများထဲတွင် သူ့အား ကမ္ဘာပေါ်တွင် အကျော်ကြားဆုံး ပုဂ္ဂိုလ် ကြီးဟု ချီးကျူးရေးသားကြသည်ကို တွေ့ရတိုင်း အိုင်စတိုင်းစိတ်ထဲတွင် ဒါတွေသည်

www.burmeseclassic.com

www.burmeseclassic.com



အလွန့်အလွန် ပုံကြီးချဲ့ရေးခြင်းများပေပဲဟု မှတ်ခဲ့လေသည်။ သည်အကြောင်းကို ပနားမားတူးမြောင်း အဝင်ဖြစ်သော ကိုလုံးမြို့သို့ရောက်မှ ပြန်စဉ်းစားမိသည်။ ထိုမြို့တွင် တစ်ထောက်နားစဉ်က သူနှင့် အယ်လ်ဆာတို့သည် မြင်းလှည်းကလေးတစ်စီးနှင့် စိုက်ပျိုးခင်းများတစ်လျှောက် မြေနီလမ်းကလေးအတိုင်း မြင်းလှည်းနှင့် လျှောက်လည်ရာ မြင်းလှည်းဆရာက ရီရီသေသေ နှုတ်ဆက်ပြီးပြောသည်။

"ပါမောက္ခကြီးခင်ဗျား ဘယ်လိုမှတော့ စိတ်မရှိပါနဲ့ခင်ဗျား။ ပါမောက္ခကြီးရဲ့ ရီလေတီဗတီ သီဝရီအကြောင်းကို ကျွန်တော် ဖတ်ဖူးပါတယ်။ ဒါပေတဲ့ ကျွန်တော်တော့ ပါမောက္ခကြီးနဲ့ သဘောမတူဘူးခင်ဗျ"လို့ ပြောသည်ကို ကြားရသည်။

ကာလီဖိုးနီးယားသို့ရောက်တော့ အိုင်စတိုင်းမှာ စိတ်မောဖွယ် လူအုပ်ကြီးနှင့် ဆုံရပြန်သည်။ ပထမဆုံး ဆုံရသည်မှာ ကားတန်းရှည်ကြီး ဖြစ်သည်။ ထို့နောက် လာလာသမျှ လူတွေက သူတို့လက်ထဲ ပါလာသည်များကို သူ့အား လက်ဆောင်ပေးကြသည်။ နောက်ဆုံး သူရောက်သောနေရာမှာ ရုပ်ရှင်မြို့တော်ဖြစ်သော ဟောလီးဝုဒ်ဖြစ်၏။

အိုင်စတိုင်းအား ဂုဏ်ပြုသည့်အနေနှင့် ရုပ်ရှင်ထုတ်လုပ်သူများနှင့် သရုပ်ဆောင်သူများက ကြီးကျယ်သော ထမင်းစားပွဲကြီးတစ်ခု ပြုလုပ်ကြသည်။ ထိုအခမ်းအနားတွင် ဟောလီးဝုဒ်လေအတိုင်း သူတို့၏ ကမ္ဘာကျော်ဒေသ်သည်ကြီး အိုင်စတိုင်း၏ ဂုဏ်ထူးဝိသေသများကို ဟိမဝန္တာ ချီးမွမ်းခန်း ဖွင့်ကြပြန်သည်။ သို့သော် အိုင်စတိုင်းသည် ကျေးဇူးတင်စကား ပြန်ကြားပြောဆိုရာတွင် ရိုးရိုးကလေးပင် ပြောသည်။

"ခုလို ဂုဏ်ပြုကြတာ ချီးကျူးကြတာတွေအတွက် ကျေးဇူးတင်ပါတယ်။ ပြောသွားဆိုသွား ချီးမွမ်းခန်းဖွင့်သွားတာ ကြားရတော့ ဒါတွေသာ အဟုတ်အဟုတ်ယုံရရင် ကျုပ် ဘဝင်လေပင့်ပြီး ရူးတောင် ရူးမလားပဲ။ နို့ပေတဲ့ ကျုပ် ဘဝင်မမြင့်သေးပါဘူး"ဟု ဆိုသည်။

ထမင်းစားပွဲအပြီးတွင် အိုင်စတိုင်းအား အထူးပြသသော "အနောက်ဘက် ရှေ့တန်းစစ်မျက်နှာ၏ နိဂုံး" ရုပ်ရှင်ကားကို ကြည့်စေကြသည်။ ရုပ်ရှင်မှာ ဂျာမနီတွင် လွန်ခဲ့သောနှစ်ကတည်းက ထုတ်ဝေခဲ့သော အီရစ်ချ် မရိုင်ယာ ရီမာကျူ၏ ဝတ္ထုကို မှီးထားသော ရုပ်ရှင်ကားဖြစ်သည်။ သို့သော် ဤရုပ်ရှင်မှာ ပြသခွင့်မရဘဲ ပိတ်ပင်ခံထားရသော ရုပ်ရှင်ဖြစ်သည်။ ဤရုပ်ရှင်ကားကိုကြည့်ပြီးသောအခါ အိုင်စတိုင်းက ဘာလင်သို့ ပြန်ရောက်သည်နှင့် ဝေဒ်ပြိုင်နက် မိမိသည် ဤရုပ်ရှင်ကို မပိတ်ပင်သင့်ကြောင်း ကန့်ကွက်အဆိုပြုမည့် ထုတ်ဝေသူများအား ကတိပြုလိုက်လေသည်။ "ကျုပ်ကြည့်ခဲ့ရဖူးသမျှ ရုပ်ရှင်တွေထဲမှာ စစ်ကို မုန်းတီးအောင် အထက်မြက်ဆုံးနဲ့ အအောင်မြင်ဆုံး ပြသနိုင်တဲ့ကားဟာ ဒီတစ်ကားပဲရှိတယ်"ဟုပင် မှတ်ချက်ချခဲ့သေး၏။

www.burmeseclassic.com



ဟောလီးဝုဒ်မှ အလည်အပတ်ရောက်နေစဉ်ကာလတွင် အိုင်စတိုင်းနှင့် ကမ္ဘာကျော် လူရွှင်တော်မင်းသားကြီး ချာလီချက်ပလင်နှင့် တွေ့ကြသည်။ အိုင်စတိုင်းမှာ နဂိုကပင် အသောအရွှင် ဝါသနာပါသည့်အလျောက် ဟာသသဘော၊ ရုပ်ရှင်လုပ်ငန်းသဘောကို သိချင်သောကြောင့် ချက်ပလင်နှင့် ဆွေးနွေးသည်။ ချက်ပလင်ကမူ ကမ္ဘာကြီး၌ ကြုံတွေ့နေရသော အခက်အခဲများအကြောင်း၊ ဆိုရှယ်လစ်ဝါဒအကြောင်းလောက်သာ အိုင်စတိုင်းနှင့်တွေ့စဉ်ကာ၌ ပို၍ ပြောဆိုဆွေးနွေးချင်သည်။ နောက် ချက်ပလင်က အိုင်စတိုင်း၏ ဓာတ်ပုံတစ်ပုံတောင်းသည်။

အိုင်စတိုင်းက ဓာတ်ပုံ၏ကျောဘက်တွင် စာရေးလက်မှတ်ထိုးပေးရာ၌ "ကမ္ဘာကျော် စီးပွားရေးသမားကြီး ချာလီချက်ပလင်သို့"ဟု ရေးသားလိုက်၏။ အိုင်စတိုင်း လက်ထက်ကျမှ ခေတ်က တစ်မျိုးပြောင်းနေပြီပါတကား။ ခါတိုင်း လူတကာအဖို့တော့ ရုပ်ရှင်ပညာသည်တွေကသာ သူတို့ဓာတ်ပုံကို အမှတ်တရ လက်မှတ်ထိုးပေးရသည်ဟု ရှိခဲ့၏။ ယခုမူ အိုင်စတိုင်းက ရုပ်ရှင်ပညာသည်များအား သူ့ဓာတ်ပုံကို ပြန်ပေးနေရလေသည်။

ဟောလီးဝုဒ်က လူတွေ၏မျက်စိထဲတွင်တော့ အိုင်စတိုင်း၏ ရုပ်မျက်နှာသွင်ပြင် အနေအထားသည် တကယ့်ကျက်သရေရှိသော မျက်နှာထားဖြစ်သည်ဟု မြင်လေသည်။ ထုတ်ဝေသူတစ်ယောက်ကမူ သူ့အား ရုပ်ရှင်ဓာတ်ကားတစ်ခု ရိုက်ချင်ပါသည်။ မင်းသား အခန်းက ဝင်လုပ်ပေးပါဟုပင် ဆိုလာသည်။ ဤတွင် အိုင်စတိုင်း၏ သိပ္ပံပညာရှင် အပေါင်းအသင်းများမှ မျက်လုံးပြူးသွားကြ၏။ "ဒါ သက်သက်စော်ကားတာပဲ"ဟုပင် မခံမရပ်နိုင် ဖြစ်ကြရလေသည်။ အိုင်စတိုင်းကတော့ သည်လိုပြောသောကြောင့် စိတ် အနှောင့်အယှက် မဖြစ်မိပေ။

သူ့ဘက်က ရိုးရိုးစင်းစင်းမြင်သည့် အမြင်နှင့် ကြည့်မည်ဆိုလျှင် လူတကာကို ပျော်ပြေနှစ်သိမ့်စေရခြင်းအလုပ်သည် ကောင်းသော အသက်မွေးဝမ်းကျောင်းမှု ဖြစ်သည် ဟု မြင်မိသည်။ ဒါကြောင့်လည်း သူ၏ဟောပြောပွဲများတွင် ပြောချင်သည့်အကြောင်း ကို ဓာတ်လမ်းဆင် ပြောပြချင်သည်။ ဖြစ်နိုင်သည့် အချိန်ကလေးတွင် သူတစ်ပါး နားထောင်ရန် သူက တယောကလေးထိုးပြီး ဖြေဖျော်ချင်သည်။

အိုင်စတိုင်းသည် ပါဆာဒီနားတွင် နှစ်လခန့် နေထိုင်ခဲ့၏။ ဤအရပ်တွင် နေထိုင်ရသောအခါမှ သူ့မှာ စကြဝဠာကြီးအကြောင်း ပို၍လေ့လာရသည်။ သူက "ကျုပ် ခုမှ ကျောင်းပြန်တက်နေရတာဗျ"ဟု ပြောသောအခါ ကာလီဖိုးနီးယားကလူ တွေက သူ့ကို လှောင်ပြောင်ပြောသည်ဟု ထင်ကြ[illegible]။ အမှန်တော့ လှောင်ပြောင် ပြောခြင်းမဟုတ် သူ့စိတ်ထဲရှိသည့်အတိုင်း ပြောလို[illegible]ခြင်းသာ ဖြစ်ပေသည်။

ဝီလဆင်တောင်ကုန်းပေါ်ရှိ နက္ခတ်လေ့လာရေးဌာနတွင် ဤကမ္ဘာမြေမှ ရောင် ခြည် နှစ်ပေါင်း သန်းပေါင်းမြောက်မြားစွာရေးသော ကြယ်စုကြီးများကို မျက်[illegible]

www.burmeseclassic.com



မြင်တွေ့လေ့လာရသည်။ ယင်းကြယ်စုကြီးထဲတွင် ကြယ်များ နေနက္ခတ်များမှာ မိုးတိမ်တိုက်ကြီးသဖွယ်ဖြစ်ပြီး အိုင်စတိုင်းတင်ပြခဲ့သည့်အတိုင်း ဆွဲဆောင်မှုစက်ကွင်းဖြင့်လည်ပတ်နေကြလေတော့သည်။

ထို့နောက် ဤဒွာနရှိ နက္ခတ်ပညာရှင်များသည် ကျွန်ုပ်တို့ကမ္ဘာမြေကြီးက အစက်အပေါက်ကလေးတစ်ခုလောက် အနေနှင့်သာ ပါဝင်သော မစ်လကီးဝေးခေါ် ကြယ်စုကြီးနှင့် အနီးစပ်ဆုံး ကမ္ဘာမြေနှင့်ဆိုလျှင် ရောင်ခြည်ပေါင်း ထောင်ပေါင်း ခုနစ်ရာသာဝေးသော အင်ဒရိုမီဒါ ကြယ်စုကြီးအကြောင်း စူးစမ်းလေ့လာနေကြောင်း ကြားသိရသည်။

ဝေါလတာ အဒမ်စ်နှင့် ချားလ်စ်စိန့်ဂျွန်ဆိုသော ပညာရှင်ကြီးများက နေ၏ ပတ်ဝန်းကျင်လေထု အနေအထားအကြောင်း ပြောဟောပြသည်။ ယင်းပတ်ဝန်းကျင်လေထုမှာ မိုင်ပေါင်းတစ်ရာလောက်သာ ထုရှိသော ကမ္ဘာလေထုနှင့် နှိုင်းစာလျှင် နေပတ်ဝန်းကျင်လေထုမှာ မိုင်ပေါင်း ကိုးထောင်ထု အနက်အရှိုင်းရှိသည်ဟု ဆိုသည်။ ယင်းလေထုထဲတွင် သံဓာတ်ပါသော ကယ်လစီယံအထပ်အလွှာ ဟိုက်ဒရိုဂျင် အထပ်အလွှာ ဟီလီလီယံနှင့် အခြားဓာတ်ငွေ့များပါသော လေထုအထပ်အလွှာများ ပါဝင်သည်။ သို့ပင်ဖြစ်စေကာ နေသည် ဤကြယ်စုကြီး၏ ဗဟိုအချက်အချာ မဟုတ်သေး။ သူ့ကြယ်ရန်ကလေးများနှင့် အပြင်စွန်းတစ်နေရာတွင်ဖြစ်နေသော မစ်လကီးဝေးကြယ်စုကြီး၏ တစ်စိတ်တစ်ဒေသမျှကလေးသာ ဖြစ်ပေသေးသည်။

ဝီလဆင်တောင်ကုန်းပေါ်ရှိ သိပ္ပံပညာရှင်ကြီးများကို အိုင်စတိုင်း လေ့လာကြည့်တော့ ဤပုဂ္ဂိုလ်များမှာ သိသိသာသာ ပေါ်လွင်နေသော အချက်သည်ကား သင်္ချာယဒိဋ္ဌိ ကင်းစင်ခြင်းပင် ဖြစ်ပေသည်။

လွန်ခဲ့သောနှစ်ပေါင်းအတော်ကြာကပင် အိုင်စတိုင်းက စကြဝဠာကြီးသည် လေးဒွာနသဘောရှိကြောင်း၊ အကန့်အသတ်ရှိကြောင်း စသည်တို့ကို သဘောတရားရေးအမြင်တစ်ရပ်အဖြစ် ဖော်ထုတ်ခဲ့၏။ စကြဝဠာကြီးကား ကြီးမားလှသော မီးပုံပျံကြီးနှင့် တူလှကြောင်း သူအဆိုပြုခဲ့၏။ စကြဝဠာထဲရှိ နေ လ နက္ခတ်များမှာ တစ်ခုနှင့်တစ်ခု ကွေးညွတ်သော စက်ကွင်းများဖြင့် ရစ်ပတ်ထုံးနှောင်ထားကြောင်းလည်း သူဆိုခဲ့၏။ ထို့ပြင် ရုပ်အစဉ်သည် အစဉ်သဖြင့် တစ်သဘောတည်းရှိပြီး ၎င်း၏ အစိတ်အပိုင်းများကသာ ကိုယ့်လမ်းနှင့်ကိုယ် ပြုပြင်ပြောင်းလဲဖြစ်ပေါ်နေကြကြောင်းများကိုလည်း သူစဉ်းစားတွေးမြင်ခဲ့ဖူးသည်။

၁၉၃၀ ခုနှစ်တွင် နက္ခတ်ဗေဒင်ပညာရှင်များ လေ့လာရှာဖွေ ဖော်ထုတ်ချက်များအရ မှန်ပြောင်းများဖြင့် ကြည့်သောအခါ အလွန်ဝေးကွာသော ကြယ်စုဓာတ်ငွေ့ထု (နေဗြူလာ)များသည် အာကာသထဲတွင် ပို၍ဝေးသောနေရာသို့ ဆုတ်သွားနေကြောင်း တွေ့ခဲ့ကြရပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်ကိုကြည့်လျှင် စကြဝဠာများသည် တစ်နေရာတည်းတွင် တည်ငြိမ်နေကြသည်မဟုတ်။ တရွေ့ရွေ့ ပြောင်းရွေ့နေကြကြောင်း ထင်ရှားသည်။ ဤအချက်အလက်များ အားလုံးကို ဝီလဆင်တောင်ကုန်းတွင် ခေတ္တရောက်နေစဉ်အတွင်း အိုင်စတိုင်းသည် အကုန်အစင် လေ့လာနားလည်ခဲ့၏။ ဤတွင် သူက ဆိုပြန်လေသည်။

"ကျုပ် ခုသိရတဲ့ အချက်တွေထဲမှာ နေဗြူလာများ တရွေ့ရွေ့သွားနေတာတွေ့ရတဲ့အတွက် ကျုပ်အရင်က ယူဆခဲ့တဲ့ စကြဝဠာနဲ့ ပတ်သက်တဲ့ အမြင်တွေကို တူနဲ့ ရိုက်ခွဲလိုက်သလို ကွဲကြေကုန်ပြီဗျ။ ခုပြောနိုင်တာကတော့ တစ်ကြိမ်တစ်ခါက စကြဝဠာကြီးဟာ တည်ငြိမ်ခဲ့ဖူးတယ်။ နို့ပေတဲ့ တစ်ကြိမ်တစ်ခါရောက်တော့ စကြဝဠာကြီး ကျယ်ပြန့်လာတာနဲ့အမျှ မတည်ငြိမ်တော့ပါဘူး။ ကဲ ဒီတော့ ဒီအမြင်ကိုကော ဘယ်သူတွေက ယုံနိုင်မတဲ့လဲ"ဟု သူက မေးခွန်းထုတ်လိုက်ပြန်သည်။

မည်သို့ပင် သူက ယုံကြည်လက်ခံနိုင်မည် မထင်ခဲ့စေကာ စကြဝဠာကြီး တဖြည်းဖြည်း ကျယ်ပြန့်လာသည်ဟူသော အယူကို လူတိုင်းက လက်ခံလာကြသည်ကို တွေ့ရသည်။ လေပူဖောင်းကြီး တဖြည်းဖြည်း ပွပွလာသလိုပင် စကြဝဠာကြီးလည်း တဖြည်းဖြည်း ပြန့်ကားကျယ်ပြောလာသည်။ ဤအယူကို သင်္ချာကိန်းဂဏန်းနှင့်တကွ တွက်ယူနိုင်မည့်အခြေအနေမှန်ကို အိုင်စတိုင်း၏ မိတ်ဆွေ အာသာအက်ဒင်တန်က ၁၉၂၇ ခုနှစ်က ရေးခဲ့သည့် သိပ္ပံဆောင်းပါးတစ်စောင်တွင် အမှတ်မထင် တွေ့မြင်ခဲ့သည်။ ဆောင်းပါးရှင်မှာ ဘယ်ဂျီယံသား အက်ဘီဂျော့ဂျက်စ်လမေတာ ဆိုသူဖြစ်၏။ သူက စကြဝဠာကြီးသည် အစကနဦးတွင် အလွန်ကြီးသော မူလမဟာဘုတ် အဏုမြူကြီးက စတင်ဖြစ်ပေါ်လာကြောင်း အဆိုပြုထားသည်။ ယင်းအဏုမြူကြီးသည် နှစ်ပေါင်းသန်းပေါင်းများစွာကြာသောအချိန်က ပေါက်ကွဲထွက်သွားရာက စကြဝဠာကြီး ဖြစ်လာသည်။ ယနေ့ထက်တိုင် ပေါက်ကွဲလွင့်စဉ်သောအရှိန်မှာ မရပ်သေး။ ယခုထိ စကြဝဠာကြီးမှာ ပြန့်ကျဲနေတုန်း ရှိသေးသည်ဟုလည်း သူက ဆိုလေသည်။

၁၉၃၁ ခုနှစ် မတ်လဆန်းတွင် အိုင်စတိုင်းသည် ဤစိတ်အားထက်သန်ဖွယ်ကောင်းလှသော ဝီလဆင်တောင်ကုန်းပေါ်ရှိ နက္ခတ်ဗေဒ လေ့လာရေးဌာနကို စွန့်ခွာခဲ့ရလေသည်။ သို့ရာတွင် နောင်နှစ် ဆောင်းရာသီကျလျှင် ဤနေရာသို့ လာဖြစ်အောင် လာခဲ့ဦးမည်ဟု သူက ကတိပြုခဲ့၏။

ကာလီဖိုးနီးယားမှ မထွက်ခွာမီကလေးတွင် စက်မှုတက္ကသိုလ်ကျောင်းသားများအား သူက သိပ္ပံပညာအကြောင်း ဟောပြောသေးသည်။ ထိုဟောပြောပွဲတွင် အထူးသဖြင့် ယခုအခါ လူတို့သည် အသုံးချသိပ္ပံကို တလွဲသုံးစွဲနေကြခြင်း၏ ဆိုးဝါးသော လက္ခဏာများကို ဟောပြောသည်။

"စစ်ဆိုတာဟာ ကျုပ်တို့လူသားတွေကို ဘာလုပ်နေသလဲ သိသလား။ အဲဒီစစ်ဟာ လူလူချင်း အဆိပ်သင့်အောင် လုပ်နေတဲ့ဟာကြီးပဲ။ ငြိမ်းချမ်းနေတဲ့ ကာလကာလေး

www.burmeseclassic.com

www.burmeseclassic.com



မှာ ဆိုရင်လည်း အဲဒီစစ်ဆိုတဲ့ အစွဲကြောင့် ကျုပ်တို့မှာ မနေမနား ရုန်းကန်နေကြရတယ်။ ဘဝအတွက် ဘာတစ်ခုမှ သေချာပေါက် စဉ်းစားခွင့်မပေးဘူး။ အမြဲပဲ စိုးရိမ်ပူပန်မှုကို ပေးထားတယ်။ အဲဒါ စစ်ပဲ။ ဒီစစ်ကပဲ ကျုပ်တို့လူသားတွေကို စက်ပစ္စည်းတွေရဲ့ ကျေးကျွန်ဖြစ်အောင် လုပ်နေတယ်ကွဲ့။ အဲဒါ အသည်းနာစရာအကောင်းဆုံးပဲ။ စစ်ကြောင့် လူတွေမှာ စိတ်မပါတဲ့အလုပ်တွေကို မလုပ်ချင်ပေမယ့်လည်း လုပ်နေကြရတယ်။ အမှန်တော့ ကျုပ် ဒီလိုမပြောချင်ပါဘူး။ ပြောလိုတဲ့ဆန္ဒလည်း မရှိဘူး။ နို့ပေတဲ့ မပြောလို့ဖြစ်မလား၊ ဒါအမှန်ပဲ၊ ဒါသစ္စာတရားပဲ မဟုတ်လားကွယ်တို့ မောင်တို့ပဲ စဉ်းစားကြည့်ကြပါ။ မယဉ်ကျေးဘူးဆိုတဲ့ လူတွေအကြောင်းကို သူတို့တစ်တွေအကြောင်း စဉ်းစားလိုက်တော့ တို့များ ယဉ်ကျေးတဲ့လူတွေနဲ့စာရင် သူတို့ဘဝက ပိုပြီး ချမ်းမြေ့စရာ မကောင်းပေဘူးလား။ သူတို့မှာ တို့များလို ဘဝမတည်ငြိမ်တဲ့ သောကအိမ်ထဲမှာ မနေကြရပေဘူး။ ဒါကြောင့်ပဲလား မပြောတတ်ပါဘူးကွယ်။ မောင်တို့လည်း တွေ့ဖူးကြလိမ့်မယ်။ ခုခေတ် လူယဉ်ကျေးသားသမီးကလေးများ ငယ်စဉ်အခါမှာ အင်ဒီးယန်းလူနီ လူရိုင်းတွေလို လုပ်ကစားကြတယ်။ ဒါကို သူတို့ သိပ်သဘောကျကြတယ်ကွယ်"

သူပြောသည့် စကားတွေကို အမေရိကန် အင်ဒီးယန်းလူနီများ ကြားကြလေသလား မပြောတတ်။ အိုင်စတိုင်း စီးနင်းလျက် ပါလာသော အရှေ့ဘက်သို့သွားသော ရထားကြီးသည် ဂရင်းကင်နယွန်တွင် ရပ်ကြသောအခါ ဟိုပီအနွယ် ရက်အင်ဒီးယန်းများက ပါမောက္ခကြီး သက်တော်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်း တောင်းကြသည်ဆို၏။

ချီကာဂိုသို့ ရောက်သောအခါ မဲဆွယ်ကြသော နိုင်ငံရေးသမားများလုပ်သလို အိုင်စတိုင်းသည် ရထားကိုပင် တရားဟောစင်မြင့်လုပ်ပြီး ငြိမ်းချမ်းရေးတရား ဟောသည်။

နောက်တစ်နေ့ နယူးယောက်သို့ ပြန်ရောက်သောအခါတွင် ဂျိုနီဗာ လက်နက်ဖျက်သိမ်းရေးသည် လူသားကမ္ဘာအတွက် မလုပ်၍မဖြစ် လုပ်ရမည့် ကိစ္စဖြစ်ကြောင်း အလေးအနက်ထပ်၍ ပြောပြန်သည်။

"ကျုပ်အနေနဲ့ စကြဝဠာကြီး အနေအထားပြောင်းသွားအောင်တော့ လုပ်လည်း လုပ်နိုင်မှာမဟုတ်ဘူး၊ ပြောလဲပြောနိုင်မှာမဟုတ်ပါဘူး။ ဒါပေတဲ့ ဒီကမ္ဘာသူ ကမ္ဘာသားတွေ ကောင်းရာကောင်းကြောင်း၊ နှလုံးကောင်းစိတ်ကောင်းနဲ့ လူတွေ ကြိုးပမ်းလုပ်ကြအောင်တော့ ကျုပ် အသံကုန်ဟစ်ပြီးပြောမယ်။ ဒီလိုပြောခဲ့တဲ့အတွက် အကျိုးရှိရမယ်လို့ ကျုပ်ယုံတယ်"ဟု တစ်ခါက လူတစ်ဦးနှင့် တွေ့ဆုံရာဘွင်လည်း သူကပြောသည်။

သူ အမေရိကန်ပြည်ထောင်စုမှ ဂျာမနီသို့ ပြန်လည်မထွက်ခွာမီ နာရီပိုင်းကလေးအတွင်း သမ္မတ ဟားဘတ်ဟူးဘားထံမှ သံကြိုးစာတစ်စောင် ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သံကြိုးစာတွင် သူ အမေရိကန်ပြည်ထောင်စုသို့ လာရောက်ခဲ့ခြင်းသည် အမေရိကန်ပြည်သူ့အများအတွက် ကျေးဇူးကြီးလှပါပေသည်ဟု ဖော်ပြထားသည်။

ဟောလီးဝုဒ်က မထွက်ခွာမီကလေးကတော့ ဝီးလ်ရောဂျာဆိုသူက "အိုင်စတိုင်းစကားတွေဟာ နားထောင်လို့တော့ ကောင်းပါရဲ့။ ဒါပေတဲ့ နည်းနည်းကလေးတော့ လက်တွေ့လုပ်ဖို့ ခက်တာတွေ ပါနေတယ်။ ခုနေ ဥရောပနိုင်ငံတွေကို စစ်နဲ့ပတ်သက်တာတွေ မလုပ်ပါနဲ့ဆိုတာဟာ ဘာနဲ့ အလားသဏ္ဍာန်တူသလဲဆိုတော့ ချီကာဂိုကလူတွေကို အသက်အာမခံ မထားပါနဲ့ဆိုတာလို ဖြစ်နေတယ်ဗျ"ဟု မှတ်ချက်ချလေသည်။

o

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

# စစ်နှင့် ငြိမ်းချမ်းရေးသဘောတရား

၁၉၃၁ ခုနှစ် နွေဦးပေါက်ရာသီတွင် ဖြစ်သည်။ ဂျာမနီပြည် ဟိုက်ဒယ်လဘတ် တက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သူ အေမိလ်ဂမ်ဘယ်လ်အား ကျောင်းသူကျောင်းသားများက ဆန့်ကျင် ဆန္ဒပြကြသည်။ အေမိလ်ဂမ်ဘယ်လ်၏ အရုပ်ကြီးလုပ်ပြီး ကြိုးဆွဲချသတ်ကြသည်။ ဂမ်ဘယ်လ်၏ အလောင်းကို မီးရှို့ဆန္ဒပြကြသည်။ ကျောင်းသူကျောင်းသားများက ကြွေးကြော် ဆန္ဒပြကြသည်ကို တခြားသော ပါမောက္ခများကလည်း သဘောတူဟန် လက်ပိုက်ကြည့်နေကြလေသည်။

ဂမ်ဘယ်၏ စာသင်တန်းများသို့ မည်သူမျှ တက်ရောက်နားထောင်ခြင်းလည်း မရှိတော့။ သပိတ်မှောက်ထားကြလေသည်။ ဂမ်ဘယ်နေအိမ် မှန်ပြတင်းများမှာ ဆန္ဒပြသမားများ၏ ခဲပေါက်ခံရသည်။ သူ့ကို နည်းမျိုးစုံဖြင့် ဖိနှိပ်ချုပ်ချယ်လျက် ရှိကြသည်။ ဂမ်ဘယ်လ်၏ အသက်ကို နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်ခံနေရ၏။ ဂမ်ဘယ်လ်အား ရာဇဝတ်ကောင်လို ပြုမူ ဆန္ဒပြနေကြခြင်းမှာ သူ၏ စစ်မုန်းတီးရေးဝါဒ ငြိမ်းချမ်းရေးနှင့် လျှို့ဝှက်စွာ ဂျာမနီပြည်၏ လက်နက်ဖျက်သိမ်းရေး စသည်အကြောင်းများပါသော ရေးသားချက်များကြောင့်ပင် ဖြစ်သည်။ ဂမ်ဘယ်လ်ကလည်း အလျှော့မပေး၊ အကြမ်းဖက်မှု ဆန္ဒပြမှုများက ပြင်းထန်လာလေလေ ဂမ်ဘယ်လ်က ပို၍ စစ်နှင့် အကြမ်းဖက်မှုများကို ရှုတ်ချသော စာများ ရေးလေသည်။

အိုင်းစတိုင်းသည် အခြေအနေအရပ်ရပ်ကို စေ့စေ့စပ်စပ် လေ့လာကြည့်သည်။ ဂမ်ဘယ်လ်ကြုံနေရသော ပြဿနာသည် ဂျာမနီပြည်တွင် အကြမ်းဖက်သမား လက်သစ်များ ကြီးစိုးဖို့ စတင်ခြင်းကို ပြသည့် လက္ခဏာများပင် ဖြစ်သည်ဟု သူမြင်သည်။ ဘာလင် နာတိဂျ်ဘလတ် စာစောင်သို့ အိုင်းစတိုင်းရေးလိုက်သည့် စာတစ်စောင်တွင် "ဂမ်ဘယ်လ်

www.burmeseclassic.com



လို ပုဂ္ဂိုလ်တစ်ယောက်ကို ဒီကလောက် ဝိုင်းဝန်း ရက်ရက်စက်စက် နှိပ်စက်သတ်ဖြတ်နေကြတာတွေ ဒီလို လူစုလူဝေးနဲ့ ဆူပူနေကြတာတွေကို ပိတ်ပင်တားဆီးမှုတစ်ခုမှ မလုပ်ဘဲ ခေါင်းဆောင်ဆိုတဲ့ လူတွေက လက်ပိုက်ကြည့်နေတာတွေဟာ ကျုပ်တို့လူတွေ ဘယ်လိုအခြေဆိုးကို ဖန်တီးနေကြတယ်ဆိုတာ ပြတာပဲမဟုတ်လား။ နောက်ကိုလည်း ဆက်လက်ပြီး ဒီအတိုင်းသာ ဖြစ်နေဦးမယ် ဆိုရင်တော့ ကျုပ်တို့အားလုံး ဖက်ဆစ်ဆန်ဆန် ညှဥ်းဆဲသတ်ဖြတ် အုပ်စိုးတဲ့ ဘဝအခြေ ပြန်ရောက်ကြရဦးမှာပဲ"

အိုင်စတိုင်း ဖော်ပြလိုက်သော အခြေအနေသုံးသပ်ချက်သည် ၁၉၃၁ ခုနှစ်တစ်ခွင်တွင် ဟာစ်တလာ၏ စိတ်ကူးထဲတွင် ရည်ရွယ်ပြီးသား ရှိနေသော အခြေအနေနှင့် တစ်ထပ်တည်း တူနေ၏။ ဤသို့ဖြစ်လာရမည်ဟု ဟာစ်တလာ မှန်းထားခဲ့လေသည်။

လူပေါင်း သန်းပေါင်းများစွာမှာ အလုပ်လက်မဲ့ဘဝသို့ ဆိုက်ရောက်နေကြ၏၊ ဤအခြေအနေဆိုးသည် ဟာစ်တလာ၏ နာဇီပါတီကို အားသစ်လောင်းပေးသည့် အခြေအနေဖြစ်သည်။ နာဇီပါတီက လူများအား သစ်လွင်တောက်ပသော အဖဂျာမနီနိုင်ငံသစ်ကြီး ထူထောင်ပြီး ပိုမိုကောင်းမွန်သော ဘဝအခြေအနေကို ပေးမည်ဟူသော မျှော်လင့်ချက်ရောင်ခြည်ကို ပေးထားသည်။

ရွေးကောက်ပွဲကျင်းပသောအချိန်၌ ဂျာမနီတစ်ပြည်လုံးတွင် နာဇီအမတ်များချည်း အနိုင်ရကြလေသည်။ အနိုင်ရအောင်လည်း မုန်တိုင်းစစ်ဆင်ရေးသမား၊ လက်နက်အားကိုး ခြိမ်းခြောက်သူများက နာဇီပါတီကို မဲမထည့်သူများဖြစ်ပါက နှိမ်နင်းရန် လိုက်လံလှုံ့ဆော်နေခဲ့၏။

ထို့ထက်ပို၍ ထိရောက်သော အထောက်အကူမှာ နာဇီများအား နောက်ပိုင်းမှ စက်မှုလုပ်ငန်းရှင်ကြီးများက ငွေရေးကြေးရေး အလုံးအရင်းနှင့် ကူညီနေခဲ့ခြင်းပင်ဖြစ်လေသည်။

ဆိုးဝါးလာသော ဂျာမနီပြည် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး အချိန်မီပြုပြင်ကြရန် လက်မနှေးသင့်ကြောင်း အိုင်စတိုင်းက ထုတ်ဖော်ရေးသားလာပါသည်။ သူ့ကြံညာချက်တွေထဲတွင် ဂျာမနီ သမ္မတနိုင်ငံကြီး မပြိုကျ မပျက်စီးအောင် ထိန်းသိမ်းရေး၊ နိုင်ငံတကာ ချစ်ကြည်ရင်းနှီးစွာ ပေါင်းသင်းရေး၊ ငြိမ်းချမ်းရေးကို ခိုင်မာစွာ တည်ဆောက်နိုင်ရေးများကို အင်အားရှိသမျှဖြင့် တောင်းဆိုခဲ့သည်။

သူက အယ်လ်ဆာအား မိမိအနေနှင့် ဂျာမနီပြည်သားအဖြစ် ပြန်လည်ခံယူမည်။ ထို့နောက် နာဇီဝါဒကို ကမ္ဘာက စစ်ဆေးလာအောင် တစ်ဖက်လှည့်နှင့် အကွက်ဆင်လုပ်တော့မည်ဟု ပြောပြသည်။ သို့သော် သူ့စိတ်ကူးမှာ ချက်ချင်း အကောင်အထည်မပေးဘဲ အခြေအနေကို စောင့်ကြည့်ရင်း စိတ်ကလည်း ပြောင်းလျက်ရှိသေးသည်။ တစ်နေ့တွင် ပရပ်ရှင်း သိပ္ပံအကယ်ဒမီ ဒါရိုက်တာလူကြီးများထံသို့ သူ့အကြံအစည်

www.burmeseclassic.com

www.burmeseclassic.com



ရှိရင်းစွဲအတိုင်း ထုတ်ပြောလိုက်တော့မည်ဟု စိတ်ကူးပြီး စာရှည်ကြီးတစ်စောင် ရေးသေးသည်။ သို့သော် ထိုစာကို ဆိုင်ရာသို့မတင်ဖြစ်ဘဲ ဆုတ်ဖြဲပစ်လိုက်လေသည်။

ထို့နောက် အောက်စဖို့ဒ် တက္ကသိုလ်သို့ ဧည့်သည်ပါမောက္ခအဖြစ် ဆောင်ရွက်နိုင်ရန် ဂျာမနီမှ အင်္ဂလန်ပြည်သို့ ထွက်ခွာသွားခဲ့ပြန်လေသည်။

အင်္ဂလန်ပြည် အောက်စဖို့ဒ်တက္ကသိုလ်တွင် နေစဉ်ကာလအခိုက်အတန့်အတွင်း အိုင်စတိုင်းသည် သိပ္ပံပညာများအကြောင်း ပြောဟော သင်ကြားပေးသကဲ့သို့ ငြိမ်းချမ်းရေးနှင့် စစ်မုန်းတီးရေးတရားကိုလည်း အတွင်ဟောကြားနေခဲ့လေတော့သည်။

သူ့စိတ်ထဲတွင်တော့ မကြာမီ စစ်ဖြစ်တော့မှာပဲထင်ရဲ့ ဆိုသည့် စစ်နံ့ကို ခံစားနေရသလိုရှိသည်။ အတွင်းသိစိတ်က စစ်ဖြစ်တော့မည့်အရေးကို တရေးရေးမြင်နေမိသည်။ ဗြိတိသျှ ပါလီမန်အမတ်တစ်ဦးဖြစ်သော ဖင်းနားဘရော့ကဆေးနှင့် တွေ့တော့လည်း အိုင်စတိုင်းက စစ်ဆန့်ကျင်ရေး၊ လက်နက်ဖျက်သိမ်းရေးအကြောင်းကိုပဲ ပြောသည်။ တိုင်းနိုင်ငံများအနေနှင့် ကိုယ့်အစိုးရ၊ ကိုယ့်တိုင်းပြည်တစ်ခုချင်းကစ၍ စစ်ဆိုလျှင် ဘယ်စစ်မျိုးပဲဖြစ်ဖြစ် လုံးဝအလိုမရှိကြောင်း ထုတ်ဖော်တားဆီးဖို့နှင့် လက်နက်မှန်သမျှ ဤကမ္ဘာမှာ မကျန်စေရအောင် ဖျက်ဆီးပစ်ဖို့လိုကြောင်း သူထင်မြင်သည့်အတိုင်း ပြောပြလေသည်။

ထိုအချိန်တွင် နိုင်ငံပေါင်း ငါးဆယ့်ခြောက်နိုင်ငံမှ ပုဂ္ဂိုလ်ကြီးများပါဝင်သော ကမ္ဘာ့စစ်ဆန့်ကျင်ရေးသမားများ အစည်းအရုံးကိုဖွဲ့စည်းကြရာ အိုင်စတိုင်းမှာ ထိုအစည်းအရုံးတွင် အဓိကပုဂ္ဂိုလ်နေရာက ပါဝင်ခဲ့လေသည်။ ထိုအစည်းအရုံးတွင် စစ်ဆန့်ကျင်ရေးသမား မိတ်ဆွေအပေါင်းအသင်းများအား စကားပြောရာတွင် အိုင်စတိုင်းက စစ်ကို ဒူးထောက် အရှုံးမပေးဘဲ စစ်ကို ဆန့်ကျင်တိုက်ခိုက်ရမည်ဖြစ်ကြောင်း ဟောသည်။

"ကျုပ်တို့ဟာ ဒီအချိန်မျိုးမှာ တိကျတဲ့ ဆုံးဖြတ်ချက်မချဘဲ နေ့ရွှေ့ညရွှေ့လုပ်နေရတော့မည့်အချိန်လည်း မဟုတ်တော့ဘူး။ ခင်ဗျားတို့ ကျုပ်တို့ဟာ တစ်ခုပဲ ဆုံးဖြတ်စရာရှိတယ်။ စစ်ကိုထောက်ခံမလား၊ ဒါမှမဟုတ် ဆန့်ကျင်မလား၊ အဲဒါ ပြတ်ပြတ်သားသား ဆုံးဖြတ်ရလိမ့်မယ်။ စစ်ကို လိုလားတယ် ထောက်ခံတယ်ဆိုရင်လည်း ပြတ်ပြတ်သားသားပဲပေါ့။ စစ်အတွက် လိုတဲ့ သိပ္ပံပညာတွေ အားပေး၊ စီးပွားရေး တိုးထက်အောင်လုပ်၊ စက်မှုလုပ်ငန်းတွေထူထောင်၊ ဘာသာရေးနဲ့ လုပ်အားမှန်သမျှကိုလည်း စစ်လက်နက်ထုတ်လုပ်ရေးမှာ အသုံးချလိုက်ပေါ့။ လက်နက်တွေကို ပိုပိုပြီး လူများများသတ်နိုင်အောင် ပိုပိုပြီး ကြောက်မက်ဖွယ်ကောင်းအောင်လုပ်ပေါ့။ ဒါပဲရှိတယ်။ အဲ– သည်လိုမှမဟုတ်ဘဲနဲ့ စစ်ကို ဆန့်ကျင်တယ်၊ စစ်ကို မုန်းတယ်၊

www.burmeseclassic.com



စစ်ကို မလိုလားဘူးဆိုရင်လည်း လူတိုင်းလူတိုင်း စစ်ဆို အသံတောင် မကြားနိုင်ဘူးလို့ ကြွေးကြော်ရမယ်၊ ဆန္ဒပြရမယ်၊ စစ်အတွက် ကိုယ့်အင်အားတွေကို အသုံးမခံဘူးလို့ ရဲရဲတင်းတင်း ငြင်းဆန်ရမယ်။ ခု ကျုပ်ပြောတဲ့ ဒီစကားတွေကို ဖတ်ရကြားရတဲ့ လူတိုင်းလည်း ပြတ်သားတဲ့ ဆုံးဖြတ်ချက်ချဖို့ အချိန်ရောက်နေပြီ၊ ဆုံးဖြတ်ချက်တစ်ခု အမြန်ချကြပါလို့ ကျုပ်ပန်ကြားလိုတယ်''ဟု အိုင်စတိုင်းသည် တင်းမာသောလေသံဖြင့် ယတိပြတ် ပြောလာလေတော့သည်။

''ကျုပ်တို့အနေနဲ့ ဒီသက်တမ်းတစ်လျှောက် ဒီလူ့တစ်ဆက် အတောအတွင်း မှာတော့ ယခင့်ယခင် ကမ္ဘာသမိုင်းတစ်လျှောက်မှာ မကြုံဖူးလောက်အောင် တိုးတက် ကြီးမား ထည်ဝါခမ်းနားတဲ့ ကမ္ဘာကြီးတစ်ကမ္ဘာကို ဖန်တီးထားရစ်ခဲ့ကြပါစို့လား။ ကျုပ်တို့လွန်ရင် လာကြဦးမယ့် နောင်းခေတ်လူသားတွေအတွက် ရက်စက်ယုတ်မာတဲ့ စစ်ကင်းငြိမ်းချမ်းသာပြီး အနတ္တမ ပေါကြွယ်ဝတဲ့ အမွေအနှစ်တွေကို ကျုပ်တို့အား ကျုပ်တို့အင်နဲ့ လုပ်ပြီး ထားပစ်ခဲ့ကြပါစို့လား။ ကျုပ်တို့သာ ဆုံးဖြတ်ချက် ခိုင်ခိုင်မြဲမြဲ ချနိုင်မယ်၊ သန္နိဋ္ဌာန်ချပြီး လုပ်ကြမယ်ဆိုရင် အဲဒီကမ္ဘာမျိုး ဖန်တီးထားခဲ့နိုင်မယ်လို့ ကျုပ်ယုံကြည်တယ်။ အေး တစ်ခုပဲလိုတယ်၊ အဲဒါကတော့ စစ်ကို မုန်းတီးသူတွေက ဘယ်စစ်မျိုးမှ ကျုပ်တို့လက်မခံဘူးဆိုတာ ရဲရဲကြီး ပြောထုတ်ကြဖို့လိုတယ်''

''ဒီတော့ ကမ္ဘာပေါ်မှာရှိတဲ့ ထင်ရှားတဲ့လူတွေကိုရော၊ မထင်ရှားတဲ့လူတွေကို ရော လှည်းနေလှေအောင်း မြင်းစောင်းမကျန် ယောကျာ်းမိန်းမ အားလုံးကို ကျုပ် တောင်းပန်ချင်ပါတယ်။ ဒီကမ္ဘာပေါ်မှာရှိတဲ့ လူတိုင်းလူတိုင်းဟာ လာမည့် ဖေဖော်ဝါရီ လမှာ ကျင်းပမည့် ဂျီနီဗာ လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်ရှေ့မှောက်မှာ ကျုပ်တို့ ဟာ ဒီအချိန်ကစပြီး ဘယ်စစ်မျိုးကိုမဆို ဆန့်ကျင်မယ်။ ဘယ်စစ်ပြင်ဆင်မှုမျိုးကိုမှ မထောက်ခံဘူး၊ မကူညီဘူး မလိုလားဘူးဆိုတဲ့ ဆန္ဒတွေကို ဖွင့်ထုတ်ကြဖို့ ကျုပ် အထပ်ထပ် တောင်းပန်လိုက်ပါတယ်။ နောက်ပြီး နိုင်ငံတိုင်းမှာရှိတဲ့ တိုင်းသူပြည်သား များက စစ်ကို မလိုလားဘူးဆိုတဲ့ အဲဒီဆန္ဒကို ဖော်ထုတ်လက်မှတ်ရေးထိုးပြီး မိမိတို့ရဲ့ အစိုးရတွေကို တောင်းဆိုပါ။ အဲဒီတောင်းဆိုချက်တွေနဲ့အညီ ဆောင်ရွက် အကောင် အထည်ဖော်ကြပါဆိုတဲ့ အကြံပေးချက်တွေကို ကျုပ်ဆီပို့ပါ။

အဲဒီလိုတောင်းဆိုလာကြရင် ဘယ်လောက်များပြားပါစေ၊ ကျုပ်ပြန်ကြားပါ့ မယ်။ အရေးယူဆောင်ရွက်ပေးပါ့မယ်။ ကျုပ်ဆီကို စစ်ဆန့်ကျင်သူများ အစည်းအရုံး ဌာနချုပ် လိပ်စာတပ်ပြီးသာ ပို့ကြပါ။ ကျုပ်အနေနဲ့ အိုင်စတိုင်း စစ်ဆန့်ကျင်ရေး ရန်ပုံငွေတစ်ခု ဖွင့်ဖို့လည်း သဘောတူထားပြီးပြီ။

သူသည် မဟော်တမ်း မပန်းတမ်း စစ်ဆန့်ကျင်ရေးတရားကို ဟောဘော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းသည် ယခင်က ဤမျှလောက် ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ဖူးသည် မရှိခဲ့သေးပေ။ ယခုမှ သူသည် သူ၏အဖိုးတန်အချိန်များကို စစ်ဆန့်ကျင်ရေးလုပ်ငန်းအတွက် ပေးအပ်ထားလေပြီ။

ယခုအချိန်တွင် အိုင်စတိုင်း လုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံကို မြင်နေရသော ရင်းနှီးမိတ်ဆွေများပင် နားမလည်နိုင်အောင် ဖြစ်နေကြရတော့သည်။ သူ၏ ရူပဗေဒအတွက် နောက်ထပ် တစ်ဆင့်တက် ဆောင်ရွက်တော့မည်ဟု အားခဲပြီးကာမှ ဘယ်ပုံဘယ်နည်း သူမှာ ငြိမ်းချမ်းရေးအတွက် စိတ်အားထက်သန်စွာ ဆောင်ရွက်နေပါလိမ့်ဟု မစဉ်းစားတတ်အောင် ဖြစ်ရသည်။

ကမ္ဘာသူ ကမ္ဘာသားများကတော့ အိုင်စတိုင်းကို သိပ္ပံပညာအရာတွင် သူမတူအောင် ထူးခြားသော ပါရမီရင့် ပညာရှင်ကြီးအဖြစ် ချစ်ခင်လေးစားကြသည်။ သို့သော် သူ့ကို ကမ္ဘာက နိုင်ငံရေးသမားတစ်ယောက်လို့တော့ မယူဆခဲ့ကြ။ သူက ရင်ပွင့်မတတ် ဟစ်ကြွေးတောင်းဆိုခဲ့သော်လည်း သူထင်သလောက် သူ့ဆန္ဒကို တုံ့ပြန်မှုမရရှိခဲ့ရှာပေ။ ဤတွင် အိုင်စတိုင်းလည်း စိတ်ထိခိုက်ပြီး လူနေမှုဘဝကို ခွာကာ သူ၏ မပြီးပြတ်သေးသော ပေါင်းစပ်စက်ကွင်း သီဝရီအတွက် အာရုံပြန်ပြောင်းလိုက်ရပြန်လေ၏။

အချိန်အတော်ကြာကြာ အထက်ပါသီဝရီအတွက် အချိန်ကုန်လူပန်း ဖြစ်ခဲ့ရသည်။ နောက်ဆုံးတွင် ပါမောက္ခ သီယိုဒိုက လူဇာ၏ သင်္ချာအယူအဆသစ်ကို ရမှ အိုင်စတိုင်းနှင့် မေယာတို့သည် ပေါင်းစပ်စက်ကွင်း သီဝရီကို ရှေ့တစ်ဆင့် လှမ်းတက်ရန် လမ်းစပွင့်လာပြန်လေတော့၏။ ကလူဇာ၏ အယူအဆများမှာ သာမန် လူပြိန်းများအဖို့တော့ နားလည်ရန် မလွယ်ကူပေ။

နောက်ထပ် အသစ်တစ်ဖန် ပြန်စဉ်းစားသော ပေါင်းစပ်စက်ကွင်းသီဝရီသည် ကပုသ်ရွာကလေးတွင် အောက်တိုဘာလအတွင်း ပြည့်ပြည့်စုံစုံ ပြီးစီးသော အခြေအနေသို့ ရောက်အောင် ဆောင်ရွက်နိုင်လိုက်သည်။

"ဒီတစ်ချီရရှိလာတဲ့ ပညာတွေကတော့ ပျပ်လောက (အာကာသ)ကြီး တည်ဆောက်ပုံနဲ့ ပတ်သက်တဲ့ တကယ်တိုးတက်တဲ့ အမြင်တွေပဲ၊ အေး ဒါပေတဲ့ ဒါဟာလည်း အပြီးသတ်တော့ မဟုတ်သေးဘူးကွဲ့"ဟု သတင်းထောက်များနှင့် တွေ့ဆုံသောအခါ အိုင်စတိုင်းက သတိပေးပြောကြားလိုက်သေးသည်။

ဤအချိန်တွင် သိပ္ပံအကယ်ဒမီကျောင်းရှိ သူ့ရုံးခန်းသို့ အိုင်စတိုင်းသည် နေ့စဉ်မှန်မှန် သွားရောက်ပြီး နီးနေရာဖလှယ်ပွဲများသို့လည်း မှန်မှန်တက်ရောက် နားထောင်ခဲ့လေသည်။

ယခုအခါ အိုင်စတိုင်သည် 'အလွန်စွာနေသည်'ဆိုသော သတင်းကြီးနေမှုကြောင့် တက္ကသိုလ်မှ ပါမောက္ခတော်တော်များများ သူနှင့် အပေါင်းအသင်းမလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြဘဲ ခပ်ခွာခွာနေကြသည်။ ဆွေးနွေးပွဲ နီးနှောပွဲများမှာ ဝိုင်းထိုင်ကြသည့်နေရာ၌ပင် အိုင်စတိုင်း ဘေးတစ်ဖက်တစ်ချက်ရှိ ထိုင်ခုံများမှာ လစ်လပ်နေတတ်၏။

ယခုမူ အိုင်စတိုင်းမှာ ဘာလင်နှင့် ဘယ်လိုလုပ်ပြီး နီးစပ်ချင်နေမှန်းမသိ။ မီလီဗာနှင့် ဟင်အဲလဗတ်တို့ကတော့ သူ၏ တကယ့်အကျိုးပြု လုပ်ငန်းများကို အောင်မြင်စွာ လုပ်နိုင်ခဲ့သောနေရာမှာ ဆွစ်ဇာလန်ပြည်သာဖြစ်သည်။ ဘာလင်တွင် မဟုတ်ဟု ဆိုကြသည်။ ဒါကို အိုင်စတိုင်းက သဘောမတူ။

အက်ဒဝပ်တစ်ယောက် အလွန့်အလွန် စိတ်ရောကိုယ်ပါ ထိခိုက်ပြီး အခြေဆိုး အနေဆိုး ဖြစ်နေသည့်တိုင်အောင် အိုင်စတိုင်းမှာ ကိုယ်ရေးကိုယ်တာနှင့် မိသားစု အရေးအခင်းတွေနဲ့ ကင်းကင်းနေမှဖြစ်မည်။ သူလုပ်ချင်သော သုတေသနလုပ်ငန်းကို သန့်သန့်လုပ်နိုင်အောင် ဖန်တီးပေးသော သိပ္ပံအကယ်ဒမီကို မခွဲခွာဘဲနေမှ ဖြစ်မည်ဟု ယူဆတုန်း ရှိသေးသည်။

သူ့သားအကြီးနှင့် တွေ့တော့လည်း စိတ်ထဲရှိသည့်အတိုင်းပင် ပြောသည်။ သားကြီး ဟင်အဲလဗတ်ကတော့ ဖအေ့စာတ်ကြောကို သိနေပြီဖြစ်၍ မအံ့သြတော့။

အိုင်စတိုင်းအား ဥရောပနိုင်ငံတိုင်းက လာရောက်ဟောကြားပါရန် ဖိတ်ထားသည်။ ဗီယင်နာမြို့သို့ ရောက်သောအခါ အိုင်စတိုင်းအား အထူးဧည့်ခံကြိုဆိုကြသည်။ သူ ခါတိုင်းလုပ်နေကျအတိုင်း ရိုးရိုးတန်းက ရထားစီး၊ လာရောက်ကြိုဆိုကြသော လူစုလူဝေးကြီးနှင့် သတင်းထောက်များကို လွတ်အောင် ကုန်ရုံအပေါက်က ထွက်ပြေးခဲ့ရသော်လည်း နောက်ဆုံးတွင် သူ့အား မော်တော်ကားကြီးပေါ်တင်ကာ မော်တော်ဆိုင်ကယ်ပုလိပ်များ ခြံရံလျက် ခေါ်ဆောင်သွားလေသည်။ သူတရားဟောပြောမည့် ခန်းမကြီးမှာ ပရိသတ်များနှင့်မဆံ့ဖြစ်နေသဖြင့် အသံချဲ့စက်များကို တခြားအခန်းများသို့ တပ်ဆင်ပေးရသည်။ ပြီးမှ အိုင်စတိုင်းသည် ပရိသတ်ရှေ့မှောက်သို့ ဝင်ရောက်လာလေသည်။

ဗီယင်နာပရိသတ်ကြီးသို့ ဟောကြားသော မိန့်ခွန်းထဲတွင် ရီလေတီဗတီ အကြောင်း၊ စက်ကွင်းသီဝရီအကြောင်း၊ ကျယ်ပြောလာသော စကြဝဠာကြီးအကြောင်း များသည် ထိုနှစ်(၁၉၃၁)ခုနှစ် ကုန်ဆုံးခါနီးတွင် ဘာလင်မြို့ရှိ တက္ကသိုလ် ပြင်ပ ပရိသတ်ကြီးအား ဟောကြားသော တရားပွဲတွင်မူ အိုင်စတိုင်းသည် ခဲရာခဲဆစ်များကို မပြောဟောတော့ဘဲ ခပ်လွယ်လွယ် လူပြိန်းနားလည်နိုင်လောက်သော အကြောင်းအရာ များကို ရွေးပြောသွားသည်။

"အချိန်ကာလတွေက တဖြည်းဖြည်းနဲ့ စိတ်မချမ်းမြေ့ဖွယ် ကောင်းလာလေ တော့ လူတွေအနေနဲ့ ကိုယ် ပေါင်းသင်းဆက်ဆံရတဲ့လူတွေ စိတ်မချမ်းမြေ့စရာ ပြောဆိုလုပ်ကိုင်တာမျိုးပဲ အကောင်းဆုံးဖြစ်မယ်ထင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် စကားအစချီကာ အိုင်စတိုင်းသည် ထိုနေ့ ဟောပြောပွဲတွင် သဲမှုန့်များ ရေထိသောအခါ ဘာကြောင့် အဆုပ်အခဲ ဖြစ်သွားကြသနည်း။ လေယာဉ်ပျံတွေဟာ ဘာကြောင့် လေထဲပျံသွားနိုင်သနည်း။ လက်ဖက်ရည်ခွက်ထဲ မွှေလိုက်သောအခါ လက်ဖက်ခြောက်ဖတ်များသည် ခွက်အလယ်တွင် ဘာကြောင့်စုသွားကြသနည်း စသည့် အကြောင်းကလေးများလောက်သာ ပြောသွားလေသည်။

ဘရပ်ဆယ်မြို့မှာ အိုင်စတိုင်း အင်မတန်နှစ်မြို့သော မြို့ကလေးတစ်မြို့ ဖြစ်၏။ သူသည် အဲလဗတ်ဘုရင်နှင့် မိဖုရား အယ်လီဇဘက်တို့နှင့် ခင်မင်ရင်းနှီးနေသည်ဖြစ်၍ ဘရပ်ဆယ်မြို့သို့ ရောက်တိုင်း နန်းတော်သို့ ညနေညခင်း သွားရောက်ပြီး ညစာအတူစားကြ၊ ဂီတဆည်းဆာပွဲ အတူနားထောင်ကြလေ့ရှိသည်။ အိုင်စတိုင်းနှင့် မိဖုရား အယ်လီဇဘက်တို့မှာ ကြိုးတပ်ကိရိယာများကို တီးမှုတ်ကြရာတွင် ရှေ့သွားနောက်လိုက်ညီကြသည်။ အယ်လီဇဘက်ကလည်း သူ့ကို တော်တော်စိတ်ဝင်စားသည်။ သူမ ကိုယ်တိုင်က သားသမီးများကို လူတိုင်းသင်နေရသည့် ကျောင်းများတွင် ပညာသင်စေသည်။ ကိုယ်တိုင်ကလည်း စီးကရက်ကိုသောက်သည်။ ကူးစက်ရောဂါကာကွယ်ရေးအဖွဲ့တွင်လည်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လေသည်။

၁၉၃၁ ခုနှစ်တွင် အိုင်စတိုင်းသည် ဘရပ်ဆယ်မြို့သို့ ရောက်လာပြန်သည်။ ဘူတာရုံရှိ တယ်လီဖုန်းဖြင့် အယ်လီဇဘက် မိဖုရားထံသို့ ဖုန်းဆက်ပြီး ညနေချမ်းတွင် ဂီတဆည်းဆာလုပ်ပါဟု ပြောရန် သူ့အလှည့်ကို စောင့်နေသည်။

တယ်လီဖုန်းအားတော့မှ သူက ဝင်ပြောသည်။ အယ်လီဇဘက်ထံသို့ ခဏခဏ ဆက်သော်လည်းမရ၊ တယ်လီဖုန်းလိုင်းက မအားဘဲ ဖြစ်နေသည်။ သူက သည်းမခံနိုင်တော့ဘဲ တယ်လီဖုန်းခွက်ကို ဆောင့်၍ဆောင့်၍ နှိပ်လိုက်သည်။ ထိုအခါ တယ်လီဖုန်းအော်ပရေတာက မေးသည်။

"ခင်ဗျား ဘယ်သူနဲ့ စကားပြောချင်တာလဲ"

"ရှင်ဘုရင်နဲ့ကွ"

"ရှင်ဘုရင်နဲ့"

"အေး ဟုတ်တယ်။ နန်းတော်က အယ်လဘတ်ဘုရင်နဲ့ ပြောချင်တယ်"

အော်ပရေတာမှာ ဘာပြန်ပြောရမှန်းမသိ။ ဦးနှောက်ခြောက်သွားသည်။ ခေါင်းကုတ်ပြီး တခြားလူများအား ဆက်သွယ်ပေးနေလိုက်ပြန်သည်။

နောက်ဆုံးမှ တယ်လီဖုန်းဆက်ရပြီး ထိုညနေတွင် ဘုရင့်မိသားစုနှင့်အတူ ညစာစားကြသည်။ ထိုညစာစားပွဲအကြောင်း အသေးစိတ်ကို အယ်လ်ဆာထံရေးသည့် စာထဲတွင် ထည့်ရေးလိုက်လေသည်။

ဒီဇင်ဘာလဆန်းလျှင်ဆန်းချင်း အိုင်စတိုင်းသည် ယခင် ကတိပြုခဲ့သည့်အတိုင်း ကာလီဖိုးနီးယားသို့ တစ်ခေါက်သွားခဲ့ပြန်သည်။ သည်တစ်ကြိမ်တွင် အိုင်စတိုင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ဇနီးမောင်နှံမှာ နယူးယောက်ကို ကျော်၍သွားမည့် သင်္ဘောနှင့် လိုက်လာခဲ့၏။ ခရီးထွက်လာ၍ သုံးလေးရက်ကြာသောအခါ ပင်လယ်စင်ရော်ငှက်ကလေးများ လွတ်လပ်စွာပြေးဆော့ကစားနေကြသည်ကို တစ်နေ့လုံးကြည့်ပြီး သူ့မှာ ပျော်နေမိ၏။ ဤတွင် ၂၄ နာရီ သန္နိဋ္ဌာန်တစ်ခု ပြုမိသည်။

"ယနေ့ကစ၍ နောင်ကာလတွင် ကျွန်ုပ်သည် ဘာလင်မှ ရာထူးကို စွန့်၍ ဤစင်ရော်ငှက်ငယ်များသို့ ခရီးလှည့်လည်နေရသောဘဝကို ယူတော့မည်ဟု ဆုံးဖြတ်သည်။ ငှက်စင်ရော်တို့သည် အစဉ်သဖြင့် မိမိတို့အတောင်ပေါ်တွင် မှီခိုကာ သင်္ဘောကို ခြံရံစောင့်ရှောက်နေခဲ့ကြ၏။ ယခုမူ သူတို့သည် ငါ၏မိတ်ဆွေရောင်းရင်း အပေါင်းအသင်းများ ဖြစ်ကပြီ"

သူ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် အထက်ပါအတိုင်း ရေးသားလိုက်လေသည်။

ပါဆာဝိုဒီနာသို့ ရောက်သောအခါ အိုင်စတိုင်းသည် သူ၏ သိပ္ပံပညာလေ့လာမှုလုပ်ငန်းထဲတွင်သာ နစ်မြုပ်နေလိုသည်။ သို့ရာတွင် သူ၏ပိဋကတ်ဝါဒကို ဥရောပနိုင်ငံများ အရေးအခင်း၌ အမေရိကန်က အလိုက်မသိ ဘာသာနေခြင်းက ကိုင်လှုပ်နေသလိုရှိ၏။ သတင်းစာတွေဖတ်ကြည့်သောအခါမှာဖြစ်ဖြစ်၊ လူတွေနှင့် စကားပြောရသောအခါမှာ ဖြစ်ဖြစ် အမေရိကန်တို့သည် ဥရောပအရေးအခင်းနှင့် ကင်းကင်းနေလိုဟန်၊ စိတ်မဝင်စားဟန်များမှာ ရှင်းရှင်းကြီး ပေါ်နေ၏။ ထမင်းစားပွဲများ၊ စည်းဝေးပွဲများကြုံသောအခါ၌ အိုင်စတိုင်းသည် ဤသို့ အမေရိကန်တို့၏ ဘေးမဲ့နေလိုခြင်းသဘောထားကို ဝေဖန်ပြောဆိုသည်။

"ဒီကနေ့ ဥရောပနိုင်ငံများမှာ ကြုံဆုံနေကြရတဲ့ အခက်အခဲ ပြဿနာတွေဟာ အမေရိကအနေနဲ့ လုံးဝ တာဝန်မရှိဘူးဆိုရင်တော့ မဟုတ်သေးဘူးပေါ့။ ဥရောပမှာ ကြုံဆုံနေရတဲ့ စီးပွားရေးအခက်အခဲတွေ၊ ကိုယ်ကျင့်တရား ပျက်ယွင်းလာမှုတွေအတွက် တားဆီးဖို့ရာ ဥရောပသားများလိုပဲ တာဝန်ရှိတယ်လို့ ကျုပ်ယုံကြည်တယ်။ ပွင့်ပွင့်လင်းလင်းနဲ့ တည့်တည့်ပဲပြောကြပါစို့။ ခုကျီနီဗာမှာ ဖွင့်ထားတဲ့ လက်နက်ဖျက်သိမ်းရေးညီလာခံဟာ ခင်ဗျားတို့လိုလည်း ကျုပ်တို့ ဥရောပကလူတွေပဲ။ လူသားများ ကောင်းရာကောင်းကျိုးလုပ်ဖို့ နောက်ဆုံး လမ်းဖွင့်ထားတဲ့ အခွင့်အရေးကြီးပဲဖြစ်တယ်။ ရှင်းရှင်းပြောရရင်တော့ ခုနေအခါ ကမ္ဘာပေါ်မှာ အင်အားအကောင်းဆုံး အဆင့်အတန်းအမြင့်ဆုံးဖြစ်တဲ့ အမေရိကကို တစ်ကမ္ဘာလုံးမှာရှိနေကြတဲ့ ပြည်သူအများက မျက်စိကျနေတယ်၊ မျှော်လင့်အားထားနေကြတယ်"

အိုင်စတိုင်းစိတ်ထဲတွင် ဂျီနီဗာညီလာခံသည် ဥရောပနိုင်ငံများ ရပ်တည်ရေး၏ နောက်ဆုံးအဆင့်ဖြစ်သည်ဟု ယုံကြည်ခဲ့သည်။ ဤညီလာခံအတွက် လပေါင်းများစွာအတွင်း သူက အပြင်းအထန် တိုက်တွန်းပြောဆိုသော်လည်း လူများမှာ ဘူထင်

www.burmeseclassic.com

www.burmeseclassic.com



သလောက် စိတ်ဝင်စားမှုမျိုး ရှိသည်ကို မတွေ့ရပေ။ အယ်လ်ဆာစိတ်ထဲတွင်တော့ အိုင်စတိုင်း၏စကားများမှာ လူတွေကို ဖျော်ဖြေနေသလိုသာ ရှိသည် ထင်တော့သည်။ ဒါကိုသိရပြန်တော့ သူ့မှာသာ ခံပြင်းရပြန်သည်။

သူပါ ဆာဒီနားသို့ရောက်နေစဉ်အတွင်း ဒတ်ချ်အမျိုးသား နက္ခတ်ပညာရှင် ဝီလျံဒီ ဆစ်တာနှင့် အမေရိကန် နက္ခတ်ပညာရှင်များ ဖြစ်ကြသော ရောဗတ်မီလကန်။ ဝေါလတာ အဒမ်စ် ရစ်ချတ်ဒ်ချေးစ်တူလမင်နှင့် အက်ဒဝင်ဟူဘဲလ်တို့လည်း ပါစာဒီးနား နက္ခတ်လေ့လာရေးဌာနသို့ လာရောက်လေ့လာနေကြ၏။ ထို့ကြောင့် ကာလီဖိုးနီးယားမှလူများမှာ ယခုလို ဆုံနေကြသော သိပ္ပံပညာရှင်ကြီးများသည် စကြဝဠာကြီးနှင့် ပတ်သက်၍ ဘယ်လိုအကြောင်းများ ကြားရဦးမည်လဲဆိုသော အချက်လောက်သာ ပို၍ စိတ်ဝင်စားနေကြလေသည်။ သတင်းစာများကဆိုလျှင်လည်း အားကစားနှင့် သိပ္ပံပညာ သတင်းများလောက်ကိုသာ အသားပေး၍ ရေးနေကြတော့သည်။

အိုင်စတိုင်းသည် ပါဆာဒီနားမှ ပြန်လည်ထွက်ခွာခါနီးတွင် တရုတ်ပြည်သို့ ဂျပန်က ကျူးကျော်တိုက်ခိုက်ခြင်းအတွက် ရှုတ်ချသည့်စကားများသာ ပြောခဲ့သည်။ အကယ်၍ ဂျပန်ပြည်ကသာ ယခုလို နယ်ချဲ့ကျူးကျော်ခြင်းကို ရပ်တန်းက မရပ်ဘူးဆိုလျှင် ဂျပန်ကို အဘယ်ကြောင့် အနောက်နိုင်ငံသားများက စီးပွားရေးအရ ပိတ်ဆို့မထားနိုင်သနည်းဆိုသည့် အချက်ကိုသာ သိချင်သည်။ "ကျွန်ုပ် နားလည်လာတဲ့ အဖြေကတော့ ရှင်းပါတယ်။ နိုင်ငံတွေဟာ ခုအခါမှာ ကိုယ်ကျိုး ကိုယ်စီးပွားအတွက် ချည်း ကြည့်နေကြတယ်။ လူ့ဘောင်လောကကြီးတစ်ခုလုံး သာယာကောင်းမွန်ရေးကို ဖေးမကူညီဆောင်ရွက်လိုတဲ့ ပရဟိတစိတ် အင်မတန်ခေါင်းပါးနေကြတယ်"ဟု ပြတ်ပြတ်သားသားပင် ပြောလိုက်ပေတော့သည်။

သဘောပေါ်တွင် ပြုလုပ်သော နောက်ဆုံးအမေရိကန်ပြည်ထောင်စုက ထွက်ခွာခါနီး သတင်းစာအစည်းအဝေးတွင် မေးခွန်းများက ပေါ်ပင်များလာသဖြင့် အိုင်စတိုင်းတိုတိုနှင့် နိဂုံးချုပ်စ်လိုက်သည်။

ထိုအထဲကပင် တချို့က အိုင်စတိုင်းသည် နေမှ ဟီလီလီယန်ဓာတ် ထုတ်ယူနည်းကို တွေ့ပြီဆိုသည်မှာ ဟုတ်ပါသလားဟု မေးသည်။

စိတ်အားထက်သန်နေသူတစ်ဦးကလည်း "ဒီကိစ္စကို သတင်းထောက်တွေကို ပြောရမှာ ဒီလောက်ပဲခက်သလားဗျာ"ဟု မထိတထိ ဆိုပြန်သည်။

"အဲ ဒီလိုဆိုတော့ ပြောရဦးမကွဲ့။ ဂျာမန်စကားပုံကလေးတစ်ခုရှိတယ်။ ဒီစကားပုံက 'ဘယ်သူမှ ကြိုးဆွဲချသေတဲ့အလုပ်မျိုးတော့ လုပ်လေ့လုပ်ထရှိဘူး'တဲ့ကွဲ့"

အိုင်းစတိုင်းက နောက်ထပ် ဘာမှမပြောတော့၊ နှုတ်ပိတ်၍သာ နေလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျီနီဗာမြို့ရှိ ငြိမ်းချမ်းရေး အဆောက်အဦကြီးတွင် နိုင်ငံပေါင်း ခြောက်ဆယ် ပါဝင်သော ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေး ညီလာခံကြီးသည် နောက်ဆုံး တွင် တစ်ဦးနှင့်တစ်ဦး သဘောတူညီချက်မရဘဲ ပြီးဆုံးသွားလေသည်။

အိုင်စတိုင်းသည် သူ့ဘဝခရီးတစ်လျှောက် လူတွေရှေ့မှောက် စင်မြင့်ပေါ်တက် ပြီး ဟစ်အော်ကြွေးကြော်နေခဲ့ရသည့် ကြိုးပမ်းချက်တွေအားလုံး အချည်းနှီး သဲထဲရေသွန် ဖြစ်ရချေပြီတကားဟု သုံးသပ်မိတော့သည်။ သူ့အဖို့ မျှော်လင့်ချက်အားလုံး ဆုံးခဲ့၏။ စိတ်ပျက်အားငယ်ခြင်းတို့လည်း အခေါင်အဖျားသို့တိုင် ရောက်ကြလေပြီ။

ဂျီနီဗာကွန်ဖရင့်သည် ငြိမ်းချမ်းရေးကို ဖော်ညွှန်းနိုင်ခဲ့ခြင်း မရှိရုံသာမက စစ်ရေး ဥဒါန်းဆင်ခဲ့သလိုပင် ဖြစ်ခဲ့ရ၏။ ထိုအခါ သူက ကြားဝင်ဖျန်ဖြေဖို့ ဆုံးဖြတ်ရပြန်လေ သည်။

၁၉၃၂ ခုနှစ် မေလတွင် အိုင်စတိုင်းသည် ဂျီနီဗာသို့ ရောက်လာသည်။ သူနှင့် အတူ ဗြိတိသျှငြိမ်းချမ်းရေးသမား လော့ဒ်ပွန်ဆွန်ဘီလည်းပါလာသည်။ သူ့စိတ်ထဲတွင် အကယ်၍ ပြည်သူတို့၏ ဆန္ဒကို လှုံ့ဆော်ပေးနိုင်လျှင် နိုင်ငံများအား လက်နက် ဖျက်သိမ်းရေး ပန်းတိုင်ဆီသို့ ဦးတည်လာအောင် လုပ်နိုင်မည်ဟု ထင်ခဲ့၏။ သူတို့ အချင်းချင်း ကွဲလွဲနေသော သဘောထားများကိုလည်း ဖြေရှင်းပေးနိုင်မည်ဟု သူထင် ခဲ့လေသည်။

ထိုအချိန်တွင် ဂျီနီဗာရှုခင်းကို မှတ်တမ်းတင်ဆောင်းပါး ရေးသားရန်အတွက် အမေရိကန် 'ရုပ်စုံသုံးသပ်ချက်'မဂ္ဂဇင်းမှ ရိုမန်းနီးယား ဂျစ်ပဆီစာရေးဆရာ ကွန်းရက် ဘာကိုဗီဆီလည်း ဂျီနီဗာသို့ ရောက်ရှိနေ၏။

"အိုင်စတိုင်းလည်း ဂျီနီဗာကို ရောက်လာတယ်ဆိုတဲ့ သတင်းလည်းရရော ဟာ ဘာပြောကောင်းမလဲ လက်နက်ဖျက်သိမ်းရေးညီလာခံမှာ မှတ်တမ်းတင် သတင်း ယူဖို့ ရောက်နေကြတဲ့ သတင်းစာဆရာတွေအားလုံးဟာ တစ်ခါတည်း ညီလာခံခန်းမ ကို စွန့်ပြီး သူတို့ဆီ လိုက်သွားကြပါရော။ ဒီအထဲ တချို့နိုင်ငံတွေက ကိုယ်စားလှယ် တွေကလည်း ဒီကမ္ဘာကျော် ပုဂ္ဂိုလ်ကြီး မြင်ရတာက ဒီညီလာခံမှာထိုင်ပြီး ဆွေးနွေး တာထက် အကျိုးရှိသေးတယ်ဆိုပြီး သူ့ဆီ လိုက်သွားကြတာပါပဲ"

"အိုင်စတိုင်းမှာ ဒီညီလာခံအတွက် ကိုယ်စားလှယ်တွေလို အစိုးရတာဝန်လည်း မရှိဘူး။ ကိုယ်စားလှယ်တွေလို ဘာအာဏာနဲ့ အခွင့်အရေးလည်း ပါလာတာ မဟုတ် ပါဘူး။ ကုန်ကုန်ပြောရရင် သတင်းစာဆရာတွေလောက်ဟောင်းမှ သူ့မှာ ညီလာခံနဲ့ တိုက်ရိုက်ပတ်သက်မှု မရှိပါဘူး။ ဒါပေမဲ့ ဆွစ်ပုလိပ်တွေ စောင့်ကြပ်နေတဲ့ နန်းတော် တံခါးဝကနေ ဝင်လာတဲ့အချိန်မှာ သူ့ကို ဘယ်သူတစ်စုံတစ်ယောက်ကမှ မတားနိုင် နိုင်ကြဘူး။ ဒီနေရာကို သူတက်ရောက်လာဖို့အတွက် ဘာအခွင့်အရေးရှိလို့လဲ၊ ဘာ

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိလို့လဲ ဘယ်သူတစ်ယောက်ကမှ စောဒကမတက်ကြဘူး။ နောက်ဆုံး ဆော်လကန်နိုင်ငံတွေက ကိုယ်စားလှယ်များကတောင် ဒီနေရာကို သူရောက်လာနိုင်တဲ့ အထူးအခွင့်အရေးကို ပေးထားကြတယ်"

"သူ့ကို ဘယ်သူက လွှတ်လိုက်သလဲ၊ သူက ဘယ်သူ့ကို ကိုယ်စားပြုသလဲ၊ ဒီယေဝတီကို ဘယ်သူက ကိုယ်စားလှယ်အနေနဲ့ လွှတ်တာလဲ"ဟု ဆော်လကန်ကိုယ်စားလှယ်များက အငြင်းပွားချင်ကြသည်။

အမျိုးမျိုးသော အယူအဆ အထင်အမြင်တွေကြားထဲက သူသည် ငြိမ်းချမ်းရေးနန်းတော် လှေကားကြီးများမှတစ်ဆင့် တက်ရောက်လာသည်။ သူ့နောက်ကမှ လူပေါင်းရာထောင် စုဝေးလိုက်ပါလာကြသည်။ သတင်းထောက်များမှာ သူ့နောက်က လိုက်နေခဲ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့စေကာ သူနှင့် ရင်းနှီးကျွမ်းဝင်မှု မရရှိခဲ့ကြပေ။

နောက်လိုက်လာသော လူများမှာ သူနှင့် လှေကားထစ် သုံးလေးထစ်အကွာမှ ရှိသေလေးစားခြင်း လက္ခဏာတို့ကို ဖော်ပြကာ လိုက်လာကြ၏။

သတင်းထောက်တစ်ဦးမှာ အိုင်စတိုင်းက သူ့ဆေးလိပ် မီးငြိမ်းသွားသည်ကို ညှိရန် မီးခြစ်တောင်းသည်ကို ခံရသဖြင့် ဘယ်လိုဝမ်းသာ ဂုဏ်ယူလိုက်ရမှန်းမသိအောင် ဖြစ်သွားသည်။

ထို့နောက် သူသည် ငြိမ်းချမ်းရေးကွန်ဖရင့် ကျင်းပရာ ခန်းမကြီးထဲသို့ ဝင်လာခဲ့၏။ ကွန်ဖရင့်ထဲတွင် ဆွေးနွေးပွဲကျင်းပနေကြသော ကော်မတီများသည် သူဝင်လာသော ခဏ၌ ခေတ္တရပ်လိုက်ကြပြီးမှ ဆက်ဆွေးနွေးကြသည်။ ထိုသို့ ခေတ္တရပ်နားလိုက်ခြင်းသည်ပင် သူ့ကို အသိအမှတ်ပြုကြောင်း ပြလိုက်ခြင်းဖြစ်၏။ သူ့အရှိန်အဝါကား ကြီးမားလှဘိ၏။

ညီလာခံခန်းမထဲရှိ လူတိုင်းလူတိုင်း၏ အာရုံသည် အိုင်စတိုင်းဆီသို့သာ ရောက်သွားကြလေသည်။

သူ့ရှိရာအရပ်တွင် ကမ္ဘာကြီးလည်း ရှိပြီတကား။ သူ့မှာ လူတွေကို ဆွဲဆောင်နိုင်သည့် ဘယ်လိုမှော်အတတ်၊ ဘယ်လိုပါရမီများ ထူးလို့ပေလဲ။

"ကျွန်တော် အိုင်စတိုင်း ဒီညီလာခံခန်းထဲ မရောက်လာခင်က ဘရက်ဟိုတယ်မှာ တော်တော်ကြာကြာ တွေ့ခဲ့ရတယ်။ အဲဒီအချိန်တုန်းက သူ့မျက်လုံးတွေထဲမှာ ဒေါသရိပ်တွေနဲ့ စွန်းထင်းနေတယ်။ အသံတွေကလည်း မငြင်းသာဘူး။ ခက်ထန်နေတယ်။ ဆေးလိပ်တွေကိုလည်း တစ်ဖွာပြီးတစ်ဖွာ ဆက်ဖွာနေတာပဲ"

"ဟိုတယ်စာရေးက ကျွန်တော့်ကိုပြောတော့ အိုင်စတိုင်းဟာ ဟိုတယ်ရောက်ကတည်းက တစ်ချိန်လုံး တယောပဲ အဆက်မပြတ်တီးနေတာပဲတဲ့"

"သူ ဘာသီချင်းတွေ တီးနေတာလဲ"လို့ ကျွန်တော်က မေးတော့ ဟိုတယ်စာရေးက ပခုံးတွန့်တဲ့ပြီး ဘာတွေလဲမသိပါဘူး၊ စိတ်မရှည်ဟန်နဲ့ တကျိုကျို တကျုံကျုံ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ထိုးနေတာပဲဗျ၊ ကျွန်တော့်စိတ်ထဲ အဲဒီအချိန်ကဆို အိုင်စတိုင်းဟာ တယောကလေး များ ကိုင်ပေါက်လိုက်ရောလားလို့မှတ်တာ"

ဤကားဘာကိုဗီဆီ၏ မှတ်တမ်းတွင် ဖော်ပြထားခြင်းဖြစ်သည်။ အိုင်စတိုင်း နှင့်တွေ့တော့ သူက "လက်နက်ဖျက်သိမ်းရေး ညီလာခံကတော့ တကယ့်ရယ်စရာ ဟာသပဲဗျ"ဟု ပြောလိုက်သည်။ ဤတွင် အိုင်စတိုင်းက

"ထွီး ဒါ ဟာသမဟုတ်ဘူးကွ၊ အဲဒါ ရယ်စရာမဟုတ်ဘူး။ ငိုစရာ ငိုစရာ အလွမ်းဇာတ်ကြီးကွ။ ခေတ်သစ်ဆိုတဲ့ ဒီအချိန် ဒီကာလမှ ဒီလောက်ကြေကွဲစရာ ကောင်းတဲ့ အလွမ်းဇာတ်မျိုး မရှိတော့ဘူး သိရဲ့လား။ ဒီအချိန်မှာ ဒီလောက် အသည်း ကွဲမ်းစရာ၊ လွမ်းစရာကောင်းတဲ့ လူ့ဇာတ်ကြီးကြည့်ပြီးတော့ ဘယ်လူသားမှ ရယ်နိုင် ကြမှာမဟုတ်ဘူး။ ဒါကြောင့် ဒီကွန်ဖရင့်ကြီးမှာက ပြနေတဲ့ အလွမ်းဇာတ်ကြီးကို တစ်မျိုးပြောင်းသွားအောင် ကျုပ်တို့အားလုံးက အစွမ်းကုန် ဆန္ဒပြကြွေးကြော်ရမယ်။ ခု ဒီကိုရောက်နေကြတဲ့ ကိုယ်စားလှယ်ဆိုတဲ့ အကောင်တွေဟာ ငြိမ်းချမ်းရေး အရေးခြ ပြီး စစ်ပြင်ဖို့ ရောက်နေကြတာကွယ့်။ စစ်ကြီးပြီးလို့ ငြိမ်းချမ်းရေးစာချုပ် ချုပ်ခဲ့တာ ဆယ့်လေးနှစ်လောက် ကြာခဲ့ပေတဲ့ တို့မှာ အရင်ကလို ငြိမ်းချမ်းရေးနဲ့ ခုထိ မနီးစပ် ကြရသေးဘူး။ ကျုပ်တို့အနေနဲ့ သူတို့ကတိခံထားတဲ့ ငြိမ်းချမ်းရေး ငြိမ်းချမ်းရေး ထာဝရငြိမ်းချမ်းရေး ဆိုတဲ့ဟာကို စွမ်းစွမ်းတမံ ဆောင်ရွက် အကောင်အထည်ဖော်ပေး မည့် နိုင်ငံရေးသမားတွေကို စောင့်စားခဲ့ရတာလည်း ကြာလှပြီကွယ်။ ဒီနိုင်ငံရေးသမား တွေကို ကျုပ်တို့က ဒီနေရာလွှတ်လိုက်တာဟာ ငြိမ်းချမ်းရေးစကားပြောဖို့၊ ငြိမ်းချမ်း ရေးလုပ်ဖို့ လွှတ်လိုက်တာ၊ တခြားဟာလုပ်ဖို့မဟုတ်ဘူး။ ခုတော့ သူတို့က ကျုပ်တို့ကို လှည့်စားနေကြတယ်။ အရူးလုပ်နေကြတယ်။ ဥရောပနဲ့ အမေရိကမှာရှိကြတဲ့ လူသန်း ပေါင်းများစွာ တစ်ကမ္ဘာလုံးမှာရှိကြတဲ့ သိန်းသန်း ကုဋေကဋာသောလူတွေ၊ နောက် မွေးလာကြဦးမယ့် လူပေါင်း ကုဋေကဋာကိုလည်း ဒီလူတွေ လိမ်နေကြတယ်။ ရောင်း စားနေကြတယ်။ ဒီလူတွေရဲ့ဘဝ ငြိမ်းချမ်းသာယာရေးကို သူတို့က လက်လှည့်ကစား နေကြတယ်ကွယ့်။ ကျုပ်တို့ စောင့်ခဲ့ရတာ ကြာလှပြီ။ ဒီလူတွေရဲ့အကဲကို စောင့် ကြည့်ခဲ့ရတာလည်း ကြာပြီ။ ခုတော့ ဒီလူတွေ မျက်လှည့်ပြနေတာကို သည်းခံခဲ့ရတာ လည်း အဆုံးရောက်နေပြီ။ ခုတော့ နောက်ထပ် သည်းညည်းခံစရာလည်းမရှိတော့ဘူး။ ပြည့်ပြီ၊ စုံပြီ၊ ကုန်ပြီကွယ့်"

ဤသို့ပြောနေစဉ် အိုင်စတိုင်း၏အသံမှာ စူးရကွဲအက်မတတ်ပင် ရှိတော့သည် ဟု ဘာကိုဗီဆီက ပြောပြသည်။ ဂျီနီဗာသို့ရောက်စဉ် သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်သည်။ ထိုသတင်းစာရှင်းလင်းပွဲတွင် အိုင်စတိုင်းသည် စကားတစ်ခုတည်းကိုသာ တွင်တွင်ပြောနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူပြောနေသည့် စကားမှာ "ပြည်သူတွေက ဒီကိစ္စကို နှလုံးသွင်းပြီး ကိုယ်ရေးကိစ္စလို သဘောထားလုပ်ကြရတော့မယ်။ ပြီးတော့ ဒီဂျိနီဗာညီလာခံကို သူတို့ရဲ့ ကိုယ်စားလှယ်စစ်စစ်တွေကိုပဲ လွှတ်ကြရမယ်။ ဒါမှဖြစ်မယ်"

ပြင်သစ်သတင်းထောက်တစ်ဦး ပြောပြချက်အရ အိုင်စတိုင်းသည် ယေဘုယျသဘောများကိုသာ ပြောပြီး ချက်ချင်း ဂျီနီဗာမှ ပြန်ထွက်သွားသည်ဟု ဆိုသည်။

တစ်နေ့ ဘာကိုဗီဆီသည် ဘရက်ဟိုတယ်တွင် ညစာစားသောက်နေစဉ် ဂျီနီဗာကွန်ဖရင့်သို့ တက်ရောက်လာသော ရုရှားကိုယ်စားလှယ် အနေတိုလီ လူနာချာစကီ ဝင်လာသဖြင့် သူက ခေါ်ပြီး စကားလက်ဆုံကျကြရာ ဘာကိုဗီဆီက မေးသည်။

"ဘယ့်နှယ်လဲဗျ၊ အိုင်စတိုင်းပြောသွားတာတွေ ခင်ဗျား ကြားလိုက်တယ်မဟုတ်လား"

"ကြားလိုက်သားပဲ"

"အဲဒါ ခင်ဗျား ဘယ့်နှယ်သဘောရသလဲ"

"ဘယ့်နှယ်သဘောရမလဲ၊ ဒီလူက စိတ်ကူးယဉ်အိပ်မက် မက်နေတဲ့လူပဲ။ စိတ်ကူးယဉ်သမား သက်သက်ပါဗျာ။ သူ့စိတ်ထဲ သချ်ာဂဏန်းတွေတတ်တာနဲ့ သူက ဘာမဆို သူနားလည်တယ်လို့ ထင်နေတာပဲ။ ကျုပ်တို့ကတော့ လက်တွေ့သမားဗျ၊ ခင်ဗျားနားလည်မှာပေါ့"

အိုင်စတိုင်းသည် အဖျားရှူးသွားသော ဂျီနီဗာကွန်ဖရင့်ကိုပင် လူအများက ဝိုင်းပြီး ကောင်းချီးပေးနေသည်ကို တွေ့ရသောအခါ အလွန်စိတ်ပျက်စ ပြုလာပြန်သည်။ လူတွေဟာ သူထင်သလို စစ်ကို တကယ်မမုန်းကြပါကလားဟုလည်း သိနားလည်စ ပြုလာသည်။

နိုင်ငံပေါင်းစုံ အဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်တချို့က ကမ္ဘာပေါ်တွင် ထင်ရှားသော ပုဂ္ဂိုလ်များနှင့် စစ်ဆေးကာကွယ်တားဆီးရေးအတွက် ထပ်မံဆွေးနွေးပါဦးဟု သူ့ကို တိုက်တွန်းကြသည်။ သည်လိုလုပ်ခြင်းအားဖြင့် လူတွေ နဝေတိမ်တောင်ဖြစ်နေမှုများ အနည်းအပါး ပျောက်ဆုံးသွားဖွယ်ရှိသည်ဟု မြင်ကြသည်။ အိုင်စတိုင်းကလည်း ဤအကြံမဆိုးဘူးဟု သူဆိုသည်။

စစ်နှင့် ငြိမ်းချမ်းရေးသဘောတရားကို တွေးခေါ်မြော်မြင်ရေးရှုထောင့်၊ စိတ္တဗေဒရေးရာ ရှုထောင့်များက ဆွေးနွေးရလျှင် ကောင်းမည်ဟု မှတ်လိုက်ပြီး အိုင်စတိုင်းသည် ကမ္ဘာကျော် ပုဂ္ဂိုလ်များထဲမှ စိတ္တဗေဒပညာရှင်ကြီး ဆစ်ဂမန်ဖရွေဒ်ကို ရွေးချယ်လိုက်သည်။

အိုင်စတိုင်းသည် ဆစ်ဂမန်ဖရွေဒ်၏ ဆောင်ရွက်ခဲ့သည့်အချက်များကို လေ့လာထားသည်။ သူ့စိတ်ထဲတွင် ဖရွေဒ်မှာ တီထွင်ဖန်တီးနိုင်စွမ်းရှိသော ကိုယ်ပိုင်ဉာဏ်အပြည့်အဝရှိသည်ဟု သူယုံကြည်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အိုင်စတိုင်းထံမှ ဖရွေဒ်ထံသို့ အိတ်ဖွင့်ပေးစာ အရှည်ကြီးတစ်စောင် ရေးသားလိုက်သည်။

သူ့စာထဲတွင် စစ်တားဆီးရေးနှင့် ငြိမ်းချမ်းရေးအတွက် ကျော်လွှားမည့် ပြဿနာများနှင့် အဆင့်ဆင့် လုပ်ဆောင်ရမည့် ကိစ္စများကို ရေးလိုက်၏။

ပထမဦးဆုံးအနေနှင့် ငြိမ်းချမ်းရေး နိုင်မြဲမှုနှင့် စစ်တားဆီးရေးကိစ္စ အောင်မြင်ဖို့မှာ နိုင်ငံအချင်းချင်း မသင့်မတင့် အခင်းဖြစ်ပွားလာသောအခါ ထိုအခင်းဖြစ်ပွားမှုကို ဖြေရှင်းနိုင်ရန် ကမ္ဘာ့တရားရုံးချုပ်တစ်ခု တည်ထောင်ရမည်။ ဤသို့ တည်ထောင်ရမည်ဆိုလျှင် နိုင်ငံများမှာ ယခုရထားသလို အကြွင်းမဲ့ အချုပ်အခြာ အာဏာပိုင်မှုမျိုးတော့ နည်းနည်းလျော့သွားမည်။ မိမိတို့ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုကို အထိုက်အလျောက် လျှော့ချပစ်ရသည်။ သို့ရာတွင် ကမ္ဘာ့နိုင်ငံတိုင်းမှာဆိုသလို အာဏာငတ်ပြီး အာဏာရှူးရှူးနေကြသော အုပ်စုများရှိတတ်ပေရာ ထိုသူများက လက်ခံနိုင်ကြမည်မဟုတ်ချေ။ ထိုသူများအနေနှင့်မူ အာဏာကို လက်မလွှတ်နိုင်သည့်ပြင် အာဏာတည်မြဲရေးနှင့် အာဏာကို ပို၍ ရရှိလာရေးအတွက် စစ်တိုက်ရလျှင် တိုက်ရန် ဝန်မလေးသူများဖြစ်ကြ၏။

ဤသို့အာဏာငန်းငန်းတက်နေသူ ခေါင်းမအေးသော လူတစ်စုက သည်လောက်များပြားသည့်လူတွေကို သေကျေပျက်စီးကြရမည်ကို ကေန်သိလျက် စစ်ထဲဝင်လာအောင် သူတို့ ဘယ်သို့သိမ်းသွင်းနေကြပါသနည်း။ အိုင်စတိုင်းမှာ တွေးမရအောင်ပင် ရှိတော့သည်။ တွေးလေ လူတွေ၏ မိုက်လုံးထွားနေပုံကို မြင်လာလေ ဖြစ်နေ၏။

သို့ရာတွင် သူတွေးကြည့်ပြန်၏။ လူတွေမှာ ပျက်စီးခြင်းကို မလိုလား။ သွေးထွက်သံယိုမှုမျိုး မကြားလို့ မမြင်လိုသော စိတ်စိတ်ကလေးများ ရင်ထဲကိန်းလျက်ရှိသည်ဟု သူမြင်လာသည်။

ဤဘဝကို နှံမင်သော ဘဝတဏှာစိတ်ကလေးကို လှုံ့ဆော်ပေးလျှင် အလွယ်တကူရမည်ဟု သူထင်သည်။

ထို့ကြောင့် စိတ္တဗေဒသသောအရ ဤအချက်အပေါ် အခြေခံပြီး လူတွေမှာရှိနေသော အဖျက်အဆီးလိုလားသည့် စိတ်ဆန္ဒများ လျော့နည်းလာအောင်လုပ်ပါက အောင်မြင်မည်ဟု သူထင်မြင်သည်။

သူ့ထင်မြင်ချက်တွေကို ဖရွေဒ်ထံသို့ ရေးလိုက်သည်။ ဖရွေဒ်သည် သူ့နှစ်ခြိမ်းစိတ်ဖြာပြလိုက်သော အချက်တော်တော်များများကို သဘောတူသည်။ သို့ရာတွင် အိုင်စတိုင်း သတိမပြုမိသော ကျော်သွားသည့်အချက်များကို သူ့ထံမှ ပြန်ကြားလိုက်သော စာရှည်ကြီးထဲတွင် ရေးသားပေးပို့လိုက်၏။

"ဟာ တကယ့်လူတော်ကြီးပါလေ" အိုင်စတိုင်းမှာ ဖရွေဒ်စာဖတ်ပြီးနောက် မှတ်ချက်ချလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖရော့ဒ်၏စာမှ လှလှပပ ရေးထား၏။ စာလုံးပေါင်း လေးထောင်ကျော်လောက် ပါသည်။ စာ၏လိုရင်းအချုပ်မှာ ယခုအထိ စစ်ကိုတားဆီးနိုင်မည့် နည်းလမ်း တိတိကျကျ မရှိသေးကြောင်း ပါသည်။

ဖရော့ဒ်က လူတွင်ရှိသော အလွန်ခြားနားသည့် ဗီဇစိတ်နှစ်ခုဖြစ်သော 'ချစ်ခြင်းနှင့် မုန်းခြင်း'သဘောကို နှိုင်းယှဉ်ပြသည်။ လူမှာက ရပြီးသား အခြေအနေကို ထိန်းသိမ်းလိုတဲ့စိတ်ရော၊ ထို့ထက် တိုးပွားအောင် တီထွင်ကြံဆလိုတဲ့စိတ်ရော ရှိသည်။ အလားတူပင် လူမှာကား ပျက်စီးရာပျက်စီးကြောင်း လိုလားသည့်စိတ်လည်း ရှိသည်။

"လူမှာရှိနေတဲ့ ဒီဗီဇစိတ် တစ်ခုစီ တစ်ခုစီဟာ သူတို့ရဲ့ဆန့်ကျင်ဘက်သဘောတွေနဲ့ စိုးစဉ်းမျှ မကင်းဘူး။ ဒီစိတ်တွေရဲ့ ဖြစ်တည်လှုပ်ရှားနေတဲ့ ဖြစ်ရပ်ကိုပဲ ဘဝရယ်လို့ ဆိုရပေတယ်။ ဒီစိတ်တွေဟာ ညီညွတ်စွာပဲဖြစ်ဖြစ်၊ ဆန့်ကျင်ပြီးပဲဖြစ်ဖြစ်ပေါ့လေ အဲဒါ ဘဝဆိုတဲ့သဘောပဲ"

လူမျိုးတစ်မျိုးလုံးနဲ့ချီပြီး စစ်ထွက်ဖို့ လှုံ့ဆော်လာတဲ့အခါ လူတစ်ဦးချင်း စစ်ထွက်ရသည်နှင့် မတူတော့ လူတွေမှာ ပျက်စီးမှု၊ ဖျက်ဆီးမှုကို အားသန်တဲ့စိတ်တွေက တဖွားဖွားပေါ်ပေါက်ပြီး လူတစ်ကိုယ်လုံးကို လွှမ်းမိုးလာတော့သည်။ ဤကား လောကအလှည့်ကလေးပင် ဖြစ်သည်။ စစ်ဖန်တီးသူများသည် လူတွေမှာရှိသည်။ ချစ်ချင်သော၊ ချစ်တတ်သော ဗီဇစိတ်ကလေးကို လှည့်ပတ်လှုံ့ဆော်ပြီး ဖျက်လိုဖျက်ဆီး စိတ်ထက်သန်အောင် လုပ်ပေးတတ်သည်။ ကိုယ့်တိုင်းပြည်ကိုချစ်သည့်စိတ်ကို ဖော်ပေးပြီး ဖျက်ဆီးတိုက်ခိုက်လိုစိတ် ပေါ်လာအောင် လုပ်ပေးခြင်းမျိုး ဖြစ်သည်။ ကိုယ့်ကိုယ်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုခြင်းသဘော၊ ရယူပိုင်ဆိုင် ဆည်းပူးလိုခြင်း သဘောနှစ်ခုသည် ချစ်ခြင်းဗီဇစိတ်ကို အရင်းခံပေါ်လာသောအရာများ ဖြစ်သည်။ ဤမည်သော စိတ်ဓာတ်တို့ အပြန်အလှန် တုံ့ပြန်တိုက်ခိုက်လာသော ကာလ၌ အဘယ်မည်သော လူသားမျှ ကျူးကျော်တိုက်ခိုက်လိုသည့် ရမ္မက်ဆန္ဒတို့ မဖြစ်ပေါ်ဘဲ မနေနိုင်တော့ပေ။

"ဒီတော့ စစ်ဆိုတာ ပါဏာဗေဒသဘောနဲ့ပြောရင် မှန်သလို ခိုင်ခိုင်မာမာ ဖြစ်နေပြန်တယ်ဗျ"

ဖရော့ဒ်က ဆိုပြန်သည်။

ထို့နောက် ဖရော့ဒ်ကပင် အိုင်စတိုင်း ဘယ်တုန်းကမျှ မစဉ်းစားမိခဲ့သော အလွန်သိမ်မွေ့သည့် သဘောကလေးများကို ဖော်ထုတ်ပြသည်။ ဆိုကြပါစို့။ သူနှင့် အိုင်စတိုင်းတို့သည် ဘာကြောင့် စစ်မုန်းသော ငြိမ်းချမ်းရေးသမားများ ဖြစ်နေကြပါသနည်း။

ငြိမ်းချမ်းရေးဝါဒဆိုသည်မှာ သာမန်လူမှာရှိသော စိတ်ဓာတ်မဟုတ်။ ဤကား သဘောတရားရေးရာ အမြင်က ရလာသော ယုံကြည်မှုအမြင် (ဝါ) အယူအဆဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအယူအဆသည် မြင့်မားသော ယဉ်ကျေးမှု တိုးတက်ဖြစ်ပေါ်မှုအရ ဖြစ်လာသော အရာဖြစ်သည်ဟု ဖရော့ဒ်က အတိအကျ ဆင်ခြင်ကြည့်သည်။ ယင်းသဘော အယူ ဖြစ်လာရေးအတွက် ရုပ်ပိုင်းဖြစ်စဉ်တွေရော၊ စိတ်ပိုင်းဖြစ်စဉ်တွေရော တိုးတက်မြင့်မား လာမှုရှိရမည်။ ယင်းသို့ တိုးတက်ဖြစ်ပေါ်လာပုံသဘောကို ပုံဆောင်ပြရလျှင် တချို့ ရိုင်းသော တိရစ္ဆာန်များကို ယဉ်ပါးအောင်ပြုပြီး အိမ်သုံးတိရစ္ဆာန်များ ဖြစ်လာကြပုံ နှင့် တူသည်။ ငြိမ်းချမ်းရေးသဘောမျိုးမှာ ခန္ဓာကိုယ်ကာယပိုင်းက ယဉ်ကျေးတိုးတက် လာသည်နှင့် ဗီဇအေရင်းခံစိတ်များဖြစ်သော အချစ်အမုန်းသဘောတို့ကို ဒီဂရီလျှော့ချ လိုက်ပြီးမှ ရလာသော သဘောဖြစ်သည်။ သူနှင့် အိုင်စတိုင်းတို့ နှစ်ဦးစလုံး စစ်ကို မုန်းကြခြင်းမှာ စစ်သည် ဆင်ခြင်ဉာဏ်ပိုင်းကရော၊ ဗီဇစိတ်သဘောကရော တွန်းလှန် ခုခံနေကြသောကြောင့် ဖြစ်သည်။ သို့ရာတွင် ဤသို့ ခန္ဓာကိုယ်ကာယပိုင်းဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်သွားမှုသည် အခါခပ်သိမ်း ကောင်းမွန်လှသည်တော့မဟုတ်ဟု ဖရော့ဒ် က ဆိုသည်။ ဤသို့ သဘာဝပြောင်းလဲသွားမှုသည် လိင်ပိုင်းမှာလာပြီး အပြောင်းအလဲ ဖြစ်သောကြောင့် အပြင်ဘက်သို့ ကျူးကျော်တိုက်လိုက်လိုစိတ် နည်းသွားသော်လည်း မိမိအတွင်းပိုင်းကို တိုက်ခိုက်မှု ပိုများလာသည်ဟု ဆိုသည်။

စစ်နှင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်သော ဖရော့ဒ်၏ အမြင်အတွက် အထက်ပါ သဘောတို့မှာ ကျောထောက်နောက်ခံများ ဖြစ်ကြသည်။ သူ့အမြင်မှာ–

"လူ့ယဉ်ကျေးမှု တိုးတက်ရာတိုးတက်ကြောင်း ပြုမူဆောင်ရွက်သမျှ ကိစ္စတွေ ဟာ တကယ်တော့ စစ်ကို ဆန့်ကျင်တဲ့ လုပ်ရပ်တွေ အလိုလို လုပ်နေကြတာပါပဲ" ဟူ၏။

တစ်နည်းတစ်လမ်းအားဖြင့် ဖရော့ဒ်သည် အိုင်စတိုင်း၏ အခြေခံစိတ်ဓာတ်ကို ခွဲခြမ်းစိတ်ဖြာပြလိုက်ခြင်းလည်း ဖြစ်သည်။ သူ့စာထဲမှာပင် ဖရော့ဒ်က အိုင်စတိုင်းသည် မိမိအလုပ် လုပ်ရေးအတွက် ကိုယ်ချစ်သောအိမ်ထောင်ကို အပျက်အစီးခံခဲ့ပုံ၊ သူ့မှာ ဘာကြောင့် မျက်ရည်လွယ်သော စိတ်ရှိပုံများကိုပါ ရှင်းထုတ်ပြလိုက်သည်။

ရူပဗေဒပညာရှင်ကြီးသည် အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ ခံစားမှု ကို အရေးမထား၊ ဆင်ခြင်ဉာဏ်ကိုသာ အရေးထားပြီး နေတတ်သည်။ သူ့မှာ ယခုအခါ ပိုပြီး သူ၏သိပ္ပံပညာဆိုင်ရာ ယုံကြည်စွဲလမ်းမှုထဲက ရုန်းမထွက်နိုင် ရှိတော့သည်။ သို့သော် ယခုတိုင်တိုင် ယခင်ကလိုပင် နေ့စဉ် ဘဝကိစ္စ၊ လူမှုကိစ္စများမှာ သူ့အတွက် အရေးမကြီး၊ ဂရုမထားဘဲ နေရမြဲအတိုင်းနေသည်။

ဖရော့ဒ်၏ စာထဲတွင် အိုင်စတိုင်းမှာ အသိုက်အဝန်းနှင့် နေလိုစိတ်လည်း မရှိ၊ စိတ်ထဲ နာကြည်းခံပြင်းမှု အဆောက်အအုံလည်းဖွဲ့မည့်တတ်ပုံများကိုပါ စိတ်ခွဲ ပြလိုက်သည်။ တစ်ခါတစ်ရံ စိတ်ထိခိုက်မှု၊ မုန်းတီးမှု ပေါ်လာလျှင်လည်း ဖျတ်ခနဲ ပေါ်ပြီး ပျောက်သွားတတ်သည်။ နိုင်ငံရေးမှာပဲဖြစ်ဖြစ်၊ ရူပဗေဒသိပ္ပံမှာပဲဖြစ်ဖြစ် စိတ်

www.burmeseclassic.com

www.burmeseclassic.com



ညစ်စရာ စိတ်ပျက်စရာ တွေ့သော်လည်း ထိုကိုယ်ရေး စိတ်သောကရောက်မှု၊ နလုံးမသာမှု၊ စိတ်ပျက်မှုမှ ခဏမကြာ ရုန်းထွက်နိုင်သော သတ္တိလည်း သူ့မှာရှိသည်။

တစ်ခါက သူ့အချစ်ဆုံး သူငယ်ချင်း ဇင်းဂါးထံ ရေးသည့်စာထဲတွင် "နလုံးနာဖွယ်၊ ရွံရှာဖွယ်ကောင်းလှတဲ့ လူ့ဘောင်လောကကို မျက်ကွယ်ပြုဖို့ရာ အကောင်းဆုံးနည်းလမ်းတစ်သွယ်ကတော့ ဆင်ခြင်တုံတရားနဲ့ ဉာဏ်အမြင်ကို နက်ရှိုင်းသည်ထက် နက်ရှိုင်းလာအောင် ကျင့်ခြင်းပဲ"ဟု ရေးလိုက်လေသည်။

ဤကဲ့သို့ ဖရွေဒ်နှင့် အပြန်အလှန် စာရေးသားဆက်သွယ်နေစဉ် အိုင်စတိုင်းအား ငြိမ်းချမ်းရေးလုပ်ငန်းများကို ကူညီထောက်ခံချက်ပေးပါရန် တောင်းဆိုလာကြပြန်သည်။ သို့သော် ထိုလုပ်ငန်းများသည် အောင်မြင်ထမြောက်မည့် လုပ်ငန်းများ၊ ထိရောက်မည့် လုပ်ငန်းများ ဖြစ်သည်ဟု သူ မယုံချင်တော့ပေ။ သူ့စိတ်ထဲတွင် စစ်ဆန့်ကျင်ရေးနှင့် ငြိမ်းချမ်းရေး လှုပ်ရှားမှုများအပေါ် ဘဝင်မကျတော့သည်နှင့် ရေးတုန်းကလိုတော့ ရှေ့တန်းမတက်တော့ နောက်ပိုင်းကပင် နေလေတော့သည်။

၁၉၃၂ ခုနှစ် နွေရာသီတွင် စစ်ဆန့်ကျင်ရေး ကွန်ဂရက်တစ်ခု ကျင်းပနိုင်ရန် ပြင်သစ် လက်ဝဲစာရေးဆရာကြီးတစ်ဦးဖြစ်သူ ဟင်နရီဘာဘုစ် ကြိုးစားနေလေသည်။ ဤကိစ္စတွင် အိုင်စတိုင်းလည်း ပါဝင် ကမကထလုပ်ပါဟု သူက တောင်းဆိုလာသည်။ အိုင်စတိုင်းကမူ 'ဒီကွန်ဂရက် လုပ်နေလည်း အပိုပဲ၊ အချိန်ကုန်ရုံရှိမယ်'ဟု ပြန်စာရေးလိုက်သည်။ သို့ရာတွင် ဘာဘုစ်က ယခုကိစ္စတွင် အပ္ပတန်စင်ကလိယာ၊ ဂျွန်ဒေါ့စ်ပတ်ဆို၊ ရော့ဘားနော့ဒ်ရှော၊ အိချ်ဂျီဝဲလ်တို့ကဲ့သို့သော ပုဂ္ဂိုလ်ကြီးများကပင် ပါဝင်ပြီး ကမကထ ပြုနေပါကြောင်း ပြန်ကြားပြောဆိုပြန်သည်။ ထိုအခါမှ အိုင်စတိုင်းက မိမိလည်း ပါဝင်ရမည်ကို ဝမ်းမြောက်ဝမ်းသာရှိကြောင်း အဖြေပေးလိုက်တော့သည်။

ထို့နောက် ဘာဘုစ်ထံမှ ကမကထပြုသူ ပုဂ္ဂိုလ်ကျော်များ လက်မှတ်ရေးထိုးရန်အတွက် ကြေညာချက်တစ်စောင် အိုင်စတိုင်းထံသို့ ပို့လိုက်လေသည်။

ယင်းကြေညာချက်ထဲတွင် ဂျပန်ပြည်သည် လူသားတို့၏ စွမ်းပကားဖြင့် လောကနိဗ္ဗာန်သစ် ထူထောင်နေသော ဆိုဗီယက်ယူနီယံကို ဖြိုဖျက်ရန်အကြံနှင့် ဂျပန်သည် တရုတ်ပြည်ကို ကျူးကျော်ရန်စလာခြင်းဖြစ်ကြောင်း စွဲချက်တင်ထားသည်။

ထိုစွဲချက်ကြောင့် အိုင်စတိုင်းက ကြေညာချက်ကို လက်မှတ်မထိုးတော့ပေ။ မထိုးရသည့်အကြောင်းမှာ အိုင်စတိုင်းသည် ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒစွဲဝါဒကို လက်ခံနေသူဖြစ်သောကြောင့် ဖြစ်၏။ သူ့မျက်စိထဲတွင် ဆိုဗီယက်ယူနီယံ၌ ပုဂ္ဂိုလ်လွတ်လပ်မှုကို နှိမ်နေသည်ဟု မြင်သည်။ သူက လက်မှတ်ရေးထိုးခြင်းမရှိတော့ တခြားဖြစ်မြောက်ရေးအဖွဲ့ဝင် လူကြီးများကလည်း လက်မှတ်ရေးထိုးခြင်းမရှိတော့။ ဤကိစ္စကို ကြည့်ခြင်းအားဖြင့် အိုင်စတိုင်းတို့သည် တိကျသော နိုင်ငံရေးအမြင်နှင့် ယေဘုယျ ဥမ်းကြောင်းမရှိဘဲ ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒစွဲရာသို့ လိုက်ပါဆောင်ရွက်တတ်ကြောင်း ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဘုစ်နှင့် အိုင်စတိုင်းတို့ ရက်သတ္တတော်တော်ကြာကြာ ဆက်သွယ်မှုရှိခဲ့သည်။ ဩဂုတ်လတွင် အမ်စတာဒမ်မြို့၌ ကွန်ဂရက်ကျင်းပသည့်အခါ အိုင်စတိုင်းအား ဖြစ်မြောက်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦးအဖြစ် ထည့်သွင်းထားသည်။ သူ လူကိုယ်တိုင် မတက်သော်လည်း နိုင်ငံတကာအရေးအခင်းများ၌ တရားမျှတမှု ရှိစေရန် သဝဏ်လွှာ ပို့သည်။ နောက်မှ ဤကွန်ဂရက်မှာ နောက်ပိုင်းကနေပြီး ကွန်မြူနစ်ခေါင်းဆောင်များက ကြိုးကိုင်နေကြောင်း အိုင်စတိုင်း သိရတော့သည်။ ဤသတင်းကိုကြားသည်နှင့် တစ်ပြိုင်နက် အိုင်စတိုင်းလည်း အဆက်အသွယ်ဖြတ်လိုက်လေတော့သည်။

၁၉၃၂ ခုနှစ် ပတ်ဝန်းကျင်တွင်ကား အိုင်စတိုင်းဘဝတွင် မရေရာသော ဇာတ်တစ်ခန်းကို ကပြနေရသည်သို့သာ ရှိ၏။ သူ့အဖို့ တိကျသော ဦးတည်ချက်ဟူ၍ မရှိဘဲ ဖြစ်နေလေသည်။

ထိုအချိန်တွင် ပရင်စတန်၌ ဖွင့်လှစ်မည့် အထက်တန်းပညာရပ်များ လေ့လာရေး သိပ္ပံကျောင်းတွင် အကယ်၍ ရာထူးတစ်နေရာ လက်ခံနိုင်မည်ဆိုပါက အိုင်စတိုင်း လိုချင်သည့် စည်းကမ်းချက်အတိုင်း သဘောတူလက်ခံမည်ဖြစ်ကြောင်း၊ အမေရိကန် ပညာရေးသမား အေဘရာဟန် ဖလက်စနာထံမှ စာလာသည်။ ယင်းသိပ္ပံကျောင်းမှာ ပညာရှင် သုတေသီများ၊ အထက်တန်းပညာရပ်များကို ကြိုက်သလို လွတ်လွတ်လပ်လပ် လေ့လာ စူးစမ်းနိုင်ရန် ရည်သန်ပြီး စီမံထားကြောင်း ထိုသိပ္ပံတွင် လေ့လာဆည်းပူးနေကြသော ပညာရှင်ကြီးများသည် မိမိတို့နှစ်သက်ရာ ပညာကို စူးစမ်းလေ့လာ ရှာဖွေနိုင်ကြောင်း ပါသည်။ ဤအယူအဆကို ဖလက်စနာသည် အင်္ဂလန်၊ ဂျာမနီနိုင်ငံများသို့ ခရီးလှည့်လည်ရာက ရလာခြင်းဖြစ်သည်။ ဤအကြံအစည်ကို အကောင်အထည်ဖော်ရန် လူသားကောင်းစားရေး ဝါဒသမားများဖြစ်ကြသော လူဝီဘင်ဘာဂျာနှင့် မစ္စက် ဖလစ်ဖုဒ် တို့က ရန်ပုံငွေအလှူ ဒေါ်လာငါးသန်း ထည့်ဝင်ကြသည်။

ပထမဆုံးအနေနှင့် ဖလက်စနာက သင်္ချာလေ့လာရေးဌာနတစ်ခု ဖွင့်မည်။ ထိုဌာနတွင် အိုင်စတိုင်းကို အုတ်မြစ်အခြေခံအဖြစ် ထားမည်ဟု ရည်ရွယ်သည်။ ပြီးမှ စီးပွားရေးဌာန၊ နိုင်ငံရေးဌာန၊ လူမှုရေးဌာနများကို တိုးချဲ့သွားရန် ဖြစ်၏။

ဖလက်စနာသည် အိုင်စတိုင်းအား ဖေဖော်ဝါရီလအတွင်းက ပါဆာဒီးနားတွင် ဤကိစ္စကို ပြောသည်။ နောက်ထပ် ရာထူးလက်ခံပါရန်အကြောင်း မေလအတွင်း အောက်စဖို့ဒ် ရောက်နေစဉ် ပြောသည်။ တစ်ဖန် ကပုသ်သို့ ပြန်ရောက်သော ဇွန်လတွင် အိုင်စတိုင်း၏အဖြေကို သိရန် ရောက်လာသည်။

ဖလက်စနာရောက်လာသည့်အချိန်မှာ နွေရက်ဖြစ်စေကာ အိုင်စတိုင်းသည် အနွေးထည်ဝတ်ထားသည်။

"ကျုပ်က ဥတုလိုက်ပြီးဝတ်နေတာဗျ၊ ရာသီလိုက်ပြီး ဝတ်တာတော့မဟုတ်ဘူး၊ ခုဆို ရာသီကတော့ နွေရာသီပေါ့"ဟု အိုင်စတိုင်းက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညနေခင်းမှ သန်းခေါင်လောက်အထိ နှစ်ယောက်သား စကားလက်ဆုံကျကြသည်။

"ဒီအချိန်မှာပဲ အိုင်စတိုင်းဟာ ဘာလင်ကို စွန့်ပြီးတော့ အမေရိကန်ပြည်ထောင်စုကို လာတော့မယ်ဆိုတာ ကျုပ် သိခဲ့ရတယ်"ဟု ဖလက်စနာက ဆိုသည်။

သို့သော် နောက်နေ့မှာပင် အိုင်စတိုင်း၏စိတ် ပြောင်းသွားပြန်သည်။

"ကွယ် အဲလဗတ်မလဲ ဒီဂျာမနီက ရာသက်ပန်ထွက်သွားမယ်ဆိုတဲ့ စိတ်ကူးကို သူ့မှာ ရင်မဆိုင်ရဲသလို ဖြစ်နေတယ်"ဟု ကပုသ်သို့ရောက်နေသော အယ်လ်ဆာ၏ သူငယ်ချင်း မစ္စဗယ်လင်တင်းအား အယ်လ်ဆာက ပြောပြသည်။

ဘာလင်မြို့တွင် ဂျာမနီကျောင်းသားများက ယေဝတီကျောင်းသားများအား တက္ကသိုလ်ပညာသင်ကြားခွင့် မပေးရန် ကန့်ကွက် ဆန္ဒပြတောင်းဆိုနေကြလေသည်။

တက္ကသိုလ် ပရဝုဏ်ထဲတွင် နေ့စဉ်လို ကျောင်းသားအချင်းချင်း ရိုက်ပွဲဖြစ်နေကြသည်။ နာဇီများက ယေဝတီပါမောက္ခများအား မည်သို့မျှ အရေးယူမည်မဟုတ်ကြောင်း ကတိပြုထားလေသည်။ ယခုထိလည်း အရေးယူခြင်း၊ ချုပ်ချယ်ခြင်းမျိုးလုပ်သည်ကို မတွေ့ရသေး။

မစ္စဗယ်လင်တင်းက အိုင်စတိုင်းအား ဘာလင်မှာ ဆက်နေလျှင် သူ့အသက်ကိုပင် စိုးရိမ်စရာ၊ ထိခိုက်လာစရာရှိမည်။ ဘာလင်သည် သူ့အတွက် လုံခြုံမှုမရှိတော့ကြောင်း ပြောသည်။ အိုင်စတိုင်းကမူ ထိုအချိန်အထိ ဤကိစ္စကို ဆွေးနွေးချင်စိတ်မရှိသေး။

အိုင်စတိုင်း၏ အတ္ထုပ္ပတ္တိကို မစ္စဗယ်လင်တင်း ရေးသားရာတွင် တစ်နေ့ သူဘာလင်သို့ စီးနင်းလိုက်ပါလာသော ရထားတွဲထဲတွင် လူငယ်တစ်စု ပါလာသည်။ ထိုသူငယ်များမှာ လမ်းသရဲဆန်ဆန် အရက်တွေလည်း မူးကာ စကားများ တောင်စဉ်ရေမရ လျှောက်ပြောလာကြသည်။ တဖောင်ဖောင်ပြောနေသည့် သူတို့စကားတွေထဲမှာ ရန့်ရင်းကြမ်းတမ်းသော စကားများလည်းပါသည်။ သို့သော် သူတို့၏ အဓိကဦးတည်ချက်မှာ ယေဝတီဆန့်ကျင်ရေးစကားချည်း ဖြစ်နေလေသည်။ သူတို့အချင်းချင်း ပြောနေကြသည့် စကားတွေထဲတွင် ဘာလင် ပုလိပ်မင်းကြီးဖြစ်သော ဘန်ဟာ့ဒ် ဝိုက်စ်ကို သတ်ပစ်ချင်ကြောင်း၊ ထိုသူမှာ ယေဝတီဖြစ်၍ အရှင်မထားသင့်ကြောင်း၊ ထိုလူနှင့် နီးစပ်အောင် ဘယ်သို့လုပ်ပြီး ဘယ်ပုံကြံလျှင် ဤလုပ်ကြံမှုအောင်မြင်မည်ဖြစ်ကြောင်း ကြံစည်စိတ်ကူးလာကြလေသည်။ နောက်တစ်နေ့မှာပင် မစ္စဗယ်လင်တင်းက အယ်လ်ဆာထံ တယ်လီဖုန်းဆက်ပြီး အဲလဗတ်အား ပရင်စတန်က ခေါ်ပေးနေသည့် ရာထူးကို လက်မခံ လက်ခံအောင် တိုက်တွန်းဖို့ပြောသည်။ ထိုသတင်းကို ကြားရသောအခါ အယ်လ်ဆာမှာ မနေသာတော့ အိုင်စတိုင်းအား ဒိုကြီးချက်မနှင့် တိုက်တွန်းတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်တွင် အိုင်စတိုင်းက အယ်လ်ဆာ အငိုရပ်ပါစေတော့ဆိုပြီး သဘော တူလိုက်၏။ သို့သော် သုံးလေးရက်ကြာပြီးသောအခါ သူ့အနေနှင့် ဘာလင်မှာပင် ဆက်နေဦးမည်ဟု ဆိုပြန်သည်။ ယင်းသို့ ဘဝင်မကျဘဲ ဆုံးဖြတ်ချက်မချနိုင်သည်မှာ တစ်နွေတစ်ဆောင်းပင် ပြောင်းခဲ့တော့သည်။ ထိုအချိန်တွင် ဂျာမန်ပါလီမန်ကို ဖျက်ပြီး အသစ်ပြန်ဖွဲ့လေသည်။ နာဇီမုန်တိုင်း စစ်ဆင်ရေးသမားများက နေ့စဉ်နှင့်အမျှ ခြိမ်း ခြောက်မှုတွေ လုပ်နေတော့သည်။

အိုင်စတိုင်း၏သားကြီး ဟင်အဲလဗတ်သည် နွေရက်အားတွင် ကပုသ်သို့ အလည်ရောက်လာသည်။ သို့သော် မီလီဗာကတော့ ဘာလင်နှင့် နီးစပ်သည့်နေရာ ဆိုလျှင် ဘယ်နေရာကိုမျှမသွား။ အက်ဒဝပ်တစ်ယောက် ကျန်းမာဖို့အရေးကိုသာ မီလီဗာမှာ နေ့ရှိသရွေ့ ကြိုးပမ်းနေရရှာသည်။ ခုတော့ အိုင်စတိုင်းနှင့် တွေ့ဖို့ဆိုသည့် မျှော်လင့်ချက်အမျှင်ကလေးကိုပင် မီလီဗာ စွန့်ခဲ့ပြီ။ တကယ်တော့ ဒီတစ်သက် သူချစ် သည့် အဲလဗတ်ကို ပြန်မရနိုင်ပြီအတူတူတော့ ဒီလိုသံယောဇဉ်ပြတ်ပြီး နေလိုက်သည် က သူ့အဖို့ အကောင်းဆုံး စိတ်အသက်သာဆုံး နည်းလမ်းပေပဲမဟုတ်လေလား။

ဟင်အဲလဗတ်ကလည်း ဖခင်အိုင်စတိုင်း၏ ရှေ့ရေးအကြံအစည်များနှင့် ပတ် သက်၍ အသေးစိတ်ကို မိခင်အား သိခွင့်မပေးတော့ပေ။

အိုင်စတိုင်းကို အမေရိကက နေရာကောင်း ခေါ်ပေးနေသော်လည်း သူက လက်မခံသေးဘဲ ခြောက်ကြိမ်လောက် ရွှေ့ဆိုင်းစဉ်းစားနေခဲ့၏။ အမှန်တော့ သည်လို လက်မခံခြင်းသည် သူ့ဘဝတစ်ခြမ်းတွင် မီလီဗာတို့ မိသားစုရှိသည်။ သူတို့နှင့် ဝေးလံ လှသော နေရာသို့ ခွဲမသွားချင်ဆိုသည့် သဘောထားဖြစ်မှန်း မီလီဗာကတော့ ရိပ်စား မိသည်။

ထိုနှစ် အောက်တိုဘာလတွင် အိုင်စတိုင်းက ကြေညာချက်တစ်ခု ထုတ်ပြန် ရာတွင် သူသည် ပရပ်ရှင်း သိပ္ပံအကယ်ဒမီတွင် ငါးနှစ်လုပ်ခဲ့သည်။ ငါးလ ခွင့်ရပြီ ဖြစ်ကြောင်း ထိုငါးလအတွင်း ပရင်စတန်တွင် နေထိုင်မည်ဖြစ်ကြောင်း။ သူသည် ဂျာမနီကို စွန့်မသွားလိုကြောင်း သူ့အမြဲတမ်းအိမ်သည် ဘာလင်မှာပင်ရှိမည်ဖြစ်ကြောင်း ကြေညာချက်တွင် ပါသည်။ ထိုကြေညာချက်မှာပင် သူသည် ဒီဇင်ဘာလကစ၍ ပါဆာ ဒီနာသို့သွားမည်။ မတ်လလောက်တွင် ဥရောပသို့ ပြန်လာနိုင်မည်ဟု မျှော်လင့်ကြောင်း။ ထို့နောက် နောင်နှစ်အောက်တိုဘာကျမှ ပရင်စတန်သို့ သွားမည်ဖြစ်ကြောင်းလည်း ဆိုထားသည်။

နယူးယောက် တိုင်းသတင်းစာကမူ ဤသတင်းကို ကြားရသောအခါ "ဤ သတင်းကား အလွန်ကြီးကျယ်သောသတင်းပင် ဖြစ်ကြောင်း၊ လွန်ခဲ့သောနှစ်က ပါဆာ ဒီနာတွင်ဒီဆစ်တားနှင့် အိုင်စတိုင်း ခဏနေထိုင်လေ့လာခဲ့သည်ဆိုလျှင်ပင် ကြံဝံ့ဘွာ

www.burmeseclassic.com



ကြီး ကျယ်ပြန့်လာခြင်းသဘောတရားကို တွေ့မြင်ခဲ့ရပြီဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ရေးသားဖော်ပြလိုက်လေတော့သည်။

သို့သော် အမေရိကန် အမျိုးသမီးများ ကော်ပိုရေးရှင်း ဥက္ကဋ္ဌဖြစ်သူ မစ္စက်ရန်ဒေါ့ဖ် ဖရိုသင်ဟာန်ကမူ နိုင်ငံခြားရေးဌာနသို့ စာရေးပြီး "အိုင်စတိုင်းသည် မင်းမဲ့ဝါဒီများ ကွန်မြူနစ်များနှင့် ဂျိုးဇက်စတာလင်ထက်ပင် လက်ပွန်းတတီး ရင်းနှီးအောင်လုပ်နေသူဖြစ်သည်"ဟုဆိုကာ အမေရိကသို့ အိုင်စတိုင်း မလာစေသင့်ဟု ကန့်ကွက်သည်။

ထိုအခါ အိုင်စတိုင်းက ပြန်၍ကြေညာသည်။

ထိုကြေညာချက်တွင်

"အမျိုးသမီးများ စွပ်စွဲချက်ကား မှားသည်ဟု မဆိုသာ။ သို့သော် ရှေးတုန်းက ကရိုတန်များအား အလွန် ရာဂသွေးကြွစရာကောင်းသော ဂရိအမျိုးသမီး အလှများနှင့် ထင်သလိုပလူးခွင့် ဆက်ဆံဖိမ်ခံခွင့် ပေးထားသလို အမေရိကန်ပြည်သားများသည် လောဘရမ္မက် ဖေါင်းဖေါင်းတက်သော အရင်းရှင်သွေးဆိုးသမားတွေကို ထင်သလို လုပ်ကိုင်ခွင့်တော့ ဘာကြောင့်ပေးထားသလဲ။ ဘာကြောင့်တံခါးဖွင့်ထားသလဲ။ တစ်ခုတော့ သတိပေးချင်ပါသည်။ တစ်ကြိမ်တစ်ခါက သမိုင်းတစ်ကွေ့မှာ ရောမမြို့တော်ကြီး၌ သစ္စာရှိသော ငန်းများ ညဥ့်အခါ တဂက်ဂက်အော်မည်ပေးသောကြောင့် ရန်သူများလက်မှ လွတ်မြောက်ခဲ့သော ထုံးအစဉ်ရှိခဲ့ဖူးပါသည်"ဟု ပြန်ဆိုလိုက်လေသည်။

ဖရိုသင်ဟာန်၏ တောင်းဆိုချက်ကို နိုင်ငံခြားရေးဌာနက ပယ်ချလိုက်သော်လည်း အိုင်စတိုင်းသည် ဘာလင်မြို့ရှိ သံမှူးရုံးသို့ ဗီဇာယူရန်သွားသောအခါ သူတို့လင်မယားအား သံရုံးအရာရှိများက စစ်လားဆေးလား လုပ်နေတော့သည်။ အိုင်စတိုင်းသည် သူတို့မေးသမျှ ဘယ်မေးခွန်းကိုမျှ ပြန်မဖြေဘဲ အိမ်သို့ပြန်လာခဲ့သည်။ လမ်းတွင် အမေရိကန်သို့ ဘယ်တော့မှ မသွားတော့ဘူးဟုလည်း ဆုံးဖြတ်လိုက်လေသည်။

နောက်တစ်နေ့တွင် သံမှူးရုံးမှ အရာရှိက ယမန်နေ့က မေးမိသည်မှာ မှားယွင်းမေးမိခြင်းသာ ဖြစ်ပါကြောင်း။ ယခု အိုင်စတိုင်းအတွက် ဗီဇာကို အရန်သင့်ပင် လုပ်ထားပြီး ဖြစ်ပါကြောင်း တယ်လီဖုန်းနှင့် အကြောင်းကြားလေသည်။

အမေရိကသို့ မထွက်ခွာမီ ရက်အနည်းငယ်အတွင်း အိုင်စတိုင်း ဂျာမနီပြည်လူ့အခွင့်အရေး ကာကွယ်ရေးအသင်းသို့ သူ၏ နောက်ဆုံးစကားအချို့ကို ပြောသည်။ သူကြားများကို ဓာတ်ပြားသွင်းယူထားသည်။ ၎င်းဓာတ်ပြားတွင် နိုင်ငံရေးနှင့်ပတ်သက်၍ "ကျုပ်အနေနဲ့ ဒီမိုကရေစီရဲ့ အနှစ်သာရသဘောကိုပဲ လက်ခံတယ်၊ အမျိုးသားရေးဆိုရှယ်လစ်ဆိုတာမျိုးတော့ ကျုပ်အယုံအကြည်မရှိဘူး"ဟု ဆိုသည်။

သို့သော် ဂျာမနီပြည်တွင်ကား ထိုအချိန်ကစပြီး ဟစ်တလာနှင့် နောက်လိုက်များ တန်ခိုးထွားစပြုလျက် ရှိပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပါဆာဒီနာတွင် ဒီတစ်ခေါက်ကြုံရသော အချိန်ပိုင်းကလေးမှာ စိတ်တက်ကြွဖွယ် ကောင်းလှသည်။ ကမ္ဘာကြီးနှင့်တကွ စကြဝဠာလောကကြီးတစ်ခုလုံးသည် ပထမဆုံး အလွန်လေးပင်ကြီးမားသော အဏုမြူတစ်ခုကြီးထဲက ပေါက်ကွဲထွက်သွားသည်ကစ ဖြစ်လာကြောင်း ရေးသားခဲ့သော အက်ဘီ လမေတာလည်း သူ့သီဝရီကို သက်သေပြရန် ပါဆာဒီနာသို့ ရောက်ရှိနေသည်။

လမေတာက သူ့ဟောကြားချက်ကို အဆုံးသတ်လိုက်သည်နှင့် တစ်ပြိုင်နက် အိုင်စတိုင်းက ထိုင်ရာမှ ပြုန်းခနဲထလိုက်ပြီး လက်ခုပ်တီး ချီးကျူးလိုက်သည်။

"ကမ္ဘာလောကကြီး ဖန်တီးဖြစ်လာပုံအကြောင်း ပြောပြကြတဲ့အထဲမယ် ဒီတစ်ခါ ပြောတာလောက် စိတ်ဝင်စားစရာကောင်းတာဖြင့် ကျုပ် တစ်ခါမှ မတွေ့ခဲ့ဖူးဘူး"ဟု သူက ဆိုလေသည်။

အိုင်စတိုင်းက ဤသို့ ကောက်ချက်စကာ သိပ္ပံပညာရှင်နှစ်ဦးသည် တင်ပြချက်မှန်သမျှတွင် သဘောတူညီမှုရှိကြသည်လို့တော့ မဆိုသာ။

အိုင်စတိုင်း၏ ရီလေတီဗတီနှင့် စကြဝဠာကျယ်ပြန့်ခြင်းသဘောတရားတို့သည် လမေတာ၏ ကက်သလစ်ဝါဒကို မထိခိုက်။ သည်တော့ အိုင်စတိုင်းအနေနှင့်လည်း သဘာဝကိုးကွယ်မှုအယူကို ပယ်စရာအကြောင်း မရှိချေ။

"အမှန်တော့ကာ ခင်ဗျားတို့က သမ္မာကျမ်းစာအုပ်ကို သိပ္ပံကျမ်းစာအုပ်တစ်ခု ဖြစ်ရမယ်လို့ ဆွဲယူတာမျိုး မလုပ်မချင်းကတော့ ဘာသာရေးနဲ့ သိပ္ပံပညာကြားထဲရှိတဲ့ အငြင်းပွားမှုတွေ ပျောက်နိုင်တာပါပဲ။ နောက်တစ်နည်းကြည့်ဦးလေ ခရစ်ယာန်ဘုန်းကြီးတစ်ဦးအနေနဲ့ကကော ထရိနီတီသဘောတရားထဲ ပါသလို ဖန်တီးရှင်ဝါဒမပါတာနဲ့ ရီလေတီဗတီကို ငြင်းလို့ဖြစ်မတဲ့လား"ဟု လမေတာက ဆိုသည်။

လမေတာအနေနှင့်ကလည်း အကယ်၍ ရီလေတီဗတီမှာသာ ကယ်တင်ခြင်းသဘော ပါမည်ဆိုပါက သမ္မာကျမ်းစာထဲပါမည်ဟု ယုံကြည်သည်။

ယခုအချိန်အထိ အိုင်စတိုင်းအနေနှင့်မူ နက္ခတ်ဗေဒနှင့် ဘာသာရေးကို စိတ်ဝင်စားမှု မရှိသေးချေ။

၁၉၃၃ ခု ဇန်နဝါရီလ ၃၀ ရက်နေ့တွင် အားဒေါ့ဖ် ဟစ်တလာသည် ဂျာမနီပြည် အဓိပတိ ဖြစ်လာသည်။ အိုင်စတိုင်းစိတ်ထဲတွင်တော့ တစ်စုံတစ်ခုသော မှော်စက်ကွင်းတစ်ခုက သူ့ကို ဂျာမနီပြည်မှ နှင်ထုတ်လိုက်ချေပြီဟု မှတ်လိုက်မိသည်။

နာဇီများသည် ဂျာမနီတစ်ပြည်လုံးကို သိမ်းကျုံးစိုးမိုးနိုင်ခွင့် ရသွားပြီ။ သူတို့၏ ဦးတည်တိုက်ပွဲဝင်မည့် သေနင်္ဂဗျူဟာ တိုက်ကွက်မှာ ယေဝတီဆန့်ကျင်ရေးပင်ဖြစ်သည်။ နာဇီများသည် ယေဝတီဆန့်ကျင်ရေး၊ ပညာတတ်ဆန့်ကျင်ရေး၊ စစ်မှန်းသူဆန့်ကျင်ရေး၊ လစ်ဘရယ်ဆန့်ကျင်ရေး ဝါဒကို ကိုင်ကာ အဖနိုင်ငံချစ်စိတ်မွေးရေး

www.burmeseclassic.com



သွေးကို သွင်းလျက်ရှိလေသည်။ ယခု သူတို့ဆန့်ကျင်နေသည့် အချက်များအားလုံးသည် အိုင်စတိုင်းနှင့် အကျိုးဝင်သော အချက်များချည်း ဖြစ်နေ၏။

ရက်သတ္တပတ်များကား ကုန်မှန်းမသိ ကုန်လာခဲ့ချေပြီ။ ယခုအထိတော့ ဘာလင်ကိုစွန့်ဖို့ စိတ်ကူးကို မြဲမြဲမြံမြံ မချနိုင်သေးချေ။

မတ်လကုန်လောက်တွင် ပရပ်ရှင်း သိပ္ပံအကယ်ဒမီတွင် သူမှာ သင်တန်းတစ်ခု ပို့ချရန် ကျိန်းရှိသေးသည်။

သို့သော် ထိုသင်တန်းကို ဖျက်လိုက်ကြောင်း သူ စာရေးအကြောင်းကြားလိုက်၏။ ယခုထိတော့ ရာထူးက နုတ်ထွက်စာမတင်သေးပေ။

ထို့နောက် များမကြာမီမှာပင် မိတ်ဆွေတစ်ဦးထံမှတစ်ဆင့် ကြားရသည့် သတင်းမှာ ငြိမ်းချမ်းရေးဝါဒီ၊ ပါမောက္ခ အေမိလ်ဂမ်ဘယ်လ်တစ်ယောက် ဂျာမနီမှ ထွက်ပြေးရပြီဟူသော သတင်းဖြစ်၏။

ထိုအချိန်တွင် လွန်ခဲ့သော တစ်နှစ်လောက်က ဂမ်ဘယ်နှင့်ပတ်သက်၍ ပြောခဲ့မိသော သူ့စကားတစ်ခွန်းကို သတိရနေမိ၏။

"ဂမ်ဘယ်လ်လို လူတစ်ယောက်ကို ခုလို ရက်ရက်စက်စက် ဖိနှိပ်ညှဥ်းဆဲ သတ်ဖြတ်ဖို့ ကြိုးစားနေတဲ့လူမျိုးဟာ ဘယ်လိုလူမျိုး ဖြစ်လာမလဲ"

သူ့စကားကို သူ ဆက်၍တွေးနေမိသည်။

"ဘယ်လိုလူမျိုး ဖြစ်လာမလဲ"

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

# ပြည်တော်ကို စွန့်ပြေးခြင်း

မတ်လ (၁၀)ရက်နေ့။

ဤနေ့ကား ကြောက်မက်ဖွယ်လိလိ ရှိခဲ့သောနေ့တည်း။ တစ်လောကလုံး ပိတ်ဆို့နေသလိုရှိ၏။ လော့စ်အိန်ဂျယ်လ်မြို့ပေါ်သို့ ထူထဲသည့် လေထုကြီးက ဖုံးဖိလိုက်၏။ နေ့စဉ် ပျော်ရွှင်စွာ ပြေးလွှားနေခဲ့သော ကားသံ၊ ရထားသံများ၊ သတင်းစာပို့လုလင်တို့၏ နံနက်ခင်းကြိုအသံများလည်း ယနေ့ ဆိတ်သုဉ်းခဲ့၏။ လူများမှာ သူတို့မျက်လုံးများကို မဖွင့်နိုင်အောင်ပင် ရှိတော့သည်။

ပါဆာဒီနာမှာတော့ အက်ဒဝပ်ဟူဘယ်လ်က အာကာသကြီးထဲရှိ နေမြူလာခေါ် နဂါးငွေ့တန်းကြယ်စုကြီးများအကြောင်းကို ပြောဟောရန်ရှိ၏။ သို့ရာတွင် လူများမှာ သူတို့ လောလောဆယ်ကြုံတွေ့နေရသော အရေးအခင်းများကြောင့် အာကာသထဲက ကြယ်တွေအကြောင်းကို စဉ်းစားလိုဟန်မရှိကြ။ မြို့သူမြို့သားများမှာ လောကကြီး၏ နှင်းမြူမှောင် ပိတ်ဖုံးလျက် ရှိနေလေပြီ။

အိုင်စတိုင်းရင်ထဲတွင်လည်း ဖိနှိပ်မှုကို ခံစားနေရပြီ။ သူသည် နက်ဖြန်မှာပင် ဘာလင်သို့ အပြန်ခရီးစရတော့မည်ဖြစ်၍ ပျော်နေမိသည်။ နယူးယောက်နှင့် ချီကာဂိုတွင် လူစုလူဝေးကြီးနှင့် ရင်ဆိုင်ရစေဦးတော့ နောက်ဆုံးနာရီပိုင်းတွင် တွေ့ရခြင်းသာဖြစ်၍ အရေးမကြီးလှ။ ပြီးတော့ သူတို့အပြန်တွင် အတ္တလန်တိတ် သမုဒ္ဒရာကိုဖြတ်သွားမည့်သင်္ဘောနှင့် ဆုံသောကြောင့်လည်း စိတ်ထဲ ချမ်းသာနေခဲ့မိသည်။

သို့သော် အတ္တလန်တိတ် သမုဒ္ဒရာကို ဖြတ်ပြီး အိုင်စတိုင်း ဘယ်သို့သွားမည်နည်း။

သို့အဖို့ ဂျာမနီကတော့ဖြင့် မျှော်လင့်ချက်မရှိတော့ပြီ။ သူသည် ဆွစ်ဇာလန်ကိုပဲ ပြန်ရမလား၊ ဘယ်လဂျီယံကိုပဲ ပြန်ရမလား၊ ဟော်လန်ကိုပဲ ပြန်ရမလား။

www.burmeseclassic.com

www.burmeseclassic.com



သည်နိုင်ငံတွေမှာ ငြိမ်းငြိမ်းချမ်းချမ်းလည်း ရှိသည်။ ရှုပ်ရှုပ်ထွေးထွေးလည်းမရှိ။ သူသည် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ စိတ်ကူးနှင့် ခရီးလှည့်နေမိသည်။ မည်သို့ပင်ဆိုဆို သူတကယ် သွားချင်၊ တကယ်နေချင်သော နေရာကလေးမှာ သူ့အိမ်ကလေးရှိသည်။ ကန်သာယာ က ကပုသ်ရွာကလေးပင် ဖြစ်လေသည်။ ကပုသ်ကိုတော့ ဘယ်လိုကြိုးစားပြီး မေ့မေ့ မင့်လည်း ခေါင်းထဲက မထွက်နိုင်ပါကလား။ ကပုသ်သည် သူ့အသည်းစွဲနေရာကလေး ပင် ဖြစ်ပေတော့သည်။

အိုင်စတိုင်းသည် ဟူဘယ်လ်၏ ဟောပြောပွဲကို သွားနားထောင်သေးသည်။ ဟောပြောပွဲပြီးတော့ သူ တည်းခိုနေထိုင်သည့်နေရာသို့ ပြန်လာရာ အယ်လ်ဆာမှာ အထုပ်အပိုးများပင် ထုပ်ပိုးနေလေပြီ။

အယ်လ်ဆာသည် ချစ်လင်၏ မျက်နှာကို အကဲခတ်ကြည့်မိသည်တွင် အဲလဗတ် ၏ မျက်နှာမှာ သိသိသာသာ ညှိုးချုံးနွမ်းလျနေသည်ကို တွေ့ရသည်။ သူ့စိတ်ထဲ ဘာတွေများ ဘယ်လိုစိတ်ကူးနေပါလိမ့်လို့လည်း အယ်လ်ဆာက ဝင်ပြီးတွေးကြည့် သည်။

"တကယ်တော့ ကိုယ်တို့နှစ်ယောက် အတူနေရလို့ကတော့ ဘယ်မှာပဲ နေရ နေရပါ အဲလဗတ်ရယ်၊ မပူပါဘူး"ဟု အယ်လ်ဆာက အားပေးသလို ဖြေသိမ့်သည့် စကားကို ဆိုသည်။

"အင်း ငါကြေညာချက်တစ်ခု ထုတ်မှဖြစ်မယ်" သူက မောနေသောရင်ကို သက်ပြင်းတစ်ချက် ပင့်ချပြီး မသက်မသာဆိုလေသည်။ သူ့အသံသည် သာယာစိုပြည် ခြင်းကင်းကာ ခြောက်သွေ့နေး၏။

နောက်တစ်နာရီလောက်ကြာသောအခါ "နယူးယောက် ကမ္ဘာ့ကြေးနန်း" သတင်းစာမှ သတင်းထောက်မလေး၊ အဲလဗင်းဆယ်လီ ရောက်လာသည်။ အမှန် တော့ ဆယ်လီသည် သူတို့ ဇနီးမောင်နှံအား နှုတ်ဆက်ဖို့ ရောက်လာခြင်းဖြစ်၏။ ထိုအချိန်မှာမှ သူ့မှာ ဘယ်သတင်းစာကမှ မရနိုင်သော စကုပ် သတင်းထူးတစ်ခုကို ရလိုက်တော့သည်။

"ကျုပ် အိမ်မပြန်တော့ဘူး၊ မင်းသတင်းစာမှာ ငါအိမ်မပြန်တော့ဘူးဆိုတဲ့ အကြောင်း ရေးနိုင်ပြီ။ ဂျာမနီဟာ ကျုပ်အဖို့ နေပျော်ဖွယ် မရှိတော့ဘူး။ လွတ်လပ်မှု၊ ညီမျှမှု၊ တရားမျှတမှုနဲ့ သည်းခံမှုဆိုတဲ့ လောကပါလတရားတွေ ဂျာမနီမှာ ဆိတ်သုဉ်း သွားပြီ။ ဒီနေရာမျိုးမှာ ကျုပ် ဘယ်တော့မှ မနေတော့ဘူး"ဟု သူက သတင်းထောက် မကလေးအား ပြောလိုက်လေသည်။

ဤသို့ပြောပြီးနောက် အိုင်စတိုင်းသည် တည်းခိုခန်းမှ အပြင်သို့ထွက်သွားခဲ့ပြန် လေသည်။ ထိုညနေတွင် ဟောပြောမည့် နောက်ထပ်ဟောပြောပွဲတစ်ခုသို့ တက်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နားထောင်ရန် ထွက်သွားခြင်းဖြစ်၏။ အဲလဗင်းဆယ်လီသည် အယ်လ်ဆာနှင့် စကား ပြောရန် ကျန်ရစ်ခဲ့သည်။ အမျိုးသမီးအချင်းချင်း ဟိုစကား ဒီစကား ပြောကြသည်။

ထိုအချိန်တွင် မစ္စဆယ်လီမှာ အိုင်စတိုင်းမျက်နှာပေါ်၌ သူအိမ်မပြန်တော့ဘူး ဟု ပြောသည့်အချိန်တွင် ပေါ်နေသော သောကရိပ်တွေကို မြင်လိုက်ရသဖြင့် သူ့ရင်ထဲက အပူလုံးကို စဉ်းစားနေမိသည်။ ဆယ်လီပြန်သည့်အချိန်တွင် အိုင်စတိုင်းသည် တက္ကသိုလ်ပရဝုဏ်ထဲက ပြန်လာသည်ကို တွေ့ရသည်။ ထိုအချိန်မှာလည်း သူ့မှာ ခေါင်းမဖော်နိုင်ရှာဘဲ ရှိလေသည်။

မစ္စဆယ်လီက နာရီကို လှမ်းကြည့်လိုက်၏။ အချိန်မှာ ၆ နာရီထိုးပြီး၍ ၆ မိနစ်ရှိပေပြီ။ ထိုအချိန်တွင် ရုတ်တရက် ကမ္ဘာမြေတစ်ခုလုံး အိုးထိန်းစက်သို့နှယ် သွက်သွက်ခါ လည်သွားသလား မှတ်လိုက်ရသည်။ ဟိုအဝေးဆီမှ တော်လဲသံလို အသံကြီးတစ်ခုက အော်မြည်ပြီး လိမ့်လာသည်။ မြေငလျင်လှုပ်ကပြီ။ မိုင်ပေါင်းများစွာ ဝေးသောနေရာတွင် အဆောက်အဦတွေ ပြိုကျပျက်စီးပြီး လူတွေ သေကုန်ကြပြီ။ သို့သော် ပါဆာဒီနာမှာတော့ ကမ္ဘာမြေကြီးက ဆတ်ခနဲ လှုပ်သွားပြီး ပြန်ငြိမ်ကျသွားဟန်ရှိ၏။ မစ္စဆယ်လီက အိုင်စတိုင်း၏မျက်နှာကို ရုတ်ခနဲ တစ်ချက်လှမ်းကြည့် လိုက်၏။

သူ့ခြေလှမ်းများ အပြောင်းအလဲမရှိ မှန်မှန်လျှောက်လျှက်ရှိကြသည်။ ဦးခေါင်း ကလည်း ငိုက်စိုက်ချလျက်။ သူကား လောကကြီးကို ဘယ်သို့ဖြစ်နေလေသည်ကို ဂရုထားမိဟန် မတူပေ။

အိုင်စတိုင်းသည် ချီကာဂိုသို့သွားသည့် ရထားပေါ်တွင် သူ၏ အသက်ငါးဆယ့် လေးနှစ်ပြည့်သော မွေးနေ့ကျရောက်သည်။ မကြာမီပင် ချီကာဂိုရထားသို့ သူ့ကို စာတ်ပုံရိုက်မည့်သူများ ရောက်လာသည်။ သူ ရထားပေါ်မှ ပလက်ဖောင်းပေါ်ဆင်းသည့် အချိန်ကစ၍ အမျိုးမျိုး ဘယ်ညာလှည့်၍ ဓာတ်ပုံတွေ ရိုက်ကြတော့သည်။ သို့သော် သူ့မျက်နှာက မရွှင်ပျနိုင်ရှာတော့။ မပြုံးနိုင် မရယ်နိုင်ရှာတော့ပေ။

"ပါမောက္ခကြီး ပြုံးပါ ပါမောက္ခကြီး၊ ကျွန်တော်တို့ကို ပြုံးပြပါဦးလားဗျာ" သတင်းထောက်တွေက သူ့အတွက် ရင်နာမိကြသောကြောင့်လားမသိ အော်ဟစ်ပြောဆို ကြသည်။ အိုင်စတိုင်းမှာ ပြုံးအားမရှိတော့ပြီကိုမူ သူတို့ခမျာများမှာ မသိကြယောင် တကား။

အိုင်စတိုင်းသည် ချီကာဂိုတွင် အစိုးရဌာနက တည်ခင်းသော နေ့လယ်စာ စားပွဲသို့ တက်ရောက်ရပြန်သည်။ ထိုအချိန်တွင် စိတ်ထဲ ခဏတာသက်သာမှုကလေး ရခဲ့သော ကာလမှာ ကလာရင့်စ်ဒါရိုးနှင့် တွေ့ရသည့်ကာလ တဒင်္ဂကလေး ဖြစ်သည်။

အိုင်စတိုင်းတို့ရထား အယ်လ်ဘာနီတွင် ရပ်နားစဉ် နာမည်ကြီး ဂျာမန် ကောင်စစ်ဝန် ဒေါက်တာ ပေါလ်ရှဝပ်ဗ်သည် ကားနှင့်ရောက်လာပြီး သူ့ကို လာတွေ့

www.burmeseclassic.com



သည်။ ဒေါက်တာ ရှဝပ်ဖ်သည် အိုင်စတိုင်းအား ဘာလင်မှာ နေစဉ်ကတည်းက သိသည်။ သူ့စိတ်ထဲတွင် ဤသိမ်မွေ့သော သိပ္ပံပညာရှင်ကြီးသည် နိုင်ငံရေးအကြောင်း၊ နိုင်ငံရေးလှည့်ကွက်ကို ဘာမျှနားမလည်သော အရိုးခံသက်သက်ဖြစ်မှန်း သူသိသည်။ ယခုအခါ ဘာလင်မြို့တွင် နာဇီများက အကြမ်းဖက်မှုများ ပြုလုပ်နေကြပြီဖြစ်၏။ ထို့ကြောင့် ဒေါက်တာရှဝပ်ဖ်သည် အိုင်စတိုင်းအား ဘာလင်သို့ မပြန်ရန် အချိန်မီ လာရောက်ဟန့်တားခြင်းဖြစ်၏။

ဒေါက်တာရှဝပ်ဖ်က ခပ်ရှင်းရှင်းပင် ပြောဆိုတောင်းပန်ရှာသည်။

"ခင်ဗျား ဘာလင်ကို မပြန်ပါနဲ့တော့ အဲလဗတ်၊ ခုနေ ခင်ဗျား ဘာလင်ပြန်ရင် ဟိုကအကောင်တွေက ခင်ဗျားကို ဦးစွန်းဆွဲပြီး လမ်းပေါ်မှာ ကျွဲလိုနွားလို ရက်ရက်စက်စက် လုပ်ကြမှာပဲ"

ဒေါက်တာ ရှဝပ်ဖ် စိုးရိမ်ပူပန်နေမှန်း သူရိပ်စားမိသဖြင့် သူ့ဆုံးဖြတ်ချက်ကို ထပ်မံပြောပြလိုက်ရသည်။ ထို့နောက် နှစ်ဦးသား တိုင်ပင်ပြီး ကြေညာချက်တစ်စောင် ထုတ်ရန် ပြင်ဆင်ရသည်။ ထိုကြေညာချက်တွင် ပါမောက္ခကြီး အိုင်စတိုင်းသည် ဂျာမနီမြေပေါ်ကို နာဇီဖက်ဆစ်တွေ ကြီးစိုးနေသမျှ ကာလပတ်လုံး ဘယ်တော့မှ ခြေချတော့မည်မဟုတ်ကြောင်း ပါရှိသည်။

ဤကြေညာချက်ထုတ်ပြီး၍ မကြာမီမှာပင် ဒေါက်တာ ရှဝပ်ဖ် အလုပ်ပြုတ်လေတော့သည်။

အိုင်စတိုင်းအား ဂရင်းစင်ထရယ် ခန်းမကြီးသို့ ခေါ်သွားသောအခါ သတင်းထောက်နှင့် လူပေါင်းသုံးရာကျော်တို့မှာ ဘူတာကစ၍ နောက်မှ တတန်းတန်း လိုက်လာကြသည်။ နောက်က ဝိုင်းအုံလိုက်နေကြသော လူထုကို အစောင့်အကြပ်များက အတွင်းသို့မဝင်ရန် တားဆီးထားကြရသည်။ ထိုကြားထဲမှ အဲလစ်စတိုင်းဟတ်ဆိုသော သူတစ်ဦးက "အိုင်စတိုင်းဟာ ကျွန်တော့်အစ်ကို ဝမ်းကွဲတော်တယ်"ဟု ဆိုပြီး တိုးဝင်လာသည်။

"ရော ခက်ပါပြီ။ ခင်ဗျားလိုပဲ ဘာတော်တယ်၊ ညာတော်တယ်လို့ ပြောနေတဲ့လူတွေ မနည်းဘူး။ ဒီလိုပြောတိုင်း ဘယ်ရမလဲ"ဆိုကာ အစောင့်အကြပ်များက ဝင်လာသူအား တားထားရသည်လည်း ရှိသည်။ အိုင်စတိုင်းသည် ဝန်ချီစက်စီးပြီး ဘူတာရုံမြောက်ဘက်ပေါက်ထွက်ကာ အသင့်စောင့်နေသော ကားပေါ်သို့ ပြေးတက်လိုက်ရသည်။ ကားပေါ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ကားမှန်ပြတင်းများကို ကမန်းကတန်း ပိတ်ပစ်လိုက်ရလေသည်။ အိုင်စတိုင်းသည် သူ့ဘက်သို့ လိမ့်ဆင်းလာသော လူစုလူဝေးကြီးကို ကားပေါ်မှ လှမ်းကြည့်လိုက်သည်။ ဦးထုပ်နက်ကြီးအောက်တွင် မှေးမှိန်နေသော သူ့မျက်နှာသည် မသာယာ မလန်းဆန်းနိုင်တော့ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



သေလုမျောပါး ဖိစီးနေသော နိုင်ငံရေး ဒဏ်ရာဒဏ်ချက်များ ပြောရဟောရ လွန်းသည့် တရားပွဲများ မေးကြမြန်းကြ၊ နောက်မှ တန်းတန်းစွဲ လိုက်နေကြသော လူအုပ်ကြီးများကို မြင်ရကြားရ ထိတွေ့ရသည်မှာ ကြာတော့ မခံစားတတ်သူများလို ဖြစ်နေရပြီ။

ထိုနေ့ညတွင် ဟိုတယ် ကွန်မိုဒိုဒြ ဟီးဗရူးတက္ကသိုလ်က မိတ်ဆွေများ တည်ခင်းသော ညစာစားပွဲသို့ အယ်လ်ဆာနှင့် အိုင်စတိုင်းမှာ မတတ်သာ၍သာ တက်လိုက်ရသည်။ စိတ်ကတော့ မပါလှ။ အိုင်စတိုင်းမှာ သူတို့ကို ဓာတ်ပုံရိုက်လိုသူများ၊ လုပ်ငန်းပိုင်ရှင်များနှင့် ရင်မဆိုင်လိုတော့။ ထိုအတောအတွင်း ဟားဘတ်တက္ကသိုလ် နက္ခတ်လေ့လာရေးဌာနမှ ညွှန်ကြားရေးဝန် ဟာသိုရှပ်ပလေနှင့် တွေ့ဆုံရသဖြင့် အနည်းငယ် စိတ်သက်သာရာ ရသွားသည်။

"စောစောက ကျူပ်မှာ တစ်ယောက်တည်းဖြစ်နေတာဗျ၊ ခု ခင်ဗျားနဲ့တွေ့မှပဲ အတော်ကျသွားတယ်"ဟု အိုင်စတိုင်းက အားရပါးရဆိုသည်။

ထမင်းစားပွဲတွင် အိုင်စတိုင်းဘေးတွင် ထိုင်နေသော ဆိုလ်ဘလွန်းဆိုသူက ရှပ်ပလေအား သူ့နေရာကိုဖယ်ပြီး နေရာပေးလိုက်သည်။ ထို့နောက် အိုင်စတိုင်းနှင့် ရှပ်ပလေတို့မှာ စကြဝဠာကြီးအကြောင်း စကားလက်ဆုံကျပြီး စကြဝဠာကြီးထဲ မျော ပါနေကြတော့သည်။ အိုင်စတိုင်းတို့ စကားပြောနေစဉ် ဧည့်သည်များမှာ အယ်လ်ဆာ ထံသို့ အာရုံများ ရောက်သွားကြသည်။

အယ်လ်ဆာသည် သည်လို ကိန်းကြီးခန်းကြီးလုပ်သည့် ထမင်းစားပွဲမျိုးကို အလွန်မုန်းသည်။ သူ့အနေနှင့် သည်နေရာမျိုးမှာ ဟန်လုပ်ပြီး စားရသောက်ရသည့် အလုပ်မျိုးကို အလေ့အကျင့်လည်းမရှိ။ အယ်လ်ဆာစိတ်ထဲတွင် ဟန်ဆောင်မှုတွေ မပါသော မိတ်ကောင်းဆွေကောင်း ဧည့်ကောင်းလိုပင် နေထိုင်ဆက်ဆံလိုသည်။

ထို့နောက် မိတ်ဆွေများမှာ အိုင်စတိုင်းထံသို့ အာရုံရောက်သွားကြပြန်သည်။ အိုင်စတိုင်းသည် အာကာသကြီးအကြောင်း စကားနှင့်ပြောနေရသည်ကို အားမရသော ကြောင့်လားမသိ ရှပ်ပလေအား စားပွဲပေါ်တွင် တင်ထားသော ဖန်ခွက်တင်သည့် ကတ်ပြားကလေးပေါ်တွင် ပုံကြမ်းများ ရေးဆွဲရှင်းပြနေလေသည်။

ဤသို့ ရှင်းပြပြီးသည်နှင့်တစ်ပြိုင်နက် လူတစ်ဦးက သူ့ပခုံးပေါ်ကကျော်ပြီး စောစောက သူ့လက်ရေးနှင့် ပုံကြမ်းရေးခြစ်ထားသော ကတ်ပြားကလေးကို ဆတ်ခနဲ ဆွဲယူသွားလေတော့သည်။ ထိုသူက ဤကတ်ပြားကလေးမှာ အမှတ်တရ သိမ်းဆည်း ထားရမည့် အမှတ်တရ ပစ္စည်းဖြစ်သည်ဟု ဆိုသည်။ အိုင်စတိုင်းမှာမူ လူတွေက သူ့ အပေါ်ထားကြသည့် သဘောထားတွေကို မြင်တွေ့လိုက်ရသောကြောင့်လားမသိ ဖြူ ခနဲ ဖြစ်၍လားတော့မဆိုနိုင် ပါးစပ်အပွင့်သားနှင့် အံ့သြပြီး ငိုင်နေမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲအပြီးတွင် မိတ်ဆက်စကားများ ပြောကြသည်။ အိုင်စတိုင်းက ယခုအခါ ဥရောပတစ်ခွင်တွင် အနှိမ်ခံနေရသော ယေဝတီကျောင်းသားလူငယ်များအတွက် ဟီးဗရူးတက္ကသိုလ်တစ်ခု ထူထောင်ပေးရေးကိစ္စမှာ သေရေးရှင်ရေးတမျှ အရေးကြီးကြောင်း ထုတ်ဖော်ပြောကြားသည်။ ထို့နောက် ယေဝတီတို့၏ နယ်သစ်ထူထောင်ရေးကိစ္စနှင့် ပတ်သက်၍လည်း အောက်ပါအတိုင်း တိုက်တွန်းပြောဆိုသွားသည်။

"အကယ်၍ သွေးပူနေတဲ့ သည်းခံစိတ်မရှိတဲ့ ကျုပ်တို့ ညီရင်းအစ်ကိုများအနေနဲ့ ခုနေအခါ နယ်သစ်ထူထောင်ရေးကိစ္စရဲ့အဟုန် နှေးကွေးနေတယ်ဆိုပြီး အားမရဖြစ်နေကြရင် တစ်ခု သတိပြုစရာပြောချင်တာကတော့ကာ လူမှုရေး အဆောက်အအုံတစ်ခု တည်ဆောက်တဲ့နေရာမှာ တကယ်အဖိုးထိုက် အဖိုးတန် အဆောက်အအုံတစ်ခုဟာ ခုရေတွင်းတူး၊ ခုရေကြည်သောက်ချင်တဲ့သဘောနဲ့ လုပ်ယူလို့မရဘူးဆိုတာရယ်။ ရတောင်မှ မခိုင်မြဲဘူး၊ အဖိုးမတန်ဘူးဆိုတာရယ်ကို သတိထားစဉ်းစားကြပါလို့ ပြောခဲ့ချင်ပါတယ်"

ပြီးတော့ အိုင်စတိုင်းသည် ထိုင်ရာတွင် ပြန်ထိုင်လိုက်သောအခါ ထမင်းစားပွဲခန်းမကြီးတစ်ခုလုံး ဩဘာသံများ ပွက်ညံသွားလေသည်။ ထို့နောက် တခြားလူများကလည်း ဆက်၍ စကားပြောကြသည်။

နောက်တစ်နေ့တွင် လစ်ဘရယ်နှင့် ငြိမ်းချမ်းရေးသမားအုပ်စုက အိုင်စတိုင်းတို့ ဧနီးမောင်နှံအတွက် ညှော်ခံပွဲကလေးတစ်ခု ကျင်းပသည်။ ဤညှော်ခံပွဲတွင် အိုင်စတိုင်းက တစ်နေ့တွင် ကမ္ဘာကြီးတစ်ခုလုံးက ဟစ်တလာဝါဒ ဘယ်ရွေ့ဘယ်မျှ ဆိုးဝါးသလဲဆိုသည်ကို သိလာပြီး ဒီဝါဒမပြန့်ပွားအောင်လည်း တားဆီးလာကြရမည်ဖြစ်ကြောင်း ပြောလိုက်သည်။

ဤတွင် သတင်းစာဆရာတစ်ဦးက အိုင်စတိုင်းစကားကို အဓိပ္ပာယ်တစ်မျိုးကောက်ယူပြီး သတင်းစာတွင် ဂျာမနီအား နိုင်ငံခြားစစ်တပ်များဖြင့် ဝင်ရောက်ပြီးဖျက်ဖြေပေးရန် လိုသည်ဟု အိုင်စတိုင်းကဆိုကြောင်း ရေးပစ်လိုက်လေသည်။ ထိုအခါ ဘာလင်မြို့မှ သတင်းစာများက အချက်ကောင်းယူပြီး အိုင်စတိုင်းအား ခေါင်းကြီးပိုင်းမှ တိုက်ခိုက်ရေးသားကြလေသည်။

ဘာလင်မြို့ထုတ် လက်ယာသမားများ၏ သတင်းစာတစ်စောင်ကမူ "အိုင်စတိုင်းလိုလူ ဂျာမနီသို့ ပြန်မလာတော့ဘူးဆိုသော သတင်းသည် အလွန်ကောင်းသောသတင်းဖြစ်ကြောင်း၊ သူ့ရီလေတီဗတီကလည်း ကျွန်ုပ်တို့နိုင်ငံတွင် ယခုအခါ ခေတ်မစားလှတော့ကြောင်း၊ ယခုအခါ အိုင်စတိုင်းအား ဖျက်ဆီးပစ်ချင်သော အမျိုးသားဂုဏ်သိက္ခာနှင့် တိုင်းပြည်ချစ် အမျိုးသားစိတ်ဓာတ်တို့သည် ကျွန်ုပ်တို့တိုင်းပြည်တွင်

www.burmeseclassic.com

www.burmeseclassic.com



အဖိုးမဖြတ်နိုင်သော တန်ဖိုးများ ဖြစ်လာပြီ။ အိုင်စတိုင်းအယူအဆများကား ကျွန်ုပ်တို့ လူမျိုးများအဖို့ အဆိပ်အတောက်များသာဖြစ်ကြောင်း" ဝေဖန်ရေးသားလိုက်လေတော့ သည်။

အိုင်စတိုင်းနှင့် အယ်လ်ဆာတို့သည် မတ်လ ၁၇ ရက်နေ့တွင် ဘယ်လဂျင်လင်း သင်္ဘောကြီးပေါ်သို့ ရောက်ကြသည်။ အမေရိကမှ ထွက်ခွာလာကြပြီး အတ္တလန်တိတ် သမုဒ္ဒရာကြီးကို ဖြတ်ကူးနေကြစဉ် သင်္ဘောပေါ်တွင် ထုတ်ဝေသော နံရံကပ်သတင်းတွင် ဘာလင်ကလာသော သတင်းများကို ဖတ်ကြရသည်။

သတင်းများအရ ဗိုယွန်ဝါဒီများအသင်း ရုံးခန်းကို ရှာဖွေခဲ့ရကြောင်း၊ ယေဝတီ ဆရာဝန်များအား ဆေးရုံမှ နှင်ထုတ်ကြောင်း၊ ယေဝတီ တရားသူကြီးများကိုလည်း တရားခွင်မှ မောင်းထုတ်နေကြောင်း၊ ဘာလင်မြို့သူ မြို့သားကို ယေဝတီဈေးဆိုင်များ တွင် မဝယ်ကြရန် တားဆီးကြောင်း သတင်းများကြားရသည်။

ဟစ်တလာကလည်း လွှတ်တော်တွင် မိမိအား အာဏာရှင်အဖြစ် လေးနှစ် ခန့်ထားရန် တောင်းဆိုနေကြောင်း ကြားရသည်။ ယေဝတီပြဇာတ်ဆရာတစ်ဦးဖြစ်သော ဘရူနိုဝေါလ်တာသည် ဖရန့်ဖတ်မြို့တွင် ကပြရန် စီစဉ်ထားသော ဇာတ်ပွဲအစီအစဉ်များ ကို ဖျက်ပြီး ဩစတြီးယားနိုင်ငံသို့ ထွက်ပြေးရကြောင်း စသည့် အနိဋ္ဌာရုံသတင်းများ ကိုသာ ကြားနေရလေတော့သည်။

ဘာလင်၊ မတ်လ ၂၀ ရက်။ ။ ဂျာမန် နာဇီမုန်တိုင်း စစ်ဆင်ရေးတပ်သား တို့သည် ယနေ့နံနက်တွင် ကပုသ်ကန်သာယာရွာရှိ နာမည်ကျော် သိပ္ပံပညာရှင် အိုင် စတိုင်း၏ နွေရာသီ အပန်းဖြေအိမ်ကို ဝိုင်းဝန်းရှာဖွေကြသည်။ နာဇီများက ဤအိမ်ကို လက်နက်သိုလှောင်ရာ နေရာတစ်ခုဖြစ်သည်ဟု သံသယဖြစ်နေကြသည်။ အိမ်တွင်း အိမ်ပြင် ရှာဖွေကြပြီးနောက် စစ်သားများက ဤအိမ်တွင် လက်နက်ဆို၍ ပေါင်မုန့် လှီးသည့် ဓားကလေးတစ်လက်ကလွဲ၍ အပ်တစ်ချောင်းမျှပင် မတွေ့ဟု ဆိုသည်။ ဒေါက်တာ အိုင်စတိုင်း၏ ရွက်လှေကလေးကိုကား ရှာဖွေသူများက သိမ်းဆည်းသွား ကြသည်။

အထက်ပါသတင်းစာပုဒ်ကို နှလုံးမသာစွာဖြင့် အိုင်စတိုင်း ဖတ်ရသည်။ အစက သူထင်သည်က သူ့ကို နာဇီများက နစ်နစ်နာနာဖြစ်အောင် တစ်ခုခု ဖျက်ဆီးသွားကြ မည်ဟုသာ ထင်သည်။ သူချစ်လှစွာသော ရွက်လှေကလေးကိုတော့ ယူသွားကြမည်ဟု မထင်မိခဲ့။

အယ်လ်ဆာကား ဘာလင်တွင် ကျန်ရစ်ခဲ့သော သူ့သမီးနှစ်ဦးအတွက် အလွန် စိုးရိမ်ပူပန်မိလေသည်။ နောက်ဆုံးသတင်းအရ သူတို့နှစ်ဦးစလုံး ဘာလင်မှာပဲ ရှိသေး သည်ဟု သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောကြီး အင်တာဝက်ပ်သို့ ရောက်သောအခါတွင် ဘာလင်တွင် ကျန်ရစ်ခဲ့သော ဘဏ်ထဲရှိ အိုင်စတိုင်း၏ငွေ ဒေါ်လာခုနစ်ထောင်လောက်မှာ သစ္စာဖောက်မှုကြောင့် အာဏာပိုင်များက သိမ်းလိုက်ပြီဖြစ်ကြောင်း ကြားရရာ အယ်လ်ဆာမှာ ဆောက်တည်ရာမရဖြစ်ပြီး ချုံးပွဲချ ငိုမိလေတော့သည်။

ဟားဘားလင်းလမ်းရှိ နေအိမ်သို့ အယ်လ်ဆာက တယ်လီဖုန်းဆက်၍ မေးသည်။ အိမ်စေတစ်ဦးက ငိုယိုပြန်ကြားသည်။ မားဂေါ့တ်သည် ပါရီရှိ သူ့ယောက်ျားထံသို့ မနေ့တစ်နေ့ကမှ လိုက်သွားကြောင်း အီလ်ဆီနှင့် သူ့ယောက်ျားလည်း ဟော်လန်နယ်စပ်ကိုဖြတ်ပြီး ထွက်ပြေးပြီဖြစ်ကြောင်း အိမ်စေက ပြန်ပြောသည်။ ယခုအထိတော့ ထွေထွေထူးထူး ဘာမှမဖြစ်သေး။ သို့သော် မာဂေါ့နှင့် အီလ်ဆီတို့က ပါရီနှင့် ဟော်လန်မှနေပြီး သူတို့ ကောင်းမွန်စွာရှိကြောင်း အကြောင်းကြားစာမရမီ ရက်များအတွင်း အယ်လ်ဆာမှာ မအိပ်နိုင် မစားနိုင် ဖြစ်နေလေသည်။

ထိုအချိန်တွင် အယ်လ်ဆာနှင့် အိုင်စတိုင်းတို့ နှစ်ဦးစလုံးပင် ဂျာမနီပြည်သားအဖြစ်ကို စွန့်လွှတ်ကြောင်း ကြေညာပြီး ဘယ်လဂျီယံကမ်းခြေ မြို့ကလေးတစ်မြို့တွင် အိမ်ကလေးတစ်ဆောင် ဝယ်ပြီးနေကြရသည်။ ဘယ်လဂျီယံရောက်မှ ဟယ်လင်ဒျူကပ်နှင့် ဝေါလ်တာမေယာတို့လည်း သူတို့နှင့်နေရန် ရောက်ရှိလာကြလေသည်။

“ခုနေ ကျုပ်အလိုချင်ဆုံးကတော့ အေးအေးဆေးဆေး ငြိမ်းငြိမ်းချမ်းချမ်းကလေး နေချင်တာပါပဲ”ဟု အိုင်စတိုင်းက ပြောတော့သည်။ သို့သော် သူ့အဖို့မှာ ဤကိစ္စသည် ဖြစ်နိုင်ကောင်းသောအရာများ မဟုတ်ချေ။

ဘယ်လဂျီယံကနေပြီး ပရပ်ရှင်း သိပ္ပံအကယ်ဒမီရှိ သူ့အလုပ်က နုတ်ထွက်ကြောင်း တိုတိုတုတ်တုတ်ရေး၍ စာတင်လိုက်လေသည်။

ဤကဲ့သို့ နုတ်ထွက်စာတင်လိုက်သည်နှင့် တစ်ပြိုင်နက် အကယ်ဒမီက အိုင်စတိုင်းအား ဂျာမနီနှင့်ပတ်သက်၍ မဟုတ်မဟတ် လုပ်ဇာတ်သတင်းများ လွှင့်နေသည်ဟု စွပ်စွဲကြေညာချက် ထွက်လာသည်။ ထိုကြေညာချက်တွင် အိုင်စတိုင်းအား အဖနိုင်ငံကို သစ္စာဖောက်သွားသူ၊ ဟစ်တလာအုပ်စိုးမှုကို ပြင်ပရန်သူများမှ ကာကွယ်ရမည့်အစား နိုင်ငံခြားရန်သူများနှင့် ပူပေါင်းပြီး ဂျာမနီကို တိုက်သူဟု ပြောဆိုစွပ်စွဲထားလေသည်။

ပထမကမ္ဘာစစ် အတွေ့အကြုံကို ကိုယ်တိုင်ကိုယ်ကျ ခံစားခဲ့ရပြီးကတည်းက အိုင်စတိုင်းသည် ဂျာမန်ပညာရှင်ကြီးများ၏ စာရိတ္တနှင့်ပတ်သက်၍ သံသယဖြစ်ဖူးခဲ့သည် မရှိခဲ့။ ယခုမူ မက်စ်ပလင်လိုလူမျိုးကပင် သူနုတ်ထွက်သွားသည်ကို လိုလားနေကြောင်း ကြားသိရသောအခါ ရင်ထဲက နာလာမိသည်။ ထို့ကြောင့် ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်၍ ရေးခဲ့သော်လည်း သည်တစ်ကြိမ်တွင်မူ အိုင်စတိုင်းသည် မက်စ်ပလင်ထံသို့ စာရေးလိုက်သည်။ စာထဲတွင်လည်း

www.burmeseclassic.com



"တစ်နေ့မှာတော့ ခု အသက်ထင်ရှားရှိနေသေးတဲ့ ဂျာမန်တွေကိုယ်တိုင်က ကျုပ်ကို သိက္ခာချတဲ့အနေနဲ့ ပြုမူခဲ့ကြပုံအတွက် လှလှကြီး အရှက်ရကြလိမ့်မယ်။ ကျုပ်အနေနဲ့တော့ မတတ်နိုင်ပါဘူး။ နို့ပေတဲ့ ခင်ဗျားကို ပြောချင်တာက ကျုပ်ဟာ ဟိုနှစ်ပေါင်းများစွာအတွင်းက ဂျာမနီရဲ့ ဂုဏ်သိက္ခာတက်လာဖို့အတွက်ပဲ အမြဲလုံးပန်းနေခဲ့တယ်။ ဘယ်တုန်းကမှလည်း ကျုပ်ကို အကွက်ဆင်တိုက်နေတဲ့ လက်ယာဖောက်ပြန်ရေးသမားများရဲ့ သတင်းစာများကို ပြန်ချဖို့ ကျုပ်ကိုယ်ကျုပ် တခြားနိုင်ငံသားအနေဖြစ်အောင် မဖန်တီးခဲ့ဘူး။ အထူးသဖြင့် လွန်ခဲ့တဲ့ တစ်နှစ် နှစ်နှစ်အတွင်းမှာဆို ကျုပ်ကို သူတို့ တိုက်နေကြတုန်းက ကျုပ်ဘက်က အနာခံရပ်ပေးတဲ့ လူလို့လည်း ဘယ်သူမှ မရှိခဲ့ပါဘူး"

အိုင်စတိုင်းစာရေးပြီးနောက် များမကြာမီ ပြေို မေလလောက်ကစပြီး ဟစ်တလာအစိုးရက ယေဝတီဆန့်ကျင်ရေး ထကြွမှုကြီးကို ပြင်းပြင်းထန်ထန် ဖန်တီးလာသည်။

ရာပေါင်းများစွာသော ယေဝတီပညာရှင်များအား တိုင်းပြည်ကိုစွန့်ပြီး ထွက်ပြေးရအောင် လုပ်လာကြသည်။ မေလ ၁၀ ရက်နေ့ညတွင်ကား ကျောင်းသားများနှင့် နာဇီများ ပူပေါင်းပြီးနောက် ပညာရှင်ကြီးများဖြစ်သော ဖရွေဒ်၊ သောမတ်မန်၊ ဟိန်ရစ်မန်၊ အီရစ်၊ မရီယာရေမာ့ကွဲ၊ ဝေါလ်တာ၊ ရာ့သ်နူးနှင့် အိုင်စတိုင်း ရေးသားသောရိလေတီဗတီ သီဝရီစာအုပ်များကို ဘာလင်ကဇာတ်ရုံဝင်းခြံထဲတွင် မီးရှို့ဖျက်ဆီးကြလေသည်။

ဂျာမနီပြည်တွင် ယေဝတီလုပ်ငန်းမှန်သမျှ သိမ်းပိုက်ပြီး ယေဝတီဆရာဝန်များ၊ ရှေ့နေများ အလုပ်မလုပ်ရဟု တားဆီးပိတ်ပင်ခြင်း ခံနေရပါလျက်လည်း ထောင်ပေါင်းများစွာသော ယေဝတီများမှာ ဤအခြေအနေဆိုးက ကျော်လွန်နိုင်မှာပဲဟု ထင်ကြတုန်း ရှိသေးသည်။ သူတို့အား ယင်းမျှော်လင့်ချက် အမျှင်သေးသေးကလေးက ဂျာမနီပြည်တွင် ဆက်လက်နေထိုင်အောင် ဖန်တီးနေတုန်းရှိသေးသည်။ ယေဝတီများအနက် အချို့မှာ ဂျာမနီပြည်ကို စွန့်ခွာသွားလိုစိတ် ရှိကြစေကာ ငွေမရှိသဖြင့် အကြံမဖြောက်ဘဲရှိပြန်သည်။ ပြီးတော့ ငွေရှိပြန်ကလည်း ပြေးစရာမြေက ယေဝတီအတွက် ဘယ်မှာမှမရှိယောင်တကား။

ဂျာမနီမှ ယေဝတီများမှာ ပေးစရာလည်း ငွေမရှိ၊ ပြေးစရာလည်း မြေမရှိသည့်အခြေအနေဆိုးသို့ ဆိုက်ရောက်လျက် ရှိတော့သည်။ ထို့ကြောင့် သူတို့အတွက် အကောင်းဆုံးနည်းလမ်းမှာ နာဇီများက သူတို့ကို မျက်စိမကျအောင် တတ်နိုင်သမျှဝမ်းလျားမှောက်ခံနေမှ ဖြစ်တော့မည်။

ထိုအထဲတွင် ပါမောက္ခ အိုင်စတိုင်းက ဟစ်တလာ၏ ဖက်ဆစ်ဝါဒကို ပုံကြီးချဲ့တိုက်နေတော့ သူတို့မှာ ပို၍အနေကျပ်လာသည်။ ပါမောက္ခကြီးသည် နာဇီ

www.burmeseclassic.com

www.burmeseclassic.com



များကို ယေဝတီဆန့်ကျင်ရေးစိတ် ပြင်းထန်လာအောင် ဖန်တီးနေသလို ဖြစ်နေပြီဟု ယေဝတီအများကပင် ယူဆလာလေသည်။ ထို့ကြောင့် အိုင်စတိုင်းထံသို့ ယေဝတီအများက ကျေးဇူးပြုပြီး ယခုနေအချိန်အခါမျိုးတွင် ဘာစကားမှမပြောဘဲ သူတို့ဘဝကို ငုံ့ညှာသဖြင့် နေပါမည့်အကြောင်း စာရေးပြီး တောင်းပန်ကြရှာသည်။

"နာဇီတွေဆီက ဒေါသတကြီးရေးလိုက်တဲ့ စာတွေလိုပဲ ယေဝတီတွေဆီက စရန်တွေလည်း အများကြီးပဲ တို့ရခဲ့တယ်။ တစ်ကြိမ်တုန်းက အဲလဗတ်ရဲ့ သဘောတရားတွေကို လက်ခံခဲ့တဲ့ လူတွေကတောင် ခုတော့ သူ့ကို အမျိုးမျိုး ဆဲဆိုပုတ်ခတ်လာကြတယ်"ဟု အယ်လ်ဆာက ပြောပြဖူးသည်။

ထိုအခါ အိုင်စတိုင်းက မိမိအနေနှင့် အသိစိတ်က စေ့ဆော်ရာကို မလုပ်ဘဲ မနေနိုင်ကြောင်း ပြန်ကြားသည်။

"အကယ်၍ လူတွေက မတော်မတရား ယုတ်ယုတ်မာမာ လုပ်နေတာတွေကို ဘာမှပြန်မပြောဘဲ ရှေ့ငုံ့ခံနေလျှင် ဂျာမနီပြည်၏ အခြေအနေ ဘယ်မျှဆိုးဝါးလာမည်ကို သိသာနိုင်တယ်"ဟု သူက ဆိုသည်။

သူ့ကိုယ်သူ ပြန်ပြောင်းစဉ်းစားကြည့်ပြန်တော့လည်း သူလုပ်နေသည့် အလုပ်တွေသည် နှိပ်စက်ခံနေကြရသော ယေဝတီလူမျိုးများအတွက် တစ်ကမ္ဘာလုံးက ဝိုင်းဝန်းဖေးမ ကန့်ကွက်လာအောင် လုပ်နေခြင်းသာ ဖြစ်သည်ဟု တွေးမြင်မိသည်။

နာဇီများကို ဆန့်ကျင်ပြီး ပရပ်ရှင်း သိပ္ပံအကယ်ဒမီက ပါမောက္ခရာထူးကို စွန့်လိုက်သည်ဆိုကတည်းက နိုင်ငံတကာက သူ့ကို ပါမောက္ခရာထူးများ ဝိုင်းပေးနေကြသည်မှာ နာဇီဆန့်ကျင်ရေးကို နိုင်ငံတကာက လိုလားနေကြောင်း ပြသခြင်းပင် ဖြစ်၏။ သူကလည်း သူသည် နာဇီဝါဒဆန့်ကျင်ကြောင်း ပြချင်သဖြင့် ရုရှားက ရာထူးမှလွဲ၍ ကျန်အားလုံးကို လက်ခံသည်။ ဤကဲ့သို့ ရာထူးပေးခြင်းသည် အိုင်စတိုင်းအား နိုင်ငံမဲ့ အိုးအိမ်မဲ့ ယေဝတီတစ်ဦးကို သနား၍ ပေးခြင်းမဟုတ်၊ ရူပဗေဒပညာရှင်တစ်ဦးအနေနှင့် လေးစား၍ပေးခြင်းဖြစ်သည်ကိုလည်း သူနားလည်သည်။ သို့သော် ဖ နိုင်ငံက လက်လှမ်းနေမှုကို သူ့ကိုယ်သူ ဘယ်လိုခွဲဝေပေးရမလဲ ဆိုသည်ကိုကား သူ မစဉ်းစားတော့ပေ။

မေလကုန်သည်ဆိုလျှင်ပင် သူ့မှာ စိတ်ပျက်ဖွယ်ကောင်းလောက်အောင် အခက်အခဲနှင့် ရင်ဆိုင်ရတော့သည်။

သူ့အနေနှင့် ဆောင်းရာသီတွင် ပရင်စတန်တက္ကသိုလ်၌ အလုပ်လုပ်ရမည်။ နွေရက်များတွင် မက်ဒရစ်တက္ကသိုလ်မှာ လုပ်ရမည်။ တစ်နှစ်လျှင် တစ်လ အနည်းဆုံး အောက်စဖို့ဒ် တက္ကသိုလ်တွင်လုပ်ဖို့ အချိန်ပေးရမည်။ ပြီးတော့ ဘရပ်ဆယ်တက္ကသိုလ်နှင့် လေဒင်တက္ကသိုလ်များတွင် သင်တန်းများ ပို့ချဖို့ အစီအစဉ်ကလည်း လက်ခံပြီး

www.burmeseclassic.com

www.burmeseclassic.com



သား ဖြစ်နေခဲ့ပြီ။ ၎င်းတို့အားလုံးထက် ပို၍အရေးရောက်ဆုံးမှာ သူ့အား ပြင်သစ်တက္ကသိုလ်ကြီးက ရာထူးကြီး ပေးထားပြန်သည်။ ထိုရာထူးအတွက် သူ့အနေနှင့် အများဆုံး အချိန်ပေးဖို့လိုသည်။ ပြီးတော့ ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် လက်သင့်ခံဆောင်ရွက်ချင်တာကလေးတွေလည်း ရှိသေးသည်။

ဤသတင်းကို ပါလက်စတိုင်းမှ မိတ်ဆွေရင်းဖြစ်သူ ဇီယွန်ဂိုဏ်းခေါင်းဆောင်ပို့က်ဇမန်ကြားလျှင်ကြားချင်း အိုင်စတိုင်းအနေနှင့် ကမ္ဘာပေါ်ရှိ တက္ကသိုလ်တစ်ခုမှ တစ်ခုသို့ လှည့်လည်ပြီး ခြေသလုံးအိမ်တိုင်လုပ်ကာ အလုပ်လုပ်နေစရာမလို။ ဤကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးကို သူ့လူမျိုးတွေက ပိုင်သည်။ သူ့အတွက် ဟီဗရူးတက္ကသိုလ်မှာ အမြဲတမ်း နေရာရှိပြီးသားဖြစ်သည်"ဟု ကြေညာလေသည်။

ဤအစီအစဉ်အတိုင်း ဆိုလျှင်တော့ အိုင်စတိုင်းအဖို့မှာ ဝန်နှင့်အား မမျှသလိုဖြစ်နေပြီ။ သည်လောက် များပြားလှသည့် တက္ကသိုလ်တွေမှာ အလှည့်ကျ လှည့်လည်လုပ်ကိုင်ဖို့ဆိုသော ကိစ္စသည် စင်စစ်တော့ဖြင့် မလွယ်ကူပေ။ သူ့အနေနှင့် ပထမဆုံးနှုတ်လွှန်မိထားသည်မှာ ပရက်စတန်တက္ကသိုလ် ဖြစ်သည်။ သို့ဖြစ်၍ အခြားသောတက္ကသိုလ်များသို့ တောင်းတောင်းပန်ပန်နှင့်စာရေးပြီး လက်ခံဖို့ ခက်ခဲနေပါကြောင်း စာရေးရတော့သည်။

သို့သော် အောက်စဖို့ဒ်တက္ကသိုလ်သို့ ဇူလိုင်လတွင် သွားဖြစ်အောင်သွားပြီး သင်တန်းများ တော်တော်များများ ဟောပြောပို့ချပေးသည်။ ထိုကာလအတွင်း အထူးသဖြင့် ဂျာမနီသည် စစ်ပြင်နေပြီဖြစ်ကြောင်း ဗြိတိန်လူမျိုးများ သဘောပေါက်လာအောင် ပြောပြသည်။

နိုင်ငံကိုစွန့်ပြီး ထွက်ပြေးလာကြသော စစ်ပြေးများက အိုင်စတိုင်းထံလာပြီး ယခုအခါ ဂျာမနီပြည်ရှိ စက်ရုံများမှာ နေ့ရောညပါ လက်နက်ပစ္စည်းများ၊ စစ်ပစ္စည်းများ အပြင်းအထန် ထုတ်လုပ်နေသည်ကို တွေ့မြင်ခဲ့ရကြောင်း သတင်းပေးကြသည်။

အိုင်စတိုင်း၏ အိမ်ရှင်ဖြစ်သော ကွန်မန်ဒါ၊ အိုလီဗာ၊ လော့ဂ္ဂား၊ လမ့်ပဆင်က အိုင်စတိုင်းနှင့် ဝင်စတန်ချာချီ ဆားအော်စတင်ချိမ်းဘာလိန်၊ ဒေးဗစ်လိုက်ဂျော့တို့နှင့် တွေ့ဆုံ မိတ်ဆက်ပေးသည်။

အိုင်စတိုင်းက ဗြိတိန်နှင့် အခြားဥရောပနိုင်ငံများ အားလုံးက ဂျာမနီပြည်ကို စစ်ပြင်ဆင်နေသော စစ်ပစ္စည်းများထုတ်လုပ်ခြင်းကို ရပ်တန်းကရပ်သည်အထိ စီးပွားရေး ပိတ်ပင်တားဆီးမှုများ လုပ်ဖို့လိုကြောင်း ဟစ်တလာကိုလည်း အာဏာရှင်ဘဝမှ ကျသွားအောင် စီးပွားရေးအရ အကျပ်ကိုင်သင့်ကြောင်း အကြံပေးသည်။

ထိုအင်္ဂလိပ်ခေါင်းဆောင်များအနက် ချာချီသည် အိုင်စတိုင်းကို တွေ့တွေ့ချင်း ပင် အထင်ကြီးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကတော့ အလွန့်အလွန် ပညာကြီးတဲ့လူပေပဲ"ဟု ချာချီကိုယ်တိုင်က မှတ်ချက်ချလေတော့သည်။

ဘယ်လဂျီယံတွင် သူတို့နေထိုင်ရာ မြို့ကလေးသို့ ပြန်ရောက်သောအခါ သူတို့အိမ်ကို ဘယ်လဂျီယံပုလိပ်များက အစောင့်အရှောက် ချထားပေးနေရသည်ကို တွေ့ရသည်။ ဘာလင်မြို့ရှိ လျှို့ဝှက်စုံထောက်ဌာနများမှ ဘရပ်ဆယ်မြို့သို့ ရောက်လာသောသတင်းများအရ အိုင်စတိုင်းအား လုပ်ကြံသတ်ဖြတ်ရန် စိုင်းပြင်းနေကြောင်း အနိုင်အမာ သိရသည်။ နာဇီများက အိုင်စတိုင်းအား လုပ်ကြံသတ်ဖြတ်သူ မည်သူ့ကိုမဆို ဒေါ်လာငါးထောင် ဆုချီးမြှင့်မည်ဟု ကြေညာထားကြောင်းလည်း သိရသည်။

ဤသတင်းကို ကြားရသောအခါ အိုင်စတိုင်းမှာ စိတ်ထဲ ကသိကအောက်ဖြစ်သွားမိသည်။

"တကယ်အဖိုးတန်မယ်မရှိတာပဲဟေ့"ဟုလည်း ဆိုသည်။

သို့သော် ထိုနေ့ကစ၍ နောက်ပိုင်းရက်များတွင် အိုင်စတိုင်းအိမ်သို့ လာလည်ကြသော ဧည့်သည်မှန်သမျှအား ဂိတ်ကစောင့်ပြီး ပုလိပ်များက လက်နက်ပုန်းများပါမပါ စစ်ဆေးလေတော့သည်။

ညနေခင်းများ၌ အိုင်စတိုင်းသည် သူ့လက်ထောက် မေယာနှင့်အတူ ပင်လယ်ကမ်းခြေ သဲသောင်ပြင်ပေါ်တွင် လမ်းလျှောက်ရင်း ပေါင်းစပ်စက်ကွင်းသီဝရီအကြောင်းဆွေးနွေးကြသည်။ ထိုအခါမျိုးတွင် အရပ်ဝတ်အရပ်စားနှင့် ပုလိပ်သားနှစ်ဦးသည် သူတို့နှင့် မလှမ်းမကမ်းမှ နောက်ယောင်ခံပြီး စောင့်ကြပ်လိုက်ပါနေတတ်ကြသည်။

အိုင်စတိုင်းသည် စစ်မုန်းတီးရေးဝါဒကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်ပြီး နာဇီဝါဒဆိုးကို တိုက်နေသည့်အတွက် မိတ်ဆွေအပေါင်းအသင်းများက ဂုဏ်ယူချီးကျူးကြသည်။ သို့ရာတွင် သူတို့အနေနှင့် အိုင်စတိုင်းအား လူမှုရေး စီးပွားရေးအရသာဂျာမနီကို တိုက်စေချင်သည်။ လက်နက်နှင့် စစ်ရေးအရ တိုက်ခြင်းမျိုးကိုမူ အားမပေးစေချင်ကြ။

သူ အင်မတန်ခင်မင်ရသော ပေါလ်အာရင်ဖက်စ်ကလည်း သူ့အနေနှင့် ယခုကိုင်တွယ်ထားသော လမ်းစဉ်မှ မသွေဖည်ရန်နှင့် အထူးသဖြင့် မိမိ၏ ဆင်ခြင်တုံတရားကို အသည်းနှလုံးတွင် ဖြစ်ပေါ်သော ခံစားမှု၊ နာကြည်းမှုများက မလွှမ်းမိုးစေရန်သတိထားပါရန်လည်း အမြဲသတိပေးလျက်ရှိသည်။

မည်သို့ပင် သတိပေးကြစေကာ ၁၉၃၃ ခုနှစ်ကုန်ပိုင်းတွင် ဂျာမနီပြည်တွင်ဆိုးဆိုးရွားရွား ဖြစ်လာသော အခြေအနေများက အိုင်စတိုင်းစိတ်ထဲ သည်းမခံနိုင်အောင်ပင် ဖြစ်လာလေသည်။

ဂျာမနီအခြေအနေကား တစ်နေ့ထက်တစ်နေ့ ကြေကွဲဖွယ်ကောင်းနေ၏။ အိုင်စတိုင်းအသိ၌ အကယ်၍ ဂျာမနီသည်သာ လက်နက်အင်အား ကြီးမားခိုင်မာလာပါက

www.burmeseclassic.com

www.burmeseclassic.com



တခြားနိုင်ငံများသို့ လက်နက်အားကိုး အနိုင်ကျင့်ပြီး နယ်ချဲ့တော့မည်မှာ သေချာသည်ဟု နားလည်နေ၏။ ဂျာမနီ၏ ရမ်းကားသောဝါဒနှင့် ယုတ်မာသော အပြုအမူများကို စစ်မုန်းတီးရေးသမား၊ ငြိမ်းချမ်းရေးသမားတို့၏ ကြွေးကြော်သံလောက်ကတော့ ဘယ်နည်းနှင့်မျှ မတားဆီးနိုင်။ အရာရောက်မည်လည်းမဟုတ်။ ငြိမ်းချမ်းရေးအသံသည် ဂျာမနီလို လူဆိုးများအဖို့ ဖုတ်လေသည့်ငါးပိ ရှိလေသည်ပင် သိမည်မဟုတ်ချေ။

ဂျာမနီသည် စ၍နယ်ချဲ့လျှင် နယ်ချဲ့ချင်း ဘယ်လဂျီယံကိုပင် စ၍ကျူးကျော်ပေဦးတော့မည်။ ဂျာမနီ၏ ဖိနပ်သံခွာသည် ဘယ်လဂျီယံမြေပေါ်သို့ ရက်ရက်စက်စက်ဖိနင်းလာချေဦးတော့မည်။ ပထမကမ္ဘာစစ်ကြီးက အခြေအနေထက် အဆတစ်ရာဆိုးဝါးသော ဘဝမျိုးရောက်အောင် ဂျာမနီသည်ပင် ဖန်တီးနေပြန်ပြီဟု အိုင်စတိုင်းမျက်စိထဲ တရေးရေးမြင်နေလေတော့သည်။

ဂျာမနီသည် ပြင်သစ်ကို တိုက်ဦးမည်ဟုလည်း သူတွေးမိသည်။ ဥရောပတစ်ခွင်တစ်ပြင်တွင် လွတ်လပ်ခွင့်သည် တဖြည်းဖြည်း ချောင်ပိတ်မိလျက် ရှိလာချေပြီ။ ကမ္ဘာ့သမိုင်းတွင် ဤအချိန်သည်ကား ယဉ်ကျေးမှုမျိုးများအဖို့တော့ မှောင်မိုက်သည့် ခေတ်ဆိုးကြီးအတိ ဖြစ်နေပေတော့သည်။

ဤတွင် အိုင်စတိုင်းစိတ်ထဲ၌ နာဇီများ ကျဆုံးသည်အထိ ဂျာမနီနယ်စပ်တွင် နိုင်ငံခြားစစ်တပ်များ ဖိထားမှုဖြစ်မည်ဟု ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။ နာဇီများ ကျဆုံးပြီး နောက်ထပ်တက်လာသော အစိုးရဖြစ်မှ ဤမျှမဆိုးဝါးနိုင်ဟု သူထင်သည်။

မျှော်လင့်ချက်ရယ်လို့လည်း ဤတစ်ချက်သာ ရှိတော့သည်။ ဆိုလိုသည့် အဓိပ္ပာယ်မှာ ဥရောပနိုင်ငံများအားလုံးက မိမိတို့နိုင်ငံကို ကာကွယ်နိုင်ရန် လက်နက်ပြင်ဆင်ထားရပေမည်။ ဂျာမနီမှာလုပ်သလို တခြားဥရောပနိုင်ငံတွေကလည်း စက်ရုံရှိသမျှ စစ်လက်နက်၊ သံချပ်ကာကား၊ အမြောက်စိန်ပြောင်း ဗုံးများထုတ်ဖို့ အားသွန်ကြိုးစားလုပ်ရမည်။ စစ်သားစုဆောင်းရမည်။

ဗုလိုင်လလောက်တွင် ငြိမ်းချမ်းရေးသမားများမှာ စိတ်မပါ့တပါနှင့်ပင် အိုင်စတိုင်း၏ စိတ်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးကြွေးကြော်မှုမှ လက်နက်စုဆောင်းရေးသဘောထားကို ထုတ်ကြေညာချင်လျှင် ကြေညာခွင့်ပြုလိုက်သည်။ ကြေညာခွင့်မပြုလျှင်လည်း မဖြစ်သည့်အခြေ ဆိုက်ရောက်လာပြီ။ ဘာရပ်ဆယ်လ်မြို့မှာပင် ကန့်ကွက်ဆန္ဒပြသူများအဖမ်းခံနေရပြီ။ ပြင်သစ်နှင့် ဘယ်လဂျီယံမှ ငြိမ်းချမ်းရေးသမားများက ထိုလူများလွတ်မြောက်ရေးအတွက် ကန့်ကွက်အသနားခံလွှာကို လက်မှတ်ရေးထိုးပေးပါရန် တောင်းပန်ကြသည်။

အိုင်စတိုင်းသည် ဥရောပနိုင်ငံများ၏ အခြေအနေအရပ်ရပ်ကို သရုပ်ခွဲပြီးပြသည့် စာတစ်စောင် ရေးလိုက်သည်။ ထိုစာထဲတွင် စစ်ဝါဒကို မလိုလားစေကာ ဥရောပနိုင်ငံ

www.burmeseclassic.com



များအနေနှင့် ဒီမိုကရေစီကာကွယ်ရေးအတွက် စစ်ရေးအရ အရေးယူဆောင်ရွက်မှုမှာ မလုပ်လို့မဖြစ်တော့ကြောင်း ဖော်ပြလိုက်လေသည်။

အိုင်စတိုင်းသည် ပါရီမြို့ ငြိမ်းချမ်းရေးဂျာနယ်တွင် ရေးသားလိုက်သည့် စာတစ်စောင်၌

"ကျွန်ုပ်သာ ဘယ်လဂျီယံပြည်သားတစ်ဦးဖြစ်မူ ယခုအချိန် ယခုပတ်ဝန်းကျင်မျိုးတွင် ကျွန်ုပ်အနေနှင့် စစ်ရေးဆောင်ရွက်မှုကို မငြင်းဆန်နိုင်တော့ပါ"

ဤသို့ဆောင်ရွက်ခြင်းသည်သာလျှင် ယခု မျက်မှောက်ပြနေရသော အချိန်ကာလ၌ ဥရောပယဉ်ကျေးမှု အစဉ်အလာများကို ကူညီကယ်တင်ရာ ရောက်တော့သည်ဟုလည်း ကျွန်ုပ်မှာ အပြီးတိုင် ယုံကြည်ပြီဖြစ်ပါကြောင်းဟု သူ့စာထဲတွင် ရေးသားဖော်ပြလိုက်လေသည်။

ဤသို့ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် လော့ဒ်ပွန်ဆွန်ဘီထံမှ အိုင်စတိုင်းအား "ခင်ဗျားကြေညာချက်ကို ပြန်စဉ်းစားပါဦးလို့ ကျွန်ုပ် တောင်းပန်ပါသည်။ ကျွန်ုပ် စိတ်အထင် ဟစ်တလာ၏နည်းလမ်းများသည် စစ်ရှုး ရာဇဝတ်ကောင်နည်းများဖြစ်သည်ကို မငြင်းလိုပါ။ သို့ရာတွင် ဟစ်တလာသည် စစ်ပြုခြင်းဖြင့် တစ်ကမ္ဘာလုံးကို အနိုင်ရပြီး ဂျာမနီအတွက် သူလိုချင်တာ အကုန်ရလိမ့်မည်ဟု စဉ်းစားသည်အထိတော့ဖြင့် ရူးလိမ့်မည်မထင်"ဟု သူ့စာတွင် ရေးသားခဲ့၏။

ကမ္ဘာပေါ်တွင် ငြိမ်းချမ်းရေး၊ စစ်မုန်းတီးရေးဘက်တွင် အလွန်နာမည်ကြီးသော ပုဂ္ဂိုလ်ကြီးမှာ ရိုမိန်း ရိုလင်းဖြစ်သည်။ ယခုအခါ သူသည် အသက်ခြောက်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်၏။ သူ့မှာ ယခုထိ ဆွစ်ဇာလန်ပြည်သို့ ထွက်ပြေးတိမ်းရှောင်နေရတုန်း ရှိသေးသည်။ ယခုတစ်ကြိမ်တွင်လည်း ရိုမိန်းရိုလင်းက အိုင်စတိုင်းသည် သိပ္ပံပညာရှင်ကောင်းကြီးတစ်ဦး ဖြစ်စေကာ လူသားတစ်ဦးအနေနှင့်ကား ညံ့သည်ဟု ဆိုပြန်သည်။ သူက ဖော်ပြရာတွင် ဤရူပဗေဒပညာရှင်ကြီးသည် မိမိယုံကြည်ရာကို မြဲမြဲစွာ ဆုပ်ကိုင်ထားနိုင်သော သတ္တိမရှိသဖြင့်သာ အဖိုးမတန် အသုံးမကျသော စစ်ရေးဝါဒဘက် လိုက်သွားခြင်းဖြစ်သည်ဟု ဆိုလေသည်။

အိုင်စတိုင်းဘက်ကလည်း ရိုလင်းအကြောင်းစပ် စဉ်းစားပြီး ဒုတိယအတွေးတစ်ခု ဝင်လာသည်။ ထိုအတွေးမှာ ဤပုဂ္ဂိုလ်သည် ယနေ့တိုင် စကားလုံးများ၏ အင်အားကို ယုံကြည်နေတုန်းရှိသေးသူဖြစ်၏။ အိုင်စတိုင်းအဖို့မူကား ဟစ်တလာလို လူစားမျိုးကို စကားလုံးလောက်နှင့် ပစ်ပေါက်လို့ကတော့ ပန်းနှင့်ပေါက်သည်လောက် ပင် အရာမရောက်နိုင်ဆိုသည်ကို ကောင်းစွာသဘောပေါက်ပြီးဖြစ်၏။

အိုင်စတိုင်းသည် ယခင်ကလို တစ်ဦးတည်း တစ်ကိုယ်တော်ဘဝမျိုး၌ မနေတော့။ ဂျာမနီပြည်ရှိ ယေဝတီများ၊ နိုင်ငံရေးသမားများ၊ သိပ္ပံပညာရှင်မျိုးများ၊ ငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com



ရေးသမားများ အားလုံးက ဝိုင်းပြီး သူ့ကို ဘာစကားမျှမပြောဘဲ နှုတ်ငုံနေပါရန် တရစပ် တောင်းဆိုနေကြလေသည်။ နာဇီဂျာမနီနှင့် ပတ်သက်၍ ဖားအော်အော်နေသူ ဟုလည်း တချို့က စွပ်စွဲကြ၏။ သူက ဂျာမနီသည် ဘယ်လကျိယံနှင့် ပြင်သစ်ပြည် များကို ဘယ်နည်းနှင့်မဆို ကျူးကျော်မှာပဲဟု သူက အတိအလင်း ထုတ်ဖော်ပြော သဖြင့် သူ့အား ကြိမ်းမောင်းသူများရှိသလို လျစ်လျူရှုသွားသူများလည်း ရှိကြ၏။

လူတစ်ဦးနှင့် တွေ့ဆုံရာတွင် အိုင်စတိုင်းက

"ဒီခေတ်သစ် လူရိုင်းဝါဒဆိုးကြီးကို ယဉ်ကျေးတဲ့ ကမ္ဘာသူကမ္ဘာသားများက ပူးပေါင်းပြီး ဘာကြောင့်များ မတားဆီးကြတာလဲဆိုတာ ကျုပ်တော့ ဘယ်လိုမှ နားမလည်နိုင်ဘူးဗျ။ ဟစ်တလာဟာ ကျုပ်တို့ ကမ္ဘာသားတွေကို စစ်ငရဲကြီးထဲ ဆွဲသွင်းနေတာ မမြင်တတ်ယောင်လို့များလားဗျာ"ဟု ဆိုသည်။

အိုင်စတိုင်းက ဟစ်တလာကို အပြင်းအထန်ခုခံပြီး ဆန့်ပြ တိုက်ပွဲဝင်နေစဉ် သူကဲ့သို့ပင် ဟစ်တလာကို ရှုတ်ချနေသူတစ်ဦးမှာ ဂျာမန်ပါမောက္ခတစ်ဦးဖြစ်သူ သီယိုဒို လက်ဆင်း ဖြစ်သည်။ သူတို့နှစ်ဦးသည် နှစ်ဆယ်ရာစုအတွင်း လစ်ဘရယ်လှုပ်ရှားမှု များ၌ လက်တွဲလုပ်ဆောင်ခဲ့မှုများကြောင့် လူမျိုးရေးဝါဒသမား တယူသန်များက အလွန်မုန်းတီးခြင်း ခံနေရသူများလည်း ဖြစ်ကြသည်။ လက်ဆင်းလည်း ယခုနှစ်ဆန်း ကတည်းက ဂျာမနီမှ ထွက်ပြေးရပြီး ယခုအချိန်တွင် ချက်ကိုစလိုဗက်နိုင်ငံတွင် ခိုလှုံနေရ၏။

လက်ဆင်းကား ကံဆိုးရှာသည်။ ချက်နိုင်ငံတွင် ခိုလှုံနေစဉ်အတွင်း ဂျာမန် နာဇီဘက်တော်သား လူသတ်သမားများက ဩဂုတ်လ ၃၁ ရက်နေ့တွင် လက်ဆင်းအား အိမ်ပေါ်မှ ဆွဲချပြီး သတ်သွားကြလေသည်။

ဤသတင်းကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် အယ်လ်ဆာမှာ ကြက်သေ သေသွားတော့သည်။ လက်ဆင်းသေဆုံးရပြီးနောက် ဒုတိယ အသတ်ခံရမည့်သူမှာကား သူ့ယောကျာ်း အိုင်စတိုင်း ဧကန်ဖြစ်ပြီကို အယ်လ်ဆာ နားလည်မိသည်။ ဤတွင် အယ်လ်ဆာမှာ မျက်ရည်လည်ရွဲနှင့် အိုင်စတိုင်းအား ဂျာမနီနှင့် ဝေးနိုင်သထက် ဝေးကွာသောအရပ်တွင် သွားရောက်ပုန်းအောင်းနေရန် တိုက်တွန်းရတော့သည်။

ယခုအကြိမ်တွင်မူ ပထမဆုံးအနေနှင့် သူ့မှာ ရန်များနေပြီ။ သူ့အသက်အတွက် စိတ်မချရတော့ပြီဆိုသည်ကို အိုင်စတိုင်းလည်း သဘောပေါက်ပြီ။ သို့သော် ပရစ်စတန် သို့ ထွက်မသွားမီကလေးအတွင်းမှာတော့ ယခုနေသော ဘယ်လကျိယံ ပင်လယ်ကမ်းခြေ မြို့ကလေး (လေကော့၊ ဆူမာမြို့)တွင် ဆက်နေချင်သေးသည်။

အိုင်စတိုင်း ဖွဲကြီးနေသည်ကို အယ်လ်ဆာမှာ မနေသာတော့သဖြင့် ငိုပြ၏။ တစ်နေ့လုံး ငိုပြီး သူ့ကို ဤမြို့တွင် ဆက်မနေပါရန် တောင်းပန်ရှာသည်။ အယ်လ်

www.burmeseclassic.com

www.burmeseclassic.com



ဆာသည် တစ်ညလုံး မအိပ်တော့။ ချွတ်ခနဲအသံကြားလျှင် အယ်လ်ဆာသည် အိပ်ရာမှာ ဆတ်ခနဲ ကုန်းထတော့သည်။

"ကိုယ့်စိတ်ကို နိုင်အောင်ထိန်းပါကွ၊ မင်းလုပ်နေပုံက သူ့ရဲဘောကြောင်လွန်းပါတယ်ကွာ"ဟု အိုင်စတိုင်းက အယ်လ်ဆာအား ဆိုသည်။

အမှန်တော့ အယ်လ်ဆာသာမက အစောင့်ချထားသော ပုလိပ်များလည်း ဆိုးဝါးလာသော အခြေအနေကြောင့် အိုင်စတိုင်းအတွက် ပို၍စိုးရိမ်နေကြသည်။ နွေရက်ကုန်ဆုံးသွားသောအခါ ပင်လယ်ကမ်းခြေမြို့ကလေးမှာ လူများ မွဲခြောက်သွားသည်။ ပုလိပ်များမှာ အဆိုင်းလိုက် အစောင့်အရှောက်ပေး၍ ဂရုစိုက်စေကာ ရှည်လျားသော ညဥ့်များမှာကား တကယ်ပင် ဥပဒ်များလှပေတော့သည်။ ရိုင်ဖယ်သေနတ် ကိုင်လာသူ တစ်ဦးအနေနှင့် အခြေအနေအားလုံး ပွင့်မှောက်ချောက်ကျသွားအောင် လုပ်နိုင်သည်။ ထို့ကြောင့် အစောင့်အရှောက်များက အိုင်စတိုင်းအနေနှင့် ဤနေရာတွင် ဆက်နေထိုင်ပါက သူ့အသက်လုံခြုံရေးအတွက် တာဝန်ယူနိုင်တော့မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောလာတော့သည်။

စက်တင်ဘာလ ၈ ရက်နေ့တွင် ဘယ်လဂျီယံပုလိပ်များက အယ်လဗတ် အိုင်စတိုင်းသည် တောင်အမေရိကသို့ ကိုယ်ပိုင် ရွက်သင်္ဘောကလေးနှင့် ရွက်လွှင့်သွားပြီဟု ကြေညာလိုက်လေသည်။ အမှန်မှာ ထိုနေ့က အိုင်စတိုင်းတို့သည် လော့ဗ္ဗား လမ့်ပ်ဆင် ဦးစီးသော ရွက်သင်္ဘောကလေးနှင့် အင်္ဂလန်သို့ တိတ်တဆိတ် ထွက်ခွာသွားခြင်းသာဖြစ်၏။

အင်္ဂလန်သို့ရောက်သောအခါ လော့ဗ္ဗား လမ့်ပ်ဆင်က သူ့ကို အလုံကား တစ်စင်းထဲ ထည့်ပြီး မြို့အစွန် သစ်တပ်ကာ အိမ်တစ်အိမ်သို့ ခေါ်သွားသည်။ အိုင်စတိုင်းက လုံးဝသဘောမတူသော်လည်း လမ့်ပ်ဆင်သည် သူ့အိမ်တွင် လက်နက်ကိုင် အစောင့်ချထားပေးလေသည်။ လက်နက်ကိုင် မြင်းစီးတပ်သားများက အိမ်ဝင်း ပတ်ပတ်လည် လှည့်လည်စောင့်ကြပ်ကြရသည်။

လက်နက်ကိုင် မြင်းစီးအစောင့်ချထားပေးသည်ကို အိုင်စတိုင်းအဖို့ မထောင်းတာစေကာ ထိုအစောင့်များမှာ အမျိုးသမီးများဖြစ်ကြသဖြင့် အိုင်စတိုင်းမှာ အတော်ပင် အနေကျုံ့လျက်ရှိ၏။

"အဲဒါမှ လူတွေက မျက်စိမကျမှာဗျ"ဟု လော့ဗ္ဗား လမ့်ပ်ဆင်က ပြန်ပြောသည်။

မကြာမီမှာပင် သတင်းထောက်တစ်ဦးသည် အိုင်စတိုင်း ပုန်းအောင်းနေရာကို ဘယ်ကအနံ့ရသွားသည်မသိ ပေါက်လာချေတော့သည်။ သို့သော် အမျိုးသမီးအစောင့်များက အိမ်နားသို့ပင် ဘယ်သူ့ကိုမျှ အကပ်မခံတော့၊ တားဆီးပိတ်ပင်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်ပြည် နှောဖုတ်ဒေသတွင် ဤကဲ့သို့ ပုန်းအောင်းပြီး တစ်ကိုယ်တော် နေရသည့်အတွက် အိုင်စတိုင်းမှာ စိတ်ထိခိုက်ခြင်းမရှိ။ သူ့အဖို့ သူ၏ ပေါင်းစပ်စက်ကွင်းသီဝရီအတွက် တခြားအချိန်များထက် ပို၍ ကောင်းကောင်းမွန်မွန် စဉ်းစားဖို့ အချိန်ရနေလေတော့သည်။ သူသည် ပေါင်းစပ်စက်ကွင်း သီဝရီကို အစက ပြန်စဉ်းစားပြီး သူ၏ ရီလေတီဗတီ အခြေခံကစ၍ ပြန်လည်တည်ဆောက်ရန် စိစဉ်ပြန်လေသည်။ သို့သော် ဤသို့ စိတ်ချမ်းသာမှုရသော ကာလအခိုက်အတန့်ကလေးမှာကား ခုနစ်ရက်တာမျှသာ ဖြစ်ချေသည်။

စက်တင်ဘာလ ၂၇ ရက်နေ့တွင် သူ့ထံပါးသို့ အလွန်ဆိုးဝါးသည့် သတင်းတစ်ခု ရောက်လာသည်။ သတင်းမှာ ဟော်လန်ပြည် အမ်စတာဒမ်မြို့က လာသောသတင်းဖြစ်သည်။ သတင်းမှာ သူ၏ အံချစ်ဆုံး အရင်းနှီးဆုံးဖြစ်သော ပါမောက္ခ ပေါလ်အာရင်ဖက်စ်သည် သူ၏ ၁၆ နှစ်အရွယ် သားကလေးကို ပစ်သတ်ပြီး သူကိုယ်တိုင်လည်း မိမိကိုယ်ကိုလည်း သတ်သေသွားကြောင်း မကောင်းသတင်းဆိုးပင် ဖြစ်၏။ အာရင်ဖက်စ်သည် စက်မှုတက္ကသိုလ်ရှိ သူ့သားအခန်းတွင်းသို့ ဝင်သွားသည်။ မကြာမီမှာပင် သေနတ်သံနှစ်ချက် ကြားရလေသည်။ သားရော အဖေပါ ကြမ်းပြင်ပေါ်တွင် ဦးခေါင်းများ၌ သေနတ်ဒဏ်ရာကိုယ်စီနှင့် လဲကျသေဆုံးနေကြသည်ကို တွေ့ရသည်။ ပုလိပ်များကတော့ ပါမောက္ခကြီးသည် စိတ်မနှံ့ ဖြစ်သွားသည်ဟု ယုံကြည်နေကြ၏။

ခင်မင်ရင်းနှီးရဆုံး သူငယ်ချင်းတစ်ယောက် ကျဆုံးသွားရသည့် သတင်းကို ကြားရသောအခါ အိုင်စတိုင်းသည် မိမိကိုယ်မိမိ ပြန်လည်ဂရုစိုက်မှ ဖြစ်မည်ကိုလည်း စဉ်းစားလာမိသည်။ ဤပါမောက္ခကလေးသည် ဥရောပတစ်ခွင်တွင် လောရင့်၏ လွှမ်းမိုးသော ခေတ်ကောင်းကို မှီခဲ့သည့်ပြင် သိပ္ပံပညာအတွက် စွန့်စားမှုများကိုလည်း ပြုလုပ်ခဲ့သူဖြစ်၏။ အာရင်ဖက်စ်ကား ဆရာတစ်ဦးအနေနှင့်တော့ ပြိုင်ဘက်ကင်းသူတစ်ဦး ဖြစ်သည်ဟု အိုင်စတိုင်း အသိအမှတ်ပြုသည်။ ဘယ်လောက် ခက်ခဲရှုပ်ထွေးသည့် သဘောတရားပဲဖြစ်ဖြစ် သူ့လက်ထဲရောက်လျှင် အစိတ်စိတ် ခွဲပစ်လိုက်သဖြင့် အလွယ်ကလေးနှင့် နားလည်နိုင်သည်။ ဤသို့ ဆရာဘဝ၌ အောင်မြင်ခြင်းသည်ပင် အာရင်ဖက်စ်အဖို့ ကြေကွဲစရာ ဖြစ်ခဲ့ရ၏။ သူသည် ဝေဖန်ရေးသမားတစ်ဦးအနေမှာသာ ရှိခဲ့ရပြီး ကိုယ်တိုင်ရေးသားထုတ်ဝေခဲ့ရသော စာအုပ်မှု မရှိခဲ့။

အာရင်ဖက်စ်မှာ ဘဝအတွက် အားငယ်စိတ်ကလည်း သူ့တစ်သက်လုံးကို လွှမ်းမိုးနေခဲ့ဖူးလေသည်။ သို့သော် အသစ်အဆန်း ဖြစ်ပေါ်တိုးတက်လာဦးမည့် အခြေအနေများကိုမူ သူ့မှာ သံသယစိတ်ကလေးနှင့် မျှော်လင့်စိတ်ကလေး ရှိနေသေး၏။ သူသည် တစ်ခါတစ်ရံ သူကိုယ်တိုင် လက်မခံသည်များကိုလည်း သင်နေရ၏။

သူ့အသက်မှာ ငါးဆယ်ကျော်လာပြီဖြစ်သောကြောင့် သူ့စိတ်များကလည်း အနယ်ထိုင်စပြုပြီ။ ထို့ကြောင့် တော်လှန်ချင်သော အတွေးအမြင်များကို သူ၏ အနယ်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်သောစိတ်က လက်မခံချင်တော့ပေ။ ဤသို့ လူသားတိုင်း ကြုံရသည့် ပြဿနာကို အိုင်စတိုင်း နားလည်သည်။ လူများမှာ အိုလာပြီဆိုလျှင် ညင်းညင်းပျောင်းပျောင်း မစဉ်းစားတတ်တော့။ ကိုယ်ယုံကြည်ရာ တစ်ယူသန်နေတတ်၏။ အာရင်ဖက်စ်အဖို့မှာတော့ စာသင်ကြားပြသခြင်းက သူအသက်ရှင်နေရခြင်း အကြောင်းရင်းလို ဖြစ်ခဲ့လေသည်။

တစ်ခေတ်တစ်ခါကဆိုလျှင် ဇာဘုရင် အုပ်စိုးသော သူ့ဇာတိမြေ ရုရှားပြည်တွင် အာရင်ဖက်စ်မှာ ယေဝတီဖြစ်သောကြောင့် စာသင်ကြားပို့ချခွင့်မရခဲ့။ အလားတူ အခက်အခဲမျိုးကို မျက်မှောက်ခေတ် ဂျာမနီပြည်တွင်လည်း အာရင်ဖက်စ် ရင်ဆိုင်ခဲ့ရဖူးသည်။ သူ့အဖို့ ဤသို့သော ဘဝနှောင်ကြိုးငင်ခြင်းအတွက် ယူကျုံးမရ ဖြစ်ခဲ့ရဖူးသည်။ ယခုတော့ အိုင်စတိုင်းကိုယ်တိုင်ပင် ကိုယ့်ကိုယ်ကို အားကိုးအားထားပြုသော ယုံကြည်စိတ် လျော့ပါးချင်လာသည်။

သူ့စိတ်ထဲတွင် သူလည်း အိုမင်းလာပြီကို သဘောပေါက်နားလည်နေမိပြီ။ ပရင်စတန်တွင် အထက်တန်းသိပ္ပံ လေ့လာရေးတက္ကသိုလ်ကြီးတစ်ခု တည်ထောင်ပြီး ဤသို့ အိုမင်းမစွမ်းတော့သော သိပ္ပံပညာရှင်များကို ခန့်ထားမည်ဆိုသောအခါ လူငယ်သိပ္ပံပညာရှင်များက ရယ်သွမ်းသွေးကြသည်။ သူတို့က ရယ်သွမ်းသွေးသည်ကို သူကိုယ်တိုင်ကလည်း အပြစ်မမြင်၊ အထိုက်အလျောက် မှန်သည်ဟု ထင်သည်။

သို့ရာတွင် သူကိုယ်တိုင်မှာမူ ပရင်စတန်စားကျက်အတွက် အသင့်ဖြစ်နေရပြီ။

အောက်တိုဘာလအတွင်းတွင် အိုင်စတိုင်းသည် လူများစုနှင့် ထိတွေ့ပြီး နောက်ဆုံးစကားပြောခွင့်ရသည်။ အင်္ဂလန်ပြည် လန်ဒန်မြို့တွင် ဂျာမနီ ယေဝတီဒုက္ခသည်များအား ကယ်တင်ရန်အတွက် ရန်ပုံငွေ ဒေါ်လာ ၅ သန်းရရှိအောင် ဆောင်ရွက်ရေး လူထုအစည်းအဝေးပွဲကြီးတစ်ခု ကျင်းပသည်။ လော့ဒ်ရပ်သာဖို့ ယဉ်ကျေးစွာ လမ့်ပ်ဆင်ကပင် အိုင်စတိုင်းအား ထိုအစည်းအဝေးတွင် စကားပြောရန် လာပြောသည်။

ဤသတင်းကို ကြားရသောအခါ ဒေးလီမေးလ် သတင်းစာက ကန့်ကွက်ရေးသားသည်။ သတင်းစာက အိုင်စတိုင်းအား ၁၉၂၇ ခုနှစ်တုန်းက ဗြိတိသျှဆန့်ကျင်ရေး ကြေညာချက် ထုတ်ခဲ့ကြောင်းဖြင့် စွပ်စွဲလေသည်။ သို့ရာတွင် ဤသတင်းကို စကော့တလန် ယာဒ်စုံထောက်အဖွဲ့က အရေးယူဆောင်ရွက်ခြင်းမပြု။ ဘာလင်မြို့မြေအောက်လျှို့ဝှက် သတင်းဌာနကလာသော သတင်းများအရ အိုင်စတိုင်းမှာ နာဇီတို့က ဆုငွေထုတ်ပြီး သတ်ခိုင်းထားခြင်း ခံနေရသူဖြစ်ကြောင်း စုံထောက်ဌာနက သိနေ၏။

အဲလဗတ်ခန်းမကြီးတွင် စည်းဝေးသော အစည်းအဝေးသို့ လူပေါင်းတစ်သောင်းကျော် တက်ရောက်နားထောင်ကြလေသည်။ စင်မြင့်ပေါ်သို့ လော့ဒ်ရသဖွာ် တက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်က ဆာဂျိမ်းဂျင်း၊ ဆာအော်စတန် ချမ်ဘာလိန်း တက်လာပြီး သူ့နောက်က လော့ဂ္ဂျားလမ့်ပ်ဆင် ပြီးမှ နောက်ဆုံးက အိုင်စတိုင်း တက်လာသည်။

အိုင်စတိုင်းကို မြင်လိုက်သည်ဆိုလျှင်ပင် ပရိသတ်ကြီးမှာ ဝုန်းခနဲ ထိုင်ရာက ထပြီး ချီးကျူး ဩဘာလက်ခုပ်တီးကြသည်မှာ နှစ်မိနစ်ခန့်ကြာသည်။ ပရိသတ်ကြီးမှာကား အိုင်စတိုင်းပြောသမျှ နားထောင်ပြီး အိုင်စတိုင်းလိုသမျှ ကူညီရန် စိတ်စောနေကြလေသည်။

အိုင်စတိုင်း စကားပြောရန် ထိုင်ရာကထပြီး စင်မြင့်ရှေ့သို့ ထွက်လာသောအခါ ပရိသတ်ကြီး ရှဲခနဲ ငြိမ်ကျသွားလေတော့သည်။ အိုင်စတိုင်း၏ဆံပင်တို့သည် ဟိုတစ်ကြိမ်က မြင်ခဲ့ရဖူးသည်ထက် အဆများစွာ ပို၍ဖြူရော်နေကြချေပြီ။ သူ့မျက်နှာလည်း ယခင်ကလို မလန်းတော့ပြီ။ ညှိုးလျော်လျက် ဟိုက်ပန်းနေပုံပေါ်နေ၏။ သူသည် ယခုတစ်ကြိမ်တွင် မှတ်စုများကိုကြည့်၍ စကားပြောသည်။ သူ့လက်များမှာလည်း အင်အားမရှိတော့လေဟန် သေးတစ်ဖက်တစ်ချက်သို့ တွဲလွဲကျနေကြတော့သည်။

အိုင်စတိုင်းက မိမိသည် ယခုလို လာရောက်စကားပြောခြင်းသည် သူထင်ပေါ်တစ်သီးအနေနှင့် လာရောက်ပြောဆိုခြင်းမဟုတ်၊ လူသားတစ်ဦး၊ ဥရောပသားတစ်ဦး၊ ယေဝတီတစ်ဦးအနေနှင့် လာရောက်ပြောဆိုခြင်းသာ ဖြစ်ပါကြောင်း စကားပလ္လင်ခံသည်။

ယခုအခါ ဥရောပတစ်ခွင်တွင် ဖိနှိပ်ချုပ်ချယ်မှုနှင့် ဖက်ဆစ်ဝါဒ အမြွာညီနောင်နှစ်ဦးက သောင်းကျန်းကျပ်ဖြစ်အောင် အမျိုးမျိုး နိပ်စက်ကလူပြုနေကြောင်း။ လူသားများမှာ လွတ်လပ်စွာပြောဆိုခွင့် ကိုးကွယ်ခွင့် စသည့် အခွင့်အရေးများ ဆုံးရှုံးနေရပြီဖြစ်ကြောင်း၊ ယခုတော့ လူတွေကလည်း လွတ်လပ်ရေး ဆုံးရှုံးခြင်းသည် အသက်ရှင်ရခြင်း ဘဝအဓိပ္ပာယ် ဆုံးရှုံးခြင်းဖြစ်ကြောင်း သိလာကြပြီ ဖြစ်ပါကြောင်း စသည်ဖြင့် ပြောသွားလေသည်။

သူစကားပြောပြီးသောအခါ အမျိုးသမီးကလေးများက ပရိသတ်ကြီးထံ အဝတ်ခြင်းတောင်းကလေးများဖြင့် အလှူငွေ လိုက်လံကောက်ခံသည်။ အိုင်စတိုင်း တရားဟောပွဲမှ ထွက်သွားသောအချိန်အထိ ကောက်ခံရရှိသောငွေများပင် တစ်စုတစ်ပြုံကြီး ဖြစ်နေပေပြီ။

အစည်းအဝေးက ပြန်လာသော လမ်းတစ်လျှောက်တွင် ဂျာမနီပြည်မှာ ဖြစ်နေသော အခြေအနေဆိုးများနှင့် ပတ်သက်၍ လော့ဂ္ဂျားလမ့်ပ်ဆင်၏ မှတ်ချက်ချသော စကားလုံးများကိုသာ တမြုံ့မြုံ့ စဉ်းစားလာမိသည်။

"လူ့သမိုင်းတစ်လျှောက်လုံးမှာ ကမ္ဘာမှာ ဒီလောက်ပညာရှင်တွေကို အစုလိုက်လုပ်ကြံသတ်ဖြတ်ခြင်း ခံရတဲ့ အချိန်မျိုး ဘယ်တုန်းကမှ မရှိခဲ့သေးပါဘူး"

ဤမှတ်ချက် ဘယ်ရွေ့ဘယ်မျှ မှန်သည်ကိုတော့ ကမ္ဘာသူကမ္ဘာသားများသည် မကြာမီပင် မျက်ဝါးထင်ထင် တွေ့မြင်လာရတော့မည်။ လူ့သမိုင်းတစ်လျှောက်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



လူတွေ ဒုက္ခအကြီးအကျယ် တစ်ကြိမ်ရောက်ပြီးသောအခါ တိုးတက်မှုများ ရလာတတ်သည့် သဘောကလေးတွေတော့ ရှိခဲ့၏။ သည်သဘောသည် ဥရောပတစ်ခွင်တွင် တစ်ကြိမ်တော့ ထပ်ဖြစ်လိမ့်ဦးမည်ဟုလည်း အိုင်စတိုင်း မျှော်လင့်မိသည်။ ဥရောပတိုက် လွတ်လပ်ရေးနှင့် ကောင်းစားရေးသည် နောင်လာမည့် လူငယ်များ၏ တာဝန်ပေပဲဟုလည်း သူစဉ်းစားမိလေသည်။

ထို့နောက် အိုင်စတိုင်း လန်ဒန်မှ ဘယ်လဂျီယံသို့ သူ့အိမ်ထောင်စုနှင့် တွေ့ဆုံရန် ပြန်လာခဲ့သည်။ နောက်တစ်ရက် နှစ်ရက်အကြာတွင် ဇနီးအယ်လ်ဆာ အတွင်းရေးမှူး ဟယ်လင်ဒျူကပ်စ်နှင့် လက်ထောက် မေယာတို့ကိုခေါ်ပြီး အိုင်စတိုင်းသည် အမေရိကန်ပြည်ထောင်စုသို့ သင်္ဘောဖြင့် ထွက်ခွာသွားခဲ့လေသည်။ အယ်လ်ဆာ၏ သမီးနှစ်ယောက်မှ သူတို့ခင်ပွန်းများနှင့်အတူ ဥရောပမှာပင် ကျန်ရစ်ခဲ့ကြသည်။ မီလီဗာနှင့် သား အက်ဒဝပ်တို့မှာလည်း ဆွစ်ဇာလန်ပြည်တွင်း ဘေးဥပဒ်မရှိ နေထိုင်နိုင်ကြသည်။ ဟင်အဲလဗတ်လည်း ဖူးရစ်မှာပင် သုတေသနလုပ်ငန်းကို စိတ်အေးလက်အေးနှင့် လုပ်ကိုင်လျက်ရှိလေပြီ။

အဲလဗတ်နှင့် အယ်လ်ဆာတို့သည် သင်္ဘောပေါ်မှ အဝေးဆီတွင် မှေးမှိန်ကျန်ရစ်ခဲ့သော ဥရောပကို လှမ်းကြည့်ရင်း သက်ပြင်း တူပြိုင်ချမိကြသည်။

"ဥရောပကိုတော့ မကြာမကြာ ပြန်လာနိုင်မှာပါ အဲလဗတ်ရယ်၊ ကျွန်မတို့ရဲ့ ကပုသ်ကန်သာယာ အိမ်ကလေးကိုလည်း တစ်ကြိမ်တစ်ခါမှာတော့ ပြန်လာခွင့်ရဦးမှာပါလေ"

ဤကား အယ်လ်ဆာ၏ ဖြေသိမ့်စကားဖြစ်၏။

အဲလဗတ်၏ တုံ့ပြန်သောစကားများကိုကား အယ်လ်ဆာ မကြားရတော့။ ဤစကားလုံးများသည် လေဝယ် လွင့်ပါးကုန်ကြလေပြီ။ တကယ်တော့ ဥရောပကို ခွဲခွာလာရခြင်းသည် နှလုံးသည်းပွတ်ကို ဆုတ်ခြေဘိသို့သာ ရှိပါ၏။ ရင်ဝယ် ခံစားမှုတွေက ပြည့်ကျပ်နေလေသည်။ သူသည် ဥရောပကို ကြာကြာငေးကြည့်မနေချင်တော့သဖြင့် နေရာမှလှည့်ကာ မေယာဆီသို့ ပြန်လာခဲ့လေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

# ပရင့်စတန်တက္ကသိုလ်မှာ

၁၉၃၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်။

ထိုနေ့တွင် ယခင်ဖူးရစ်တွင်နေစဉ် ရီလေတီဗတီကို မွေးထုတ်ခဲ့သော လူငယ်ပါရမီရှင်တစ်ယောက်နှင့် မတူတော့ပြီဖြစ်သော ဘာလင်က ပါမောက္ခကြီးအိုင်စတိုင်းသည် ဆောင်းဦး၏ နေခြည်ဖျန်းသည့် ညနေချမ်းတွင် ကြို့လင့်ကြကုန်သော ပရိသတ်ကြီးအလယ်မှ နာဆောက်လမ်းမတစ်လျှောက် ကားကလေးနှင့် ပရင်စတန်ဆီသို့ ထွက်လာခဲ့သည်။ (ရှားလော့ဟုမ်း) စုံထောက်ကြီး မောင်စံရှားကဲ့သို့ သူ့အံတွင် ခဲထားသော ဆေးတံအိုးမှ မီးခိုးလုံးသည်လည်း တဖွားဖွား တလူလူ ထွက်လျက်ရှိ၏။

ယခင် ဂျာမန်ကောင်စစ်ဝန်ပေါင်း ရှဝပ်၏ဇနီး အင်န်သူ ဂရေစီရှဝပ်ဖ်က ဤတစ်ကြိမ် မြို့ကို ဖြတ်သွားသော အိုင်စတိုင်းကို မြင်လိုက်ရသောအခါ ပြောင်းလဲပုံ ထူးခြားနေခြင်းကို သတိထားမိလိုက်လေသည်။

"သူ့ရင်ထဲမှာ တောက်လောင်နေတဲ့ ပရိဒေဝမီးက သူ့ကို အသားအရေ ခန်းခြောက်အောင် ညှဉ်းဆဲသတ်ဖြတ်နေပုံ ပေါ်တယ်။ သူဟာ ဖြူဖွေးနေပြီဖြစ်တဲ့ သူ့ဆံပင်ကို သူ့လက်တွေနှင့် လိမ်ပတ်ပြီး လောကထဲ ဖြစ်နေသမျှအကြောင်းတွေကို ပြောနေတော့တာပါပဲ။ အရင်တုန်းက သူ့ကိုမြင်ရရင် ရွှင်လို့၊ ခုတော့ သူ့မှာ ရယ်အားလည်း မရှိတော့ပါဘူး"ဟု ဂရေစီက မှတ်ချက်ချလေသည်။

အိုင်စတိုင်းသည် ပရင်စတန်တွင် အသက်ထက်ဆုံးနေတော့မည်ဟု ဆုံးဖြတ်ကာ ဘာလင်နှင့်တကွ ရာထူးလုပ်ငန်းအားလုံးကို စွန့်ခဲ့ပြီ။ ပရင်စတန်တက္ကသိုလ်က သူ့လခကို တစ်နှစ် ဒေါ်လာ တစ်သောင်းခြောက်ထောင် သတ်မှတ်ပေးသည်။ အမှန်တော့ ယင်းလခသည် သူလိုချင်သည့်ငွေထက်ပင် ပိုနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နေထိုင်ရန်အတွက် အမှတ် ၁၁၂၊ မာဆာလမ်းပေါ်ရှိ နှစ်ထပ်အိမ်ကလေး တစ်ဆောင်ကို ဝယ်ယူလိုက်လေသည်။ သူ့အတွက် စာကြည့်ဆောင်ကို အပေါ်ထပ် နောက်ဖေးဘက်အခန်းကို အယ်လ်ဆာက သီးသန့်ပြင်ဆင်မွမ်းမံပေးသည်။

သဘာဝကို ချစ်တတ်သော အယ်လ်ဆာသည် သူ့လင်တော်မောင်အတွက် အိမ်နံရံတစ်ဝက်လောက်ကို ခွာချပြီး မှန်ပြတင်း အကျယ်ကြီး တပ်ဆင်ပေးသည်။ ဤမှန်ပြတင်းက ကြည့်လိုက်လျှင် သစ်ပင်ပန်းမန်များနှင့် လှပတင့်တယ်သော ဥယျာဉ်ခြံမြေကို မြင်ရသည်။ ဒီလိုလုပ်ပေးသဖြင့် သူက သဘောကျသည်။ သူ့မှာ အိမ်ထဲနေရသည်လို့ပင် မထင်၊ သစ်ပင်တွေကြားထဲ နေရသည်လို့ပင်ထင်ကြောင်း ဇနီးသည်အား နောက်ပြောင်ပြောသေးသည်။

သူ့အတွက် အလုပ်ခန်းကို ဟင်နရီဘားချတ် သင်္ချာခန်းမကြီးရှိ အခန်းနံပါတ် ၂၀၉ တွင် သီးသန့်လုပ်ပေးထားသည်။ ထိုအခန်းမှာ ကျောက်များဖြင့် ဆောက်လုပ်ထားသော တက္ကသိုလ်ပင်မ အဆောက်အဦကြီးတွင် ရှိသည်။

နေ့စဉ်နေ့တိုင်း အိုင်စတိုင်းသည် တစ်မိုင်ကျော်ကျော်ဝေးသော သူ့ရုံးခန်းရှိရာ အဆောက်အဦသို့ နံနက် ကိုးနာရီလောက်တွင် အိမ်မှထွက်၍ သွားတတ်သည်။ ထိုရုံးခန်းတွင် ဝေါ်လ်တာ မေယာနှင့် ပေါင်းစပ်စက်ကွင်း သီဝရီအကြောင်း ဆွေးနွေးပြီး နေ့ မွန်းတည့်ဆယ့်နှစ်နာရီခန့်တွင် အိမ်သို့ပြန်သည်။ ညနေပိုင်းတွင် နှစ်ဦးသားမှာ တစ်ယောက်တခြားစီ အလုပ်လုပ်ကြသည်။ သင်္ချာမူသေကိန်းများကို နက်ဖြန်နံနက်တွင် ဆွေးနွေးနိုင်ရန် ရှာဖွေကြပြန်သည်။

မေယာ၏တာဝန်မှာ အိုင်စတိုင်းအကြံပေးသော သဘောတရားများကို သင်္ချာကိန်းများဖြင့် ရှာဖွေဖော်ထုတ်ပေးရသော တာဝန်ဖြစ်သည်။ မေယာမှာ တကယ့် သင်္ချာပညာရှင် စစ်စစ်ကြီးတစ်ယောက်ပင်ဖြစ်၏။ သို့သော် ကြာတော့ သူလည်း အိုင်စတိုင်း၏ ပေါင်းစပ်စက်ကွင်း သီဝရီကို မစဉ်းစားချင်တော့ စိတ်ပျက်လာသည်။ ဖြစ်နိုင်လျှင် ကိုယ့်အယူအဆနှင့်ကိုယ် ထိုးထွင်းကြံဆချင်စိတ်သာ သူ့မှာရှိနေလေသည်။

အိုင်စတိုင်းတစ်ယောက် လမ်းပေါ်မှာ လျှောက်သွားလျှင် ဘေးကဖြတ်လျှောက်သွားသူများသည် သူ့အား စူးစမ်းသောမျက်လုံးများဖြင့် မကြည့်ဘဲနှင့် ဘယ်သူမျှမသွားနိုင်ကြ။ သို့သော် ယခုတော့ ထိုသူများသည် ယခင်အခါများကလို အော်တိုရေးပေးပါ၊ ဓာတ်ပုံရိုက်ပါရစေဟု တကျည်ကျည်မလုပ်ကြတော့ပေ။

အရောင်းအဝယ်ဖြင့် အသက်မွေးဝမ်းကျောင်းနေကြသူများကမူ အိုင်စတိုင်းသည် ချစ်စရာကောင်းသည်၊ အလွန်နှိမ့်ချသည်၊ ယဉ်ကျေးသိမ်မွေ့သည်၊ ရိုးရိုးကုပ်ကုပ်နေသည်၊ ကြင်နာမှုရှိသည် စသည်ဖြင့် ပြောကြသည်။ သူနှင့်အတူ လုပ်ဖော်ကိုင်ဖက်များကလည်း ဤသို့ဤနှယ် စကားလုံးများဖြင့်သာ မိတ်ဆွေအပေါင်းအသင်းတို့အား အိုင်စတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ဖော်ပြပြောဆိုနေကြ၏။ သူသည် ပရင်စတန်အဖို့ သူတော်စင်လက်သစ်ဖြစ်နေ၏။ သူ့အနေအထိုင် အပြုအမူတို့သည် အာသဝေါတရား ကုန်ခန်းနေသော အရိယာနှင့်ပင် တူတော့သည်။ သူက ကလေးမကလေးတစ်ဦးကို ခေါင်းကလေးပွတ်သပ်ပြီး ယုယနေသည်ကို တွေ့ရတော့ တစ်မြို့လုံးက အားရရွှင်ပျသော မျက်လုံးများဖြင့် သူ့အမူအရာကို လှမ်းကြည့်ကြသည်။

သူ့ထံမှ ဘယ်လဂျီယံဘုရင်၏မိဖုရား အယ်လီဇဘောက်သို့ရေးသည့် စာတစ်စောင်တွင်

"ပရင်စတန်ကတော့ တကယ်မွေ့လျော်ဖွယ်ကောင်းတဲ့ အရပ်ပေပဲ။ ဒီမှာဆိုလူမှုရေးကိစ္စ အနှောင့်အယှက်တွေ တော်တော်ကင်းတော့ ကျုပ်အဖို့ ကိုယ့်လုပ်ငန်းကိုယ် ဖောက်ချပြီး လုပ်ကိုင်နိုင်တဲ့ ပတ်ဝန်းကျင်ကလေးတစ်ခုလည်း ဖန်တီးထားလို့ရတယ်။ ဒီမှာဆို 'လူ့ဘောင်အဖွဲ့အစည်း'ဆိုတဲ့အထဲ ပါဝင်တဲ့လူတွေအနေနဲ့ ဥရောပက လူတွေနဲ့စာရင်တော့ ဟိုမှာလောက် လွတ်လပ်မှုရှိတယ်လို့တော့ မဆိုသာပေဘူးပေါ့။ ဒါပေမဲ့ သူတို့ကြည့်ရတာဖြင့် ဒီဘဝရဲ့ အနှောင်အဖွဲ့ကလေးတွေကို ရှိမှန်းတောင်မသိကြပါဘူး"ဟု သူက ရေးလိုက်သည်။

အမေရိကန်တို့၏ညာဉ်တွင် လူတစ်ဦးနှင့်တစ်ဦး မတူမတန်ဆိုသည့် ခွဲခြားမှုမျိုး မရှိတော့သည်ကို အိုင်စတိုင်းမျက်စိထဲတွင် မြင်နေသည်။

လူတိုင်းလူတိုင်းမှာ တူညီသော လောကအမြင်များ ရှိကြသည်။ သက်သာချောင်ချိမှုနှင့် ဘဝလုံခြုံမှုကို လူတိုင်းက အခြားအရာများထက် ပို၍တန်ဖိုးထားကြသည်။ သို့သော် လူများမှာ တစ်ယောက်နှင့်တစ်ယောက် ပစ္စည်းပိုင်ဆိုင်လိုမှု၌ မနေမနား လျှာထွက်အောင် အလုပ်လုပ်ပြီး ပြိုင်နေကြပုံကတော့ အိုင်စတိုင်းမျက်စိထဲတွင် ရယ်စရာကြီးလို ဖြစ်နေလေတော့သည်။

အမေရိကသို့ ရောက်နေသော်လည်း အိုင်စတိုင်းသည် ဥရောပအနေအစားမျိုးနေသည်။ သူ့စိတ်ထဲတွင် ဥရောပအနေအစားမျိုးသည် ပင်ကိုဟန် ပင်ကိုသဘာဝရှိသည်ဟုလည်း ထင်သည်။ ပရင်စတန်တွင် နေသောနေရသည် သူ့အဖို့တော့ အယူအဆချင်းခံတွင်းတွေ့ပုံချင်းမှာ တခြားလူများနှင့် မတူနိုင်အောင် ဖြစ်နေရတော့သည်။

"ထုံးစံဓလေ့တို့၊ အယူအဆတို့၊ ကိုယ့်စရိုက်၊ ကိုယ့်ဓလေ့နဲ့ ကိုယ်ခံတွင်းတွေ့ပုံဆိုတာမျိုးတွေက ဘဝရဲ့ အခြေခံတန်ဖိုးတွေ ဖြစ်တော့ကာ လူတစ်ယောက်အနေနဲ့ ဘယ်လိုပင် ဆင်ခြင်တုံတရားနဲ့လက်ခံဖို့ ကြိုးစားပေတဲ့လည်း မလွယ်ဘူး။ အမေရိကန်တွေရဲ့ စရိုက်သဘာဝတွေကို ကျုပ်စိတ်ထဲက မလိုလားဘူးလားဆိုတော့ ဒီလိုလည်း မဟုတ်ဘူး။ စိတ်ကတော့ သဘောတူပါရဲ့၊ လူကတော့သာ မပါနိုင်တာပဲ"ဟု သူ့ရင်ထဲရှိသည့်အတိုင်းလည်း ဖော်ပြဖူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းသည် ဖြစ်နိုင်လျှင် အင်္ဂလိပ်လိုမပြောချင် ဂျာမန်လိုပဲ ပြောချင်သည်။ ဂျာမန်လို ပြောလိုက်ရမှ ခံတွင်းတွေ့သည်။ ပရင်စတန်ရောက်သည့်အချိန်အထိ သူ့မှာ အင်္ဂလိပ်လိုကလည်း ရေရေလည်လည် ပြောလို့မရသေး။ တဖြည်းဖြည်း ပရင်စတန် တွင် နေရင်းမှာ အင်္ဂလိပ်လို ကောင်းကောင်းပြောဆိုနိုင်လာသည်။ သို့တိုင်အောင် အသံက အင်္ဂလိပ်သံ ပီပီသသ မထွက်သေးပေ။

ဘယ်လဂျီယံပြည့်ရှင်၏ မိဖုရား အယ်လီဇဘက်ထံက ရေးသည့်စာတွင် သူ ဘယ်တော့ ဥရောပသို့ ပြန်လာမည်နည်းဟု အိုင်စတိုင်းအား မေးထားသည်။ သူ့ထံက ပြန်စာတွင် ဥရောပမှာ လုပ်ရဦးမည့် တာဝန်ဝတ္တရားတွေကဖြင့် တောင်တရိုပင် တစ်ပုံ ကြီးရှိသော်လည်း ဒါတွေကိုလုပ်ရအောင် ပြန်လာဖို့ဖြင့် သူ့မှာ သတ္တိမရှိသေးကြောင်း ရေးလိုက်သည်။

ပရင်စတန်တွင်နေသော်လည်း ဂျာမနီပြည်တွင် ဟစ်တလာ လုပ်ကိုင်ဆောင်ရွက် နေသမျှကိုတော့ အိုင်စတိုင်းသည် မျက်ခြည်မပြတ် လေ့လာလျက်ရှိ၏။ ဂျာမနီသည် နိုင်ငံပေါင်းစုံအသင်းကြီးမှ နုတ်ထွက်လိုက်ပြီး ပိုလန်နှင့် မိတ်ဖွဲ့လိုက်ခြင်းသည် လက် နက်ဖျက်သိမ်းရေး အစီအစဉ်အားလုံးကို ပျက်စီးသွားအောင် ဖန်တီးလိုက်ခြင်းပင်ဖြစ် လေသည်။ သူ့အနေနှင့် တတ်နိုင်သလောက် ဂျာမနီ၏ ကြေကွဲစရာဖြစ်ရပ်များနှင့် ကင်းကင်းနေတော့မည်ဟု ဆုံးဖြတ်ထားစေကာ သည်လိုသတင်းဆိုးတွေ ကြားရပြန် တော့ သောကမရောက်ဘဲ မနေနိုင်အောင် ရှိရတော့သည်။ အကယ်၍ ဥရောပသို့ ခဏကလေးဖြစ်ဖြစ် သွားရဦးတော့ သူသည် နိုင်ငံရေးကွန်ယက်ထဲသို့ ကျရပြန်ချေတော့ မည်ဆိုသည်ကိုလည်း ကိုယ်တိုင် နားလည်နေမိတော့သည်။

အမှန်မှာ သူ့ဘဝအတွက် ချမ်းငြိမ်းစွာ ခိုနေနားရာသည် ရူပဗေဒကလွဲ၍ ဘယ်နေရာမှမရှိ။ ရူပဗေဒသည်သာ သူ့အတွက် ခိုအောင်းရာ လဲလျောင်းရာ ဖြစ်တော့ သည်။ သို့သော် အချိန်တွေသာ ကုန်ညောင်းခဲ့ရသည်။ ရူပဗေဒနယ်တွင် သူလိုချင်သော အောင်မြင်မှုကလေးက ယခုအထိ ခေါင်းပြူလို့ပင် မပြသေးယောင်တကား။

ဤလောကတွင် ခေတ်အလိုက် ရေပန်းစားနေသော ကွမ်တမ်သီဝရီသည် အနာဂတ်ရူပဗေဒတိုးတက်မှု၏ တစ်ခုတည်းသော အခြေခံအုတ်မြစ်ဖြစ်သည်ဟူသော အယူအဆကို လက်မခံသည်မှာလည်း သူတစ်ယောက်တည်းသာ ရှိတော့သည်။ သူ့မှာ ကြာလေ တစ်ကောင်ကြွက်တစ်မျက်နှာ ဖြစ်မှန်းမသိ ဖြစ်လေ ဖြစ်နေရသည်။

သူ့စိတ်ထဲတွင် ကမ္ဘာပေါ်၌ ရှိရှိသမျှ အဖြစ်အပျက် အခြင်းအရာခပ်သိမ်းကို ပေါင်းစပ်စက်ကွင်း သီဝရီတစ်ခုတည်းဖြင့်သာ ရှင်းထုတ်ချင်သည်။ ဤစိတ်ကူးအတွက် သူကြိုးပမ်းခဲ့ရသည်မှာလည်း နှစ်အားဖြင့် မနည်းတော့။ မောလှပြီ။ ကြာလေကြာလေ သံသယစိတ် ဝင်လာလေဖြစ်၏။ မျှော်လင့်ခဲ့သည့်အတိုင်း စိတ်ကျေနပ်လောက်သော အဖြေတစ်စုံတစ်ရာကို ရပဲရနိုင်ပါဦးတော့မလား။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မေယာတို့နှစ်ဦးသည် သန္ဓာပေါင်း မြောက်မြားစွာကို အလှယ်လှယ် အပြောင်းပြောင်း စဉ်းစားခဲ့ကြပြီ။ သို့သော် တစ်နည်းမျှမစွံခဲ့။ သူလိုချင်သည့်အတိုင်း သူ့သီဝရီအတွက် လမ်းစပွင့်မလာခဲ့သေးပေ။ သူ့စိတ်ထဲတွင်တော့ သူ ဘာလိုချင်သည် ကို သိပါ၏။ သို့ရာတွင် သူလိုချင်သည်ကို ဖြစ်အောင်လုပ်ပေးနိုင်သော သန္ဓာမှု (လက်နက်ကြိယာ)က တစ်ခုမျှ ဟန်ဟန်ပန်ပန် မရနိုင်ဘဲ ဖြစ်နေရသည်။

"ငါ့အနေနဲ့ ဒီထက်ပိုပြီး သန္ဓာကို ဖြစ်ဖြစ်မြောက်မြောက် တတ်လိုက်လျှင် ဘယ်လောက်ကောင်းချိမ့်မည်နည်း၊ ယခုတော့ ငါ့မှာ မရောက်နိုင်သော မြင်းမိုရ်တောင် ထိပ်ကို တက်နေသူနှင့်သာ တူပေတော့သည်တကား"ဟု ဘယ်လိုမှ ကြံမရသည့်အဆုံး ကိုယ့်ကိုယ်ကို အပြစ်တင်ပြီး ညည်းညူမိလေသည်။

ဝေါလ်တာ မေယာလည်း အိုင်စတိုင်း၏ ရှင်းမရသော အမယ်ဘုတ်ကယ့် သူ့ချည်ခင်ကို ဝိုင်းကူရှင်းပေးချင်စိတ်လည်း မရှိတော့။ စိတ်ကုန်နေပြီ။ ၁၉၃၄ ခုနှစ် ရောက်သောအခါ ဝေါလ်တာ မေယာအတွက် အိုင်စတိုင်း ဓာတ်ရှုပ်ကြီးထဲက အသာ ကလေး ခေါင်းလျှိုးထွက်သွားရမည့် အခွင့်အရေးတစ်ခု ပေါ်လာသည်။ ထိုအခွင့်အရေး မှာ အိုင်စတိုင်း၏ ရုံးဖြစ်သော ပရင်စတန်တက္ကသိုလ်မှ အခန်းနံပါတ် ၂၀၉ သို့ နော်သင်ရိုဆင်ဆိုသော လူငယ် ရူပဗေဒပညာရှင်ကလေးတစ်ယောက် ရောက်လာခြင်း ပင်ဖြစ်၏။ နော်သင်ရိုဆင်သည် သူ၏မဟာဝိဇ္ဇာဘွဲ့အတွက် ဘွဲ့စာတမ်းကို အိုင်စတိုင်း ပထမထုတ်ဝေခဲ့သော ပေါင်းစပ်စက်ကွင်း သီဝရီအပေါ် အခြေစိုက်ရေးနေလေသည်။ အမှန်မှာ ဤရူပဗေဒပညာရှင်ကလေးသည် ရူပဗေဒ၏ တခြားဘက်တွင် ဒေါက်တာ ဘွဲ့ကိုပင် ယူပြီးပြီဖြစ်သော်လည်း ယခုတစ်ဖန် သူရထားသော ပေါင်းစပ်စက်ကွင်း သီဝရီနှင့် ပတ်သက်သည့် အတွက်အချက်များကို အိုင်စတိုင်းနှင့် ဆွေးနွေးလိုပြန်သည်။ အစကတော့ ရိုဆင် လာသည်မှာ ခဏတွေ့ပြီး ဆွေးနွေးရန်ဖြစ်သော်လည်း နောက်ဆုံး တွင် ဝေါလ်မေယာ၏ နေရာတွင် အိုင်စတိုင်း၏ လက်ထောက်အဖြစ် သုံးနှစ်ကြာ လုပ်ကိုင်သွားရသည်။

သူတို့နှစ်ဦး ပူးပေါင်းပြီး စာတမ်းပေါင်းများစွာကို ရေးသားခဲ့နိုင်သည်။ ကွမ်တမ် မက္ကင်းနစ် ပညာနှင့် ပတ်သက်သော ဂဏ္ဍဝင်မြောက် ဝေဖန်ရေးစာတမ်းများကိုလည်း ရေးသားနိုင်ခဲ့ကြ၏။ သို့သော် သူတို့၏ ပေါင်းစပ်စက်ကွင်း သီဝရီကိုမူ မပေါက်မြောက် နိုင်ခဲ့ချေ။

ယင်းသို့ မအောင်မြင်မှုသည် အိုင်စတိုင်း၏ ထိုးထွင်းကြံဆမှုကို အရှိန်သတ် သွားအောင် မတားဆီးနိုင်ချေ။ သူသည် သူရင်ဆိုင်နေရသော ပြဿနာကို နက်နက် ရှိုင်းရှိုင်း စဉ်းစားလာသည်။ သူ ဤသို့လုပ်ရသည့်တွက် စိတ်ပျက်အားလျော့ကြောင်းမပြ။ သူ့အနေနှင့်မူ အောင်မြင်မှုရလို့လည်း သွေးကြွမည့်လူစားမျိုးမဟုတ်။ သူကား ဘယ်လို အခြေမျိုးပဲဆိုက်ဆိုက် နကမ္ဘတိ မတုန်လှုပ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



မက်စ်အိစမင်းဆိုသူ စာရေးဆရာတစ်ဦးသည် နွားမွေးမြူရေးခြံများကို လျှောက်လေ့လာပြီး ပရင်စတန်တွင် အိုင်စတိုင်းနှင့် တွေ့သည်။ သူက 'မိတ်ဆွေကောင်းကြီးများ' အမည်ရှိ စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့၏။ ထိုစာအုပ်တွင် အိုင်စတိုင်းအကြောင်း ရေးသားခဲ့၏။ နွားခြံများကို လျှောက်သွားလှည့်လည်ကြည့်ခဲ့စဉ်က နွားမများမှာ စားလိုက် အိပ်လိုက် ကောက်ရိုးဝါးလိုက် တစ်နေ့ နို့နှစ်ကြိမ်အညှစ်ခံလိုက် ဒါပဲလုပ်နေကြသည်။ သူတို့ဘဝသည် အလွန်ပျော်စရာကောင်းသော ဘဝဖြစ်သည်ဟု အိစမင် မှတ်သည်။

"ခုလို နှိုင်းယှဉ်ပြတော့ ဒီဥပမာက နည်းနည်းရိုင်းရာ အမှနာပဆိုရာလိုများ ကျနေမလားမသိ၊ သို့သော် အိုင်စတိုင်းလည်း ဘဝမှာ ရသမျှနှင့် တင်းတိမ်ရောင့်ရဲတတ်သည့်အတွက် ပျော်နေတတ်သည်"ဟု နွားမများနှင့် နှိုင်းပြီး သူက ဆိုခဲ့လေသည်။

အိုင်စတိုင်းသည် သူ့ကို ဝိုင်းဝန်းနေကြသူများနှင့် တစ်စတစ်စ ခပ်ခွာခွာနေလာလေသည်။

ဥရောပမှာ ကြုံကြိုက်နေရသော စိတ်ဓာတ်ရေး စာရိတ္တပါ ပျက်ယွင်းမှုများကို ကြားနေရတော့ ရင်ထဲက မခံချိအောင် နာသည်။ သို့သော် ဤသို့သော သူရူးတို့ဓာတ်သည် တစ်နေ့တွင် တစ်ခန်းရပ်ပြီး ငြိမ်းချမ်းသာယာ ကိုယ်ချင်းစာတရားနှင့် တရားမျှတခြင်းတို့ ပြန်လည်ခေတ်ထွန်းလာရမည်သာ ဖြစ်သည်ဟု ကိုယ့်ကိုယ်ကို တရားချပြီးသာ ဖြေနေရတော့သည်။ လူ့သမိုင်းတွင် ဤသို့ ဓာတ်ပြောင်းဓာတ်လွဲ ကကြရမည်မှာ ကေန်ဖြစ်၏။ အကူအညီမပါဘဲလည်း ဖြစ်လာမည်သာ ဖြစ်သည်ဟု သူယုံကြည်သည်။ ထို့ကြောင့်လည်း လူထုရှေ့ထွက်ပြီး နိုင်ငံတကာဝါဒကြီးကို ထုတ်ဖော်ကြွေးကြော်နေစရာ မလိုတော့။

၁၉၃၄ ခုနှစ် နွေဦးပေါက်သို့ ရောက်လာပြီ။

အယ်လ်ဆာ၏သမီးအကြီး အိလ်ဆီတစ်ယောက် ရုတ်တရက် ကွယ်လွန်ပြီး သူ့အသုဘကို ပါရီတွင်လုပ်ခဲ့ကြောင်း သိရသည်။ အယ်လ်ဆာမှု ဖြေမဆည်သာတော့။ အယ်လ်ဆာသည် သမီးကို သင်္ဂြိုဟ်ပြီး ရလာသည့် အရိုးပြာကို အိမ်ပေါ်မှာပင်ထားသည်။ နောင် လပေါင်းများစွာကြာသော်မှ လယ်လ်ဆာက မိတ်ဆွေတစ်ဦးထံရေးသည့်စာတွင် "သူ့ကို ယနေ့ထိ တမ်းတရလို့ မဆုံးသေးပါဘူးကွယ်၊ သူ့အတွက် ကြေကွဲရလို့ မဆုံးသေးပါဘူး"ဟု ရေးခဲ့၏။

နောက်မကြာမီ သမီးအငယ် မာဂေါ့ရောက်လာပြီး အတူနေသဖြင့်သာ အယ်လ်ဆာမှာ အတန်ငယ် သက်သာသလိုရှိသွားသည်။

မာဂေါ့မှာလည်း သူ့ပြဿနာနှင့်သူ ရှိသည်။ ၁၉၂၉ ခုနှစ်တွင် မာဂေါ့တို့ လက်ထပ်ခဲ့ကြသည်။ သို့သော် မာဂေါ့၏ယောကျ်ားမှာ လက်ထပ်ပြီးသည့်အချိန်ကစ၍

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်သက်တမ်း တစ်လျှောက်လုံး အလုပ်အကိုင်ရယ်လို့ မည်မည်ရရ မရှိခဲ့။ သူမှာ မဂ္ဂဇင်းများ၌ အနည်းအကျဉ်း စားရေးသော်လည်း တခြားသော လူမှုရေးကိစ္စတွေကိုသာ သားပစ်မယားပစ် တစ်နေကုန် ဆောင်ရွက်နေတတ်လေသည်။ သူကျွမ်းကျင်သည့် အလုပ်လို့လည်း ဘာတစ်ခုမျှ မည်မည်ရရ ပြစရာမရှိ။ သူကား ယောင်ခြောက်ဆယ်လူတစ်ယောက်သာ ဖြစ်တော့သည်။ အိုင်စတိုင်းလည်း သမက်လုပ်သူကို ကြည့်ပြီး သည်းမခံနိုင် ဖြစ်ခဲ့ရသည်မှာကြာပြီ။ ၁၉၃၄ ခုနှစ်ဆန်းကတည်းက မာဂေါ့၏ယောကျ်ားသည် ယေဝတီဒုက္ခသည်များအတွက် လုပ်ငန်းတစ်ခုလုပ်ရန် အစီအစဉ်နှင့် ပရင်စတန်သို့ ရောက်လာသည်။ သို့သော် သူ့အလုပ်က မအောင်မြင်။

ထိုအခါ သူက မာဂေါ့တို့ကို သူ့အနေနှင့် ဆက်လက်မထောက်ပံ့နိုင်တော့ဟု ဆိုလေတော့သည်။ ဤတွင် မာဂေါ့က သူ့ယောကျ်ားနှင့် ကွာရှင်းလိုက်လေသည်။

ဤသို့ကွာရှင်းပြီးမှပင် မာဂေါ့၏ယောကျ်ားနှင့် အိုင်စတိုင်းတို့သည် ယေဝတီဒုက္ခသည်များ ကယ်ဆယ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ နယူးယောက်တွင် လုပ်ငန်းပိုင်ရှင်ကြီးများနှင့် ဆွေးနွေးရန် သီးသန့်ထမင်းစားပွဲတစ်ခုသို့ သွားခဲ့ကြသေးသည်။ ထိုပွဲသို့ မာဂေါ့ကိုလည်း ဖိတ်သည်။ သို့သော် သူမမှာ လူစိမ်းများနှင့် မတွေ့လိုတော့ဆိုကာ မတက်လာခဲ့။

ထိုထမင်းစားပွဲတွင် ဟင်နရီမော်ဂင်သူလည်း တက်သည်။ ဟင်နရီမော်ဂင်သူသည် မာဂေါ့တို့ ကွဲသွားကြကြောင်း မသိသေးပေ။ ထို့ကြောင့် မာဂေါ့၏ယောကျ်ားအား လှမ်းမေးသည်။

"ဘယ်မလဲ ခင်ဗျားဇနီးလည်း မပါပါလား"

"ဟုတ် ဟုတ်ကဲ့၊ သူ အိမ်မှာကျန်ရစ်ပါတယ်၊ နည်းနည်းခေါင်းကိုက်လို့တဲ့" မာဂေါ့ယောကျ်ားက အရှက်ပြေ ဖြေလိုက်သည်။ ဤတွင် အိုင်စတိုင်းက ဖြတ်ပြောလေတော့သည်။

"မဟုတ်ဘူး မဟုတ်ဘူး၊ ကျုပ်သမီး ဘာမှမဖြစ်ပါဘူး။ နို့ပေတဲ့ သူ့မှာ ခုသိပ်ရှက်စရာကောင်းတဲ့အဖြစ်နဲ့ ကြုံနေရလို့ မလာတာ"

မာဂေါ့သာမက အိုင်စတိုင်းလည်း ဖြစ်နိုင်သမျှ လူမှုရေးကိစ္စများနှင့် ပတ်သက်လာလျှင် ရှောင်နေလေသည်။ နယူးယောက်မြို့မှာ စတော့ကုန်သည်ပွဲစားတစ်ဦးဖြစ်သော အိုင်စတိုင်း၏ဆွေမျိုး၊ နော်မင်စတိုင်းဟာတ်မူလာတို့ မိသားစုသာ စနေနေ့ညနေပိုင်းတွင် အိုင်စတိုင်းတို့အိမ်သို့ အလည်အပတ် မှန်မှန်လာကြသည်။ သူကလည်း အပြန်အလှန်အနေနှင့် သူ့ကလပ်တွင် ညစာစားဖို့ ရုပ်ရှင်ကြည့်ဖို့ ဖိတ်သည်တွင် အိုင်စတိုင်းက "ကျုပ် ဒီလို လူများဒုက္ခဖြစ်အောင် လုပ်ရဲတဲ့သူမဟုတ်ပါဘူး"ဟု ပြန်ရေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ အိုင်စတိုင်းမှာ တမင်တကာ ဘာမှ လူတွေမျက်စိထဲ အထင်ကြီးအောင် မလုပ်သော်လည်း သူ့အကြောင်းက ကြီးကျယ်သည်ထက် ကြီးကျယ်နေလေသည်။

ဟားဘတ်တက္ကသိုလ်ကလည်း အိုင်စတိုင်းအား ဂုဏ်ထူးဆောင်လက်မှတ်တွေက ယူမကုန်အောင်ရှိ၏။ ဤလက်မှတ်များနှင့် အိမ်နံရံတစ်ခုလုံး ကပ်ဦးတော့ ကုန်မည်မဟုတ်ကြောင်း၊ ဟားဘတ်တက္ကသိုလ် ပုဂ္ဂိုလ်များက သိနေသဖြင့် သူ့အား ဖိတ်ကြားစေကာ လာချစ်မှလာမည်။ အခမ်းအနားပွဲကြီးလုပ်ပြီးကာမှ သူက မတက်ရောက်လိုဘူးဆိုပြန်လျှင် ဒုက္ခရောက်ချိမ့်မည်။ ဤကိစ္စတွင် ဟာလို ရှပ်ပလေက ကြားဝင် ဆက်သွယ်ပေးသည်။

ရှပ်ပလေက အိုင်စတိုင်းထံသို့ စာတစ်စောင်ရေးလိုက်လေသည်။ စာထဲတွင် အိုင်စတိုင်းအား ဟားဘတ်တက္ကသိုလ်က ဂုဏ်ပြုပွဲသို့ တက်ရောက်ပါရန်။ ထိုသို့ တက်ရောက်သောအခါ သူ့အိမ်မှာပင် တည်းခိုပါရန်နှင့် သူလာလျှင် သူနှင့်အတူ သူ့ တယောကလေးပါ ယူခဲ့ပါရန် ထည့်ရေးလိုက်သည်။ ရှပ်ပလေတို့မိသားစုသည် ဂီတဆည်းဆာပွဲကလေးကို အလွန်မြတ်နိုးတတ်ကြောင်း အိုင်စတိုင်းလည်း သိသည်။ ဤစာကို ရလျှင်ရချင်း အိုင်စတိုင်းက ချက်ချင်းပင် လက်ခံရန် ဆုံးဖြတ်လိုက်လေသည်။ အယ်လ်ဆာကသာ ရှပ်ပလေအား အိုင်စတိုင်း ဝမ်းဗိုက်မှာ ယခုအခါ အတော်ပင် အခြေအနေဆိုးနေသဖြင့် အစားအသောက်ကိစ္စ ဂရုပြုပါရန်နှင့် ဆေးလိပ်မတိုက်ပါရန် သီးသန့်ပြောရသည်။

အိုင်စတိုင်းသည် လူစုလူဝေးကြီးနှင့် ချီပြီး ကြိုလားပြုလားလုပ်သည်ကို မကြိုက်မှန်း ဟားဘတ်တက္ကသိုလ်က ပုဂ္ဂိုလ်များက သိသည်။ ထို့ကြောင့် သူလာမည်ဆိုသော သတင်းကို သတင်းစာများသို့ သိခွင့်မပေးဘဲ ထိန်းသိမ်းထားလိုက်သည်။ သို့ရာတွင် ကောလာဟလသတင်းများကား ဖုံးဖိထား၍ ရကောင်းသည်မဟုတ်၊ အနည်းထက်အများ ပေါက်ကြားတတ်ပေရာ သတင်းအစအနမှာ ပြန့်သွားသည်။

အိုင်စတိုင်းရောက်မည့်နေ့မတိုင်မီ တစ်ရက်တွင် ဟားဘတ်တက္ကသိုလ်အတွင်းရေးမှူးထံသို့ တယ်လီဖုန်းရောက်လာသည်။

"ဒီမှာ ကျုပ် ခု ဘူတာရုံရောက်နေပြီ။ ဘယ်သူမှလည်း လာကြိုတာ မတွေ့ဘူး။ ကျုပ်က ဘာလုပ်ရမှာလဲ"

အသံမှာ အိုင်စတိုင်း၏အသံပင် ဖြစ်သည်။

အတွင်းရေးမှူးမှာ ပါမောက္ခ အိုင်စတိုင်းအသံကို မမျှော်လင့်ဘဲ ကြားလိုက်ရသဖြင့် အံ့အားသင့်ကာ တောင်းပန်ရတော့သည်။

"အိုး ပါမောက္ခကြီးရောက်နေပြီ။ ကျွန်တော်တို့ မကြိုမိတဲ့အတွက် စိတ်မကောင်းပါဘူး။ တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့က ပါမောက္ခကြီး နက်ဖြန်ကာတောင် ရောက်ရောက်ပါ့မလားလို့ မှတ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ကမန်းကတန်း သွားကြရသည်။ သို့ဖြင့် သတင်းစာဆရာများမှာ သူတို့ကြားနေရသော အိုင်စတိုင်း ဟားဘတ်သို့ လာမည်ဆိုသည့် ကောလာဟလသတင်းကို အတည်မပြုနိုင်ဘဲ ရှိခဲ့လေသည်။

နောက်တစ်နေ့ညစာ ထမင်းစားပွဲပြီးသောအခါ အိုင်စတိုင်းသည် သူ့ဆေးတံကို ရှာတော့သည်။ သူ့မျက်လုံးများမှာ ရုပ်ပလေက တစ်ပါးသူများကို ကမ်းပေးနေသည့် ဆေးလိပ်ခွက်ဆီသို့သာ ရောက်နေလေသည်။ သူလက်လှမ်းမီလောက်သော နေရာသို့ ရောက်သောအခါ သူ့မှာ ဟန်လုပ်မနေနိုင်တော့ဘဲ ဆေးလိပ်ကို လှမ်းဆွဲလိုက်၏။

"အား ကျူပ်မိန်းမတော့ ပြောတော့မှာပဲ"ဟုလည်း နှုတ်က ဆိုလေသည်။

ညနေဂီတဆည်းဆာ အခမ်းအနားတွင် အိုင်စတိုင်းက သူ့တယောကလေးဖြင့် အဖွင့်တေးကလေးကိုစတီးသည်။ ဤတစ်ကြိမ်တွင် သူသည် ပတ်ဝန်းကျင်က လှုံ့ဆော်ပေးခြင်းကြောင့်ပဲလားမသိ ဂီတရေအလျဉ်မှာ မျောပါနေလေသည်။ သူ့ဂီတကား အလွန့်အလွန် အောင်မြင်သွားသည်။ နောက်ပိုင်းတွင် သူ့ဧည့်သည်ကြီး အိုင်စတိုင်းအား ရုပ်ပလေက ဂုဏ်ပြုပွဲအပြီး၌ ယခုလိုညနေမျိုး တစ်ကြိမ်ပြုလုပ်နိုင်ရန် တစ်ညဥ့်ဆက် နေနိုင်လျှင် နေပါဦးဟု ဆိုသည်။

"အိုး ဒါက ဘာအရေးလဲ။ အနုပညာအတွက်ဆို ဘာမဆိုဖြစ်နိုင်တယ်ကွယ့်။ တစ်ရက်တစ်ညမဟုတ်ဘူး ဘယ်နှစ်ရက်နေရနေရ ကျူပ်နေမယ်"ဟု အိုင်စတိုင်းက အားရဝမ်းသာ ပြန်ပြောလိုက်လေသည်။

အိုင်စတိုင်းကို သည့်နောက်ပိုင်းတွင်တော့ နယူးယောက်မြို့တွင် တွေ့ခဲ့ရသည်။ သည်မြို့သို့ ရောက်လျှင်လည်း အရှေ့ဘက်ပိုင်းတွင်နေသော ဓာတ်မှန် စပါယ်ရှယ်လစ် မိတ်ဆွေကြီး ဒေါက်တာ ဂပ်စတပ် ဘတ်ကီအိမ်သို့သာ တန်းသွားသည်။ ဘတ်ကီလည်း ဟစ်တလာ ထလာသည့်အချိန်ကစ၍ ဂျာမနီကို စွန့်လာခဲ့သူဖြစ်၏။

ဘတ်ကီနှင့် အိုင်စတိုင်းတို့နှစ်ဦးမှာ စကားပြောရာတွင် အလွန်အကြောတည့်ကြသူများဖြစ်သည်။ အိုင်စတိုင်းမှ ဘယ်အကြောင်းအရာမျိုးပဲဖြစ်ဖြစ် အခြေခံသဘောကို သိပြီးဖြစ်ရကား ဆင်ခြေတစ်ခုဖြစ်လာလျှင် ဘယ်အကွက်လောက်ကစပြီး အလွယ်ဆုံးရှင်းထုတ်လိုကရလျှင် မိမိလိုရင်းအချက်ကို ရောက်မည်ကို သိသည်။ ဘတ်ကီ၏ဇနီးသည် ဖရိုက်ဒါမှာ စန္ဒရားဆရာမတစ်ဦးဖြစ်သည်။ ဘတ်ကီတို့အိမ်မှာ နေရခြင်းသည် အိုင်စတိုင်းစိတ်ထဲတွင် ဥရောပမှာ နေရသလိုပင် တွေ့ထိခံစားမိတော့သည်။

၁၉၃၄ ခုနှစ် ခရစ္စမတ်ပွဲကြီးနေ့တွင် ဘရော့ဒဝေးသို့ ရုပ်ရှင်ကြည့်ရန် သွားခဲ့သည်။ သတင်းစာဆရာများက အိုင်စတိုင်း ရုပ်ရှင်သွားကြည့်ကြောင်း ကြားသိသွားသည်နှင့် တစ်ပြိုင်နက် ရုပ်ရှင်ရုံသို့ သတင်းထောက်များ လွှတ်နှင့်ပြီ။ အိုင်စတိုင်းမှာ လက်မှတ်မဝယ်မီကပင် သူတို့က ရောက်နှင့်ကြသည်။

www.burmeseclassic.com



တစ်ယောက်က အိုင်စတိုင်းအား "ဆန္တာကလော့ဆိုသော အဘိုးကြီးရှိသည်ဟု ယုံပါသလား"ဟု မေးလေသည်။ အိုင်စတိုင်းကမဖြေ၊ ရယ်သည်။ ဤတွင် သတင်းထောက်က "ပြောပါဦး ပါမောက္ခကြီးရဲ့။ ယုံလား ဟင်၊ ယုံကြည်ပါသလားခင်ဗျာ"ဟု နောက်ကလိုက်မေးသည်။

ရုပ်ရှင်ရုံထဲဝင်သွားပြီး နောက်နှစ်နာရီလောက်အကြာ ရုပ်ရှင်ရုံထဲက ပြန်ထွက်လာတော့လည်း သတင်းထောက်ကလေးသည် ရုံဝကစောင့်ပြီး မေးတုန်းရှိသေးသည်။ "ယုံပါသလား ပါမောက္ခကြီး၊ ယုံပါသလားခင်ဗျာ"

"ဒီလိုကွဲ့ သူငယ်ရဲ့ ဆန္တာကလော့ဆိုတာက ပုဂ္ဂိုလ်နဲ့ဆိုင်တယ်ကွယ့်၊ ကိုယ့်အပေါ်တည်တယ်၊ ဒီအကြောင်း နောက်တော့ ကျူပ်စဉ်းစားပြီး ကြေညာချက်ထုတ်ဦးမယ်"ဟု ပြန်ဖြေမှ ကျေနပ်သွားလေတော့သည်။

ပရင်စတန်တွင်တော့ အိုင်စတိုင်းမှာ အသက်ဉာဏ်စောင့်မဟုတ်တော့။ သူ့အသက်ကို အယ်လ်ဆာနှင့် ဟယ်လင်ဒျူးကပ်တို့က စောင့်နေတော့သည်။

တစ်နေ့တွင် ပရင်စတန် အထက်တန်းကျောင်းမှ ထုတ်ဝေသော သတင်းစာတွင် ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း ထည့်ရန် အိုင်စတိုင်းထံသို့ ဆယ့်ငါးနှစ်အရွယ်ခန့်ရှိ သတင်းထောက်ကလေး ဟင်နရီရော့ဆို ဆိုသူ ရောက်ရှိလာသည်။

"အင်း တိုတိုပြောရရင်တော့ကာ ငါ့ကို တစ်ကြိမ်က ငါ့အမေက မွေးခဲ့တယ်ပေါ့ ဟုတ်ဘူးလား။ ဒါက ထင်ရှားတာပဲ။ နောက်တော့ ငါက သဘာဝတရားကြီးဟာ အံ့ဩစရာကောင်းလောက်အောင် ထူးထူးဆန်းဆန်းဖြစ်နေတယ်ဆိုတဲ့အကြောင်း ငါက ရှာဖွေဖော်ထုတ်ခဲ့တယ်၊ တို့အလုပ်ကတော့ သဘာဝတရားကြီး ဘယ်လိုဖြစ်ပျက်နေတယ်ဆိုတာကို သင်္ချာနည်းနဲ့ ဖော်ပြဖို့ပေါ့ကွယ်"ဟု ဖြေလိုက်သည်။

အိုင်စတိုင်းသည် ဖူးရစ်တွင် နေစဉ်ကတည်းက သိပ္ပံပညာရှင်များအနေနှင့် တကယ့်ပြဿနာရှိလာလျှင် လက်ခံဆွေးနွေးရန် အမြဲအရန်သင့်ရှိခဲ့၏။ ထိုအစဉ်အလာကလေးကို ပရင်စတန်ရောက်တော့လည်း သူက လက်ကိုင်ပြုထားသည်။ သူ့စိတ်ထဲတွင် တကယ်တော်သည်ဟု မျက်စိကျပြီး မှတ်ယူသော ကျောင်းသားများအား အမြဲအားပေးတိုက်တွန်းသည့် မှတ်ချက်များ ရေးပေးလေ့ရှိသည်။ ယင်းမှတ်ချက်မျိုးကို သင်္ချာရူပဗေဒကို အဓိကယူနေသော ဖိလစ် အိပ်ချ် ဖဲနစ်ဆိုသော ကျောင်းသားကလေးသည် သူ၏ စာတမ်းတစ်စောင်အတွက် အိုင်စတိုင်းထံမှ ရရှိခဲ့သည်။

ဖဲနစ်သည် အိုင်စတိုင်းအား သူ့ရုံးခန်းတွင် ခဏကလေး လာတွေ့ရာမှ ခင်မင်သွားကြသည်။ နောက်အခါ ဖဲနစ်သည် ပညာရေးဌာန ပါမောက္ခဖြစ်လာသည်။

အိုင်စတိုင်းရင်ထဲတွင် တစ်နေ့ထက်တစ်နေ့ သူတစ်ပါးအပေါ် ကြင်နာစိတ်၊ ကရုဏာစိတ်၊ ပရဟိတစိတ်တို့သာ တဖွားဖွား ဖြစ်ပေါ်နေသည့်အလျောက် မိမိ၏

www.burmeseclassic.com

www.burmeseclassic.com



အတ္တုပတိတအလို့ငှာ ဘာကိုမျှ လိုချင်တပ်မက်စိတ် မရှိတော့ပေ။ ယခုဆိုလျှင် သူများက အမြတ်တနိုးဆိုပြီး ပေးလာသည့် ဆေးတံ၊ ခါတ်ပုံများကိုပင် လက်မခံတော့ ငြင်းပယ်နေလေတော့သည်။

သူ့ကိုယ်သူ တတ်နိုင်သမျှ လွတ်လွတ်လပ်လပ်ပဲ နေချင်သည်။ ဤသို့ လွတ်လွတ်လပ်လပ် ဖြစ်သမျှ ရသမျှနှင့် ရောင့်ရဲတင်းတိမ်နေလိုခြင်းကို သူ့အဝတ်အစားများက ပြသည်။ ဂျာမနီတွင် နေစဉ်ကတော့ သူ့ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် အစဉ်ပဲ အယ်လ်ဆာက ဂရုတစိုက် ဆင်သပေးခဲ့သည်။ ပရင်စတန်ရောက်တော့ အိုင်စတိုင်းမှာ အဝတ်အစားလည်း ဂရုမစိုက်တော့။ လုံးထွေးကြေမွနေသည်ကိုလည်း ဝတ်တော့သည်။ နေ့တိုင်းဆိုသလိုပင် အပေါ်ပိုင်းက သားရေဂျာကင်ကြီးတစ်ထည်ကို ထည်လဲမရှိ ဝတ်သည်။ ဘောင်းဘီအစုံကလည်း ဟောင်းနွမ်းလှပြီ။ ခြေထောက်တွင် သားရေပျော့ဖိနပ်တစ်ခုကိုသာ အတွင်စီးတော့သည်။ များသောအားဖြင့် ညှပ်ဖိနပ်လို ဖိနပ်မျိုးကိုသာ လွယ်လွယ်ကူကူ စီးနင်းတတ်သည်။

သူ့ဆံပင်မှာ ကြွက်သိုက်လို ပွနေ၏။ တစ်ခါမျှ မှန်မကြည့် ဘီးမသင်တော့ သွားတိုက်ရကောင်းမှန်း၊ ခြေသည်းလက်သည်း ဖြတ်တောက်ရကောင်းမှန်းပင် သူ့မှာ မသိတော့။ ဖြစ်သလိုနေ၏။

သူ့မျက်စိထဲတွင် အမေရိကန်လူမျိုးများလည်း ရုံးပိတ်ရက်အားများတွင် လွတ်လွတ်လပ်လပ် ဝတ်စားတတ်ကြသည်ဟု မြင်နေ၏။ အမေရိကန်လူမျိုးများမှာ လူရှေ့သူရှေ့ ပွဲလမ်းသဘင် ရုံးကန္တား မသွားရသောအခါမှ ပေါ့ပေါ့ပါးပါး ဖြစ်သလို ဝတ်တတ်သော်လည်း သူ့အဖို့မှာတော့ အချိန်တိုင်း ရုံးကန္တားမရှောင် ပစ်စလက်ခတ် ဝတ်စားနေလေတော့သည်။

နယူးဂျာစီမှ ကွန်ဂရက် လွှတ်တော်အမတ်များ အမေရိကန်တွင် ငါးနှစ်ဆက်တိုက် နေဖူးသူအား အမေရိကန်ပြည်သားအဖြစ် ခံယူနိုင်ခွင့်ကို ပယ်ဖျက်ရန် တောင်းဆိုလိုက်သောကြောင့် အိုင်စတိုင်းလည်း အလိုလို အမေရိကန်သားအဖြစ် ခံယူနိုင်ခွင့်ရသွားသည်။ အိုင်စတိုင်းအနေနှင့်တော့ သူ့အတွက် တမင်အခွင့်ထူးတစ်ရပ်အနေနှင့် ဖန်တီးပေးခြင်းမျိုးတော့ မလိုချင်ပေ။ ယခုအထိ သူတို့လင်မယား အိမ်ထောင်စုမှာ ဧည့်သည်ဗီဇာနှင့် နေရသေးသည်။

သူတို့အနေနှင့် အမြဲတမ်းနေထိုင်ခွင့် ဗီဇာကို ရအောင်ယူပြီး အမေရိကန်ပြည်သားအဖြစ် ခံယူရန် ငါးနှစ်စောင့်လိုသည်။ ယခင် ဥပဒေအဟောင်းအရတော့ ထိုဗီဇာမှာ ပြည်ပတွင် ရှိနေစဉ်ကတည်းက ယူခဲ့ရမည်ဖြစ်၏။

၁၉၃၅ ခုနှစ် မေလတွင် အိုင်စတိုင်းနှင့် အယ်လ်ဆာ၊ ချူကပ်စ်၊ မာဂေါ်တို့ သုံးဦးသည် ဘာမူဒါသို့ သင်္ဘောဖြင့် ထွက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမရောက်စဉ်မှာပင် ဘုရင်ခံက အိုင်စတိုင်းတို့မိသားစုကို ညစာစားပွဲ ဖိတ်သည်။ သို့သော် အိုင်စတိုင်းကမူ ဟာမစ်လတန်မြို့ရှိ စားသောက်ဆိုင်တစ်ဆိုင် တွင်သာ သွားစားချင်သည်။ စားသောက်ဆိုင်သို့ သွားစားသောအခါ ထမင်းချက် စားဖိုမှူးဖြစ်သော ဂျာမန်အမျိုးသားကြီးက ထွက်လာပြီး အိုင်စတိုင်းအား နှုတ်ဆက် သည်။ သူ့အနေနှင့်တော့ သိပ္ပံပညာတွေဘာတွေ စိတ်ဝင်စားလို့မဟုတ်။ အိုင်စတိုင်းနှင့် တွေ့ရခြင်းဖြင့် ဂျာမနီအကြောင်း အောက်မေ့စရာများ ပြောဆိုချင်၍ လာတွေ့ခြင်းသာ ဖြစ်လေသည်။

ထိုထမင်းချက် စားဖိုမှူးကြီးနှင့် တွေ့ရပြီး ဂျာမနီ၏ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေစဉ်အခိုက်မှာတော့ အိုင်စတိုင်းလည်း သူ့ပေါင်းစပ်စက်ကွင်း သီဝရီကြီးကို မေ့နေတော့၏။ သူက စားဖိုမှူးကြီးနှင့် ဝမ်းသာအယ်လဲ ဟက်ဟက်ပက်ပက် ရယ်ကာ မောကာ စကားလက်ဆုံကျလေသည်။ နောက်တစ်နေ့တွင်လည်း သူတို့နှစ်ယောက်သား ရွက်လှေကလေးအတူစီးပြီး အကြာကြီး အပြင်သို့ထွက်လည်ကြသည်။ ဤတစ်ကြိမ် တွင်တော့ အိုင်စတိုင်း၏ ရယ်မောသံကို ကမ်းသောင်ယံအနှံ့ ပဲ့တင်တပ်မျှ ကြားရပြန် လေ၏။

ဒီနှစ်အဖို့ နွေက စောစောရောက်လာသည်လို့ပဲ ဆိုရမည်။ အိုင်စတိုင်းအဖို့ နွေ၏အပူရှိန်သည် ဘာမျှအကြောင်းမထူးစေကာ အယ်လ်ဆာအဖို့မှာတော့ သမီးကြီး အိလ်စီကို လွမ်းစိတ်က ပိုလာပြီး နွေရင့်လေ အရွှးရင့်လေ ဖြစ်နေတော့သည်။ အယ်လ် ဆာ စိတ်သက်သာပါစေတော့ဆိုပြီး ရေကူးကန်၊ တင်းနစ်ကွင်းများ အစုံပါသော အိမ်ကြီးတစ်ဆောင်ကို အိုင်စတိုင်းက ငှားပေးသည်။ အိမ်နှင့်အတူ ရွက်လှေတစ်စင်း ကိုလည်း ငှားပြီး အိမ်အနီးက မြစ်ထဲတွင် အချိန်ရှိသရွေ့ ရွက်လွှင့်နေလေတော့သည်။ သူ့အိမ်သို့ ကားတစ်စင်း ဝင်လာပြီလားဆိုလျှင် သူက ရွက်လှေကလေးနှင့် မြစ်ကြော တစ်လျှောက် ရွက်လွှင့်ထွက်သွားလေတော့သည်။

ရပ်ထဲရွာထဲက မိန်းမကြီးများက လာလည်ကြလျှင် သူနှင့်လည်း စကားစမြည် ပြောချင်သည်။ ယဉ်ကျေးမှုတစ်ရပ်အနေနှင့် စကားလက်ခံပြောသင့်သည်ဟုလည်း ထင် သည်။ သူက မပြော၊ သူ့ဘာသာသူ ရွက်လှေနှင့်ပဲ အလုပ်ရှုပ်နေတတ်၏။ သည်တော့ အယ်လ်ဆာကပဲ ဖာထေးပြီးပြောရသည်။

"သူ့တော့ မပြောပါနဲ့တော့ရှင်၊ သူက တကယ့်ကလေးဆိုးကြီးတစ်ယောက် လိုပါပဲ"

သူတို့ပါမောက္ခကြီးကို မြင်ရတိုင်း ဟိုသစ်ပင်ကြားထဲဝင်ပြီး ပျောက်ကွယ်သွား တတ်သော သူ့ကျောပြင်ကိုသာ မြင်လိုက်ရသည်။ မျက်နှာချင်းဆိုင် တစ်ခါမျှ ပြောဆို ဆက်ဆံရသည်တော့ မရှိခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဤအရပ်တွင်နေစဉ် သတင်းထောက်ပေါင်း နှစ်ဆယ်လောက်က သူနှင့်တွေ့ဖို့ ကြိုးစားကြသည်။ သူတို့အနက် ဂျက်လေယာဆိုသူတစ်ဦးသာ တွေ့ခွင့်ရသည်။ သူသည် အိုင်စတိုင်းတို့ အိမ်လှေကားထစ်ကနေ ရှစ်နာရီလုံးလုံး ဘယ်မှမသွားဘဲ စောင့်သဖြင့် နောက်ဆုံး အိုင်စတိုင်းက သနားလာပြီး ဓာတ်ပုံတွက် အရိုက်ခံသည်။ ပြီးတော့ လေယာက သူနှင့်အတူ ရွက်လှေလိုက်စီးရင်း လိုချင်သည့်ပုံများ ရိုက်ယူရလေသည်။

နောက်လေးငါးရက်အကြာတွင် အနီးအနားက မြို့ကလေးတစ်မြို့ထဲ လမ်းလျှောက်သွားသောအခါ လူတစ်ယောက်က အိုင်စတိုင်းရှေ့ကရပ်ပြီး "နေပါဦး၊ ခင်ဗျား ကို ကျုပ်တွေ့ဖူးသလိုပဲ၊ ဘယ်နေရာမှာတွေ့ဖူးလဲ တစ်နေရာတော့ တစ်နေရာပဲဗျ"ဟု ဆိုသည်။

"အား ဟုတ်မယ်၊ ခင်ဗျားသတိမထားလို့ ဖြစ်ပါလိမ့်မယ်၊ ကျုပ်က ခု ဒီမှာ တော့ ဓာတ်ပုံဆရာတွေရဲ့ ဟို စံပြရုပ်လို့ခေါ်မလား။ အဲ အဲဒီလိုဖြစ်နေတာကလားဗျ"ဟု သူက ပြန်ပြောသည်။

ပရင်စတန်သို့ သူတို့မိသားစု ပြန်လာကြသောအခါ အယ်လ်ဆာ၏ မျက်လုံး တစ်ဖက်မှာ ဖူးရောင်တက်လာသည်။ အယ်လ်ဆာကိုယ်မှာ အားမရှိတော့သလို အသက် ရှူလည်း ကျပ်နေလေတော့သည်။ ဆရာဝန်များကတော့ သူ့အသည်းနှလုံးထဲတွင် ပူလောင်ခံခက်သော ပရိဒေဝရောဂါ ဖြစ်နေသည်ဟု ဆိုသည်။ သူ့အခြေအနေကား အတော်ပင် ဆိုးနေပုံပေါ်သည်။

အိုင်စတိုင်းအဖို့ အပူမီးတစ်လုံးက ပိုလာပြန်သည်။ အယ်လ်ဆာတစ်ယောက် ကောက်ကာငင်ကာ နာမကျန်းဖြစ်သည်ဖြစ်၍ သူမှာရှေ့ဆက်ပြီး လုပ်စရာရှိသည်များ ကိုလည်း မလုပ်နိုင်တော့ပေ။

တောင်အာဖရိကမှ ဂျင်နရယ် ဂျန်ခရစ္စယန်စမ့ ဆိုသူက ဥရောပရှိ ငြိမ်းချမ်းရေး အလုပ်သမားများကို အားပေးစာရေးပါဦးဟု စာရေးတိုက်တွန်းသည်ကိုပင် သူ့မှာ ဂရုမစိုက်နိုင်တော့ပေ။ သူ့အနေနှင့် အရေးယူဆောင်ရွက်စရာလည်း မလိုတော့ပြီ။ သူက သူ့အမြင် သူ့အယူအဆမှာ လူတိုင်းသိနေကြပြီဖြစ်၍ နောက်ထပ် ဆိုဖွယ်မရှိ ဟုသာ ပြန်ပြောလိုက်၏။

ထိုအချိန်တွင် လွန်ခဲ့သော ၁၆ နှစ်ခန့်က ဘာလင်တွင် တပည့်ဖြစ်ခဲ့ဖူးသော လူငယ် ရူပဗေဒပညာရှင်ကလေး လီယိုပိုအင်ဖဲလ်ဒ်သည် အမေရိကသို့ ရောက်လာရာ ရောက်လျှင်ရောက်ချင်း ပရင်စတန်တက္ကသိုလ်ရှိ အိုင်စတိုင်းရုံးခန်းတွင် လာတွေ့သည်။ အင်းဖဲလ်ဒ်သည် အင်မတန် ပင်ပန်းနွမ်းနယ် ညှိုးချုံးနေသော အိုင်စတိုင်း၏ မျက်နှာ ကိုသာ အစဉ်တစိုက် စေ့စေ့ကြည့်နေမိတော့သည်။

သို့သော် အိုင်စတိုင်းသည် အင်းဖဲလ်ဒ်ကို တွေ့ရသောအခါ သူ့ကျန်းမာရေး အခြေအနေ ဘယ်သို့ရှိသလဲ။ အဆင်ပြေမှုရှိရဲ့လား။ လွန်ခဲ့သောအချိန်တွေက အတွေ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီးခဲ့ပြီလဲ၊ ဘာတစ်ခုမှမပေးဘဲ ကောက်ကာငင်ကာ ထိုင်ရာမှထပြီး အနီးရှိ သင်ပုန်းကြီးတွင် ယခု သူဆောင်ရွက်နေသော သဘောတရားနှင့် ပတ်သက်သည့် သင်္ချာကိန်းများကို ချရေးပြလိုက်လေတော့သည်။

ဤပိုလန်ပြည်သား လူငယ်ရူပဗေဒပညာရှင်ကလေးကား နယ်နယ်ရရမဟုတ်။ အိုင်စတိုင်းက တစ်ထွာလောက်ပြလိုက်သည် ဆိုလျှင်ပင် တစ်လံမက မြင်ချေပြီ။ သူဘာကိုရည်ရွယ် ဘယ်လိုကြိုးပမ်းနေသည်ကိုလည်း ချက်ချင်း ရိပ်စားမိ၏။ သုံးလေးရက်အတွင်း အိုင်စတိုင်း တွက်ချက်ထားသည်များကို အင်းဖဲလ်ဒ် လေ့လာသည်။ ပြီးနောက် အိုင်စတိုင်းအနေနှင့် ဘယ်လမ်းကိုလိုက်ပြီး ဘယ်လိုလုပ်လိုက်လျှင် သူကူမည်ဆိုသည်ကိုပါ ထောက်ပြနိုင်တော့သည်။ ထိုအချိန်တွင် သူ့လက်ထောက် ရှိဆင်လည်း မရှိတော့ပြန်ပြီဖြစ်၍ အင်းဖဲလ်ဒ်သည် အိုင်စတိုင်း၏ လက်ထောက်အသစ် ဖြစ်လာရပြန်၏။

သူနှင့်အစအလုပ်မလုပ်မီ အင်းဖဲလ်ဒ်သည် မက်စ်ဘွန်းနှင့် အခြားနာမည်ကျော်ရူပဗေဒပညာရှင်များနှင့် အလုပ်လုပ်ခဲ့သေး၏။ သို့သော် သူ့အနေနှင့် အိုင်စတိုင်းလိုလူမျိုးတော့ တစ်ယောက်မျှ မတွေ့ခဲ့ရသေးပေ။

အင်းဖဲလ်ဒ်က သူ၏ကိုယ်ရေးမှတ်တမ်း စာအုပ်တွင် ရေးသားရာ၌ 'တခြားသောသိပ္ပံပညာရှင်များကို တွေ့ဖူးပါသည်။ ထိုလူများမှာ များသောအားဖြင့် အကြောင်းတစ်ခုခုကို မိမိတို့ လေ့လာလိုက်စား သုတေသနပြုနေသည့် လုပ်ငန်းများကို ဦးတည်ချက်ပြောင်းပစ်လောက်ကြပါသည်။ အိုင်စတိုင်းမှုကား ထိုသို့မဟုတ်။ သူ့ကို ဘယ်အရာကမျှ ဦးတည်ချက်ပြောင်းသွားအောင် လုပ်နိုင်ခဲ့သည်မရှိခဲ့ချေ။ သူ၏ သေရေးရှင်ရေးသည် ရူပဗေဒအတွက် လုပ်ဆောင်ကြိုးပမ်းရေး၌ ဖြစ်ပေါ်လာသော အောင်မြင်မှု၊ ဆုံးရှုံးမှုအပေါ်တွင်သာ တည်သည်"ဟု ရေးခဲ့၏။

၁၉၃၆ ခုနှစ်အတွင်း၌ အယ်လ်ဆာ၏ အခြေအနေမှာ တစ်စတစ်စ အသားအရေဆုတ်ကာ ခြောက်ခန်းလာလေသည်။ ဒီဇင်ဘာလလောက်ကျတော့ အယ်လ်ဆာမှာ အိပ်ရာပေါ်တွင် လဲခဲ့လေသည်။ အိုင်စတိုင်းသည် အယ်လ်ဆာ အိပ်ရာဘေးတွင်ထိုင်ကာ ပြုစုရှာသည်။ သူစိတ်ချမ်းသာအောင် စကားစမြည်ပြောသည်။ တစ်ခါတစ်ခါတော့လည်း သူ့အနားမှာထိုင်ပြီး စာတွေဖတ်သည်။ သူသည် ရင်ထဲက ဖြစ်ပေါ်လာသော စိတ်လှုပ်ရှားမှု ခံစားမှုများကို ထိန်းချုပ်ထားနိုင်၏။ သူ့မျက်ဝန်းအစုံမှာ ဝမ်းနည်းသည့်မျက်ရည်အစုတို့ ဥနေကြသော်လည်း သူ့ဦးနှောက်ထဲမှာတော့ ရှင်းနေ၏။

"သည်လို ဇနီးသည်မှာ သေရအံ့မူးမူး ဖြစ်နေသည့်အချိန်မှာပင် အိုင်စတိုင်းကား မတုန်လှုပ်တော့ပြီ။ သူလုပ်နေသည့် အလုပ်များလည်း အဆက်မပြတ် လုပ်မြဲတိုင်းသာ လုပ်လျက်ရှိ၏" အင်းဖဲလ်ဒ်က ဤသို့ရေးသားပြခဲ့၏။

၁၉၃၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့၊

www.burmeseclassic.com

www.burmeseclassic.com



ဤနေ့တွင် နံနက်ပိုင်းကမူ နေခြည်နွေးနွေးကလေးကြောင့် ခပ်နွေးနွေးရှိသေး၏။ သို့သော် နေစောင်းသွားသည်နှင့် ဟစ်ပြိုင်နက် အအေးရှိန်မှာ သိသိသာသာကြီး တိုးလာသည်။ နေဝင်စအချိန်၌မူ ရေခဲသည်အထိပင် အေးနေပြီ။ ညနေချိန်ကစပြီး ဆီးနှင်းအဆုပ်ကြီးများမှာ အစုလိုက် အပုံလိုက် ကျဆင်းလာ၏။ ထိုအချိန်တွင် အယ်လ်ဆာသည် ဘဝကို မျက်ကွယ်ပြုသွားလေတော့သည်။

အယ်လ်ဆာ ကွယ်လွန်ပြီးနောက် များမကြာမီ အိုင်စတိုင်းသည် သားကြီး ဟင်အဲလဗတ်အား ပရင်စတန်သို့ လာလည်ရန် စာရေးခေါ်လိုက်သည်။ ဟင်မှာ ထိုအချိန်က ဖူးရစ်စက်မှုတက္ကသိုလ် ရေအားလျှပ်စစ် ဓာတ်ခွဲဌာနတွင် အလုပ်လုပ်နေ၏။ အိုင်စတိုင်းက သူ့ကို အမေရိကတွင် အလုပ်တစ်ခု ရှာစေချင်သည်။ သူ့စာထဲမှာတော့ သူသည် တစ်ယောက်တည်းဖြစ်နေရပြီ ဆိုသည်ကို ထည့်မရေးလိုက်ပေ။

သို့သော် ဟင်အဲလဗတ်ကတော့ ဖခင်ကြီးမှာ တစ်ဦးတည်းဖြစ်နေသည်ကို သိသည်။ စာရလျှင်ရချင်းပင် မိရာသဘော်နှင့် အမေရိကသို့ လိုက်လာခဲ့လေသည်။

ဟင်အဲလဗတ် ရောက်လာပြီးနောက် မာဆာလမ်းပေါ်ရှိ အိုင်စတိုင်း၏အိမ်မှာပင် တော်တော်ကြာကြာနေသည်။ ယခုအခါ၌မူ သူ့ဖခင်မှာ ယခင်က သဘာဝ အနေအထားတွေ မရှိတော့ပြီကို ဟင်အဲလဗတ်က သတိပြုမိသည်။

သားကိုကြည့်ပြီး အားရကျေနပ်မှုရှိသည်။ ဟိုတစ်ကြိမ်က ပထမကမ္ဘာစစ်ကြီးအတွင်းမှာ သားအဖနှစ်ဦး ဂျာမနီပြည် တောင်ပိုင်းသို့ ခရီးလှည့်လည်ခဲ့ကြသည်။ သာယာကြည်နူးဖွယ်အကြောင်းတွေကိုလည်း ပြန်၍ စားမြုံ့ပြန်သည်။

"ဒီအချိန်ကလေး ပြန်သတိရတော့ စိတ်ထဲ သိပ်ကြည်နူးမိတာပဲ သားရယ်" ဟု သူက ဖခင်လေသံဖြင့် ဆိုရှာသည်။

ထို့နောက် အဲလဗတ်သည် အမေရိကန်ပြည်ထောင်စုတစ်ခွင်သို့ လှည့်လည်သွားလာပြီး တောင်ကာရိုလီနာရှိ စိုက်ပျိုးရေးဌာနတွင် သုတေသနလုပ်ငန်းအတွက် အလုပ်တစ်ခုရသည်။ ထိုအလုပ်ကိုပင် အဲလဗတ်က လက်ခံပြီး ဆွစ်ဇာလန်တွင် ကျန်ရစ်ခဲ့သော ဇနီးနှင့်ကလေးများကို ခေါ်ယူကာ ကာရိုလီနာမှာပင် အခြေစိုက်လိုက်၏။ ယခုမှ ဖခင်အိုင်စတိုင်းမှာ သူတို့အတွက် အပူကျကာ စိတ်ကျေနပ်သွားသည်။

သူသည် နောက်ပိုင်းတွင်တော့ သူနှင့် တွေ့ကြုံရင်းနှီး ပေါင်းသင်းကြသူများက အိုင်စတိုင်းအား ဖခင်ကောင်းကြီးတစ်ဦးအဖြစ် အသိအမှတ်ပြုကြသည်။ ထိုသူများအထဲတွင် ဥရောပတစ်ခွင်မှ ယေဝတီဆန့်ကျင်တိုက်ဖျက်မှုကို မခံနိုင်၍ ပြေးလာကြသော ယေဝတီကျောင်းဆရာများ၊ သိပ္ပံပညာရှင်များလည်း ပါသည်။ လူများစွာက အိုင်စတိုင်းထံတွင် အကူအညီတောင်းလျက် ရှိကြ၏။ သူကလည်း ဌာနတိုင်း တက္ကသိုလ်တိုင်းသို့ သူ့ထံလာပြောသူမှန်သမျှအတွက် ထောက်ခံစာများ ရေးပေးနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သူ့ထောက်ခံစာတွေကို ဌာနများစွာက အရေးတယူမလုပ်တော့သည့် အခြေအနေသို့ပင် ဆိုက်လာသည်။ သူ ထောက်ခံပေးလိုက်သူများထဲတွင် မသင့်လျော်သူများလည်း ပါဝင်နေ၏။

ထိုအထဲတွင် အကောင်းဆုံးတစ်ယောက်မှာကား ဗယ်လင်တင် ဘာဂမန်ဆိုသူ ရူပဗေဒပညာရှင်တစ်ဦး ဖြစ်လေသည်။ သူကား အိုင်စတိုင်း လက်သစ်ကလေးလို့ပင် ဆိုနိုင်သူဖြစ်၏။ အပြင်ပန်းကကြည့်လျှင် အလွန်မိုက်ကုပ်ငြိမ်သက်သော်လည်း သူ၏ အတွင်းနှလုံးသား အစွန့်အသန့်ကမှု သိပ္ပံပညာနှင့် ဂီတကို အလွန်ခုံမင်သူဖြစ်သည်။ သူသည် အိုင်စတိုင်း၏သတ္တိကို အလွန်လေးစားသည်။ သိပ္ပံနယ်တွင် ရီလေတီဗတီခေါ် သိပ္ပံတော်လှန်ရေးအမြင်ကို ရဲရဲတင်းတင်း ချမှတ်လာခဲ့ခြင်း။ ပေါင်းစပ်စက်ကွင်းသီဝရီကို ဘယ်တော့မှ လက်မလျှော့ဘဲ စွဲစွဲမြဲမြဲ ရှာဖွေဖော်ထုတ်နေခြင်းတို့သည် အိုင်စတိုင်းတွင် သူလေးစားရဆုံးသော အချက်များဖြစ်၏။

အစကတော့ ဘာဂမန်မှာ အိုင်စတိုင်းအား ချစ်ကြောက်ရိုသေစိတ်သာ ရှိ၏။ သို့သော် ထိုစိတ်သည် သူနှင့် အိုင်စတိုင်းအား သဘာဝလောက ပြဿနာများကို ဆွေးနွေးကြရန် ဖန်တီးလိုက်၏။ အိုင်စတိုင်းတစ်ကိုယ်လုံးတွင် ဟန်ဆောင်မှုရယ်လို့ ဘာမျှမရှိယောင်တကား။ ဘာဂမန် သိခဲ့ရသည်။

ဘာဂမန်၏စိတ်ထဲတွင် အယူအဆများရှိမှန်း အိုင်စတိုင်းသိသည်။ ဒါတွေကို သူ နားထောင်ချင်သည်။ ပုဂ္ဂိုလ်ရေး ကိုယ်ရေးကိုယ်တာ ပြဿနာပင် ရှိစေဦး။ သူ့ကို တတ်နိုင်သည့်ဘက်က အကူအညီပေးချင်သည်။ ယခုမူ အိုင်စတိုင်းသည် လူတကာကို မိမိတတ်နိုင်သည့်ဘက်က ကူညီလုပ်ကျွေးလိုသောစိတ်သာ ပြင်းပြနေပေတော့သည်။ သူသည် ဘာဂမန်အတွက် ပရင်စတုန်တက္ကသိုလ်တွင် ဆရာတစ်နေရာ ရှာပေးသည်။ နောက်တော့ ဘာဂမန်သည် သူ့လက်ထောက် သိပ္ပံပညာရှင် ဖြစ်လာသည်။

ထိုအချိန်တွင် အင်းဖဲလ်ဒ်လည်း သူ့ထံမှ အကူအညီရမှုဖြစ်မည့် အခြေအနေသို့ ဆိုက်ရောက်လာသည်။ ၁၉၃၇ ခု နွေဦးပေါက်တွင် သူ၏ ဘွဲ့အတွက် လုပ်ငန်းများလည်း ပြီးဆုံးကာ ငွေလည်း လက်ထဲမရှိသလောက် ဖြစ်သွားသည်။ အိုင်စတိုင်းက သူ့လစာထဲမှ တစ်ဝက်တစ်စုကို ခွဲပေးသည်။ အင်းဖဲလ်ဒ်က သည်လိုတော့ လက်မခံချင်။ သို့သော် သူ့အား စာအုပ်တစ်အုပ်ရေးရာတွင် အကူအညီပေးလျှင် တော်ပြီဟု ဆိုသည်။ ဤစာအုပ်ကို သူနှင့် အိုင်စတိုင်း ပေါင်းရေးမည်။ မည်သို့ပင်ဆိုစေ အင်းဖဲလ်ဒ်အတွက် သဘောတူလိုက်၏။

ထိုနှစ်နွေရာသီတွင် အင်းဖဲလ်ဒ်သည် ရူပဗေဒပညာ တိုးတက်ဖြစ်ပေါ်လာပုံ အကြောင်းကို စာတစ်အုပ်ရေးသည်။ အင်းဖဲလ်ဒ်က ဒိုင်ခံရေးပြီး စာမူများကို အိုင်စတိုင်းက ဖတ်ပေးသည်။ အကြံဉာဏ်များကိုလည်း အခါအားလျော်စွာ ပေးသည်။ ထိုစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို ၁၉၃၈ ခုနှစ်တွင် "ရူပဗေဒပညာ တိုးတက်ဖြစ်ပေါ်လာပုံ" အမည်ဖြင့် ထုတ်ဝေခဲ့လေသည်။

စာအုပ်မှာ မည်သို့ပင်နေစေ အိုင်စတိုင်း၏နာမည် ပါနေသောကြောင့် ဒေးလ်ကာနက်ဂျီ၏ 'မိတ္တဗလဒီပိကာ'စာအုပ်ထက်ပင် ရောင်းကောင်းသော စာအုပ်ဖြစ်ခဲ့၏။ သည်စာအုပ် ဘယ်လောက်စွဲသည် လူတွေက ဘယ်လိုဆိုသည် ပြောသည်ကို အိုင်စတိုင်း ဂရုမစိုက်။ အင်းဖဲလ်ဒ်တစ်ယောက် ဟန်ဟန်ပန်ပန် ဖြစ်သွားလျှင်တော်ပြီ။ ယခုဆို အင်းဖဲလ်ဒ်သည် သဘ္ဘာဝသူ ရှန်းနိုင်ကန်နိုင်ရန် ငွေအလုံအလောက် ရသွားပြီ။ ဒါသည် အိုင်စတိုင်းရည်ရွယ်ချက် ထမြောက်ခြင်းပင် ဖြစ်သည်။

နောင်အတန်ကြာသောကာလ ဤစာအုပ်ကို ရုရှားဘာသာသို့ ပြန်ဆိုထုတ်ဝေကြသည်။ သို့သော် ထင်သလောက် မစွံခဲ့ပေ။ ဆိုဗီယက်မဂ္ဂဇင်းတစ်စောင်တွင် ဝေဖန်ချက် ရေးသားရာ၌ ဘယ်သိပ္ပံမျိုးပဲဖြစ်ဖြစ် လူတန်းစား သဘောလက္ခဏာ ပါဝင်သော သိပ္ပံမျိုးချည်းဖြစ်သည်ဟု ရေးလိုက်သည်။

"ဘူဇွာ သိပ္ပံပညာရှင်များမှာ ဝိညာဏဝါဒ လောကအမြင်၌ ကျင်သားရနေသူများသာ ဖြစ်ကြသည်။ ထိုအလေ့အထသည် သိပ္ပံပညာကို လက်တွေ့လုပ်ဆောင်ကြရာ၌ တိုက်ရိုက်လွှမ်းမိုးနေတော့သည်။ ဘူဇွာအရင်းရှင်တို့၏ သိပ္ပံပညာစာပေများကို ဝေဖန်သုံးသပ်ခြင်းမရှိဘဲ လက်ခံပါက လွန်စွာ ဘေးဥပဒ်ရှိသည်။ ဘူဇွာတို့၏ လွန်စွာ ပုပ်သိုးဆွေးမြည့်နေသော ဝိညာဏဝါဒ အယူအဆများ ကျွန်ုပ်တို့၏ဆိုဗီယက်သိပ္ပံပညာသို့ စိမ့်ဝင်လာမည်ကို စိုးရိမ်ရသည်။ ဆိုဗီယက်သိပ္ပံပညာရှင်များအနေနှင့် ခေတ်သစ်ရူပဗေဒပညာကို မာ့တ်မစ်လီနင်တို့၏ ဒိုင်ယာလက်တစ် ရုပ်ဝါဒအပေါ် အခြေခံကာ တိုးပွားအောင် တက်တက်ကြွကြွ ဆောင်ရွက်ရာသည်။ ထို့ကြောင့် အိုင်စတိုင်းနှင့် အင်းဖဲလ်ဒ်တို့ ရေးသားသည့် စာအုပ်ကို သေချာစွာ စိစစ်ကြည့်မည်ဆိုလျှင် လီနင် ဆိုခဲ့သော စကားတစ်ရပ်သည် တစ်ခါမှန်ပြန်ပြီကို တွေ့ရ၏။ လီနင်က "သူတို့က ထပ်ပြီး လောကအမြင် (ဒဿနပညာ)အကြောင်း ပြောဖို့လုပ်သည်နှင့်တစ်ပြိုင်နက် ဒီပါမောက္ခဆိုသူတို့၏ စကားဆိုလျှင် စကားလုံးတစ်လုံးတလေမျှကိုပင် လူတွေက ယုံတော့မည်မဟုတ်"ဟု ဆိုခဲ့၏။ ယခုလည်း ကြည့်ပေဦး။ သူတို့စာအုပ်တွင် ပါတီသဘော လူတန်းစားသဘောတွေ ပါသည်။ သူတို့သည် ဆိုဗီယက်သိပ္ပံပညာရှင်များအကြောင်း ထည့်သွင်းရေးသားခဲ့ခြင်း အလျဉ်းမရှိ"ဟု ဝေဖန်ရေးဆရာက ဝေဖန်လိုက်၏။

၁၉၃၈ ခုနှစ်ကုန်လောက်တွင် အိုင်စတိုင်းသည် သူကိုယ်တိုင်ရေးသားသော အခြားစာအုပ်တစ်အုပ်အတွက် အလုပ်များနေလေသည်။ ထိုစာအုပ်မှာ လစ်ဘရယ်ဝါဒအကြောင်း၊ စစ်မုန်းတီးရေးဝါဒအကြောင်း၊ ဇီယွန်ဝါဒအကြောင်းနှင့် သိပ္ပံအကြောင်း ဆောင်းပါးများကို စုပေါင်းထုတ်ဝေသည့် စာအုပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်အခါက ရေးသားခဲ့သော သူ့ဆောင်းပါးများကို သူပြန်ဖတ်ကြည့်သည်။ ဤစာတန်းများ ဆောင်းပါးများတွင် ပိုမိုကောင်းမွန်သည့် ကမ္ဘာလောကတစ်ခုအတွက် မျှော်လင့်ချက်တွေ ဘယ်လောက်ပေးနိုင်ပါလိမ့်။ သူ ပြန်စဉ်းစားကြည့်သည်။ ထိုအချိန်တွင် ဥရောပမှာဆိုလျှင် တိုင်းနိုင်ငံများ၏ လွတ်လပ်ခွင့်မှာ ဆုံးပါးရမည့်အခြေသို့ ဆိုက်ရောက်နေလေပြီ။ နိုင်ငံရေးခေါင်းဆောင်များ၏ မျူးနစ်မြို့တွင် ကျင်းပသော အစည်းအဝေးက ချက်ကိုစလိုဗေးကီးယားနိုင်ငံအား ဟစ်တလာ၏ သွေးငတ်နေမှုကို ခဏတာ ပြေပျောက်သွားစေရန် တစ်ဝက်တစ်ခြမ်း ခွဲပေးလိုက်ဖို့ စဉ်းစားနေကြတော့သည်။

အိုင်စတိုင်းသည် သတင်းများကို ကြားရသောအခါ အလွန်စိတ်ထိခိုက်မိပြီး သမိုင်းဝင်မှတ်ချက်တစ်ရပ်ကို ရေးမိသည်။

"လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက ကျွန်ုပ်ရေးသားခဲ့ဖူးသော စာကြောင်းများကို ပြန်ဖတ်ရတော့ ကျွန်ုပ်စိတ်ထဲတွင် ဆန့်ကျင်ဘက်ဖြစ်နေသော အယူအဆနှစ်ရပ်ကို ပြန်ခံစားရသည်။ ဟိုစဉ်က ကျွန်ုပ်ရေးသားခဲ့သည်များသည် ယခုအထိ မှန်မြဲတိုင်း မှန်တုန်းရှိပါသေးကလားလို့လည်း မြင်မိသည်။ သို့သော် ထိုအယူအဆတို့သည် ဝေးလံကွာလှမ်းပြီး စိတ်ထဲမှ စိမ်းနေသလိုလည်း ခံစားရ၏။ ဘယ်လိုဖြစ်တာပါလိမ့်။ ကမ္ဘာကြီးသည် ဤဆယ်နှစ်ဆိုသည့် ကာလအတိုင်းအတာအတွင်း၌ ဤမျှအကြီးအကျယ် ပြောင်းလဲသွားခဲ့လို့ပေပဲလား။ သို့မဟုတ်မူ ကျွန်ုပ်မှာ ဆယ်နှစ်အတွင်း ဆယ်နှစ်မျှ အိုမင်းရင့်ရော်သွားပြီဖြစ်၍ ကျွန်ုပ်မျက်စိထဲတွင် အရာရာကို ပိုးတဝါးသာ မြင်နေသောကြောင့်ပေပဲလား။ လူ့သမိုင်းတွင် ဤဆယ်နှစ်သည် ဘယ်သို့သော ဆယ်နှစ်ပေနည်း။ ထိုဆယ်နှစ်ဆိုသည့် အခိုက်အတန့်ကလေးနှင့် နှိုင်းယှဉ်ဆိုသော်မူ ထိုအခိုက်အတန့်အတွင်း ရှိခဲ့သော အင်အားစုတို့သည် လူတို့၏ဘဝကို အပြောင်းလဲကြီးပြောင်းလဲအောင် အဆုံးအဖြတ်ပေးကြသည့် အင်အားစုတွေပဲ မဟုတ်ပေလား။ ထိုဆယ်နှစ်အတွင်း ကျွန်ုပ်၏ရပ်ဝန်းကျင်၌ ကြုံခဲ့ရသော အပြောင်းအလဲတွေသည် ကျွန်ုပ်၏ အတွေးအမြင် စသော စိတ်ပိုင်းအပြောင်းအလဲများပေါ်တွင် လွန်စွာ လွှမ်းမိုးခဲ့သည်ဟု ကျွန်ုပ်စဉ်းစားတွေးရှုခြင်းသည် ဖြစ်နိုင်ကောင်းသောအရာ မဟုတ်ပေလော။ ယခုမူ ထင်ရှားပြီ။ ထိုသို့သော တွေးခေါ်မြော်မြင်ခြင်းများသည် စိတ်လှုပ်ရှားမှုကို အရင်းခံသည့် ဘဝပြဿနာများကို ပြောင်းလဲသွားအောင် ဖန်တီးနိုင်စွမ်းမရှိသည်ကိုလည်း ငါသိပြီ။ မဟုတ်မူ၍ ဤအပြောင်းအလဲများနှင့် ပတ်သက်၍ ဖြစ်သော အကြောင်းအခြင်းတို့ကို ကျွန်ုပ်၏ အပြင်လောကပတ်ဝန်းကျင်တွင်ရှာသော်သာ သင့်ချိမ့်မည်။ အကြောင်းမူကား ကျွန်ုပ် စိတ်လှုပ်ရှားရခြင်းနှင့် အတွေးအမြင်များ ဖြစ်ပေါ်ရာ၌ ပြင်ပပတ်ဝန်းကျင်လောကသည် အစဉ်ထောက်ကူချက်တစ်ရပ်အနေနှင့် ပါနေသည်ကို ကျွန်ုပ်တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဤဆယ်နှစ်အတွင်း လုံးဝမထင်သော အရာတို့လည်း ဖြစ်ခဲ့ကြပြီ။ ဤဆယ်နှစ်အတွင်း လူ့ဘဝတည်မြဲမှုအတွက် လိုအပ်သော ကိုယ့်ကိုယ်ကို အားကိုးယုံကြည်မှု၊ လူ့ဘောင်တည်မြဲနိုင်မာနေဦးမည်ဆိုသော ယုံကြည်မှုတရားတို့သည် လူ့အဖွဲ့အစည်းထဲက ပျောက်ပျက်ကုန်ကြရပြီ။ လူတိုင်းမှာ လူတို့ပြုစုပျိုးထောင်ခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်တွေကို ပျက်စီးစေမည့် ခြောက်လှန့်မှုမျိုး ခံနေကြရသည့်ပြင် လူတိုင်းက လိုလားကာကွယ်ချင်ကြသော လူ့ဘဝတန်ဖိုးများနေရာတွင် တန်ဖိုးမဲ့သော အရာများက နေရာယူနေကြသည်ကိုလည်း မျက်စိကြောင်တောင် မြင်လျက်သား ခံနေကြရ၏။

"အသိရှိသော လူသားတိုင်း၏ စိတ်ထဲတွင် ဘဝဟူသည် စွန့်စားခန်းတစ်ခုပေပဲလို့တော့ သိနေကြ၏။ ထိုဘဝကလေးကို သေခြင်းတရား၏ဘေးက လွတ်အောင် ရှောင်ဖယ်ဖို့ ကြိုးစားနေကြ၏။ တကယ်တော့ ဘေးဥပဒ်ဆိုသည် အပြင်အပက လာတတ်၏။ လူတစ်ယောက်မှ အိမ်ပေါ်ထပ်က လိမ့်ကျပြီး ဖက်ကျိုးနိုင်၏။ အပြစ်မရှိဘဲနှင့် ပျက်စီးဆုံးပါးနိုင်၏။ ဘာမှမသိနားမလည် အပြစ်မကျူးလွန်ဘဲနှင့်လည်း သေနိုင်၏။ ပျက်စီးနိုင်၏။ လူ့ဘောင်အဖွဲ့အစည်းထဲတွင် အသက်ရှင်ရသောဘဝ၌ အမျိုးမျိုးသော ဘေးဒုက္ခတို့သည် ရှိကြ၏။ သို့သော် ထိုဘေးဥပဒ်အန္တရာယ်များကား ရှန်းရင်းဆန်ခတ်ရှိကြ၏။ တိတိကျကျလည်း မရှိကြကုန်။ ကြုံကြိုက်သလို ဖြစ်ကြရသည်သာဖြစ်၏။ လူ့ဘောင်အဖွဲ့အစည်းကြီး တစ်ခုလုံး ခြုံကြည့်သော်ကား တည်မြဲလေဟန်ရှိ၏။ သို့တစေ စာရိတ္တသဘော၊ အယူအဆသဘော၊ ခံစားမှုသဘောဘက်က ကြည့်မူကား လူ့ဘောင်အဖွဲ့အစည်းကြီးလည်း လွန်စွာ မရေရာလှယောင်ရှိ၏။ မည်သို့ဆိုစေ လူသားတစ်ယောက်အဖို့တော့ ထိုလူ့အဖွဲ့အစည်းထဲနေရမှပင် ဘဝလုံခြုံယောင်ရှိ၏။

"သို့သော် ဤမည်သော ဘဝ၏လုံခြုံမှုကလေးကိုပင် ပထမကမ္ဘာစစ်ကြီးဖြစ်ခဲ့ပုံများက ဖျက်ဆီးကိုင်လှုပ်ခဲ့ချေပြီ။ ဘဝအာမခံချက်တို့ကား ပျက်စီးခဲ့ကြချေပြီ။ လူတို့၏ ဘဝလွတ်လပ်ခွင့်များလည်း ကျဉ်းကျုံ့ခဲ့ရပြီ။ စစ်ဆိုသည်ကိုလည်း လူ၏အစွမ်းတွသန္တာန်နှင့်မဆိုင် မဟိဒ္ဓလောကက အဖြစ်အပျက်သာ ဖြစ်သည်ဟု မှတ်ယူနေကြပြီ။ (စစ်သည် လူသား၏ ပင်ကိုဘဝကို အပြင်အပ ပတ်ဝန်းကျင်က အနှောင့်အယှက်ပေးနေသော အရာသာဖြစ်သည်ဟု ယူပြီး လူ့စိတ်နှင့်မဆိုင်ဟု ထင်နေကြပြီ။ သို့သော် စစ်သည် ယုတ်ညံ့မှန်း၊ မကောင်းကြမ္မာငင်မှန်းတော့ လူတိုင်းသိနေကြပြီ။ လူများမှာမူ လူ့ဘဝ မျှော်လင့်ချက် ကြိုးပမ်းချက်များအတွက် မယိမ်းမယိုင်သော စိတ်အခြေခံတော့ ရှိနေကြပေသေးသည်တကား။

"နောက်ဆက်တွဲဖြစ်လာကြသော နိုင်ငံရေး အဖြစ်အပျက်များမှာ လူမှုရေးနှင့် စိတ္တဗေဒ နောက်ခံမကောင်းမှုကြောင့် အရာမရောက်ခဲ့သည်ကိုသာ တွေ့ခဲ့ရ၏။ လူသား

www.burmeseclassic.com

www.burmeseclassic.com



များအတွက် အားတက်စရာရယ်လို့ ဗိလဆင်ဦးဆောင်ခဲ့သည့် နိုင်ငံတကာအသင်း ကြီးတစ်ခုမှု ဖြစ်ခဲ့ပါ၏။ ထို့နောက်တွင် ဖက်ဆစ်နိုင်ငံများ ပေါ်ပေါက်လာကြသည်။ ထို့နောက်တွင်ကား အုပ်စုတွေ ဖွဲ့လိုက်ကွဲလိုက်နှင့် လူသားတို့၏ ဘဝရပ်တည်မှုကို ဒုက္ခပေးမည့် ကျူးကျော်ရန်စမှုများ၊ အင်အားနည်းသော လူမျိုးများကို အနိုင်ကျင့်မှု များသာ ပိုမိုများပြားလာလေသည်။ ဘဝလုံခြုံရေးအတွက် စုပေါင်းလုပ်ဆောင်ချက် မှန်သမျှလည်း မဆိုးမအိမ်ပြိုကျသကဲ့သို့ ပြိုကျပျက်စီးကုန်သည်။ ဤကား ဘာကို ပြသနည်းဆိုလျှင် နိုင်ငံရေးခေါင်းဆောင်များ၏ အမြင်ကျဉ်းမှု၊ တစ်ကိုယ်ကောင်းဆန်မှု၊ စာရိတ္တပျက်ပြားမှု၊ တာဝန်မဲ့မှုကို ဖော်ပြနေခြင်းသာဖြစ်၏။

ဘဝအခြေအနေကား ဆိုးသည်ထက်ဆိုးလာ၏။ ရိုင်းမြစ်၏ အရှေ့ဘက် တလွှား ဥရောပကမ္ဘာမှာ ပညာရှင်များ၏ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့် လုံးဝ မရှိတော့ပြီ။ လူအများမှာ အာဏာကို လက်ကိုင်ထားကြသော ဓားပြများ၏ လက်ထဲ တွင် အကြမ်းဖက် ညှဉ်းဆဲခြင်းခံနေကြရ၏။ လူငယ်များမှာလည်း စနစ်တကျ လိမ် လည်လှည့်ဖျားခြင်း မှိုင်းမိကာ အဆိပ်သင့်နေကြ၏။

မည်သို့ပင်ဆိုစေ ဤအခြေဆိုး အနေဆိုးတို့ကား လူ့သမိုင်းတွင် ဝမ်းနည်းစရာ ကောင်းသော စာမျက်နှာအချို့ အဖြစ်သာ ကျန်ရစ်ခဲ့ရပြီး တစ်နေ့တွင် ကျဆုံးသွားရ မည်သာ ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ ဤသည်တို့ကား နောင်လာနောက်သား တို့၏ မျက်စိထဲတွင် သူတို့၏ ဘိုးဘွားဘီဘင်များ မိုက်တွင်းနက်ခဲ့သည့်အချက်များ ပါတကားဟု သင်ခန်းစာယူဖွယ် ဖြစ်ရလိမ့်မည်ဟု ကျွန်ုပ်ဆိုရဲသည်"

ဤကား အိုင်စတိုင်းရေးလိုက်သော လူ့သမိုင်းအမြင်တစ်ကွက်ပင်တည်း။

၀

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

# အဏုမြူဗုံးဇာတ်လမ်း

၁၉၃၉ ခုနှစ်ဆန်းစ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကမ္ဘာပေါ်၌ အထင်ရှားဆုံးသော အဏုမြူဆိုင်ရာ ရူပဗေဒပညာရှင်ကြီး နီးလ်ဘိုဝါသည် ဆွီဒင်သင်္ဘော 'ဒရိုတင်ဟုန်း'ဖြင့် နယူးယောက်သို့ ဆိုက်ရောက်လာသည်။ သင်္ဘောဆိုက်၍ ကမ်းပေါ်သို့ပင် မရောက်သေးခင်မှာ ကိုပင်ဟေဂင်မြို့ သူ့ဓာတ်ခွဲခန်းတွင် အလုပ်လုပ်နေသော သူ့လက်ထောက် ဂျာမနီပြည်ပြေး ရူပဗေဒပညာရှင်မကလေး လိုက်ဆီမေတနာထံမှ သံကြိုးစာကို ဦးစွာ လက်ခံဖတ်ရှုရသည်။

သံကြိုးစာထဲတွင်မူ 'အောင်မြင်ပြီ'ဟုသာ ပါသည်။

သံကြိုးစား၏ ဆိုလိုရင်းမှာ လိုက်ဆီမေတနာက သူမသည် ယူရေနီယန် ဓာတ်သတ္တုထဲရှိအဏုမြူတစ်လုံးကို နှစ်ခြမ်းခွဲကြည့်ဖို့ ကြိုးစားခဲ့ရာ ယခုအခါ ထမြောက်အောင်မြင်သွားပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ခြင်း ဖြစ်သည်။ ထိုသို့ နှစ်ခြမ်းကွဲလိုက်နိုင်သဖြင့် မူရင်း အဏုမြူတစ်လုံး၏ တစ်ဝက်သာ အလေးချိန်ရှိသော အဏုမြူနှစ်ခြမ်းကို ရသည်။ ကျန်အလေးချိန်တစ်ဝက်ရှိသော အဏုမြူကလေးမှာ အား(သတ္တိ)အဖြစ် ပြောင်းပြီး ယူရေနီယမ် အဏုမြူကို ပေါက်ကွဲစေခဲ့သည်။ ဤသို့ ပေါက်ကွဲသဖြင့် ရလာသော နျူကလီးယားအင်အားကို လိုက်ဆီမေတနာသည် အိုင်စတိုင်း၏ $E=MC^2$ ဆိုသည့် နည်းဥပဒေကိုသုံးပြီး ချိန်တွယ်တိုင်းတာခဲ့သည်။

သို့သော် ဤသို့ဆောင်ရွက်နိုင်မှုမှာ ဖြောင့်ဖြောင့်တန်းတန်းဖြစ်သည်မဟုတ်။ နှောင့်နှေးမှု အဆင်မပြေမှုများ ရှိသေးသည်။ အကယ်၍ ဤအတိုင်းသာ သူမအနေနှင့် အဏုမြူတိုင်းကို တစ်ခါတည်း ခွဲစိတ်နိုင်မည်ဆိုပါက သူမအဖို့ ပြောစရာမရှိတော့ပြီ။ ကိုပင်ဟေဂင်တစ်မြို့လုံးကိုပင် လုံးပါးပါးသွားအောင် လုပ်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နာရီပိုင်းအတွင်းမှာပင် နီးလ်ဘိုဝါသည် မော်တော်ကားဖြင့် ပရင်စတန်သို့ ထွက်သွားလေသည်။ သူ့စိတ်ထဲတွင် ပရင်စတန်၌ အိုင်စတိုင်းနှင့်အတူ အချိန်တော်တော်ကြာအောင်နေမည်။ ထိုအချိန်တွင် ကွမ်တမ်သီဝရီနှင့် ပတ်သက်သော သူနှင့် အိုင်စတိုင်းတို့၏ အမြင်ကွဲလွဲချက်များကို ညှိနှိုင်းတိုင်ပင်ပြီး အဖြေရှာမည်ဟု ခဲထားလေသည်။ ယခုမူ သူ့မှာ သံကြိုးစာရပြီဖြစ်၍ မူလက စီစဉ်သည်ထက် ပိုအရေးကြီးသော ပြဿနာတစ်ခုကို ဆွေးနွေးရမည့်ကိန်း ဆိုက်နေလေသည်။

အကြောင်းဆိုက်လာသည်မှာ တခြားကြောင့်မဟုတ်။ အဏုမြူအရေးကိစ္စပင် ဖြစ်၏။

အဏုမြူတစ်လုံးတွင် နျူကလိယပ်တစ်ခု ပါဝင်သည်။ ထိုနျူကလိယပ်သည် လျှပ်စစ်အဖိုဓာတ်စီးသော အပိုင်းဖြစ်သည်။ ထိုနျူကလိယပ်၏ အထက်လွှာ၌ ပတ်စီးနေသောအရာမှာ အီလက်ထရွန်ဖြစ်၏။ အီလက်ထရွန်ကား လျှပ်စစ်အမဓာတ် ဖြစ်ချေသည်။

အီလက်ထရွန်၏ လျှပ်စစ်ဓာတ်စီးမှု၏ ပမာဏအရေအတွက်သည် နျူကလိယပ်၏ လျှပ်စစ်နှင့် ချိန်ကိုက်လျက် ဖြစ်ပေါ်နေ၏။

အီလက်ထရွန်မှာမူ သူ့ဘာသာသူ ပြည့်စုံပြီးသားဖြစ်၏။ သို့သော် နျူကလိယပ်တစ်ခုမူကား နျူထရွန်နှင့် ပရိုတွန်နှစ်ခုပေါင်းထားသော အရာသာဖြစ်၏။ နျူထရွန်မှာ လျှပ်စစ်ဓာတ်အဖိုသော်လည်းကောင်း၊ အမသော်လည်းကောင်း စီးခြင်းမရှိ၊ ၎င်းမှာ ကြားနေပရမာဏုမြူဖြစ်၏။ ပရိုတွန်သည်သာ အဖိုဓာတ်ဖြစ်၍ နျူကလိယပ်တစ်ခုလုံးကို လျှပ်စစ်ဓာတ်စီးအောင် ဖန်တီးနေ၏။

ဓာတ်သတ္တုများမှာရှိသည့် ဓာတ်စင်တို့သည် တစ်ခုနှင့်တစ်ခု ခြားနားကြခြင်းမှာ တခြားကြောင့်မဟုတ်။ သူတို့အထဲရှိ နျူကလိယပ်များ၌ ပါဝင်သော ပရိုတွန်၏ အရေအတွက် ခြားနားခြင်းကြောင့် ကွဲပြားခြားနားသွားခြင်းသာ ဖြစ်ပေသည်။ သို့တစေ ယင်းဒြပ်စင်တစ်မျိုးထဲတွင်ရှိသော အဏုမြူများအတွင်း၌ပင် နျူထရွန်မှာ အရေအတွက် ကွဲပြားခြားနားမှု ရှိနိုင်ပြန်သည်။ ဤသို့ ကွဲပြားခြားနားသွားခြင်းသည် အရာဝတ္ထု၏ အလေးချိန်မှာ လာပြီး ကွဲပြားခြားနားမှုဖြစ်ရသည်။ သို့သော် လျှပ်စစ်ဓာတ်ဖြစ်ပေါ်မှု အရာဝတ္ထု၏ အမျိုးအစား ကွဲပြားမှုမျိုးကိုမူ နျူထရွန်အရေအတွက် ကွဲပြားမှုကြောင့် မဖြစ်စေနိုင်။ ဤသို့ ကွဲပြားခြားနားမှုမျိုးကို "အိုက်ဆိုတုပ်"ဟု ခေါ်ကြသည်။

ကမ္ဘာပေါ်တွင် ယူရေနီယမ်သတ္တုမှာ နျူထရွန်အများဆုံး ပါဝင်သည်ဖြစ်၍ သတ္တုတကာတို့တွင် အလေးဆုံးသတ္တုဖြစ်၏။ ယူရေနီယမ် အဏုမြူတစ်လုံးတွင် အိုက်ဆိုတုပ် သုံးခုပါဝင်သည်။ ၎င်းအိုက်ဆိုတုပ် သုံးခု၏ နျူထရွန်အရေအတွက်မှာ ၂၃၈၊ ၂၃၅ နှင့် ၂၃၄ အသီးသီး ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်ရာစု အစပိုင်းကမူ အီတလီ ရူပဗေဒပညာရှင်တစ်ဦးဖြစ်သူ အင်နရီကို ဖာမီဆိုသူသည် နျူထရွန်ကို ကျည်ဆန်ကဲ့သို့ အသုံးပြုခဲ့ဖူးသည်။ ယင်းနျူထရွန်များကို ဖာမီသည် ရေဒီယမ်ဓာတ်ဆားနှင့် ဘီရီလီယမ်ပေါင်ဒါတို့ကို ရောစပ်ခြင်းမှ ရရှိခဲ့၏။

ရေဒီယမ်သည် ဖိုဓာတ်သဘောရှိသော အာလ်ဖာအဏုမြူမှုန်ကို ထုးဆန်းစွာ ဖြစ်ပေါ်စေနိုင်ပြီး မိမိ၏ပင်ကိုသဘာဝကို အစိတ်စိတ် အမွှာမွှာ ခွဲခြေပစ်လိုက်နိုင်စွမ်း ရှိသည်။ သို့ဖြစ်ရာ ရေဒီယမ်ကို ဘီရီလီယမ်နှင့် ရောလိုက်သောအခါ ဘီရီလီယမ်၏ နျူကလိယပ်ကို အထက်ပါအတိုင်း ခွဲစိတ်ခြေမွပစ်လိုက်ရာ ၎င်းနျူကလိယပ်အတွင်းရှိ နျူထရွန်များမှာ ပရိုတွန်နှင့် ကွဲထွက်သွားတော့သည်။

ဤကဲ့သို့ နျူထရွန်သန့်သန့်ကို ရရှိသောအခါ ဖာမီသည် တခြားသော ဒြပ်စင်အမျိုးမျိုးထဲသို့ နျူထရွန်ကို ပစ်သွင်းကြည့်သည်။ ဤသို့ ပစ်သွင်းလိုက်ခြင်းကြောင့် ဘယ်လိုများ ထူးထူးခြားခြား ဖြစ်ပေါ်လာမည်နည်း ဆိုသည်ကို သိလိုခြင်းကြောင့် စမ်းသပ်ကြည့်ခြင်းဖြစ်၏။

သို့ နျူထရွန်ကို အခြားဒြပ်စစ်များသို့ ပစ်သွင်းလိုက်သောအခါ လေးလံသော သတ္တုများမှ ဒြပ်စင်များမှာ ပို၍ပေါ့ပါးသော အဏုမြူဒြပ်စင်များအဖြစ် အစိတ်စိတ် ကွဲလွဲဖြစ်ပေါ်သွားသည်ကို တွေ့ရ၏။ ဥပမာ သံလိုလေးလံသောအရာက မက်ဂင်နီးဖ်လိုသတ္တု ဖြစ်သွားသည်။

သို့သော် ဖာမီသည် နျူထရွန်ကို ယူနေနီယမ်သတ္တုထဲသို့ ပစ်သွင်းလိုက်သောအခါ၌မူကား အလွန်ထူးဆန်း၍ သိနားလည်ရန်ခက်ခဲသော ဒြပ်စင်တစ်မျိုး ပေါ်ထွက်လာသည်ကို အံ့အားသင့်စရာ တွေ့လိုက်ရတော့သည်။ ထိုအချိန်ကမူ ယင်းသို့ ပေါ်လာသော ဒြပ်စင်သည် ဘယ်လိုဟာမျိုးဖြစ်သည်ဟု နီးနီးစပ်စပ် ဖော်ပြစရာပင်မရှိအောင် ဖြစ်နေခဲ့၏။

၁၉၃၈ ခုနှစ် ကုန်ဆုံးခါနီးတွင် ဘာလင်မြို့ရှိ ကိုင်ဇာဝီလျံ သိပ္ပံမဟာဌာနမှ အော့တိုဟာန်းဆိုသူနှင့် ဖရစ်စထရပ်စမင်ဆိုသူ ဓာတုဗေဒပညာရှင်နှစ်ဦးက ဆိုခဲ့ပြီးသော သိရန်ခက်သည့် အရာမှာ နျူကလိယာဒြပ်ပေါင်းတစ်ခုဖြစ်ကြောင်း သိလာရသည်။

ထိုနျူကလိယာဒြပ်ပေါင်းထဲတွင် ဘေရီယမ်အဏုမြူ ပါနေကြောင်း သိလာကြသည်။ ဘေရီယမ်အဏုမြူသည် ယူရေနီယမ် အဏုမြူနှင့် နှိုင်းစာလျှင် ယူရေနီယမ်၏ တစ်ဝက်ခန့်သာ လေးရကား ထိုအရာသည် ယူနေနီယမ်ရှိ နျူထရွန်တစ်ခုကို တစ်ဝက်ခွဲလိုက်ခြင်းသာ ဖြစ်မည်ဟု အကြမ်းပြေး ခန့်မှန်းစရာ ဖြစ်လာသည်။ သို့ရာတွင် ဤအချက်မှာ ယုံကြည်လက်ခံလောက်စရာ မရှိသလို ဖြစ်နေ၏။ ယူရေနီယမ်၏ တခြားသော အဏုမြူများမှာ ပေါက်ကွဲပြီးလျှင် လွင့်စဉ်သွားသလို ဖြစ်နေ၏။ တခြားဒြပ်စင်များမှာမူ ထိုသို့မဟုတ်။ ပြောင်းလဲသော်လည်း သူ့အရေအတွက်အတိုင်းသာ ပြောင်းလဲနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရှာဖွေတွေ့ရှိချက်ကို ဟန်းသည် ယခင်က သူနှင့် အလုပ်တူ လုပ်ဖော်ကိုင်ဖက်ဖြစ်သော လိုက်ဆီမေတနာထံသို့ သတင်းကောင်းပါးလိုက်လေသည်။ သူမမှာ ယခင်က ဘာလင်တွင် နေခဲ့သော်လည်း ယေဝတီအမျိုးသမီးတစ်ဦးဖြစ်သောကြောင့် ဘာလင်ကို စွန့်သွားရသူဖြစ်သည်။ ဤသတင်းကိုရစဉ်ကမူ မေတနာသည် စတော့ဟုမ်းမြို့မှာ ရှိသေးသည်။ သို့ရာတွင် ဤသတင်းကို ဘိုဝါးအားပေးချင်သောကြောင့် ကိုပင်ဟောဂင်မြို့သို့ မိရာသဘော်နှင့် လိုက်သွားခဲ့လေသည်။

ဘိုဝါး၏ ဓာတ်ခွဲခန်းတွင် မေတနာသည် ထပ်တလဲလဲ စမ်းသပ်ပြန်၏။ အဏုမြူအင်အား ဖြစ်ပေါ်လာမှုကို တိုင်းတာကြည့်၏။ ထိုသို့တိုင်းတာကြည့်ပြီးနောက် အောင်မြင်သဖြင့် နယူးယောက်သို့ ထွက်ခွာသွားသော ဘိုဝါးထံသို့ သံကြိုးရိုက်အကြောင်းကြားလိုက်ခြင်း ဖြစ်ပေတော့သည်။

အိုင်စတိုင်းသည် ဓျူထရွန်စမ်းသပ်မှုနှင့် ပတ်သက်၍ ဟန်းနှင့် စထရပ်စမင်တို့၏ ရှာဖွေတွေ့ရှိချက်များ အဆင့်လောက်အထိ သိနေ၏။ ကျန်သော အိုင်စတိုင်းမသိရသေးသည့် အပိုင်းကိုမူ မာဆာလမ်းအိမ်အပေါ်ထပ်ရှိ သူ့စာကြည့်ခန်း၌ လက်ဖက်ရည်သောက်ကြရင်း ဘိုဝါးက သူ့ကို ပြောပြသည်။

ဤတွင်ထိုင်ပြီး ဘိုဝါးက စဉ်းစားကြည့်သည်။

အကယ်၍ ယူနေနီယမ် အဏုမြူပေါက်ကွဲမှုကို အစဉ်အတိုင်း သံကြိုးကွင်းဆက်လုပ်ပြီး ထိန်းချုပ်နိုင်မည်သာဆိုလျှင် ထိုအဏုမြူအင်အားကို လူသားတို့သည် စက်မှုလုပ်ငန်းမှာဖြစ်စေ၊ ဗုံးလုပ်ငန်းမှာဖြစ်စေ အသုံးချလျှင် ဖြစ်နိုင်မည်ဟု သူ တွေးကြည့်သည်။

ဘိုဝါးကမူ တွေးသာတွေးကြည့်ရသည်။ စိတ်ထဲတွင်တော့ သံသယတစ်ဝက်နှင့် ဘဝင်မကျ ဖြစ်နိုင်သည့် ကိစ္စလို့လည်း သိပ်မထင်။ သို့သော် အိုင်စတိုင်းကမူ သူပြောလိုက်သည်နှင့် တစ်ပြိုင်နက် သေသေချာချာ ဖြစ်နိုင်သည်ဟု တွက်လိုက်မိပြီ။ ယခုအခါ ကိုလံဘီယာတက္ကသိုလ်သို့ လာရောက် အလုပ်လုပ်နေပြီဖြစ်သော အင်နရီကိုဖာမီ၏ စမ်းသပ်နေသော လုပ်ငန်းတွင် သူ့အနေနှင့် ကိုယ်တိုင်ကိုယ်ကျမှု မပါဝင်။ သို့သော် ဖာမီရလာသော ရလဒ်များကိုကား အိုင်စတိုင်းသည် အစဉ်စောင့်ကြည့်နေခဲ့၏။

ဟန်းနှင့် စထရေ့စမန်းတို့ နှစ်ဦးသည် အဏုမြူဓာတ်ခွဲမှုနှင့်ပတ်သက်၍ သူတို့ သုတေသနလုပ်ရာက ရရှိလာသည့် အချက်အလက်များကို အသေးစိတ် စာအုပ်ရေး၍ ထုတ်ဝေလိုက်ပြီဖြစ်ရကား ကမ္ဘာပေါ်ရှိ သိပ္ပံလက်တွေ့စမ်းသပ်ခန်း၊ ဓာတ်ခွဲခန်းများမှာ အဏုမြူသုတေသန ဓာတ်ခွဲခန်းချည်း ဖြစ်ကုန်ကြတော့သည်။ အဏုမြူခေတ်ကား စခဲ့လေပြီ။

ဤကိစ္စနှင့်ပတ်သက်၍ ဆိုဗီယက်သိပ္ပံပညာရှင်များသာ နောက်ချန်လျက်ရှိနေကြလေသည်။ ဤသို့ဖြစ်ရခြင်းမှာ အကြောင်းရှိသည်။ ယင်းအကြောင်းမှာ လီနင်က

www.burmeseclassic.com

www.burmeseclassic.com



အဏုမြူသည် ခွဲစိတ်မရဟု ဆိုခဲ့သောကြောင့် ဖြစ်သည်ဆို၏။ စင်စစ်တော့ ဤအကြောင်းသည် ဟုတ်ချင်မှဟုတ်ပေမည်။

ယူရေနီယမ်သတ္တုမှ အဏုမြူကို ထပ်မံခွဲစိတ်လိုက်သောအခါ ၎င်း၏ အသေးဆုံး အပိုင်းကလေးမှာ လွင့်ပျောက်သွားတတ်ကြောင်း၊ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ကြလေသည်။ ထိုသို့ ပျောက်လွင့်သွားသောအပိုင်းမှာ အိုက်ဆိုတုပ် ၃ ခုရှိသည့်အနက် အိုက်ဆိုတုပ် ၂၃၅ ဖြစ်သည်။ ယင်းအပိုင်းမှာ ယူရေနီယမ် အဏုမြူတစ်ခုလုံးနှင့်စာလျှင် တစ်ရာနှုန်းပင်မရှိချေ။

သို့ရာတွင် နျူထရွန်က ယူရေနီယမ် ၂၃၅ ကို ခွဲစိတ်လိုက်သောအခါ နျူထရွန်တော်တော်များများ ထွက်ပေါ်လာပြန်သည်။ ဤနည်းဖြင့် ထပ်ဆင့်ထပ်ဆင့် ခွဲမည်ဆိုလျှင် နျူထရွန်တွေ အများကြီး ဖြစ်ပေါ်လာစရာ အကြောင်းရှိသည်။ ဤတွင် နီးလ်ဘိုဝါး စဉ်းစားသော အဏုမြူများ စဉ်ဆက် ဓာတ်ကြွမှုသဘောသည် ရေးရေးပေါ်လာပေတော့သည်။

၁၉၃၉ ခုနှစ် ဧပြီလတွင် ဝါရှင်တန်သို့ ရောက်လာသော ကြေးနန်းသတင်းများ၌ အဏုမြူဗုံးဓာတ်လမ်း၏ နိဒါန်းသည် ပါလာခဲ့၏။

"ယနေ့ အမေရိကန် ရူပဗေဒပညာရှင်များ၏ စိတ်အားထက်သန် တက်ကြွဖွယ်ကောင်းသော အစည်းအဝေးကြီးသည် နောက်ဆုံး၌ ကမ္ဘာကြီး၏ တစ်ဝက်တစ်စိတ်လောက်ကို ယူရေနီယမ်သတ္တုအနည်းငယ်မျှဖြင့် ဖောက်ခွဲဖျက်ဆီးပစ်နိုင်ကြောင်း ဆွေးနွေးမှုဖြင့် အဆုံးသတ်သွားသည်။ ရူပဗေဒပညာရှင်ကြီး နီးလ်ဘိုဝါးအဆိုအရ ယူရေနီယမ်အဏုမြူထဲမှ အိုက်ဆိုတုပ် ၂၃၅ အနည်းငယ်မျှနှင့် နျူထရွန်မြူမှုန်ပါသော အရာတို့သည် အဏုမြူပေါက်ကွဲမှုကြီးတစ်ခု ဖြစ်နိုင်သဖြင့် ယင်းသို့ပြုလုပ် ဖောက်ခွဲလိုက်ပါက ယင်းဓာတ်ခွဲခန်းနှင့်တကွ အနီးအနား မိုင်ပေါင်းများစွာမှ မြို့ရွာများပါ ပျက်စီးသွားနိုင်ကြောင်း ထုတ်ဖော်ပြောကြောင်း။ သို့သော် တခြားသိပ္ပံပညာရှင်များ ဤကိစ္စသည် မလွယ်ကြောင်း။ အကြောင်းမူ ပို၍များသော အိုက်ဆိုတုပ် ၂၃၈ နှင့်၊ ယူ ၂၃၅ ကို ခွဲထုတ်ရန် မလွယ်ကြောင်း စသည်ဖြင့် သတင်းတွင် ပါလာသည်။

အမှန်အားဖြင့် ယူ ၂၃၅ ကို ယူ ၂၃၈ ထဲမှ ခွဲထုတ်ရေးကိစ္စကိုမူ ရှေးကလက်တွေ့စမ်းသပ်ခဲ့ဖူးခြင်း မရှိပေ။ ဤသို့ခွဲထုတ်ရန်မှာ ခက်ခဲပြီး စရိတ်စကကြီးပေမည်။ နောက်တစ်ချက်မှာ ယူ ၂၃၅ အိုက်ဆိုတုပ်များ ငါးပေါင်လောက်ရအောင် လုပ်ရန်မှာ လွန်စွာ ဘေးဥပဒ်များသည်။

အကြောင်းမူကား ယင်း ယူ ၂၃၅ များရအောင် နျူထရွန်ကို ပစ်ဖောက်ခွဲစိတ်ရာ၌ သတ္တုတုံးကြီးကို မွှဲရလျှင် အချိန်ကာလနှင့် နေရာဌာန လိုပေမည်။ အကယ်၍ အလွန့်အလွန် သေးငယ်သော အရာဆိုမှသာ နျူထရွန်သည် လျင်မြန်စွာ ထွင်းဖောက်

www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်သည်ဖြစ်၍ လေထဲတွင် အခြားအရာတွေပါ ပေါက်ကွဲခြင်းမှ ကင်းလွတ်နိုင်ပေမည်။ ဤကိစ္စဆောင်ရွက်ရာတွင် သုတေသနပြုသောသူများအတွက်လည်း ဥပဒ်အန္တရာယ်ရှိသည်။

အကယ်၍ ယူ ၂၃၅ ကို အစိုင်အခဲလိုက် အစုအပြုံလိုက် ရအောင်လုပ်လျှင် တခြားတစ်ပါးနေရာက လမ်းလွှဲဝင်လာသော နျူထရွန်ကြောင့် သေနတ်မောင်းဖြုတ်လိုက်သလို ပေါက်ကွဲထွက်သွားနိုင်သည်။

ယခုမှ အိုင်းစတိုင်း၏ $E=MC^2$ ဆိုသည့် ဒြပ်ထုများကို ဖောက်ခွဲလိုက်လျှင် အား(သတ္တိ)များ အဆမတန် ဖြစ်လာနိုင်သည်ဆိုသော သဘောတရားကို မငြင်းသာနိုင်တော့ပြီ။ အားလုံးသော အဏုမြူစမ်းသပ်ချက်များက သက်သေခံလျက်ရှိကြလေပြီ။

ထို့ပြင် အကယ်၍ ယူ ၂၃၅ တစ်ပေါင်လောက်ကိုသာ ဖောက်ခွဲလိုက်ပါက အဏုမြူအင်အားသည် ယမ်းဘီလူးဗုံး (တီအင်တီဗုံး) တန်ချိန် ရှစ်ထောင် ဖောက်ခွဲသည်နှင့် ညီမျှမည်ဖြစ်ကြောင်း သိလာကြတော့သည်။

ထိုအချိန်အထိတော့ အဏုမြူဗုံးလုပ်ရေးစိတ်ကူးမှာ လက်တွေ့အားဖြင့် မဖြစ်နိုင်သေးပေ။ အင်နရီကိုဖာမီက သုတေသနပြုနေသော ရှေ့ဆောင်ပုဂ္ဂိုလ်များအား ဤအချက်အလက်များကို အမေရိကန်ရေတပ် စစ်ဦးစီးဌာနသို့ တင်ပြဖို့ ထောက်ခံပြောဆိုသည်။ အဏုမြူဗုံးလုပ်လျှင် ကောင်းကောင်းဖြစ်နိုင်ပြီဖြစ်ကြောင်း သူကပင် ထုတ်ဖော်ပြောလိုက်၏။ ရေတပ်တာဝန်ခံပုဂ္ဂိုလ်များက သူတို့အား ၎င်း၏လုပ်ဆောင်ချက်များကို အမြဲသတင်းပေး ကြားသိစေရန် ပြောထားသည်။

ဤကိစ္စကို ကိုလံဘီယာတက္ကသိုလ်တွင် သုတေသနလုပ်နေကြသူများထဲတွင် လီယိုဇီးလာဒ်ခေါ် ဟန်ဂေရီယန်ရူပဗေဒပညာရှင်တစ်ဦးလည်း ပါသည်။ ဇီးလော့ဒ်သည် အိုင်းစတိုင်းနှင့်အတူ အရည်ပျော်သော သတ္တုရည်စုပ်စက်တစ်ခုကို တီထွင်ဖူးသည်။ ဖာမီထက် သူက ပို၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်၏။ သို့ရာတွင် ဝါရှင်တန်က အစိုးရဌာနကြီးများမှ သမ္မတနှင့် ကာကွယ်ရေးဝန်ကြီးများက သူတို့၏ သုတေသနပြုလုပ်ဆောင်ရွက်နေချက်များကို စိတ်ဝင်စားလာအောင်လုပ်ရန် သူလည်း မတတ်နိုင်ဘဲဖြစ်နေလေသည်။

ထိုသို့ အခက်အခဲကြုံနေစဉ် ဤအဏုမြူဗုံးဇာတ်ထုပ်ထဲသို့ ဝင်လာသူမှာ သမ္မတ ရုစဗက်၏ စီးပွားရေးအကြံပေး ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ အလက်ဇန္ဒားဆားချ်ဖြစ်သည်။

သူက သိပ္ပံပညာရှင် မိတ်ဆွေအပေါင်းအသင်းများထံက ယူရေနီယမ်အဏုမြူကို ခွဲစိတ်၍ရနိုင်သော အလားအလာများ တွေ့ထားပြီဖြစ်ကြောင်းလည်း ကြားသိရသည်။ တစ်ဖန် ဤအဏုမြူသုတေသနနှင့် ပတ်သက်၍ အမေရိကန် သိပ္ပံမဂ္ဂဇင်းစောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော 'သဘာဝ'မဂ္ဂဇင်းတွင်လည်း ဆောင်းပါးတစ်ပုဒ် ဖတ်ရသည်။ ထိုအခါ ထိုဆောင်းပါးကို သမ္မတ ရုစဗဲ့ထံသို့ ဆားချ်က ပို့ပေးလိုက်လေသည်။

ဆားချ်ကလည်း ဗီးလာ့ဒ် ခံစားရသလိုပင် ခံစားနေရသည်။ သူတို့နှစ်ဦးစလုံးကပင် ဥရောပမှာ ဘယ်နည်းနှင့်မဆို စစ်ဖြစ်မည်သေချာသည်ဟု ယုံကြည်နေကြသည်။ ထို့ပြင် နာဇီသိပ္ပံပညာရှင်များက အဏုမြူဗုံးလုပ်ငန်းတွင် သူတို့ထက် လက်ဦးသွားမည်ကို လွန်စွာစိုးရိမ်သည်။ နာဇီများသာ အဏုမြူဗုံးရသွားလျှင်ဖြင့် ခက်ချေတော့မည်။ အကယ်၍ ဟစ်တလာသာ အဏုမြူဗုံးလိုဟာမျိုး ရသွားလျှင်တော့ အမေရိကသော်မှ ကျားသနားပါမှ နွားချမ်းသာသည့်အခြေ ရောက်ပေတော့မည်။ ထို့ကြောင့် အမေရိကန်ပြည်၌ လုပ်လက်စသုတေသနကို အပြင်းအထန် ဆက်လုပ်နေမှ ဖြစ်တော့မည်ဟု နှစ်ဦးစလုံးက သဘောပိုက်မိကြသည်။ ဤလုပ်ငန်းအတွက် အစိုးရကလည်း အကုန်အကျခံသင့်သည်ဟုလည်း ထင်သည်။

သူတို့နှစ်ဦးသည် နောက်ထပ် ဘာတွေဆက်ဖြစ်လာမည် ဆိုသည်ကို တစ်ယောက်တစ်မျိုး ထင်မြင်ခဲ့ကြရာမှ ကြားက မိတ်ဆွေတစ်ဦးဆက်ပေး၍ သိက္ခမ်းခင်မင်သွားကြသည်။ ထိုအခါ နှစ်ဦးသား တိုင်ပင်မိကြပြီး ဤကိစ္စကို သမ္မတ ရုစဗဲ့အား တင်ပြပြီး တိုက်တွန်းရန်ကိုပါ သဘောတူမိကြလေသည်။

ဗီးလာ့ဒ်က တင်ပြချက်အရှည်ကြီးတစ်စောင် ရေးသည်။ ထိုအပေါ်က ဆားချ်က အဓိကကျသော အချက်အလက်များကို ကောက်ချက်ရေးသည်။ သို့သော် ဤစာတ်ထုပ်ကို သမ္မတက ပိုအရေးပေးလာအောင် ထပ်ဆင့်ထောက်ခံချက်များ ယူမှဖြစ်မည်ဟုလည်း စဉ်းစားမိသဖြင့် သိပ္ပံလောကတွင် အထင်ရှားဆုံးဖြစ်သော အိုင်စတိုင်းအား ဆည်းကပ်ရန် စိတ်ကူးရကြသည်။

ထိုအချိန်မှာ ဇူလိုင်လဖြစ်သဖြင့် အိုင်စတိုင်းသည် နွေရာသီ အပန်းဖြေခရီးထွက်သွားချိန်ဖြစ်၏။ အိုင်စတိုင်းသည် ပီကိုနစ်ကျွန်းတွင် ရောက်နေခဲ့၏။

ထိုအခါ ဗီးလာ့ဒ်နှင့် ပရင်စတန်တက္ကသိုလ်မှ သဘောတရားရေး ရူပဗေဒပါမောက္ခ ယူဂျင်းဝဂ္ဂနာတို့ နှစ်ဦးသည် အိုင်စတိုင်းထံသို့ လိုက်သွားပြီး သမ္မတရုစဗဲ့အား ယူရေနီယမ်သုတေသန လုပ်ငန်းသည် အရေးတကြီးလိုအပ်နေသော လုပ်ငန်းဖြစ်ကြောင်း ထောက်ခံတိုက်တွန်းပေးပါရန် ပန်ကြားကြရန် ဆုံးဖြတ်ကြသည်။

ပီကိုနစ်ကျွန်း ဘယ်နေရာတွင် အိုင်စတိုင်း တည်းခိုနေမှန်းမသိသော်လည်း သူတို့နှစ်ဦးသည် တွေ့သမျှလူကို အိုင်စတိုင်း ဘယ်မှာနေသလဲမေးပြီး တစ်ရွာဝင်တစ်ရွာထွက် လိုက်ရှာကြလေသည်။

နောက်ဆုံးတွင် ကလေးတစ်ယောက်ကိုတွေ့ရာ ထိုကလေးက သူ အိုင်စတိုင်း ဘယ်မှာနေကြောင်း သိသည်ဟုဆိုသည်။ ကလေး၏ ညွှန်ပြချက်အရ လိုက်ရှာရာ

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းအား တွေ့ရလေတော့သည်။ သူတို့လိုက်လာရသည့် ကိစ္စကို ပြောပြပြီးနောက် အိုင်စတိုင်းက ပထမဆုံးအနေနှင့် အခြေခံအဖြစ်ရေးသည့်စာဖြစ်၍ တိုတိုပင်ရေးသည်။ ရုစဗက်ထံရေးသည့်စာကို သူက နှုတ်မှခေါ်ပေးရာ ဝဂ္ဂနာက လိုက်ရေးသည်။

အမှန်တော့ ဤကိစ္စတွင် အိုင်စတိုင်းသည် ပါဝင်ချင်စိတ်မရှိသော်လည်း နာဇီဟစ်တလာကို ကာကွယ်နိုင်ဖို့ နည်းလမ်းကတော့ တခြားနည်းလမ်းမရှိပြီ။ ထို့ကြောင့်လည်း အဏုမြူဗုံးလုပ်ရန်ကို သဘောမတူချင်ဘဲ တူလိုက်ရလေသည်။

အမေရိကန် သမ္မတကြီး ရုစဗက်ထံသို့ရေးသည့်စာတွင် အိုင်စတိုင်းက ယူရေနီယမ် အဏုမြူကို ဖောက်ခွဲပြီး စဉ်ဆက်ဓာတ်ပြုမှုကိုရအောင် လုပ်နိုင်သဖြင့် အဏုမြူအားကိုရဖို့ရာ ဖြစ်နိုင်သော အခြေအနေသို့ ရောက်နေပြီဖြစ်ကြောင်း၊ သို့ရာတွင် ဤနည်းကို အသုံးပြုပြီး အဏုမြူဗုံးလုပ်ရန်မှာမူ သိပ်မသေချာသေးကြောင်းရေးရာ ဆားချ်နှင့် ဖီးလာ့ဒ်တို့က အိုင်စတိုင်းစာကို ပြုပြင်ပြီး အဏုမြူဗုံးလုပ်ရန်မှာ လုံးဝဖြစ်နိုင်သော အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်ကြောင်း၊ သို့ရာတွင် ဤနည်းကို အသုံးပြုပြီး အဏုမြူဗုံးလုပ်ရန်မှာမူ သိပ်မသေချာသေးကြောင်းရေးရာ ဆားချ်နှင့် ဖီးလာ့ဒ်တို့က အိုင်စတိုင်းစာကို ပြုပြင်ပြီး အဏုမြူဗုံးလုပ်ရန်မှာ လုံးဝဖြစ်နိုင်သော အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်ကြောင်း ထည့်ရေးလိုက်သည်။ သူတို့က ဤကဲ့သို့ ပြုပြင်ရေးလိုက်သော်လည်း အိုင်စတိုင်းက မငြင်းတော့ဘဲ လက်မှတ်ထိုးပေးလိုက်လေတော့သည်။

ဤစာကို ဆားချ်က လက်ခံရရှိပြီးသည့်နောက်တွင် သမ္မတကြီး ရုစဗက်အား တင်ပြရန်သာ ကျန်တော့၏။

ဤသို့တင်ပြရန်မှာ သင့်လျော်သောအချိန်ကို ရွေးချယ်ရပေမည်။ အကယ်၍ အချိန်ကောင်းနှင့် တိုက်တိုက်ဆိုင်ဆိုင် တင်ပြနိုင်ပါက သူတို့ကြံစည်ထားသော အဏုမြူဗုံး စီမံကိန်းသည် မုချအောင်မြင်ပေတော့မည်။

ဩဂုတ်လအတွင်းတွင် သမ္မတကြီး ရုစဗက်စိတ်ထဲတွင် ဤကမ္ဘာပေါ်၌ စစ်ပွဲများ မဖြစ်လာအောင် တားဆီးပိတ်ပင်ရေးကိစ္စကိုသာ အဓိကထား စဉ်းစားနေ၏။ သူ့အနေနှင့် လက်နက်အသစ်အဆန်းများ ထပ်မံထုတ်လုပ်ရေးကိုမူ ဦးစားပေးချင်စိတ်မရှိသေးပေ။

သို့ရာတွင် ကမ္ဘာပေါ်၌ ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေများက သူလုပ်ချင်သည့် ဆန္ဒနှင့် တစ်လွဲစီ ဖြစ်နေပေတော့သည်။ အမေရိကန်ပြည်အနေနှင့် တတ်နိုင်သမျှ ကြားနေပြီး စစ်ကို တားဆီးလိုသည်။ ဤအကြံသည် လက်တွေ့တွင် မလွယ်လှပေ။ ထိုနှစ် စက်တင်ဘာလတွင် ဂျာမနီသည် ပိုလန်ပြည်ကို ကျူးကျော်တိုက်ခိုက်လေတော့သည်။ ရုစဗက်မှာ ကြားနေရေးဆန္ဒအတွက် အကျပ်အတည်းနှင့် ရင်ဆိုင်လာရတော့သည်။ သူသည် တစ်နေ့လျှင် ဆယ့်ရှစ်နာရီလောက် အလုပ်လုပ်နေရချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၉ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ဆားချ်သည် ယူရေနီယမ် ၂၃၅ ထုတ်လုပ်ရေးကိစ္စအတွက် သမ္မတကြီးအား တင်ပြပြီး အကောင်အထည်ဖော်နိုင်ရန်အတွက် ရုစဗဲက်ရုံးခန်းသို့ ဝင်လာခဲ့၏။

ရုစဗဲက်နှင့် တွေ့သောအခါ အိုင်းစတိုင်း၏ ပေးစာနှင့် ပတ်သက်၍ ပထမဆုံး တင်ပြပြောဆိုသည်။ ပြီးမှ ဇီးလာ့ဒ် ရေးထားသော အချက်အလက်များကို သူက ထောက်ခံရေးထားသည့် ကောက်ချက်အကျဉ်းကို သမ္မတကြီးအား ဖတ်ပြသည်။

အစကတော့ ဆားချ်က သိုင်းဝိုင်းပြီး တင်ပြမည်ဟု စိတ်ကူးထားသော်လည်း သမ္မတကြီးရုစဗဲက်က နာရီကို လှမ်းကြည့်လိုက်သဖြင့် ဆားချ်က သမ္မတမှာ အလုပ်အရေးကြီးနေကြောင်း သတိထားလိုက်မိ၏။ ဤတွင် ပထမပိုဒ်နှင့် နောက်ဆုံး နိဂုံးလိုရင်းအချုပ်ကိုသာ ကမန်းကတန်း ဖတ်ပြလိုက်ရ၏။

အိုင်စတိုင်း၏ နောက်ဆုံးစာပိုဒ်မှာ

"အင်နရီကို ဖာမီနှင့် ဇီးလာ့ဒ်တို့နှစ်ဦးတို့၏ လုပ်ဆောင်ချက်ကို ကြည့်ရခြင်းအားဖြင့် ယူရေနီယမ် အဏုမြူကို ထူးခြားသောအင်အား (သတ္တိ)အဖြစ် ပြောင်းလဲလိုက်နိုင်မည်ဟူသော အချက်ကို ကျွန်ုပ်စိတ်ထဲတွင် ကောင်းစွာ ယုံကြည်နေမိပါသည်။ ယခု ဖြစ်ပျက်နေသော ကမ္ဘာ့အခြေအနေများကလည်း လွန်စွာ သတိရှိနေမှ အတော်ဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းက လုပ်စရာရှိသည် မနှေးဘဲ လုပ်ဆောင်နိုင်မှ ဖြစ်တော့မည့် အခြေအနေသို့ ဆိုက်ရောက်နေပါသည်။ ယခု ကျွန်ုပ်အနေနှင့် ဂျာမနီသည် သူသိမ်းပိုက်ထားသော ချက်ကိုစလိုဗက် သတ္တုတွင်းမှထွက်သော ယူရေနီယမ်ကို မည်သူ့မျှမရောင်းတော့ဘူးဟု သိရပါသည်။ ဤကဲ့သို့ ယူရေနီယမ်ကိစ္စကို လတ်တလော အရေးယူဆောင်ရွက်လာခြင်းနှင့် ဂျာမန်နိုင်ငံခြားရေးဝန်ကြီး၏ သားဖြစ်သူ ဗွန်ဝိုက်ကာအား ဘာလင်မြို့ရှိ ကိုင်ဇာဝီလျံ သိပ္ပံမဟာဌာနရှိ အဏုမြူအင်အား စမ်းသပ်နေသူများနှင့် တွဲဖက်ခန့်ထားလိုက်ခြင်းကို ဆက်စပ်ကြည့်လျှင်လည်း ဂျာမနီ၏ ခြေလှမ်းကို စဉ်းစားစရာ ရှိပါသည်"

အိုင်စတိုင်း၏စာကို ကြားရသောအခါ ရုစဗဲက်စိတ်ထဲတွင် အတော်ပင် အရေးထား စဉ်းစားမိစေကာ ဘဝင်ကျလောက်အောင်အထိတော့ မယုံကြည်သေး။ ရုစဗဲက်က ဖာမီနှင့် ဇီးလာ့ဒ်တို့ တောင်းခံထားသော အကူအညီနှင့် ပတ်သက်၍ အမေရိကန် ရေတပ်စစ်ဌာနချုပ်ကလည်း ပယ်ချထားကြောင်း ဆားချ်အား သတိပေးပြောဆိုလိုက်သည်။

သို့ဖြစ်၍ သမ္မတအနေနှင့် စစ်ဘက်အကြီးအကဲများက ပယ်ချထားသည်ကို သူက ဆန့်ကျင်ဖို့ဆိုသည်မှာ နည်းလမ်းမမြင်နိုင်အောင်ပင် ဖြစ်နေပေသည်။ ဆားချ်သည် သူ၏တင်ပြချက်စာတမ်းကို သမ္မတ ရုစဗဲက်၏စားပွဲပေါ်တွင် တင်ထားခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် ပြန်လည်တွေ့ဆုံဆွေးနွေးရန် ခွင့်တောင်းသည်။ ဆားချ်စိတ်ထဲတွင် အိုင်စတိုင်းစာကလည်း သိပ်မထိလှသေး။ ထို့ကြောင့် နောက်တစ်နည်းနှင့် ပြန်လည်ချဉ်းကပ်မှ ဖြစ်မည်ဟု မှတ်လိုက်လေသည်။ သမ္မတကြီးက သူ့အား နံနက်စာစားချိန်အတွင်း တွေ့ဆုံရန် ပြောလိုက်သည်။

ထိုနေ့ တွေ့ဆုံကြသောအခါ ဆားချ်က နပိုလီယန်အကြောင်း ဇာတ်လမ်းကြီးကို ပြန်ပြောပြသည်။ တစ်ကြိမ်က နပိုလီယန်သည် အမေရိကန် သိပ္ပံပညာရှင်တစ်ဦးက သူသည် ရေနွေးငွေ့နှင့် မောင်းနှင်သော သင်္ဘောကို ပြုလုပ်တည်ဆောက်ပြီး ယင်းသင်္ဘောဖြင့် ပြင်သစ်စစ်သားများကို အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ပို့ပေးနိုင်မည် ဖြစ်ကြောင်း အကြံပေးပြောဆိုဖူးရာ နပိုလီယန်က မယုံဘဲ လှောင်ပြောင်ခြင်းပင် ခံရဖူးကြောင်း မသိမသာ သွယ်ဝိုက်၍ ရုစဗက်အား ပြောလိုက်၏၊

ရုစဗက်သည် ဘောဂဗေဒပညာရှင် ဆားချ်အား ဆတ်ခနဲ မျက်လွှာလှန်ကြည့်လိုက်ပြီး အဖြစ်အပျက် အခြေအနေများကို တစ်ခဏစဉ်းစားလိုက်လေသည်။

"ဟော့ အလက်စ် မင်းစဉ်းစားရမှာက နာဇီတွေအနေနဲ့ တိုက်လာခိုက်လာတယ် ဆိုဦးတော့၊ တို့က တိုက်ရိုက်ထိမှာမှ မဟုတ်ဘဲ"

"မှန်ပါတယ်၊ ဒါ ဟုတ်ပါတယ်" ဆားချ်က ဖြေသည်။ ထိုအချိန်တွင် တစ်ဖက် ဆက်လျက်ရှိသော အခန်းထဲမှ ဗိုလ်ချုပ်အက်ဒဝင် ပါဝတ်ဆန်အား ရုစဗက်က ခေါ်လိုက်သည်။ ဗိုလ်ချုပ်ဝတ်ဆန်မှာ သူ၏ စစ်ရေးအတွင်းဝန်ဖြစ်၏။ သူဝင်လာသောအခါ အိုင်စတိုင်း၏ စာအပါအဝင် တင်ပြထားသော စာတွဲကြီးကို ရုစဗက်အား လှမ်းပေးလိုက်ပြီး

"ဒါကို အရေးယူဆောင်ရွက်ဖို့လိုတယ်"ဟု ပြောလိုက်လေသည်။

ဤကား ကုဋေနှစ်ဆယ်တန် အဏုမြူဗုံးစီမံကိန်းကြီး စတင်ပေါ်ပေါက်လာရာ နိဒါန်းအစပင် ဖြစ်ပေတော့သည်။

ပထမလများအတွင်း ယူရေနီယမ်နှင့် ပတ်သက်သော အကြံပေးကော်မတီ၏ လုပ်ငန်းတိုးတက်မှု အခြေအနေကို ဆားချ်မှာ အားမရနိုင်အောင် ဖြစ်နေပေတော့သည်။

ထို့ကြောင့် နောက်ထပ် သမ္မတကြီးထံသို့ ဤကိစ္စကို မြန်မြန်ဆောင်ရွက်ပေးပါရန် တိုက်တွန်းသည့် စာတစ်စောင် နှစ်စောင်ကို အိုင်စတိုင်းက လက်မှတ်ထိုးပေးပါရန် ပန်ကြားလာပြန်၏။ ဤတစ်ကြိမ်တွင်မူ အိုင်စတိုင်းသည် စာထဲ ဘာတွေရေးထားသည်ကိုပင် ဖတ်မကြည့်တော့ဘဲ လက်မှတ်သာ ထိုးလိုက်သည်ဟု ဆိုသည်။ အမှန်တော့ ဤကိစ္စတွင် အိုင်စတိုင်းအနေနှင့် အလွန့်အလွန် နယ်ကျွံအောင် ပါဝင်ဆောင်ရွက်လိုစိတ် အလျဉ်းမရှိချေ။ နောင်အခါ ရုစဗက်က အိုင်စတိုင်းအား အဏုမြူအင်အားထုတ်လုပ်ရေး ကော်မတီထဲ ပါဝင်ဆောင်ရွက်ပါရန် တိုက်တွန်းသောအခါ၌ အိုင်စတိုင်းက ငြင်းပယ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုစဗက်ကိုယ်တိုင်ပင် တစ်ခါမှ မဖတ်ခဲ့သော သူ၏ ပထမဆုံးစာကလွဲ၍ နောက်ပိုင်းတွင် အဏုမြူဗုံးလုပ်ငန်းထဲတွင် အိုင်စတိုင်းသည် တိုက်ရိုက်ပတ်သက်ခြင်း မရှိခဲ့ချေ။

နောက်ပိုင်းတွင် ဤလုပ်ငန်းကို အစိုးရက လျှို့ဝှက်စွာဆောင်ရွက်ရန် အမိန့်ချသောအခါကစ၍ အိုင်စတိုင်းလည်း အဏုမြူဗုံး ဓာတ်လမ်းထဲ မပါတော့သည့်ပြင် အဆက်အစပ်လည်း မလုပ်တော့ပေ။ သူသည် ကင်းကင်းရှင်းရှင်းသာ နေခဲ့လေတော့သည်။

သူကိုယ်တိုင်က နောက်ပိုင်းတွင် ဘာတွေဖြစ်လာမည်ကို မသိ၊ ဘယ်သူကမျှလည်း မပြောတော့။ အမေရိကန်ပြည်ထောင်စုရှိ အဏုမြူရူပဗေဒပညာရှင်ကြီးများလည်း ရှာဖွေမရအောင်ပင် အစအနပျောက်၍ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြတော့သည်။

၁၉၃၉ ခုနှစ် ကုန်ဆုံးသွားသောအချိန်တွင် ဂျာမနီထုတ် သိပ္ပံမဂ္ဂဇင်းတစ်စောင်ဖြစ်သော 'သဘာဝတ္တသိပ္ပံ မဂ္ဂဇင်း'တွင် ဂျာမန်သိပ္ပံပညာရှင်တစ်ဦးက အဏုမြူဗုံးဖြစ်လာနိုင်သော အလားအလာများကို ရေးသားလိုက်လေသည်။ ထိုအခါကျမှ အိုင်စတိုင်းက "အဏုမြူဗုံးကို လုပ်များလုပ်နေကြပြီလား"ဟု စဉ်းစားလိုက်မိသည်။

အိုင်စတိုင်းအနေနှင့်မူ လူတို့သည် ရုပ်ဒြပ်ဝတ္ထုများကို အဏုမြူအင်အားအဖြစ် ပြောင်းလဲပစ်နိုင်ကြောင်း သူ၏ကမ္ဘာကျော် အဏုမြူသီဝရီဖြစ်သော $E=MC^2$ နှင့် ဖော်ပြခဲ့ပြီးဖြစ်၏။ သူ့အဖို့ ဤမျှလုပ်ဆောင်ခဲ့ပြီးပြီဖြစ်၍ တော်ပြီ။ ရှေ့ဆက်လုပ်စရာ မရှိတော့ပေ။

သို့တစေလည်း လူ့သမိုင်းတွင် ရုစဗက်ထံသို့ ရေးခဲ့ဖူးသည့် စာတစ်စောင်ကြောင့် အိုင်စတိုင်းသည် အမေရိကန်အစိုးရကို အဏုမြူဗုံးလုပ်အောင် ဆောင်ရွက်ခဲ့သူဖြစ်သည်ဟု မှတ်တမ်းတွင်ရစ်ခဲ့ချေပြီ။

အမှန်ဆိုရမူ နပိုလီယန်လိုလူသည် အဏုမြူဗုံးလုပ်ဖို့ကို အိုင်စတိုင်းထက်ပင် ပို၍ ကြံစည်ကောင်း ကြံစည်ခဲ့ပေမည်။ စင်စစ် အဏုမြူဗုံးဖြစ်လာသော ဓာတ်လမ်းကို ဖန်တီးသူများမှာ အိုင်စတိုင်းမဟုတ်။ ဆားချ်နှင့် ဇီးလာဒ်တို့သာ ဖြစ်၏။ အိုင်စတိုင်းက လက်ဝင်လျှိုမိသူသာ ဖြစ်ပေသည်။ သို့သော် ထိုသူတို့ကား သမိုင်းတွင် အရာမထင်ခဲ့ကြချေ။ အိုင်စတိုင်းသာ တရားခံအစစ်ကြီး ဖြစ်ခဲ့ရပေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

# ထောရော်မှာသာ ပျော်ပါစေ

၁၉၄၀ ခုနှစ် နွေလယ်လောက်တွင် သူတို့နေထိုင်သော ကာလီဖိုးနီးယား တောင်ပိုင်း နေအိမ်မှ ဖခင်ကြီး အိုင်စတိုင်းအား သားဖြစ်သူ ဟင်အဲလဗတ်က ပရင်စတန်သို့ ကားနှင့် ပြန်လိုက်ပို့သည်။

နွေ၏ နေရောင်ခြည်သည် ကာလီဖိုးနီးယားတွင် ခြစ်ခြစ်တောက် ပူလောင်နေ၏။ ကားကလေးမှာ လေးဖက်လေးတန်က မှန်တံခါးများ ဖွင့်ထားသော်လည်း အထဲတွင် အိုးကင်းထဲထည့်လှိမ့်ထားသလို ပူစပ်ပူလောင် ဖြစ်လျက်ရှိ၏။ အိုင်စတိုင်းသည် ညှပ်ဖိနပ်ကလေး စီးထား၏။ သူ့ဘောင်းဘီရှည်ကိုလည်း ဒူးခေါင်းလောက်ထိ အောင် လိပ်တင်ထားလေသည်။ အပေါ်ရှပ်အင်္ကျီမှာလည်း ပါးပါးလွှာလွှာကလေး ဝတ်ထားသည်။ သည်ကြားထဲကပင် တစ်ကိုယ်လုံး ချွေးတွေက ရွှဲနေလေသေး၏။

ကာလီဖိုးနီးယားမှ ပရင်စတန်သို့အလာ လမ်းတစ်ဝက်လောက်တွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့တွင် အဲလဗတ်သည် ကားကို ထိုးဆိုက်လိုက်လေသည်။ ခါတိုင်းဆိုလျှင် သူ့ဖခင်သည် ပရင်စတန်ကလွဲ၍ တခြားဒေသများ၌ လူတွေကြားထဲမထွက်။ လူကြားထဲရောက်သွားလျှင် လူတွေက စုပြုံတိုးဝှေ့လာပြီး ဓာတ်ပုံရိုက်ပါရစေဆိုသူ အော်တိုလက်မှတ် ရေးထိုးပေးပါဆိုသူတွေက ဒုနှင့်ဒေး ဖြစ်တော့သည်။

ယနေ့တွင်တော့ သူသည် ကားထဲကထွက်ပြီး ဆိုင်ထဲတွင် အိုက်စကရင်စားရန် ဝင်လာသည်။ ဆိုင်ထဲတွင်လည်း နေပူကျဲကျဲထဲက ဝင်လာကြသော ခရီးသွားများက ကောင်တာရှေ့တွင် အိုက်စကရင်း စားသူကစား၊ ကော်ဖီအေး သောက်သူကသောက်နှင့် ဆိုင်ပြည့်ရှိနေသဖြင့် ခုံလွတ်ကိုပင် သားအဖနှစ်ယောက်မှာ အတော်ရှာယူကြရသည်။

"ဘာစားကြမလဲရှင်" စာပွဲထိုး အမျိုးသမီးက မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟို ငှက်ပျောသီးအိုက်စကရင်း ဆန်းဒီးရှိ ပေးစမ်းပါကွယ်" အိုင်စတိုင်းက ဆိုသည်။

နောက်ထပ် ဘာမျှမမေးတော့ အမျိုးသမီးက သူစားချင်သည့် အိုက်စကရင်း အမျိုးအစားကို ထုတ်ပေးသည်။ အိုင်စတိုင်းသည် ဆိုင်ထဲရှိ အခြားလူများကိုပါ လှမ်းကြည့်လိုက်လေသည်။ သူတို့လည်း လိမ္မော်ရည်၊ နို့အေး၊ အဖျော်ရည်များ သောက်စား နေကြသည်။

မည်သူမျှ သူ့အား ဂရုမစိုက်ကြ။ ကိုယ်စားစရာရှိသည်ကိုသာ ငုံ့စားနေကြ၏။ တချို့စားပြီး၍ ထပြန်သူများကလည်း သူ့ဘေးက ဖြတ်သွားကြ၏။ သူတို့က အမှတ်တမဲ့ မသိကျိုးကျွန်အကြည့်မျိုးလောက်နှင့်သာ သူ့ကို စောင်းငဲ့ကြည့်သွားကြ သည်လောက် ရှိသည်။ ယခုမှပင် သူ့ကို သူလိုငါလို ဆက်ဆံသည့်နေရာကလေး တွေ့ရတော့သည်။

ယခုဆိုလျှင် နှစ်ပေါင်းနှစ်ဆယ်ပင် ကျော်ခဲ့ပြီထင်သည်။ ယခုလို သူလိုငါလို သူ့ကို သဘောထားဆက်ဆံကြသည့်နေရာ၊ စိတ်လွတ်ကိုယ်လွတ် နေရသော နေရာနှင့် သည်လိုအချိန်မျိုးကိုကား နှစ်ပေါင်းနှစ်ဆယ်အတွင်း ဘယ်တုန်းကမှ မတွေ့ခဲ့ရ။ ယခုမှပင် တွေ့ရတော့သည်။ ခုမှပင် လူထဲက သာမန်လူတစ်ယောက်လို သူ့မှာ နေရ တော့သည်။

"ယင်းကာလီဖိုးနီးယား မြောက်ပိုင်းက နေ့ကလေးတစ်နေ့"ကို နောက်လပေါင်း များစွာအထိ သူ့မှာ သတိရတုန်း ရှိရသည်။ သူက ပြန်ပြောရတုန်း ရှိသေးသည်။

ဤအဖြစ်အပျက်ကလေးသည် ဘာမျှအရေးမပါလှဟု ဆိုရစေကာ သည်အချိန် ကစပြီး အိုင်စတိုင်းစိတ်ထဲတွင်တော့ သူသည် လူထုပရိသတ် မြောက်စား၍ ရေပန်း စားနေရသော ဘဝ၏ တစ်ကဏ္ဍနိဂုံး အဆုံးသတ်မည့်အချိန် ရောက်ပြီဟု မှတ်ခဲ့လေ တော့သည်။

များမကြာမီမှာပင် အိုင်စတိုင်း ဗိုက်ထဲကရောဂါမှာ ပြန်ထလာပြန်၏။ ဆရာဝန် တွေကလည်း သူ့ရောဂါသည် အကြောင်းကြောင့်ဖြစ်ရသည်ဟု ဘယ်သူကမှ တိတိကျကျ မပြောနိုင်ကြ။ သူကိုယ်တိုင်လည်း အလွန့်အလွန်ပင် စိတ်ညစ်လာလေသည်။ သူ့အထင် တော့ ဒီတစ်ကြိမ် သည်ရောဂါ ပြန်ထလျှင်တော့ မနေရတော့ပြီ။ ကေန်သေတော့မည် ဟု ထင်နေလေတော့သည်။

သူ့အနေနှင့် ယခင်ကလို အလုပ်တွေ ဖိမလုပ်စေရန်လည်း စောင့်ကြပ်နေကြ ၏။ ဆေးလိပ်လည်း လုံးဝသောက်ခွင့်မပေးကြတော့ပေ။ အခြားအရာတွေ မလုပ်ရ သည်မှာ သူ့အဖို့ များစွာ မထောင်းတာလှ သော်လည်း ဆေးလိပ်မသောက်ရသည့် အချက်ကတော့ဖြင့် အခံရအခက်ဆုံး ဖြစ်ပေတော့သည်။ တစ်ခါတစ်ရံ ချေးသည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က သူ့အတွက် တမင်တကာ ဆေးလိပ်ဖြစ်ဖြစ်၊ ဆေးဖြစ်ဖြစ် လက်ဆောင်ယူလာတတ်လျှင်လည်း ဟယ်လင်ဒျူကပ်စ်မှာ ကွယ်ရာတွင်ကမန်းကတန်း ဝှက်ထားလိုက်ရသည်။

ဘယ်လိုပင် ဝှက်ထားဝှက်ထား အိုင်စတိုင်းသည် ယေါက်ယေါက်ရှာရှာ မွှေနှောက် ရှာဖွေပြီး သူ့စာဖတ်ခန်းသို့ ယူသွားကာ ဆေးတံထဲထည့်ပြီး ခိုးသောက်နေလေတော့ သည်။ ခုတော့ အိုင်စတိုင်းမှာ ဝှက်ထားသော ချော့ကလက်များကို မရရအောင် ရှာဖွေပြီး ခိုးစားတင်သော ကလေးငယ်တစ်ယောက်နှင့်သာ တူနေတော့၏။ သည်လို လုပ်ပြန်တော့ ဟယ်လင်ဒျူကပ်စ်လည်း သူ့ကို သနားလာသည်နှင့် မသိမသာပင် ခွင့်ပြုနေလိုက်ရတော့သည်။

တစ်ဖက်က ရောဂါဖိစီးလာသလို သူ့ဘဝတွင် ဖြေရှင်းမရအောင် ခက်ခဲနေသော ပေါင်းစပ်စက်ကွင်းသီဝရီကလည်း အကြီးအကျယ် စိတ်မချမ်းမသာဖြစ်အောင် ဒုက္ခ ပေးနေလေတော့သည်။ နောက်ဆုံးတော့ သူ့အနေနှင့် သဘာဝလောကကြီးသည် သူ ထင်သလို မဖောက်ပြန်သော နိယာမတရားတွေနှင့် အတိအကျ ဖြစ်နေသည်မဟုတ်။ အခွင့်သာ အခါသင့်သလို ဖြစ်ချင်တိုင်းဖြစ်နေပါကလားဟု ယုံမှတ်စရာ အခြေအနေ သို့ပင် ဆိုက်ရောက်လာရ၏။

ရီလေတီဗတီ သီဝရီကတော့ နက္ခတ်ဂြိုဟ်များနှင့် ပတ်သက်၍ တိတိကျကျ တွက်ချက်ပေးနိုင်သည့်ပြင် ဂြိုဟ်များ၏ဖြစ်ပျက်ပုံအလုံးစုံကိုလည်း ကြိုတင်ဟောကိန်း ထုတ်နိုင်ခဲ့၏။

သို့သော် အလွန့်အလွန်သေးငယ်သော အဏုမြူကလေးများနှင့် ပတ်သက်သော အပိုင်းတွင်မူကား ရီလေတီဗတီက ဘယ်အဏုမြူကလေးသည် ဘယ်သို့ဖြစ်ပျက်နေ လိမ့်မည်ဟု အတိအကျ မဆိုနိုင်တော့။ ကွမ်တမ်သီဝရီကသာ အဏုမြူလောကကို ကြီးစိုးနေ၏။ အဏုမြူတို့၏ ဖြစ်ပေါ်ပုံကျတော့ အကြောင်းအကျိုး ဆက်နွယ်မှုတရား လည်း ဘာမျှအသုံးမကျတော့။ ရုပ်၏အခြေခံတရားတို့သည် အနတ္တသာ ဖြစ်ချေပြီ တကား။

အရာခပ်သိမ်းတို့သည်လည်း ကွမ်တမ်သီဝရီဘက်သို့သာ နောက်ဆုံး ရှေးရှု နေကြချေပြီ။ ဤအချက်ကို အိုင်စတိုင်းသည် မငြင်းသာတော့သော်လည်း တကယ် မှန်ပြီလို့တော့ လက်မခံချင်သေး။ သူ့စိတ်ထဲတွင်မူ ဤသေးငယ်လှသော ရုပ်မှုန်ကလေး တို့သည် အဘယ်ကြောင့် တိတိကျကျ ဖြစ်ပျက်ခြင်းမရှိဘဲ ဟိုရောက်သည်ရောက်နှင့် မရေမရာ ဖြစ်နေကြသနည်း။ ဤပဟေဠိအတွက် ဖြေရှင်းနိုင်မည့် သော့ချက်သစ် တစ်နေရာတွင်တော့ ရှိရမည်။ ထိုသော့ချက်ကို ရှာရပေမည်။ တစ်စုံတစ်ယောက်သော လူသားသည် ထိုသော့ချက်ကလေးကို ရှာတွေ့နိုင်ပါမည်လား။ သူ့အဖို့တော့ ဝေခွဲလို့ပင် မရတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အတွေးအမြင်တွင် ပေါ်လာသော အယူအဆများကို သားဖြစ်သူအား လျှို့ဝှက်စွာ ပြောပြသည်။ ထို့နောက် ရေအားအင်ဂျင်နီယာနယ်တွင် တိုးတက်ဖြစ်ပေါ် လာသော အယူအဆများကိုလည်း သားနှင့်တွေ့သောအခါ ဂရုတစိုက် စိတ်အား ထက်သန်စွာနှင့်ပင် မေးလေသည်။ ထိုအခါ သားဖြစ်သူကလည်း သူ့လုပ်ငန်းတွင် တိုးတက်မှုရှိသလားဟု ပြန်မေးသည်။

"အို ကွာ၊ မင်းကလည်း ငါ့အခက်အခဲတွေ သိသားပဲမဟုတ်လား" ဤသို့ ပြန်မေးလိုက်သော မေးခွန်းထဲတွင် ပါလာသော သူ့အသံကမူ အင်အားမရှိလှတော့ပေ။ စိတ်ပျက်လက်လျှော့ခြင်း အရိပ်အယောင်များသာ ပေါ်လွင်ထင်ရှားနေလေသည်။ ဒီတော့ သားလုပ်သူကပင် ဖခင်လူထူးကြီးအတွက် ကရုဏာသက်မိသည်။ တကယ်တော့ သူ့အဖေသည် အတိတ်က ဆုံးရှုံးမှုအတွက် ယူကျုံးမရ ဖြစ်တတ်သူ၊ အနာဂတ် မျှော်လင့်ချက်များအတွက် တစာစာ ဆိုမြည်တမ်းတသူတစ်ယောက်သာ ဆိုလျှင်တော့ သူကိုယ်သူ သတ်သေခဲ့ပြီးသည်မှာ ကြာပြီပင်ဖြစ်ချေမည်။

အိုင်စတိုင်းအား ကမ္ဘာတစ်ကမ္ဘာလုံးက အရင်တုန်းကလောက် အာရုံမစိုက်နိုင်ခြင်း၊ သူကိုယ်တိုင်လည်း မာန်လျှော့လိုခြင်း၊ အခြားအကြောင်းတစ်ရပ်မှာကား အခြားမဟုတ် စစ်ပင်ဖြစ်တော့သည်။ ဤသို့လျှင် ကမ္ဘာပေါ်မှာ စစ်ကြီးတစ်ခုဖြစ်လာပြီ ဆိုမှတော့ ဘယ်သူကမှ သူ့အားလည်း ထူးထူးထွေထွေ ဂရုစိုက်နေနိုင်ကြတော့မည် မဟုတ် ဆိုသည့်အချက်ကိုမူ သူကိုယ်တိုင်နားလည်ပြီး ယုံစားပြီးသား ဖြစ်ပေသည်။

၁၉၂၀ ခုနှစ်ပိုင်းလောက်ကစပြီး နိုင်ငံတကာ ချစ်ကြည်ရင်းနှီးရေးဝါဒကို သူက ကြွေးကြော်နေစေကာ သူ့နောက်က တက်တက်ကြွကြွ လိုက်သူများကား အနည်းငယ် သာ ရှိတော့သည်။ ၁၉၃၀ ခုနှစ်ပိုင်းကျတော့ လူအနည်းငယ်ကသာ သူ၏ ဟစ်တလာ နာဇီဆန့်ကျင်ရေး အော်သံများကို အရေးတယူ ပြုနေကြလေသည်။

၁၉၄၀ ပိုင်းသို့ရောက်သော် အိုင်စတိုင်းလည်း အမေရိကန်ပြည်ထောင်စုအား အင်္ဂလန်ပြည်နောက်က ထိထိရောက်ရောက် အင်အားရှိသမျှသုံးပြီး ထောက်ကူဖို့ သူက တိုက်တွန်းရတော့သည်။ သူ့အနေနှင့်မူ စစ်ကို တားဆီးရေး ကြွေးကြော်နေစေကာ အချိန်ကုန် လူပန်းရုံလောက် ရှိချေတော့မည် ဆိုသည်ကိုလည်း သဘောပေါက်ပြီ။ တချို့ကလည်း နိုင်ငံတကာ အသင်းကြီးကို သည့်ထက် အင်အားတောင့်တင်းအောင် ပြန်လည်ဖွဲ့စည်းရေးအတွက် အိုင်စတိုင်းက တောင်းဆိုပါရန် သူ့ထံသို့ ချဉ်းကပ်လာ ကြသည်။

သူတို့အနေနှင့်တော့ အမေရိကန်အား ဥရောပ စစ်ပွဲထဲ ဆွဲသွင်းဖို့ သူကြိုးစား နေသည်ကိုတော့ အားမပေးချင်ကြပေ။

ဤသို့ ပညာတတ်များက အိုင်စတိုင်းအား မထောက်ခံကြသောအခါ သူက "ပညာတတ်ဆိုတဲ့လူတွေဟာ သာမန်လူတွေထက်တောင် သူရဲဘောကြောင်ကြသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကြည့် ဒီလူတွေကို ကျုပ်တို့ ကမ္ဘာသူကမ္ဘာသားတွေ ဒုက္ခဖြစ်အောင် ဖန်တီးနေတဲ့ အယူအဆဆိုးတွေကို တိုက်ဖို့ခေါ်တိုင်း ခေါင်းခါတတ်ကြတာပဲ၊ အခွင့်အရေးသမားတွေဗျ''ဟု ဆိုတော့သည်။ ဤစကားကို သူသည် နိုဘယ်ဆုရ ဓာတုဗေဒပညာရှင်ကြီး ဟာရိုလ်ယူရေးနှင့် တွေ့စဉ်က ပြောလိုက်လေသည်။

လူမှုရေးကိစ္စများနှင့် စပ်လျဉ်း၍ သူတွေ့ထိခံစားရသည်ကို ၁၉၄၀ ခုနှစ်တွင် အမေရိကန်ပြည်သားအဖြစ် မခံယူမီ ကြိုတင်စိစစ်မှုများ လုပ်နေစဉ် သွယ်ဝိုက်ပြီး ထုတ်ဖော်နေပေတော့သည်။ သူသည် ၁၉၄၀ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် အမေရိကန်ပြည်သားအဖြစ် ခံယူသည်။

အိုင်စတိုင်းသည် နယူးဂျာစီနယ် ထရင်တန်အသံလွှင့်ဌာနမှ အသံလွှင့်ပြောကြားရာတွင်လည်း သူက ''ကျုပ်ပြောချင်တာကတော့ ဘယ်သူမဆို လူမှုရေးကိစ္စများကို ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ဆိုရင် အဲဒီလူမှာ တခြားလူများရဲ့ ကာယကံ၊ မနောကံ အားလုံးအပေါ်မှာ ဩဇာလွှမ်းမိုးနိုင်တဲ့ ထူးခြားတဲ့ အရည်အချင်း (ပါရမီ) ရှိရမယ်။ ကျုပ်တွေ့ရတာကတော့ဖြင့် များသောအားဖြင့် နိုင်ငံရေးသမားတွေဟာ အဲဒီပါရမီ နည်းပါးနေကြတယ်။ သူတို့ပရိသတ်ကို သူတို့ဩဇာ မညောင်းနိုင်ကြဘူး။ ထင်ရှားတဲ့ အမေရိကန် နိုင်ငံရေးသမားတွေထဲမှာ ဝုဒရော် ဝီလဆင်တစ်ယောက်ကတော့ဖြင့် တကယ့်ပညာရှင် ရင့်မကြီးတစ်ယောက် ဖြစ်ပါပေရဲ့။ သို့ပေတဲ့ သူ့မှာလည်း လူတွေကို ဆွဲဆောင်ပြီး လွှမ်းမိုးနိုင်တဲ့ အတတ်ပညာက သိပ်မရှိပြန်ဘူး''ဟု ဆိုခဲ့လေသည်။

ထိုအချိန်တွင် အိုင်စတိုင်း အလုပ်လုပ်နေသော အထက်တန်း သိပ္ပံပညာရပ်များလေ့လာရေး သိပ္ပံကို ယခင်အဆောက်အဦမှ ပရင်စတန် တက္ကသိုလ် ပရဝုဏ်ထဲမှာပင်ရှိသော ဖုလ်ဒ်အဆောက်အဦသို့ ရွှေ့ပြောင်းလေသည်။ ဤအဆောက်အဦမှာ အုတ်တိုက်နီနီကြီးဖြစ်၍ ပတ်ဝန်းကျင် မြက်ခင်းစိမ်းစိမ်းများက ဓာနဘန်သတ်ထားသည်သို့ရှိသဖြင့် လှပတင့်တယ်သော အဆောက်အဦတစ်ခု ဖြစ်သည်။ ရုံးခန်းနှင့် စာသင်ခန်းများမှာ ဗဟိုနာရီစင် အဆောက်အဦ တစ်ဖက်တစ်ချက်တွင် ခွဲထားသည်။ အိုင်စတိုင်းအခန်းမှာကား အောက်ဆုံးထပ်တွင်ပင်ဖြစ်၏။

အိုင်စတိုင်းအနေနှင့် ပတ်ဝန်းကျင် အနှောင့်အယှက် ကင်းလွတ်စေရန် သူ့အခန်းမှာ တံခါးနှစ်ထပ် လုပ်ထားသည်။ အခန်းနှစ်ခန်းကို ကျော်ဖြတ်ပြီးမှ သူ့အခန်းသို့ရောက်နိုင်သည်။ ထို့ကြောင့် အပြင်ဆုံးကတံခါးကို ခေါက်ရုံနှင့် အတွင်းမှမကြားနိုင်ပေ။

သူ့ရုံးခန်းမှာ ပန်းမှန်ပြတင်းတံခါးကြီးများဖြင့် ဆင်ယင်ပေးထားသည်။ အခန်းထဲတွင်မူ စားပွဲတစ်လုံးနှင့် သားရေကုလားထိုင်များ ချပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရုံးခန်းနံရံတွင် သင်ပုန်းကြီးတစ်ချပ် ချိတ်ဆွဲထားပြီး ယင်းသင်ပုန်းကြီး တစ်ဖက်တွင် 'ဖျက်ပါ'ဟု ရေးထားပြီး အခြားတစ်ဖက်တွင်မူ 'မဖျက်ပါနှင့်'ဟု စာတန်းများ ရေးထားသည်။ ဤသို့ ရေးရခြင်းမှာ အိမ်က အင်မတန် အသိမ်းအဆည်း အသုတ်အသင်ကောင်းသော မိန်းမများကြောင့် သူရေးခြစ်ထားသော အဖိုးတန်စာရွက် များ မကြာခဏ ပျောက်ဆုံးခဲ့ရဖူးသောကြောင့် ဖြစ်သည်။

ဤဖုလ်ဒ် အဆောက်အဦမှာ ကိုယ့်ဘာသာကိုယ် ဆိတ်ငြိမ်စွာ အလုပ်လုပ် နေကြသော ပညာရှင်ကြီးများ၏ အတွေးမပျက်စေရန် လမ်းလျှောက်သော သူများ ကပင် သတိကြီးစွာထားပြီး ခြေသံမကြားရအောင် လမ်းလျှောက်ကြသည်။

နေ့လယ် ကော်ဖီ၊ လက်ဖက်ရည် သောက်ချိန်ကျမှ အားလုံးထွက်လာကြပြီး သဟာယဆောင်တွင် ဆုံကာ စားကြသောက်ကြသည်။ စကားစမြည် ပြောကြသည်။ ဤပတ်ဝန်းကျင်ဒေသကလေးကား အလွန်ဆိတ်ငြိမ်ပါဘိတောင်း။

ယခု အိုင်စတိုင်းတို့ရောက်နေသော အဆောက်အဦ၏ မျက်နှာစာတွင်လည်း "ဤအဆောက်အဦသို့ အသက်ဆယ်နှစ်အောက် ကလေးသူငယ်များ ဝင်ထွက်သွားလာ ခွင့်မပြု"ဟု စာတန်းရေးထိုး တားမြစ်ထားသည်။ ထို့ကြောင့် ဤပတ်ဝန်းကျင်တွင် လူကြီးများ၏အသံကိုသာ ကြားရသည်။ တကယ်တော့လည်း ဤသိပ္ပံမှာ အထက် တန်းသိပ္ပံပညာရှင်ကြီးများအတွက်သာ ရည်ရွယ်သည့်အတွက် သူတို့ဦးနှောက်စားကျက် သာ ဖြစ်ရပေမည်။

အိုင်စတိုင်းသည် ယခင် ဖိုင်းအဆောက်အဦမှာကဲ့သို့ပင် နံနက်တိုင်း သူ့ရုံးသို့ သွားသည်။

ခါတိုင်းကဲ့သို့ပင် တစ်မိုင်ခွဲလောက်ခရီးကို ကားမစီးဘဲ အိမ်မှ လမ်းလျှောက် သွားနေလေသည်။ တစ်ခါတစ်ရံ ဗိုက်အခြေအနေမကောင်းမှသာ အလုပ်ဌာနသို့ သွား သောအခါ မော်တော်ကားနှင့်သွားပြီး အိမ်ပြန်သောအခါ လမ်းလျှောက်ပြန်တတ်လေ သည်။

ထိုသို့ သူသွားနေကျလမ်းအတိုင်း သွားမြဲသွားနေသည်ကို ထိုလမ်းပေါ်တွင် နေထိုင်ကြသော အငြိမ်းစားဝန်ထမ်း ဇနီးမောင်နှံနှစ်ဦးက အမြဲစောင့်ကြည့်တတ်သည်။ အိုင်စတိုင်းသည် သူတို့အိမ်အနီးသို့ ရောက်သောအချိန်မှာ နေ့စဉ် တစ်နာရီထိုးရန် ဆယ့်သုံးမိနစ်အလိုတွင် ဖြစ်လေသည်။ တစ်ခါတစ်ရံ အိုင်စတိုင်းသည် အပြာရောင် ဦးထုပ်တစ်လုံးကို ဆောင်းလာပြီဆိုလျှင်လည်း ထိုနေ့တွင် အပြင်မှာ အတော်အတန် အေးနေ၍ဖြစ်မည်ဟု သူတို့ဇနီးမောင်နှံက သိရတော့သည်။

အိုင်စတိုင်းနှင့် လမ်းလျှောက်ဖက်မှာ ကတ် ဂိုဒယ်လ်ဖြစ်သည်။ ဂိုဒယ်သည် ဗီယင်နာ သင်္ချာပညာရှင် အသိုင်းအဝိုင်းထဲက ပုဂ္ဂိုလ်ကျော်တစ်ယောက် ဖြစ်၏။ သူလည်း အိုင်စတိုင်းနှင့် မရှေးမနှောင်းမှာပင် ဤသိပ္ပံသို့ ရောက်ရှိလာသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါတော့ ဂိုဒယ်လ်က သင်္ချာတွေ သိပ္ပံတွေနှင့်ချည်း ဦးနှောက်ခြောက် မနေချင်။ ဦးနှောက် အပန်းဖြေရေး၊ ဉာဏ်စဉ်ကွန့်၍ စိတ်ချမ်းသာစွာနေနိုင်ရေးအတွက် ဒဿနပညာကို လေ့လာချင်သည်။ ဤပညာသည် လောကအမြင်ပညာဖြစ်၍ ဂိုဒယ်က ဆွေးနွေးချင်သည်။ စကားစရလျှင် ဂျာမန်တွေးခေါ်ရှင်ကြီးတစ်ဦးဖြစ်သော 'အင်မင်နယူဝယ်ကန့်'၏ အတွေးအခေါ်များထဲက ကောင်းနိုးရာရာ ရွေးချယ်ဆွေးနွေးချင်ပေသည်။ သူတို့နှစ်ဦးသည် လမ်းလျှောက်ရင်း ကန့်သည် သူ၏တက္ကိက အတွေးအခေါ်များဖြင့် လောကဖြစ်စဉ်ကို ဘယ်ရွေ့ဘယ်မျှ မှန်မှန်ကန်ကန် ဆင်ခြင်နိုင်ခဲ့သနည်း ဆိုသည်ကို အပြန်အလှန် ငြင်းခုံဆွေးနွေးသွားကြသည်။

အိုင်စတိုင်းသည် များသောအားဖြင့် ညနေခင်းများ၌ ရုံးသို့ပြန်မသွားဘဲ အိမ်မှာ ပင်နေကာ စာရေးခြင်း၊ စာဖတ်ခြင်းဖြင့် အချိန်ကုန်သည်။

စစ်မဖြစ်မီကဆိုလျှင် တစ်နေ့တစ်နေ့ သူ့ထံသို့ စာပေါင်း အစောင်တစ်ရာမက လာသည့်အထဲက ဟယ်လင်ဒျူကပ်စ်ကရွေးပြီး သူကိုယ်တိုင် သိသင့်သိထိုက်သည့် စာအစောင်ငါးဆယ်လောက်သာ သူ့အားပေးသည်။ ထိုစာများကို ညနေခင်းတွင် ပြန်စာ ရေးရသည်။ ပြန်စာများအတွက် သူက နှုတ်ကခေါ်ပေးသည်။ မစ္စဒျူကပ်စ်က လိုက်ရေး သည်။ ယခုတော့ မစ္စဒျူကပ်စ်လည်း သူ့ဘဝတစ်ခုလုံးကို အိုင်စတိုင်းဘဝအတွက် အထောက်အကူပြုရန် ပေးထားရပြီဖြစ်သည်။ သူသည်အိုင်စတိုင်း၏ အတွင်းရေးမှူး လည်း ဖြစ်သည်။ အိမ်ကို ထိန်းသိမ်းရသော အိမ်ရှင်မလည်း ဖြစ်သည်။ သူနာပြုရသော သူနာပြုဆရာမဆိုလည်း မမှား။ သူ၏ ရာသက်ပန် မိတ်ဆွေကောင်းကြီးဆိုလည်း မှန်ပေသည်။

အယ်လ်ဆာ ဆုံးသွားပြီးနောက်တွင် အိုင်စတိုင်း၏အိမ်တွင် အမျိုးသမီးနှစ်ဦး တည်း ရှိခဲ့ရာမှ ယခုတစ်ဖန် သုံးဦးဖြစ်လာပြန်၏။ ၁၉၃၉ ခုနှစ်က သူ့ညီမ မာဂျာ သည် ဆွစ်ဇာလန်မှ သူ့ထံသို့ အလည်အပတ် ရောက်လာခဲ့သည်။ သို့သော် ဥရောပမှာ စစ်ဖြစ်နေပြီဖြစ်၍ မာဂျာလည်း အိုင်စတိုင်းအိမ်တွင် မပြန်နိုင်ဘဲ သောင်တင်နေခဲ့ပေ တော့သည်။'

ယခုမူ မာဂျာ၏ဆံပင်တို့သည်လည်း ဖွေးဖွေးဖြူဆွတ်နေကြချေပြီ။ မာဂျာ၏ ရုပ်မှာ သူ့အစ်ကို အိုင်စတိုင်းနှင့် အလွန်တူသဖြင့် သူတို့မောင်နှမနှစ်ဦး လမ်းလျှောက် သွားကြတိုင်း ပရင်စတန် ရွာသူရွာသားတို့က ထွက်ကြည့်ကြသည်။

မာဂျာသည် စန္ဒရားတီးကောင်းသူတစ်ဦးဖြစ်၍ မာဆာလမ်းရှိ အိုင်စတိုင်း အိမ်တွင် ဂီတဆည်းဆာရှိသော ညနေခင်းများ၌ သူကလည်း အိုင်စတိုင်းတို့နှင့်အတူ စန္ဒရားဝင်တီးသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင် ညှော်သည်ပြတ်သည့်နေ့များ၌ အိုင်စတိုင်းနှင့် မာဂျာတို့နှစ်ဦးမှာ ရူပဗေဒအကြောင်း၊ ဒဿနိကဗေဒနှင့် ဂီတအနုပညာအကြောင်းများကို ဆွေးနွေးကြသည်။ စာအုပ်တွေကိုလည်း တစ်ယောက်က ဖတ်ပြလျှင် တစ်ယောက်က နားထောင်သည်။

အိုင်စတိုင်းသည် ည ၁၀ နာရီတွင် အိပ်ရာဝင်သည်။ သို့သော် အိပ်ရာမဝင်မီ နာရီဝက်ခန့် သင်္ချာကိန်းများကို ပြန်တွက်သေးသည်။

နွေဦးပေါက်ရာသီနှင့် နွေရာသီ ပူနွေးသော ညနေခင်းများတွင်မူကား အိုင်စတိုင်း၊ မာဂျာနှင့် ဟယ်လင်ဒျူကပ်စ်တို့သည် တက္ကသိုလ်ရိပ်သာရှိ ကာနစ်ဂီကန်ကြီးထဲတွင် ရွက်လှေ့ကြသည်။ ကာနစ်ဂီရေကန်ကြီးမှာ (အင်းလျားကန်ကဲ့သို့) တက္ကသိုလ်နယ်မြေ သာယာမှုအတွက် တမင်တူးပေးထားသော ကန်ကြီးဖြစ်သည်။ ထိုကန်ရေပြင်တွင် ရွက်လှေကလေးများဖြင့် ကစားကြသူများက လှေအသင်းတစ်သင်း ဖွဲ့ထားသည်။ ပရင်စတန်မြို့ကလေးမှာ ငယ်ပင်ငယ်သော်လည်း ထိုမြို့တွင် ရောက်ရှိနေကြသော ပညာရှင်ကြီးများမှာ ကမ္ဘာကျော်ကြီးများဖြစ်ကြသောကြောင့် သူတို့အရှိန်နှင့် မြို့ကလေးလည်း နာမည်ကြီးလျက်ရှိ၏။

တက္ကသိုလ်လှေအသင်းတွင် ပါဝင်ကြသူများမှာလည်း တက္ကသိုလ်မှ ပညာရှင်အကျော်အမော်ကြီးများဖြစ်၍ အိုင်စတိုင်းလည်း အပါအဝင်ဖြစ်သည်။ သို့သော် ထိုတက္ကသိုလ်လှေအသင်းကို ဦးစီးနေသူမှာကား သာမန်အဘိုးကြီး ဖရက်ဘီယားလတ်စ်ဆိုသူဖြစ်၏။ အဘိုးကြီးသည် အိုင်စတိုင်းအား ကောင်းကောင်း ရင်းရင်းနှီးနှီးသိသည်။

ဖရက်ကြီးက သူရင်းနှီးသော ပါမောက္ခကြီး အိုင်စတိုင်းအကြောင်းကို စိတ်ဝင်စားဖွယ် ပြောပြတတ်သည်။

"ဟာ ပါမောက္ခကြီးနဲ့နေရတာဖြင့် ကျုပ်စိတ်ထဲ ဘယ်လိုချမ်းသာမှန်းမသိဘူး။ သူပြုံးပုံမှုပုံကိုက တစ်ဖက်လူမှာ မောဟဖုံးပြီး နှလုံးမသာရှိတာတွေကို တစ်ခါတည်း ယူပစ်လိုက်သလိုပဲ ငြိမ်းချမ်းရတယ်ကွယ့်။ ဒေါသ၊ မောဟ၊ မာန်မာနဆိုတာ လုံးလုံးကင်းစင်လို့လားတော့ မသိဘူး။ သူ့မျက်နှာမြင်ရင်ပဲ စိတ်ထဲ ကြည်လင်သွားတာပဲ။ အင်း ကျုပ်အထင်တော့ သူကိုယ်တိုင်က သန့်စင်မွန်မြတ်တဲ့ နှလုံးသားနဲ့ မေတ္တာစာတ်ပိုင်ရှင် ဖြစ်လို့လားပဲ မပြောတတ်ပါဘူး။ သူတစ်ပါးမှာလည်း ဒီမေတ္တာရဲ့ အာနုဘော်ကြောင့် အင်မတန် စိတ်ချမ်းမြေ့ရတာကလားကွယ်"

"ကျုပ် မှတ်မိသေးတယ်။ ၁၉၄၂ ခုနှစ်က ထင်ပါရဲ့ ပါမောက္ခကြီးနဲ့ တခြားပုဂ္ဂိုလ်နှစ်ဦး ဒီဘုတ်ကလပ်မှာ လာပြီးတော့ ဆွေးနွေးနေတဲ့အကြောင်းကလည်း တကယ်ပဲ အရေးကြီးနေတဲ့အချိန်ဖြစ်တော့ တွတ်တီးတွတ်တာပြောပြီး ဝင်လာတဲ့ကလေးကို တခြားပုဂ္ဂိုလ်များက တွန်းထုတ်ကြတယ်။ ဒီအခါ ပါမောက္ခကြီးက စကားပြောနေတဲ့ ပုဂ္ဂိုလ်ကို လက်ကာပြတယ်။ ခဏရပ်ပါဦး ဆိုလိုက်တယ်။ အဲ ပြီးတော့ ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတဲ့စကားဖြတ်ပြီး တကတဲမှပဲ ကလေးမလေးဆိသွားပြီး ချိယူတယ်။ ကလေး ပျော်သွားအောင် တော်တော်ကြာကြာ ချော့မြူနေတော့တာပဲကွယ်။ အဲသလိုကွယ့်။ တယ်ပြီး မေတ္တာစိတ် ကြီးမားတဲ့ ပုဂ္ဂိုလ်ကလား မောင်တို့ရယ်"

"သူ့အကြောင်းကို ကျုပ်သိသမျှ ပြောရရင် ဆုံးပဲဆုံးနိုင်မထင်ပေါင်ကွယ်။ နောက်တစ်ခါကတော့ ကျုပ်က ဒီမှာမရှိဘူး။ နှစ်ရက်သုံးရက် ခရီးလွန်နေတာနဲ့ ပါမောက္ခကြီးဟာ ဒီလေ့အသင်းတိုက်ကို ကျုပ်မရှိတုန်း ရောက်လာပြီး ကျုပ်ပြန်လာ တဲ့အခါ ယူဖို့ဆိုပြီး အိတ်တစ်အိတ် ထားခဲ့တယ်။ အိတ်ကတော့ သာမန်အိတ်ပါပဲ။ နို့ပေတဲ့ ဒီအိတ်ထဲမှာက တကယ့်အဖိုးတန် အကောင်းစားဆေးတံနဲ့ ဆေးတွေပါတယ်။ လက်ဆောင်ပေါ့ကွယ်။ လက်ဆောင်သာ ဆိုရတယ်၊ ကြီးကြီးကျယ်ကျယ် သူများ တကာလို ဖဲစည်းကြိုးတွေဘာတွေလည်း မချည်ဘူး။ အို တကတဲမှ သူ့လောက်ရိုးတဲ့လူ သူပါပဲကွယ် အဲသလိုကွယ့်"

"အင်း ပြောမယ်ဆိုတော့ ပြောစရာချည်းပဲပေါ့။ သူ့အကြောင်းကတော့ ပြော လေပြောလေ ပြောမကုန်လေဘဲ။ ပြောရမှာတွေကလည်း အကောင်းချည်းပဲဖြစ်နေတယ်။ ဒီပုဂ္ဂိုလ်ကတော့ ဇမ္ဗူမှာ တစ်လူပဲမောင်တို့ရဲ့။ အင်မတန် အံ့ဩချီးပစရာ ကောင်းပါ ပေရဲ့"

အိုင်စတိုင်းကား တည်ငြိမ်၏။ သမာဓိကြီးလှ၏။ သူ့ကို ဝိစိကိစ္စာများအောင် လုပ်သောလူကိုလည်းကောင်း၊ သဘာဝတရားကိုလည်းကောင်း ခိုင်ကျည်စွာ တွန်းလှန် နိုင်သော သတ္တိလည်းရှိ၏။ တစ်ခါတစ်ရံ အိုင်စတိုင်းသည် ကန်ရေပြင်ပေါ်၌ ရွက်လွှင့် နေစဉ် လေငြိမ်သွားသဖြင့် လှေကလေးမှာ ကန်လယ်တွင် ပေါလောမျောနေတော့သည်။ ထိုအခါ သူသည် လေပြည်ပြန်တိုက်မည့် အချိန်အထိ စိတ်ရှည်လက်ရှည် စောင့်နေလေ တော့သည်။

ညနေငါးနာရီတွင် သူ့အား လာခေါ်ရန် ငှားထားခဲ့သော မြင်းလှည်းဆရာလည်း အချိန်မီရောက်လာပြီး ကမ်းပေါ်က စောင့်နေ၏။ လေကလည်း ပြန်မတိုက်သေး။ အိုင်စတိုင်းလည်း လေကို စောင့်မြဲစောင့်လျက်သာ ရေလယ်တွင် ထိုင်နေ၏။ မြင်းလှည်း ဆရာလည်း စောင့်ရသည်မှာ ကြာသောကြောင့် မအီမသာဖြစ်နေ၏။ ထိုအခါမျိုး၌ အိုင်စတိုင်းသည် မြင်းလှည်းဆရာအား မျက်ရိပ်ပြပြီး ပြန်ခိုင်းလိုက်၏။

အကယ်၍ လေသည် နောက်ထပ်သုံးနာရီလောက်ကြာမှ ပြန်တိုက်မည်ဆို လည်း သူသည် လေပြန်တိုက်မည့်အချိန်ရောက်အောင် စောင့်မြဲစောင့်နေတော့သည်။

ဤသို့ သည်းခံစောင့်စားရသည်ကို သူသည် စိတ်မညစ်၊ သဘောကျသေးသည်။ အမှန်တော့ ရေလယ်တွင် ငြိမ်ပြီးရပ်နေသော လှေကလေးထဲတွင် တစ်ယောက်တည်း ထိုင်ကာ လောကသဘာဝအကြောင်း စဉ်းစားတွေးခေါ်နေရသည်မှာ အလွန်အရသာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"တွေးတောဆင်ခြင်နေရတဲ့ စိတ်အာဉ်ကို ပျက်ယွင်းစေတဲ့ လောဆော်မှုတွေ၊ အာဃာတတရားတွေဟာ သူ့အဖို့တော့ ခန္ဓာကိုယ်ကို နှိပ်စက်တတ်တဲ့ ဒုက္ခတွေနဲ့ အတူတူပဲလို့ ထင်နေတာပဲ"

အိုင်စတိုင်းနှင့်အတူ နွေရာသီများ၌ ခရီးထွက်လေ့ရှိသော ဂပ်စတပ် ဘက်ကီဆိုသူက ပြောပြဖူးသည်။ အိုင်စတိုင်းကား စိတ်၏မွေ့လျော်ခြင်းကိုသာ တောင့်တ၏။ ခန္ဓာကိုယ်၏ မွေ့လျော်ခြင်းကိုကား မတောင့်တ။ နွေရက်များတွင် ခရီးထွက်သော အခါတိုင်း လှေတစ်စင်းကိုငှားလျှင် ကူရှင်ထိုင်ခုံများမငှား လှေရွက်ပါလျှင် တော်ချေပြီ။

"အဲဒါပေါ့ ခဏခဏ သူနဲ့ ကျွန်တော်နဲ့ အငြင်းအခုံပြောရတယ်။ ကျွန်တော်ကတော့ တမင်အပျော်ခရီးထွက်တာပဲ၊ သက်သက်သာသာ နေချင်တာပေါ့။ ဒါနဲ့ ကူရှင်ထိုင်ခုံကလေးငှားရဖို့၊ ဒီအပေါ်ထိုင်စီးရဖို့ကို သူနဲ့ တော်တော်ပဲ အတိုက်အခံ ပြောရတယ်"ဟုလည်း ဘက်ကီက ပြောပြလေသည်။

စစ်ဖြစ်နေစဉ်ကာလအတွင်းမှာမူ လူအများ၏ မျက်လုံးတွေရှေ့မှာ အရင်ကကဲ့သို့ ရေပန်းမစားတော့ဘဲ အိုင်စတိုင်း၏ကိုယ်ရောင် မှိန်လျက်ရှိ၏။

၁၉၄၃ ခုနှစ် ဖွန်လတွင် အိုင်စတိုင်းသည် ပရင်စတန်တွင် ရေတပ် စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေး ဗျူရိုမှ အရာရှိများနှင့် တွေ့ဆုံရာ ရေတပ်အရာရှိများက အိုင်စတိုင်းအနေနှင့် ဗုံး(ပေါက်ကွဲတတ်သောလက်နက်များ) လုပ်လိုက လုပ်နိုင်ကြောင်း ပြောသည်။ နောင်ကြာမှ အိုင်စတိုင်းက မိတ်ဆွေများအား သူသည် ရေတပ်က အရာရှိများနှင့် ဆက်သွယ်ပြီးဖြစ်ကြောင်း သို့ရာတွင် သူ့အနေနှင့် လက်နက်ဆို၍ ဘာတစ်ခုမျှ မလုပ်ရသေးကြောင်း ပြောပြသည်။

နောက်တစ်နှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲမတိုင်မီ အိုင်စတိုင်းထံမှ ကြေညာချက်တစ်စောင် ထွက်လာသည်။ ထိုကြေညာချက်တွင် "ကျုပ်တို့လူသားတွေ အဖို့ လာမည့်အနာဂတ်မှာ အစဉ်ရှည်တည်မည့် ငြိမ်းချမ်းတဲ့ကမ္ဘာ၊ ငြိမ်းချမ်းတဲ့ လူ့လောကကြီး တည်ဆောက်ဖို့ အမြဲတိုးပွားနေတဲ့ ကျူးကျော်စော်ကားမှုတွေကို တားဆီးဖို့ အရေးသည် အလွန့်အလွန် ကြီးမားသော သာမန်လူသားတို့ မတတ်နိုင်ကောင်း။ မဆောင်ကြဉ်းနိုင်ကောင်းသော တာဝန်သာ ဖြစ်ပေသည်။ ယင်းတာဝန်ကြီးကို ထမ်းဆောင်နိုင်မည့်သူကား ရူစဗက်သာရှိ၏။ ထို့ကြောင့် ထိုတာဝန် ပြီးမြောက်စေခြင်း အလို့ငှာ ရူစဗက်ရှိမှဖြစ်မည်"ဟု အိုင်စတိုင်း ထုတ်ဖော်မိန့်ဆိုခဲ့လေသည်။

၁၉၄၅ ခုနှစ် ဧပြီလတွင် ရူစဗက် အနိစ္စရောက်သွားသည်။ အိုင်စတိုင်းကမူ ရူစဗက်အား "လူစားမရှိတော့သည့် ပုဂ္ဂိုလ်ထူးကြီး"ဟုပင် ခေါ်ခဲ့၏။ ကမ္ဘာပေါ်၌ ပေါ်ပေါက်ခဲ့သော သူ့ခေတ် နိုင်ငံရေးခေါင်းဆောင်ကြီးများအနက်တွင် အိုင်စတိုင်းသည် ရူစဗက်နှင့် ဂန္ဓီတို့နှစ်ဦးကိုသာ အရှိသေ အလေးစားဆုံး ဖြစ်သည်။ ဤနှစ်ပါးသော

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ထူးတို့သည်သာ ကမ္ဘာသစ်ကို ဖန်တီးနိုင်သူများ စင်စစ်ဖြစ်သည်ဟုလည်း အိုင်စတိုင်း ယုံကြည်ခဲ့သည်။

ဤပုဂ္ဂိုလ်နှစ်ဦး၌ ကမ္ဘာသစ်ကြီးတစ်ခုကို ငြိမ်းချမ်းသာယာစွာ တည်ဆောက်နိုင်မည့် အတွေးအမြင်သစ်များ ရှိခဲ့ကြ၏။ သူတို့သည် ယင်းအတွေးအမြင်သစ်များအတွက် အကန့်အသတ်နှင့်သာ ဆောင်ရွက်ခဲ့ကြ၏။

ဂန္ဒီ၏ အတွေးအခေါ်ကို သုံးသပ်ကြည့်လျှင် သူ့အမြင်မှာ ဂန္ဒီသည် လူသားတို့၏ လောဘရမ္မက်ဆန္ဒတို့ကို မရှိမဖြစ်သော အခြေခံဘဝ လိုအပ်ချက်များလောက်သာ ကျွန်သည်အထိ လျှော့ချပစ်ရေး။ လူသားသည် မိမိမှအပ တစ်ပါးသော ဝတ္ထုပစ္စည်းအများအပြားကို မှီခိုမနေဘဲ ကိုယ့်အားကိုယ့်အင်နှင့် လွတ်လပ်စွာ ရပ်တည်နေနိုင်ခြင်းသဘောကို ဖော်ပြရေးပင်ဖြစ်သည်။

ရစ်ဗက်မူကား ဂန္ဒီနှင့် ဆန့်ကျင်သောအမြင်ရှိ၏။ ရစ်ဗက်၏ အတွေးအမြင်တွင် ကမ္ဘာပေါ်တွင် ရှိကြကုန်သော လူသားအချင်းချင်းသည် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခြင်း၊ မှီတွယ်အားထားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကာ လူ့ဘဝလိုအပ်ချက်များကို အလျှံပယ် ကြွယ်ဝစွာ သုံးစားနိုင်ရေးအတွက် ကြိုးစားကြရန်ဖြစ်သည်။

အိုင်စတိုင်းသည် ဂန္ဒီနှင့်တူ၏။ အရာဝတ္ထုများစွာအပေါ်၌ အလွန်အားထားခြင်း မရှိချေ။ တစ်ဖန် မိမိ၏ ထိုးထွင်းဆင်ခြင်ခြင်းဉာဏ် (ဒေယျ)ကို အားကိုးရာ၌ အိုင်စတိုင်းနှင့် ရစ်ဗက် တူညီမှုရှိကြသည်။ ဤပုဂ္ဂိုလ်ကြီးနှစ်ဦးတို့၏ နည်းလမ်းများကား ဆန့်ကျင်ယောင်ရှိကြသော်လည်း ကိုယ့်နည်းနှင့်ကိုယ် မှန်ကြသည်သာ ဖြစ်ပေတော့သည်။

အိုင်စတိုင်းသည် ရူပဗေဒအရာမှာပဲဖြစ်ဖြစ် နိုင်ငံရေးမှာပဲဖြစ်ဖြစ် ဘယ်အရာမှာမဆို အခြေခံသဘောတရားများ ဆန်းသစ်တီထွင်ခြင်းကို လွန်စွာ သဘောကျနှစ်မြို့တတ်ပေသည်။ အိုင်စတိုင်းသည် အထူးသဖြင့် ယေဘုယျသဘောရှိသော အယူအဆအတွေးအမြင်များကို ပို၍ အရေးထားစဉ်းစားပေသည်။

၁၉၄၅ ခုနှစ် ဧပြီလသို့ရောက်သောအခါ မှုအားဖြင့် အိုင်စတိုင်းသည် အထက်တန်း သိပ္ပံပညာ ရှာဖွေလေ့လာရေးသိပ္ပံမှ အငြိမ်းစားယူလိုက်လေသည်။ ယခုဆိုလျှင် သူ့အသက်သည် ခြောက်ဆယ့်ခြောက်နှစ်အရွယ်ပင်ရှိပြီ။ အငြိမ်းစားပင် ယူလိုက်သော်လည်း အိုင်စတိုင်း၏ နေ့စဉ်လုပ်မြဲအလုပ်ကိုကား တစ်စုံတစ်ရာ ထိခိုက်ပြောင်းလဲခြင်း မရှိခဲ့ပေ။ သူသည် သိပ္ပံကျောင်းတော်ကြီးရှိ သူ့ရုံးခန်းရှိရာသို့ ခါတိုင်းကဲ့သို့ပင် နေ့စဉ်နံနက် ရှစ်နာရီလောက်တွင် သွားမြဲသွားသည်။ ခါတိုင်းကဲ့သို့ပင် နေ့လယ်စာစားချိန်ရောက်သောအခါ အိမ်သို့ လမ်းလျှောက်ပြန်လာသည်။ ဤတံခါးနှစ်ထပ် တပ်ပေးထားသော သူ့ရုံးခန်းကား သူ တာစေအလုပ်လုပ်သွားသော ရုံးခန်းပင် ဖြစ်ပေတော့သည်။

www.burmeseclassic.com



၁၉၄၅ ခု၊ ဩဂုတ်လ ၇ ရက်နေ့ နံနက် ၁၁ နာရီ။

ထိုနေ့တွင် အိုင်စတိုင်းသည် ဆာရာနက် ကန်သာဘေးရှိ တဲကလေးထဲတွင် နေခဲ့၏။ ယင်းနေ့ကား ကမ္ဘာ့လူသားတို့ လောကသို့ ကြီးကျယ်သောဒုက္ခဆိုးကြီးများ ကျရောက်သည့်နေ့ပေတည်း၊

၁၉၄၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့ နံနက် ၁၁ နာရီအချိန်တွင် အမေရိကန် စစ်လေယာဉ်ပျံများက ဂျပန်ပြည် ဟီရိုရှီးမားမြို့ပေါ်သို့ အဏုမြူဗုံးချခဲ့ပြီဖြစ်ကြောင်း သမ္မတအိမ်ဖြူတော်မှ ကြေညာချက်ကို နားမချမ်းသာဖွယ် ကြားလိုက်ရပေတော့သည်။ ဤသတင်းကို ပထမဆုံး ရေဒီယိုမှ ဟယ်လင်ဒျူကာပ်စ်က ကြားလိုက်ရသဖြင့် အပြင်ဘက်ရှိ အိုင်စတိုင်းအား သွားရောက်ပြောကြားလိုက်လေသည်။

"အိုး ဘုရား ဘုရား"

နှုတ်မှ အာမေဋိတ်နှင့်အတူ အိုင်စတိုင်း၏ ဦးနှောက်သည်လည်း အိုးထိန်းစက်နှယ် ချာချာလည်သွားသလား မှတ်လိုက်ရတော့သည်။

အမှန်တော့ အိုင်စတိုင်းသည် ဂျာမနီရှုံးနိမ့်ပြီးနောက် နာဇီသိပ္ပံပညာရှင်များမှာ ယူရေနီယမ် ၂၃၅ သုတေသနကိစ္စ မအောင်မြင်ဟူသော သတင်းကို ကြားခဲ့ရကတည်းက တစ်ချိန်က သူသည် ရုစဗက်ထံ ရေးခဲ့မိဖူးသည့် စာတစ်စောင်အတွက် ယူကျုံးမရဖြစ်ခဲ့မိလေပြီ။ သူ့စိတ်ထဲမှာလည်း ကမ္ဘာ့လူသားများအနေနှင့်တော့ အဏုမြူဗုံး၏ ရန်ကို ခံရဖို့အကြောင်းမရှိလုပဟု ထင်နေခဲ့၏။

"အင်း ခုတော့ ခက်ကပြီကောကွယ်။ ဒီလူတွေလက်ထဲ အဏုမြူဗုံးရသွားတာဟာ သုံးနှစ်သားကလေးငယ်လက်ထဲ သင်တုန်းဓားရသွားသလို ဖြစ်နေပြီ"

အိုင်စတိုင်းကား ညည်းရုံသာ ညည်းနိုင်ပေတော့သည်။ အိုင်စတိုင်းအနေနှင့် သူ့မိတ်ဆွေ ရူပဗေဒပညာရှင်ကြီးများသည် အဏုမြူဗုံးပြုလုပ်ရေး စီမံကိန်းတွင် တိုးတက်မှု ရရှိနေသည်ဆိုရုံလောက်သာ ကြားသိခဲ့၏။ ၁၉၄၅ ခုနှစ် မတ်လတုန်းကတော့ ဇီးလာ့ဒ်သည် သူ့ထံသို့ ရောက်လာခဲ့သေးသည်။ သူ့ထံမှ သမ္မတရုစဗက်အား မိတ်ဆက်စာတစ်စောင် ရေးပေးရန် တောင်းသွားသည်။

သို့ရာတွင် ထိုအချိန်က ဇီးလာ့ဒ်သည် သူဘာတွေလုပ်ပြီးနေပြီကို အိုင်စတိုင်းအား ဘာမျှပြောမသွားခဲ့ပေ။ သူသည် အနာဂတ်အတွက် အရေးပါသော ကိစ္စတစ်ခုကို ဆောင်ရွက်အောင်မြင်နေပြီ ဆိုသည်လောက်ကိုသာ မသိမသာ ပြောသွားသည်။

အိုင်စတိုင်းအနေနှင့်မူ ဇီးလာ့ဒ်သည် နိုင်ငံသားတစ်ဦးအနေ သိပ္ပံပညာရှင်တစ်ဦးအနေများဖြင့် သူ့တာဝန် သူ့ဝတ္တရား ဘာတွေရှိသည်ကို သူသိလိမ့်မည်ဟု ယုံကြည်ရင်းစွဲရှိခဲ့၏။ သူ့အနေနှင့် လုပ်ထားသောလုပ်ငန်းသည် တိုးတက်မှုတစ်စုံတစ်ရာ ရှိပေမည်။ တကယ်တော့ သူ့အောင်မြင်တိုးတက်မှုတွေသည် ရောဂါဖိစီးနေပြီဖြစ်သော သမ္မတရုစဗက်ကို စိတ်လေးစရာသာ ဖန်တီးခဲ့ချေမည်ကာကား။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် ဇီးလာ့ဒ်သည် ပထမစစ်ကြီးအပြီးတွင် ရုရှားက လက်နက်အင်အား စုဆောင်းနေခြင်းအတွက် သောကရောက်နေခဲ့၏။ ရုရှားအနေနှင့်လည်း ဘယ်နည်းနှင့်မဆို အဏုမြူဗုံးထုတ်လုပ်မည်သာ ဖြစ်၏။

ဇီးလာ့ဒ်သည် နိုင်ငံတကာ ထိန်းသိမ်းရေးကိစ္စအတွက် အမေရိကန် ပြည်ထောင်စုအား ဆိုဗီယက်ရုရှားနှင့် နည်းတူ ဦးဆောင်ရှေ့ရှုက်အပိုင်းက ပါစေချင်သည်။ အမှန်အားဖြင့်လည်း အိုင်စတိုင်းထံမှ စာလာယူသွားစေကာ ဇီးလာ့ဒ်သည် သမ္မတ ရုစဗဲက်နှင့် မတွေ့ခဲ့ရဟု ဆိုသည်။

၁၉၄၅ ခုနှစ် ဧပြီလတွင် နိုင်ငံပေါင်း ငါးဆယ်မှ ကိုယ်စားလှယ်တော်များသည် နိုင်ငံတကာ ညီလာခံကြီးတစ်ရပ်ကို ဆန်ဖရန်စစ္စကိုမြို့၌ ကျင်းပပြုလုပ်သောအခါ အဏုမြူဗုံးလုပ်ရန် ကြိုးပမ်းနေခဲ့ကြသော သိပ္ပံပညာရှင်များမှာ လိပ်ပြာမသန့် ဖြစ်နေခဲ့ရ၏။ ထိုညီလာခံမှ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကို ရေးဆွဲချမှတ်ခဲ့၏။

ဤကဲ့သို့ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးပြီးကြောင်း ကြားရသောအခါ ဂျာမနီပြည်ပြေး ရူပဗေဒသိပ္ပံပညာရှင် ဂျိမ်းဖရင့်က် ဦးဆောင်ပြီး သိပ္ပံပညာရှင်အများက အမေရိကန်အစိုးရထံသို့ အသနားခံစာ တင်သွင်းကြသည်။

"ကျွန်ုပ်တို့သည် ကမ္ဘာ့နိုင်ငံများမှ ကိုယ်စားလှယ်တော်ကြီးများ ဆန်ဖရန်စစ္စကိုမြို့တွင် ဆွေးနွေးပြီး စီမံကိန်းများ ရေးဆွဲချမှတ်ကြကြောင်း ကြားရဖတ်ရပါသည်။ ထိုအစီအစဉ်တွင် နယ်ချဲ့ကျူးကျော်ကြသော နိုင်ငံများမှ စက်ရုံများကို ထိန်းချုပ်ရေး အစီအစဉ်များ ပါသည်ဟုလည်း သိရပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ရင်ထဲကမူ ထိုအစီအမံ အဆောင်အရွက်များသည် လက်တွေ့ဘဝ၌ ထိရောက်လှမည်မဟုတ်ဟူ၍လည်းကောင်း၊ အနာဂတ်ကာလ၌ လူသားတို့ကြုံရမည့်စစ်သည် ယခု လောလောဆယ် တိုက်နေကြသောစစ်ထက် အဆအရာအထောင် ပိုမိုပြင်းထန်သော စစ်များသာ ဖြစ်ချိမ့်မည်ဟူ၍လည်းကောင်း ခံစားသိမြင်နေကြပါသည်။ ယခုအခါ အဏုမြူအင်အားသည် လူသားတို့၏ အနာဂတ်ကမ္ဘာကို အကြီးအကျယ် ပြောင်းလဲဖြစ်ပေါ်စေမည်ဟူသော အချက်ကို သိနားလည်သူများ အများအပြားရှိနေကြပြီးဖြစ်ရာ ထိုလူများက ထိုကိစ္စကို နိုင်ငံရေးခေါင်းဆောင်များအား မသိကြားစေဘဲ အဘယ်မှာလျှင် ဖုံးကွယ်ထားခြင်းငှာ ဖြစ်ချိမ့်ပါမည်နည်း"ဟူ၍ ပါရှိလေသည်။

ဤအစီရင်ခံစာကို အမေရိကန်အစိုးရအား တင်သော်လည်း အစိုးရပိုင်းကမူ များစွာ ဂရုတစိုက် မရှိလှသဖြင့် ဖရင့်က်သည် ယခုလောလောဆယ် ပြုလုပ်ထားပြီးသော အဏုမြူဗုံးကို သမုဒ္ဒရာထဲမှ လူသူကင်းလွတ်ရာတစ်နေရာတွင် စမ်းသပ်ဖောက်ခွဲကြည့်ရန် အစိုးရအား တိုက်တွန်းစာ ရေးပြန်လေသည်။

ဤသို့ဖောက်ခွဲပြခြင်းသည် နိုင်ငံရေး ချိန်ခွင်ညှာတင်ခြင်းပင် ဖြစ်သည်။ ယင်းသို့ အဏုမြူဗုံး ဖောက်ခွဲစမ်းသပ်ရာနေရာသို့ ရန်သူနိုင်ငံနှင့် မဟာမိတ်နိုင်ငံများမှ ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



များကို ခေါ်ပြရန် ဤကဲ့သို့ ခေါ်ပြပြီး သူတို့ကိုယ်တိုင်မြင်သွားပါက ယခုခေတ်မျိုးတွင် စစ်ပြုခြင်းသည် ရှုးမိုက်ရာသာ ကျပေတော့မည်ဆိုသည့် သဘောများကိုလည်းကောင်း၊ နောက်တစ်ကြိမ် စစ်ပြုလိုသော်ကား ထိုသူများအဖို့ မရှုမလှဖြစ်စရာသာ အကြောင်း ရှိကြောင်း သိမြင်ပြီး သက်ဝင်ယုံကြည်စေသင့်ကြောင်း တင်ပြသော်လည်း အစိုးရပိုင်းက အရေးမယူဘဲ ပယ်ချခြင်းခံရပြန်လေသည်။

ယခု ဖရင့်က် တင်ပြသည့်သဘောကိုမူ အိုင်စတိုင်းက ထောက်ခံကြောင်း နောင်သောအခါ ပြောပြဖူးလေသည်။

အခြားသော သိပ္ပံပညာရှင်များစွာကမူ ဖရင့်က်နှင့် ဆန့်ကျင်ကာ ယခုဆင်နွှဲနေသော စစ်ကြီးကို မြန်မြန်ပြီးဆုံးစေလိုလျှင် ယင်းအဏုမြူဗုံးကို ဂျပန်ပြည်ပေါ်သို့ ပစ်ချဖောက်ခွဲ အသုံးပြုဖို့သာသင့်ကြောင်း တင်ပြကြလေရာ သမ္မတ ထရူးမင်းက သဘောတူလိုက်လေတော့သည်။

ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များပေါ်သို့ အဏုမြူဗုံးများ ချလိုက်ပြီးနောက် ဂျပန်သည် ဒုတိယကမ္ဘာစစ်တွင် လက်နက်ချလိုက်ရလေတော့သည်။ ထိုသို့ ဂျပန်ပြည်ပေါ်သို့ အမေရိကန်က အဏုမြူဗုံးချလိုက်ခြင်းအတွက် သိပ္ပံပညာရှင်များ၊ ငြိမ်းချမ်းရေး သမားများ၊ ပညာရှင်အမြောက်အများက အိုင်စတိုင်းအား ဆန့်ကျင် ဆန္ဒပြပါရန် တောင်းပန်စာများ စုပုံရောက်ရှိလာလေတော့သည်။ ယခုမူ လူတိုင်းမှာ အဏုမြူဗုံးနှင့် တစ်နည်းမဟုတ် တစ်နည်းနှင့် ပတ်သက်နေကြချေပြီ။ တချို့က အဏုမြူဗုံးဘက်က ထောက်ခံကြသည်။ တချို့က ဆန့်ကျင်ကြသည်။ မည်သူမျှ အဏုမြူဗုံးနှင့် မကင်းနိုင် ရှိကြလေတော့သည်။

တချို့သော ပုဂ္ဂိုလ်များက အဏုမြူဗုံးကို တရားဥပဒေအရ ပိတ်ပင်စေလို ကြသည်။ တချို့ကလည်း အဏုမြူဗုံးလုပ်နည်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ထိန်းသိမ်းထားရန် အဆိုပြုကြသည်။

ချီကာဂိုတက္ကသိုလ် အဓိပတိဖြစ်သူ ရောဘတ်ဟတ်ချင်အနေနှင့် အိုင်စတိုင်း အား အဏုမြူဗုံးနှင့် ပတ်သက်ဆက်စပ်၍ ဖြစ်ပေါ်လာနိုင်သော လူမှုရေး ပြဿနာရပ် များကို ဆွေးနွေးကြမည့် သိပ္ပံပညာရှင်ကြီးများ၏ အစည်းအဝေးသို့ တက်ရောက်စေချင် သည်။ အလားတူ ညီလာခံတစ်ရပ် ကျင်းပနိုင်ရေးအတွက် စည်းရုံးနေသော ရူပဗေဒ ပညာရှင်တစ်ဦးဖြစ်သူ ဒယ်နီယာယ်ပိုစင် ဆိုသူကလည်း အိုင်စတိုင်းသည် ဤညီလာခံ သို့ တက်ရောက်ပြီး ကမ္ဘာသူကမ္ဘာသားများအား အဏုမြူဗုံးကို နိုင်ငံတကာ အဏုမြူ ထိန်းသိမ်းရေးအဖွဲ့က ထိန်းသိမ်းမှုဖြစ်မည်ဆိုသည့်အကြောင်း အမေရိကနှင့် ဆိုဗီယက် နိုင်ငံများသည် မိမိတို့၏အဏုမြူလျှို့ဝှက်ချက်များကို အမြန် လူသိရှင်ကြား ကြေညာ ရန်လိုကြောင်း ပြောရန်မှာ သူ့တာဝန်ဖြစ်သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဤသို့ဤနှယ် ပြောဆိုတိုက်တွန်းကြသည်မှာ သူ့အဖို့တော့ အဆန်း မဟုတ်တော့ပြီ။ သူ့အဖို့ အဆန်းတကြယ် ပြောရမည့်စကားတွေလည်း မဟုတ်တော့။ ပြောခဲ့ဖူးပေါင်းလည်း များလှပြီ။ အဏုမြူဗုံးကို နိုင်ငံတကာနှင့် စပ်ဆိုင်နေသော ကိစ္စဖြစ်၍ ကမ္ဘာသိလုပ်ရမည်။ နိုင်ငံတကာ ထိန်းသိမ်းရမည်မှာ လူတိုင်းနှင့် စပ်ဆိုင်သော ကိစ္စဖြစ်သည်မှာ အမှန်ဖြစ်၏။ မိမိသာမက အသိပညာရှင်တိုင်း အတတ်ပညာရှင်တိုင်းမှ လည်း ဤတာဝန်ရှိနေပေသည်။

သို့ရာတွင် အိုင်စတိုင်းအပြင်တွင် တကယ့်တကယ် အတတ်ပညာရှင်၊ အသိပညာရှင်များ လုပ်နေကြသည်မှာ တိတိကျကျမရှိ၊ နှမ်းဖြူးသလိုသာ ရှိသဖြင့် လူထုစိတ်တွင် သူတို့အလုပ်တွေသည် ငြီးငွေ့စရာကောင်းနေတော့သည်။

အိုင်စတိုင်း၏ စိတ်ကူးစိတ်သန်းများမှာမူ ၁၉၄၅ ခုနှစ်တွင် ထုတ်ဝေသော ဘောဂဗေဒပညာရှင် အယ်မရီရိဗ်စ်၏ "ငြိမ်းချမ်းရေးတည်ဆောက်ပုံ သဘောတရား" အမည်ရှိ စာအုပ်တွင် ခံယူထားချက်များနှင့် ကိုက်ညီသည်။

အိုင်စတိုင်းနှင့် ရိဗ်စ်တို့ နှစ်ဦးစလုံးက ကမ္ဘာ့ငြိမ်းချမ်းရေး ရရာရကြောင်း ထွက်ရပ်လမ်းသည် တစ်ခုတည်းသာရှိ၏။ ယင်းတစ်ခုတည်းသောလမ်းမှာ တခြားမဟုတ်။ ကမ္ဘာ့အစိုးရတစ်ခု ဖွဲ့စည်းတည်ဆောက်ရေးပင် ဖြစ်ပေတော့သည်။ တစ်နည်း ကမ္ဘာ့နိုင်ငံပေါင်းစုံ အစိုးရကြီးတစ်ခု တည်ဆောက်နိုင်မှသာ ငြိမ်းချမ်းရေးရတော့မည်။ ထို့ကြောင့် ကမ္ဘာ့အစိုးရကို အမြန်ဆုံးတည်ဆောက်ဖို့လိုသည်ဟူ၏။ ဤကား ကြီးကျယ်လှသော အမြင်ဖြစ်၏။ ကြီးကျယ်လွန်းသောကြောင့်လည်း မည်သည့်ပညာရှင်အတွက်မျှ ဖြစ်နိုင်ကောင်းသော လမ်းမမြင်ခဲ့ပေ။

၁၉၄၅ ခု နိုဝင်ဘာလတွင် အတ္တလန်တိတ် လစဉ်မဂ္ဂဇင်းတစ်စောင်တွင် အိုင်စတိုင်းသည် ဆောင်းပါးတစ်စောင် ရေးလိုက်၏။ ထိုဆောင်းပါးတွင် အိုင်စတိုင်းက အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ဆိုဗီယက်တို့ ပူးပေါင်းပြီး ကမ္ဘာ့အစိုးရကြီး ဖွဲ့စည်းရေးအတွက် ဖွဲ့စည်းပုံစည်းမျဉ်းမူကြမ်းတစ်ခုကို ရေးဆွဲရန်လိုကြောင်း။ ယင်းသို့ ရေးဆွဲသော ဖွဲ့စည်းပုံစည်းမျဉ်းတွင် ၎င်းတို့မှာ ရှိနှင့်သော စစ်အင်အားများကို စုပေါင်းပြီး ကမ္ဘာ့နိုင်ငံစုံ ထိန်းသိမ်းရေးအတွက် အသုံးပြုရမည်ဖြစ်ကြောင်း။ ဤသို့ ရေးဆွဲပြီးနောက် ကမ္ဘာပေါ်ရှိ တခြားနိုင်ငံများကိုပါ ပူးပေါင်းလာအောင် ပြုလုပ်ကြရမည်ဖြစ်ကြောင်း။ ရေးသားခဲ့၏။ ဤအစိုးရအနေနှင့် မည်သည့်နိုင်ငံတွင်မဆို ဝင်ရောက်စွက်ဖက်ခွင့်အာဏာ အပြည့်အဝရှိရမည်ဟုလည်း ဆိုသည်။ ဤသို့သော ကမ္ဘာ့ပြည်ထောင်စုကြီးတစ်ခုကို အဆောတလျင် တည်ဆောက်နိုင်ပါမှသာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် စိတ်အချရဆုံး အာမခံချက် ဖြစ်တော့မည်ဟု ရေးသားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ဖန် အိုင်စတိုင်းသည် လူအများ၏ မှု..စ်ရှေ့မှော..ာက် ရောက်ရပြန်ချေပြီ။ ပရိသတ်ကား သူပြောသမျှစကားတွေကို နားထောင်နေကြသည်။ ခေတ်တွေသာ ပြောင်းမှန်မသိ ပြောင်းနေ၏။ အိုင်စတိုင်းကာ မရိုးသေး။

၁၉၄၅ ခုနှစ် ဒီဇင်ဘာလတွင် နိုဘယ်၏ နှစ်ပတ်လည်နေ့ ညစာစားပွဲအခမ်းအနားသို့ အိုင်စတိုင်း တက်ရောက်ခဲ့လေသည်။ ထိုအခမ်းအနားတွင် သူက မိန့်ခွန်းပြောရာ၌

အဲလ်ဖရက်ဒ် နိုဘယ်ဟာ သူ့ခေတ်သူ့အခါအလိုက် အင်မတန် ပြင်းပြင်းထန်ထန် ပေါက်ကွဲနိုင်တဲ့ဗုံးကို တီထွင်ခဲ့ဖူးတယ်။ အဲဒီလို လူသတ်လက်နက်ကို ထွင်ခဲ့မိလေခြင်းဆိုတဲ့ နောင်တတရား၊ အဲဒီဆိုးဝါးတဲ့ ပစ္စည်းတစ်ခုကို လူသားတွေကို ပေးခဲ့မိလေခြင်းဆိုတဲ့ သံဝေဂနဲ့ သူ့လိပ်ပြာသန့်အောင်ဆိုပြီး သူဟာ ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် ဆုကြီးတစ်ခုကို လုပ်ပေးခဲ့တယ်။

"အဲဒီလိုပဲ ဒီကနေ့ဆိုရင် ကမ္ဘာပေါ်မှာ ဒီထ..က်ခါးဝါး၊ ဒီထက်ပြင်းထန်တဲ့ လူသတ်လက်နက်မျိုး မရှိနိုင်တော့လောက်အောင် ပြ..င်းထ..တဲ့၊ လက်နက်ဆိုးတွေကို ပြုလုပ်တဲ့နေရာမှာ ကျုပ်တို့ရဲ့ ရူပဗေဒပညာရှင်တွေဟာ ..ဏ္ဍတစ်ခုအတွက် ပါဝင်လုပ်ကိုင်နေကြတယ်။ အဲ ဒီလူတွေဟာ တစ်နေ့မှာ အဲလ်ဖရက်ဒ် နိုဘယ်လိုပဲ အကြီးအကျယ် သံဝေဂရ ရလိမ့်မယ်။ ..ကြီးအကျယ် နောင်တရကြပါလိမ့်မယ်။ ဒါကြောင့်လည်း ဒီလူတွေရဲ့ စိတ်ထားတွေ မစ္ဆရိယ မာန်မာနစိတ်တွေ မပြောင်းရင် ကမ္ဘာသူ ကမ္ဘာသားတွေဟာ မပြောပြနိုင်လောက်အောင် ဆိုးဝါးတဲ့ ကပ်ဆိုးကြီးနဲ့ ကြုံကြရတော့မယ်ဆိုတဲ့အကြောင်း ကျုပ်တို့တစ်တွေကတော့ ပြောပြီးရင်း ပြောရမှာပဲ။ လူတွေအားလုံး ဒီဘေးဆိုးကြီးတွေ မြင်လာအောင် ..ုပ်ကြရတော့မှာပဲ"

အိုင်စတိုင်းက ယခုအခါ ရူပဗေဒပညာရှင်ကြီးများ..လည်း ကမ္ဘာသူ ကမ္ဘာသားများအား အဏုမြူနှင့်ပတ်သက်သော အသိပညာကိုရအောင် ပြုလုပ်ပြီး ကမ္ဘာက လက်နက်ဆိုးများ၏ ဘေးရန်ကို မြင်လာသည်နှင့်အမျှ ထိုလက်နက်များ ဖျက်သိမ်းရေးအတွက် တောင်းဆိုလာအောင်လုပ်ဖို့ ဆုံးဖြတ်ထားကြောင်း ပြောသွားသည်။

ထိုပညာရှင်ကြီးများက သမ္မတ ထရူးမင်းဆိုသူသည် ကြေးစားစစ်သားများ၊ ကွန်ဆားဗေးတစ် နိုင်ငံရေးသမားများနှင့် စက်ပစ္စည်း ထုတ်လုပ်သူများအား တားဆီးပြီး ရုရှားနှင့် အမေရိကန် မဟာမိတ်များကို စစ်အေးတိုက်ရန်..ာက်သို့ ပြောင်းလဲသွားအောင် လုပ်နိုင်သော အမြော်အမြင်မရှိဟု ဆိုကြသည်။ ဤအဆိုကို အိုင်စတိုင်းလည်း ထောက်ခံသည်။

ထို့နောက် ရူပဗေဒပညာရှင်များက အဏုမြူသိပ္ပံပညာရှင်ကြီးများ၏ အရေး ပေါ်ကော်မတီတစ်ခု ဖွဲ့စည်းရန် ထို့နောက် ၎င်းတို့၏ ပညာပေးအစီအစဉ်အ..ရန်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ငွေများရရှိအောင် ဆောင်ရွက်ရန် စိတ်ကူးရထားကြ၏။ ထိုကော်မတီတွင် မူရင်းအဖွဲ့ဝင်များမှာ ဟန်စ်ဘီသ် အက်ဒဝပ်ကွန်ဒွန်၊ လီယိုဇီးလာ့ဒ်၊ လင်းနပ်ပေါလင်းနှင့် ဟာရိုလ်ယူရီတို့ ဖြစ်ကြသည်။ ထိုကော်မတီတွင် အိုင်စတိုင်းအား ဥက္ကဋ္ဌအဖြစ် ခန့်ထားကြသည်။

ထိုနှစ်ကစပြီး အိုင်စတိုင်းသည် ထိုကော်မတီလုပ်ငန်းအတွက် အပြင်းအထန်စည်းရုံးလှုံ့ဆော် ဆောင်ရွက်ပြန်သည်။ ဤကော်မတီ၏ ဆောင်ရွက်ချက်များမှာ လူသိရှင်ကြားများပြီး ရူပဗေဒပညာရှင်ကြီးများ၏ အတွေးအခေါ် အယူအဆများမှာ ထင်ပေါ်ကျော်ကြားလာသည်နှင့်အမျှ ဤဆောင်ရွက်ချက်များသည် ဝါရှင်တန် (အမေရိကန်အစိုးရ)အပေါ်တွင် သွယ်ဝိုက်သောနည်းဖြင့် ဩဇာညောင်းလာပြီဖြစ်ကြောင်း အိုင်စတိုင်းသိလာသည်။

ဤကော်မတီ၏ ကြေညာချက်တစ်စောင်ဖြစ်သော "ဒီတော့မှပဲ ကျုပ်တို့ သတ္တိကို တွေ့ရတော့မည်"ဆိုသည့် စာတန်းကလည်း အလွန်ရေပန်းစားလာ၏။ ဤစာတန်းမှာ အိုင်စတိုင်းနှင့် တွေ့ဆုံမေးမြန်းချက်များက ပေါ်လာသော သဘောတရားဖြစ်၏။

အဏုမြူဗုံးလောင်းရိပ်ကျနေသော ကမ္ဘာနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက ဘယ်သို့သော တာဝန်ရှိပုံကို ဆွေးနွေးရာတွင် အိုင်စတိုင်းက နိဂုံးချုပ်အနေနှင့် "အမေရိကန် ပြည်ထောင်စုဟာ သူ့ရဲ့ဆုံးဖြတ်ချက်တွေကို ကုလသမဂ္ဂအဆောက်အဦထဲက စားပွဲဝိုင်းမှာ ထိုင်ဆုံးဖြတ်ရုံနဲ့ မပြီးဘူး။ နယူးယောက်က ကိုယ်စားလှယ်တွေ၊ ပါရီက ကိုယ်စားလှယ်တွေ၊ မော်စကိုက ကိုယ်စားလှယ်တွေဟာ သူတို့ရဲ့ဆုံးဖြတ်ချက်တွေကို ဟိုတောရွာကလူတွေရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ တည်ပြီးမှ ဆုံးဖြတ်ရမယ်။ ကျုပ်တို့ကလည်း တောအုံချုံကြားအရောက် အဏုမြူအင်အားရဲ့ ဘေးဆိုးကို နားနဲ့ဆတ်ဆတ်ကြားရအောင် အော်ရမယ်။ အဲဒီတောမှာသာ ပျော်ပါစေ။ အဲဒီတောရွာကတောရပ်က လူတွေရဲ့ အသံသာ အမေရိကရဲ့အသံ ဖြစ်ရမယ်။ အမေရိကန်အသံဟာလွှတ်တော်ထဲကအသံ မဖြစ်ရဘူး။ တောရွာကလာတဲ့အသံသာ ဖြစ်ရလိမ့်မယ်။

အပေါ်ယံက ရုပ်တိုက်ပြီး ကြည့်ရင်တော့ ဒီဘေးဒုက္ခတွေကို သိပ္ပံပညာကဖန်တီးပေးသလို ဖြစ်နေပါတယ်။ တကယ့်တကယ်ယော့ ဒီလိုလူ့လောကအတွက်ဘေးအန္တရာယ်တွေကို ယူလာတာဟာ သိပ္ပံပညာမဟုတ်ဘူး။ လူတွေရဲ့စိတ်ထားနှလုံးထားသာ ဖြစ်တယ်။ အဲဒီစိတ်ထား နှလုံးထား မွန်မြတ်သန့်စင်လာအောင်နူးညံ့လာအောင်သာ ပြောင်းကြရလိမ့်မယ်။ ကျုပ်တို့မှာ လူ့စိတ်ကို ပြောင်းနိုင်တဲ့စက်လည်း မရှိဘူး။ ဒါကြောင့် ကိုယ့်စိတ်ကို ကိုယ်ပြောင်းပြီး သတ္တိရှိရှိ ပြောစရာရှိတာအားလုံးပြောရမှာပဲ။ သဘာဝတရားမှာရှိတဲ့ အင်အားစုတွေနဲ့ ပတ်သက်ပြီး ကျုပ်တို့သိလာတဲ့ အသိပညာတွေကို လူတိုင်းသိလာအောင် ရက်ရက်ရောရော ပေးဝေဖြန့်ချိရ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဒီလိုပေးတဲ့အခါမှာလည်း အငြင်းပွားစရာ အခြေအနေတွေ ဝိသမလောဘ ကြောင့် ဖြစ်မယ့် ခိုက်ရန်မှုတွေအတွက် အကာအကွယ်တွေတော့ ကြိုကြိုတင်တင် လုပ်ထားကြရမယ်။

ကျုပ်တို့အနေနဲ့ လောကငြိမ်းချမ်းရေးအတွက် လိုလားနေရုံနဲ့တော့ ဘယ်နည်း နဲ့မှ မပြီးနိုင်ဘူး။ ကျုပ်တို့ကိုယ်ကိုကျုပ်တို့ ပေးလှူစွန့်ပြီး တက်တက်ကြွကြွ အလုပ် လုပ်မှပဲ ဖြစ်မည်။

မည်သို့ပင်ဆိုစေ ဤကြေညာချက်များသည် လူတွေအပေါ်တွင် အတန်အသင့် ထိရောက်မှုရှိနေပြီဆိုသည်ကိုတော့ အိုင်စတိုင်း သိမြင်လာ၏။

အမေရိကန်ပြည်ထောင်စုသည် အနာဂတ်တွင် အဏုမြူကပ်ဆိုးကြီး ဖန်တီးရေး အကြံကို လက်လျှော့လိုက်ဟန်တူသည်။ အမေရိကက အဏုမြူအင်အားကို တစ်နိုင်ငံ တည်းက မထိန်းသိမ်းဘဲ နိုင်ငံတကာက ထိန်းသိမ်းရန် ကုလသမဂ္ဂသို့ တင်ပြလာသည်။ ရုရှားကမူ ထိုသို့တင်ပြချက်ကို ငြင်းပယ်နေသေး၏။ အိုင်စတိုင်းစိတ်ထဲတွင်တော့ အမေရိကအနေနှင့် မိမိ၏ စိတ်ကောင်းနှလုံးကောင်းရှိပုံကိုဖော်ပြရန် အဏုမြူထိန်းသိမ်း ရေး အဆိုပြုချက်ကို ခုံတင်မဆွေးနွေးမီကပင် အဏုမြူကို တရားဥပဒေအရ ပိတ်ပင် သင့်သည်ဟု ထင်မြင်သည်။

၁၉၄၇ ခုနှစ်တွင် ကုလသမဂ္ဂသည် တရားဥပဒေပြုခွင့်အာဏာ၊ အုပ်ချုပ် ထိန်းသိမ်းခွင့် အာဏာများဖြင့် ပြည့်စုံသော နိုင်ငံတကာတို့ထက် ကဲလွန်သော ကမ္ဘာ့ အစိုးရကြီးဖြစ်လာအောင် တစ်ဆင့်တက်လုပ်ရမည့် ကြားစနစ်တစ်ခုသာ ဖြစ်သေး ကြောင်း၊ ကုလသမဂ္ဂကိုယ်စားလှယ်တော်များသည် ကမ္ဘာ့အစိုးရကြီးကို အလျင်အမြန် ဖော်ထုတ်ရန်လိုကြောင်း၊ ယင်းကမ္ဘာ့အစိုးရသို့ နိုင်ငံတကာမှ စေလွှတ်မည့် ကိုယ်စား လှယ်အဖွဲ့များကို ရွေးကောက်ပွဲဖြင့် ရွေးချယ်ရမည်ဖြစ်ကြောင်း ရေးသားလိုက်သည်။

ထိုအခါ ဆိုဗီယက်သိပ္ပံ အကယ်ဒမီမှ သိပ္ပံပညာရှင်ကြီးလေးဦးက အိုင်စတိုင်း ၏ အိတ်ဖွင့်ပေးစာကို တုံ့ပြန်သော စာတစ်စောင်ကို မော်စကိုထုတ် နယူးတိုင်းမဂ္ဂဇင်း တွင် ရေးသားဖော်ပြကြလေသည်။

ထိုပုဂ္ဂိုလ်တို့၏စာတွင် အိုင်စတိုင်းသည် မိမိကိုယ်တိုင် အလိုတူအလိုပါမဟုတ် သော်လည်း အနောက်တိုင်း လက်ဝါးကြီးအုပ် အရင်းရှင်စနစ်၏ ကွန်ယက်ထဲသို့ ကျရောက်ပြီဖြစ်ကြောင်း၊ လက်ဝါးကြီးအုပ် အရင်းရှင်များမှာ ယခုအခါ မိမိတို့နိုင်ငံ တွင်းက အစိုးရများကိုသာ လက်ဝါးကြီးအုပ် ချယ်လှယ်နေသည်မဟုတ် တခြားကမ္ဘာ ပေါ်ရှိ လူသားများကိုပါ လက်ဝါးကြီးအုပ် ချယ်လှယ်ရန် အိုင်စတိုင်းလို ပုဂ္ဂိုလ်က တင်ပြသော စနစ်ကို အသုံးပြုရန် အားခဲနေကြကြောင်း။

အမေရိကန်ပြည်ထောင်စုသည် သူတို့ကျင့်သုံးသော မဲပေးရွေးချယ်ရေးစနစ်ကို ကုလသမဂ္ဂမှာ ကျင့်သုံးရုံသာမက ကမ္ဘာ့အစိုးရမှာလည်း ကျင့်သုံးခွင့်ရပြီး သူတို့အစဉ်

www.burmeseclassic.com



အလာကို ထောက်ခံအောင် ကြိုးစားနေကြောင်း။ အိုင်စတိုင်းတင်ပြသော ကမ္ဘာ့အစိုးရ အဖွဲ့ ကိုယ်စားလှယ်များကို တခြားနိုင်ငံများတွင်လည်း လွတ်လပ်စွာ မဲပေးရွေးချယ်ရေး ဆိုသည်မှာ ရယ်ရစရာ ကောင်းသော စနစ်ဖြစ်ကြောင်း။ အကြောင်းမူ သူတို့ အမေရိကန် ပြည်ထောင်စုမှာပင် သူတို့က ဒီမိုကရေစီစနစ် သိသိရှိသည်ဆိုလျက် နီဂရိုးလူမည်းများမှာ မဲပေးပိုင်ခွင့် မရှိသေးကြောင်း။ ထို့ကြောင့် ကမ္ဘာ့အစိုးရဆိုသည်မှာ အမေရိကန်၏ နယ်ချဲ့ဝါဒကို ချဲ့ထွင်ရေးအကြံသာဖြစ်၍ နောက်ထပ် ဘာမျှမဖြစ်နိုင်ကြောင်း" စသည်ဖြင့် ရေးသားလိုက်၏။

အိုင်စတိုင်း၏ ပြန်ကြားစာတွင် အမေရိကန် လူ့အဖွဲ့အစည်းထဲတွင် ဘယ်နေရာကြည့်ကြည့် စီးပွားရေး အနိုင်ကျင့်ကြီးစိုးမှုက အမှန်ပင်ရှိနေကြောင်း။ သို့သော် ယင်းသို့ လွှမ်းမိုးမှုနှင့် ပတ်သက်၍ ရုရှား၏တွက်ပုံမှာ ပိုနေကြောင်းကို ရစဗက်လိုပုဂ္ဂိုလ်က သမ္မတအဖြစ် လေးကြိမ်တိုင်တိုင် အရွေးခံခဲ့ရခြင်းက ပြသနေကြောင်း။ စင်စစ် ရုရှားသည် စီးပွားရေး မင်းမဲ့ဝါဒ တရားမဲ့ဝါဒကို တစ်ဖက်က တိုင်နေသော်လည်း နိုင်ငံတကာနှင့် ပတ်သက်သော နိုင်ငံရေးကိစ္စများတွင်ကား ထိုဝါဒကိုပင် ထောက်ခံနေသလိုဖြစ်နေကြောင်း။

အမှန်မှာ ဒီနေ့ ကမ္ဘာပေါ်တွင် နိုင်ငံတစ်ခုချင်းအနေနှင့် အကြွင်းမဲ့အာဏာပိုင်ဆိုင်ခွင့်ကို ယူပြီး ပုဂ္ဂိုလ်အင်အားကို အသုံးပြုဖို့ကြိုးစားနေခြင်းကိုတော့ တားဆီးငြင်းဆန်ရန် အမှန်လိုအပ်ကြောင်း။ ထိုရည်မှန်းချက် ပေါ်ပေါက်ဖြစ်မြင်ရေးအတွက် ကမ္ဘာ့အစိုးရကိုကား ဖွဲ့စည်းရမည်သာဖြစ်ကြောင်း ရေးသားဖော်ပြလိုက်လေတော့သည်။

ယခုဆိုလျှင် အိုင်စတိုင်း၏ နာမည်သည် သတင်းစာအတွင်းအပြင်မှာ တဟုန်ထိုး တိုးတက်လျက် ရှိပြန်ချေပြီ။ လူတိုင်း၏ မျက်စိထဲတွင် သူ့ကို (ရှေးအခါက စစ်သူရဲကောင်းများကဲ့သို့) ဘယ်နည်းနှင့်မဆို စစ်အေးတိုက်ခြင်းကို အဆုံးသတ်ပြီး ငြိမ်းချမ်းရေးအတွက် ကမ္ဘာ့အစိုးရ တည်ဆောက်ရန် တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်မည့်သူပေပဲဟု မြင်နေကြ၏။ စာတွေ ကြေညာချက်တွေလည်း သူ့အခန်းမှာ မဆုံ့အောင်ပင် ဖြစ်နေ၏။ ယခင်က သဘောတရားရေး ရူပဗေဒပညာရှင် အိုင်စတိုင်းသည် ယခုတော့ ကမ္ဘာ့သားကြီး အရိယာသူတော်စင်ကြီး သေခါနီးနောက်ဆုံးအချိန်ကလေးကို ကြင်နာခြင်း ကရုဏာမေတ္တာတရား ပြည့်လျှမ်းသော နှလုံးသားဖြင့် ဤကမ္ဘာမြေပေါ်ရှိ လူသားများ ချမ်းသာသုခအတွက် တိုက်ပွဲဝင်နေသော အိုင်စတိုင်းဖြစ်နေလေတော့သည်။

ဤကား ကမ္ဘာ့သားတို့အတွက် အိုင်စတိုင်း ချန်ထားရစ်သော ရုပ်ပုံလွှာပင်တည်း။ အိုင်စတိုင်းအကြောင်း မှတ်တမ်းတင်ရန်အတွက် တချို့သော သတင်းစာကြီးများက ပရင်စတန်သို့ သတင်းထောက်များ လွှတ်ထားကြသည်။ မိတ်ဆွေအပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အသင်းများ၊ အနီးပတ်ဝန်းကျင်ရှိ လူများက အိုင်စတိုင်း၏နှိမ့်ချမှု၊ ရိုးသားစင်ကြယ်မှုကို ချီးကျူးစကား ဆိုကြသည်။

တစ်ကမ္ဘာလုံးတွင် သူ၏ကြွေးကြော်ခြင်း ကရုဏာမေတ္တာတရားတို့ ဖုံးလွှမ်းသော ဘဝဖြစ်စဉ်ကို ရေးသားဖော်ထုတ်ကြသည်။ သူတို့ရေးသမျှ ဖတ်ရသည်မှာ အိုင်စတိုင်းသည် ဒဏ္ဍာရီထဲကလူနှင့်ပင် တူတော့သည်။

သတင်းထောက်များအနက် အလန်ကဲလားဆိုသူ နယူးယောက် ကမ္ဘာ့သတင်းစဉ် သတင်းထောက်တစ်ဦးမှ အိုင်စတိုင်းအကြောင်း ရေးရာ၌ အလွန်မှန်ကန်စွာရေးသားခဲ့၏။ သူက "ပရင်စတန်မှာရှိတဲ့ လူတွေထဲက အင်မတန်နည်းတဲ့ လူနည်းစုလောက်ကပဲ သူ့အကြောင်း ကောင်းကောင်းသိကြတယ်။ သူ့အကြောင်းရေးသူတွေကလည်း သူ့ကိုပုံပြင်တွေ ဒဏ္ဍာရီတွေထဲကလူလို ရေးနေကြတာပဲ။ သူ့အကြောင်း ပြည့်ပြည့်ဝဝ မမြင်ကြဘူး။ အစိတ်အပိုင်းတွေခွဲပြီး ကြည့်ကြတယ်။ သူ့ကို ဒီခေတ်ကြီးမှာ အထင်ရှားဆုံး သိပ္ပံပညာရှင်ဆိုသူကဆို ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးမှာ သူလိုလူဟာ လေးငါးယောက်ပဲရှိတယ်လို့ ပြောသူကပြောနဲ့ သူ့ဇာတိမြေမှာတောင် သူ့အကြောင်းကတော့ ပဟေဠိတစ်ခုလို ဖြစ်နေတာပဲ။ အမှန်မှာတော့ အိုင်စတိုင်းဆိုတဲ့ ပုဂ္ဂိုလ်ဟာ တွေးခေါ်ရှင် သိပ္ပံပညာကျော်ကြီးဆိုတာကို မသိခဲ့ကြတာပဲ။

ယင်းပဟေဠိပုစ္ဆာ၏ နောက်ကွယ်တွင်တော့ ဤပုဂ္ဂိုလ်အား ညှို့ယူဖမ်းစားနေသည့် ပြဿနာကြီးတစ်ရပ် ရှိနေခဲ့သည်ကိုလည်း လူတို့မသိခဲ့ကြပေ။ သူတို့သည် နိုင်ငံရေးကြေညာချက်တွေ ထုတ်ခဲ့သည်။ သတင်းစာတွေ၊ ရေဒီယိုတွေက ပြောဆိုနေခဲ့သည်။ သူသည် ယခုဆိုလျှင် ပရင်စတန်မှလွဲ၍ ဒေးဒေးလဲလဲ အစည်းအဝေးဆိုလို့ ဘယ်အစည်းအဝေးမှ မတက်တော့ပေ။

"ကျုပ်ရဲ့အလုပ်နဲ့ဝေးတဲ့ တခြားနေရာသွားပြီး ဘာမှမလုပ်နိုင်တော့ဘူး။ ကျုပ်ကို ကျုပ်အလုပ်က ဖမ်းစားနေပြီဗျ"

ရင်းနှီးသော သူငယ်ချင်းတစ်ဦးအား အိုင်စတိုင်းက ပြောပြဖူးလေသည်။

တစ်ချိန်က သူသည် ကာကုလသင်္ချာတစ်ပုဒ်ကို တွက်ရင်း သင်္ချာထဲတွင် နစ်မျောနေစဉ် သူ၏လက်ထောက်အသစ်ကလေးတစ်ဦးဖြစ်သော 'အန်စထရော့စ်' ဆိုသူက လာပြီး အထူးမြူသိပ္ပံရှင်ကြီးများ၏ အရေးပေါ်ကော်မတီက ကိစ္စတစ်ရပ်ကို တင်ပြသည်။

အိုင်စတိုင်းသည် သက်ပြင်းရှည်ကြီးတစ်ခုကို လေးလေးပင်ပင် မှုတ်ထုတ်လိုက်၏။

"အင်း လူတစ်ကိုယ်ကို နိုင်ငံရေးတွက်တစ်ဝက်၊ သင်္ချာတွက်တစ်ဝက် ခွဲရမလို ဖြစ်နေပြီကောကွယ်။ ဒါပေတဲ့ တို့သင်္ချာကတော့ ပိုအရေးကြီးတယ်ကွယ်"ဟုလည်း ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစပ်စက်ကွင်း သီဝရီကို ရှာဖွေရင်း သူ့တွင် အယူအဆသစ်တစ်ရပ် ရရှိလာပြန်သည်။ ယင်းမှ အယူအဆတစ်ခုမှာ ရုပ်ပိုင်းဖြစ်ရပ်တစ်ခုသည် အာကာသကာလ၌ အနီးမှာရှိသော အရာကိုလည်းကောင်း၊ အဝေးမှာရှိသော အရာကိုလည်းကောင်း တိုက်ရိုက်ထိခိုက်နိုင်သည်ဟူသော အယူအဆဖြစ်သည်။

ပထမတော့ သူသည် လမ်းမှန်ပေါ်သို့ ရောက်ပြီဟု ထင်နေခဲ့၏။ နောက်တော့ သူ့ကိုယ်သူ သေချာသည်ဟု သိပ်မထင်တော့ပြန်ပေ။

သို့သော် သူ့လက်ထောက်ဖြစ်သူ စထရောက်စ်ကိုမူ သူသည် အိုပင်အိုသော်လည်း သူ့စိတ်ကူးများ၊ အတွေးအမြင်များမှာ တစ်ခါတစ်ရံ ထက်ထက်မြက်မြက် ပေါ်လာတတ်လေ့ရှိသေးကြောင်း ပြောပြသည်။ သို့သော် ယခုတော့ ယခင်ကလို စွမ်းစွမ်းတမံ ဆောင်ရွက်ချင်သော်လည်း စိတ်သာရှိတော့သည်။ လူကမူ မစွမ်းသာတော့။ အသက်အရွယ်က စကားပြောနေပေပြီ။ ဇရာသည် သူ၏စွမ်းအားတို့ကို ဆုတ်ယုတ်စေခဲ့ပြီတကား။

သူ့ကိုကြည့်ရသည်မှာ အိုမင်းရင့်ရော်လာလေ ဖြူစင်သန့်ရှင်းပြီး နုလုံ့ ရွှင်ပျပျရှိလေပင် ဖြစ်တော့သည်။ သူ့မျက်နှာပေါ်၌ မြင်ရသော ရိုးဂုဏ်တို့သည် သူ့မှာ မှန်ကန်သော ယုံကြည်မှုတစ်ခုရှိကြောင်း ဖော်ပြနေကြ၏။ သူသည် ထာဝရ အဆုံးစွန်ကာလတိုင် အရေးပါသော ကြီးကျယ်သည့်လုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်နေသည်ဟူသော အချက်ကမူ အလွန်ပင် ပေါ်လွင်လှသည်။

သူ့စိတ်ထဲမှာတော့ ဤပေါင်းစပ်စက်ကွင်း သီဝရီကြီး အောင်မြင်ထမြောက်ခြင်း မရှိမီမှာပင် သေသွားမည်လားဟူသော စိုးရိမ်ကြောင့်ကြမှု ရှိသည်။ သို့သော် ဤကြောင့်ကြမှုကို တစ်ပါးသူများ မသိအောင်လည်း နေခဲ့၏။

သူသည် အယူအဆတစ်ခုကို ရရှိလာပလားဆိုလျှင် ထိုအယူအဆပေါ်တွင် လနှင့် နှစ်နှင့်ချီ၍ တွေးခေါ်ကြံဆနေခဲ့၏။ သို့သော် ယင်းသို့ လ နှစ်ချီ လုပ်ရသော အယူအဆကိုပင် ရုတ်တရက် ပစ်ပယ်လိုက်နိုင်၏။ မိမိလိုက်နေသောလမ်းသည် မဟုတ်တော့ဘူးမှန်း သိသည်နှင့်တစ်ပြိုင်နက် ဘာကိုမျှမမူ စိတ်ထဲလည်း စနောင့်စနင်းမဖြစ် စွန့်လိုက်နိုင်သည်။ ဒါကို တပည့်လက်ထောက်များက မြင်ရတော့ အံ့သြတတ်ကြသည်။ တကယ်တော့ သူ့မှာ အယူအဆတစ်ရပ်ကို လက်လွှတ်လိုက်ရသဖြင့် စိတ်မကောင်းဖြစ်နေစရာ သံဝေဂရနေစရာ အချိန်မရှိ။ မသေမီကလေးမှာသာ လုပ်စရာအလုပ်တွေကို တွန်းလုပ်နေသူဖြစ်သည်။ သူ့အသက်ပိုင်းနှင့် နှိုင်းဆလျှင် သူလုပ်ရမည့်အလုပ်တွေက အဆမတန်များသေး၏။ သည်အလုပ်တွေကို အပြေးအလွှား လုပ်ခဲ့နိုင်မှသာ အတော်ကျပေမည်။

၁၉၄၇ ခုနှစ်တွင် အိုင်စတိုင်း၏ ကျန်းမာရေးအခြေအနေမှာ သိသိသာသာ ဆိုးဝါးလာပြန်သည်။ ဆရာဝန်များကလည်း ဂရုတစိုက် စမ်းသပ်ရှာဖွေကြရာ နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



သူ့ရောဂါမှာ အစားအသောက် မမှန်သဖြင့် ဖြစ်သော အစာအိမ်ရောဂါဖြစ်ကြောင်း ပြောကြသည်။ သူ့အနေနှင့်ဆိုမူ ဗိုက်ရောဂါ သက်သာပါစေတော့ဆိုပြီး ဓာတ်စာကိုသာ မှီဝဲနေရသည့်အတွက် နှစ်ပေါင်းများစွာကြာလာတော့ ကိုယ့်ကိုယ်ကို သတ်ဖြတ်နေသည်နှင့်ပင် တူနေတော့သည်။ အစာကြေမည့်အစာကို များများစားရန် ဆရာဝန်များက ညွှန်ကြားကြပြန်သည်။

အိုင်စတိုင်းသည် နှစ်ပေါင်းများစွာ သက်သေပြ၍ ရနိုင်မည့် ရူပဗေဒနည်းနိသယများကို ရှာဖွေခဲ့ရာ တစ်ခုမဟုတ်တစ်ခု ပြောင်းလဲရှာဖွေခဲ့ရသည်လည်း မနည်းတော့ပေ။ သည်လိုရူပဗေဒအတွက် ကြိုးစားနေရသည့် နောက်ပိုင်းကမူ အရှေ့အနောက်နိုင်ငံရေး ပြဿနာများထဲတွင်လည်း သူက ပါနေရသေးသည်။

ငြိမ်းချမ်းရေးသမား မိတ်ဆွေဟောင်းတစ်ဦးဖြစ်သူ 'အော်တိုရာမန် ရပ်စ်ဘွန်' ထံသို့ ရေးသားခဲ့သည့် စာတစ်စောင်တွင် အိုင်စတိုင်းက "အဖြစ်အပျက်တွေကတော့ဖြင့် ၁၉၁၈ ခု နောက်ပိုင်းအဖြစ်အပျက်တွေနဲ့ တယ်မထူးပါဘူး။ ဒီအတိုင်း ဖြစ်နေကြတာပဲ။ ဓာတ်ကွက်တွေကတော့ မထူးဘူး။ အေး ဓာတ်ကောင်တွေကတော့ အပြောင်းအလဲရှိကြသပေါ့လေ။ ဒါပေမဲ့ ပြောင်းလဲခဲ့တယ်သာ ဆိုရတယ် ဒီဓာတ်ကောင်တွေက နေကြတဲ့ဓာတ်ကတော့ ဟိုတုန်းကအတိုင်းပဲ လူဆိုးဓာတ်ထုပ်ကြီးပဲ။ ဒါပေမဲ့ ဆိုးတာချင်းတူတာတောင် ခုတော့ အထွေထွေဘဏ္ဍာရေးပြဿနာနဲ့ ပျက်ကပ်ကတော့ ပိုပြီး အဆမတန် ဆိုးလာတာပါပဲဗျာ"

အိုင်စတိုင်းသည် ပရင်စတန်တွင် ကျင်းပသော အဏုမြူသိပ္ပံ ပညာရှင်ကြီးများ၏ အစည်းအဝေးသို့ တက်ရောက်သည်။ ထိုအစည်းအဝေးမှာ အဏုမြူဗုံးကို နောင်အနာဂတ်ကာလ၌ လူသတ်လက်နက်အဖြစ် သုံးစွဲမည့်အရေးကို ပိတ်ပင်တားဆီးရန် ဆန္ဒပြ ကြွေးကြော်ရေး အစည်းအဝေးဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ သူ့ဝါသနာအတိုင်း စာရွက်တစ်ရွက်ပေါ်တွင် သူ့ဆုံးဖြတ်ချက်တစ်ခုကို ရေးခြစ်လိုက်လေသည်။

"ကျွန်ုပ်တို့ အမေရိကန် သိပ္ပံပညာရှင်ကြီးများသည် သုံးရက်တိုင်တိုင် ဆွေးနွေးပြီး အောက်ပါအတိုင်း ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်ကြပါသည်။ ကျွန်ုပ်တို့သည် ယခုအခါ ဘာကိုယုံကြည်ရမှန်းလည်း မသိတော့ပြီ။ ဘာကိုလိုလားမှန်းလည်း မသိကြတော့ပြီ။ ဘာပြောရမှန်းလည်း မသိကြတော့ပြီ။ ဘာလုပ်ရမှန်းလည်း မသိကြတော့ပြီ"

ရုရှား သိပ္ပံပညာရှင်ကြီးတစ်ဦးက ရေးသားခဲ့သော အိတ်ဖွင့်ပေးစာကို ပြန်ကြားသည့်အနေနှင့် ကျွန်ုပ်တို့ကမူ အောက်ပါအတိုင်း ဆုံးဖြတ်ရပေတော့သည်။

ကျွန်ုပ်တို့အစိုးရနှင့် တိုင်ပင်နှီးနှောချက်အရလည်းကောင်း၊ ကောင်းစွာ စဉ်းစားဆင်ခြင်ချက်များအရလည်းကောင်း ကျွန်ုပ်တို့သည် ဘာကိုမယုံရမှန်းလည်းမသိ၊ ဘာကိုမလိုလားရမှန်းလည်းမသိ၊ ဘာကို မပြောဆိုရမှန်းလည်းမသိ၊ ဘာကိုမလုပ်ရမှန်းလည်း မသိကြတော့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်ပိုင်းတွင်တော့ အိုင်စတိုင်းသည် အမေရိကန်ပြည်သားများက ဆိုဗီယက်ယူနီယံအပေါ် အမုန်းပွားစေမည့်စကားဆို၍ လူသိရှင်ကြား ဘာတစ်ခွန်းမျှ မပြောမိစေရန်လည်း ကောင်းစွာဆင်ခြင်၍ နေလေတော့သည်။ သို့တစေ သူက အမေရိကန်ပြည်သားများသည် ဆိုဗီယက်၏ သိက္ခာကို ကြီးမားခိုင်ခန့်စေမည့် သမိုင်းပြဿနာတစ်ရပ်ကို မသိတတ်ကြကုန်သည်ကိုမူ အလေးအနက်ထား၍ ပြောသည်။ ထိုအချက်မှာ တခြားမဟုတ်။ အမေရိကန်များ၏ စစ်ပြီးခေတ် နောက်ပိုင်းစစ်ဝါဒသည် ရုရှားအဖို့ လက်ညှိုးထိုး အပြစ်ပြောပြီး သူ့သိက္ခာတက်အောင် လုပ်နိုင်သည့်အတွက်ဖြစ်ကြောင်း အိုင်စတိုင်းက ထောက်ပြသည်။

၁၉၄၈ ခုနှစ်နောက်ပိုင်း ရှုပ်ထွေးလာသော နိုင်ငံရေးအခြေအနေများတွင် အိုင်စတိုင်းသည် ရှေ့တန်းသို့မထွက်တော့ပေ။ ဇရာဖိစီးလာသည်နှင့်အမျှ ကိုယ့်ကိုယ်ကိုလည်း ယခင်ကလောက် အားကိုးယုံကြည်မှု မရှိချင်တော့ပေ။

၁၉၄၇ ခုနှစ်တွင် သူ၏ရင်းနှီးသော မိတ်ဆွေကြီး ပြင်သစ်သိပ္ပံပညာရှင်ကြီး ပေါလ်လန်ဂီဗင် အနိစ္စရောက်သွားသည့်အချိန်ကစ၍ ဝမ်းနည်းကြေကွဲနေခဲ့၏။ သူ၏ဥရောပကတည်းက ခင်မင်လာခဲ့သော ငယ်ပေါင်းကြီးဖော်ထဲကဆိုလျှင် လန်ဂီဗင်သည် နောက်ဆုံးလူအဖြစ် ကျန်နေရာ ယခုတော့ သူလည်း ဆုံးရှာလေပြီ။

"သူသေသွားတာဟာ ငါ့အဖို့ စိတ်အထိခိုက်ရဆုံးပဲကွယ်။ ခုတော့ လောကထဲမှာ ငါတစ်ယောက်တည်းပဲ ကျန်ပါတော့ကလား"ဟု အိုင်စတိုင်းပါးစပ်ကပင် ထုတ်ဖော်ပြောဆိုခဲ့မိသည်။

တစ်ဖန် ကြေကွဲဝမ်းနည်းလို့ပင် မဆုံးသေးခင် ချစ်လျက်ခွဲခဲ့ရသူ ငယ်ကျွမ်းချစ်ဖက် ဇနီးသည် မီလီဗာလည်း ၁၉၄၈ ခုနှစ်တွင် ဖူးရစ်မှာ ဆုံးရှာရလေပြီ။ ချစ်ဇနီး၏ ရုပ်ကလာပ်ကိုပင် မတွေ့လိုက်ရတော့ပါတကား။

သူသည် သူ့ပထမအိမ်ထောင်ဖက် ချစ်ဇနီး မီလီဗာအကြောင်းဆိုလျှင် သူငယ်ချင်း အရင်းအနှီးများနှင့်ပင် ထုတ်မပြော။ သူ့ရင်ထဲမှာသာ ကျိတ်မှိတ်သိုသိပ်ထားနေခဲ့၏။ တကယ်တော့ မီလီဗာသည် သူ့ဘဝ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ သူသည် မီလီဗာဆုံးကြောင်း ဖူးရစ်ကလာသော သံကြိုးစာကလေးကို လက်မှာကိုင်ရင်း သူ့စာဖတ်ခန်းထဲတွင် တစ်ယောက်တည်း ငေးငိုင်နေမိ၏။

လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် သားဖြစ်သူ အဲလဗတ်သည် သူ့ဖခင်အနေနှင့် သူ့အိမ်ထောင်ကို ဘာကြောင့်ခွဲခဲ့ရသည်ကို နားလည်ခဲ့၏။ မီလီဗာနှင့် ကလေးတွေသာ သူ့အနားမှာ အမြဲရှိနေလျှင် သူ့အလုပ်မှာ များစွာအနှောင့်အယှက် ဖြစ်နေပေမည်။

မီလီဗာနှင့် အိုင်စတိုင်းကြားတွင် စိတ်ဝမ်းကွဲပြားမှုကလေးတွေကလည်း ရှိခဲ့သည်။ သို့တစေလည်း သူ့မိခင်ဖခင်များသည် တစ်ယောက်ကိုတစ်ယောက် ချစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



မှန်းတော့ သားကြီးဖြစ်သူ အဲလဗတ်က နားလည်သည်။ မီလီဗာကလည်း သူ့ယောက်ျား၏ ပျော့ညံ့ချက်နှင့် သူ့ယောက်ျား၏ သတ္တိအားလုံးကို သိပြီးဖြစ်၏။ ထို့ကြောင့်လည်း သူ့အကြောင်းကို ဘာမျှမပြောဘဲ တစ်သက်လုံး ရေငုံခံသွားရှာသည်။ ပြီးတော့ ၁၉၁၉ ခုနှစ်လောက်က ခွဲကြသည့် စာနောက်ဆုံးပိုင်းတွင် သူရေးခဲ့သော

"မင်းအနေနဲ့ ကိုယ်ဟာ မင်းအပေါ်မှာ တစ်သက်လုံး ကိုယ့်နည်းနဲ့ကိုယ် သစ္စာရှိသွားမယ်ဆိုတာ မင်းတွေ့ရပါလိမ့်မယ် မီလီဗာ"ဆိုသည့် စကားကလေးကိုလည်း မမေ့နိုင်ခဲ့ပေ။

အိုင်စတိုင်းသည် မီလီဗာဆုံးပြီးနောက် သားငယ်အက်ဒဝပ်အား ဆွစ်ဆေးရုံတစ်ခုတွင် ထားရန် စီစဉ်သည်။ ထိုဆေးရုံမှာ သီးသန့်ဟိုတယ်ကလေးနှင့်ပင်တူသည်။ ထိုဆေးရုံမှာဆိုလျှင် အက်ဒဝပ်အနေနှင့် သွားလိုသွား၊ လာလိုလာ၊ နေချင်သလို သူ့စိတ်ကြိုက်နေနိုင်ခွင့် ရှိသည်။ သူ့စိတ်ထဲမှာတော့ သူသည် အက်ဒဝပ်ကို ဒီတစ်သက်တွေ့ရတော့မည်မဟုတ်ဟုလည်း သိနေလေသည်။ ထို့ကြောင့် သားငယ်အတွက် အကောင်းဆုံး အပြုအစု အယုအယကို ရရှိအောင် ဆောင်ရွက်ဖို့သာ စဉ်းစားတော့သည်။

မီလီဗာသေဆုံး၍ မကြာမီကလေးမှာပင် သူ့ညီမ မာဂျာလည်း ဆုံးသွားပြန်လေသည်။

မာဂျာလည်း ၁၉၄၆ ခုနှစ်လောက်ကတည်းက အိပ်ရာပေါ်လဲနေခဲ့သဖြင့် သူ့မှာ မအားမလပ်သည့်ကြားထဲကနေပြီး ပြုစုစောင့်ရှောက်နေခဲ့ရသည်။ နွေရာသီမှာ ဆာရာနက်ကန်သို့ ယခင်က ညီမနှင့်အတူ သွားခဲ့သည့် အစဉ်အလာကိုပင် အိုင်စတိုင်းသည် စွန့်ခဲ့လေသည်။ ညီမဖြစ်သူက ဘာမျှပြန်မပြောနိုင်သော်လည်း သူ့နားထဲက ကြားနေရလျှင် စိတ်ချမ်းသာပါစေတော့ဆိုကာ သူသည် မာဂျာအိပ်ရာဘေးတွင် ထိုင်ပြီး စာအုပ်တွေကို ဖတ်ပြနေခဲ့လေသည်။

ခုတော့ သေခြင်းတရားကား အိုင်စတိုင်းထံသို့ ရောက်လာဖို့သာ ကျန်တော့သည်တကား။

၁၉၄၈ ခုနှစ်တွင် အိုင်စတိုင်းဗိုက်က ရောဂါက ပြင်းပြင်းထန်ထန် ထကြွလာပြန်သည်။ ဤဗိုက်ရောဂါသည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်လောက်ကတည်းက စွဲခဲ့သည့် ရောဂါဖြစ်၏။ သူ့ဆေးသမားကျော်များက သူကြိုက်တတ်သည့် ဆေးလိပ်ကိုလည်း ဖြတ်စေခဲ့ကြ၏။ အစားအသောက်လည်း ဖြတ်တောက်စေခဲ့၏။ ပြီးတော့ အမောအပန်း မခံရဟုလည်း ဆိုကြပြန်သေး၏။ သို့တစေလည်း သူတို့သည် သူ့ရောဂါကို ကောင်းအောင် မကုစားနိုင်ခဲ့ကြ။

ယခုတစ်ဖန် ဘာလင်မှ လာခဲ့ရသော ဆရာဝန်ကြီး ဒေါက်တာရူဒေါ့ဖ် နီဆင်မန် ဆိုသူက ကုနေပြန်သည်။ ထိုနှစ် ခရစ္စမတ်မတိုင်မီအချိန်တွင် ဘာလင် ခွဲစိတ်ကုသမှု

www.burmeseclassic.com



ဆိုင်ရာ ပါရဂူ ဒေါက်တာ ရုဒေါ့ဖ်နစ်ဆန်က အိုင်စတိုင်းအား ဘရွတ်ကလင်း ဆေးဝတ္ထု ဆေးရုံတွင် အိုင်စတိုင်းဗိုက်ကို ခွဲစိတ်ပေးသည်။

ဒေါက်တာ နစ်ဆန်သည် အိုင်စတိုင်း၏ အူမကြီးထဲတွင် အူကြောပိတ်နေသည်ကို တွေ့သဖြင့် ၎င်းတို့ကို ခွဲစိတ်ထုတ်ပစ်ရသည်။ ထို့ပြင် အိုင်စတိုင်း၏အသည်းမှာ အလွန်သေးငယ်နေကြောင်း တွေ့ရပြန်သည်။ သူ့အသည်းကလည်း ကောင်းကောင်း အလုပ်မလုပ်နိုင်။

အိုင်စတိုင်းသည် ဖလောရီဒါတွင်နေရင်း နာလန်ထလာပြန်သည်။ ယခုလို နာလန်ထလာခြင်းမှာ ရာဇဝတ်မှုမကင်းသော စည်းစိမ်ပါတကားဟုလည်း သူ့စိတ်ထဲ တွေးနေမိသည်။ ထို့နောက် နွေဦးပေါက်မတိုင်မီမှာပင် သူသည် ပရင်စတန်တွင် အလုပ်ပြန်လုပ်သည်။

အဆီမပါသော ဓာတ်စာကောင်းကောင်း ချက်ပြုတ်ထားသော အစားအစာ၊ ဆေးများ မှန်မှန်စားသောက်နေသဖြင့် ရောဂါမှာ အတော်ပင် သက်သာလာပြန်သည်။

၁၉၄၉ ခုနှစ်ဦးပိုင်းတွင် အနားမယူမဖြစ်၍ အနားယူခဲ့ရသည်မှာ သူ့အဖို့တော့ စိတ်အားလူအား ပြန်လည်တိုးတက်လာပြန်၏။

ထိုအချိန်ပိုင်းကလေးအတွင်း အိုင်စတိုင်းသည် ၁၉၂၇ ခုနှစ်လောက်ကတည်းက သူ့ဦးနှောက်ထဲတွင် စွဲနေသော ပြဿနာကြီးတစ်ရပ်ကို အောင်မြင်စွာ ပြီးမြောက်အောင် လုပ်ဆောင်ဖြေရှင်းနိုင်လိုက်ပြန်သည်။ ဤအောင်မြင်မှုကား လက်တွေ့ဘဝတွင် များစွာ အကျိုးရှိ၏။ သူသည် သူ၏ဆွဲဆောင်ခြင်းနိယာမကို အခြေခံပြီး ရုပ်ဝတ္ထုတို့တွင်ရှိသော ရုပ်ဓာတ်မှုန်ကလေးများ၏ လှုပ်ရှားပြောင်းလဲပုံကို ဖော်ထုတ်နိုင်လိုက်သည်။

ဤသို့ ဖော်ထုတ်နိုင်လိုက်သည့်အတွက် အကြမ်းပြောဆိုသော် အိုင်စတိုင်းသည် စက်ကွင်းနှင့် စက်ယန္တရားသဘောကို ပေါင်းကူးတံတားခင်း၍ ဆက်စပ်ပေးနိုင်လိုက်ခြင်းပင် ဖြစ်ပေသည်။

သို့သော် သူ၏ အဓိက ပဟေဠိပုစ္ဆာကြီးကား မဖြေရှင်းနိုင်သေး။ သူသည် ကမ္ဘာမြေကြီး၏ ဆွဲဆောင်ခြင်းနိယာမ စက်ကွင်းနှင့် လျှပ်စစ်သံလိုက်စက်ကွင်းကို ပေါင်းစပ်ဖို့ မျှော်လင့်ချက်ကိုမူ အားမလျှော့သေး။ ဤကိစ္စကို ဖြေရှင်းနိုင်လျှင် ကွမ်တမ်မက္ကင်းနစ်နှင့်တကွ အဏုမြူ၏ နက်ရှိုင်းသောအပိုင်းအထိ ထွင်းဖောက်ရှုမြင်နိုင်ပေမည်။ အဏုမြူလျှို့ဝှက်ချက်မှန်သမျှကိုလည်း သိရပေမည်။

၁၉၄၉ ခုနှစ်တွင် အားသစ်လောင်း၍ ဤပြဿနာကို ကျော်လွှားအောင်မြင်ရေး အတွက် ကြိုးစားပြန်သည်။ ထိုနှစ်ကုန်ဆုံးခါနီးတွင် သူသည် ယခင်ယခင်အချိန်များကထက် သာလွန်ကောင်းမွန်သော ပေါင်းစပ်စက်ကွင်းတစ်ခုကို ရပြီဟု ယုံမှတ်လာပြန်သည်။ သို့ပင်ဖြစ်လျက် ဤတစ်ကြိမ်တွင်လည်း သီဝရီဘဝက ရှေ့ဆက်မတိုးနိုင်ဘဲ ရှိပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့သီချင်းရှိမှန်ကြောင်း သက်သေသူရန် စမ်းသပ်နိုင်မည့်နည်းလမ်း မမြင် ဖြစ်ရပြန်၏။ ဤတွင် တစ်ကြိမ် သူ၏သချာဒ္ဒ ညံ့ဖျင်းနေမှုကို အပြစ်တင်ရပြန်သည်။

၁၉၅၀ ခုနှစ် ဖေဖော်ဝါရီလတွင် ပရင်စတန်တက္ကသိုလ် ပုံနှိပ်တိုက်က သူ၏ အသစ်ရလာသော ပေါင်းစပ်စက်ကွင်း သီဝရီကို ပုံနှိပ်ထုတ်ဝေလိုက်သည်။ သူရှာထားသော သင်္ချာနည်း ၂၈ နည်းကို စာမျက်နှာ ဆယ့်လေးမျက်နှာဖြင့် ရိုက်နှိပ်လိုက်သည်။ ဤတွင် သိပ္ပံပညာရှင်ကြီးများက "အင်း အိုင်စတိုင်းကတော့ ရူပဗေဒအဆောက်အအုံကြီးတစ်ခုလုံးကို သူ့စက်ကွင်း သီဝရီနဲ့ပဲ ဖြေရှင်းဖို့ကြိုးစားရင်း အချိန်ကုန်ခံနေတော့တာပဲ"ဟု ညည်းလာကြတော့သည်။

သို့သော် စာဖတ်ပရိသတ်ကတော့ လောကကြီး၏ ဖြစ်တည်ပုံနှင့် ပတ်သက်၍ မနားမနေ ရှာဖွေဖော်ထုတ်ပေးနေသော အိုင်စတိုင်း၏ ဖွဲ့သတ္တိကို ချီးကျူးဩဘာပေးကြသည်။ သူလို ဖွဲ့ကြီးလွန်းလို့လည်း လူတွေက သူ့ကို ချစ်ခဲ့မက်ခဲ့ကြသည် မဟုတ်လော။

ဝ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

# သေခြင်းတရားနှင့် မြစ်အလွှာဝါ

၁၉၅၀ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ညတွင် မစ္စက် အီလီယာနာ ရူစဗက်က နယူးယောက်မြို့ ရှီရာတန်ဥယျာဉ်ဟိုတယ်ကြီးရှိ ခန်းမထဲတွင် အဏုမြူသိပ္ပံပညာရှင်ကြီးများ ဖြစ်ကြသော ဆီးနိတ်လွှတ်တော်အမတ် ဘရိုင်ယန်၊ မက်မာဟုမ်း၊ ဒေးဗစ် လီလီယန်သာ၊ ဂျေ ရောဘတ် အိုပင်ဟီးမားနှင့် ဟင်ဘိသ်ဆိုသူတို့အား လက်ဖက်ရည်ပွဲနှင့် ဧည့်ခံနေလေသည်။

ထိုဧည့်ခံပွဲကို ရုပ်မြင်သံကြား အစီအစဉ်က လွှင့်ထုတ်ပေးရာ လူပေါင်းသယ်သန်းခန့် နားထောင်လေ့လာခဲ့ကြသည်။ ထိုဧည့်ခံပွဲတွင် အဏုမြူသိပ္ပံ ပညာကျော်များနှင့် မစ္စက်ရူစဗက်တို့သည် သမ္မတ ထရူးမင်းက ဟိုက်ဒရိုဂျင်ဗုံးလုပ်ရန် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ရုရှားက လွန်ခဲ့သောလေးလလောက်က သူ၏ ပထမဆုံး အဏုမြူဗုံးကို ဖော်ခွဲစမ်းသပ်ခဲ့လေသည်။ ထရူးမင်းအနေနှင့် ဤငရဲဗုံးများ ထုတ်လုပ်ရာတွင် အမေရိကန်က ရှေ့တန်းမှာရှိကြောင်း ပြလိုသည်။

သို့ရာတွင် ဤစီမံကိန်းအတွက် လက်တွေ့ဆောင်ရွက်ရမည့် သိပ္ပံပညာရှင်များအတွက်မူ သမ္မတ၏ ဆုံးဖြတ်ချက်သည် ထင်သလောက် မလွယ်ကူပေ။ ဤကိစ္စကို ဆောင်ရွက်ရန်မှာ လိပ်ပြာသန့်ဖို့လည်း လိုသည်။

အဏုမြူဗုံး လုပ်တုန်းကတော့ သူတို့စိတ်ထဲတွင် နာဇီဂျာမန်များအနေနှင့် လက်ဦးသွားပြီး ကမ္ဘာကို ဖျက်ဆီးပစ်မည်စိုး၍သာ လုပ်ခဲ့ကြရခြင်းဖြစ်သည်။ မည်သို့ဆိုစေ အဏုမြူအင်အားသည် လူတို့၏ ပျိုးထောင်မှုတွင် များစွာအကျိုးပြုနိုင်ရာက အဏုမြူဗုံးတစ်ခုမှာ အပိုထုတ်လုပ်လာရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှ ဆိုးဝါးရက်စက်လှသော ဟိုက်ဒရိုဂျင်ဗုံးလို အပူအင်အားကို ဗုံးလုပ်ရာက လွဲ၍ ဘယ်မှာမှ သုံးမဖြစ်သေး။ သိပ္ပံပညာရှင်များအနေနှင့်မူ သူတို့၏ ကြံစည်ဖန်တီးနိုင်သော စွမ်းအားကို မိနစ်စက္ကန့်အတွင်း လူမျိုးပါတုံးစေမည့် လူသတ်လက်နက်ထုတ်လုပ်ရေးအတွက်သာ သုံးနေရသလို ဖြစ်နေ၏။

အီလီယာနာ ရုစဗက်သည် အိုင်စတိုင်းအားလည်း ဤဧည့်ခံပွဲသို့ ဖိတ်ကြားခဲ့၏။ သို့သော် အိုင်စတိုင်းက မတက်ရောက်လာသဖြင့် ရုပ်မြင်သံကြား ကင်မရာဆရာတို့က မာဆာလမ်းပေါ်ရှိ သူ့အိမ်သို့ လိုက်သွားကြရသည်။ မကြာမီ ရုပ်မြင်သံကြားစက်တွင် အိုင်စတိုင်းရုပ် ပေါ်လာသည်။ ဆွယ်တာအဟောင်းကြီးကို ဝတ်လျက် သူ့စာဖတ်ခန်းထဲ ထိုင်နေကျအတိုင်း ထိုင်နေသည့်ပုံဖြစ်၏။

ထိုည သူပြောခဲ့သည့် စကားများက လူသားတို့ကမ္ဘာအတွက် များစွာ အကျိုးရှိခဲ့၏။ သူ့စကားများကို သတင်းစာတိုင်း၏ မျက်နှာဖုံးတွင် အထင်အရှား ဖော်ပြခဲ့ကသည်။ အိုင်စတိုင်းအနေနှင့်ကလည်း မိမိမှာ နောက်ထပ် သည်လောက်လူများများကို စကားပြောခွင့်ရတော့မည်မဟုတ်ကြောင်း သိနားလည်ပြီးဖြစ်သည်။ ထို့ကြောင့်လည်း စိတ်ထဲရှိရင်းစွဲအတိုင်း တစ်လုံးတစ်ပါဒမျှမချန် ပွင့်ပွင့်လင်းလင်းပင် ပြောချလိုက်၏။ သူစကားပြောပြီး နောက်ဆုံး ၅ မိနစ်ခန့် ဆက်ဆွေးနွေးရာတွင် သူ၏ ပြောနေကျဖြစ်သော ကမ္ဘာ့အစိုးရဖွဲ့ရန်အကြောင်းသာ ပြောတော့သည်။ သူက ကမ္ဘာ့စစ်ပြီးခေတ်နောက်ပိုင်း အမေရိကန်၏ဝါဒသည် ကမ္ဘာပေါ်တွင် လက်နက်အားကိုး ကြီးစိုးရေးဝါဒသာ ဖြစ်ကြောင်း မထောက်မညှာပြောလေသည်။

"ကဲ လက်နက်အားကိုး ကြီးစိုးရေးကို တကယ် ကာယကံမြောက်လုပ်ပြီး ရန်သူအပေါ် စစ်ဖြစ်ရင် လက်နက်နဲ့ အနိုင်ယူဖို့အတွက် ကျုပ်တို့ ဘယ်လိုလုပ်ကြရမလဲကွယ်။ အဖြေကတော့ ရှင်းပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ပြင်ဘက် ကမ္ဘာပေါ်မှာ စစ်ရေးအရ အချက်အချာကျတဲ့ နေရာတိုင်းမှာ စစ်အခြေစိုက်စခန်းတွေ တည်ဆောက်ရတော့မပေါ့။ ပြီးတော့ ကိုယ်နဲ့ မဟာမိတ်ဖြစ်တဲ့ နိုင်ငံတွေ အင်အားကောင်းအောင်လို့လည်း စစ်ရေး စီးပွားရေး အထောက်အပံ့တွေ အမြောက်အမြား ပေးရတော့မပေါ့"

တစ်ခါ ကိုယ့်ပြည်တွင်းကျပြန်တော့ ရှိသမျှ ခနအင်အားရဲ့ အများဆုံးကို စစ်ရေးအတွက် အသုံးပြုရတော့မယ်။ လူငယ်တွေကို စစ်ထဲ အတင်းသွင်းရတော့မယ်။ တစ်ခါ အစိုးရဝန်ထမ်းလုပ်တဲ့လူတွေက အစိုးရအပေါ် သစ္စာရှိအောင်ဆိုပြီး တစ်ခါတည်း ပုလိပ်တွေ စုံထောက်တွေနဲ့ ထိန်းရတော့မယ်။ ဒီတော့ ပုလိပ်အင်အားကလည်း ကြီးကျယ်လာပြန်တော့မပေါ့။ နိုင်ငံရေးယုံကြည်ချက်နဲ့ ပတ်သက်လာရင်လည်း လူတွေကို လွတ်လပ်ခွင့်မပေးတော့ဘူး။ အတင်းကျုံးသွင်းရတော့မယ်။ ဒီအတွက် ရေဒီယို

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ သတင်းစာတွေအားလုံး၊ ကျောင်းတွေအားလုံးကို သိမ်းသွင်း အသုံးပြုရတော့မယ်။ လူတွေအနေနဲ့ စစ်ရေးလျှို့ဝှက်ချက်တွေကျတော့ မသိအောင် အတင်းပဲ ချုပ်ချယ်ကန့်သတ်ရတော့မယ်။

ဒီအခါကျတော့ အမေရိကန်ပြည်ထောင်စုရော၊ ဆိုဗီယက်ယူနီယံရောဟာ အစကတော့ ကာကွယ်ရေးဆိုတဲ့ စစ်အင်အားတွေကို အဆမတန်တိုးချဲ့ကြရမယ်။ တစ်ဖက်နဲ့တစ်ဖက် လူတွေကို အတုံးအရုံး သေစေမည့် လက်နက်ပစ္စည်းတွေကို ပို၍ထိရောက်သည်ထက် ထိရောက်အောင် လျှို့ဝှက်လုပ်ဆောင်ကြရတော့မယ်။ ကဲ ကြည့်ပါလား။ ခုဆို ဟိုက်ဒရိုဂျင်ဗုံးလုပ်တာဟာလည်း လူသားတွေရဲ့ ဘဝသစ်အတွက် ကြိုးပမ်းနေရလေဟန် လူတွေကို ပြောဆိုနေကြပြီ။ ဒီဟိုက်ဒရိုဂျင်ဗုံး လုပ်တာကိုပဲ သမ္မတလုပ်တဲ့လူက သဘောတူ အတည်ပြုနေတယ်။ တကယ်လို့များ ဒီအလုပ် အောင်မြင်သွားရင် ရေဒီယိုဓာတ်ကြွမှုတွေက လေထုတစ်ခုလုံး အဆိပ်အငွေ့ဖုံးပြီး သတ္တဝါတွေအားလုံးကို အသက်မရှူနိုင်ဘဲ သေကုန်အောင် လုပ်တာပဲ။ နောက်ဆုံး ရှင်းနေတာကတော့ သတ္တဝါတွေမှန်သမျှ သေကုန်အောင် လုပ်နေတာပဲ။

အိုင်စတိုင်းသည် သူမြင်သည့်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောချလိုက်၏။ လူတွေအနေနှင့် ဘယ်သို့တုံ့ပြန်လာကြမည်ကိုလည်း သူသိချင်သေးသည်။ ဤကဲ့သို့ ပြောဆိုသည့်အတွက် လူများက သူ့ကို ချီးကျူးစာများ ရေးကြသည်။ တချို့ကလည်း ဝေဖန်စာများ ရေးကြသည်။ သို့သော် များသောအားဖြင့် လူများက အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံး စသည်တို့ကို မလိုလားကြပေ။

အိုင်စတိုင်းအား အမျိုးမျိုး ပြောဆိုဝေဖန်ကြသည်။ မည်သို့ပင်ဆိုစေ၊ သူက မိမိသည် မည်သူ့နောက်လိုက်ပဲ ဖြစ်ရဖြစ်ရ ကမ္ဘာ့အစိုးရ တည်ဆောက်မည့်လူများ၏ နောက်လိုက်ဖြစ်ရန် လိုလားကြောင်း ပြောခဲ့လေသည်။

သိပ္ပံပညာများစွာမှာ စစ်ရေးကိစ္စလုပ်ဆောင်ရန် တာဝန်ချထားပြီးဖြစ်သည်၊ တချို့ကသာ ထိုကိစ္စကို မလုပ်ဘဲ "သိပ္ပံပညာဆိုင်ရာ လူမှုရေးတာဝန်များ အသင်းကိစ္စကို ဆောင်ရွက်နေကြသည်။ သို့သော် သူတို့လည်း ဘယ်ကစ၍ ဘာလုပ်ရမှန်းမသိဖြစ်နေကြ၏။ ထိုအခါ အိုင်စတိုင်းထံမှ သူတို့ ဆက်လက်ပြီး လုပ်သင့်သည့်အလုပ်များကို ပြောဆိုရန် တောင်းဆိုကြသည်။ ထိုအခါ သူက စိတ်လက်မကြည်မသာနှင့် ပြန်ဆိုသည်။ လူတိုင်းလူတိုင်းသည် ကိုယ်ပြုသည့်အမှုမှာ ကိုယ့်လိပ်ပြာသန့်သော အမှုကိုသာ ပြုသင့်ကြောင်း ပြန်ပြောလိုက်သည်။ အကယ်၍ မိမိလိပ်ပြာ မသန့်စရာဖြစ်သော ဟိုက်ဒရိုဂျင်ဗုံးကဲ့သို့ ယုတ်ညံ့သည့်အလုပ်ကို လုပ်ခိုင်းလျှင် မလုပ်ဘဲ ငြင်းဆန်ရမည်သာဖြစ်ကြောင်း၊ အစိုးရကခိုင်းခိုင်း ဘယ်သူခိုင်းခိုင်း မလုပ်ကြရန်သာ၍ ကြောင်း သတ္တိရှိရှိနှင့် ငြင်းပယ်ကြရမည်သာဖြစ်ကြောင်း ပြောဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အိုင်စတိုင်းအနေနှင့်တော့ သိပ္ပံပညာဆိုင်ရာ လူမှုရေးတာဝန်အသင်းအနေနှင့် ယခုလိုကာလ၌ တကယ်လုပ်သင့်သောအလုပ်ကို ဖြစ်ဖြစ်မြောက်မြောက် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း နားလည်ပြီးဖြစ်၏။ သူကိုယ်တိုင်ပါဝင်သော အဏုမြူသိပ္ပံပညာရှင်များ၏ အရေးပေါ်ကော်မတီကပင် ဘာမျှ ထိထိရောက်ရောက် မဆောင်ရွက်နိုင်ကြောင်း တွေ့နေရ၏။ သူ့အတွေ့အကြုံအရတော့ သိပ္ပံပညာရှင်တွေသည် ဘယ်လိုပင် မကောင်းမှုဒုစရိုက်များ ကြုံလာတိုင်း ဝေဖန်တိုက်ခိုက်ကြစေကာ နောက်ဆုံးတွင် နိုင်ငံရေးသမားများ၏အလိုသို့သာ လိုက်ကြရကြောင်း မြင်ခဲ့ရပြီးဖြစ်၏။ ထို့ကြောင့် ဘယ်လဂျီယံမှ အယ်လီဗဘက် မိဖုရားထံရေးသည့် စာတစ်စောင်တွင် မိမိသည် ကမ္ဘာပေါ်တွင် လူစိမ်းတစ်ယောက်လို ဖြစ်နေကြောင်း ရေးသားခဲ့သေး၏။ "ဒီလောက်တစ်ကမ္ဘာလုံးကသိတဲ့သူတစ်ယောက်က တစ်ကိုယ်တော်ဖြစ်နေရတယ်ဆိုတာ ကြားရတော့ ဘော်တော်ထူးဆန်းနေမှာပါပဲ"

အိုင်စတိုင်းကား ယခု အသက်ခုနစ်ဆယ်ကျော်ခဲ့ပြီ။ ယခုတော့ ရင်းရင်းနှီးနှီး မိတ်ဆွေတွေလည်း မရှိတော့ပြီ။ တစ်သက်လုံး လေ့လာမြဲအတိုင်းပင် သူသည် သိပ္ပံပညာ၊ ဒဿနပညာ၊ အနုပညာများကို လေ့လာသည်။ ရလာသမျှသော အသိပညာနောက်ကွယ်တွင်ရှိသော အခြေခံအတွေးအမြင်များကို စူးစမ်းသည်။ သို့သော် လောကအကြောင်း၊ လူ့အကြောင်း ပို၍ပို၍ သိလာလေလေ လူတို့၏အသိပညာသည် လောကပျက်စီးရာဘက်သို့သာ ပို၍ပို၍ ရှေးရှုနေကြောင်း မြင်လာလေလေ ဖြစ်တော့သည်။

ယခုဆိုလျှင် ရူပဗေဒပညာရှင်များပင် သူ့ထံသို့ တစ်ခါတစ်ရံမှသာ လာရောက်တွေ့ဆုံ ဆွေးနွေးကြတော့သည်။ သူတို့က အိုင်စတိုင်းသည် လေ့လာရာတွင် လမ်းလွဲနေသည်ဟု ဆိုကြသည်။ သူ့အထင်တွင်တော့ ထိုသူများသည် သူ့လုပ်ငန်းအပေါ်တွင် အာဃာတ ရှိနေကြသည်ဟုသာထင်သည်။

ယခုဆိုလျှင် ရူပဗေဒသည် စာအုပ်ကြီးများကိုသာ လိုက်နေသည့် အခြေအနေသို့ ဆိုက်နေလေပြီ။ အမှန်တော့ ဤပညာသည် ရှေးကျသော သိပ္ပံပညာတစ်ရပ်သာဖြစ်၏။ အဏုမြူဆိုသည်ကလည်း စကြဝဠာကြီးကို ဖွားမြောက်စေသော အရာများသာဖြစ်သည်။ စကြဝဠာကြီး၏ လျှို့ဝှက်ချက်တွေသည် အဏုမြူထဲမှာ ရှိနေ၏။ သိပ္ပံပညာရှင်များသည် အဏုမြူကို ခွဲစိတ်ခဲ့ကြပြီ။ သို့သော် ထိုအဏုမြူအတွင်းသား၌ ဘာတွေ ဘယ်လိုဖြစ်နေသည်ကိုမူ မသိကြသေးချေ။

တစ်ခါတစ်ခါ အိုင်စတိုင်းသည် သူရထားသော သင်္ချာကိန်းများကို ထိုးထွင်းဉာဏ်နှင့် ဆင်ခြင်ရင်း အဏုမြူအတွင်း၌ လျှို့ဝှက်စွာဖြစ်နေသော သဘောတရားကို ဖော်ထုတ်နိုင်မည်ကဲ့သို့ ရှိလာ၏။ သို့သော် သူမြင်သောအမြင်တွေကို သရုပ်ဖော်ပေးနိုင်မည့် သင်္ချာမျိုးကမရှိ ဖြစ်နေပြန်၏။ သူ့ကိုယ်သူမူ ယခုလိုက်နေသော လမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ မှန်နေပါလျက် သူသိမြင်သည်ကို ဖော်ထုတ်ပေးမည့် သင်္ချာမျိုးမရှိသည်မှာ သူ့အဖို့ ရှုံးမတတ်ပင် စိတ်ထိခိုက်စရာ ဖြစ်နေလေတော့သည်။

သူ့အဖို့မှာတော့ ရူပဗေဒသည်သာ ပဓာနအကြောင်းရင်း ဖြစ်သော်လည်း ထို အကြောင်းအပြင် သာမညအကြောင်းတွေက တစ်ပုံတစ်ခေါင်းကြီး ရှိသေး၏။

ယခုအခါတွင် အိုင်စတိုင်းထံသို့ ရောက်လာသောစာများကို ဟယ်လင်ဒျူကပ်စ် နှင့် မိတ်ဆွေရင်းတစ်ဦးဖြစ်သူ ဘောဂဗေဒပါမောက္ခ အော့တို နာသန်ဆိုသူတို့က စီစစ်ပေးနေကြသည်။ သူတို့ကပင် သူ့ထံဆက်သော တယ်လီဖုန်းများ၊ ရောက်လာသော ဧည့်သည်များကို လက်ခံစကားပြောနေကြလေသည်။ မာဂေါ့လည်း မာဆာလမ်းရှိ အိုင်စတိုင်း၏အိမ်မှာပင် အတူနေသေးသည်။

အိုင်စတိုင်းအဖို့မူ သူ့အလုပ်ကလွဲလျှင် ဂီတသည်သာ အစွဲမက်ဆုံး စိတ်အဝင် စားဆုံးကိစ္စ ဖြစ်နေ၏။ ဇရာက ထောင်းလာပြီဖြစ်၍ လက်ချောင်းများကလည်း မသန်တော့ပြီ။ တယောကို ငယ်ငယ်ကလို စိတ်ရှိလက်ရှိ ဆော့မြူးပြီး ထိုးစမ်းချင်စေ ကာ စိတ်သာရှိတော့သည်။ လက်ကမူ မလိုက်နိုင်တော့ပေ။ ထို့ကြောင့် တစ်ခါတစ်ခါ စန္ဒရားတီး၊ တစ်ခါတစ်ခါ ရှေးသီချင်းကြီးများကို နယူးယောက် ရေဒီယိုက လွှင့်သည် များလောက်သာ နားထောင်ရတော့သည်။ သူကား ဂီတကို ကောင်းစွာ အရသာခံနိုင် သေး၏။ စန္ဒရားဆရာတစ်ဦးက မောဇတ်၏သီချင်းခန့်ကြီးများကို မှုပျက်အောင်တီး လျှင် သူက "ဟော့ မဟုတ်ဘူး၊ ဒီလိုကို မဟုတ်သေးဘူးကွဲ့"ဆိုကာ လိုက်တားတော့ သည်။

ယခုတော့ အိုင်စတိုင်းသည် တစ်ယောက်တည်း အလုပ်လုပ်နေရပြီဖြစ်ရာ သူ့အဖို့ အဖော်မွန်မှာ ဂီတသာဖြစ်တော့သည်။ ထိုအချိန်၌ မင်းဖရက်ဒ်ကလင်းသည် အိုင်စတိုင်းထံသို့ ရောက်လာလေသည်။

ကလင်းသည် ဗီယင်နာမြို့တွင် မွေးဖွားခဲ့သော အသက်နှစ်ဆယ့်ခြောက်နှစ် သာ ရှိသေးသော ပြဇာတ်စန္ဒရားဆရာတစ်ဦး ဖြစ်လေသည်။ သူသည် ဩစတြေးလျ နိုင်ငံ မဲလ်ဘုံးမြို့မှ ပရင်စတန်သို့ ၁၉၅၂ ခုနှစ် စက်တင်ဘာလတွင် ရောက်ရှိလာသည်။ ဖူးလ်ဘရိုက် အထောက်အပံ့ဖြင့် ဂီတပညာသင်ရန် ရောက်လာသူဖြစ်သည်။ သူ့မှာ အိုင်စတိုင်းနှင့်တွေ့ဆုံရန် အကြောင်းနှစ်ရပ်ရှိသည်။ တစ်ကြောင်းမှာ ဂျာမန်သူငယ်ချင်း တစ်ဦးက အိုင်စတိုင်းသို့ ပါးလိုက်သော ရှစ်ချိုးပါသည့် ကဗျာတစ်ပုဒ်ပါလာသည်။ ထို့ပြင် ကလင်း၏မိခင် ပြုစုနေသော အဏုမြူ၏အလေးချိန်ဆိုင်ရာ စာတမ်းတစ်စောင် အတွက် အိုင်စတိုင်း၏ ထင်မြင်ချက် ရယူရန်လည်းဖြစ်သည်။

ကလင်းသည် စာအိတ်နှင့်ထည့်ထားသော ကဗျာကလေးကို အိုင်စတိုင်းအား ညချမ်းတွင် သွားပေးသည်။ ဟယ်လင်ဒျူကပ်စ်က တံခါးဝသို့ ထွက်ပြီး ကလင်းနှင့် တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးဝမှာပင်ရပ်ပြီး ဂျာမန်မိတ်ဆွေအကြောင်း ခဏပြောကြပြီး ကလင်း ပြန်သွားသည်။

နောက်တစ်ရက်နှစ်ရက်ကြာမှ ကလင်းသည် စိတ်ဆုံးဖြတ်ပြီး မိခင်၏ စာတမ်းကို ယူကာ အိုင်စတိုင်းရုံးခန်းသို့ သွားသည်။ ဧည့်ခံအမျိုးသမီးထံတွင် အိုင်စတိုင်းနှင့် ကိုယ်တိုင် တွေ့ခွင့်တောင်းသည်။ ထို့နောက် သူကိုယ်တိုင် အိုင်စတိုင်းရုံးခန်းသို့ ဝင်ခွင့်ရသွားသည်။ ယင်းသို့ တစ်ကြိမ်တွေ့ပြီးနောက်တွင် အိုင်စတိုင်းနှင့် ကလင်းတို့ သိကျွမ်းဝင်သွားကြသည်။

ကလင်းက ပြန်ပြောပြရာတွင်

"ကျွန်တော်ဝင်သွားတော့ အိုင်စတိုင်းဟာ သူ့စားပွဲမှာ ထိုင်နေတယ်။ နေရောင်ခြည်ကလည်း သူ့မျက်နှာပေါ်ရော သူ့ရဲ့ ဖြူဖွေးနေတဲ့ ဆံပင်တွေပေါ်ရော ထိုးကျနေပါတယ်။ သူ့ကြည့်ရတာဖြင့် တကယ့် အပြစ်ကင်းစင်တဲ့လူတစ်ယောက်အတိုင်းပါပဲ။ သူ့မျက်နှာကိုတွေ့ရတော့ ကျွန်တော်ဖြင့် အံ့သြနေမိပါတယ်။ သူ့ဓာတ်ပုံတွေ ကျွန်တော်တွေ့ရတိုင်း သူ့မျက်နှာမှာ အရေတွေတွန့်ပြီး အရေးကြောင်းတွေ ပေါ်နေပေမယ့် ခု တွေ့တဲ့အခါကျတော့ သူ့မျက်နှာဟာ ပြည့်တင်းပြီး ချောမွတ်နေတယ်။ ကျွန်တော့်စိတ်ထဲဖြင့် ဒီဓာတ်ပုံတွေဟာ မတရားဘူးလို့တောင် ထင်မိတော့တယ်။

သူက သူဟာ ဟယ်လင်ဒျူကပ်စ်ဆီက ကျွန်တော့်နာမည်ကို ကြားဖူးနေကြောင်း ပြောပြတယ်။ ပြီးတော့ သူ့မိတ်ဆွေ (ဂျာမန်ကဗျာဆရာ)အကြောင်းရော ပရင်စတန်ကို ကျွန်တော်ရောက်လာတဲ့ ကိစ္စရော မေးတယ်။

သူနဲ့ စကားအတန်ကြာပြောမိတယ်ဆိုရင်ပဲ သူကလည်း ကျွန်တော့်အကြောင်း နှစ်တော်တော်ကြာတဲ့အချိန်ကတည်းက ကြားသိနေပြီးဖြစ်ကြောင်း ကျွန်တော် သိရတော့တာပါပဲ။ သူ့မှာ သဘာဝစိတ်ကိုကလည်း ကြင်နာမှုတွေ ပြည့်လျှမ်းနေပုံ ရပါတယ်။ သူနဲ့တွေ့ရတာ ကျွန်တော့်မှာ ဘယ်လို နှလုံးစိတ်ဝမ်း အေးချမ်းမိမှန်းမသိဘူး။ စကားပြောရတာလည်း စိတ်အားထက်သန်လာမိတယ်။

ကျွန်တော့်အမေပေးလိုက်တဲ့ စာအုပ်ကို ကျွန်တော်က သူ့လက်ထဲ ကမ်းပေးလိုက်တယ်။ အထဲပါတဲ့ အချက်အလက်အချို့ကိုလည်း ရှင်းပြလိုက်တယ်ပေါ့လေ။ ကျွန်တော်လည်း ရှင်းပြပြီးရော သူက စာအုပ်ကို ကျွန်တော့်လက်ထဲ ပြန်ပေးတယ်။ ပြီးတော့ ပြောတယ် "ဒီစာအုပ်ထဲပါတဲ့ နည်းလမ်းတွေက ငါ နှစ်ပေါင်းများစွာ လိုက်စားလာတဲ့ နည်းလမ်းတွေနဲ့ အင်မတန် ခြားနားနေတယ်ကွယ့်။ ဒီတော့ ခေတ်လူငယ်တွေထဲက သိပ္ပံပညာရှင်တွေပြတာကမှ ပိုကောင်းမယ်"ဟု ပြောလေသည်။ ဤကား သူ့ထင်မြင်ချက် ဖြစ်လေသည်။

"ကျွန်တော်ကတော့ ကျွန်တော် လူ့ဘဝကို ရှုမြင်ပုံနဲ့ ပတ်သက်ပြီး အိုင်စတိုင်း ဘယ်လိုတုံ့ပြန်မလဲဆိုတာ သိချင်တယ်။ ကျွန်တော့်အနေနဲ့ ဘာသာရေးကိစ္စကို တော်

www.burmeseclassic.com

www.burmeseclassic.com



တော်ပဲ လေးလေးနက်နက် စဉ်းစားခဲ့ဖူးတယ်။ အဲဒီတော့ ဘုရားသခင်ဆိုတဲ့ အယူအဆနဲ့ ပတ်သက်လို့ အခြေခံအချက်နှစ်ချက် တွေ့ခဲ့ရတယ်။ ဒါက ဘာလဲဆိုတော့ ဖန်ဆင်းရှင်ဆိုတဲ့ သဘောရယ်၊ ကျွန်တော်တို့အားလုံး အကျုံးဝင်နေတဲ့ 'အတ္တ'အရှိတရားကြီး ဆိုတာရယ်ပါပဲ"

ဘာသာရေးနဲ့ပတ်သက်တဲ့ အယူအဆတွေကို ကျွန်တော်လည်း သူ့လိုလူကို စာချဲ့ပြီး ပြောနေစရာမလိုဘူးဆိုပြီး ခပ်တိုတိုတုတ်တုတ်နဲ့ လိုရင်းပဲ ရှင်းပြလိုက်ပါတယ်။ ဒီတော့ သူက

"ငါ့အနေနဲ့တော့ သိပ္ပံပညာထဲက စာရိတ္တတန်ဖိုးနဲ့ ပတ်သက်တာဆိုလို့ ဘာမှ မရခဲ့ပါဘူးကွယ်"လို့သာ ဖြေခဲ့တယ်။ သူ့အနေနှင့်တော့ ကျွန်တော်ဟာ ကျွန်တော် မြတ်နိုးရာဖြစ်တဲ့ ဂီတအနုပညာထဲမှာ မြင့်မြတ်သောတန်ဖိုးရှိကြောင်း သိနေတဲ့သူ ဖြစ်တယ်လို့ ကျွန်တော့်ကို ထင်စေတယ်။ အဲဒီအထင်ဟာလည်း မှန်ပါတယ်။

နောက်တစ်ရက်နှစ်ရက်ကြာတော့ ဟယ်လင်ဒျူကပ်စ်က ကျွန်တော့်ကို ညစာစားဖို့ ဖိတ်ပါတော့တယ်။ သူ့အိမ်ရောက်တော့ အိမ်ထဲ လှမ်းကြည့်လိုက်မိတယ်။ ဒီလောက်နာမည်ကြီးလှတဲ့လူတစ်ယောက် နေပုံစားပုံကလည်း နုပ်လှချည်လားလို့တောင် မှတ်မိတယ်။ အိမ်ထောင်ပရိဘောဂလည်း သိပ်မရှိဘူး။

သူ့အိမ်မှာ စားကြသောက်ကြပြီးတဲ့နောက် နှစ်နာရီလောက်ကြာမယ် ထင်ပါရဲ့ ကျွန်တော်တို့ ဂီတအကြောင်း ဆွေးနွေးကြတယ်။ သူက စန္ဒရားတီးတာဟာ သူ့အဖို့ သူ့ရဲ့ ရူပဗေဒအလုပ်လိုပဲ အရေးကြီးပါတယ်လို့လည်း ဆိုပါတယ်။ "ဒီနည်းပဲ ကျုပ်အဖို့ လူတွေနဲ့ လွတ်လွတ်ကင်းကင်း နေနိုင်တဲ့နည်းရှိတော့တယ်။ ပြီးတော့လည်း ကျုပ်တို့ရဲ့ လူ့အဖွဲ့အစည်းထဲမှာ ဒီဂီတဟာ သိပ်ကိုလိုတာပဲ"လို့လည်း ဆိုသေးတယ်။

"အိုင်စတိုင်းကြိုက်တဲ့ ဂီတကတော့ ရှေးဟောင်းသီချင်းကြီး သီချင်းခန့်တွေပါပဲ။ သူဟာ မောဇတ်ရဲ့ ဂီတကို ဘယ်လိုမြတ်နိုးမှန်းမသိဘူး။ ဒါပေတဲ့ ရှုးဗတ်တို့၊ ရှုးမန်တို့ရဲ့ ဂီတတချို့ကိုလည်း ကြိုက်ပါတယ်လို့တော့ ဆိုပါတယ်။ အဲ ပြဇာတ်တွေထဲမတော့ ဘောရစ်ဂိုဒူနော့ဗ်နဲ့ ဖိဒယ်လီယိုတို့ရဲ့ ပြဇာတ်ကို သူ အင်မတန် နှစ်မြို့က်တယ်။ သူ ဘာကြောင့် ဒီပုဂ္ဂိုလ်တွေရဲ့ အနုပညာကို မြတ်နိုးသလဲဆိုတာ ကျွန်တော်နားလည်ပါတယ်။ ဒီပုဂ္ဂိုလ်နှစ်ဦးစလုံးရဲ့ အနုပညာတွေထဲမှာက လူမှုရေး လွတ်လပ်မှုဆိုတဲ့ အနှစ်သာရသဘောတွေ ပါနေတာကိုး။ ဒါနဲ့ ကျွန်တော်ကလည်း စကားဦးလှည့်ပြီး ဘီသိုဗင်ရဲ့ နောက်ဆုံးသီချင်းတွေအကြောင်း စကားဦးသန်းပြီး ပြောလိုက်ပါတယ်။ အိုင်စတိုင်းကတော့ ဘီသိုဗင်ရဲ့ဂီတတွေက သိပ်ပြီး ပျော်ရွှင်မှုကို အဓိကထားတယ်။ ဂီတထဲမှာ ဟိုရှေးက မောဇတ်ရဲ့ဂီတမှာလို ခေါ်မအနုပညာရိပ်တွေ မပါဘူးလို့ဆိုတယ်။ ကျွန်တော်က ဒါကိုတော့ သဘောမတူဘူး။ ဒါနဲ့ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ ဘီသိုဗင်ရဲ့ဂီတဟာ တကယ့်ကို စည်းစနစ်ကျတာပဲ။ ကဲ ကျွန်တော် တီးပြမယ်၊ နားထောင်ကြည့်စမ်းပါဆိုပြီး အောက်ထပ်မှာရှိတဲ့ စန္ဒရားဆီကို ကျွန်တော်တို့ ဆင်းခဲ့ကြတယ်။ ပြီးတော့ တကယ့်အခမ်းအနားမျိုးမှာမှ တီးဖို့ဆိုပြီး ကြိုးညှိထားတဲ့ သူ့စန္ဒရားကို လက်ညှိုးထိုးပြထယ်။

ပထမဆုံး ကျွန်တော်က သူ့ကို မောဇက်ရဲ့ ဂီတတစ်ပုဒ်ကို ငါးပေါက်နဲ့ တီးပြလိုက်ပါတယ်။ ဒီအချိန်မှာ သူဟာ တစ်ခါတည်း ကျွန်တော့်ဂီတထဲ မျောပါသွားပြီး ခြေပစ်လက်ပစ် ဖြစ်သွားတော့တာပဲ။ ကျွန်တော်လည်းဆုံးရော သူက တစ်ခါတည်း ထတဲ့ပြီး "မင်းဟာ တကယ့်အနုပညာရှင် ရင့်မကြီးပါပဲလားကွယ့်"လို့ ချီးကျူးပါတယ်။

ပြီးတော့မှ ကျွန်တော်က ဘီသိုဗင်ရဲ့ဂီတအရသာကို ပေါ်သည်ထက်ပေါ်အောင် ဆိုပြီး ကွက်ကျော်တီးတယ်။ ဒီလိုတီးရတာဟာ ကျွန်တော့်အဖို့လည်း အဘိညာဉ် ဝင်စားရသလိုပါပဲ။ ဘီသိုဗင်ကိုယ်တိုင်ကလည်း ကျုပ်ဂီတကို နားလည်တဲ့လူဟာ ဂီတအရာမှာ တေဒဂ်ဖြစ်ပြီလို့တောင် ဆိုခဲ့တာပဲ။ ကျွန်တော်ကလည်း ငယ်ငယ်ကတည်းက ဘီသိုဗင်ရဲ့ဂီတကို အတွင်းစိတ်က ထိုးထွင်းပြီး သိနေတော့တယ်။ ဒါနဲ့ ဒီအရသာကလေးကို ကျွန်တော့်လိုပဲ အိုင်စတိုင်းလည်း ခံစားစေချင်တယ်။ ကျွန်တော်တီးပြီးတော့ အိုင်စတိုင်းဘက်ကို လှည့်ကြည့်လိုက်တယ်။ ဒီအခါ သူက ပြုံးနေတယ်။ သူလည်း ကျွန်တော့်လိုပဲ အရသာခံစားရတာပါပဲ။ သို့ပေတဲ့ သူဟာ ကျွန်တော့်လိုတော့ အဘိညာဉ် ရှာနယ်ဉ် ဝင်စားသလိုတော့ မဖြစ်ခဲ့ပါဘူး။

အဲဒီညက ကျွန်တော် အိမ်ပြန်ရောက်တော့ အိုင်စတိုင်းရဲ့ သိပ္ပံသိဝရီ (သဘောတရား)တွေနဲ့ မောဇက်ရဲ့ ဂီတနဲ့ ဘယ်လိုများ ဆက်နေပါလိမ့်လို့ စဉ်းစားကြည့်မိတယ်။

"မောဇက်ရဲ့ဂီတထဲမှာ ဗိဇ္ဇာဏာက အဆင်းအလှရယ်၊ သိမ်မွေ့ခြင်းရယ်၊ ထာဝရသဘောတွေရယ်ကို ပေါင်းစပ်ထားတယ်။ ဒါကြောင့် သူ့ဂီတဟာ ဌာန၊ ကာလ၊ လူ့အဖွဲ့အစည်းတွေအားလုံးနဲ့ ကင်းလွတ်ပြီး အနန္တသဘောကို ဆောင်နေတယ်။ ဒါကြောင့်ပဲလားမသိ သူဟာ ဒီဂီတကိုမှ ချစ်နေတယ်။

"အဲဒီနှစ်ဆောင်းတွင်းပိုင်းမလဲ ကျွန်တော် သူနဲ့ ခဏခဏတွေ့ပါတယ်။ အစကတည်းက ကျွန်တော့်စိတ်ထဲမှာ အိုင်စတိုင်းဟာ သူဟာ ပါရမီရှင်ကြီးဖြစ်တယ်။ သူ့ရဲ့ယုံကြည်မှု မယိုင်ယိမ်းနိုင်တဲ့လူပဲလို့ မှတ်ယူခဲ့ပါတယ်။ နောက် အဲဒီအချိန်လောက်မှာပဲ ပရင်စတန်မြို့ကို တွိုက်လေဆိုသူ ရောက်လာပြန်တယ်။

တွိုက်လေရဲ့ သိဝရီနဲ့ပတ်သက်ပြီး အိုင်စတိုင်းက ဝေဖန်တော့ သူ့သိဝရီက စိတ်ကူးယဉ်ကြီးပဲလို့ ဆိုခဲ့တယ်။ ပြီးတော့ သူ့ရဲ့ ပေါင်းစပ်စက်ကွင်း သိဝရီကတော့ ယုတ္တိစဉ်အပေါ်မှာ အခြေခံနဲ့လို့ စိတ်ကူးယဉ်မဟုတ်ဘူးလို့လည်း ပြောလိုက်ပါတယ်။

"အိုင်စတိုင်းဟာ တစ်ခါတလေ သူ့ရဲ့ကျော်ကြားမှုကိုလည်း ရယ်စရာဟာသ တစ်ခုဖြစ်အောင် လုပ်တတ်သေးတယ်။ တစ်ညမှာ ကျွန်တော်ကလည်း သူ့အိမ်ကလည်

www.burmeseclassic.com



ကြတဲ့ ညှော်ပရိသတ်ထဲက တစ်ယောက်ပေါ့လေ။ ဒီအချိန်မှာ သူက သူ့ဆီလာတဲ့ စာတွေအကြောင်း ပြောပြတယ်။ ဒီလူတွေဟာ သူနဲ့နီးစပ်တာလည်းမဟုတ်ဘူး၊ နို့ပေတဲ့ သိပ်ပြီး တရင်းတနှီး ရေးထားကြတယ်။

ယေဝတီကျောင်းသားတစ်ယောက်က ရေးလိုက်တဲ့စာထဲကျတော့ ဘယ်လိုပါသလဲဆို သူဟာ အိုင်စတိုင်းကို အင်မတန်မြတ်နိုးလွန်းလို့ အိုင်စတိုင်းရဲ့ဓာတ်ပုံကို တောင် သူ့ခုတင်ခေါင်းရင်းမှာ ချိတ်ဆွဲထားတယ်လို့ ရေးလိုက်တယ်။ ဒီတော့ သူက "ဟေး ဟေး၊ ငါ့ကို ဒီသူငယ်က ယေဝတီ အရိယာဘုန်းတော်ကြီးများ မှတ်နေသလား မသိဘူးဟေ့"ဆိုပြီး ရယ်တယ်။ နောက်တစ်ယောက်ကတော့ သူ့ကို 'ငရဲ'ဆိုတာ ယုံသလားလို့ မေးထားတယ်။ ဒါကို သူပြန်ရေးတဲ့စာမှာ 'မင်းက ဒီကိစ္စကို ငါ့ကိုတောင် မေးပြီဆိုမှတော့ ဒီအကြောင်း မင်းကတောင် ငါ့ထက်ပိုပြီးသိဦးမှာပေါ့'လို့ ပြန်ကြားလိုက်တယ်တဲ့။

ပြီးတော့ သူက ဂီတပိုင်းဆိုင်ရာ စိတ်ပညာအကြောင်း ဆွေးနွေးပြန်တယ်။ ကျွန်တော်က တခြားဒဏ္ဍာရီလိုဟာကလေး တစ်ပုဒ်လောက် ပြောပါဦးလို့ပြောလိုက်တော့ ဟိုတုန်းက မြီးကောင်ပေါက် ပါမောက္ခကလေးဘဝနဲ့ ပရာ့ဂ်မြို့မှာ ကြုံခဲ့ရဖူးတာကလေး ပြောပြတယ်။ တစ်နေ့တော့ ပြည့်ရှင်မင်းမြတ်က တက္ကသိုလ်ကို ကြွမြန်းလာသတဲ့။ ပြီးတော့ ဘုရင်မင်းမြတ်က အပေါ်က လသာဆောင်မှာ ထွက်ရပ်လိုက်တော့ အဲဒီကနေ ခပ်လှမ်းလှမ်းမှာ စိတ္တဇဆေးရုံတစ်ရုံ မြင်ရတယ်တဲ့။ ဒီအခါ စိတ္တဇဆေးရုံက လူတွေက ဘုရင်မင်းမြတ်ကိုမြင်ပြီး "ကျုပ်တို့မင်းကြီး ဘုရားကယ်ပါ"လို့ အော်သတဲ့။ အဲဒီလိုပြောပြီး အိုင်စတိုင်းက ရယ်လိုက်တာ ခွက်ထိုးခွက်လန်ပဲ။

သူ့ဟာသက တစ်ခါတလေ တော်တော်ထိတာပဲ။ နိုင်ငံရေးဆွေးနွေးပွဲတစ်ခုမှာ သူက ဒီမိုကရေစီဖြစ်ပေါ်ပုံသမိုင်းနဲ့ပတ်သက်ပြီး ပြောတယ်။ သူက "အင်း ဒီမိုကရေစီ သမိုင်းတစ်လျှောက်လုံးမှာ တကယ့် တိုးတက်မှုဖြစ်ခဲ့တာက အေသင်ခေတ်ပြီးတဲ့နောက်တော့ ဘုရင့်သစ္စာတော်ခံဝါဒကို ဆန့်ကျင်ခဲ့တဲ့ အလုပ်တစ်ခုပဲ တကယ်ဒီမိုကရေစီ ကျတာပဲ"လို့ ပြောတယ်။

"၁၉၅၃ ခုနှစ် နွေဦးပေါက်ရာသီမှာတော့ ကျွန်တော်က ဥရောပနိုင်ငံတွေကို ပြဇာတ်အဖွဲ့နဲ့ ခရီးထွက်ရတော့မယ်၊ ကျွန်တော် ပရင်စတန်က မထွက်သွားခင် ကျွန်တော့်လက်ထဲရှိတဲ့ ဘီသိုဗင်ရဲ့ သီချင်းဓာတ်ပြားတွေကို မာဂေါ့ကို ပေးခဲ့ဖို့ပါပဲ။ မာဂေါ့ကလည်း ဂီတသံယောဇဉ်တော့ရှိတယ်။ သူက ဘီသိုဗင်ရဲ့ ဂီတကိုလည်း တော်တော်ပဲ နှစ်ခြိုက်တယ်။ သူတို့အိမ်မှာ ဓာတ်စက်တစ်ခုကလည်းရှိတော့ ပြီး ဓာတ်ပြားကလည်း နည်းတော့ ကျွန်တော့်ဆီရှိတဲ့ ဓာတ်ပြားတွေပေးခဲ့မလို့ပဲ။ ကျွန်တော့် စိတ်ထဲရှိတဲ့အတိုင်း အိုင်စတိုင်းကိုပြောတော့ သူက

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ငါသဘောမတူဘူး"လို့ ပြတ်ပြတ်ပဲ ပြောတယ်။ သူ့လေက ပြတ်လွန်းတော့ ကျွန်တော်ကလည်း ဆက်မပြောရဲတော့ဘူး၊ ငြိမ်နေလိုက်ရတယ်။ သူဟာ သိပ်လွတ်လပ်ချင်တဲ့လူပဲ။ ဒါကြောင့် သူ့အနေနဲ့ ဘယ်သူ့ရဲ့မျက်နှာသာပေးမှုကိုမှ လက်မခံချင်တာပဲ"

ကျွန်တော် ဥရောပသတို့ ထွက်ခွာခါနီးမှာ အိုင်စတိုင်းအိမ် နှုတ်ဆက်ဖို့သွားသေးတယ်။ ကျွန်တော်က နှုတ်ဆက်ပြီး ပြန်မယ်လုပ်တော့ မစ္စဒူးကပ်က အိုင်စတိုင်းရေးပေးထားတဲ့ စာတစ်စောင် ကျွန်တော့်ကိုပေးတယ်။ ဒီစာဟာ ကျွန်တော်ရဲ့ခရီးစဉ်မှာ အထောက်အပံ့ရလိမ့်မယ်လို့လည်း ပြောပါတယ်။ ကျွန်တော့်အဖို့တော့ အထောက်အပံ့ ရတာ မရတာ မပထား သူလိုအသက်ထင်ရှားရှိနေသေးတဲ့ တကယ့်ပါရမီရှင်ကြီးတစ်ဦးဆီက အမှတ်တရဖြစ်ရမယ့် စာတစ်စောင်ကို ရတာကဖြင့် အဖိုးတန်လှပါပြီ။ သို့သော်လည်း သူ့စာမဖတ်ရသေးခင် အချိန်ထိတော့ အိုင်စတိုင်းရဲ့ လှုပ်ရှားခဲ့ပုံဟာ ဘယ်လောက်ထိရောက်တယ်၊ အံ့ဖွယ်ရှိတယ်ဆိုတာ မသိခဲ့ရသေးပါဘူး။ သူ့စာကို ဂျာမန်ဘာသာနဲ့ သပ်သပ်ရပ်ရပ် ရေးထားတယ်။

"ချစ်စွာသော မစ္စတာ ကလင်းစ်

ခင်ဗျား စန္ဒရားလက်သံကို ကြားခွင့်ရလို့ ကြားခဲ့ရတုန်းက ကျုပ်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထမျှ ပီတိသောမနဿအာရုံကို ခံစားခဲ့ရတဲ့အတွက် အင်မတန်မှ ခင်ဗျားကို ကျုပ် ကျေးဇူးတင်ပါတယ်။ ခင်ဗျား စန္ဒရားတီးသွားတဲ့ လက်ကွက်တွေထဲမှာ ဂီတရဲ့ နက်ရှိုင်းမှုအမြင် ပီပြင်တဲ့ အနက်အဓိပ္ပာယ်တွေဟာ ဟိုအတွင်းသားထဲကနေ ကိန်းအောင်းနေတာကို ကျုပ်တွေ့ရတယ်။ ဒါတွေကို ချက်ချင်းတော့ သဘောမပေါက်နိုင်ခဲ့ဘူး။ ခင်ဗျားရဲ့ တီးနည်းတီးဟန်တွေဟာ အနုပညာသည်ရဲ့ နှလုံးသားကဖြစ်တဲ့ အနုပညာပစ္စည်းတွေ၊ အသားတွေ ပါတယ်။ ဒီခေတ်မှာတော့ ဒါမျိုး တွေ့ရခဲပါဘိ။ ကျုပ်စိတ်ထဲမှာတော့ ခင်ဗျားဟာ လူတိုင်းရဲ့ အသိအမှတ်ပြုခြင်းကို ခံရမယ့်သူပဲလို့ ယုံကြည်ပြီးပြီ။

ခင်မင်းရင်းနှီးစွာဖြင့်
အေ အိုင်စတိုင်း

၁၉၅၂ ခုနှစ် နိုဝင်ဘာလတွင် အိုင်စတိုင်းအား အစ္စရေးနိုင်ငံ သမ္မတရာထူးကို လက်ခံပါရန် တောင်းပန်ကြသည်။ ထိုအချိန်တွင် သူနှင့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေကြီး ဒေါက်တာ ဝိုက်ဇမန် ကွယ်လွန်သွားသည်။ တစ်နည်းအားဖြင့်တော့ ရူပဗေဒပညာရှင်တစ်ဦးအဖို့ သမ္မတရာထူးပေးခြင်းအတွက် စိတ်ဝင်စားဖွယ်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာစစ်အတွင်းက နာဇီများက ယေဝတီလူမျိုး သန်းပေါင်းများစွာကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့သည့်အချိန်ကာလ၌ အိုင်စတိုင်းသည် သူ့လူမျိုးများနှင့် ပို၍နီးစပ်လာသည်။ သူက ဆုံးရှုံးခဲ့ရတဲ့ ယေဝဂျီသန်းပေါင်းများစွာအတွက် သူ့အသည်းနှလုံးမှာ သွေးခန်းနေခဲ့ပြီဟု မကြာခဏ ပြောတတ်သည်။ ဤမျှ ကြီးမားရက်စက်ယုတ်မာသည့် လူသတ်ပွဲကြီး လုပ်ခဲ့သည်ဖြစ်၍ အိုင်စတိုင်းသည် 'ဂျာမနီ'ဆိုသော အသံကိုပင် မကြားချင်အောင် ခါးခါးသီးသီး နာကြည်းနေလေတော့သည်။ သူသည် နာဇီစစ်သားတွေလောက်ကိုသာ အပြစ်မတင်ချင်၊ ဂျာမနီတစ်ပြည်လုံးကို အပြစ်တင်ချင်သည်။ ဂျာမနီကိုတော့ သူတစ်သက်လုံး စိတ်နာခဲ့ရလေပြီ။

ထို့ကြောင့် ယေဝတီများ စုပေါင်းပြီး ထူထောင်ခဲ့သော အစ္စရေးနိုင်ငံ တစ်နိုင်ငံပေါ်ပေါက်လာခြင်းအတွက် သူ့မှာ အလွန့်အလွန် ဝမ်းသာနေခဲ့၏။ အစ္စရေးနိုင်ငံပေါ်ပေါက်ခဲ့ခြင်းသည် ကြက်မျက်သင့်နေသော ကမ္ဘာအတွက် ကောင်းသောဖြစ်ရပ်တစ်ခုလို့လည်း အိုင်စတိုင်း ယူဆသည်။ သူ့စိတ်ထဲတွင် ဤကမ္ဘာမြေပေါ်၌ သူရှိနေသေးသရွေ့ သူ့ကို အစ္စရေးက ပိုင်သည်ဟုလည်း ယုံကြည်ထားသည်။

သို့ရာတွင် အစ္စရေးနိုင်ငံသမ္မတအဖြစ် ဆောင်ရွက်ပါဟု ဆိုလာသည်ကိုတော့ သူ့မှာ လက်မခံနိုင်ပေ။ သူ့အနေနှင့် နောက်ဆုံးအချိန်ပိုင်းကလေးအတွင်းမှာ သူ၏ ပေါင်းစပ်စက်ကွင်း သီဝရီကို အဇာမြူနှင့် နီးစပ်အောင် ဆောင်ရွက်ကြိုးပမ်းရဦးမည်ဖြစ်သဖြင့် ထိုလုပ်ငန်းကို ဘယ်အရာမှ အနှောင့်အယှက်အဖြစ်စေချင်။ သမ္မတရာထူးလက်ခံလိုက်မူ သူ့အိမ်ထောင်ကို ပြောင်းရွှေ့ရဦးတော့မည်။ ကိန်းကြီးခန်းကြီးနေရမည်။ ပွဲလမ်းသဘင်ရှိသမျှ အဆောင်အယောင်ကြီးတွေနှင့် တက်ရဦးမည်။ စကားတွေပြောရမည်။ အရေးပါသော နိုင်ငံခြားဧည့်သည်များကို လောကဝတ် လုပ်ရမည်။ စကားပြောတော့လည်း အင်မတန် လိမ်လိမ်မာမာနှင့် စကားလုံး ရွေးပြောမှဖြစ်မည်။ ဒါတွေကို သူမလုပ်ချင်တော့။

ထို့ကြောင့် တရားဝင်ငြင်းဆိုချက်တွင် "ကျွန်ုပ်သည် အစိုးရကိစ္စများကို ဆောင်ရွက်ဖူးခြင်း အတွေ့အကြုံလည်းမရှိ၊ လူတကာနှင့် အလိုက်သင့် ဆက်ဆံပြောဆိုပေါင်းသင်းနိုင်သော အရည်အသွေးလည်းမရှိ" ဟု ဖော်ပြခဲ့၏။

သို့ရာတွင် တယ်လ်အဗစ်သတင်းစာသို့ ထုတ်ဖော်ပြောဆိုရာတွင်မူ သူက သူ့အနေနှင့် အကယ်၍ သူ၏ အသိစိတ်က လက်မခံနိုင်သော ဆုံးဖြတ်ချက်မျိုး ပါလီမန်က ချမှတ်ခဲ့သော် ကြီးစွာပဋိပက္ခဖြစ်ပြီး အစိုးရလုပ်ငန်းတွင် အနှောင့်အယှက်အတားအဆီးဖြစ်မည်စိုးရသည်ဟု အကြောင်းပြခဲ့လေသည်။

အစ္စရေးကလူများကမူ အိုင်စတိုင်းက စိတ်နှင့် အခန့်မသင့်ဖြစ်မည် စိုးရသည်ဆိုသော အကြောင်းပြချက်မှာ ခွင့်လွှတ်ရုံမျှပြောခြင်းသာ ဖြစ်သည်ဟု ဆိုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဆိုစေ သူက သမ္မတရာထူးကိုလည်း မလိုချင်တော့။

နှစ်ရှည်လများ ခံစားခဲ့ရသော ကိုယ်တွင်း သူ့ပုန်ရောဂါက သောင်းကျန်း ထကြွလာပြန်ချေပြီ။ မသေမီ ပြီးစီးသွားချင်သော ဆန္ဒဇောနှင့် ဘယ်လိုပင် ကြိုးစား ပမ်းစား လုပ်ခဲ့သော်လည်း သူ့အလုပ်ကား မပြီးသေး။ ရောဂါသည် သူ့အား အလုပ် ခွင်မှ ဖယ်ရှားလိုက်ပြန်ပြီ။ သည်တစ်ကြိမ်တွင်တော့ သူ့စိတ်ထဲကလည်း သေတော့မှာ ပဲဟု ပိုင်းဖြတ်မိထား၏။ လပိုင်းအတွင်းမှာပင် သေရတော့မည်ထင်သည်။

၁၉၅၄ ခုနှစ် ကုန်ဆုံးခါနီးတွင် သူ့ခြေတွေ လက်တွေမှာ အလွန့်အလွန် အားဆုတ်သွားကြ၏။ သူ့ရုံးခန်းရှိရာ ကျောင်းအဆောက်အဦမှ အိမ်သို့လမ်းလျှောက် ချင်သော်လည်း လမ်းလျှောက်၍မရတော့။ ခြေများကို သယ်လို့မနိုင်တော့ပေ၊

မကြာခဏ အသက်ရှူမရအောင်ပင် ရင်ထဲက ကျပ်နေတတ်သည်။ ဆရာဝန် များကလည်း ကြိုးစားကုသရှာပါသည်။ နောက်ဆုံးတော့ ဆရာဝန်များက အိုင်စတိုင်း အား အိပ်ရာထဲကမထဖို့ တောင်းဆိုကြရတော့သည်။ ဆရာဝန်များက ဂရုတစိုက် ကုသသဖြင့် သုံးပတ်လောက်အကြာတွင် အိုင်စတိုင်းသည် တက္ကသိုလ်ကျောင်းသို့ သွားနိုင်ပြန်သည်။

ကျောင်းသို့သွားနိုင်သော်လည်း သူ့ရောဂါမှာ လုံးလုံးပျောက်ကင်းမသွား ကြောင်း ခံစားနေမိသည်။ ဒါကို သူကိုယ်တိုင်လည်း ကောင်းကောင်းသိသည်။

အိုင်စတိုင်းသည် ပရင်စတန် လှေသင်းမှ မိတ်ဆွေဟောင်းကြီး ဖရက်ဒ်ဘီယာ လက်စ်ထံသို့ စာတစ်စောင် ရေးလိုက်သည်။

"ကျုပ်လှေကလေးကိုတော့ ကျုပ်လက်လွှတ်လိုက်ပါပြီဗျာ။ အဲဒီလှေကလေး လည်း ကျုပ်လိုပဲ ဇရာထောင်းလို့ ဟောင်းနွမ်းဆွေးမြည့်နေပြီပေါ့"

သူပြောသည့်အတိုင်းပင် မှန်ပေသည်။ သူကဲ့သို့ပင် သူ့လှေကလေးလည်း ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်၍ မည်သူမျှ ရေမချချင်ကြတော့ပေ။

အိုင်စတိုင်းမှာ သေမည့်အရေးကို တွေးပူရသော အကြောင်းတစ်ကြောင်းရှိသည်။ ထိုအကြောင်းကတော့ တခြားမဟုတ်၊ သူ့လုပ်ငန်းတွေ မပြီးခင်မှာ သေမင်းက မစောင့် သည်ကို စိတ်သောက ရောက်ရခြင်းပင်ဖြစ်သည်။ သူ့အနေနှင့်လည်း နှစ်ပေါင်းသုံးဆယ် လောက် ဦးနှောက်တွေ ကွဲကြေမတတ် ကြိုးပမ်းခဲ့ပြီးပါသော်လည်း တိကျသောအဖြေက သူ့လက်တွင်းသို့ ရောက်မလာ။ သူ့ကို ကလန်ကဆန်လုပ်၍သာ နေခဲ့လေသည်။ သူ့ အဖို့ ဒီတစ်ချက်သာ အသေမဖြောင့်စရာ ဖြစ်နေ၏။ အခြားသောကိစ္စများမှာတော့ သူ့အတိုင်းအတာနှင့်သူ အောင်မြင်ထမြောက်ခဲ့ပေသည်။

သူငယ်ချင်း ဘောဂဗေဒ ပါမောက္ခ အော်တိုနာသန်နှင့် တိုင်ပင်ပြီး ပစ္စည်းများ ကို အမွေစားအဖြစ် အချိုးကျ ခွဲဝေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏သေတမ်းစာထဲတွင် ငွေသား ဒေါ်လာနှစ်သောင်းနှင့် ယခုနေသော မာဆာလမ်းမှအိမ်ကို သမီးဖြစ်သူ မာဂေါ့အား ပေးရန် သတ်မှတ်သည်။ ငွေသား ဒေါ်လာနှစ်သောင်းနှင့် သူ၏ ပုဂ္ဂလိက ရပိုင်ခွင့်အားလုံးကို မစ္စဟယ်လင်ဒျူကပ်စ်အား ပေးရန် သတ်မှတ်သည်။ ဒေါ်လာတစ်သောင်း ငါးထောင်မှု သားဖြစ်သူ အက်ဒဝပ်အားပေးရန် သတ်မှတ်သည်။

ယခုအခါ ကာလီဖိုးနီးယားတက္ကသိုလ်၌ ရေအားအင်ဂျင်နီယာဌာန ပါမောက္ခဖြစ်လျက်ရှိသူ သားကြီး ဟင်အဲလဗတ်ကိုမူ ဒေါ်လာတစ်သောင်းပေးရန် သတ်မှတ်သည်။

ဤပစ္စည်းများ ရပိုင်ခွင့်များ အားလုံးကို အော်တိုနာသန်နှင့် မစ္စဒျူကပ်စ်တို့က အမွေထိန်းများအဖြစ် တာဝန်ယူ စောင့်ရှောက်ကြရန်ဖြစ်သည်။

မကြာမီ သားကြီး ဟင်အဲလဗတ် ရောက်လာသောအခါ သူ့ဖခင်က သူသေလျှင် သူ့အသုဘကိစ္စနှင့်ပတ်သက်၍ လုပ်ရမည့် အစီအစဉ်ကို ပြောသည်။

"မင်းတို့ ငါမှာတဲ့အတိုင်း တိတိကျကျလုပ်ကြ။ ငါနဲ့ပတ်သက်လို့ဆိုရင် ဒီကမ္ဘာမှာ ပြာတစ်မှုန့်တောင် အမှတ်ထင်ထင် မကျန်စေနဲ့ကွဲ့။ ငါ မလိုလားဘူး။ ငါသေပြီးမှ ငါ့သင်္ချိုင်းမြေပုံကို လူတွေကတွေ့ရင် 'ဟော့ အိုင်စတိုင်းဆိုတဲ့အကောင်ရဲ့ သင်္ချိုင်းဟာ ဒီမှာဟော့၊ ဒီကောင်ဆို ဒီနေရာမှာ ပြာတောင်မထားကြနဲ့၊ သုတ်သင်ပစ်ဟော့' လို့ ဆိုမှာမျိုးတော့ ငါနည်းနည်းမှ မလိုလားဘူး"ဟု ဆိုလေသည်။

ဆေးဘက် သိပ္ပံပညာရှင်ကြီးများက အိုင်စတိုင်း ဦးနှောက်ထဲတွင် ပါရမီရှင်မျိုးစေ့ကလေးများ ပါလိုပါငြား စူးစမ်းရှာဖွေနိုင်ရန် သူသေသောကာလ သူ့ဦးခေါင်းကို ရချင်ကြသည်။ အဲလဗတ်က သူ့ဖခင်အား ဤကိစ္စကို သဘောတူနိုင်မလားဟု မေးသည်။ ထိုအခါ အိုင်စတိုင်းက–

"အင်း ငါ့ဦးနှောက်လည်း သူများဦးနှောက်လိုပါပဲကွယ်။ ဘာမှ အပိုတွေ့မှာလည်း မဟုတ်ဘူး။ အေးလေ သေမှတော့ ငါ့အဖို့ ဘာအကြောင်းထူးမတဲ့လဲ၊ ယူချင်တာ ယူကြပါစေ"ဟု ခွင့်ပြုလေသည်။

၁၉၅၅ ခုနှစ် ဆန်းခဲ့ပြီ။

အိုင်စတိုင်းက မိမိဦးနှောက်လည်း သွပ်ချောင်ချောင်ပင် ဖြစ်နေပလား မှတ်နေ၏။ သူနှစ်ပေါင်းများစွာ လေ့လာလိုက်စားခဲ့သော စက်ကွင်းသီဝရီအတွက် ရှေ့တစ်ဆင့်တက်ပြီး ဘယ်လိုဆောင်ရွက်ရမည်ကိုပင် သူ့မှာ မသိတတ်နိုင်ပြီ။

ထိုအခါ သူ့အား လူများက ဉာဏ်ကြီးရှင် ပါရမီရှင်ဟု ဆိုကြပြောကြသည်ကို တွေးတွေးပြီး ရယ်ပင်ရယ်မိသည်။ "ဉာဏ်ကြီးရှင်ကလည်း သောက်ကျိုးနည်းနေပါပေါ့လား"ဟုလည်း ကိုယ့်ကိုယ်ကို လှောင်မိလေသည်။

ရူပဗေဒပညာတွင်မူ သူဆောင်ကြဉ်းခဲ့သမျှသည် ဝိတက်၊ ဝိစာရ၊ ကုသိုလ်၊ ဝီရိယနှင့် အာဂမ္ဘယ[illegible] သဘာဝယုတ္တိဖြင့် ဆင်ခြင်ခြင်း၊ ဝေဖန်ခြင်း၊ ကိုယ့်ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်ခြင်းတို့ဖြင့်သာ ဆောင်ရွက်အောင်မြင်ခဲ့ခြင်းများ ဖြစ်ကြ၏။ သို့တစေလည်း သူ့နည်းများကို လူထုလူတန်းစား အရေးအခင်းများတွင် သုံးသောအခါ၌မူကား ထင်သလောက် ထိရောက်မှုများ မရှိခဲ့ချေ။

အခါခပ်သိမ်းသူက လူသည် ဆင်ခြင်တုံတရား လက်ကိုင်ထားအပ်ကြောင်း နှလုံးသွင်းကောင်းခဲ့သော်လည်း ကမ္ဘာတစ်ခွင် လူသားတို့ကား ဆင်ခြင်တုံတရားကို ဖျက်ဆီးသမှု ပြုနေကြကုန်သည်ကိုသာ တွေ့မြင်နေရ၏။ သို့ရာတွင် မည်သို့ပင် သူများက ဤတရားကို မလိုက်စားကြစေကာ လူ့ဘဝအတွက် မှန်သောတရားဖြစ်ခြင်းကြောင့် သူ့အနေနှင့်မူ မသေမချင်း မနေမနား ပြောဆိုသွားရမည်မှာ သူ့တာဝန်ဖြစ်သည်ဟု စွဲမြဲယုံကြည်ထားခဲ့လေသည်။

ဖေဖော်ဝါရီလနှင့် မတ်လအတွင်းတွင် အိုင်စတိုင်းသည် သူ၏ လက်စမသိမ်းနိုင်သေးသော စက်ကွင်းသီဝရီအတွက် သင်္ချာကိန်းများနှင့် နပန်းသတ်နေရသည့်ကြားထဲက သူသည် ဗြိတိသျှတွေးခေါ်ရှင်ကြီး "ဘာထရန်ရပ်ဆယ်"ထံသို့ စာအပြန်အလှန် ရေးနေခဲ့သေးသည်။

သူတို့နှစ်ဦးသည် ရုရှားနှင့် အမေရိကန်အစိုးရတို့အား ယခု လုပ်ဆောင်နေကြသော စစ်အင်အားပြိုင်ဆိုင်မှုကို လျှော့ချရပ်နားပြီး တစ်ဦးနှင့်တစ်ဦး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဝါဒကို လက်တွေ့ကျင့်သုံးလာအောင် ဘယ်သို့လုပ်ရမည်ကို စဉ်းစားကြသည်။

ဗိုက်ထဲကရောဂါကို ပြင်းထန်စွာ ခံစားနေရသည့်ကြားထဲကပင် အိုင်စတိုင်းသည် ကမ္ဘာသူကမ္ဘာသားတို့အတွက် ပိုမိုကောင်းမွန် သာယာသော ဘဝသစ်ပေါ်ထွန်းရေးအတွက် လုံးပန်းနေခဲ့သေးသည်။

သူနှင့် ရပ်ဆယ်တို့သည် ကြေညာစာတမ်းတစ်စောင်ကို ပြုစုကြပြန်သည်။ ဤစာတမ်းထဲတွင် သာမို့နျူကလီယားစစ်ကြီး၏ ရက်စက်ကြမ်းကြုတ်ဆိုးဝါးပုံကို အသေးစိတ်ဖော်ပြပြီး ကမ္ဘာပေါ်ရှိ အစိုးရတိုင်းသို့ ပေးပို့ကာ ထိုစစ်ကို မလိုလားကြောင်း လူသိရှင်ကြား ကြေညာရန် တိုက်တွန်းကြလေသည်။

နောင်အနာဂတ်ကာလ၌ ကြုံရဦးမည့် အငြင်းပွားမှုပြဿနာများကို သတိသမ္မာဉာဏ်ယှဉ်၍ ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းကြရန် တိုက်တွန်းသည်။

ဤကြေညာစာတမ်းကို ကမ္ဘာပေါ်ရှိ ထင်ရှားကျော်ကြားသော သိပ္ပံပညာရှင်ကြီးများထံသို့လည်း ပေးပို့သည်။

ထိုပုဂ္ဂိုလ်များ၏ ထောက်ခံချက်ကိုလည်း တောင်းသည်။ ထို့နောက် ကြေညာစာတမ်းကို မော်စကို ပီကင်း၊ လန်ဒန်၊ ပါရီ၊ ဝါရှင်တန် အစိုးရများထံသို့လည်း ပေးပို့သည်။ (ဇူလိုင်လတွင် ရပ်ဆယ်သည် သိပ္ပံပညာရှင် အကျော်အမော်များထံက

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးထားသော ဤစာတမ်းကို လူသိရှင်ကြား ကြေညာလေသည်။ အရှေ့ အနောက်ကမ္ဘာများမှ အစိုးရများက တုံ့ပြန်ချက်ကိုလည်း စောင့်နေခဲ့ကြလေသည်။)

အစ္စရေးနိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ရောက်နေသော သံကိုယ်စားလှယ် တစ်ဦးသည် ဧပြီလ စောစောပိုင်းက အိုင်စတိုင်းထံလာတွေ့ပြီး မေလ ၁၄ ရက်နေ့တွင် ကျရောက်မည့် အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့တွင် ဖတ်ကြားမည့် သဝဏ်လွှာတစ်စောင် ရေးပေးပါရန် လာပြောသည်။

ဧပြီလ ၁၃ ရက် ဗုဒ္ဓဟူးနေ့တွင် ထိုသဝဏ်လွှာကို အိုင်စတိုင်း စရေးခဲ့လေသည်။

"ဒီကနေ့ ကျွန်ုပ်သည် ဤစကားများကို အမေရိကန်နိုင်ငံသားတစ်ဦးအနေနှင့် ပြောခြင်းလည်းမဟုတ်။ ယေဝတီတစ်ဦးအနေနှင့် ပြောခြင်းလည်းမဟုတ်။ လောကကို ယထာဘူတကျကျ ရှုမြင်လိုသော ကမ္ဘာသားတစ်ဦးအနေနှင့်သာ ပြောခြင်းဖြစ်ပါသည်။ ကျွန်ုပ် ဆောင်ကြဉ်းခဲ့သမျှတို့သည် မည်သူသဘောကျသည်ဖြစ်စေ မကျသည်ဖြစ်စေ လောကသစ္စာတရား၊ လူမှုရေးတရား၊ မျှတရေးတရားတို့ ကြီးထွားသန်မာစေရန် ကျွန်ုပ် စွမ်းအားရှိသမျှဖြင့် ဆောင်ရွက်ခဲ့ခြင်းများသာ ဖြစ်ပါသည်"

ဤသို့ အစချီကာ အိုင်စတိုင်းသည် သူ့စာထဲတွင် အီဂျစ်နှင့် အစ္စရေး ပဋိပက္ခ အကြောင်း၊ ကမ္ဘာ့အုပ်စုကြီးနှစ်စုဖွဲ့ကာ လက်နက်ယှဉ်ပြိုင်မှုအကြောင်းများကိုပါ သုံးသပ် တင်ပြခဲ့လေသည်။

သူသည် သူ့စာကြည့်ခန်း နေရောင်ခြည်အောက်တွင် ဤစာတွေကို ရေးခဲ့၏။ ခြံထဲမှ သစ်ပင်များမှာ နွေဦးပေါက်ရာသီရိပ်ဝယ် ရွက်နုစိမ်းကလေးများဖြင့် ဝေဆာ လန်းဆန်းလာကြပြန်သည်။

"တစ်နေ့ထက်တစ်နေ့ တိုးတက်နေတဲ့ အဏုမြူအင်အားတွေဟာ လက်ရှိ ဖြစ်နေတဲ့ ပဋိပက္ခတွေကို လုပ်နေကြတဲ့ အုပ်စုနှစ်ခုစလုံးကို သရဲခြောက်သလို ခြောက် နေတယ်။ တကယ်လို့များ ဒီပဋိပက္ခတွေဟာ တကယ့်စစ်ပွဲအသွင်ကို ဆောင်လာ ကြမယ်ဆိုရင်တော့ လူသားကမ္ဘာကြီးတစ်ခုလုံးဟာ ပြာပုံအတိ ဖြစ်ပေတော့မယ်။ ဒီအချက်ကို နှစ်ဖက်စလုံးကလူတွေ၊ နိုင်ငံရေးသမားတွေ၊ အရေးပါတဲ့ ပုဂ္ဂိုလ်တွေဟာ သိကြပေမယ်လို့ ဒီလူတွေဟာ အသိခေါက်ခက် အဝင်နက်ပြီး တစ်ဦးအပေါ်တစ်ဦး စစ်ရေး လက်နက်ရေးအရ လွှမ်းမိုးနိုင်ဖို့ကိုသာ မတော်မလျော် မလုပ်အပ် မလုပ်ထိုက် ပါဘဲလျက် လုပ်နေကြတယ်။ ဒီကနေ့ထိ အရေးပါတဲ့နေရာ ရောက်နေကြတဲ့ တာဝန် ရှိတဲ့ ဘယ်နိုင်ငံရေးသမားကမှ ငြိမ်းချမ်းရေး ရရာရကြောင်းဖြစ်တဲ့ ကိစ္စမျိုးကို သတ္တိ ရှိရှိနဲ့ ရှေ့တစ်လှမ်းတိုးပြီး ဆောင်ရွက်တာမျိုး တစ်ကွက်ကလေးမှ မတွေ့ရဘူး။ တစ်ကမ္ဘာလုံး လုံခြုံမှုကိုရဖို့ ဘယ်သူမှ မစဉ်းစားကြဘူး။ ဒီလူတွေအားလုံးဟာ နိုင်ငံရေးမီးပွားကို ယပ်ခတ်ပြီး မီးလောင်အောင် မီးလောင်ရာလေပင့် ဆိုသလို လုပ်နေကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရေးရင်းက အိုင်စတိုင်းရင်ထဲ ဆို့တက်လာကာ လက်က ဖောင်တိန်လည်း လွတ်ကျခဲ့ရလေပြီ။ သူ့တစ်ကိုယ်လုံး အမောဆို့ကာ ချွေးများလည်းပြန်နေပြီ။ သူ့ပါးစပ်ထဲက အမြှုပ်တွေသာ တစီစီထွက်လာ၏။ သူ့ပါးစပ်က တမြှုံမြှုံ ဝါးနေ၏။ ပြီးတော့ ခဏကြာသည်တွင် အခန်းထောင့်တွင် အန်ရင်း ပုံလဲကျတော့သည်၊

ထိုညတွင် အိုင်စတိုင်းသည် ဗုန်းဗုန်းလဲလေတော့သည်။ နှစ်ရက်အကြာတွင် အိမ်ဆရာဝန်များက လက်လျှော့သည်နှင့် သူ့ကို ပရစ်စတန်ဆေးရုံ တင်ရတော့သည်။

ဟယ်လင်ဒျူကပ်စ်သည် သူ ဆေးရုံတင်ရသည်နှင့် တစ်ပြိုင်နက် ကာလီဖိုးနီးယားမှ ဟင်အဲလဗတ်၊ အော့တိုနာသန်နှင့် နယူးယောက်မှ ဂပ်စတပ် ဘက်ကီတို့ကို ခေါ်ယူလိုက်သည်။

အိုင်စတိုင်း အိပ်ရာဘေးတွင် ပရင်စတန်မှ ဒေါက်တာ သောမတ်စ်ဟာဗေးနှင့် ဒေါက်တာ ဂေးဒီးန်တို့က အမြဲစောင့်ကြပ်ကုသသည်။ ဆရာဝန်များ၏ အလိုအရ အိုင်စတိုင်းဗိုက်ထဲတွင် သွေးများ ပေါက်ထွက်နေသည်ဟု ခန့်မှန်းကြသည်။ ခွဲစိတ်ကုသပါက ပိုကောင်းမည်ဟုလည်း ထင်ကြသည်။ သို့သော် ဤတစ်ကြိမ်တွင်မူ ခွဲစိတ်ကုသဖို့ကို အိုင်စတိုင်းက သဘောမတူတော့။ သူ့အသက်တမ်းတစ်ဝက်လောက်အတွင်းမှာပင် ဘယ်ဆရာဝန်ကမှ သူခံစားနေခဲ့သော ရောဂါ၏အခြေအမြစ်ကို တိတိကျကျ သိနိုင်ခြင်းမရှိသဖြင့် ကောင်းအောင် မကုသပေးနိုင်ခဲ့ပါဘဲလျက် ယခုမှထပ်ပြီး ကြိုးစားနေသည်မှာ အချိန်အားဖြင့် နောက်ကျနေပြီဟု သူယူဆသည်။ တကယ်တော့လည်း အကြောင်းမထူးတော့ပြီကို သူနားလည်နေလေပြီ။

ဧပြီလ ၁၇ ရက် တနင်္ဂနွေနေ့တွင် သူ့ရောဂါမှာ အတော်ပင် သက်သာလာသည်ဟု ထင်မြင်မိသည်။ ထိုနေ့တွင် သူ၏သင်္ချာကိန်းများနှင့် အစ္စရေးနိုင်ငံ လွတ်လပ်ရေးအတွက် မပြီးပြတ်သေးသော သဝဏ်လွှာကို တောင်းသည်။ ပထမ သူ့သင်္ချာကိန်းများကို ယူကြည့်ပြီး ညည်းရှာသည်။

"တကယ်လို့များ ငါ့မှာ ဒီထက်ကောင်းတဲ့ သင်္ချာပညာအခြေခံရှိခဲ့ရင် ဘယ်လောက်ကောင်းမလဲကွယ်"

သူ့သားရှေ့တွင် သူက ညည်းတွားသည်။

ညဉ့်ဦးပိုင်းတွင် မစ္စတာဘက်ကီသည် သူ့အနီးတွင် ထိုင်နေရာမှ ညဉ့်နက်လာသောအခါ သူက ထသွားသဖြင့် အိုင်စတိုင်းက ဘယ်သွားမလဲဟု မေးသည်။

"ခင်ဗျား အိပ်နိုင်အောင်လို့ပါ"ဟု ဘက်ကီက ပြန်ဖြေသည်။

"ခင်ဗျားရှိလို့ ကျုပ်မအိပ်ဘဲနေမှာ မဟုတ်ပါဘူး" သူ့အသံက ဖျော့တော့နေလေသည်။

ဧပြီလ ၁၈ ရက်အကူး သန်းခေါင်ကျော် ၁ နာရီ ၁၅ မိနစ်အချိန်တွင် အိုင်စတိုင်းသည် အိပ်ရင်း ပါးစပ်က တတွတ်တွတ်ရေရွတ်နေလေသည်။ သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ပေးထားသော သူနာပြုဆရာမက သူတစ်ခုခု လိုချင်၍ တောင်းနေသည်ထင်သည်။ သူ့အတွက် ဆရာဝန်ရှိမလားဟာ သူနာပြုဆရာမက ဆေးရုံအတွင်းဘက်တွင် သွားရှာသည်။ ဆရာမထွက်သွားသောအချိန်မှာ တစ်မိနစ်လောက်သာကြာသည်။ သို့သော် သူပြန်လာသောအခါ အိုင်စတိုင်းကား လောကကို မျက်ကွယ်ပြုသွားရှာလေပြီတကား။

သူကွယ်လွန်သွားသည်နှင့် တစ်ပြိုင်နက် အိမ်သူအိမ်သားများ၊ မိတ်သင်္ဂဟများ ဆေးရုံသို့ ပြေးလိုက်လာကြသည်။

ဆေးရုံလူမှုဆက်ဆံရေးအရာရှိက နောက်တစ်နေ့ နံနက် ၈ နာရီလောက်ကျမှ အိုင်စတိုင်းတစ်ယောက် ကွယ်လွန်လေပြီဆိုသည့် သတင်းကို ကမ္ဘာသိအောင် ကြေညာလိုက်လေတော့သည်။

ဒေါက်တာ ဟာဗေးက အိုင်စတိုင်းခံစားခဲ့ရသော ရောဂါအခြေအနေအရပ်ရပ်နှင့် နောက်ဆုံးသေခါနီးတွင် ခံစားသွားရသော ရောဂါများအကြောင်း အသေးစိတ်ထုတ်ပြန်ကြေညာလေသည်။ ထို့နောက် အိုင်စတိုင်း၏ ဦးနှောက်ကိုလည်း ဆေးပညာရှင်များက စစ်ဆေးရန် ထုတ်ယူလိုက်ပြီဖြစ်ကြောင်း ဒေါက်တာဟာဗေးက ကြေညာပြန်သည်။ သူ့ဦးနှောက်ကို အထူးလေ့လာစူးစမ်းစစ်ဆေးခြင်း မပြုရသေးဘဲ လောလောဆယ်တွင် ဘာမျှမပြောနိုင်သေးကြောင်းလည်း ဆိုသည်။

အိုင်စတိုင်း၏ဂုဏ်ထူးဝိသေသကို အထူးတလည် ချီးမွမ်းသော သဝဏ်လွှာများသည် ကမ္ဘာအရပ်ရပ်ရှိ သိပ္ပံပညာရှင်များထံမှ ပရင်စတန်သို့ ရောက်ရှိလာလေသည်။

အစ္စရေးပြည်သူပြည်သားများအားလုံးက အိုင်စတိုင်းအား ဦးညွှတ်အလေးပြုကြသည်ဆိုသည့်အကြောင်း အမေရိကန်ပြည်ထောင်စုရှိ အစ္စရေးသံအမတ်ကြီး အေဘာအီဗန်က ထုတ်ဖော်ကြေညာသည်။

"အိုင်စတိုင်း သေဆုံးရခြင်းသည် ဂျာမန်ပြည်သူတို့အဖို့ လွန်စွာ နှမြောတသခြင်း ဖြစ်ရပါကြောင်းကို အနောက်ဂျာမနီသံအမတ်ကြီးက ထုတ်ဖော်ပြောဆိုခဲ့လေသည်။

ရေဒီယိုသတင်းနှင့် သတင်းစာများ၏ မျက်နှာဖုံးတွင် မျက်နှာမည်း စာလုံးကြီးများဖြင့် အိုင်စတိုင်း၏ ရုပ်ကလာပ်ကို နယူးဂျာစီနယ်၊ တိုရန်တိုမြို့ သင်္ချိုင်းသို့ ယူသွားပြီဖြစ်ကြောင်း ညနေ ၄ နာရီခွဲတွင် မီးသဂြိုဟ်မည်ဖြစ်ကြောင်း ပါလာသည်။

အိုင်စတိုင်း မသေမီက မှာထားချက်ရှိသည့်အတိုင်း ဘောဂဗေဒ ပါမောက္ခဖြစ်သူ အော့တိုနာသန်သည် မီးသဂြိုဟ်ပြီးရသော ပြာများကို ထုတ်ယူလိုက်လေသည်။

ဤကမ္ဘာပေါ်၌ အိုင်စတိုင်း၏ ရုပ်ဝတ္ထုအနေနှင့် နောက်ဆုံးကြွင်းကျန်ရစ်ခဲ့သော ပြာအစုကို နာသန်သည် ချစ်မြတ်နိုးခြင်း၊ ရိုသေခြင်းအတိဖြင့် သိမ်းယူပိုက်ပွေ့ထားလိုက်သည်။ သူ့မိတ်ဆွေကြီးသည် ဤပြာအစုံကို အဆောင်အယောင်မဲ့စွာဖြင့် လူသားတို့တွင် သာမန်အလွှာမဲ့လူတန်းစားတို့ကဲ့သို့သာ ပြုမူစေချင်ခဲ့သည်ကို သူနားလည်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



နှာသန်သည် အိုင်စတိုင်းရုပ်ကလာပ် ပြာစုကို သချိုင်းနှင့် ခပ်လှမ်းလှမ်းရှိ မြစ်ငယ်ရှိရာသို့ သယ်ယူလာခဲ့ပြီးနောက် ဤမြစ်ပြင် ရေအဏ္ဏဝါပေါ်သို့ ယင်းပြာထုပ်ကို ပစ်ချလိုက်သောကာလ 'ဗုံ'ခနဲ မြည်သံကလေးသာ ပေါ်လာ၏။ ထို့နောက် မြစ်ရေပြင်ထက်တွင် ပြာထုပ်ကျသံနှင့်အတူ ရေပွက်ကလေးတို့သည်သာ ပလုံစီ၍ ထလာကြလေသည်။

ယခုမူ ဤရေပွက်တို့သည်ပင် ကမ္ဘာကျော် အိုင်စတိုင်းအား ဤကမ္ဘာပေါ်တွင် နောက်ဆုံးကိုယ်စားပြုခဲ့ကြခြင်းပေပဲလားဟု တွေးတောစရာဘဝ ဥပါဒါန်တစ်ခုသာ ကျန်ရစ်ခဲ့ချေပြီ။

ဘဝဟူသည် ရေပွက်ပေပဲလား။

မည်သို့ပင်ဆိုစေ လူ့ဘဝဆိုသည်ကား မြစ်အဏ္ဏဝါရေဝလာထက် ခဏတက်သည့် ရေပွက်ပမာ တစ်သက်လျာပါတကား။

ဝ

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ

အိုင်စတိုင်း၏ဘဝ ကြုံးပမ်းချက်များကို ဝတ္ထုကောင်းတစ်ပုဒ်သဖွယ် ဖတ်ခဲ့ရသဖြင့် သူ၏သဘောတရားများကို ယေဘုယျအားဖြင့် အလွယ်တကူ နားလည်ခဲ့ကြရပါသည်။ ယခု ဤနောက်ဆက်တွဲတွင် ရီလေတီဗတီနှင့်ပတ်သက်သော အတန်အသင့် ခက်ခဲသော သဘောတရားတို့ကို ဆက်လက်စဉ်းစားလိုသူတို့ စဉ်းစားနိုင်ရန် တင်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရီလေထီဗထီ သီဝရီဆိုတာ ဘာလဲ

အဲလဗတ် အိုင်စတိုင်း ရေးသည်။

ခင်ဗျားတို့ရဲ့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရောင်းရင်းကြီးများက ကျုပ်ကို လန်ဒန်ထုတ် 'တိုင်းမ်စ်'သတင်းစာကြီးမှာ ရီလေတီဗတီနဲ့ပတ်သက်ပြီး ရှင်းလင်းချက်ရေးဖို့ တောင်းပန်ကြတယ်။ ဒီတောင်းပန်လာချက်ကို ကျုပ် ဝမ်းပန်းတသာ ကြိုဆိုလက်ခံခဲ့တယ်။

ရှေးယခင်အခါများကတော့ အင်္ဂလန်ရဲ့ ဂျာမနီပြည်သူ ပညာရှင်များဟာ အင်မတန်အရင်းတနီး အဆက်အဆံ ရှိခဲ့ဖူးကြပေရဲ့။ သို့ပေတဲ့ ဒီလိုရင်းနှီးချစ်ကြည်တဲ့ ပညာရှင်ချင်း အဆက်အဆံတွေလည်း ပျက်ယွင်းခဲ့တာ ကြာပါပြီ။ ဒါကြောင့် ယခု ပထမဆုံးအနေနဲ့ ကျုပ်ကစပြီး ပြန်လည်ဆက်ဆံကျွမ်းဝင် ခင်မင်ခွင့်ရတဲ့အခိုက် ကျုပ်အနေနဲ့ အင်္ဂလန်မှာရှိကြတဲ့ နက္ခတ်ဗေဒ ပညာရှင်ကြီးများကိုရော၊ ရူပသိပ္ပံ ပညာရှင်ကြီးများကိုရော အထူးကျေးဇူးဥပကာယ တင်ရှိနေရတယ်ဆိုတဲ့အကြောင်း ကြိုတင်ပြောကြားပါရစေ။

ခင်ဗျားတို့ရဲ့ အင်္ဂလန်နိုင်ငံနဲ့ ပြည်သူတွေအနေနဲ့ သိပ္ပံပညာ အကျော်အမော် ကြီးတွေရောပေါ့လေ။ သိပ္ပံပညာနဲ့ ပတ်သက်လာလို့ရှိရင် အချိန်ကုန် လူပန်းခံပြီး အထူးကြိုးပမ်းခဲ့ကြတဲ့ အင်မတန်ကြီးမြတ်တဲ့ အစဉ်အလာကို မယိမ်းမယိုင် ထိန်းကိုင်လာခဲ့တာတွေ။ သိပ္ပံနယ်မှာ သီဝရီတစ်ခု ပေါ်လာလို့ရှိရင် ဘယ်လောက်ပင်ပန်း ပင်ပန်း၊ ဘယ်လောက် အကုန်အကျ ခံရခံရ၊ စစ်ဆေးမှတ်ကျောက်တင်တတ်တဲ့ အစဉ်အလာရှိခဲ့တာတွေကြောင့်သာပ ယခုလို ခင်ဗျားတို့ရဲ့ရန်သူ (ဂျာမနီ)နိုင်ငံက စစ်ကြီးအတွင်းမှာ အချောကိုင်ထုတ်လုပ်လိုက်တဲ့ သီဝရီတစ်ခုကို ခင်ဗျားတို့ (အင်္ဂလန်ပြည်သား)တွေဟာ ဒီလောက်အပင်ပန်းခံပြီး မှန်မမှန် စစ်တမ်းထုဟ်ခဲ့ခြင်းဖြစ်တယ်လို့ ကျုပ် ယုံကြည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ကျုပ်ရဲ့ဟောကိန်းဖြစ်တဲ့ နေမင်းရဲ့ဆွဲဆောင်မှုစက်ကွင်းကို ကျော်ဖြတ်လာရတဲ့ ကြယ်လင်းရောင်ခြည်ဟာ ဆွဲဆောင်မှုစက်ကွင်းရဲ့ လွှမ်းမိုးမှုနဲ့ မကင်းနိုင်ဘူးဆိုတဲ့ သဘောတရားကို ခင်ဗျားတို့က စူးစမ်းလေ့လာ ဖော်ထုတ်ပေးခဲ့တဲ့အတွက် ကျုပ်အနေနဲ့ ကျုပ်ရဲ့အင်္ဂလန်ပြည်က လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရောင်းရင်းကြီးတွေကို ဘယ်လောက် ကျေးဇူးတင်နေရတယ်ဆိုတာ ထုတ်ဖော်မပြောဘဲ ဘယ်နည်းနဲ့မှ မနေနိုင်ပါဘူး။

တကယ်လို့များ ဒီပုဂ္ဂိုလ်တွေကသာ ကျုပ်သီဝရီတွေရဲ့ မှန်ကန်ကြောင်းကို ယခုလို အပင်ပန်း အဆင်းရဲခံပြီး သက်သေထူပြစရာ စူးစမ်းလေ့လာမှုမျိုး မလုပ်ခဲ့ဘူးဆိုရင် ကျုပ် အသက်ထက်ဆုံး ဒီသီဝရီတွေရဲ့ မှန်ကြောင်းကို အထင်အရှားမြင်တွေ့ခဲ့ရမှာ မဟုတ်ဘူး။

ရူပသိပ္ပံပညာနယ်မှာဆိုရင် သီဝရီသဘောတရားတွေကတော့ အမျိုးပေါင်းမြောက်မြားစွာပဲ ရှိခဲ့ပါတယ်။ ဒီသဘောတရား သီဝရီတွေဟာ ဆောက်တည်အပ်တဲ့ အဆောက်အအုံသဘော ရှိကြတယ်။ ဒီသီဝရီတွေရဲ့သဘောက လောကဖြစ်ရပ်တစ်ခုကို ပုံပေါ်အောင် တည်ထောင်ဆောက်လုပ်ပြကြတယ်။ ဒီလိုအဆောက်အအုံကို ဆောက်ပြတဲ့အခါ အစကနဦး အခြေခံတွေက သာမန်လွယ်ကူတဲ့သဘောကလေးတွေနဲ့ စတင်တည်ဆောက်ယူကြတယ်။ အဆောက်အအုံဖြစ်လာတော့မှ ပိုရှုပ်သွားတဲ့သဘောပေါ့လေ။ ဒီလိုနဲ့ ဓာတ်ငွေ့တွေရဲ့ လှုပ်ရှားမှုစွမ်းအား သီဝရီကနေပြီး မော်လီကျူးများရဲ့ လှုပ်ရှားပြောင်းလဲမှုနဲ့ဆိုင်တဲ့ စက်ယန္တရားသဘော (မက္ကင်းနစ်) အပူနဲ့ပျံ့နှံ့ခြင်းသဘောတွေကို ထပ်ဆင့်ထုတ်ယူကြတယ်။ ဆိုလိုတာကတော့ မော်လီကျူးများရဲ့ လှုပ်ရှားမှုသဘောတစ်ခုရရင် ဆိုခဲ့တဲ့ တခြားဖြစ်စဉ်တွေကို အနုမာနည်းနဲ့ တည်ထောင်ဆပွားယူကြတာပေါ့လေ။ ကျုပ်တို့က ဒီနေရာမှာ သဘာဝဖြစ်စဉ်တွေ တစ်ပြုံကြီးကို သေသေချာချာ နားလည်သဘောပေါက်နိုင်တယ်ဆိုတဲ့သဘော ပြောတော့ကာ ကျုပ်တို့ဆိုလိုတာကတော့ အဲ ဆိုခဲ့တဲ့အဆောက်အအုံ တည်ထောင်ဆောက်လုပ်ယူတဲ့ သီဝရီမျိုးကတော့ ကိုယ်နဲ့ပတ်သက်ရာ ပတ်သက်ကြောင်းဖြစ်တဲ့ ပြဿနာနဲ့ဆိုင်တဲ့ သဘာဝဖြစ်စဉ်တွေကိုတော့ မြှင့်မိတယ်။ အဲဒီလိုပြဿနာတွေကို နားလည်အောင် ဖြေရှင်းပေးနိုင်တယ်ပေါ့လေ။

ဒီလိုတည်ဆောက်မှုသဘောရှိတဲ့ သီဝရီအပြင် တခြားပိုအရေးပါအရာရောက်တဲ့ ဒုတိယ သီဝရီအမျိုးအစားတစ်ခု ရှိသေးတယ်။ အဲဒီသီဝရီမျိုးကိုတော့ 'အခြေခံမှုနဲ့ဆိုင်တဲ့ သီဝရီ' အဲသလိုခေါ်နိုင်ပါတယ်။ ဒီသီဝရီမျိုးကတော့ အာရုံနဲ့ခံစားပြီးမှ ရလာတာမျိုးမဟုတ်ဘူး။ ဒဗ္ဗနဲ့တကွပြဖို့လည်း မလွယ်ဘူး။ ပြလို့လည်း မရပါဘူး။ ဒီသီဝရီကတော့ ဆင်ခြင်ဉာဏ်ပိုင်းကလာတယ်။ စိတ္တသဘောကိုဆောင်တယ်၊ သူ့မှာ ဒဗ္ဗနဲ့

www.burmeseclassic.com



ပြစရာလည်းမရှိဘူး။ တရားကိုယ်သဘော (စိတ္တဇသဘော)ပေါ့လေ။ ဒဗ္ဗအကောင်အထည် ကင်းတဲ့ တရားကိုယ်သဘောကို ဆင်ခြင်တဲ့နည်းကိုပဲ ဒီသီဝရီမှာသုံးရတယ်။ အဲဒါအခြေခံမှုနဲ့စပ်တဲ့ သီဝရီစတင်ရာကလည်း အနုမာန မျက်ရမ်းဆမှုမျိုးပေါ်မှာ မတည်ဘူး။ တစ်ခါတည်း ဉာဏ်စဉ်တက်ပြီး သဘာဝလောကရဲ့ ဖြစ်စဉ်ကြီးတစ်ခုလုံးကို ဘွားခနဲတွေ့မြင်ခံစားလာရတဲ့ အတွေ့အကြုံမျိုးပေါ်မှာသာ တည်တယ်။ ဖော်ပြမယ်ဆိုရင်လည်း ဒီအခြေခံမှုတွေကနေ သင်္ချာသဘောနဲ့ ဖော်ထုတ်ယူရတဲ့ 'စံ'တွေ၊ (ပုံသေနည်းတွေ)ကိုပဲ ဖြစ်ပေါ်စေတယ်။ ဒါတွေရဲ့ မှန်ကန်မှုကိုတော့ သီးခြားဖြစ်ရပ်တွေက ထောက်ကူကြတယ်။ ဒီလိုပဲ သာမိုဒိုင်းနက်မစ် (အပူလှုပ်ရှားမှုစွမ်းအင်)နဲ့ ဆိုင်တဲ့ သိပ္ပံပညာကနေ အထက်က ပြောခဲ့သလို ဒဗ္ဗကင်းတဲ့ တရားကိုယ်ထုတ်ယူဆင်ခြင်တဲ့နည်းနဲ့ ထုတ်ယူလိုက်မယ်ဆိုရင် တစ်လောကလုံးမှာ အစဉ်အဆက် မပြတ်တဲ့ လှုပ်ရှားမှုအစဉ်ကြီးရှိတယ်ဆိုတာ မဖြစ်နိုင်ဘူးဆိုတဲ့ တွေ့ကြုံနေကျအချက်ကို ဆက်စပ်ထုတ်ယူလို့ရတယ်။

ဆောက်တည်ယူရတဲ့ သီဝရီမျိုးရဲ့အကျိုးကတော့ ဒီသီဝရီတွေဟာ ပြည့်စုံမှုရှိတယ်။ ဆိုင်သင့်ရာရာ သင့်သလို ပြုပြင်လိုက်လျောနိုင်တဲ့ သဘောရှိတယ်။ ပြီးတော့ ရှင်းလင်းလွယ်ကူတယ်။ သို့သော်တဲ့ အခြေခံမှုနဲ့စပ်တဲ့ သီဝရီတွေကတော့ ဒီလိုမဟုတ်ဘူး။ သူက တိကျနိုင်မာတဲ့ အာဂမ္မယုတ္တိ၊ သဘာဝယုတ္တိစဉ်နဲ့ အခြေခံခိုင်မြဲမှုအပေါ်မှာသာ တည်တယ်။

အဲ ရီလေတီဗတီသီဝရီ ဆိုတာကတော့ ပြောခဲ့တဲ့ သီဝရီနှစ်မျိုးအနက် ဒုတိယအမျိုးဖြစ်တဲ့ အခြေခံမှုနဲ့စပ်တဲ့ သီဝရီမျိုးပဲ။ ယုတ္တိစဉ်ပေါ်မှာ အခြေစိုက်တဲ့ သီဝရီမျိုးပဲ။

ဒီတော့ကာ ဒီသီဝရီကို မိမိရရ နားလည်ချင်တဲ့လူဟာ ပထမဆုံး ဘာလုပ်ရမလဲဆိုတော့ အထက်ကပြောခဲ့သလိုပေါ့။ ဒီသီဝရီအခြေခံတဲ့မှုတွေကို မိမိရရ သိရမယ်။ သဘောက ဒီသီဝရီဟာ ဘယ်ပေါ်အခြေခံသလဲ ဒါကိုသိရမယ်။

ရီလေတီဗတီသီဝရီရဲ့ အခြေခံမှုတွေဟာ ဘာလဲဆိုတာကို ကျဉ်းမပြောပြခင်ပုံနှိုင်းပြီးပြရမယ်ဆိုရင်တော့ ရီလေတီဗတီ သီဝရီဟာ ဆိုပါတော့ နှစ်ထပ်အိမ်တစ်ဆောင်နဲ့ တူပါတယ်။ နှစ်ထပ်အိမ်မှာဆို အောက်တစ်ထပ်၊ အထက်တစ်ထပ် ရှိသပေါ့။ ဒီလိုပဲ ရီလေတီဗတီမှာလည်း စပါယ်ရှယ် ရီလေတီဗတီခေါ်တဲ့ ဝိသေသသီဝရီနဲ့ ဂျင်နရယ်ရီလေတီဗတီခေါ်တဲ့ အထွေထွေ ယေဘုယျသီဝရီရယ်လို့ ရှိတယ်။ အိမ်မှာဆို အပေါ်ထပ်ဟာ အောက်ထပ်အပေါ်မှာ အခြေခံရသလိုပါပဲ။ ရီလေတီဗတီမှာလည်း ဂျင်နရယ်ရီလေတီဗတီ (အထွေထွေသီဝရီ)က စပါယ်ရှယ်သီဝရီအပေါ်မှာ အခြေခံထားတယ်။ စပါယ်ရှယ် (ဝိသေသ)သီဝရီမှာဆိုရင် ဆွဲဆောင်ခြင်းနိယာမတရားကလွဲရင်သဘာဝဖြစ်ရပ်တော်အားလုံးပဲပါတယ်။ အထွေထွေယေဘုယျ သီဝရီကတော့ ဆွဲဆောင်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းနိယာမသဘောကို ဖော်ထုတ်ပြီး ဒီနိယာမနဲ့ တခြားသဘာဝတရားရဲ့ အင်အားစုတွေ ဘယ်လိုဆက်စပ်နေကြသလဲဆိုတာတွေကို စဉ်းစားဖော်ထုတ်ထားတာပါပဲ။

ဒီတော့ ဒီနေရာမှာ ဆက်ပြောရမယ်ဆိုရင် ဟို ဂရိခေတ်ကတည်းက ကျုပ်တို့သိလာကြတာက ပမာပုံဆိုပါတော့ အရာဝတ္ထုတစ်ခုရဲ့ လှုပ်ရှားပြောင်းလဲမှုကို ဖော်ပြချင်တယ်ဆိုရင် တခြားအရာဝတ္ထုတစ်ခုနဲ့ ဆက်စပ်ဖော်ပြမှသာ ဖြစ်နိုင်တယ်။ ဖော်ပြလို့ရတယ်ဆိုတဲ့သဘောပဲ။ ဒါက ခုမှသိတာမဟုတ်ပါဘူး။ ဟိုကတည်းက သိတာပေါ့လေ။ ဒီတော့ ပထမပစ္စည်း ဒြပ်ဝတ္ထုတစ်ခု လှုပ်ရှားသွားတာကို ရည်ညွှန်းဖော်ပြဖို့ရာ ဒုတိယပစ္စည်း၊ ဒြပ်ကိုယ်ထည်တစ်ခုခုရှိဖို့ လိုတယ်ပေါ့ ဟုတ်လား။ ယာဉ်တစ်ခု လှုပ်ရှားသွားမှုကို စဉ်းစားတဲ့အခါမှာ ယာဉ်နဲ့ ကမ္ဘာမြေမျက်နှာပြင်နဲ့ ဆက်စပ်ဝဉ်းစားရတယ် ဟုတ်လား။ ဒီလိုပဲ ဂြိုဟ်တွေရဲ့ လှည့်ပတ်သွားလာ လှုပ်ရှားနေမှုကို ဖော်ပြချင်ရင်လည်း မြင်သာတဲ့တစ်နေရာတည်း အသေတည်နေတဲ့ တာရာတွေနဲ့ ယှဉ်စပ်ပြီး ပြောဆိုရတာပေါ့။

ရူပသိပ္ပံပညာမှာ ဒြပ်ဂ္ဂတ္ထုတွေနဲ့ ပတ်သက်တဲ့ အဖြစ်အပျက်တွေကို ရည်ညွှန်းပြောဆိုတဲ့အခါ အာကာသ(ဌာန)ကိုပါ ထည့်သွင်းရည်ညွှန်းတဲ့စနစ်ကို ကိုသြဒိနိတ်စနစ်လို့ ခေါ်ပါတယ်။ ဥပမာဝစ်ခုပြောရမယ်ဆိုရင် ဂယ်လီလီယိုတို့ နယူတန်တို့ရဲ့ စက်ယန္တရား နိယာမတွေကို ဖော်ထုတ်မယ်ဆိုရင် အဲ ဒီကိုသြဒိနိတ်စနစ်ရှိမှ ဖော်ထုတ်နိုင်တယ်။

အဲ တစ်ခုတော့ရှိပါတယ်။ အကယ်၍ စက်ယန္တရားနိယာမတွေက သူ့ဘာသာသူ ယုတ္တိတန်ပြီးသား ဆင်ခြင်တဲ့နေရာမှာ မှန်ပြီးသားဆိုရင်တော့ကာ ဒီကိုသြဒိနိတ်စနစ်ရဲ့လှုပ်ရှားမှုဖြစ်ပေါ်တဲ့ လက္ခဏာတွေကို တမင်တကာ ရွေးချယ်နေစရာမလိုပါဘူး။ (ယုတ္တိတန်တယ်ဆိုတာက လှည့်ပတ်သွားလာ လှုပ်ရှားခြင်းနဲ့ အရှိန်အဟုန်သဘောမပါတဲ့ အခါမျိုးကို ဆိုလိုတယ်) စက်ယန္တရားပညာမှာ အသုံးပြုတဲ့ ကိုသြဒိနိတ်စနစ်ကို 'အင်နာရှယ်စနစ်'လို့ ခေါ်ပါတယ်။ စက်ယန္တရားပညာသဘောအရကတော့ အင်နာရှယ်စနစ်တစ်ခုရဲ့ လှုပ်ရှားမှုလက္ခဏာဟာ သဘာဝတရားက တညီတညွတ်တည်း ပြဋ္ဌာန်းထားတာမဟုတ်တဲ့အတွက် တစ်ခုတည်း တစ်စားတည်း မဟုတ်ဘူးပေါ့။ ဒီတော့ နားလည်ရအောင် ဒီလိုအဓိပ္ပာယ်သတ်မှတ်ကြရင် ပိုသင့်မြတ်မယ်ထင်ပါတယ်။

**"အင်နာရှယ်စနစ်တစ်ခုနှင့် ဆက်စပ်၍ တညီတညွှတ်တည်း တစ်သမတ်တည်း လှုပ်ရှားခြင်းရှိသော ကိုသြဒိနိတ်စနစ်တစ်ခုသည်လည်း အလားတူ အင်နာရှယ်စနစ်တစ်ခုသာ ဖြစ်သည်။"**

အဲဒီအဓိပ္ပာယ်သတ်မှတ်ချက်မှာ သဘာဝလောကကြီးထဲက အဖြစ်အပျက်တွေအားလုံး အကျုံးဝင်အောင် ယေဘုယျပြုထားတာဟာ ရီလေတီဗတီရဲ့ ဂီဒသသ

www.burmeseclassic.com

www.burmeseclassic.com



အခြေခံမှုပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကိုဩဒိနိတ်စနစ် C နဲ့ပတ်သက်ဆက်စပ်ပြီး ယုတ္တိရှိတဲ့ ဘယ်လောကနိယာမမျိုးမဆိုသည် တခြားကိုဩဒိနိတ်စနစ် C နဲ့ဆက်စပ်ပြီးလည်း ယုတ္တိရှိတာပဲ။ မှန်တာပဲ။ ဒီလိုဆိုလိုတယ်။ ဒါဟာ C နဲ့ပတ်သက်ပြီး ညီညွတ်စွာ ပြောင်းလဲခြင်းရှိတဲ့အခါကို ဆိုတာပါပဲ။

စပါယ်ရှယ် ရီလေတီဗတီ အခြေခံခဲ့တဲ့ ဒုတိယအခြေခံမှုကတော့ "လဟာပြင်ကြီးထဲမှာ ဖြစ်ပေါ်တဲ့ အလင်းရောင်ရဲ့အသွားနှုန်း အလျင်ရဲ့ တည်တံ့ခိုင်မြဲစွာ ဖြစ်ပေါ်တဲ့ သဘော"ပါပဲ။ ဒီသဘောကတော့ (ကြည့်ရှုလေ့လာသူနဲ့ အလင်းရောင် စတင်ဖြစ်ပေါ်ရာအရပ်တို့ရဲ့ လှုပ်ရှားမှုနဲ့ ကင်းတာကြောင့်) တခြားအရာတွေက ဘယ်လိုလှုပ်ရှားလှုပ်ရှား လဟာပြင်ကျယ်ကြီးထဲမှာ ပျံ့လွင့်သွားတဲ့ အလင်းရောင်ခြည်ရဲ့ ပျံ့လွင့်အလျင်နှုန်းထားကတော့ မပြောင်းဘူး။ တစ်သမတ်တည်း အမြဲ တစ်သဘောတည်း ရှိတယ်ဆိုတာပေါ့လေ။ ဒီသဘောကို ရူပသိပ္ပံပညာရှင်ကြီးများဟာ ကလပ်စ်မက်စဝဲလ်နဲ့ လောရင့်ဇ်တို့ရဲ့ လျှပ်စစ်လှုပ်ရှားမှုစွမ်းအင် (အီလက်ထရို ဒိုင်နက်မစ်)ကို ဖော်ထုတ်အောင်မြင်ပြီးကတည်းက ယုံကြည်လက်ခံခဲ့ကြတာပါပဲ။

ခုဖော်ပြခဲ့တဲ့ စပါယ်ရှယ်သီဝရီကို အခြေခံခဲ့တဲ့ အခြေခံမှုနှစ်ခုဟာ အတွေ့အကြုံနယ်ထဲမှာ လက်တွေ့အထောက်အခံတွေလည်း ရနေပါပြီ။ သို့ပေတဲ့ ယခုအထိ ဒီအခြေခံနှစ်ခုကို ယုတ္တိရှိရှိ ပေါင်းစပ်ပေးခဲ့နိုင်ခြင်းတော့ မရှိသေးပါဘူး။ ယခုမှ စပါယ်ရှယ် ရီလေတီဗတီက အထက်က ဖော်ပြခဲ့တဲ့ အခြေခံမှုနှစ်ခုကို ယုတ္တိရှိရှိ ပေါင်းစပ်လို့ အောင်မြင်ခဲ့ပါတယ်။ ဒီနေရာမှာ ဒီလိုပေါင်းစပ်ဖို့ရာအတွက် လှုပ်ရှားမှုနဲ့ပတ်သက်တဲ့ သဘောအယူသစ်တစ်ရပ်ကိုလည်း ဖော်ထုတ်ခဲ့ရပါတယ်။ ဒါကတော့ တခြားမဟုတ်ပါဘူး။ အာကာသနဲ့ ကာလတို့နဲ့ ပတ်သက်တဲ့ နိယာမတရားတွေပါပဲ။ (ရူပဗေဒရှုထောင့်က ပြောတာပါ)။

ဒီတော့ အဖြစ်အပျက်နှစ်ခု တစ်ပြိုင်နက်တည်းဖြစ်တယ်ဆိုတဲ့ သဘောကို ပေးထားတဲ့ ကိုဩဒိနိတ်စနစ်တစ်ခုနဲ့ ဆက်စပ်ပြီး မပြောဘဲနဲ့ ဘယ်နည်းနဲ့မှ အဓိပ္ပာယ်ရှိအောင် ပြောလို့မရကြောင်းဟာ သိပ်ပြီးထင်ရှားလာတော့တာပေါ့။ ဒါကြောင့်ပေါ့ နာရီတွေကို ကြည့်ပါလား။ ပေးထားတဲ့ ကိုဩဒိနိတ်စနစ်ကို လိုက်ပါဖြစ်ပေါ်ရတဲ့ လှုပ်ရှားပုံအနေအထား အရသာ၊ နာရီရဲ့ ပုံသဏ္ဌာန်ပမာဏနဲ့၊ နာရီလက်တံရဲ့ လှုပ်ရှားပြောင်းရွှေ့ရတဲ့နှုန်းထားဟာ လိုက်ပါပြီးဖြစ်နေကြတာပေါ့။

ရှေးတုန်းက ဂယ်လီလီယို၊ နယူတန်တို့ရဲ့ လှုပ်ရှားမှုနိယာမအပါအဝင်ဖြစ်ကြတဲ့ ရူပဗေဒပညာတွေဟာ ခုပြောခဲ့တဲ့အတိုင်း အညမည ဆက်စပ်လှုပ်ရှားရတဲ့သဘောနဲ့ မကိုက်ညီကြဘူး။

အထက်ကပြောခဲ့တဲ့ နယူတန်တို့ရဲ့ လှုပ်ရှားမှုနိယာမများကနေ ယေဘုယျသင်္ချာကိန်းတွေ ထုတ်ယူလို့ရတယ်။ ဒီနေရာမှာ တကယ်လို့ အထက်မှာဖော်ပြခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အခြေခံမှုနှစ်ရပ်ကို အသုံးချတော့မယ်ဆိုရင် အဲဒီသင်္ချာကိန်းများနဲ့ ဩကာသလောက ထဲမှာရှိတဲ့ သဘာဝနိယာမတရားတွေဟာ ကိုက်ညီနေရတော့မယ်။ ဒီတော့ ဒီနေရာက စပြီး ရူပဗေဒသိပ္ပံပညာမှာ သင့်တော်သလို အပြုအပြင် အပြောင်းအလဲတွေ လုပ်လာ ကြရတော့တယ်။

အတိအကျပြောကြစို့ဆိုရင် သိပ္ပံပညာရှင်တွေအနေနဲ့ အလွန်လျင်မြန်စွာ လှုပ်ရှား ပြောင်းလဲနေတဲ့ ဒြပ်ပွိုင့်တစ်ခုနဲ့ ပတ်သက်တဲ့ လှုပ်ရှားမှုနိယာမသစ်တစ်ခုဆီကို ဆိုက် ရောက်လာကြရတယ်။ ဒါကို လျှပ်စစ်ဓာတ်စီးဝင်နေတဲ့ ရုပ်ဓာတ်မှုန်ကလေးတွေမှာ ကျတော့ အထင်အရှား နိုင်နိုင်မာမာပဲ သိလာရတယ်။

စပါယ်ရှယ် ရီလေတီဗတီ သီဝရီရဲ့ အင်မတန်အရေးပါတဲ့ ရလဒ်ကတော့ အထူးသဖြင့် လှုပ်ရှားမှုကင်းပြီး တည်ငြိမ်နေတဲ့ ဒြပ်ထုနဲ့ ရုပ်ပိုင်းဖြစ်စဉ်စနစ်တွေနဲ့ သက်ဆိုင်ပါတယ်။ ဒီသီဝရီက ရလာတဲ့အကျိုးကတော့ စနစ်တစ်ခုရဲ့အင်နာရှာဟာ ထိုစနစ်ထဲမှာ ကိန်းဝပ်နေတဲ့ အား(သတ္တိ)တွေအပေါ်မှာ တည်မှီနေတယ်ဆိုတဲ့အချက် ပဲ ဖြစ်တယ်။ ဒီကနေ တစ်သမတ်တည်း ဆင်ခြင်လိုက်တော့ကာ လှုပ်ရှားမှုကင်းမဲ့စွာ တည်နေတဲ့ ဒြပ်ထုဆိုတာဟာ တခြားမဟုတ်ဘူး။ ငုပ်လျှိုးထိန်ဝှက်စွာ ကိန်းအောင်းနေတဲ့ အား(သတ္တိ)တွေပဲ ဖြစ်တယ်ဆိုတာ သိလာရတယ်။

ဒီတော့ ဒြပ်ထုတို့ရဲ့ အစဉ် တစ်သမတ်တည်း တည်တံ့နေခြင်းအခြေခံမှု (ပရင်စီပဲလ်အော့ဖ် ကွန်ဆာဗေးရှင်းအော့မတ်စ်)ဟာ အရင်တုန်းကလို တသီးတခြား အမှီအခိုကင်းကင်းနဲ့ မတည်နေတော့ဘူး။ အားသတ္တိရဲ့ အစဉ် တစ်သမတ်တည်း တည်တံ့ခြင်း အခြေခံမှု (ကွန်ဆားဗေးရှင်းအော့ဖ် အင်နာဂျီ)နဲ့ ရောနှောပေါင်းစပ်နေ ပါပြီ။

အမှန်တော့ စပါယ်ရှယ် ရီလေတီဗတီ သီဝရီဆိုတာဟာ ကလပ်မက်စဝဲလ်နဲ့ လောရင့်ဇ်တို့ရဲ့ လျှပ်စစ်ဓာတ် လှုပ်ရှားမှုစွမ်းအင် (အီလက်ထရိုဒိုင်နက်မစ်)ရဲ့ စနစ်ကျ တဲ့ တိုးတက်ဖြစ်ပေါ်မှုတစ်ရပ်ပါပဲ။ စပါယ်ရှယ် ရီလေတီဗတီကတော့ အီလက်ထရို ဒိုင်းနက်မစ်သဘောကို ကျော်လွန်နိုင်ခဲ့တာပေါ့လေ။

ဒီနေရာမှာ ကိုဩဒိနစ်စနစ်ဆိုင်ရာ လှုပ်ရှားမှုအခြေအနေများနဲ့ ပတ်သက်တဲ့ ရုပ်လောကဆိုင်ရာ နိယာမတရားတွေကို တစ်ခုနဲ့တစ်ခု အပြန်အလှန် ပြောင်းလဲလှုပ် ရှားမှုလောက်သာ ဖြစ်စေနိုင်တဲ့ ကိုဩဒိနိတ်စနစ်များလောက်အတွက်သာ ချုပ်ချယ် ကန့်သတ်ထားသင့်သလားဆိုတဲ့ ပြဿနာရှိပြန်တယ်။

နောက်တစ်ချက်ကတော့ ကျုပ်တို့ရဲ့ ကိုဩဒိနိတ်စနစ်တွေနဲ့ သူတို့ရဲ့ လှုပ်ရှား မှုဖြစ်ပေါ်ပုံ အခြေအနေတွေနဲ့ သဘာဝတရားကြီးနဲ့ ဘယ်လိုများ ဆက်စပ်ပတ်သက် သလဲဆိုတဲ့ ပြဿနာ။ ဒီလိုပြဿနာတွေ ပုစ္ဆာတွေ ရှိပါတယ်။ အကယ်၍ ကျုပ်တို့

www.burmeseclassic.com



ဘာသာ တမင်ကြံဆပြီးထွင်ထားတဲ့ ကိုသြဒီနိတ်စနစ်ဟာ သဘာဝတရားကို သရုပ်ဖော်ဖို့ လိုအပ်လို့ လုပ်ယူလာရတာဆိုရင် ဒီကိုသြဒီနိတ်စနစ်ရဲ့ လှုပ်ရှားဖြစ်ပေါ်ပုံ အခြေအနေ အရပ်ရပ်ကို ရွေးချယ်တဲ့နေရာမှာ အချုပ်အချယ် အကန့်အသတ်တွေ လုပ်ထားဖို့ မလိုဘူး။ တစ်နည်းဆိုတော့ နိယာမတရားဆိုတာတွေဟာ ရွေးချယ်ခွင့်က လုံးဝကင်းလွတ်ရမယ်။ (ဒါဟာ ရီလေတီဗတီရဲ့ ယေဘုယျအခြေခံမှုပဲ)

ဒီရီလေတီဗတီရဲ့ ယေဘုယျအခြေခံမှုကို တည်ဆောက်ယူတာကတော့ မခက်ပါဘူး။ ရှေးအခါကာလကတည်းက အတွေ့အကြုံ အများအပြားရှိပြီးသားပဲ။ ဥပမာ ဒြပ်ထုကိုယ်ထည်တစ်ခုရဲ့ အလေးချိန်နဲ့ အင်နာရှာတို့ကို 'ကွန်စတင့်'တစ်ခုတည်းက ထိန်းကိုင်ထားတယ်ဆိုတဲ့သဘောဟာ ရှေးကတည်းက သိပြီးသားအချက်ပဲ။ (ဆွဲဆောင်ခြင်းရှိ ဒြပ်ထု (အလေးချိန်)သည် အင်နာရှယ်ဒြပ်ထုနှင့် ညီမျှသည့်သဘော)။

ခု ကျုပ်ပြောတာတွေကိုတည်ပြီး နယူတန်ရဲ့ ရူပဗေဒမှာလို အင်နာရှယ်စနစ်တစ်ခုနဲ့ အပြောင်းအပြန် ညီညွတ်စွာ ဖြစ်ပေါ်နိုင်တဲ့ ကိုသြဒီနိတ်စနစ်တစ်ခုကို စဉ်းစားကြည့်ကြပါစို့။

နယူတန်ရဲ့ သဘောတရားအလိုကတော့ ဒီစနစ်နဲ့ ဆက်စပ်ပြီး ဖော်ဆောင်လာတဲ့ အလည်ချက်မှ ပြောင်းရွှေ့ဆုတ်ခွာတဲ့ အင်အားစုတွေဟာ အင်နာရှာရဲ့ အကျိုးတရားတွေပဲလို့ ဆိုတယ်။ သို့ပေတဲ့ ဟကယ့်တကယ်ဆိုရင် ဒီလိုအလည်ချက်မှ ဆုတ်ခွာအင်အားစုတွေဟာ ဆွဲဆောင်မှုအင်အားစုတွေနဲ့ ဒြပ်ထုနည်းများအလိုက် တစ်ထပ်တည်းတူညီနေတာကိုသာ တွေ့ရတယ်။

ဒီတော့ ဒီကနေပြီး ဆက်စပ်စဉ်းစားဆင်ခြင်မယ်ဆိုရင် ကိုသြဒီနိတ်စနစ်တွေကတော့ တစ်နေရာတည်း တည်မြဲနေတာဖြစ်ပြီး အလည်ချက်က ဆုတ်ခွာအင်အားစုတွေကသာ ဆွဲဆောင်မှုအင်အားစုတွေ ဖြစ်ကြတယ်လို့ ဆင်ခြင်မယ်ဆို မဆင်ခြင်သင့်ဘူးလား။ ဒီအချက်ဟာ အင်မတန်ရှင်းတဲ့အချက်ပေပဲ။ အင်မတန် သိလွယ်ပါတယ်။ ဒါပေမဲ့ ရှေးက စက်ယန္တရားပညာတွေမှာတော့ ဒီအမြင်ကို လက်မခံခဲ့ကြဘူး။

ဒီလိုအလောတကြီး စဉ်းစားလိုက်တော့ အထွေထွေရီလေတီဗတီက ဆွဲဆောင်ခြင်း နိယာမတရားကို ဖော်ထုတ်ပေးရတော့မယ်ဆိုတာ ပေါ်လာတယ်။ ဒီအမြင်ကိုပဲ ရှေ့နောက် ကိုက်ညီတဲ့ သဘာဝယုတ္တိဗဉ်အတိုင်း စဉ်းစားတာကနေ ကျုပ်တို့ရဲ့အယူအဆမှန်ကြောင်း မျှော်လင့်ချက်တွေ ပိုရလာတော့တာပါပဲ။

ဒါပေမဲ့ ဒီလမ်းဟာ လွယ်ကူတဲ့လမ်းတော့မဟုတ်ဘူး။ အင်မတန်ကျဉ်းကျပ်ပြီး အခက်အခဲ အမြောက်အမြားနဲ့ ရင်ဆိုင်ရမယ်။ ဘာကြောင့်လဲဆိုတော့ ဒီလမ်းကို လိုက်မယ်ဆိုရင် ပထမဆုံးအနေနဲ့ ကျုပ်တို့ဟာ ယူကလစ်ရဲ့ ဂျီသြမေထရီသဘောတရားတွေ အားလုံးကို စွန့်ကြရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဆိုလိုတာကတော့ ယခုလက်ခံထားတဲ့ အမြင်အရဆိုရင် အာကာသထဲမှာ တစ်သမတ်တည်း တည်ငြိမ်စွာ ဖြစ်တည်နေတဲ့ အရာဝတ္ထုတွေရဲ့ ဖြစ်တည်ပုံကို ဖော်ပြတဲ့ နိယာမတွေဟာ ယူကလစ်ဒီယန်း ဂျီသြမေထရီက အာကာသထဲမှာ အရာဝတ္ထုတွေ နေရာယူတည်နေပုံကို ဖော်ပြတဲ့ နိယာမ(ဥပဒေသ)တွေနဲ့ မကိုက်ညီတော့ဘူး။ ဒီသဘော ပဲ။ အဲဒီသဘောကိုပဲ ကျုပ်တို့က အာကာသကြီးသည် ကုပ်ခုံးနေတယ်ဆိုတဲ့ အယူအဆ ကို ပြောတဲ့အခါကျတော့ ကိုင်ပြောရတော့မယ်။ ဒီလိုကိုင်ပြောတဲ့အခါကျတော့ ဟို အရင် ယူကလစ် ဂျီသြမေထရီက ယူဆထားတဲ့ 'မျဉ်းဖြောင့်'တို့ 'ပြင်ညီ'တို့ အစရှိတဲ့ သဘောတွေဟာ မူလအဓိပ္ပာယ်သက်ရောက်မှုတွေအားလုံး ကင်းမဲ့ကုန်တော့တာပေါ့။ ဒါကို ဆိုလိုတာပါပဲ။

အထွေထွေ ရီလေတီဗတီသီဝရီထဲကျတော့ အာကာသ၊ ကာလ စတဲ့သဘော အယူတွေဟာ တခြားသော ရူပသိပ္ပံပညာဆိုင်ရာ သဘောအယူအဆတွေနဲ့ သီခြား ကင်းလွတ်ခြင်းမရှိတော့ဘူး။ တသီးတခြားစီ ခွဲထုတ်စဉ်းစားလို့လည်း မရတော့ဘူး။ အရာဝတ္ထုတို့ရဲ့ ဂျီသြမေထရီသဘောအရ ဖြစ်ပျက်ပြုပြင်နေကြပုံ နာရီ(အချိန်)တွေရဲ့ လှုပ်ရှားပုံတွေဟာ ဆွဲဆောင်ခြင်းစက်ကွင်းပေါ် မှီပြီး ဖြစ်လာရတော့တယ်။ ဒီဆွဲဆောင် ခြင်း စက်ကွင်းဆိုတာကလည်း တခြားတော့မဟုတ်ပါဘူး။ ရုပ်ထဲက ထွက်ပေါ်လာတာ တစ်ခုပါပဲ။

အထူးသဖြင့် အခြေခံမှုတွေနဲ့ ပတ်သက်တဲ့ အပိုင်းမှာတော့ အထွေထွေ ရီလေ တီဗတီသီဝရီဟာ နယူတန်ရဲ့ သီဝရီတွေနဲ့ တော်တော်ပဲ လင်းလွဲပါတယ်။ သို့ပေတဲ့ လက်တွေ့ပိုင်းကျတဲ့အခါကျတော့ တစ်ခုနဲ့တစ်ခု တော်တော်နီးနီးစပ်စပ် ဖြစ်နေကော့ ကာ ဘယ်ဒင်းက အတွေ့အကြုံနဲ့ ထိတွေ့နိုင်သလဲဆိုတာ ခွဲခြားဖို့ 'စံ'တစ်ခုရှာရတာ မလွယ်ဘူး။ ဒီ'စံ'ကိုရှာရတာ အတော်ပဲခက်ပါတယ်။ ယခုလောလောဆယ် ရှာဖွေ တွေ့ရှိထားသမျှကတော့

(၁) ရီလေတီဗတီက လက်တွေ့ဖြစ်တာဟာ– နေကိုလှည့်ပတ်သွားလာနေတဲ့ ဂြိုဟ်ရဲ့ ဂြိုဟ်သွားလမ်းကြောင်းဟာ အီးလစ်ပုံသဏ္ဌာန် ဖြစ်တယ်ဆိုတဲ့ အချက် (မာကျူရီဂြိုဟ်ကို လေ့လာတော့ ဒီကိစ္စ မှန်ကြောင်းသိခဲ့ပြီးပြီ)

(၂) ဆွဲဆောင်ခြင်းစက်ကွင်းကို ဖြတ်လာရတဲ့ လင်းရောင်ခြည်တန်းဟာ ကွေးသွားမယ်ဆိုတဲ့အချက် (ဒီအချက်ကိုလည်း ဗြိတိသျှ နက္ခတ်ပညာ ရှင်များက နေကြတ်စဉ် စစ်ဆေးပြီး မှန်ကန်သည်။)

(၃) အင်မတန်ကြာလှမ်းတဲ့ အာကာသခရီးကြီးကို ဖြတ်လာရတဲ့ ကြယ်ရဲ့ လင်းရောင်ခြည်ထဲမှာပါတဲ့ ရောင်ဆက်မှာ ရောင်ခြည်မျှင်တွေဟာ နေရာ ပြောင်းပြီး အနီရောင်ဘက်ကိုချည်း ယိုင်နေတာ တွေ့ရမယ်ဆိုတဲ့အချက်။ (ဤအချက်လည်း မှန်ကြောင်းသိပြီးပြီ)

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပေါ့လေ။ အခုဖော်ပြတဲ့ ရီလေတီဗတီရဲ့ ချစ်စရာအကောင်းဆုံး အကွက်ကလေးကတော့ သူ့မှာ ယုတ္တိပြည့်စုံမှုရှိတယ်ဆိုတဲ့ အချက်ပါပဲ။

ဒီတော့ကာ ဒီသီဝရီကရလာတဲ့ အဖြေ (နိဂုံး) တစ်ခုခုကိုများ တစ်ယောက်ယောက်ကို မှားပါတယ်လို့ တစ်ချက်တည်း ပြလိုက်နိုင်တာနဲ့ ကျန်တာတွေအားလုံးလည်း တသိတတန်းကြီး ပျက်စီးတော့တာပဲ။ တစ်ခုမှားရင် အကုန်လုံးမှားပြီ။ ဒီအခါ သီဝရီကိုပဲ ပစ်လိုက်ရုံပဲ။ အဲဒီလိုမှမဟုတ်ဘဲ မှားတဲ့နေရာလောက် ပြုပြင်ဖာထေးယူမယ်ဆိုတဲ့ အနေနဲ့ ပြင်ဆင်ခြင်လို့တော့ ဒီသီဝရီမှာ မရဘူး၊ မဖြစ်နိုင်ဘူး။

ဒီလိုရီလေတီဗတီ သီဝရီကို ရလာတာနဲ့ အင်မတန်ကြီးကျယ်လှတဲ့ နယူတန်ရဲ့ သဘောတရားတွေ ပျက်ပြီ။ ရီလေတီဗတီက နယူတန်ကို ကွက်ကျော်စားပြီဆိုတဲ့ သဘောနဲ့တော့ ဘယ်သူမှ မယူဆကြစေချင်ပါဘူး။ နယူတန်ရဲ့ အင်မတန် ထည်ဝါတဲ့ အလုပ်တွေ၊ အင်မတန် ကြီးမားနက်ရှိုင်းတဲ့ အမြင်တွေဟာ ဒီခေတ်မှာသာ မဟုတ်ဘူး။ ကမ္ဘာတည်သရွေ့ အချိန်းတိုင်း ကာလတိုင်း ခေတ်တိုင်းမှာ အသုံးကျနေမှာပဲ။ အကျိုးသက်ရောက်မှု ရှိမြဲရှိနေဦးမှာပါပဲ။ သူ့အယူအဆတွေသည်ပင် ကျုပ်တို့ ခေတ်သစ်သိပ္ပံပညာနဲ့ သဘာဝတ္တ ဒဿနပညာနယ်တွေမှာ အခြေခံအုတ်မြစ်တွေ ဖြစ်နေကြဦးမှာပါပဲ။

အဲ နောက်ဆုံးပြောချင်တာကတော့ ဒီကနေ့ ကျုပ်ရဲ့ဘဝဖြစ်စဉ်နဲ့ ကိုယ်ရေးကိုယ်တာတွေ ရေးကြတဲ့ ခင်ဗျားတို့ဆီက သတင်းစာတွေထဲမှာပါတဲ့အချက်တွေထောက်ပြီး ဒီနေရာမှာ ကျုပ်ရဲ့ ရီလေတီဗတီကို အသုံးချစရာ ဖြစ်နေတယ်။ ဒီကနေ့ ဂျာမနီမှာဆို ကျုပ်ကို ဂျာမန်ပြည်သူ့ဝန်ထမ်းတစ်ယောက်လို့ ဆိုပြောနေကြတယ်။ အဲ ခုကြည့် အင်္ဂလန်ရောက်တော့ ကျုပ်က ဆွစ်ဇာလန်ပြည်သား ဂျူးတစ်ယောက်တဲ့။ ကျုပ်ကို ဒီလိုပဲ ခွေးဝင်စားလို လူတွေကသဘောထားခံနေရတာဟာ ကျုပ်ရဲ့ကံကြမ္မာပဲလား။ ကျုပ်အနေနဲ့ ဂျာမနီပြည်သူတွေထဲမှာ ဆွစ်ဇာလန်သား ဂျူးပေါ့။ အင်္ဂလိပ်တွေထဲကျတော့ ဂျာမန်ဝန်ထမ်းဖြစ်မယ်ဆိုကော မဖြစ်နိုင်ဘူးလားဗျာ။

ဆန်းလွင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## ကိုးကားသော ကျမ်းစာများ

1. Einstein – His life and time – P. Frank.
2. The universe and Dr. Einstein – L. Barnett.
3. Einstein – Philosopher scientist – F.S.C. Northrop.
4. Einstein – Peter Michelmore.
5. The evolution of physics – A. Einstein L. infeld.
6. The Nature of Physical world – A.S. Eddington.
7. Physics and Philosophy – Sir J. Jeans.
8. Science and the Modern world – A. Whitehead.
9. Essays in science – A. Einstein.
10. A B C of relativity – B. Russell.
11. Human knowledge, its scope and limits – B. Russell.
12. Readings in the philosophy of science – chap: 3, – Feigl and Brodback.
13. Ibid–chap: 4 – Fundamentals of Theoretical Physics – A. Einstein.
14. Ibid – chap: 8 – The law of science and the law of ethics – A. Einstein.
15. The world as I see it – A. Einstein.
16. The nature of physical reality – H. Margenau. Chap: 7 – Space and time.

www.burmeseclassic.com